www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၂၄၀၈၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၂၆၀၆၀၂

ပုံနှိပ်ခြင်း

ဒုတိယအကြိမ် - (၂၀၀၆၊ ဧပြီလ)
အုပ်ရေ - (၅၀၀)

မျက်နှာဖုံး - စိုးအောင်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

ပုံနှိပ်သူ

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း။ အလုံမြို့နယ်။

ထုတ်ဝေသူ

ဦးမြင့်ထွန်း (မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၀၀၀ ကျပ်

## H.G WELLS ၏ အတ္ထုပ္ပတ္တိအကျဉ်း

ကမ္ဘာကျော် စာရေးဆရာကြီး H.G Wells သည် ၁၈၆၆ ခုနှစ်တွင် ကင့်နယ်၊ ဗရွမ်မလီမြို့၌ ဖွားမြင်သည်။ ငယ်စဉ်က ဗရွမ်မလီမြို့ရှိ ဂရမ္မာကျောင်းတစ်ကျောင်းတွင် နေခဲ့ရ၏။ ထို့နောက် မိမိဝါသနာထုံသော သိပ္ပံပညာရပ်များကို သင်ကြားရန် ဘုရင့်သိပ္ပံ ကောလိပ်ကျောင်းသို့ ရွှေ့ပြောင်းသင်ကြားပြီးလျှင် လောကဓာတ်ပညာနှင့် ပတ်သက်သည့် ဘာသာရပ်များကို ထူးထူးချွန်ချွန် အောင်မြင်ခဲ့လေသည်။

ကျောင်းမှ ထွက်လျှင် ၁ နှစ်၊ ၂ နှစ်မျှ ကျောင်းဆရာ လုပ်ခဲ့ပြီးနောက် သိပ္ပံပညာနှင့် ပတ်သက်သည့် ထူးထူးခြားခြား ဝတ္ထုကြီးများကို အဆက်မပြတ် ရေးသားခဲ့၏။ သူ၏ ဝတ္ထုကြီးများမှာ သာမန်မျှ အတွေးအခေါ်ရှိသူတို့ တွေးတော မရနိုင်လောက်အောင် နက်နဲ၍ ထူးခြားဆန်းကြယ်လှပေသည်။

ဆရာကြီးသည် လောကဓာတ်ပညာနှင့် ပတ်သက်သည့် ဝတ္ထုများကို ရေးသားရာတွင် သူမတူအောင် စိတ်ကူးဉာဏ်ကောင်းပြီးလျှင် ရှေ့ဖြစ်မည့် အဖြစ်အပျက်များကို ကြိုတင်တွေးခေါ်သည့် အယူအဆမျိုးဖြင့် ရေးသားခဲ့ရာ သူ၏ ဝတ္ထုများမှာ အလွန်ဆန်းကြယ်သော်လည်း 'မဖြစ်နိုင်' ဟု မဆိုနိုင်စရာ ဖြစ်လေသည်။ မည်သည့် ပညာရပ်၌မဆို ကိုယ်တိုင်တတ်သိသော အတတ်ပညာရှင်တစ်ဦးနှင့် မခြား တိတိကျကျ အသေးစိတ်မှ စ၍ ဖော်ပြနိုင်စွမ်းရှိလေသည်။

ဆရာကြီး၏ ဝတ္ထုများမှာ နောက်ခံနှင့်တကွ အဆက်အစပ် အလွန်ကောင်းပြီးလျှင် မဖြစ်နိုင်လောက်သည့် နေရာများ၌ ဖြစ်နိုင်လောက်သော တွေးခေါ်မှုများကို စာဖတ်သူတို့ စိတ်တွင် ခံယူချက် အပြည့်အဝ ရရှိနိုင်စေရန် ရေးသားထားသောကြောင့် 'မဖြစ်နိုင်လောက်သည်များကို ဖြစ်နိုင်အောင် ရေးသားနိုင်စွမ်းရှိသော ဆရာကြီး' ဟု ဆိုစမှတ်ပြုကြပေသည်။

ဆရာကြီး ရွှေဥဒေါင်း မြန်မာပြန်သော Time Machine (ကာလယန္တရား) ဝတ္ထုနှင့် ဗိုလ်အေးမောင် မြန်မာပြန်၍ စာပေဗိမာန်ဆုရခဲ့သော (လူ့လော နာနာဘာဝလော) ဝတ္ထုတို့မှာလည်း ဆရာကြီး 'အိပ်ဂျီဝဲလ်' ၏ ဝတ္ထုများ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည် သာမန်သိပ္ပံရှင်တစ်ဦး ဖြစ်ရုံသာမက သိပ္ပံပညာနှင့် ယှဉ်သည့် အလွန်နက်ရှိုင်းလှစွာသော တွေးခေါ်မြော်မြင်မှုများလည်း ရှိသဖြင့် လူသာမန်တို့၏ စိတ်ကူးတွင် မဖြစ်နိုင်ဟု ထင်အပ်သော နံရံကြီးကို ကျော်ဖောက်ကာ သူ၏ ထူးကဲသော ပညာဉာဏ်စွမ်းဖြင့် 'ဖြစ်နိုင်သည်' ဟု စာဖတ်သူများ ယူဆလာအောင် ရေးနိုင်စွမ်းရှိပေသည်။ ထို့ကြောင့်လည်း ဆရာကြီးအား 'သိပ္ပံပညာရှင်တို့၏ ဖခင်ကြီး' ဟု ခေါ်ဝေါ် သမုတ်ကြလေသည်။

ဆရာကြီးဝတ္ထုအားလုံးလိုလို၌ပင် အထက်ပါ အချက်အလက်မျိုးပါရှိသဖြင့် သာမန်စာဖတ်သူများသာမက သိပ္ပံပညာရှင်များပင် ဆရာကြီး၏ ထူးဆန်းနက်နဲသော အတွေးအခေါ်များကို ချီးကျူးကြရပေသည်။

ဆရာကြီးသည် သိပ္ပံပညာနှင့် ပတ်သက်၍ သာမန်စိတ်ကူးယဉ် ဝတ္ထုမျိုးသာမဟုတ်၊ လူ့သမိုင်းဖြစ်စဉ် ဘဝအကြောင်းစာအုပ်များကိုလည်းကောင်း၊ လူ၏ဘဝနှင့် သိပ္ပံပညာ၏ ဆက်သွယ်မှုတို့ကိုလည်းကောင်း၊ လူသားများတွင် ရှိအပ်သည့် အလုပ်အကိုင် အခြေအနေ၊ ဉာဏ်ပညာ၊ စည်းစိမ်ခံစားမှု၊ ဘဝ၏ ရပ်တည်မှု၊ ငြိမ်းချမ်းသာယာမှုနှင့် ပတ်သက်သည့် ကျမ်းအဖုံဖုံတို့ကိုလည်း ကောင်း ရေးသားပြုစုခဲ့လေသည်။

ဆရာကြီးသည် သူကိုယ်တိုင်၏ ဘဝဖြစ်စဉ်နှင့် အတွေးအခေါ်များကိုလည်း စာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ရာ၊ ထိုစာအုပ်မှာ စာမျက်နှာ ၅၀၀ ခန့်ရှိ၍ သူ၏ မွေးဖွားပုံ၊ ဇနီးနှင့်သားသမီးများပုံ၊ သူငယ်စဉ်ကပုံ၊ သူ၏ ဖခင်ပုံ၊ သူ၏ လက်ရေးမူ၊ သူရေးဆွဲခဲ့သော ကာတွန်းပုံကြမ်းများ စသည်ဖြင့် လိုလေသေး မရှိအောင် ပါရှိလေသည်။

ဆရာကြီးသည် ဥရောပတိုက် နိုင်ငံများသို့ အနှံ့အပြား ခရီးသွားခဲ့၍ ၁၉၀၃ ခုနှစ်တွင် 'ဖေဘီယန့်အသင်း' သို့ ဝင်ခဲ့၏။ ၁၉၀၉ ခုနှစ်တွင် လန်ဒန်သို့ ပြောင်းရွှေ့ကာ ၁၉၁၂ ခုနှစ်တွင် 'အီစတန်ပတ်' ရပ်ကွက်တွင် အိမ်တစ်ဆောင်ကို ဝယ်ယူခဲ့၏။

ထို့နောက် စာအုပ်များကို ဆက်လက်ပြုစုရေးသားခဲ့ရာ၊ ဒုတိယ ကမ္ဘာစစ်ကြီးအဖြစ်တွင် 'လူသားများသည် သူတို့၏ ဘဝကို လုံးဝ မေ့သွားပြီဖြစ်၍ ပျက်စီးရာ ပျက်စီးကြောင်း ချောက်ကမ်းပါးကြီးထဲသို့ သိလျက်နှင့် ဆင်းနေကြပြီ' ဟု ဆိုလေသည်။ ထိုအကြောင်းများကို ၁၉၄၅ ခုနှစ်တွင် သူနောက်ဆုံးရေးသော 'တီသာ' ခေါ် စာအုပ်၌ သူကိုယ်တိုင် စိတ်ပျက်ကြောင်းများကို ရေးသားဖော်ပြထားလေသည်။ အချိန်အတော်ကြာ မကျန်းမမာ ဖြစ်နေပြီးနောက် ၁၉၄၆၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကွယ်လွန်ရှာသည်။

***



## မူလဝတ္ထုရေးဆရာ၏ စကားဦး

၁၈၈၇ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ 'လေဒီဗိန်း' ခေါ်ပင် လယ်ကူးသင်္ဘောတစ်စင်းသည် လတ္တီတွဒ် တစ်ဒီဂရီ (တောင်ဘက်) နှင့် လောင်ဂျီတွဒ် ၁၀၇ ဒီဂရီ (အနောက်) နေရာလောက်တွင် သင်္ဘောပျက်တစ်ခုနှင့် မတော်တဆ တိုက်မိသဖြင့် နစ်မြုပ်သွားခဲ့၏။

ထိုသင်္ဘော နစ်မြုပ်စဉ်က ကျွန်ုပ်၏ ဦးလေးဖြစ်သူ 'အက်ဒွပ်ပရင်းဒစ်' ပါသွားရာ၊ ကျွန်ုပ်တို့ ဆွေမျိုးဉာတိများနှင့်တကွ အားလုံး မိတ်ဆွေသင်္ဂဟများကပါ ရေနစ်သေဆုံးပြီဟု ယုံကြည်ကြ၏။ သို့သော် ထူးဆန်းပုံမှာ သင်္ဘောပျက်ပြီးနောက် ၁၁ လခန့်မျှအကြာ (၁၈၈၈ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့) တွင် လတ္တီတွဒ် ၅ ဒီဂရီ၊ ၃ ဒီဂရီ (တောင်) နှင့် လောင်ဂျီတွဒ် ၁၀၁ ဒီဂရီ (အနောက်) ရှိ ပင်လယ်ပြင်တွင် ဦးလေးအား လှေငယ်တစ်စင်းပေါ်၌ တစ်ယောက်တည်း မျောပါလျက်ရှိသည်ကို အံ့သြဖွယ်ကောင်းစွာ တွေ့ရှိရ၏။ ယင်းကဲ့သို့ တွေ့ရှိရသော အချိန်မှာ သူလိုက်ပါသွားသော လေဒီဗိန်း နစ်မြုပ်ပြီးနောက် ၁၁ လနှင့် ၄ ရက်မျှပင် ကြာရှိခဲ့လေပြီ။

ကျွန်ုပ်၏ ဦးလေးမှာ ကာလိုမြို့တွင် သင်္ဘောဆိုက်စဉ်က လေဒီဗိန်း သင်္ဘောပေါ်သို့ တက်ရောက်ကာ စီးနင်းလိုက်ပါလာခဲ့သူ ခရီးသည်တစ်ယောက် ဖြစ်၍ လူတိုင်းကပင် ၎င်းအား လေဒီဗိန်း နစ်မြုပ်စဉ်က ပါသွားလေပြီဟု တွေးထင်ခဲ့ကြ၏။ သင်္ဘောပျက်ပြီးနောက် ၁၁ ရက်ခန့်မျှ အကြာတွင် သူ့အား ပြန်လည်တွေ့ရှိရသော လှေကလေး၏ အမည်မှာ ဆေးများ ပျက်နေသဖြင့် ဖတ်၍ မရသော်လည်း ပျောက်ဆုံးနေသော 'အင်ပီကာ ကျူအန်ဟာ' သင်္ဘောမှ လှေငယ် ဖြစ်သည်ဟု ယူဆရ၏။

ဦးလေးသည် သူ၏ အဖြစ်အပျက်များကို ကျွန်ုပ်အား ပြန်ပြောရာ၊ သူ ပြောသော အတ္ထုပ္ပတ္တိများမှာ မယုံကြည်နိုင်လောက်အောင်ပင် ဆန်းကြယ်လှသဖြင့် ၎င်းမှာ စိတ်မနှံ့၍ နေလေပြီလောဟုပင် မှတ်ထင်ရ၏။ ထို့ပြင်လည်း သူသည် နစ်မြုပ်သွားသော လေဒီဗိန်း သင်္ဘောမှ အသက်ရှင်လျက် လွတ်မြောက်လာသည့် အချိန်မှစ၍ သူ၏ စိတ်များမှာ မမှတ်မိသကဲ့သို့ ရှိနေခဲ့သည်ဆို၏။ ဤကဲ့သို့ ဖြစ်ရခြင်းအကြောင်းကို ထိုအခါက ရှိနေသော လောကဓာတ်ပညာ ဆရာကြီးများနှင့် စိတ်ပညာပါရဂူများတို့သည် အထပ်ထပ် အပြန်ပြန် ဆွေးနွေးကြရာ၊ ဦးလေးမှာ အချိန်အတော်ကြာမျှ စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်

www.burmeseclassic.com



ကောင်းသော အဖြစ်အပျက်များနှင့် တွေ့ပြီးလျှင် ကိုယ်ဝင်ပန်း၊ စိတ်ပင်ပန်း ဖြစ်ခဲ့ရသောကြောင့် ဤကဲ့သို့ ဖြစ်ရခြင်းဖြစ်သည်ဟု နောက်ဆုံး ဆုံးဖြတ်ကြ၏။

ယခု အောက်တွင်ရေးသားဖော်ပြအံ့သော အတ္ထုပ္ပတ္တိမှာ သူ၏ စာရွက်စာတမ်းများထဲသို့ တွေ့ရသောအကြောင်းအရာများ ဖြစ်၏။ ကျွန်ုပ်သည် သူ၏ တစ်ယောက်တည်းသော အမွေစား အမွေခံ တူအရင်း ဖြစ်သောကြောင့် တိုင်းပြည်လူထုသို့ တင်ပြရန် ဦးလေး၏ ဆန္ဒကို စာရွက်များထဲတွင် အတိအလင်း ဖော်ပြမထားသော်လည်း ထုတ်ဝေလိုဟန် တူသောကြောင့် ကျွန်ုပ်၏ သဘောအရ ယခုတင်ပြခြင်း ဖြစ်ပါကြောင်း။

သူ့အား ပင်လယ်ပြင်တွင် အမိုးအကာမပါသော လှေငယ်ကလေး တစ်စင်းဖြင့် မျောပါနေသည်ကို တွေ့ရသော နေရာတစ်ဝိုက်တွင် 'နိဘယ်' ကျွန်းဟူ၍ ကျွန်းကလေး တစ်ကျွန်းသာရှိ၏။ ထိုကျွန်းကလေးမှာ မီးတောင်များရှိသည့် ကျွန်းကလေးဖြစ်၍ လူများ နေထိုင်ခြင်း မရှိချေ။ ထိုကျွန်းသို့ ၁၈၉၁ ခုနှစ်တွင် 'စကော့ပီယွန်' (H.M.S. SCORPION)ခေါ် သင်္ဘောတစ်စင်း ရောက်ရှိသွားပြီးနောက် သင်္ဘောသားအချို့သည် ကုန်းပေါ်သို့ တက်ရောက်ကြည့်ရှုကြရာ၊ အလွန်ထူးဆန်း၍ အဖြူရောင်ရှိသော ပိုးဖလံ၊ တောဝက်များ၊ ယုန်ကလေးများနှင့် အသွင်အပြင် အမျိုးမျိုးအဖုံဖုံ ရှိနေသည့် ကြွက်များမှတစ်ပါး အခြားထူးထူးခြားခြား မတွေ့ရချေ။ သို့သော် ယင်းတို့အား သက်သေခံအဖြစ်ဖြင့် ပြသရန် ယူဆောင်မလာခဲ့ကြသဖြင့် ယခု ကျွန်ုပ် ရေးသားအံ့သော အတ္ထုပ္ပတ္တိမှာ သက်သေခံမပြည့်စုံဟု ဆိုက ဆိုနိုင်ပါပေသည်။ မည်သို့ပင်ဖြစ်စေ ဦးလေး တွေ့ကြုံရသည့် အဖြစ်အပျက်ကို လူထုရှေ့သို့ ကျွန်ုပ် တင်ပြပါအံ့။

ထူးဆန်းပုံတစ်ခုမှာလည်း ကျွန်ုပ်၏ ဦးလေးမှာ လတ္တီတွဒ် ၅ (တောင်) နှင့် လောင်ဂျီတွဒ် ၁၀၅ (အနောက်) စပ်ကြားတွင် လူစိတ်များ ပျောက်ကွယ်ကာ သတိကင်းလွတ်သွားပြီးနောက်၊ နောက် ၁၁ လအကြာတွင်မှ ထိုနေရာ အနီးတစ်ဝိုက် ပင်လယ်ရေပြင်၌ပင် ပြန်၍ တွေ့ရခြင်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူသည် ထိုအချိန်များအတွင်း အသက်ရှင်လျက် ရှိနေခဲ့သည်မှာ ထင်ရှားလေသည်။

သို့နှင့် 'အင်ပီတာကျူအန်ဟာ' ခေါ် သင်္ဘောသည် ၁၈၈၇ ခုနှစ်၊ ဇန်နဝါရီလတွင် အာဖရိကတိုက်မှ ကျားသစ်တစ်ကောင်နှင့် အခြားတိရစ္ဆာန်အချို့ကို တင်ဆောင်ပြီးလျှင် ပစိဖိတ် သမုဒ္ဒရာတောင်ပိုင်းရှိ မြို့အသီးသီးသို့ ဆိုက်ကပ်ကာ ထွက်ခဲ့ပြီးနောက် မည်ကဲ့သို့ ဖြစ်သည်မသိ။ တစ်ခါတည်း ပျောက်ကွယ်သွားခဲ့လေသည်။ ထိုသင်္ဘောကို မောင်းနှင်အုပ်ချုပ်သည့် ကပ္ပတိန်မှာ ဒွန်ဒေးဗစ်ဆိုသူ ဖြစ်၍ အရက်ကို အလွန်အကျွံသောက်သော ကပ္ပတိန်တစ်ယောက် ဖြစ်၏။





ရင်းသည် ထိုအင်ပီတာကျူအန်ဟာ သင်္ဘောကို မောင်းနှင်အုပ်ချုပ်ပြီးလျှင် သင်္ဘောပေါ်၌ အုန်းသီးဆံများတင်၍ 'ဗန်ယာ' မြို့မှ ၁၈၈၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထွက်ခဲ့ပြီးနောက် ထိုအချိန်မှစ၍ တစ်ခါတည်း ပျောက်ကွယ်သွားရာ ထိုနေရာတို့မှာ ဦးလေး၏ စာရွက်စာတမ်းများတွင် ပါရှိသော အတ္ထုပ္ပတ္တိနှင့် တသွေမတိမ်း ကိုက်ညီလျက် ရှိလေသည်။

ချားလ်စ အက်ဒွပ်ပရင်ခစ်

www.burmeseclassic.com

www.burmeseclassic.com

၁

## လေဒီမိန်းသင်္ဘောမှ အသက်ကယ်လှေကလေး

လေဒီမိန်းသည် ကာလိုမြို့မှ ထွက်ခဲ့ပြီးနောက် ဆယ်ရက်အကြာတွင် သင်္ဘောပျက်တစ်စင်းနှင့် မတော်တဆ ဝင်ရောက်တိုက်မိသဖြင့် ပျက်စီးသွားရာ ထိုသင်္ဘောပျက်ခြင်းအကြောင်းကို လူတိုင်းသိပြီးဖြစ်သဖြင့် ကျွန်ုပ် အထူးချဲ့ထွင် ရေးသားရန် လိုအပ်မည် မထင်ပေ။ ထိုသင်္ဘောပျက်ပြီးနောက် ၁၈ ရက်အကြာတွင် သင်္ဘောသား ၇ ယောက်ကို 'မာတယ်' ခေါ် အမြောက်တင် သင်္ဘောက ကယ်ဆယ်လိုက်၏။ လေဒီမိန်းသင်္ဘောပျက်ခြင်းအကြောင်းကို သတင်းစာများက ရေးသားပြီး ဖြစ်သော်လည်း ကျွန်ုပ်က ထပ်မံဖြည့်စွက်လို၏။ ကျွန်ုပ်ဖြည့်စွက်လိုသည့် အကြောင်းမှာ ပို၍ ကြောက်မက်ဖွယ်ကောင်းပြီးလျှင် ပို၍လည်း ထူးဆန်းပေ၏။ ထိုလှေငယ်တွင်ပါသည့် လူ ၄ ယောက် သေဆုံးသွားသည်ဆိုခြင်းမှာ မမှန်ပေ။ ဤကဲ့သို့ ကျွန်ုပ်ပြောခြင်းမှာ မှန်ကန်၍ သက်သေခံလည်း လုံလောက်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထို ၄ ယောက်ထဲတွင် ကျွန်ုပ်ကိုယ်တိုင်တစ်ယောက် အပါအဝင် ဖြစ်ပေသည်။

သို့သော် ပထမဦးစွာ ကျွန်ုပ်ပြောလိုသည်မှာ လှေငယ်တွင် လူ ၄ ယောက်ပါသည်ဆိုခြင်း မဟုတ်ပေ။ ၃ ယောက်သာပါရှိ၏။ 'ကွန်စတန်' ဆိုသူမှာ လှေထဲသို့ ခုန်ချလိုက်သည်ကို ကပ္ပတိန်က မြင်လိုက်ရသည်ဆို၏။ (ဤအကြောင်းကို ၁၈၈၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ ထုတ် 'ဒေးလီးနယူး' ခေါ် သတင်းစာတွင် ပါရှိ၏။) ကျွန်ုပ်တို့နှင့်အတူ သူပါမလာခြင်းမှာ ကျွန်ုပ်တို့အတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း သူ့အတွက်မှာမူ ကံဆိုးလေစွ။ သူသည် သင်္ဘောပေါ်မှ ခုန်ချလိုက်သော်လည်း လှေထဲသို့ မရောက်ဘဲ ... ခြေထောက်မှာ ကြိုးများမြင့်ငြိကာ တစ်ခဏမျှ တွဲရရွဲပြီးနောက် ရေနက်ထဲသို့ လွင့်စင်ကျသွားရှာ၏။ ကျွန်ုပ်တို့သည် သူ့အား ကယ်တင်ရန် လှေကို ...ဆီသို့ လှော်ခတ်သွားသော်လည်း သူသည် ရေနက်ထဲမှ ပြန်၍ ပေါ်မလာတော့ချေ။ ကျွန်ုပ်တို့ သင်္ဘောကြီး နစ်မြုပ်သွားသည်မှာ အလွန်လျင်မြန်လှသည်ဖြင့် ...ကဲ့သို့ ဘေးဒုက္ခမျိုးနှင့်လည်း တွေ့ကြုံလိမ့်မည်ဟု မည်သည့်အခါကမျှ ...ထင်မိခဲ့သောကြောင့် ကျွန်ုပ်တို့မှာ တစ်စုံတစ်ရာ ကြိုတင်ပြင်ဆင်မှု မရှိချေ။ ...ဖြင့် ကျွန်ုပ်တို့ အသက်ကယ်လှေထဲတွင် အနည်းငယ် စိုစွတ်နေသည့် ဘီ...စွတ်မုန့် အနည်းငယ်နှင့် ရေကရားတစ်လုံးသာ ပါရှိ၏။ အခြားလှေကြီးတစ်...င်း၌မူ စားရေရိက္ခာများ အတော်ပင် ပါရှိမည်ဟု ကျွန်ုပ်တို့ တွေးထင်မိသော်...လည်း အမှန်မှာ မပါရှိချေ။ ကျွန်ုပ်တို့သည် ၎င်းတို့အား အော်ဟစ်ခေါ်ငင်လျက် ...ရာ၊ ကျွန်ုပ်တို့၏ ခေါ်သံကို ကြားဟန်မတူဘဲ နောက်တစ်နေ့ နံနက်လင်း၍ ...မှုန်းတည့်အချိန် ဆီးနှင်းများ ကွဲသွားသောအခါ ၎င်းတို့အား အရိပ်အယောင်မျှ ...တွေ့ရတော့ချေ။ လှေကလည်း ကောင်းစွာ မငြိမ်မသက်ဘဲ လှုပ်၍နေသဖြင့် ...ကျွန်ုပ်တို့လည်း မတ်တပ်ရပ်၍ မကြည့်ဝံ့ချေ။ ပင်လယ်ပြင်မှာ လှိုင်းထမ်းပိုးဖြင့် ...ထကြွလျက်ရှိရာ ကျွန်ုပ်တို့သည် လှိုင်းလုံးများကို လှေဦးဖြင့် ခွဲ၍ ကျော်ဖြတ်...လျက် ရှိကြ၏။ ကျွန်ုပ်နှင့်အတူ လွတ်မြောက်လာသော လူနှစ်ယောက်အနက် ...တစ်ယောက်မှာ 'ဟယ်လမာ' ဆိုသူဖြစ်၏။ ကျွန်ုပ်ကဲ့သို့ပင် သင်္ဘောစီး ခရီးသည်...တစ်ယောက်ဖြစ်၏။ အခြားတစ်ယောက်၏ အမည်ကိုမူ ကျွန်ုပ်မသိရချေ။ ၎င်းမှာ ...ရုပ်နိမ့်၍ တုတ်ခိုင်သော လူတစ်ယောက် ဖြစ်ပြီးလျှင် စကားပြောသောအခါများ...၌ ခပ်ထစ်ထစ် ပြောတတ်လေသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် လှေပေါ်တွင် ပါလာသော ရေကရားမှ ...ရေများကုန်ပြီးနောက် ၈ ရက်တိုင်တိုင် အစာငတ်၊ ရေငတ် ဘေးဒုက္ခကို ခံစားကြ...ရကုန်၏။ ဒုတိယနေ့၌ လှိုင်းထမ်းပိုးများသည် ကံအားလျော်စွာ ငြိမ်သက်သွား...ပြီးနောက် ပင်လယ်ပြင်သည် မှန်ချပ်၏ မျက်နှာပြင်ကဲ့သို့ ပြေပြစ်ညီညွတ်လျက်...ရှိ၏။ ဤကဲ့သို့ ပင်လယ်ပြင်တွင် လှေငယ်တစ်စင်းပေါ်၌ ၈ ရက်လုံးလုံး အစာ...ရေစာ ငတ်ပြတ်လျက် ရှိနေသည့် ဒုက္ခကို သာမန် စာဖတ်သူတစ်ယောက်အနေဖြင့် ...သွား၍ ကြည့်နိုင်မည် မဟုတ်ပေ။ လက်တွေ့ ခံစားရသော သူသာလျှင် ထိုဘေး...ဒုက္ခမျိုးကို သိရှိနိုင်မည်ဖြစ်၏။ ပထမနေ့ ကုန်လွန်ပြီးနောက် ကျွန်ုပ်တို့သည်




www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် စကားအနည်းငယ်မျှသာ ပြော၍ လှေကလေးပေါ်၌ ကိုယ့်နေရာတွင် ကိုယ်ထိုင်၍ မိုးကုတ်စက်ဝိုင်းဆီသို့သာ စောင့်မျှော်ကြည့်ရှုလျက် ရှိကြ၏။ အစာရေစာ မစားသောက်ရသဖြင့် အားအင်များလည်း တဖြည်းဖြည်း ကုန်ခမ်းလာ၏။ သင်္ဘောတစ်စင်းကို မြင်လိုမြင်ငြား စောင့်မျှော်ကြည့်ရှုနေကြ သဖြင့် ကျွန်ုပ်တို့ မျက်လုံးများမှာလည်း ထွက်၍ ကျလုမတတ် ပြူးကျယ်၍သာ လာတော့၏။ ကောင်းကင်မှ နေမင်းကလည်း ကျွန်ုပ်တို့ ဦးခေါင်းပေါ်သို့ အပူရှိန် ကို မညှာမတာ ကျရောက်စေလျက် ရှိ၏။

စတုတ္ထမြောက်သောနေ့တွင် ကျွန်ုပ်တို့ သောက်ရေမှာ တစ်စက်မျှပင် မကျန်ရှိတော့။ သို့ဖြင့် ထိုအချိန်မှစ၍ ရေငတ်သည့် ဒဏ်နှင့် တွေတွေဆိုင်ဆိုင် ရင်ဆိုင်ရတော့၏။ လျှာပေါ်မှ တံတွေးများပင် ခမ်းခြောက်လာရာ၊ လျှာမှာ တစ် နာရီထက် တစ်နာရီ မာကြော၍လာတော့၏။ ၆ ရက်မြောက်သောနေ့သို့ ရောက် သောအခါ လျှာမှာ တောင့်တင်းနေသဖြင့် လှုပ်ရှား၍ မရသလောက် ဖြစ်ပြီးလျှင် အသံထွက်၍ စကားပြောရန် မတတ်နိုင်သကဲ့သို့ ရှိ၏။ သို့သော် နှုတ်ဖြင့်ပင် စကားမပြောနိုင်ကြသော်လည်း မျက်လုံးချင်း ပြောနိုင်ကြသေးရာ၊ တစ်ယောက် အလိုကို တစ်ယောက်က သိသကဲ့သို့ ရှိနေ၏။ ထိုအချိန်၌ ကျွန်ုပ်၏ စိတ်ထဲတွင် ထူးဆန်းသော အရာများကို အမျိုးမျိုး အဖုံဖုံ တွေးတောလျက်ရှိရာ 'ဟယ်လမာ' နှင့် အမည်မသိ သင်္ဘောသားမှာ ကျွန်ုပ်ကဲ့သို့ပင် ရောက်တတ်ရာရာ တွေးတော နေကြလိမ့်မည်ဟု ထင်မိ၏။

တစ်ချိန်၌ 'ဟယ်လမာ' သည် ကျွန်ုပ်ကိုယ်နှင့် နီးကပ်နိုင်သမျှ နီးကပ် အောင် တဖြည်းဖြည်း ရွေ့၍လာပြီးနောက် သူ၏ ကိုယ်ကို ကျွန်ုပ်ဘက်သို့ ညွှတ်လျက် –

"ခင်ဗျား ရေသောက်မလား"

"ဘာပြောတယ်။ ဘာ ဘာ"

"သောက်မယ် … သောက်မယ်။ ဘယ်မှာလဲ ရေ"

"ရေငတ်ပြေရင် ပြီးရော မဟုတ်လား"

"ခင်ဗျား ပြောတာ ဘာလဲ။ ကျုပ် နားမလည်ဘူး"

"သောက်တော့ သောက်ရမယ်၊ ရေတော့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"လူ့သွေးလေ၊ လူ့သွေးဟာ အရေပဲ။ ဘာပဲဖြစ်ဖြစ် ရေငတ် ပြေရင် ပြီးတာပဲ မဟုတ်လား။ ဟိုအကောင်ကို ကျုပ်တို့ သတ်မယ်။ သတ်ပြီးရင် သူ့ သွေးကို သောက်မယ်"

"ဒါဖြင့် မဲချမယ်။ ခင်ဗျား သဘောတူလား"





"ဟင့်အင်း။ ဒါလည်း သဘောမတူဘူး"

ဟယ်လမာသည် လှေပဲ့ပိုင်းဘက်ဆီသို့ ပြန်၍ တဖြည်းဖြည်း ရွေ့ သွားလေ၏။

'ဟယ်လမာ' ၏ အကြံမှာ ကျွန်ုပ်တို့သုံးယောက်အနက် မဲကျရာ သူကို သတ်ပြီးလျှင် ကျန်လူနှစ်ယောက်က ၎င်း၏ သွေးများကို စုတ်ယူသောက် ရန်ဖြစ်၏။ သုံးယောက်စလုံး ရေငတ်၍ သေရခြင်းထက် တစ်ယောက်သာ သေခံပြီးလျှင် ကျန်နှစ်ယောက်က သေသူ၏ သွေးကိုစုတ်၍ တတ်နိုင်သမျှ အသက်ရှင်နေရန် ဖြစ်လေသည်။ သို့သော် မိမိအသက်ရှင်ရေးအတွက် အခြားသူ တစ်ယောက်ကို သတ်ဖြတ်ရန်မှာ ရက်စက်လွန်းရာ ကျသောကြောင့် ကျွန်ုပ်က သဘောမတူခြင်း ဖြစ်လေသည်။

ထိုညဥ့်တစ်ညဥ့်လုံး သင်္ဘောသားသည် ဟယ်လမာအနီးသို့ ကပ်ပြီး လျှင် တစ်စုံတစ်ရာကို မကြာခဏ တီးတိုးပြောဆိုလျက်ရှိရာ ၎င်းမှာ ဟယ်လမာ နှင့် ပေါင်း၍ ကျွန်ုပ်အား သတ်ဖြတ်ရန် ကြံစည်ခြင်းပင်ဖြစ်ပေလိမ့်မည်။ သို့ဖြင့် ကျွန်ုပ်သည် အရေးအကြောင်းရှိက အသင့်ခုခံနိုင်ရန် မောင်းချဓားကို လက်ထဲတွင် ကိုင်၍ကိုင်ကာ လှေဦးတွင် သတိနှင့် ထိုင်လျက်ရှိ၏။ ဤကဲ့သို့ လက်နက်ကိုကိုင် ထားရသော်လည်း အကယ်၍ အရေးကြုံက ခုခံနိုင်ရန် ကျွန်ုပ်ကိုယ်၌ အင်အား ရှိပါလေဦးမည်လောဟု သံသယ ဖြစ်မိ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ကျွန်ုပ်တို့မှာ အဆိုးရွားဆုံး သော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ ကျွန်ုပ်သည် ဟယ်လမာ၏ အကြံကို မတတ်သာဘဲ သဘောတူလိုက်ရတော့၏။

သို့နှင့် ကျွန်ုပ်တို့သည် ပဲနီပြားတစ်ပြားကို ယူပြီးလျှင် 'ခေါင်းပန်း' ကျရာ နောက်ဆုံးတွင် သင်္ဘောသားကို သတ်ရန် မဲကျလေ၏။

သို့သော် သင်္ဘောသားမှာ ကျွန်ုပ်တို့ ၃ ယောက်အနက် အသန်စွမ်းဆုံး ဖြစ်၍ သူသည် လက်ထဲတွင် လက်နက်တစ်စုံတစ်ရာ မပါဘဲ ဟယ်လမာအား ထိုးနိုက်လေတော့၏။ သို့နှင့် သူတို့သည် တစ်ယောက်၏ လည်မျိုကို တစ် ယောက် ဖျစ်ညှစ်ရန် ကြိုးစားလျက်ရှိရာ ပထမ ထိုင်လျက်ရှိရာမှ မတ်တတ်ရပ်လု လုတော် တစ်ယောက်နှင့်တစ်ယောက် ထွေးလုံးသတ်ပုတ်လျက်ရှိသဖြင့် ကျွန်ုပ် သည် ဟယ်လမာအား ကူညီရန် လှေပဲ့ပိုင်းကို တရွေ့ရွေ့ တွားလာခဲ့၏။ ကျွန်ုပ် က သင်္ဘောသား၏ ခြေထောက်တစ်ဘက်ကို လှမ်းဆွဲလိုက်သည်တွင် သင်္ဘော သားသည် ရုတ်တရက် ထလိုက်သဖြင့် သူ၏ ခြေထောက်သည် ကျွန်ုပ်၏ လက်ထဲမှ လွတ်ထွက်သွား၏။ ထိုခဏ၌ သူတို့နှစ်ယောက်စလုံးသည် မတ် တတ်ရပ်ရင်း ထွေးလုံးရစ်ပတ်ဖြစ်ကာ လှေနံပေါ်သို့ နှစ်ယောက်စလုံး ယိုင်၍ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးလျှင် တစ်ခါတည်း နစ်မြုပ်၍ သွားတော့၏။ ထိုစဉ်၌ လေယာဉ်ကလေးသည်
လည်း လှုပ်ရှားလျက်ရှိရာမှ တဖြည်းဖြည်း ငြိမ်သက်သွားလေတော့၏။ ထိုအခ
တွင် ကျွန်ုပ်မှာ ဝမ်းနည်း၍ပေလော၊ သို့မဟုတ် ဝမ်းမြောက်၍ပေလောမသိ
ဟက်ဟက်ပက်ပက် ရယ်မောကာ လေယာဉ်ထဲတွင် မိမိကိုယ်ကို နောက်သို့ ပစ်လှဲ
လိုက်မိလေသည်။

ကျွန်ုပ်သည် လဲလျောင်းရန် ကန့်လန့်ဖြတ် ပြုလုပ်ထားသည့် ခုံ
တွင် ပက်လက်လှန်ကာ တခိခိ ရယ်မောနေသည်ကို သတိပြုမိ၏။ သို့သေ
ရယ်သံမှာ ကျွန်ုပ်၏ ကိုယ်ထဲမှ မလာဘဲ အပြင်မှ ကြားရသည်ဟုလည်း ထင်
၏။ သို့ရှိစဉ် အကယ်၍ ကျွန်ုပ်တွင် လေယာဉ်ပေါ်မှကျော်၍ ပင်လယ်ရေကို သော
နိုင်မည်ဆိုက သောက်ပြီးလျှင် အမြန်ဆုံး သေလိုသော စိတ်များ ဖြစ်ပေါ်လ
သည်ကိုလည်း ပြန်၍ သတိရမိ၏။ ဤကဲ့သို့ လေယာဉ်ဝမ်းထဲတွင် မလှုပ်မယှ
ငြိမ်သက်လျက် ရှိနေသည့်အချိန်၌ပင် မိုးကုတ်စက်ဝိုင်းအဆုံးဆီမှ သင်္ဘောတ
စင်း၏ ဖြူဖွေးသော ရွက်တစ်ခုကို မြင်ရသကဲ့သို့ ထင်မိ၏။ လေယာဉ်ကလေးသ
လှိုင်းလေးများကြောင့် အတန်ငယ် လှုပ်ရှားလျက်ရှိရာ ကျွန်ုပ်၏ ဦးခေါင်းအ
လည်း လေယာဉ်လှုပ်ရှားသည်နှင့်အမျှ ညိတ်ခနဲ ညိတ်ခနဲ လှုပ်ရှားသွားသည်ကို
ပြန်၍သတိရမိ၏။ ရွက်ဖွင့်၍ လွင့်လာသော သင်္ဘောသည် တဖြည်းဖြည်း နီးက
လာရာ၊ ကျွန်ုပ်မှာ သေဖို့ရန်သာ စိတ်စောနေသဖြင့် 'သူတို့သည် ငါ့အား အသ
ရှင်လျက် မတွေ့ရတော့ဘဲ ငါ၏ အလောင်းကိုသာ တွေ့ရပေတော့မည်'
စိတ်ကူးမိသည်ကိုလည်း သတိရလိုက်မိ၏။

အချိန်သည် မည်မျှလောက်ကုန်၍ သွားသည်မသိ။ ကျွန်ုပ်၏ စိ
တွင် ရွက်သင်္ဘောတစ်စင်းကို မြင်ရပြီးလျှင် ၎င်းသည်လည်း ကျွန်ုပ်၏ လေယာဉ်
တဖြည်းဖြည်း ချဉ်းကပ်လာသည်ကို တွေ့မြင်ရ၏။ သို့နှင့်ပင် ကျွန်ုပ်အား က
ဆယ်ရန် အထိမ်းအမှတ် တစ်စုံတစ်ရာ မပြဘဲ နေမိသည်ကိုလည်း သတိရမိ
ထို့နောက် ကျွန်ုပ်မှာ အိပ်ပျော်သွားသကဲ့သို့လည်းကောင်း၊ သို့မဟုတ် မိန်းမေ
တွေဝေသွားသကဲ့သို့လည်းကောင်း ဖြစ်သွားပြီးနောက် သင်္ဘောခန်းကလေ
တစ်ခုထဲသို့ ရောက်နေသည့်အချိန်တွင်မှ ကျွန်ုပ်မှာ ကောင်းစွာ သတိရလာလေ
၏။ သို့သော် ကျွန်ုပ်အား လေယာဉ်ကလေးထဲမှ မ၍ချီ၍ သင်္ဘောလှေကားပေါ်
ယူဆောင်သွားသည်ကိုလည်းကောင်း၊ မျက်နှာတွင် ဝက်ခြံများ ပြည့်နေသ
ဆံပင်နီနီနှင့် လူတစ်ယောက်က သင်္ဘောလက်ရန်းပေါ်မှ အောက်သို့ ငုံ့ကြည့်
သည်ကိုလည်းကောင်း ကျွန်ုပ်၏ မှတ်ဉာဏ်ထဲတွင် သတိမရတစ်ချက်၊ ရ
ချက် ဖြစ်နေ၏။ ထို့ပြင် ကျွန်ုပ်သည် ထူးခြားသော မျက်လုံးကြီးများရှိသ
မျက်နှာမည်းမည်းကြီးတစ်ခုကိုလည်း မြင်လိုက်ရသည်ဟု ထင်မိ၏။ ပထ





ထိုမျက်နှာကြီးမှာ ကျွန်ုပ် သတိလစ်နေသကဲ့သို့ ရှိနေစဉ် ထမင်းလုံးတစ္ဆေချောက်
သကဲ့သို့ ချောက်ခြားဖြစ်သည်ဟု ထင်မိ၏။ ထို့နောက် ကျွန်ုပ်၏ ပါးစပ်ကို
မာကာ တစ်စုံတစ်ရာ လောင်းထည့်သည်ကိုလည်း နောက်ဆုံး သတိရလိုက်မိ
၏။

*

www.burmeseclassic.com

www.burmeseclassic.com

## ၂

## သူစိမ်းတစ်ယောက်နှင့် ပထမ မိတ်ဆွေဖြစ်ခြင်း

ကျွန်ုပ် ရောက်ရှိနေသော အခန်းကလေးမှာ ကျဉ်းမြောင်း၍ သပ်သပ်ရပ်ရပ်လည်း မရှိပေ။ ကျွန်ုပ်သတိပြန်ရသည့်အချိန်၌ အသက် ခပ်ရွယ်ရွယ် လူတစ်ယောက်သည် ကျွန်ုပ်၏ လက်ကောက်ဝတ်ကို ကိုင်လျက်ရှိ၏။ ထိုသူမှာ ဂုံလျှော်မျှင်ကဲ့သို့ ကြမ်းတမ်းသော ဆံပင်နှင့် ကောက်ရိုးရောင်ကဲ့သို့ မုတ်ဆိတ်မွေး ရှိပြီးလျှင် နှုတ်ခမ်းမှာလည်း ခပ်တွဲတွဲရှိနေ၏။ သူသည် ကျွန်ုပ်ကို စိုက်ကြည့်လျက်ရှိရာ ကျွန်ုပ်ကလည်း သူ့အား စိမ်းစိမ်းကြည့်၍ နေမိ၏။ သို့သော် မည်သူကမျှ စကားစ၍ မပြောချေ။ သူ၏ အညိုရောင် မျက်လုံးများမှာ အေးစက်စက်နိုင်လှ၍ ဟန်အမူအရာလည်း ကင်းမဲ့နေလေသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ ခေါင်းရင်းဘက်မှ ကျွန်ုပ် အိပ်နေသော ခုတင်ကို လှုပ်ကိုင်သကဲ့သို့ အတန်ငယ် လှုပ်သွားပြီးလျှင် တိရစ္ဆာန်တစ်ကောင် ဟိန်းဟောက်လိုက်သည့် အသံမျိုးကဲ့သို့ အသံတစ်သံကိုလည်း ကြားလိုက်ရ၏။ ထိုအချိန်လောက်၌ပင် ကျွန်ုပ်နံဘေး၌ ထိုင်နေသူလည်း ကျွန်ုပ်အား စ၍မေးမြန်းလေသည်။

"ခင်ဗျား အခု ဘယ့်နှယ်နေသေးသလဲ"

"ကျုပ် နေကောင်းပါတယ်"





ဤကဲ့သို့ပင် ပြန်၍ဖြေလိုက်သည်ဟု ကျွန်ုပ်ထင်မိ၏။ ဤနေရာသို့ ကျွန်ုပ် မည်ကဲ့သို့ ရောက်လာသည်ကို ကျွန်ုပ် မသိချေ။ ထိုမေးခွန်းကို ကျွန်ုပ်က မေးလိုသော်လည်း ကောင်းစွာ အသံမထွက်သဖြင့် မမေးနိုင်ချေ။ သို့သော် သူသည် ကျွန်ုပ်၏ မျက်နှာကို အကဲခတ်၍ ကျွန်ုပ်၏ ဆန္ဒကို သိသည့်ဟန်ဖြင့် ကျွန်ုပ်က အသံထွက်၍ မမေးနိုင်သော်လည်း ကျွန်ုပ်အား အောက်ပါအတိုင်း ပြောဆိုလျက်ရှိ၏။

"ခင်ဗျားဟာ ပင်လယ်ပြင်မှာ လှေကလေး တစ်စင်းနဲ့ အစာငတ် ရေငတ်ဖြစ်ပြီး မျောနေတယ်။ ဘယ်လောက်ကြာအောင် ရေငတ်နေတယ်ဆိုတာတော့ မသိဘူး။ နှုတ်ခမ်းတွေဟာ ခြောက်ကပ်ပြီး လျှာဟာလည်း သစ်သားလောက် နီးနီး မာနေတာပဲ။ သတိလည်း မရတစ်ချက် ရတစ်ချက် ဖြစ်နေတယ်။ ခင်ဗျား ပါလာတဲ့ လှေကလေးရဲ့ နာမည်က လေဒီဗိန်းလို့ ပါတယ်။ ပြီးတော့ လှေနံရံပေါ်မှာ သွေးကွက်တွေလည်း တွေ့ရတယ်"

ထိုအချိန်၌ ကျွန်ုပ်သည် မိမိလက်များကို ပြန်၍ ကြည့်မိရာ အရိုးပေါ်တွင် အရေတင် ဖြစ်နေရုံမျှမက စက္ကူပြားတစ်အိတ်တွင် အရိုးများကို ထည့်ထားသကဲ့သို့ ကျွန်ုပ်၏ အရိုးနှင့် အရေပြားတို့မှာ ကပ်၍နေသည်ကို တွေ့ရ၏။ ထို့နောက် ကျွန်ုပ်လည်း အဖြစ်အပျက်များကို ပြန်လည်စဉ်းစားလျက် ရှိလေသည်။

"ကဲ ... ဒီဟာကလေး တစ်ဆိတ်သောက်လိုက်ဦး၊ အားရှိအောင်"

သူသည် ဖန်ခွက်ငယ်တစ်ခုဖြင့် အနီရောင်ရှိသော ရေအနည်းငယ်ကို ကျွန်ုပ်အား တိုက်လိုက်၏။ ထိုအရည်မှာ ရေခဲစိမ်ထားဟန်ဖြင့် အေးမြပြီးလျှင် ချိုမြမြ၊ ညှီဟောက်ဟောက် အနံ့အရသာရှိ၍ ကျွန်ုပ်အား လန်းဆန်းလတ်ဆတ်၍ သွားစေ၏။ ထို့နောက် ထိုသူက ဆက်လက်၍ –

"ကျုပ်တို့ သင်္ဘောပေါ်မှာ ဆရာဝန်တစ်ယောက် ပါလာတာ ခင်ဗျားအကောင်းတယ်ဗျာ။ နို့မဟုတ်ရင် ကျုပ်တို့ ဘယ်လိုမှ မတတ်နိုင်ဘူး"

သူသည် စကားကို ခပ်မြန်မြန် ပြောရာ ကောင်းစွာပင် ပီသမှု မရှိချေ။

"ဒီသင်္ဘောက ဘာသင်္ဘောလဲဗျ"

ကျွန်ုပ်က အသံထွက်သည်ထက် ထွက်အောင် အားယူ၍ မေးလိုက်၏။ သို့သော် အချိန်ကြာမြင့်စွာ နှုတ်ခမ်းများခြောက်သွေ့၍ စကားမပြောဘဲ နေခဲ့ရသောကြောင့် အသံမှာ ကွဲအက်စူးရှလျက်ရှိလေသည်။

"သင်္ဘောကတော့ ကုန်သင်္ဘောပဲ ဆိုပါတော့ဗျာ။ အာဖရိကဲ့ကာလိုက ထွက်လာတယ်။ ဘယ်နေရာက စပြီး ထွက်လာတယ်ဆိုတာတော့ ကျုပ်လည်း မသိဘူး။ မေးလည်း မမေးမိဘူး။ ကျုပ်လည်း ခင်ဗျားလို ခရီးသွား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲဗျ။ ဘယ်ငရဲပြည်က ဘယ်လိုလူမိုက်တွေဆိုတာ မသိပါဘူး။ ကျုပ်ကတော့ အာဖရိကတိုက်က လိုက်လာတာပဲ။ ဒီသင်္ဘောကို ပိုင်တဲ့ ပိုင်ရှင်က ဒေးဗစ်တဲ့ဗျ။ သူ့ အဲဒီသင်္ဘောမှာ ကပ္ပတိန်လုပ်ပြီး မောင်းတယ်။ သင်္ဘော နာမည်က အင်ပီတာကျူအန်ဟာတဲ့ဗျ။ ဒီလူက အရက်ကိုလည်း နေ့မီးမစဲ၊ ညမီးမစဲ သောက်တဲ့လူတစ်ယောက်ပါပဲဗျာ။ နို့ပေမယ့် ရာသီဥတုကလည်း သာယာပြီး လေကလေးကလည်း ကကောင်းလို့ ဖြောင့်ဖြောင့်တန်းတန်းတော့ ရှိပါတယ်"

သူသည် ရှေ့သို့ ဆက်ပြောမည်ပြုစဉ် ကျွန်ုပ်အိပ်ရာ ခေါင်းရင်းဘက်မှ တိရစ္ဆာန်တစ်ကောင်၏ ဟိန်းဟောက်အော်မြည်သံနှင့်တကွ လူတစ်ယောက်၏ အသံကိုပါ ဗလုံးဗထွေးကြားလိုက်ရသဖြင့် စကားရပ်သွား၏။

တစ်ခဏမျှ ကြာ၍ အသံများ ငြိမ်သက်သွားသောအခါ ကျွန်ုပ်နှင့် စကားပြောဆိုနေသူက ဆက်လက်၍ –

"ခင်ဗျားဟာ အင်မတန် ကံကောင်းလို့ မသေတာဗျ။ ရေသချိုင်းနား ရောက်နေပြီ။ နို့ပေမယ့် အခုတော့ ကိစ္စမရှိတော့ပါဘူး။ ခင်ဗျားကို ဆေးလည်း အတော်တိုက်ပြီးပြီ။ ခင်ဗျား လက်တွေ့ကော ရောင်ပြီး နာမနေဘူးလား။ ဆေးလည်း အတော်ထိုးပေးပြီးပြီဗျ။ ခင်ဗျား သတိလစ်ပြီး မေ့မျောနေတာ နာရီ ၃၀ ထက်မနည်းဘူး"

ကျွန်ုပ်သည် မိမိအဖြစ်အပျက်များကို တဖြည်းဖြည်း ပြန်လှန်စဉ်းစား လျက်ရှိလေရာ၊ ထိုအချိန်၌ ခွေးအုပ်တစ်အုပ် ဟောင်သံကဲ့သို့ ခွေးဟောင်သံ များကို ကြားရလေ၏။ ခွေးဟောင်သံများ အတန်ငယ် ငြိမ်သက်သွားသောအခါ ကျွန်ုပ်က –

"အခုတော့ သောက်ရပါပြီဗျာ။ အဖတ်ကလေးများကော စားနိုင်ပြီ လား"

"စားနိုင်ပါတယ်ဗျာ။ စားရပါစေမယ်။ သိုးသား ပြုတ်ထားတာ အခု လောက်ရှိရင် နူးတောင် နူးလောက်ပါပြီ"

"ကောင်းပါလေရဲ့ဗျာ။ ကျွန်တော် နည်းနည်းစားပါရစေ"

"အင်း ... စားတာတော့ စားတာပေါ့။ ဒါထက် ခင်ဗျား သင်္ဘောပျက် ပြီး လှေနဲ့ မျောလာတဲ့အကြောင်း ကြားချင်လှပြီ"

သူ၏မျက်နှာတွင် ကျွန်ုပ်အား အတန်ငယ် သံသယဖြစ်နေလေ သလောဟုပင် ကျွန်ုပ် တွေးမိ၏။ ထိုအချိန်၌ ခွေးများသည် ဆူညံစွာ ဟောင် လျက်ရှိပြန်ရာ၊ သူသည် 'ဒမ်ဘာလယ်ဒီ' စသည်ဖြင့် ဆဲဆိုရေရွတ်ကာ အခန်းထဲ ထွက်သွားပြီးလျှင် တစ်စုံတစ်ယောက်သော သူနှင့် အချေအတင် ခေတ္တမျှ ပြော ဆိုလျက်ရှိနေသည်ကိုလည်းကောင်း၊ သူနှင့် ငြင်းခုံပြောဆိုနေသူမှာ စကားလုံး





မကြွဲဘဲ မပီမသ ပြောဆိုနေသည်ကိုလည်းကောင်း၊ နောက်ဆုံးတွင် ထိုသူအား ထိုးကြိတ် ရိုက်နှက်သည်ကိုလည်းကောင်း အိပ်ရာထဲမှ ကျွန်ုပ်ကြားနေရ၏။ နောက်ဆုံး၌ သူသည် ခွေးများအား အော်ဟစ်ကာ ကျွန်ုပ် အခန်းထဲသို့ ပြန်ဝင်လာ ပြန်လေသည်။

သူသည် တံခါးဝမှပင် ရပ်လျက် ကျွန်ုပ်အား ကြည့်ကာ –

"ဘယ်နှယ့်လဲဗျာ၊ ခင်ဗျား အဖြစ်အပျက် ပြောတော့မယ် မဟုတ်လား"

သို့ဖြင့် ကျွန်ုပ်က ကျွန်ုပ်၏ အမည်မှာ 'အက်ဒွပ်ပရင်းဒစ်' ဖြစ်ကြောင်း၊ တက္ကသိုလ်တွင် သဘာဝသမိုင်းပညာကို လေ့လာသင်ကြားခဲ့ပြီးလျှင် ဤကဲ့သို့ လေ့လာသင်ကြားနေရာမှ ချမ်းချမ်းသာသာ လွတ်လွတ်လပ်လပ် နေရသည်ကို ညည်းငွေ့ပြီးလျှင် ယခုကဲ့သို့ ပင်လယ်ခရီး ထွက်ခဲ့ခြင်း ဖြစ်ကြောင်း စ၍ ပြောဆို လျက်ရှိ၏။

တက္ကသိုလ်တွင် သဘာဝသမိုင်း ဘာသာကို ကျွန်ုပ် ယူခဲ့ကြောင်း ကြားရသောအခါ သူသည် အတော်ပင် စိတ်ဝင်စားလာသည့်ဟန်ဖြင့် –

"ကျုပ်လည်း ယူနီဗာစီတီကောလိပ်မှာ သိပ္ပံဘာသာကို ယူခဲ့တယ်ဗျ။ ဘိုင်အိုပေါ့ဗျာ။ တီကောင်ခွဲပြီး သားအိမ်ကို ထုတ်တယ်ဗျာ။ ခရုကို ခွဲရတယ်ဗျာ။ အို ... ဘုရားသခင်စောင်မတော်မူပါ။ ဆယ်နှစ်ထက် မနည်းတော့ဘူးဗျို့။ ဆယ် နှစ် ကြာပြီ။ ကဲလေ ... ဒါထက် ခင်ဗျား သင်္ဘောပျက်လာတဲ့အကြောင်း ပြောစမ်းပါဦး"

သူသည် ကျွန်ုပ်က ပွင့်ပွင့်လင်းလင်း ပြောသည်ကို သဘောကျသည့် ဟန်ဖြင့် မေးမြန်းလျက်ရှိရာ ကျွန်ုပ်မှာ စကားပြောရန် များစွာ အင်အားမရှိလှသေး သော်လည်း အစမှ အဆုံးတိုင် အသေးစိတ် ပြောကြားလျက်ရှိလေ၏။

ကျွန်ုပ်၏ အဖြစ်အပျက်များကို ပြော၍ ပြီးဆုံးသောအခါ ကျွန်ုပ်တို့ လည်း ငယ်စဉ်က ကျောင်းတွင် ပညာသင်ကြားခဲ့ရသည့် ရှေးဟောင်းနှောင်းဖြစ် များကို ပြောဆိုကာ အတော်ပင် စကားလက်ဆုံကျလျက် ရှိတော့၏။ သူ၏ စကားပြောပုံကို ထောက်ခြင်းဖြင့် သူသည် အလွန်ထက်မြက်သော 'ဉာဏ်'ရှိသည့် ဆေးကျောင်းသားကြီးတစ်ယောက် ဖြစ်ကြောင်း၊ ခွဲစိတ်မှုပညာရပ်များကိုလည်း အလွန်ထူးချွန်သူတစ်ယောက် ဖြစ်ကြောင်း သိရှိရလေသည်။ ထို့နောက် သူက အားပါးတရ ဆက်လက်၍ –

"ပျော်တယ်ဗျာ၊ ပျော်တယ်။ ကျောင်းနေတုန်းက သိပ်ပျော်တာပဲ။ စားလိုက်၊ သောက်လိုက်၊ လည်လိုက်၊ ပတ်လိုက်ပေါ့ဗျာ။ နို့ပေမယ့် အချိန်က ညီမနေဘူးဗျ။ ဘာလိုလိုနဲ့ ဆယ်နှစ်ရှိသွားပြီ။ ဘာမှ ကြာလိုက်တယ် မထင်မိ ဘူး။ အမှန်တော့ ကျုပ်ကိုယ်က မိုက်ပါတယ်ဗျာ။ မြို့ပေါ်မှာ အမြဲနေ အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လခကောင်း ကောင်းစားလို့ အေးအေးချမ်းချမ်း မနေဘဲ ကိုယ့်ကိုယ်ကို အပင်ပန်းအဆင်းရဲခံပြီး အခုလို လေလွင့်နေတာပဲ ကြည့်တော့။ မြို့က ကျုပ်ထွက်လာတော့ ၂၂ နှစ်တောင် မပြည့်သေးဘူးဗျာ။ ကိုင်း ... စကားပြောကောင်းနေလို့ မဖြစ်သေးဘူး။ ခင်ဗျားအတွက် ပြုတ်ထားတဲ့ သိုးသား သွားကြည့်ရဦးမယ်။ ခွေးမသား စားဖို့မှူးက ယုံရတဲ့ အကောင် မဟုတ်ဘူး"

သို့ဖြင့် သူသည် အခန်းထဲမှ ထွက်သွားပြန်၏။ ထိုအချိန်၌ ခွေးများသည် ယခင်ကထက်ပို၍ ဆူညံစွာ သည်းသည်းမည်းမည်း ဟိန်းလျက်ရှိလေရာ၊ ကျွန်ုပ်က "ဒါ ဘာဖြစ်တာလဲဗျ" ဟု သူ့အား မေးလိုက်၏။ သို့သော် ထိုအချိန်၌ သူသည် အခန်းအပြင်သို့ပင် ရောက်၍နေလေပြီ။

မကြာမီ သူသည် သိုးသားပြုတ်ကို ယူ၍လာ၏။ မစားမီကပင် မွှေးကြိုင်သော အနံ့ကိုရသဖြင့် ကျွန်ုပ်လည်း ယခင်ကအကြောင်းကို ထပ်၍မေးရန်ပင် သတိမေ့လျော့သွားတော့၏။-

နောက်တစ်ရက် နှစ်ရက်မျှ ကြာသောအခါ ကျွန်ုပ်လည်း အိပ်ချည်တစ်ခါ၊ အစာ စားချည်တစ်လှည့်ဖြင့် နေ့နှင့် ညဉ့်အချိန်များကို ကုန်လွန်၍ လာခဲ့စေ၏။ အင်အားများ တဖြည်းဖြည်း ပြည့်ဖြိုးလာပြီဖြစ်၍ အခန်းတွင်းရှိ ကျွန်ုပ်အိပ်ရာမှ ထပြီးလျှင် သင်္ဘောကုန်းပတ်ပေါ်သို့ တက်ကာ ကြည်လင်အေးမြသော ပင်လယ်ရေပြင်ကို ကြည့်၍ နေနိုင်သော အခြေအနေသို့ပင် ရောက်ရှိလာတော့၏။ ကျွန်ုပ်တို့ သင်္ဘောကလေးမှာ လေရသဖြင့် လှိုင်းလေကင်းမဲ့၍ ငြိမ်သက်သော ရေပြင်တွင် အမြန်နှုန်းမောင်းပြေးသွားလျက်ရှိ၏။ ကျွန်ုပ်ကို လာ၍ ခင်မင်ရင်းနှီးစွာ ရေးဟောင်းနှောင်းဖြစ်များကို ပြောဆိုဆွေးနွေးသောသူမှာ 'မောင်ဂိုမာရီ' ဖြစ်၍ နှိုကြန့်ကြန့်နှင့် ခပ်ကြမ်းကြမ်း ဆံပင်ရှိသူဖြစ်၏။

*

# ၃

## ထူးဆန်းသော မျက်နှာကြီး

ကျွန်ုပ်တို့သည် သင်္ဘောခန်းတွင်းမှ ထွက်လာသောအခါ ကုန်းပတ်ပေါ်သို့ တက်ရမည့် လှေကားကလေးပေါ်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ ထိုသူသည် ကျွန်ုပ်တို့အား ကျောခိုင်းကာ လှေကားပေါ်မှ ရပ်လျက် သင်္ဘော ကုန်းပေါက်တွင် ပိတ်ထားသည့် လေးကွက်ကြား တံခါးရှင်ကလေးထဲသို့ ချောင်းမြောင်းကြည့်ရှုလျက် ရှိနေလေသည်။

ထိုသူမှာ အတော်ပင် ပုံပန်းမကျသော လူတစ်ယောက် ဖြစ်ပြီးလျှင် အရုပ်ပုံ၍ ကျယ်ပြန့်သော ကိုယ်လုံးကိုယ်ထည်ရှိ၏။ ကျောရိုးမှာ ကိုင်းညွတ်လျက်ရှိ၏။ လည်ကုပ်ပေါ်၌ ထူထပ်သော အမွေးအမှင်များ ရှိ၏။ ပခုံးနှစ်ဖက်ကြားတွင် ပေါက်နေသော ဦးခေါင်းသည် လူများ ရှိရိုးရှိစဉ်အတိုင်း မဟုတ်ဘဲ ပခုံးနှစ်ဖက်အောက်တွင် အတန်ငယ် နိမ့်ဝင်လျက်ရှိ၏။ သူသည် အပြာရင့်ရောင် သက္ကလပ်ဝတ်စုံကို ဝတ်ဆင်ထားပြီးလျှင် ဦးခေါင်းတွင် နက်မှောင်ကြမ်းတမ်းသော ဆံပင်များမှာ လူသာမန်တို့ထက် ပိုမိုထူထပ်၏။ ခွေးများသည် သူ့အား တဝုတ် ဝုတ် ဝိုင်းဟောင်းလျက်ရှိရာ၊ သူသည် ခွေးဟောင်သံကြားသဖြင့် ပြန်၍ ငုံ့လိုက်၏။ ကျွန်ုပ်သည် လှေကားကလေးအတိုင်း ကုန်းပတ်ပေါ်သို့ တက်သွားသောအခါ ထိုသူအား ကိုယ်ချင်းတိုက်မိမည် စိုးသဖြင့် လက်တစ်ဖက်ဖြင့် ဖယ်ရှားသွားမိ၏။ ထိုအခါ ကျွန်ုပ်၏လက်သည် သူ၏ ကိုယ်နှင့် မတော်တဆ



www.burmeseclassic.com

www.burmeseclassic.com



ထိသွားမိရာ၊ သူသည် တိရစ္ဆာန်တစ်ကောင်၏ လူပ်ရှားခြင်းမျိုးဖြင့် ဖျတ်ခနဲ လျှင်မြန်စွာ နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ကျွန်ုပ်ဆီသို့ ရုတ်တရက် လှည့်ကြည့်လိုက်သော မျက်နှာကြီးမှာ ကျွန်ုပ်အား အတော်ပင် ထိတ်လန့် တုန်လှုပ်၍ သွားစေ၏။ ကျွန်ုပ်ကိုယ်တိုင် မည်သို့ဖြစ်သွားသည်ဟု အတိအကျ ရှင်းလင်းမပြတတ်ချေ။ သူ၏ မျက်နှာသည် လူမျက်နှာနှင့်မတူဘဲ ပုံပျက်ပန်းပျက် ဖြစ်နေသည့် မျက်နှာဖြစ်၏။ နှာခေါင်းနှင့် ပါးစပ်ပိုင်းမှာ ရှေ့သို့ ချွန်ထွက်နေသဖြင့် တိရစ္ဆာန်နှုတ်သီးကဲ့သို့ ထင်ရ၏။ ပါးစပ်မှာ လူသာမန်တို့ထက် ကြီးမားလှ၏။ ဖြူဖွေးသော သွားများမှာ ကြီးမား၍ မပွင့်တပွင့် ဖြစ်နေသော ပါးစပ်ကြီးထဲတွင် အဖွေးသား ပေါ်၍နေရာ၊ ဤမျှ ကြီးမားသော ပါးစပ်ရှိသူမျိုးကို ကျွန်ုပ် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးချေ။ မျက်လုံးများတွင် မျက်ထောင့်များ နီ၍နေ၏။ မျက်လုံးတွင်းရှိ မျက်ဆံ (သူငယ်အိမ်) ပတ်လည်တွင် အဖြူသားဟူ၍လည်း မရှိသလောက်ပင် ဖြစ်လေသည်။ သူ၏ မျက်နှာ၌ တစ်မျိုးတစ်ဖုံ ထူးဆန်းသော လှုပ်ရှားတက်ကြွမှု လက္ခဏာများ ဖြစ်ပေါ်လျက်ရှိလေသည်။

"ဟေ့ ... ဘာလာရှုပ်နေတာလဲ" ဟု မောင်ဂိုမာရီက သူ့အား ကြိမ်းမောင်းလိုက်၏။ "သွား ... သွား၊ လမ်းပိတ်မနေစမ်းနဲ့" ဟူ၍ ပြောလိုက်သောအခါ မျက်နှာမည်းမည်းကြီးနှင့် လူသည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ နံဘေးသို့ အသာကပ်ကာ အောက်သို့ ဆင်းရန် ပြင်လိုက်၏။

ကျွန်ုပ်မှာကား လှေကားကလေးအတိုင်း ကုန်းပတ်ပေါ်သို့ တက်သွားရာ ဤသို့ တက်သွားရင်း လှေကားပေါ်တွင် ကျန်ရစ်ခဲ့သော မျက်နှာမည်းကြီးအား ပြန်၍ လှည့်ကြည့်မိသေး၏။ ထိုအချိန်၌ မစ္စတာ မောင်ဂိုမာရီသည် လှေကားရင်း၌ တစ်ခဏမျှ ရပ်၍ ကျန်ရစ်ခဲ့လေသည်။

"ဒီမှာ မင်း ဒီနေရာမှာ မနေရဘူးဆိုတာ မသိဘူးလားဟင်။ ဟိုရှေ့မှာ သွားနေရတယ်။ ကြားလား" ဟု မောင်ဂိုမာရီက ခပ်ထန်ထန် ပြောလိုက်၏။

မောင်ဂိုမာရီ၏ အသံကို ကြားရသောအခါ မျက်နှာမည်းမည်းနှင့် လူသည် ခပ်ကုပ်ကုပ်၊ ခပ်ကျုံ့ကျုံ့ ဖြစ်သွားသည်။

"သူ သူတို့က ကျွန်တော်ကို ဟိုရှေ့မှာ နေခိုင်းမှာ မဟုတ်ဘူး"

မျက်နှာမည်းမည်းနှင့် လူသည် စကားကို တစ်လုံးချင်း ခပ်ဖြည်းဖြည်း ပြောလေရာ၊ သူ၏ အသံမှာ ထူးခြားသော အသံနက်၊ အသံဝါကြီးမျိုး ဖြစ်လေသည်။

"မင်းကို မနေခိုင်းဘူး ဟုတ်လား။ ဒါပေမယ့် မင်းကို ငါက သွားခိုင်းနေတာကွယ့်" ဟု မောင်ဂိုမာရီက မာန်မဲလိုက်ပြန်၏။





မောင်ဂိုမာရီသည် တစ်စုံတစ်ရာ ထပ်၍ ပြောမည် ပြင်လိုက်သေး၏။ သို့သော် ကျွန်ုပ်အား လှေကားအောက်မှနေ၍ ရုတ်တရက် မော့ကြည့်လိုက်သည်ကို မြင်သွားပြီဖြစ်သောကြောင့် နောက်ထပ် တစ်စုံတစ်ရာ စကားမဆက်တော့ဘဲ လှေကားအတိုင်း တက်၍လိုက်လာလေသည်။

ကျွန်ုပ်သည် သင်္ဘောကုန်းပတ်ပေါ်၌ပင် ခေတ္တရပ်နား၍ နေ၏။ စိတ်ထဲ၌မူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးခဲ့သော ဤမျှ အကျည်းတန်၊ အရုပ်ဆိုးသည့် မဲမဲသတ္တဝါ၏ ပုံသဏ္ဌာန်ကို အံ့သြစိတ်မကုန်နိုင်ဘဲ လှည့်၍ ကြည့်မိလျက်သား ရှိလေသည်။

တစ်ခါ ကြည့်မိလျှင် နောက်ထပ် ပြန်၍ မကြည့်လိုသော ဤမျှလောက် ထူးဆန်းသည့် မျက်နှာမျိုးကို ကျွန်ုပ် မမြင်ဖူးချေ။ သို့သော် ထိုသူကဲ့သို့ မျက်နှာကျပုံ၊ မေးရိုးထွက်ပုံ၊ ကိုယ်ဟန်လှုပ်ရှားပုံတို့ကို တွေ့ဖူး၊ မြင်ဖူးသကဲ့သို့ ကျွန်ုပ်၏ စိတ်ထဲတွင် ထင်မိပြန်၏။ ထို့ကြောင့် ဤသူ၏ ထူးဆန်းသော မျက်နှာသည် ကျွန်ုပ်စိတ်ထဲတွင် မထူးဆန်းသကဲ့သို့ သဘောမျိုးလည်း ရှိနေပြန်၏။

ကျွန်ုပ်အား သင်္ဘောပေါ်သို့ ဆယ်တင်ခဲ့စဉ်က ထိုသူ၏ မျက်နှာကို တွေ့ခဲ့ဖူးသောကြောင့်သာ မြင်ဖူးသလိုလိုရှိသည်ဟု စိတ်ထဲ၌ ဖြစ်နေခြင်း ဖြစ်ကောင်း ဖြစ်ပေမည်ဟုလည်း တစ်မျိုး စဉ်းစားကြည့်မိပြန်၏။ သို့သော် ထိုသို့မဟုတ်ဘဲ အခြားတစ်နေရာရာတွင် မြင်ဖူး၊ တွေ့ဖူးခဲ့လိမ့်မည်ဟုသာ စိတ်ထဲတွင် မကျေမနပ်ဖြင့် တွေးမရနိုင်ဘဲ ရှိနေမိလေသည်။

ဤကဲ့သို့ ထူးထူးခြားခြား မျက်နှာမျိုးကို အမှန်ပင် ကျွန်ုပ် တွေ့မြင်ခဲ့ဖူးသည် မှန်သော်လည်း ထိုတွေ့မြင်ခဲ့ဖူးသော နေရာကို စိတ်ထဲတွင် အတိအကျ အမှတ်မရတော့ပြီဟူသော အချက်သည်လည်း အတော်ပင် ထူးဆန်းပေသည်။

မောင်ဂိုမာရီမှာ ကျွန်ုပ်၏ နောက်မှ ကပ်၍ လိုက်လာသဖြင့် ကျွန်ုပ်မှာ အတွေးပြတ်၍ သွားလေ၏။ ထို့နောက် ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော နှစ်ပင်တိုင် ရွက်သင်္ဘောကလေး၏ ကုန်းပတ်တစ်ပြင်လုံးကို လှည့်ပတ်၍ ကြည့်မိလေသည်။ ကုန်းပတ်ပေါ်သို့မရောက်မီပင် ဦးခေါင်းပေါ်မှ အသံဗလံများကို အခန်းထဲမှ ကြားနေခဲ့ရသဖြင့် ယခုမျက်စိနှင့် တပ်အပ်မြင်လိုက်ရသောအခါ များစွာ မဆန်းလှတော့ဘဲ တစ်ဝက်တစ်ပျက် ခန့်မှန်းနိုင်ပြီ ဖြစ်တော့၏။ အမှန်သော် ဤမျှ ညစ်ပတ်ရှုပ်ထွေးသော သင်္ဘော ကုန်းပတ်မျိုးကို ကျွန်ုပ် တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးချေ။ မုန်လာဥဝါ အပိုင်းအစများ၊ သစ်စိမ်းရွက်ဖတ်များမှစ၍ အမျိုးအမည် ခွဲခြား ဖော်ပြခြင်းငှာ မစွမ်းနိုင်သော အမှိုက်သရိုက်၊ အညစ်အကြေးတို့သည် ကုန်းပတ်ပေါ်တွင် ပြည့်နှက်ပြန့်ကြဲလျက် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွက်တိုင်မကြီး ပတ်လည်တွင် အမဲလိုက် ခွေးသမင်များကို သံကြိုးဖြင့် တွဲ၍ ချည်နှောင်ထား၏။ ကြောက်မက်ဖွယ်ကောင်းသော ထိုခွေးကြီးများသည် သံကြိုးကို ရုန်းကန်လျက် ကျွန်ုပ် ရှိရာဘက်သို့ မျက်နှာမူကာ တိုး၍တိုး၍ ဟောင်လျက်ရှိ၏။ သင်္ဘောပဲ့ပိုင်းကျကျတွင်ကား အမေရိကန်ကျားသစ်ကြီးတစ်ကောင်ကို သံလှောင်အိမ် ခပ်ကျဉ်းကျဉ်းတစ်ခုအတွင်း၌ လှောင်၍ထားသည်ကို တွေ့ရ၏။ လှောင်အိမ်မှာ ကျဉ်းမြောင်းသဖြင့် ကျားသစ်ကြီးသည် မလှည့်သာ မပတ်သာဘဲ ဝပ်၍သာ နေရလေသည်။

သင်္ဘောကုန်းပတ်၏ လက်ယာဘက် ခပ်ကျကျ အကာလက်ရန်းအောက်တွင်ကား လှောင်အိမ်သဖွယ် ပြုလုပ်ထားသော သေတ္တာကြီးများ ရှိ၏။ ထိုသေတ္တာကြီးများထဲတွင် ယုန်ကလေးများကို ထည့်ပိတ်သွင်းလှောင်၍ ထားသည်ကို တွေ့ရလေ၏။ ရှေ့ပိုင်းရှိ သေတ္တာကြီးတစ်လုံးတွင် 'လာမာ' ခေါ်ဖို့ မပါသော ကုလားအုပ်မျိုးတစ်ကောင်ကို ထည့်၍ လှောင်ထားသည်ကိုလည်း တွေ့ရလေသည်။ ခွေးများ၏ နှုတ်သီးများကို သားရေကြိုးများဖြင့် ပတ်၍ မကိုက်နိုင်အောင် စွပ်ပေးထား၏။ ဤကဲ့သို့ တိရစ္ဆာန်များ၏ ဟိန်းသံ ဟောင်သံတို့ဖြင့် ဆူညံလျက်ရှိသော ကုန်းပတ်ပေါ်တွင် လူသားဟူ၍ တစ်ယောက်တည်းသာ ရှိရာ၊ ထိုလူမှာ သင်္ဘောတက်မ,ဘီးကို ထိန်းလျက်ရှိသည့် ပိန်လှီကြုံကင်းသော သင်္ဘောသားတစ်ယောက် ဖြစ်လေသည်။

သင်္ဘောရွက်များမှာ ညစ်ထေးပေကျံလျက် ရှိပြီးလျှင် နေရာအနှံ့အပြား၌ ဖာထေးထားသည်ကို တွေ့ရ၏။ ယင်းတို့မှာ တစ်ဘက်မှလာသော လေအဟုန်ကြောင့် ဖောင်းကြွပြည့်တင်း၍ နေပြီးလျှင် ရွက်ပေါင်းစုံတို့သည် တိုက်သမျှလေအဟုန်တို့ကို ခံယူကာ သင်္ဘောကို ရှေ့သို့ အစွမ်းကုန် တွန်းပို့လျက်ရှိနေသည်ဟု ထင်ရ၏။

ကောင်းကင်ပြင်သည် မိုးသားများ ကင်းစင်ကာ ကြည်လင်အေးမြ၍ နေပြီးလျှင် နေသည်လည်း အနောက်ဘက် မိုးကုပ်စက်ဝိုင်းသို့ တဖြည်းဖြည်း သက်ဆင်းလျက်ရှိလေရာ ခရီးတစ်ဝက်ပင် ကျိုးခဲ့လေပြီ။ လှိုင်းတန်းရှည်ကြီးများ ထကြွလျက် လှိုင်းခေါင်းဖြူတို့သည်လည်း လေအဟုန်တွင် ဖွေးခနဲ လက်ခနဲ ဖြစ်၍နေ၏။ လှိုင်းလုံးများသည် အလိပ်လိပ်ဖြစ်ကာ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော သင်္ဘောနှင့်အတူ ပြိုင်၍ပြေးနေကြသကဲ့သို့ ထင်ရ၏။ ကျွန်ုပ်နှင့် မောင်ဂိုမာရီတို့သည် သင်္ဘောတက်မ, ကိုင်ပြီးနောက် အနောက်ဘက် လက်ရမ်းဆီသို့ လျှောက်သွားပြီးလျှင် ပဲ့ပိုင်းအောက်ဆီသို့ ငုံ့၍ကြည့်လိုက်သောအခါ သင်္ဘောဇရာအောက်မှ ရေမှုန်မွှားများ တဖွမ်းဖွမ်း ထွက်၍လာသည်ကို တွေ့မြင်ကြရ၏။ ထိုရေမှုန်ရေမွှားများသည် သင်္ဘောဖြတ်သန်းလာရာ ပင်လယ်





လမ်းကြောင်းတစ်လျှောက်၌ နစ်မြုပ်ငြိမ်သက်သွားကြပြန်လျှင် ဖြူဖွေးသော သင်္ဘောလမ်းကြောင်းကြီးသည်သာလျှင် သင်္ဘော၏ နောက်ဘက်၌ တန်းလျက်သား ကျန်ရစ်ခဲ့တော့၏။ ကျွန်ုပ်သည် သင်္ဘောပဲ့ပိုင်းမှနေ၍ ဦးပိုင်းဆီသို့ နှစ်လိုဖွယ်မရှိသော ရှုခင်းကို ပြန်၍ကြည့်ရှုမိလေသည်။

"ကျုပ်တို့ စီးလာတဲ့ သင်္ဘောကတော့ သမုဒ္ဒရာထဲက တိရစ္ဆာန်ရုံကလေးတစ်ရုံနဲ့ တူပဲတူသေးတော့ သဗျနော်" ဟု ကျွန်ုပ်က စကားစလိုက်၏။

ထိုအခါ မောင်ဂိုမာရီက "အင်း ... ဟုတ်တာပေါ့။ တူပါတယ်လေ" ဟု အလိုက်သင့် ပြန်၍ပြောလေသည်။

"ဒီတိရစ္ဆာန်တွေများ ဘာလုပ်ဖို့လဲ မသိပါဘူးဗျာ။ ရောင်းဖို့များလား၊ ဒါမှမဟုတ်ဘဲ အထူးအဆန်းဆိုပြီး မွေးမြူထားဖို့များလား မပြောတတ်ဘူး။ ကျုပ်တို့ သင်္ဘောကပ္ပတိန်က တောင်ဘက် ပင်လယ်တစ်ဝိုက်က ကျွန်းတွေမှာ ဒီသတ္တဝါတွေကို ပြန်ရောင်းဖို့များ စိတ်ကူးထားသလား မသိပါဘူး"

"ဟုတ်တယ်၊ ဒီလိုပဲ ထင်စရာပေပေါ့ဗျာ"

မောင်ဂိုမာရီသည် သင်္ဘောပဲ့ပိုင်းမှနေ၍ နောက်တွင် ကျန်ရစ်သော ရေကြောင်းဖွေးဖွေးကြီးကိုသာ ပြန်လည်ကြည့်ရှုလျက် ရှိနေလေသည်။

ဤကဲ့သို့ ကျွန်ုပ်တို့ ရပ်နေစဉ်ပင် အောက်ထပ်မှ ရုတ်တရက် ဆူဆူညံညံအသံများကို အုတ်အုတ်သဲသဲ ကြားလိုက်ရပြီးနောက် မကြာမီ မျက်နှာမည်းမည်းနှင့် ပုံပန်းမကျသော လူသည် အောက်ထပ် လှေကားကို တွယ်ဖက်၍ အပေါ်သို့ ရောက်အောင် အူယားဖားယား တက်၍လာသည်ကို တွေ့လိုက်ရ၏။ သူ့နောက်မှလည်း ကိုယ်လုံးကြီးကြီးနှင့် ဆံပင်နီနီ၊ ဦးထုပ်အဖြူကို ဆောင်း၍ထားသော လူတစ်ယောက် ထက်ချပ်လိုက်ပါလာလေသည်။ ပထမ လူမည်းမည်း တက်လာစဉ်၌ ကုန်းပတ်ပေါ်ရှိ ခွေးကြီးများမှာ ကျွန်ုပ်ကိုသာ မဲ၍ ဟောင်ရ၊ ဟိန်းရသဖြင့် မောသလောက် ရှိနေရာမှ ယခုတစ်ဖန် ရန်းရင်းဆန်ခတ် လူပ်ရှားလာကြပြီးလျှင် ထိုသူဘက်သို့ ၎င်းတို့အား ချည်နှောင်ထားသော ကြိုးတစ်ဆုံး လှမ်း၍ ခုန်ကာ ဟောင်ကြ၊ ဟပ်ကြပြန်လေသည်။ ခွေးကြီးများ လှမ်း၍ဟောင်သဖြင့် မျက်နှာမည်းသည် လှေကားထိပ်တွင် တစ်ခဏမျှ ငေးမောတွေဝေလျက်ရှိစဉ် ဆံပင်နီနီနှင့် လူသည် ၎င်းအား မှီလာပြီးလျှင် ရှေ့လူ၏ ပခုံးပေါ်သို့ တအားကုန်ရိုက်၍ ချလိုက်လေသည်။ မျက်နှာမည်းနှင့်လူမှာ နွားကြီးတစ်ကောင် ဘုံးခနဲ လဲသကဲ့သို့ လဲကျသွားပြီးလျှင် မာန်ဖီ၍နေသော ခွေးကြီးများ၏ နှုတ်သီးကြားတွင် တလိမ့်လိမ့် ဖြစ်ကာ သနားစဖွယ်ဖြစ်၍ နေရရှာလေသည်။ ခွေးကြီးများ၏ နှုတ်သီး၌ မကိုက်ခဲနိုင် အောင် သားရေ နှုတ်သီးပတ်များ စွပ်ထား၍သာ



www.burmeseclassic.com

www.burmeseclassic.com



တော်ပေတော့သည်။ ဤသို့ မဟုတ်က ခွေးကြီးများ၏ နှုတ်သီးများတွင် သွေးသံရဲရဲဖြင့် မကြည့်ဝံ့၊ မရှုဝံ့ ဖြစ်သွားပေတော့မည်။

မျက်နှာမည်းနှင့် လူအား ရိုက်ချလိုက်သော ဆံပင်နီနှင့် လူသည် လှေကားထိပ်တွင် ခါးထောက်၍ ရပ်လျက် ခွေးများအကြားတွင် ကြောက်အားလန့်အားနှင့် လူးလိမ့်နေသော မျက်နှာမည်း ဖြစ်ပုံကို ဝမ်းသာအားရ ရှိလှသော ဟန်ဖြင့် တအံ့တသြ ရယ်မောရျပင် နေလိုက်ချေသေး၏။ သူသည် လှေကားအတိုင်း ပြန်၍ဆင်းမည်ကဲ့သို့လည်းကောင်း၊ ရှေ့၌ရှိသော သူ၏ ရန်သူကိုပင် ထပ်၍ တစ်စုံတစ်ရာ ပြုလုပ်တော့မည်ကဲ့သို့လည်းကောင်း ချီတုံချတုံ ပြုလုပ်နေသည်ဟု ကျွန်ုပ် စိတ်တွင် ထင်မိ၏။

သို့သော် မကြာမီ နောက်လူတစ်ယောက်သည် ကုန်းပတ်ပေါ်သို့ တက်၍ လာလေသည်။ ၎င်းမှာ မောင်ဂိုမာရီဖြစ်၏။ မောင်ဂိုမာရီသည် ကမျာကယာ လှမ်း၍ အော်လိုက်၏။

"ဒီမှာ နေစမ်းပါဦးကွ" ဟု အော်ဟစ်တားဆီးလိုက်၏။ ထိုအချိန်၌ သင်္ဘောသားအချို့မှာ သင်္ဘောဦးပိုင်းသို့ ရောက်ရှိလာကြလေပြီ။

မျက်နှာမည်းနှင့် လူမှာ ခွေးအုပ် အကြားတွင် အသံတစ်မျိုးတည်းနှင့်သာ အော်ဟစ်နိုင်လျက် လူးလိမ့်နေဆဲပင် ရှိသေး၏။ မည်သူမျှ ၎င်းအား ကူညီရန် မလုပ်ကြပေ။ ခွေးများကလည်း ၎င်းကို ကြောက်သည်ထက် ကြောက်အောင် မာန်ဖီလျက် ရှိကြကုန်၏။ သွားရေကျွင်းစွပ်ထားသော နှုတ်သီးများဖြင့် ထိုး၍ ပွတ်၍နေကြ၏။ ပုံပန်းမကျသော ၎င်း၏ ကိုယ်ပေါ်တွင် အညိုရောင် ခွေးကြီးများသည် ကျော်လိုက် လွှားလိုက် ရှိလေ၏။ သင်္ဘောသားများလည်း ရှေ့သို့ တိုးလာကြပြီးလျှင် နပန်းပွဲ၊ လက်ဝှေ့ပွဲတစ်ခုကို အော်ဟစ်အားပေးသကဲ့သို့ ဝမ်းသာအားရ အော်ဟစ်လျက် ရှိကြကုန်၏။ မောင်ဂိုမာရီသည် ထိုအခြင်းအရာကိုမြင်သဖြင့် ဒေါသဖြစ်ကာ တစ်စုံတစ်ရာကို ရေရွတ်လိုက်ပြီးနောက် ခြေလှမ်းကြဲကြီးများဖြင့် အောက်ထပ်သို့ တဒုန်းဒုန်း ဆင်း၍သွား၏။ ကျွန်ုပ်သည် ၎င်းနောက်မှ ဆင်း၍ လိုက်ပါသွားမိတော့သည်။

ထိုအခိုက်တွင် မျက်နှာမည်းနှင့်လူသည် ခွေးအုပ်၏ ခြေထောက်များအကြားမှ ဒယိမ်းဒယိုင် ကုန်း၍ထကာ ရှေ့သို့ အားယူ၍ ထွက်လာ၏။ ပထမတွင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရာမှ သင်္ဘောဘေးကာ လက်ရန်းကို ရွက်ကြိုးများမှတစ်ဆင့် သွား၍ ဆွဲကိုင်မိလေသည်။ သူသည်သင်္ဘောဘေးကာ လက်ရမ်းကို မှီတွယ်လျက်ရှိရာမှ ကြောက်အားလန့်အားနှင့် ခွေးများ ရှိရာသို့ သမင်လည်ပြန် လှည့်၍ကြည့်နေပြန်လေသည်။ ထိုအခါ ဆံပင်နီနှင့် ဦးထုပ်ဖြူ





ဆောင်းထားသော ကပ္ပတိန်မှာ များစွာ ကျေနပ်သော လက္ခဏာဖြင့် အားပါးတရ ရယ်မော၍နေလေတော့၏။

"ဒီမှာ ကပ္ပတိန်" ဟု မောင်ဂိုမာရီသည် သံပြတ်နှင့် ခေါ်လိုက်ရင်း ကပ္ပတိန်၏ တံတောင်ဆစ်နှစ်ဖက်ကို သူ့လက်များဖြင့် တင်းကြပ်စွာ ဖမ်း၍ ဆုပ်ထားလိုက်ပြီးနောက် –

"ခင်ဗျား ဒီလိုလုပ်ဖို့ မကောင်းဘူးဗျ" ဟု ပြောလိုက်လေသည်။

ကျွန်ုပ်သည် မောင်ဂိုမာရီ၏ နောက်နားမှ ကပ်၍ရပ်လျက်ရှိ၏။ သင်္ဘော ကပ္ပတိန်မှာ မိမိ၏ တံဆောင်ဆစ်များကို နောက်မှ ကိုင်ချုပ်ထားသော မောင်ဂိုမာရီ၏ မျက်နှာကို မြင်သာအောင် လှည့်၍ကြည့်လိုက်ရာ၊ ၎င်း၏ မျက်လုံးများမှာ အရက်မူးသမား တစ်ယောက်ဖြစ်သည့်အတိုင်း မျက်ကြောစင်း၍ ခပ်မှေးမှေး ခပ်မှိန်မှိန် ဖြစ်၍နေလေသည်။

"ဘာကို မလုပ်သင့်တာတုန်းဗျ" ဟု လှည့်၍မေးရင်း– သူသည် မောင်ဂိုမာရီ၏ မျက်နှာကို ခပ်မှေးမှေး စိုက်ကြည့်နေပြန်၏။ ထို့နောက် –

"ထွီ ... အလကားလူတွေ" ဟု ရွံရှာမုန်းတီးသော လေသံဖြင့် ပြောလိုက်လေသည်။

ကပ္ပတိန်သည် ပြောပြောဆိုဆိုနှင့် သူ့အား ချုပ်ကိုင်ထားသော လက်များအတွင်းမှ ရုတ်တရက် ရုန်းထွက်လိုက်၏။ သို့သော် တစ်ကြိမ်နှင့် လွတ်မသွားဘဲ နှစ်ကြိမ် သုံးကြိမ် ရုန်းပြီးမှ လွတ်သွားလေသည်။ ထို့နောက် သူသည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးများကို သူ၏ ဘောင်းဘီနံဘေး အိတ်ထဲသို့ လျှိုသွင်းလိုက်လေသည်။

မောင်ဂို ။ ။ "အဲဒီလူဟာ သင်္ဘောစီး ခရီးသည်တစ်ယောက်ပဲဗျ။ ဒီတော့ ခင်ဗျား သူ့ကို ဘယ်နည်းနဲ့မှ ကိုယ်ထိလက်ရောက် မနှောင့်ယှက်ဖို့ ကျုပ်သတိပေးပါရစေ"

ကပ္ပတိန် ။ ။ "အို ... ကျုပ် ခင်ဗျားပြောတာကို ဂရုမစိုက်နိုင်ဘူး"

သင်္ဘောကပ္ပတိန်သည် အော်ဟစ်ပြောဆိုကာ တစ်ဘက်သို့ လှည့်ပြီးလျှင် သင်္ဘောဘေးဘက်သို့ ခပ်ယိုင်ယိုင် ကပ်သွားလေသည်။ သို့သော် စကားကို မရပ်သေးဘဲ ဆက်လက်၍ –

"ကျုပ် ပိုင်တဲ့ သင်္ဘောပေါ်မှာ ကျုပ် ထင်သလို လုပ်ခွင့်ရှိတယ်" ဟုပင် ဆက်၍ ပြောလိုက်ချေသေး၏။

ထိုအချိန်တွင် ကပ္ပတိန်မှာ မူးရူးနေသည်ဖြစ်ရာ မောင်ဂိုမာရီသည် ၎င်း၏ အနီးမှ ရှောင်ထွက်သွားသင့်ပြီဟု ကျွန်ုပ် ထင်လိုက်မိ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီသည် ထွက်၍ မသွားသေးဘဲ သူ့မျက်နှာမှာ ပို၍ ဖြူရော်သွားပြီးလျှင် ကပ္ပတိန်၏ အနီးသို့ ချဉ်းကပ်သွားပြန်လေသည်။

ရီ ။ ။ "ဒီမှာ ကြည့်စမ်း၊ အဲဒါ ကျုပ်လူ၊ ကျုပ်လူကို ဘာမှ ခင်ဗျား ညွှဦးပန်းစရာ မလိုဘူး။ ဒီသင်္ဘောပေါ်ကို သူ တက်လာကတည်းက သူ့ကို ဝိုင်းပြီး နောက်ပြောင်နေကြတယ်"

ကပ္ပတိန်မှာ အရက်၏ အရှိန်ကြောင့် ချက်ချင်း နှုတ်လှန်မထိုးသေးဘဲ လည်ချောင်းမှ တဝေါဝေါ လေချဉ်တက်လျက်ရှိရာမှ "အလကားလူတွေ" ဟု တစ်ခွန်းသာ မြည်တွန်လိုက်လေသည်။

မောင်ဂိုမာရီမှာ ကျွန်ုပ်အကဲခတ်၍ ရသလောက် ဟောဟောဒိုင်းဒိုင်း လုပ်တတ်သူ မဟုတ်ဘဲ၊ တဖြည်းဖြည်း တငွေ့ငွေ့ဖြင့်သာ ဒေါသမီး တောက်လောင်လာတတ်သူ ဖြစ်၏။ ဒေါသပြင်းထန်လာသော အခါ၌လည်း "ပြီးတာပြီးစေတော့" ဟု ပေါ့ပေါ့တန်တန် မေ့ဖျောက်၍ ခွင့်လွှတ်တတ်သည့် သူမျိုး မဟုတ်ပေ။ ကပ္ပတိန်နှင့် ရန်ဖြစ်သည့် ကိစ္စမှာလည်း တဖြည်းဖြည်းနှင့် ပြင်းထန်၍သာလာကြောင်း ကျွန်ုပ် တွေ့ရလေသည်။

"ဒီလူ မူးနေတာပါဗျာ။ သူ့ကို ဂရုစိုက်နေလို့လည်း ထူးမှာ မဟုတ်ပါဘူး" ဟု ကျွန်ုပ်က ဝင်၍ ဖြန်ဖြေသည့် သဘောဖြင့် ပြောလိုက်ရ၏။

မောင်ဂိုမာရီသည်သူ၏ တွဲ၍နေသော နှုတ်ခမ်းကို ပြန်လိပ် တင်လိုက်ပြီးနောက် မဲ့ရွဲ့လျက် –

"ဒီလူ မမူးတဲ့အခါများ ဘယ်ရှိလို့လဲဗျာ။ သူ မူးနေတာနဲ့ ခရီးသည်တွေကို စော်ကားမော်ကား လုပ်နေတာ ကျုပ်က လက်ပိုက်ပြီး ကြည့်နေရမှာလားဗျာ"

ထိုအခါက ကပ္ပတိန်က –

"ဒီမှာ ကျုပ်သင်္ဘောဟာ" ဟု ကပ္ပိတန်သည် ပြောပြောဆိုဆို တိရစ္ဆာန်လှောင်အိမ်၊ လှောင်ချိုင့်များဆီသို့ လက်ညှိုးကို မတည့်တတည့် ထိုးလျက် "ကျုပ်သင်္ဘောဟာ သိပ်ပြီး သန့်ရှင်းတယ်။ သင်္ဘောသားတွေဆိုရင်လည်း လူနဲ့သူနဲ့ တူအောင် သန့်သန့်ရှင်းရှင်းတွေချည်းပဲ၊ အခုတော့ ကြည့်စမ်းပါဦးဗျာ"

သူ ပြောသည့်အတိုင်းလည်း မှန်ပေ၏။ သင်္ဘောကုန်းပတ်တစ်ခုလုံးမှာ ရစရာ မရှိအောင် ညစ်ပတ်ပေကျံလျက် ရှိနေလေသည်။

ဂိုမာရီ ။ ။ "ဒီတိရစ္ဆာန်တွေကို တင်ဖို့ ခင်ဗျားပဲ သဘောတူပြီး ခွင့်ပြုခဲ့တာ မဟုတ်လား"

ကပ္ပတိန် ။ ။ "ပြီးတော့ ခင်ဗျားတို့ရဲ့ ငရဲပြည်နဲ့တူတဲ့ ကျွန်းကလေးကို နောက်တစ်ခါ ဘယ်တော့မှ ပြန်ပြီးမကြည့်ရ၊ မမြင်ပါရစေနဲ့လို့ ကျုပ် ဆု



တောင်းတယ်။ ဘယ်လိုမိစ္ဆာဒိဋ္ဌိမျိုးကများ ဒီကျွန်းပေါ်မှာ ဒီလိုအကောင်မျိုးတွေကို ယူပြီး မွေးချင်တာလဲ မသိပါဘူး။ ခင်ဗျားလူကလည်း လူလို့သာ ပြောရတယ်၊ အရူးတစ်ယောက်ပဲဗျ။ ဖဲ့ပိုင်းကို သူလာဖို့ ကိစ္စလည်း မရှိဘူး။ ခင်ဗျား စိတ်ထဲမှာ ဒီသင်္ဘောတစ်စင်းလုံးဟာ ခင်ဗျား ပိုင်တယ်လို့များ ထင်နေသလား မသိဘူး"

ကပ္ပတိန်သည် မကျေနပ်သေးဘဲ အထက်ပါအတိုင်း ဆက်လက်ပြောဆိုလျက် ရှိလေ၏။

ဂိုမာရီ ။ ။ "ကျုပ် လူသင်္ဘောပေါ်ကို ရောက်လာကတည်းကစပြီး ခင်ဗျားရဲ့ သင်္ဘောသားတွေက နောက်လိုက် ပြောင်လိုက်နဲ့ အမျိုးမျိုး ကသိကအောက်ဖြစ်အောင် လုပ်နေတာကကော"

ကပ္ပတိန် ။ ။ "အို ... ဒါကတော့ လုပ်ထိုက်တဲ့လူမို့ လုပ်တာပဲ။ ခင်ဗျားလူဟာ အင်မတန် အကြည့်ရဆိုးတဲ့ မိစ္ဆာကောင်တစ်ယောက်ပဲဗျ။ ကျုပ်လူတွေက ဘယ်လိုမှ ကြည့်မရဘူး။ ကျုပ်ကိုယ်တိုင်လည်း ကြည့်လို့ မရဘူး။ ကျုပ်တို့အားလုံး ကြည့်လို့ကို မရဘူး။ ခင်ဗျား ကိုယ်တိုင်လည်း ခင်ဗျားလူကို ဒီလိုပဲ မြင်တယ် မဟုတ်လား"

မောင်ဂိုမာရီသည် ကပ္ပတိန်ပြောသော စကားများကို နားထောင်ရင်း တစ်ဘက်သို့ လှည့်သွား၏။

"ဘာပဲဖြစ်ဖြစ် ဒီလူကို ခင်ဗျား ဘာမှ မလုပ်ပါနဲ့။ ဒါပဲ" ဟု မောင်ဂိုမာရီသည် ဦးခေါင်း တဆတ်ဆတ် ညိတ်ရင်း ပြောလိုက်လေသည်။

သို့သော် ကပ္ပတိန်ကား အလျှော့မပေးချေ။ ရန်ပင် ဖြစ်ရသော်လည်း ဖြစ်စေဟု သဘောထားဟန် လက္ခဏာရှိ၏။ သို့နှင့် အသံကို မြှင့်လျက် –

"ကျုပ် ပြောလိုက်မယ်။ ခင်ဗျား လူဟာ သင်္ဘောရဲ့ ဒီဘက်ကို ဒီတစ်ခါလာရင်တော့ သူ့အရေခွံကို ခွာပစ်လိုက်မယ်။ အစွန်းအပြင် ပြောင်းပြန်လှန်ပစ်လိုက်မယ် သိလား။ ကျုပ်ကို ဘာလုပ်ရမယ်၊ ဘာမလုပ်ရဘူးလို့ ပညတ်နေရအောင် ခင်ဗျားက ဘယ်လိုအာဏာရှိလို့လဲ။ ကျုပ်က ဒီမှာ ကပ္ပတိန်လည်း ဟုတ်တယ်။ ပိုင်ရှင်ဆိုလည်း ဟုတ်တယ်။ အဲဒါတွေ သိထားစမ်းပါ။ ကျုပ်ဟာ ဒီသင်္ဘောပေါ်မှာ ကျုပ်လုပ်တဲ့ ဥပဒေနဲ့ အုပ်ချုပ်မယ်။ ကျုပ်ပြောတာဟာ ဥပဒေပဲ။ ကျုပ်က အမိန့်ပေးနိုင်တယ်။ ကျုပ်ဟာ ပိုက်ဆံရလို့ လူတစ်ယောက်နဲ့ သူ့တပည့်တစ်ဦးကို အာဖရိကကို တင်သွင်းတယ်။ ပြန်လာတော့ တိရစ္ဆာန်တွေကိုပါ တင်လာခဲ့တယ်။ ဒါပေမယ့် ဒီလို မိစ္ဆာကောင်နဲ့ မိုက်မဲတဲ့ လူ့အနွကိုတော့ နောက်ထပ်"

ကပ္ပတိန်သည် ရှေ့သို့ တစ်စုံတစ်ရာ ဆက်လက်ပြောသေး၏။ သို့သော် ၎င်းမှာ အရေးမကြီးလှချေ။ အပြောခံရသော မောင်ဂိုမာရီမှာ အမူးသမား



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ရှိရာသို့ တစ်လှမ်းတိုး၍ မျက်နှာချင်းဆိုင်လိုက်သည်ကို တွေ့ရလေသည်။

ထိုအခါ ကျွန်ုပ်မှာ မနေသာတော့ပြီဖြစ်၍ "သူ မူးနေပါတယ်ဗျာ" ဟု ဝင်၍ ဟန့်လိုက်ရ၏။ သို့သော် ကပ္ပတိန်မှာ အပြောမရပ်သေးဘဲ ရုန့်ရင်းကြမ်းတမ်းသော စကားများကို တရစပ် ရေရွတ်လျက်ရှိလေသည်။ သို့ဖြင့် ကျွန်ုပ်လည်း ကပ္ပတိန်ဘက်သို့ တစ်ဖန်လှည့်၍ "ခင်ဗျားကလည်း တိတ်လိုက်စမ်းဗျာ" ဟု ပြောလိုက်ရပြန်၏။ မောင်ဂိုမာရီ၏ မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ပြုလုပ်တော့မည့် အရိပ်အယောင်ကို မြင်ရသဖြင့် အကယ်၍ ကျွန်ုပ်ဘက်သို့ မြားဦးလှည့်၍လာမည်ကို သိလျက်နှင့်ပင် သူတို့နှစ်ယောက်ကြားထဲမှ ဝင်၍ တမင်အမုန်းခံကာ နှစ်ဖက်စလုံးကို ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

ကပ္ပတိန်မှာ အမူးသမားတစ်ယောက် ဖြစ်သဖြင့် 'သူ့စိတ်ဆိုးလိုက ဆိုးစေတော့' ဟု အောက်မေ့ကာ၊ သူတို့နှစ်ယောက် ထွေးလုံးသတ်ပုတ်ဖြစ်မည့် ရန်ပွဲကို မဖြစ်ရလေအောင် ကျွန်ုပ်က ဝင်ရောက် ဖွက်ဖက်လိုက်ခြင်း ဖြစ်လေသည်။ ကျွန်ုပ် ကိုယ်တိုင်မှာ လူဆိုးလူမိုက်များ အကြားတွင် နေ၍ ၎င်းတို့နှင့် နီးနီးကပ်ကပ် ပေါင်းသင်းခဲ့ဖူးပါ၏။ သို့သော် ယခု သင်္ဘောကပ္ပတိန်၏ နှုတ်မှ တတွတ်တွတ် ထွက်နေသည့် စကားများလောက် ရုန့်ရင်းကြမ်းတမ်းသော မကြားဝံ့ မနာသာ စကားမျိုးကို တစ်သက်နှင့်တစ်ကိုယ် မကြားဖူးခဲ့ပေ။ ကျွန်ုပ် ကိုယ်တိုင်မှာ အတော်အတန် သဘောထား ရင့်သန်သူတစ်ယောက် ဖြစ်သော်လည်း ကပ္ပတိန်၏ စကားများမှာ သည်းမခံနိုင်လောက်အောင် ပြင်းထန်ရိုင်းပြသည်ကို တွေ့ရလေသည်။

ကပ္ပတိန်အား 'ပါးစပ်ပိတ်ထားရန်' ကျွန်ုပ်က သံပြတ်နှင့် ဝင်၍ ဖွက်ဖက်ဟန့်တားလိုက်စဉ်က ကျွန်ုပ်ကိုယ်တိုင် ပင်လယ်ထဲတွင် သင်္ဘောပျက်၍ မျောပါလာခဲ့သော ဒုက္ခိတတစ်ဦးဖြစ်သည်ဟူသော ဘဝကိုပင် သတိမေ့၍ သွားခဲ့မိ၏။ ကျွန်ုပ်မှာ တစ်စုံတစ်ရာ အားကိုးအားထားလည်း မရှိ။ ကျွန်းမာတောင့်တင်းသော သူတစ်ယောက်လည်း မဟုတ်။ အဖိုးအခပေး၍ စီးနင်းလိုက်ပါလာသော ခရီးသည်တစ်ယောက်လည်း မဟုတ်ဘဲ အများ၏ စေတနာဖြင့် အသက်ရှင်ကာ လူဖြစ်နေရသည့် ကပ်ပါးသတ္တဝါတစ်ဦးမျှသာ ဖြစ်၏။ ကျွန်ုပ်သည် ထိုဘဝမျိုးသို့ ရောက်ရှိနေသူတစ်ယောက်ဖြစ်ကြောင်းကို ကပ္ပတိန်သည် ကျွန်ုပ်အား ပြင်းပြင်းထန်ထန် သတိပေးရင်း ရေရွတ်လျက် ရှိလေသည်။ မည်သို့ပင် ဖြစ်စေ၊ ကျွန်ုပ်၏ အားထုတ်မှု၊ ကျွန်ုပ်၏ ပယောဂကြောင့် တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်သတ်ပုတ်ကြမည့် ရန်ပွဲတစ်ခုကို တားဆီးနိုင်ခဲ့ပြီ မဟုတ်ပါလော။

## ၄
## သင်္ဘောလက်ရမ်းတွင်

ထိုည၌ နေဝင်ပြီးနောက် မကြာမီအချိန်မှစ၍ ကုန်းရိပ်ကုန်းတန်းကလေးတစ်ခုကို ခပ်ရေးရေးမျှ တွေ့ရလေရာ ကျွန်ုပ်တို့၏ သင်္ဘောမှာလည်း ထိုကုန်းတန်းကလေးရှိရာသို့ ရွက်လွှင့်၍သာ ဦးတည်ခုတ်မောင်းလျက်ရှိ၏။ မောင်ဂိုမာရီက ရှေ့တွင် ယခု ရေးရေးမျှသာ မြင်ရသော ကျွန်းကလေးမှာ မိမိတို့ ဆင်းသက်ရမည့် ခရီးလမ်းဆုံးဖြစ်ကြောင်း ကျွန်ုပ်အား ပြောပြလေသည်။

ကျွန်းကလေးမှာ ဝေးလံလှသေးသဖြင့် တစ်စုံတစ်ရာ သဲသဲကွဲကွဲ တွေ့မြင်ရသည် မဟုတ်ပေ။ ကျွန်ုပ်၏ မျက်စိထဲ၌မူ ညိုမှိုင်းသော ပင်လယ်ပြင်တွင် နှမ်းပြာပြာအတန်းကလေးကိုသာ မသဲမကွဲ တွေ့ရလေသည်။ ထိုမှုန်ပြာပြာ အတန်းကလေးဆီမှ မီးခိုးငွေ့ကလေးများသည် ကောင်းကင်သို့ တလူလူ တန်းတက်လျက် ရှိနေသည်ကိုလည်း တွေ့ရ၏။

ကုန်းတန်းကလေးကို စတင်မြင်သောအချိန်၌ ကပ္ပတိန်သည် သင်္ဘောကုန်းပတ်ပေါ်၌ မရှိချေ။ သူသည် ကျွန်ုပ်အား ရေရွတ်မာန်မဲပြီးနောက် ဒယီးဒယိုင်နှင့်ပင် အောက်ထပ်သို့ ဆင်းသွားလေသည်။ သူ့အခန်းတွင်းသို့ရောက်လျှင် ကြမ်းပြင်ပေါ်၌ လှဲ၍ အိပ်နေကောင်းနေလိမ့်မည်ဟု ကျွန်ုပ် အတတ်တွေးမိ၏။ ထိုအချိန်တွင် ပဲ့ကိုင်နေသော မာလိန်သာလျှင် သင်္ဘောကို ဦးဆောင်လျက်ရှိတော့၏။ သူသည် ကြံလှီသော သူတစ်ယောက်ဖြစ်ပြီးလျှင် စကားမပြော တုံ့ကိုဘော



www.burmeseclassic.com

www.burmeseclassic.com



နိုင်လှ၏။ သူ၏ တက်မဘီးကြီးကိုသာ အာရုံပြုနေဟန်လည်း ရှိလေသည်။ သို့သော် သူသည်လည်း မောင်ဂိုမာရီအပေါ်တွင် ကျေနပ်ပုံမရချေ။ ကုန်းပတ်ပေါ်၌ ကျွန်ုပ်တို့နှစ်ယောက် ရှိနေသည်ဟူသော အချက်ကိုပင် စိုးစဉ်းမျှ စကားစမြည် စ၍ပြောသည့်တိုင်အောင် သူသည် ကျွန်ုပ်တို့အား ဆေးဖော်ကြောဖက် ပြုလုပ်လို ပုံမ ပေါ်ပါပေ။ သို့ဖြင့် ကျွန်ုပ်တို့မှာ စားသောက်ဖွယ်တို့ကိုသာ စားသောက်ရ ပြီးလျှင် ပျင်းရိညည်းငွေ့ဖွယ်ကောင်းလှသော ထမင်းစားပွဲမှ ထခဲ့ရ၏။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော မောင်ဂိုမာရီနှင့် သူ၏ ဝန်စည်စလယ်များဖြစ်သော တိရစ္ဆာန်များ အပေါ်တွင် မျက်မုန်းကျိုးလျက်နေသော မာလိန်အား ကျွန်ုပ်စိတ်ထဲ၌ ခံပြင်းလျက် ရှိ၏။ ကျွန်ုပ် သိရသမျှမှာ မောင်ဂိုမာရီကိုယ်တိုင်မှာလည်း သူ ဆောင်ကျဉ်း၍ လာသော ဤတိရစ္ဆာန်များအကြောင်းကိုလည်းကောင်း၊ သူသွားရမည့် ကျွန်း အကြောင်းကိုလည်းကောင်း မည်သူ့ကိုမျှ အသိပေးလိုဟန် မတူဘဲ ခပ်မဆိတ် နေခဲ့လေသည်။ ကျွန်ုပ်မှာ ထိုအကြောင်းများနှင့်ပတ်သက်၍ များစွာ သိချင်စိတ် ပေါ်မိသော်လည်း သူ့အား အမေးအမြန်းထူ၍ မနေတော့ဘဲ အလိုက်သင့်ပင် နေခဲ့လေသည်။

ကျွန်ုပ်တို့နှစ်ဦးသားမှာ ကောင်းကင်၌ ကြယ်များ စုံလင်လာသည့် အချိန်ထိ သင်္ဘောပဲ့ပိုင်းတွင် စကားကောင်းလျက် ရှိ၏။ ဦးပိုင်းရှိ မီးရောင်ဝါဝါ ထွန်းညှိထားသော အခန်းထဲမှာ တစ်ခါတစ်ရံ အသံများ ကြားရတတ်လျက် ကုန်းပတ်ပေါ်ရှိ တိရစ္ဆာန်များ၏ မကြာခဏ လှုပ်ရှားသံမှတစ်ပါး အသံဗလံဟူ၍ မကြားဘဲ ညဥ့်သည် လွန်စွာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။ အမေ ရိကန် ကျားသစ်ကြီးမှာ လှောင်အိမ်ထောင့် တစ်နေရာတွင် ဝပ်လျက်ရှိရာ ကျွန်ုပ် တို့ရှိရာဘက်သို့ တောက်ပြောင်သော မျက်လုံးများဖြင့် မကြာခဏ စူးစိုက်ကြည့်၍ နေတတ်၏။ ခွေးကြီးများမှာ အိပ်မောကျနေဟန်တူ၏။ မောင်ဂိုမာရီလည်း အိတ် ထဲမှာ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူလိုက်လေသည်။

သူသည် လန်ဒန်မြို့အကြောင်းကို ပြန်လည်စမြုံ့ပြန်နေဟန်တူ၏။ လန်ဒန်မြို့တော်၌ မည်သို့သော အပြောင်းအလဲများ ရှိသည်ကို ကျွန်ုပ်အား စပ်စပ်စုစု မေးခွန်းများ ထုတ်လျက် ရှိ၏။ သူ ပြောဆိုသော စကားများကို နား ထောင်ရသည်မှာ လန်ဒန်မြို့ကြီးတွင် ပျော်မွေ့ပါလျက် ရုတ်တရက် ခွဲခွာခဲ့ရပြီး လျှင် နောက်တစ်ကြိမ် ပြန်၍ မရောက်နိုင်တော့သည့် အဖြစ်မျိုးဖြင့် တမ်းတနေ သကဲ့သို့ ရှိလေသည်။ မောင်ဂိုမာရီ မေးခွန်းထုတ်သမျှကို ဖြေကြားရင်း ကျွန်ုပ်က လည်း ဟိုအကြောင်း ဒီအကြောင်းမှစ၍ အတင်းအဖျင်းများပါ မကျန် ပြန်လည် ပြောဆိုလျက် ရှိလေသည်။ သူနှင့် စကားပြောဆိုလျက်ရှိစဉ် ကျွန်ုပ်သည် သူ၏ ထူးခြားသော အနေအထားကို စဉ်းစားမိ၏။ ကျွန်ုပ်၏ နောက်တွင် ဆွဲရိုက်ထား





သည့် ဖန်မီးအိမ်မှ အလင်းရောင်ဖြင့် သူ၏ ဖြူဖွေးနေသော မျက်နှာကို မြင်၍နေရ လေရာ၊ တစ်ချက်တစ်ချက်တွင် အကဲခတ်သော အကြည့်ဖြင့် သူ့ကို ကျွန်ုပ် ကြည့်မိ၏။ ထို့နောက် ညဥ့်၏ အမှောင်ထုအောက်တွင် ပျောက်ကွယ်သွားသော သူဆင်းသက်မည့် ကျွန်းကလေး ရှိရာသို့လည်း တစ်ချက်တစ်ချက်တွင် လှမ်း၍ ကြည့်မိ၏။

ဤသူကား ကျွန်ုပ်၏ အသက်ကို ကယ်ဆယ်ရန်အတွက် နတ် ကောင်း နတ်မြတ်များက တမင်စေလွှတ်လိုက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါပေသည် ဟု ကျွန်ုပ် စိတ်တွင် ထင်မြင်မိ၏။ နောက်တစ်နေ့တွင်ကား ကျွန်ုပ်နှင့် ခွဲခွာ၍ သင်္ဘောမှ ဆင်းသက်ရပေတော့မည်။ လူတစ်ယောက်ကို သာမန် အခြေအနေမျိုး ၌ တွေ့ရိုးတွေ့စဉ် တွေ့သည်ကိုပင် ကျွန်ုပ်အဖို့ တွေတွေရာရာ စဉ်းစားကြည့်မိ ပေမည်။ မောင်ဂိုမာရီကိုကား ထိုထက်ပင် ပို၍စဉ်းစားစရာ ဖြစ်နေတော့၏။ လူသူ မရောက်သော ကျွန်းကလေးပေါ်၌ သူကဲ့သို့ ခေတ်ပညာတတ် ပုဂ္ဂိုလ်တစ်ဦး လာရောက်နေထိုင်သည်ဆိုသော အကြောင်းသည်ပင် ပဌမ ထူးခြားချက် ဖြစ်၏။ ဤမျှမကသေး၊ ထိုသူ ဆောင်ကျဉ်း၍လာသော ပစ္စည်းများမှာလည်း သက်ရှိ တိရစ္ဆာန်များဖြစ်သဖြင့် ပို၍ပင် ဆန်းပြား၍ နေလေသည်။ ဤကဲ့သို့ တွေးရင်း ကပ္ပတိန်ပြောခဲ့သော အမေးစကားများကို ပြန်၍ သတိရကာ စိတ်ထဲတွင် အမျိုး မျိုး အဖုံဖုံ စဉ်းစား၍ နေမိတော့၏။

ဤတိရစ္ဆာန်များကို သူ အဘယ်ကြောင့် ဆောင်ယူလာလေသနည်း။ တစ်ချိန်က ၎င်းတို့နှင့် ပတ်သက်၍ ကျွန်ုပ်က ကပ္ပတိန် သယ်ယူလာသော သတ္တဝါများဖြစ်သည် ထင်သဖြင့် ပြောမိသောအခါ သူသည် မိမိပစ္စည်းမဟုတ် သကဲ့သို့ အဘယ်ကြောင့် ဟန်ဆောင်နေဘိသနည်း။ ထို့ပြင် သူ၏တပည့်ဟု ဆိုသော ပုံပန်းမကျသည့် မျက်နှာမည်းမည်းနှင့် လူအကြောင်းကိုလည်း ကျွန်ုပ်၏ စိတ်တွင် ပျောက်ဖျက်၍ မရနိုင်အောင် စွဲမြဲ၍ နေမိ၏။ ထိုသို့သော အကြောင်း များသည် မောင်ဂိုမာရီနှင့် ပတ်သက်၍ ကျွန်ုပ်၏ စိတ်တွင် အမျိုးမျိုး တွေးထင် စရာ အချက်များကို ဖန်တီးပေးလျက် ရှိလေသည်။ ဤသို့လျှင် သံသယဖြစ်စရာ အကြောင်းများကြောင့် ကျွန်ုပ်သည် ထိုအကြောင်းများကို သူ့အား နှုတ်ဖြင့် ဖွင့်ဟ၍ မေးမြန်းရန် မလျော်သဖြင့် ခပ်ဆိုင်းဆိုင်း လုပ်၍နေခဲ့လေသည်။

ညဥ့်သန်းကောင်ယံအချိန်သို့ နီးကပ်လာသောအခါ လန်ဒန်မြို့တော် အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ နှစ်ဦးသား၏ စကားများ လက်စသတ်၍ ပြတ်သွားတော့၏။ သင်္ဘောလက်ရမ်းတွင် နှစ်ယောက်သား ဘေးချင်းယှဉ်၍ ရပ်ကာ ကြယ်ရောင်ဖြင့် မြင်ရသော ပင်လယ်ပြင်ကြီးကို ငေးစိုက်ကြည့်ရင်း ကိုယ့်အတွေးနှင့်ကိုယ် စိတ်များ လွင့်ပါးနေမိကြတော့၏။ ပတ်ဝန်းကျင်အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် အချိန်မှာလည်း မိမိတို့ထင်သလို တွေးစရာ ဖြစ်တော့၏။ သို့ဖြင့် ကျွန်ုပ်လည်း စကားစပ်မိရာ သူ့အား ကျေးဇူးတင်ကြောင်းများကို စလိုက်မိ၏။

"ကျွန်တော် ပြောရမယ်ဆိုရင်တော့ဗျာ၊ ခင်ဗျားဟာ ကျွန်တော်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲ"

"ဒါက အဆင်သင့်လို့ပါဗျာ၊ အဆင်သင့်လို သက်သက် ဖြစ်တာပါ"

"ဒါပေမယ့် အဆင်သင့် ဖန်တီးလာတဲ့ ကုသိုလ်ကံအကြောင်းကိုတော့ ကျွန်တော် ကျေးဇူးတင်ချင်တယ်"

"ဘယ်သူ့ကိုမှ ကျေးဇူးတင်နေစရာ မလိုပါဘူး မိတ်ဆွေ။ ခင်ဗျားမှာ အကူအညီလိုနေတုန်း ကျုပ်ကလည်း ကူညီနိုင်တဲ့ အတတ်ပညာကို တတ်ထားတာယ်။ ဒါကြောင့် ဆေးထိုးပေးတယ်။ အစားအစာ ကျွေးတယ်။ ကျုပ်စူးစမ်းလေ့လာဖို့ သတ္တဝါကလေးတစ်ကောင်ကောင်ကို ရရင်လည်း ဒီလိုပဲ ကျုပ်လုပ်မှာပဲ။ ကျုပ်ကို ကျုပ်လည်း မကျေနပ်ဘဲ ညည်းငွေ့နေတာ ကြာပြီဗျာ။ ဒါကြောင့် တစ်ခုခုလုပ်ချင်နေတယ်။ တကယ်လို့ ကျုပ်ကလည်း အဲဒီနေ့က ပင်ပန်းနေမယ်။ ခင်ဗျား မျက်နှာထားကိုလည်း မနှစ်သက်ဖူးဆိုရင် ခင်ဗျား အခုလို ဖြစ်လာပါ့မလား။ ဒါတွေ တွေးလိုက်တော့ စဉ်းစားစရာ ပြဿနာ တစ်ခုပေါ့ဗျာ"

ဤစကားကို ကြားရသောအခါ ကျွန်ုပ်မှာ အတန်ငယ် စိတ်ပျက်၍ သွားမိ၏။ ထို့နောက် စကားဆက်ပြန်လေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ"

"သြော် ... အကြောင်းတိုက်ဆိုင်လို့ ဆိုတာကို ပြောရဦးမယ်။ လူတိုင်းရဲ့ ဘဝမှာ ဒီလိုအကြောင်းက တိုက်ဆိုင်မှုမျိုးတွေကို ကြုံရစမြဲပဲ မဟုတ်လားဗျ။ လူအ လူနတွေမှသာ ဒါကို မသိနားမလည်ကြတာ။ ဟော ကျုပ်ဆိုရင် အခုလို လူ့ဘဝ ယဉ်ကျေးမှုကြီးရဲ့ အပြင်ဘက်ရောက်နေပြီး လန်ဒန်လို မြို့တော်ကြီးမှာ လောကီစည်းစိမ်ချမ်းသာတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ခံစားနေရမယ့်အစား မပျော်ပိုက်နိုင်တဲ့ ဘဝကို ရောက်နေရတာလည်း တခြား ဟုတ်ပါရိုးလား။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက နှင်းတွေ ဝေနေတဲ့ ညတစ်ညမှာ ကျုပ်ဟာ ဆယ်မိနစ်လောက် ဆင်ခြင်တုံတရား ကင်းမဲ့သွားလို့ ဖြစ်ရတာပဲ မိတ်ဆွေ"

သို့ပြောလိုက်ပြီးနောက် မောင်ဂိုမာရီသည် စကားမဆက်တော့ဘဲ ရပ်သွားလေသည်။

"အင်း ... ဆိုပါဦးဗျ" ဟု ကျွန်ုပ်က သူ့အား စကားဆက်ရန် တောက်ခံလိုက်၏။

"ဒါပါပဲဗျာ"





ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးသည် မည်သူကမျှ စကားမဆက်ကြတော့ဘဲ အတွေးကိုယ်စီနှင့် ရှိနေကြပြန်လေသည်။ သူက ရယ်မောမျှ နေသည်ကို တွေ့ရ၏။

"ခုလို ကြယ်ရောင် တညီးညီး ဖြစ်နေတဲ့ အချိန်မျိုးမှာ နှုတ်ကလည်း ပြောမိပြောရာ လွတ်ခနဲ လွတ်ခနဲ ပြောမိတတ်တယ်မျိုး။ ကျုပ်ဟာ နွားပဲဗျ။ နွားလို အကောင်တစ်ယောက်ပဲ၊ ဒါပေမယ့် ခင်ဗျားကို ဘာကြောင့်မှန်း မသိဘူး။ ပြောချင်နေတယ်"

"ပြောချင်တာရှိရင် ပြောသာပြောပါ မိတ်ဆွေ။ ကျုပ်က ခင်ဗျား စိတ်ချရလောက်အောင် နှုတ်လုံပါတယ်။ နှုတ်လုံရမယ့်ကိစ္စဆိုရင် ဆိုပါတော့"

မောင်ဂိုမာရီသည် စကားစကို ပြန်၍ ကောက်တော့မည်ဟု ဟန်ပြင်လိုက်သည် ကျွန်ုပ် တွေ့ရ၏။ သို့သော် စိတ်မနိုင်သေးသည့် ဟန်ဖြင့် ဦးခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်ပြန်လေသည်။

ယင်းအခါ ကျွန်ုပ်က ဟန့်တားသည့် အနေဖြင့် –

"မပြောချင်လည်း မပြောပါနဲ့ဗျာ။ ကျုပ်အဖို့တော့ ခင်ဗျားပြောပြော၊ မပြောပြော သိပ်ထူးမယ် မထင်ပါဘူး။ ပြီးတော့ ကိုယ်ရဲ့ လျှို့ဝှက်ချက်ဆိုတာ ကိုယ့်စိတ်ထဲမှာပဲ သိုသိပ်ထားကောင်းပါတယ်။ ခင်ဗျား ကျုပ်ကို ယုံကြည်လို့ ဖွင့်ပြောတယ်ဆိုရင်လည်း ရင်ထဲမှာ ရှင်းသွားမှာကလွဲလို့ ဘာအကျိုးအမြတ်မှ ရမှာတော့ မဟုတ်ဘူး။ ကျုပ်က မယုံရတဲ့လူဆိုရင်လည်း ... အင်းလေ... ဒါတော့"

မောင်ဂိုမာရီသည် ချီတုံချတုံ ဖြစ်နေဟန်ဖြင့် တစ်ချက်မျှ ခွဲရှင်းလိုက်၏။ သူ့အား စိတ်တွင် မတင်မကျ ဖြစ်အောင် ကျွန်ုပ်ကပင် ဖန်တီးပေးမိလေပြီလောဟုလည်း ကျွန်ုပ် တွေးလိုက်မိ၏။ အမှန်သော် ဆေးသိပ္ပံကျောင်းသားတစ်ဦးသည် လန်ဒန်မြို့တွင် ဆက်မနေဘဲ အဘယ်ကြောင့် ထွက်ခွာလာခဲ့ရသည်ဟူသော အကြောင်းကို အထူးအဆန်းတစ်ခုအနေဖြင့် သိချင်၍ မနေမိတော့ပေ။ ကျွန်ုပ်ဖာသာ မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ခန့်မှန်းကြည့်နိုင်လောက်ပေ၏။ သို့နှင့် ကျွန်ုပ်လည်း သူ့ဘက်သို့ မလှည့်ဘဲ တစ်ဘက်သို့ စောင်းလှည့်၍ မျက်နှာလွှဲလိုက်မိ၏။ အခြားတစ်ဘက်ရှိ သင်္ဘော လက်ရမ်းအနီးတွင် မည်းမည်းသဏ္ဌာန်တစ်ခုသည် ငြိမ်သက်စွာ ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ သဏ္ဌာန်သည်ကား အခြားမဟုတ်၊ မောင်ဂိုမာရီ၏ တပည့်ဟု ဆိုသော အသွင်အပြင်ထူးခြား ဆန်းကြယ်လှသည့်သူ ဖြစ်၏။ ထိုသူသည် သူရပ်နေသော နေရာမှ ကျွန်ုပ်အား ပခုံးပေါ်သို့ ကျော်၍ ကြည့်ရှုလျက်ရှိရာ ကျွန်ုပ်က ပြန်၍ ကြည့်လိုက်သောအခါ အခြားတစ်ဘက်သို့ ချာခနဲ ပြန်၍ လှည့်သွားလေသည်။

ထိုသူ၏ အပြုအမူမှာ သာမန်အားဖြင့် တစ်စုံတစ်ရာ ထူးခြားသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု မဆိုနိုင်သော်လည်း ကျွန်ုပ်အဖို့ကား ရုတ်တရက် မြင်တွေ့လိုက်ရခြင်းဖြစ်သဖြင့် လျှပ်စစ်ဓာတ်ဖြင့် တို့လိုက်ဘိသကဲ့သို့ ဖျတ်ခနဲ ထိတ်လန့်သွား၏။ ကျွန်ုပ်နှင့် မောင်ဂိုမာရီတို့နှစ်ယောက်သား ရပ်၍နေကြသည့်နေရာအနီးတွင် မီးအိမ်တစ်လုံးသာရှိ၏။ ထိုသူသည် ခပ်မှိန်မှိန် အလင်းရောင်ရှိသော သင်္ဘော၏ ပိုင်းဆီမှ ကျွန်ုပ်တို့ ရပ်နေရာ ပဲ့ပိုင်းသို့ တစ်ခဏမျှ လှမ်းကြည့်လိုက်ရာတွင် သူ၏ မျက်လုံးများမှာ လူမျက်လုံးနှင့်မတူဘဲ ခွေးများ၊ ကြောင်များ၏ မျက်လုံးကို ညဥ့်အခါများတွင် မီးရောင်ဖြင့် ထိုးကြည့်သောအခါ မြင်ရသကဲ့သို့ စိမ်းပြာပြာ အရောင်တောက်၍ နေသည်ကို တွေ့လိုက်ရလေသည်။

လူတို့၏ မျက်လုံးများ၌ အရောင်တောက်ရမည်ဆိုလျှင် အနီရောင်နှင့် နီးစပ်သော ဝင်းလက်သည့် အရောင်မျိုးသာ တောက်လေ့ရှိကြောင်း ထိုအချိန်က ကျွန်ုပ်ကိုယ်တိုင် သတိမထားမိပေ။ ယခု မြင်လိုက်ရသော မျက်လုံးအစုံကား လူမျက်လုံးများနှင့် လုံးဝ မတူပေ။ မှောင်ရီ ပိုးတဝါးအချိန်၌ နက်ကြုတ်ကြုတ်ပုံပန်းသဏ္ဌာန်သည် ကျွန်ုပ်အား ကလေးဘဝက ရှိခဲ့ဖူးသော ကြောက်ရွံ့သည့်စိတ်များကို ပြန်လည်နိုးကြားအောင် ပြုလုပ်ပေးဘိသကဲ့သို့ ရှိတော့၏။ ထိုကြောက်စိတ်များသည် တဒင်္ဂဝင်လာပြီးနောက် ချက်ချင်းပင် ပြန်၍ ပျောက်သွားပြန်လေသည်။ ကျွန်ုပ်၏ စိတ်များမှာ များစွာ ကြည့်၍ မကောင်းလှသော ဤလူမည်းမည်းဆီသို့သာ ရောက်ရှိလျက်ရှိ၏။ ထိုစဥ်တွင် မောင်ဂိုမာရီသည် ကျွန်ုပ်အား လှည့်၍ စကားပြောပြန်လေသည်။

"ကဲဗျာ … ရပ်နေရတာ အတော်ကြာသွားပြီ။ ညောင်းရင်လည်း ပြန်ဆင်းကြစို့လား"

ကျွန်ုပ်လည်း တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ မောင်ဂိုမာရီ နောက်မှ အိပ်ခန်းများဆီသို့ ပြန်ဆင်းလာခဲ့၏။ သူသည် ကျွန်တော်၏ အိပ်ခန်းတံခါးဝအရောက် လိုက်လာပြီးနောက် ကျွန်ုပ်အား နှုတ်ဆက်၍ သူ့အခန်းကို ဆက်လက်လျှောက်သွားလေသည်။

ထိုညဥ့်က ကျွန်ုပ်မှာ အိပ်မက်ဆိုးများ မြင်မက်လျက်ရှိ၏။ လဆုတ်ရက်ဖြစ်သဖြင့် လတစ်ခြမ်းပဲ့ကလေးသည် သန်းခေါင်ချိန်နီးမှ ထွက်ပေါ်လာရာ လရောင် ဖွေးဖွေးကလေးသည် ကျွန်တော်၏ အခန်းတွင်းသို့ တိုးဝင်လာ၍ ကြမ်းပြင်ပေါ်တွင် မှုန်ရီရီလင်းလျက် နေပေတော့၏။ ထိုအချိန်၌ ကုန်းပတ်ပေါ်မှ အမဲလိုက် ခွေးကြီးများလည်း နိုးလာပြီးလျှင် ၎င်းတို့ ဟောင်သံအူသံများ ထွက်ပေါ်လာပြန်လေသည်။ ကျွန်ုပ်မှာကား ညဥ့်နက်၍ အိပ်ပျော်သွားသည့်တိုင်အောင် ဆိုးဝါးသော အိပ်မက်များကိုသာ မြင်မက်လျက်ရှိတော့၏။ အိပ်ပျော်သွားသော အချိန်မှာလည်း နံနက်အရုဏ်တက်လုနီးမှပင် ဖြစ်လေသည်။



# ၅

## သွားစရာ နေရာ မရှိသူ

အချိန်မှာ နောက်တစ်နေ့ နံနက်စောစောဖြစ်၍ ကျွန်ုပ် ထုတ်ထုတ်ထောင်ထောင်ဖြစ်ပြီးနောက် ဒုတိယ မြောက်နေ့ဖြစ်၏။ ကျွန်ုပ်အား ပင်လယ်တွင်းမှ ဆယ်ယူရရှိသောနေ့မှ ရေတွက်လျှင် စတုတ္ထမြောက်နေ့မှ ဖြစ်မည်ဟု ထင်၏။ ထိုနေ့ နံနက်တွင် ကျွန်ုပ်သည် စိတ်ချောက်ချားစရာ အိပ်မက်ဆိုးများ မြင်မက်နေခဲ့ရာမှ ရုတ်တရက် လန့်၍ နိုးလာလေသည်။ အိပ်မက်ထဲတွင် သေနတ်များ အမြောက်များနှင့် ထကြွနေသော လူစုလူဝေးများအကြောင်းကို မြင်မက်နေခဲ့ပေ၏။ သို့ဖြင့် အိပ်ရာမှ နိုးလျှင် နိုးခြင်း သတိထားလိုက်မိရာ၊ အပေါ်ထပ်မှ ဆူဆူညံညံ အသံများကို ကြားရလေသည်။

ကျွန်ုပ်သည် မျက်လုံးများကို ဖွင့်သပ်ကာ အပြင်မှ ကြားရသော အသံဗလံများကို နားထောင်ရင်း အိပ်ရာထဲတွင် လဲလျောင်းနေမိ၏။ မည်သည့်နေရာသို့ သင်္ဘောရောက်ရှိနေပြီကိုလည်း သိလိုစိတ်များ ဖြစ်ပေါ်၍ နေမိလေသည်။ သို့ရှိစဥ် တဘုန်းဘုန်း နင်းလာသည့် ဖိနပ်မပါသော ခြေသံများ သွားလာသည်ကိုလည်းကောင်း၊ လေးလံသော အရာဝတ္ထုများကို ပစ်ချနေသည့် အသံများကိုလည်းကောင်း၊ သံကြိုးများ တချွင်ချွင်၊ တချွမ်ချွမ် မြည်လျက်ရှိသော အသံများကိုလည်းကောင်း ကြားရလေသည်။ သင်္ဘောသည် တစ်ဖက်သို့ ကွေ့လှည့်လိုက်သဖြင့် တရှဲရှဲ မြည်သော ရေသံများကို ကြားရပြီးလျှင် ကျွန်ုပ် အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



သော အခန်း၏ မှန်ပြတင်းပေါက်ကလေးတွင် စိမ်းဝါရောင် ရေမှုန်ရေစက်ကလေးများ လွင့်စင်၍လာလျက် မှန်ပေါ်၌ ကပ်နေသည်ကို တွေ့ရပြန်၏။ ထိုအခါ ကျွန်ုပ်လည်း အိပ်ရာမှ လူးလဲထ၍ အပေါ်ယံ အဝတ်အစားများကို ဝတ်ပြီးလျှင် ကုန်းပတ်ဆီသို့ ထွက်လာခဲ့လေသည်။

ကျွန်ုပ်သည် သင်္ဘောလှေကားမှ အပေါ်သို့ တက်လာစဉ် နေရောင်ဖြင့် ဝင်းလက်ကြည်လင်နေသော ကောင်းကင်ကို မော့၍ ကြည့်လိုက်မိ၏။ ထို့နောက် တစ်ချိန်တည်းမှာပင် ကျွန်ုပ်ဘက်သို့ နောက်ခိုင်း၍ ရပ်လျက်ရှိသော ဆံပင်နီနီနှင့် ကပ္ပတိန်၏ ကျောပြင်ကျယ်ကြီးကို တွေ့ရလေသည်။ သူ့ပခုံးထက်မှ ကျော်၍ မြင်လိုက်ရသည်မှာကား ပဲ့ပိုင်းအနီး၌ ရောင်အိမ်ထဲတွင် ဝပ်ခင်းလဲလျောင်း၍ နေသော အမေရိကန် ကျူးသင်္ဘောကြီးပင် ဖြစ်တော့၏။ ကျူးသင်္ဘောကြီးမှာ သင်္ဘောတွင် လှုပ်လှုပ်ရှားရှား ဆူဆူညံညံ ဖြစ်နေသည့် အသံများကြောင့် မကြာကာ နိုးနေပုံရလေသည်။

"ဆင်းကြ ဆင်းကြ။ အားလုံး ဆင်းသွားကြ" ဟု၍ ကပ္ပတိန်သည် မြည်တွန်တောက်တီးလျက်ရှိ၏။

"ဆင်းသွားကြ၊ သွားကြ။ ဒီရှုပ်ရှုပ်ထွေးထွေးတွေ ဆင်းသွားမှ ငါ့သင်္ဘောလည်း ရှင်းသွားမယ်" ဟု ဆက်လက် [illegible] ရှိနေလေသည်။

ကပ္ပတိန်သည် ကျွန်ုပ်ဘက်မျက်နှာ မလှကားထိပ်ကို [illegible] ရပ်နေပြီးလျှင် ဘက်ဘက်သို့ လှည့်၍ အော်ဟစ်နေခြင်း ဖြစ်ရာ ကျွန်ုပ်က သူ၏ ဝခုံးကို အသာတို့၍ လမ်းဖယ်ပေးရန် ပြောလိုက်ရ၏။ သူသည် ကျွန်ုပ်အား လှည့်ကြည့်လိုက်ပြီးလျှင် နောက်သို့ [illegible] ဆုတ်သွားပြီးနောက် ကျွန်ုပ်အားလည်း [illegible] ကိုက်၍ကြည့်နေလေသည်။ သူ၏ မျက်နှာ အမူအရာကို ကြည့်ရခြင်းအားဖြင့် အမူးမပြေသေးကြောင်း သံသယ ဖြစ်ရန်မလိုပေ။

"ကိုင်း" ဟူ၍ ကပ္ပတိန်သည် ဘုမသိ ဘမသိ ရေရွတ်လိုက်၏။ ထို့နောက် သူ၏ မျက်လုံးကြီးများမှာ ဝင်းလက်၍ လာတော့၏။

"ဘယ်နှယ့်၊ ကို ကိုဟာဗ"

"ပရင်းဒစ်ဝါ" ဟု ကျွန်ုပ်က ဝင်၍ ထောက်ပေးလိုက်၏။

"အို ... ဘာ၊ ဖရစ်ဒစ်။ ဘယ်ဟုတ်မလဲ ... အလကား။ ခင်ဗျားဟာ ပြိဗ္ဗာ၊ ကိုပြိဗ္ဗာ။ အဲဒီ နာမည် ကောင်းတယ်"

ဤလူမျိုးအား နှုတ်မှန်းတဲ့ပြန်နေခြင်းအားဖြင့် သံချိုပေးလိမ့်မည် မဟုတ်သည်ကို ကျွန်ုပ် တွေးလိုက်မိ၏။ သို့သော် သူ နောက်ထပ် ပြောဆိုသည့် စကားလုံးများကိုကား ကျွန်ုပ် လုံးဝ မမျှော်လင့်ခဲ့သော သူ့ [illegible]





သင်္ဘောကုန်းဘောင်ဆီသို့ ညွှန်ပြသဖြင့် ကြည့်လိုက်ရာ ကုန်းဘောင်ပေါ်၌ကား မောင်ဂိုမာရီသည် ယခုမှ ကမ်းမှ တက်လာဟန်တူသော လူလုံးလူဖန် တောင့်တင်းသော ဆံပင်ဖြူဖြူ အဘိုးကြီးတစ်ယောက်နှင့် ရပ်၍ စကားပြောနေသည်ကို တွေ့ရ၏။ ဆံပင်ဖြူဖြူ အဘိုးကြီးသည် ညစ်ပတ်ပေရေလျက်ရှိသော အပြာရောင် သက္ကလပ်အဝတ်များကို ဝတ်ဆင်ထားလေသည်။

"ဟောဒီလမ်းအတိုင်း ကြွပါ ကိုပြိဗ္ဗာကြီးရဲ့။ ဟောဒီ လမ်းအတိုင်း ဖြောင့်ဖြောင့်ကြွပါ"

ကပ္ပတိန်သည် ကျွန်ုပ်အား အသံကျယ်ကြီးဖြင့် ညွှန်ပြပြောဆိုလျက် ရှိ၏။

ကပ္ပတိန်၏ အသံကို ကြားရသောအခါ မောင်ဂိုမာရီနှင့် သူ၏ မိတ်ဆွေ အဘိုးကြီးသည် ကျွန်ုပ်တို့ဘက်သို့ လှည့်၍ ကြည့်လိုက်ကြလေသည်။

"ခင်ဗျား ဘာပြောတာလဲ" ဟု ကျွန်ုပ်က ကပ္ပတိန်အား မေးလိုက်၏။

"ဟောဒီလမ်းက သွားဖို့ပြောတာ ကိုပြိဗ္ဗာစုတ်ရဲ့။ ဒီလမ်းအတိုင်း ကျုပ် သင်္ဘောပေါ်က မြန်မြန်ဆင်းပါ။ ကျုပ်တို့ သင်္ဘောကို သန့်ရှင်းသွားအောင် လုပ်နေတာ။ ခင်ဗျား မြန်မြန် ဆင်းမှ ဖြစ်မယ်"

ကျွန်ုပ်သည် ကြက်သေသေလျက် သူ့အား ပြန်၍ စိုက်ကြည့်နေမိ၏။ သူ ပြောနေသော စကားများမှာ ကျွန်ုပ်၏ ဆန္ဒအတိုင်းပင် ဖြစ်တော့၏။ ဤမျှ လောက် ရန်လုပ်တတ်သော သူတစ်ယောက်၏ သင်္ဘောဖြင့် ရှေ့သို့ ခရီးဆက် ထက်သွားရန် အခွင့်အလမ်း မရှိတော့ခြင်းမှာ ဝမ်းနည်းဖွယ် မဟုတ်ပါချေ။ ကျွန်ုပ်သည် မောင်ဂိုမာရီရှိရာသို့ လှည့်ကြည့်လိုက်၏။

"ကျုပ်တို့ ခင်ဗျားကို လက်မခံနိုင်ဘူးဗျ"

မောင်ဂိုမာရီနှင့် ယှဉ်၍ ရပ်လျက်ရှိသော ခေါင်းဖြူဖြူလူကြီးက ကျွန်ုပ်အား ခပ်ပြတ်ပြတ်ပင် လှမ်း၍ ပြောလိုက်၏။

"ကျွန်တော့်ကို လက်မခံနိုင်ဘူး ဟုတ်လား"

ကျွန်ုပ်မှာ အံ့သြခြင်း ကြီးစွာဖြင့် သူ၏ စကားကို ပြန်၍မေးလိုက်မိလေသည်။

အဘိုးကြီး၏ မျက်နှာမှာ ပြောလိုက်သည့် စကားအတိုင်း တိတိကျကျ လုပ်ကိုင်မည့် ခိုင်မာစွဲမြဲသော သဘောကို ပေါ်စေသည့် မျက်နှာမျိုး ဖြစ်လေသည်။ ကျွန်ုပ် တွေ့မြင်ဖူးသမျှ သူများအနက် ထိုသူ၏ မျက်နှာမှာ ရေးထောင့်စပ်စပ် အကျဆုံး ဖြစ်လေသည်။

"ဒီမှာနေပါဦးဗျ" ဟု ကျွန်ုပ်သည် ကပ္ပတိန်ဘက်သို့ လှည့်၍ စကားစ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းသာဆင်းစမ်းပါ။ ကျုပ် သင်္ဘောဟာ တီရစ္ဆာန်တွေထက် အောက်ကျတဲ့ လူတွေအတွက် မဟုတ်ဘူး။ အဲဒီတော့ သွားပေတော့ ကိုပြီတ္တာရေ။ ခင်ဗျားလူတွေက ဒီကျွန်းမှာ လက်မခံဘူးဆိုရင်လည်း ပင်လယ်ထဲမှာ လွှတ်ရာ ကျွတ်ရာ မျောပေတော့။ ကျုပ်ကတော့ လက်မခံနိုင်ဘူး။ ဒီကျွန်းကိုပဲ ကျုပ်တော့ ဆလံတိုက်သွားပြီ။ နောက်များတော့ ဝေးရောပဲ"

ထိုအခါ ကျွန်ုပ်မှာ အားကိုးရာမဲ့ ဖြစ်နေပြီဖြစ်သဖြင့် "ဒါဖြင့် မောင်ဂိုမာရီရယ်" ဟု အသနားခံလိုက်ရတော့၏။

မောင်ဂိုမာရီသည် သူ၏ အောက်နှုတ်ခမ်းကို ကိုက်လျက် ဆံပင်ဖြူဖြူနှင့် လူကြီးအနီးတွင် ဦးခေါင်းငုံ့ကာ ရပ်လျက်ရှိ၏။ သူ၏ ပုံပန်းကို ကြည့်ရခြင်းအားဖြင့် သူ့မှာ ကျွန်ုပ်အား ခေါ်ယူထားရန် အာဏာမပိုင်ကြောင်း ကောင်းစွာ သိရှိလိုက်ရလေသည်။

ကျွန်ုပ်မှာ ကျွန်းပေါ်သို့ သက်ဆင်းနေထိုင်ခွင့် ရရှိရန် ဆံပင်ဖြူနှင့် လူကြီးအားလည်းကောင်း၊ သင်္ဘောနှင့်တစ်ပါတည်း ခေါ်ဆောင်သွားရန် ကပ္ပတိန် ယစ်ထုပ်ကြီးအားလည်းကောင်း တစ်လှည့်စီ တိုးလျှိုး တောင်းပန်လျက် ရှိတော့၏။ သင်္ဘောသားများဆီသို့လည်း လှည့်၍ အော်ဟစ်အကူအညီတောင်းလိုက်မိသေး၏။ မောင်ဂိုမာရီမှာ တစ်ခွန်းတစ်ပါဒမျှ မပြောတော့ဘဲ ဦးခေါင်းကိုသာ တွင်တွင်ကြီး ခါရမ်းလျက် ရှိနေလေသည်။

"ခင်ဗျား ဆင်းသွားပါ။ ဒါပဲ ကျုပ်ပြောချင်တယ်။ ဥပဒေတွေ ဘာတွေ ဘာမှ မရှိဘူး။ ဒီသင်္ဘောမှာ ကျုပ် မင်း ကျုပ်ချင်းပဲ"

ကပ္ပတိန်သည် ကျွန်ုပ်အား သင်္ဘောဖြင့် မည်သည့်နည်းနှင့်မျှ ဆက်လက်ခေါ်ဆောင်သွားတော့မည် မဟုတ်ကြောင်း ပြောဆိုကာ ခါးခါးသီးသီး ငြင်းပယ်လျက် ရှိလေသည်။

နောက်ဆုံးတွင် ကျွန်ုပ်မှာ ကြံရာမရ ဝမ်းနည်းပက်လက်ဖြစ်ကာ စကား ပြောရင်း ပြောရင်းမှ အသံများ တိမ်၍ဝင်သွားတော့၏။ ရှေ့ရေးကို တွေးကာ အစိုးရိမ်ကြီး စိုးရိမ်မိတော့၏။ ထို့နောက် သင်္ဘောပဲ့ပိုင်းသို့ သွားကာ တစ်စုံတစ်ရာ မယ်မယ်ရရ မဟုတ်ဘဲ ရောက်တတ်ရာရာ တွေးတော ငေးမော၍ နေမိတော့၏။

ထိုအချိန်တွင် သင်္ဘောသားများမှာ အောက်သို့ ချရမည့် ဝန်စည်စလယ်များ၊ တိရစ္ဆာန်များ၊ လှောင်အိမ်များကို သယ်ပိုးချ၍ အတော်ပင် ပြီးစီးလျက်ရှိနေလေပြီ။ သင်္ဘော၏ ပဲ့ပိုင်း၌ လှေကြီးတစ်စင်း ဆိုက်ကပ်လျက်ရှိရာ အောက်သို့ ချသမျှ ဝန်စည်စလယ်များမှာ ထိုလှေကြီးပေါ်သို့ ရောက်ရှိသွားလေသည်။ လှေကြီးပေါ်တွင် ထိုဝန်စည်စလယ်များကို လှမ်းယူနေကြသော ကျွန်း





ပေါ်မှ အလုပ်သမားများကို သင်္ဘောရော ကွယ်နေသဖြင့် အောက်သို့ ငုံ့ကြည့်သော်လည်း ထိုအချိန်က ကျွန်ုပ် မမြင်ခဲ့ရပေ။

မောင်ဂိုမာရီနှင့် သူ၏ မိတ်ဆွေများသည် ကျွန်ုပ်အား မည်သို့မျှ အာရုံစိုက်၍ မနေကြဘဲ ဝန်စည်စလယ်များကို လှေဝမ်းထဲသို့ ချပေးနေသော သင်္ဘောသား လေးငါးဦးနှင့်သာ အလုပ်များလျက်ရှိနေလေသည်။ ကပ္ပတိန်လည်း ရှေ့သို့ သွားကာ ကူညီစီစဉ်ပေးမည့်အစား အနှောင့်အယှက်သာ ပေး၍ နေလေသည်။ ကျွန်ုပ်မှာမူ စိတ်အပျက်ကြီးပျက်ကာ ကြံရာမရ ဖြစ်လျက် ဦးနှောက်များပင် ချာချာလည်လျက် ရှိတော့၏။ အခြားသူများ လှုပ်လှုပ်ရှားရှား ပြုလုပ်နေကြသည်ကိုပင် အဓိပ္ပာယ်ကင်းမဲ့စွာ စောင့်ကြည့်ရင်း ယခုကဲ့သို့ ဘေးကြပ် နံကြပ်ဖြစ်အောင် ဖန်တီး၍လာသော ကျွန်ုပ်၏ ကံကြမ္မာကိုသာ ဟားတိုက်၍ ရယ်မောလိုသော စိတ်ဆန္ဒများ ချိုးနှိမ်မရအောင် ပေါ်ပေါက်လာမိတော့၏။ ထိုအချိန်အထိ ကျွန်ုပ်မှာ နံနက်စာ မစားရသေးသဖြင့် စိတ်ပျက်စရာများထဲတွင် ပို၍ စိတ်ညစ်ညူးစရာ ကောင်းလှတော့၏။ ဆာလောင်ခြင်း၊ ခွန်အားနည်းပါးနေခြင်းများ ဖြစ်ပေါ်သောအခါ ယောကျ်ားရင့်မကြီးတစ်ယောက်ပင် ဖြစ်လင့်ကစား စိတ်ထားမမှန်နိုင်တော့သည်မှာ လောက၏ သဘာဝပင် ဖြစ်တော့၏။ ကျွန်ုပ်မှာ ကျွန်းတွင် နေရစ်ခဲ့ရန် ကပ္ပတိန်၏ ပြောကြားခြင်းကို ဆန့်ကျင်ရန်လည်းကောင်း စိတ်အားထက်သန်စွာ ပြုလုပ်လိုစိတ်ပင် မရှိတော့ဘဲ ကံစီမံသည့်အတိုင်း လိုက်နာရန် ရှိတော့၏။ သူတို့သည် ကျွန်ုပ်ရှိသည် မရှိသည်ကိုပင် ဂရုမစိုက်ဘဲ မောင်ဂိုမာရီ၏ ဝန်စည်စလယ်များကိုသာ သင်္ဘောပေါ်မှ ချလျက် ရှိတော့၏။

မကြာမီ ကုန်များချ၍ ပြီးစီးသွားလေသည်။ ဤတွင် ကျွန်ုပ်မှာ ပထမဦးစွာ အကြောက်အကန် ပြုလုပ်ရသော အဖြစ်နှင့် ရင်ဆိုင်တိုးရတော့၏။ ထို့နောက် ကျွန်ုပ်အား သင်္ဘောကုန်းပတ်ပေါ်မှ အောက်သို့ အတင်းဆွဲချရာ ကျွန်ုပ်မှာ အနည်းငယ်မျှလောက်သာ ကျန်ရှိသော အင်အားဖြင့် ခုခံနိုင်တော့၏။ ဤကဲ့သို့ ဆွဲချခြင်းခံနေရစဉ် အောက်ဘက်ရှိ လှေထဲတွင် မောင်ဂိုမာရီနှင့်အတူ ရှိနေကြသည့် ထူးဆန်းသော မျက်နှာပေါက်များနှင့် လူများကို ထိုအခါမှ သတိထားလိုက်မိလေသည်။ ထိုအချိန်၌ကား လှေကြီးမှာ ပစ္စည်းများ အပြည့်တင်ပြီးပြီဖြစ်၍ သင်္ဘောဘေးမှ လျင်မြန်စွာ ထွက်ခွာစ ပြုနေလေပြီ။ လှေကြီးသည် သင်္ဘောနှင့် ကွာသွားပြီးနောက် ကျွန်ုပ်နှင့် လှေ၏စပ်ကြားတွင် ရေပြင်ပြာကြီးသာလျှင် တစ်စထက်တစ်စ ကျယ်သည်ထက် ကျယ်ပြန့်လာတော့၏။ ထို့ကြောင့် ကျွန်ုပ်မှာ ရေထဲသို့ ထိုးကျမသွားစေရန် ရှိသမျှ အင်အားဖြင့် ကုပ်ကပ်ကာ အောက်သို့ ငြိမ်၍ ရှန်းကန်လျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကြီးဖြင့် ထွက်ခွာသွားကြသော မျက်နှာညိုညိုနှင့် လူများသည် ကျွန်ုပ်၏ ဖြစ်ပျက်ပုံကို ကြည့်၍ ပြောင်လှောင်လျက်ရှိကြရာ မောင်ဂိုမာရီသည် ထိုသူများအား ပြစ်တင်မာန်မဲလျက်ရှိသည်ကို တွေ့မြင်ရ၏။ ထို့နောက် ကပ္ပတိန်မာလိန်နှင့် သင်္ဘောသားတစ်ဦးသည် ကျွန်ုပ်အား သင်္ဘောပဲ့ပိုင်းသို့ အမြန်ဆွဲခေါ်သွားကြပြန်လေသည်။ လေဒီဗီန်းသင်္ဘော၏ ပဲ့ပိုင်းတွင် ဆွဲချိတ်ထားသော လှေကလေးတစ်စင်းရှိရာ လှေထဲတွင် ရေများမှာ တစ်ဝက်မျှ ဝင်လျက်ရှိ၏။ လှော်တက်မှူ၍ မရှိ။ စားနပ်ရိက္ခာဟူ၍လည်း တင်ဆောင်ထားခြင်း မရှိပေ။ ကျွန်ုပ်အား ထိုလှေကလေးပေါ်သို့ တင်ပေးရန် ကြိုးစားကြလေရာ၊ ကျွန်ုပ်မှာ မဆင်းသက်လိုသဖြင့် အတင်းရုန်းကန်ရင်း ကုန်းပတ်ပေါ်၌ပင် လှဲချလိုက်လေသည်။ သို့သော် ကပ္ပတိန်နှင့် သူ၏ လူများသည် လှေကလေးဆီသို့ ဆင်းသက်ရန် ကြိုးလှေကားမရှိသဖြင့် ကျွန်ုပ်အား ကြိုးဖြင့်ချည်၍ လှေထဲသို့ ချကြတော့၏။ ထို့နောက် သင်္ဘောနှင့် လှေကလေးတွဲ၍ ချည်နှောင်ထားသော ကြိုးစကို ဖြတ်လိုက်လေသည်။

လှေငယ်သည် ရွက်သင်္ဘောနှင့် တဖြည်းဖြည်း ဝေး၍လာခဲ့၏။ ကျွန်ုပ်မှာ ကြက်သေသေကာ ငေးမောလျက် သင်္ဘောသားရွက်ကြိုးချနေပုံများကိုလည်းကောင်း၊ လေရ၍ ရွက်ကြီးများ ပွင့်လာပုံကိုလည်းကောင်း၊ ထို့နောက် သင်္ဘောသည် လေဟုန်နှင့်အတူ အရှိန်ရလျက် သင်္ဘောဗရောသည် ကျွန်ုပ်ဘက်သို့ စောင်းခါထွက်ခွာသွားပုံတို့ကိုလည်းကောင်း တွေတွေကြီး ကြည့်ရှုနေမိ၏။ ထို့နောက်တွင်ကား မျက်စိထဲတွင် သင်္ဘောကြီးသည် ကျွန်ုပ် မျက်နှာမူ၍ နေသောဘက်မှ တဖြည်းဖြည်း ပျောက်ကွယ်၍ သွားလေသည်။

ကျွန်ုပ်သည် သင်္ဘောကြီး လှည့်ထွက်သွားသောဘက်သို့ လိုက်၍ လှည့်မကြည့်မိတော့ပေ။ ပထမတွင် မိနစ်ပိုင်းအတွင်း ဖြစ်ပျက်သွားသော အဖြစ်အပျက်များကို မယုံနိုင်အောင် ဖြစ်၍နေလေသည်။ ကျွန်ုပ်သည် လှေဝမ်းထဲတွင် ခပ်ကုပ်ကုပ် ထိုင်ကာ ဆီများဝေလျက်ရှိသော ပင်လယ်ပြင်ကြီးကို တအံ့တသြ ငေးမောကြည့်ရှု၍နေမိ၏။ ဤသို့ ကြည့်ရှုလျက်ရှိရာမှ ကျွန်ုပ် စိတ်များသည် ရေများထက်ဝက်မျှ ဝင်၍ နေလျက် နစ်မြုပ်လုနီးပါးဖြစ်နေသော လောကင်ရဲတာမျှ ဖြစ်သည့် လှေကလေးဆီသို့ ပြန်၍ စိတ်လည်လာပြန်လေသည်။ လှေနံကို လက်ဖြင့် ထောက်၍ သင်္ဘောထွက်သွားရာဘက်သို့ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ သင်္ဘောလက်ရမ်းမှနေ၍ ကျွန်ုပ်အား လှောင်ပြောင်ပြသွားသော ဆံပင်နီနီနှင့် ကပ္ပတိန်ကို လှမ်း၍မြင်ရ၏။ ကျွန်းသို့ ပြန်သွားသော မောင်ဂိုမာရီတို့ လူစုဆီသို့ မျှော်ကြည့်မိသောအခါ သူတို့လှေသည် ကမ်းပါးနှင့် နီးကပ်သွားသည်နှင့်အမျှ ကျွန်ုပ်၏ မြင်ကွင်းတွင် တဖြည်းဖြည်း သေးငယ်၍ သွားလေတော့၏။





ကျွန်ုပ်အား ယခုကဲ့သို့ ရက်ရက်စက်စက် စွန့်ပယ်ခဲ့ကြသည့် ရက်စက်မှုကို ကျွန်ုပ် စိတ်တွင် ပြန်၍ သတိရလာပြန်၏။ ကျွန်ုပ်သည် လှေငယ်ဖြင့် မျောပါ၍ နေနိုင်သေးလျှင် မြေပေါ်သို့ ခြေချနိုင်ရန် မျှော်လင့်ချက်ရှိပေသေး၏။ လှေငယ်ဖြင့် တာရှည်မျောပါ၍ မနေနိုင်ပါက ကမ်းနှင့် တဖြည်းဖြည်း ဝေးကာ သမုဒ္ဒရာ တစ်နေရာ၌ မုချနစ်မြုပ်သေရပေတော့မည်။ ကျွန်ုပ်မှာ လွန်ခဲ့သောရက် အနည်းငယ်ခန့်ကမှ လှေငယ်တစ်စင်းပေါ်တွင် သတိကင်းလွတ်ကာ မျောနေလျက် မျောပါနေခဲ့ရာမှ ကယ်တင်ပြုစုခြင်းခံခဲ့ရသူဖြစ်သဖြင့် ယခုအချိန်အထိ သန်သန်မာမာ လှုပ်ရှားနိုင်လောက်အောင် အားအင်ပြည့်တင်းခြင်း မရှိသေးပေ။ ဤဒုက္ခများထဲတွင် အစားအသောက် ဟူ၍လည်း ထိုနေ့နံနက်အဖို့ ဝမ်းထဲသို့ ညည်သည့် အစားအစာ တစ်ခုမျှ မဝင်သေးသဖြင့် ပို၍ပင် အားအင်ချိနဲ့လျက်ရှိနေလေသည်။ ဤတဒင်္ဂမျှသော အချိန်ကလေး၌ မိမိအဖြစ်ကို သဘောပေါက်သွားမိရကား ကျွန်ုပ်မှာ ငယ်စဉ်တောင့်ကျေး ကလေးဘဝကကဲ့သို့ပင် ငိုကြီးချက်မဖြင့် ရှိုက်ကြီးတငင် ငိုကြွေးမိတော့၏။ မျက်ရည်ပေါက်ကြီးများသည်လည်း ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးဆင်း၍ ကျလာတော့၏။ ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ဖြင့် ရေများဝင်၍နေသော လှေဝမ်းပိုက်ဆီသို့ လက်သီးဖြင့် ထိုးရင်း လှေနံကိုလည်း အကြိမ်ကြိမ် ဆောင့်ကန်၍နေမိတော့၏။ နှုတ်မှလည်း "သေမင်းရယ်၊ ကျွန်ုပ်ကို မြန်မြန်ခေါ်ပါတော့" ဟု အရူးတစ်ယောက်သဖွယ် ရေရွတ်မိတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

၆

## မကောင်းဆိုးဝါးနှင့်တူသော လှေသမားများ

ကျွန်းမှလူများမှာ သမုဒ္ဒရာထဲ၌ အကာယ်ပင် ကျွန်ုပ် မျောပါသွားရ တော့မည့် အခြေအနေကို မြင်ကြသောအခါ ကရုဏာသက်၍လာကြဟန်တူ၏။ ကျွန်ုပ်၏ လှေကလေးသည် ကျွန်းဆီသို့ ခပ်စောင်းစောင်းကပ်ကာ အရှေ့ဘက် သို့ မျောပါလျက် ရှိလေရာ၊ ထိုအချိန်တွင် ကျွန်းဆီသို့ ကပ်သွားသော သူတို့၏ လှေသည် ကျွန်ုပ်ထံသို့ တစ်ဖန်ပြန်၍ လှည့်လာသည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ ဝမ်းသာလုံးဆို့၍ သွားမိတော့၏။ ပစ္စည်းများမှာ လှေကြီးနှင့် စင်းလုံးပြည့် တင် ထားလေသည်။ လှေကြီးသည် ကျွန်ုပ်၏ လှေကလေးရှိရာသို့ ချဉ်းကပ်လာလေ ရာ လှေကြီးနောက်ပိုင်းရှိ အဝတ်များဖုံးထားသော ကုန်ပစ္စည်းထုပ်များပေါ်တွင် ခွေးများနှင့်အတူ ထိုင်၍နေသော မောင်ဂိုမာရီ၏ မိတ်ဆွေဖြစ်သူ ဆံပင်ဖြူဖြူ ပခုံးကျယ်ကျယ်နှင့် လူကြီးကို ထင်ထင်ရှားရှား တွေ့ရလေသည်။ ထိုလူကြီးသည် လှေကြီးပေါ်တွင် မလှုပ်မယှက် ထိုင်လျက် ကျွန်ုပ်ထံသို့ စူးစိုက်ကြည့်လျက် ရှိ နေသည်ကိုလည်း တွေ့ရ၏။ သင်္ဘောပေါ်တွင် သင်္ဘောသားများနှင့်တကွ ကပ္ပတိန်တို့၏ ရွတ်ချ ကျိစယ်စရာ ဖြစ်ခဲ့သော မျက်နှာမည်းမည်းနှင့် လူမှာ လှေ၏ရှေ့ပိုင်း ကျားသစ်ကြီးအနီးတွင် ရပ်လျက် ကျွန်ုပ်ထံသို့ စူးစိုက်ကြည့်ရှုနေ သည်ကို တွေ့ရ၏။ လှေပေါ်တွင် အရိုင်းအစိုင်း တိရစ္ဆာန်များနှင့်တူလှသော





အခြားသုံးယောက်လည်း ပါရှိရာ ၎င်းတို့အား အမဲလိုက်ခွေးကြီးများသည် စားတော့မည့်၊ ဝါးတော့မည့်ဟန်ဖြင့် ထိုး၍ဟောင်လျက် ရှိနေလေသည်။

မောင်ဂိုမာရီသည် လှေကြီးကိုပဲ့ကိုင်လျက် ပါရှိလာရာ ကျွန်ုပ်၏ လှေ ကလေးအနီးသို့ ရောက်အောင် လှေကြီးကို ပဲ့ကိုင်ပေးလျက် လှေချင်းကပ်လာ သည်နှင့် တစ်ပြိုင်နက် မတ်တတ်ရပ်လိုက်ပြီးလျှင် ကျွန်ုပ်၏ လှေဦးမှ ကြိုးနှင့် လှေကြီး၏ ပဲ့ကိုင်တံတွင် ချည်နှောင်လိုက်၏။ ဤကဲ့သို့ပြုလုပ်ခြင်းမှာ လှေကြီး ပေါ်တွင် ထိုင်ရန် နေရာမရှိသဖြင့် ကျွန်ုပ်၏ လှေကလေးကို ကမ်းစပ်အရောက် ဆွဲယူသွားရန် ကြိုးဖြင့် ဆိုင်းပေးခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် ဂမ္ဘီရထိုးဖြစ်နေရာမှ စိတ်သက်သာရာရလျက် မောင် ဂိုမာရီက လှမ်း၍ နှုတ်ဆက်သောအခါမှ ရဲရဲတင်းတင်း ပြန်၍ နှုတ်ဆက်ဝံ့လေ သည်။ ကျွန်ုပ်၏ လှေကလေးမှာ ရေတစ်ဝက်ကျော်ဝင်နေပြီဖြစ်၍ ထိုအခါ မောင် ဂိုမာရီလည်း ကျွန်ုပ်အား ကြိုးစကို လှမ်း၍ ပစ်ပေးလိုက်သဖြင့် ကျွန်ုပ်ကလည်း ကြိုးကို လှမ်း၍ ဆွဲလျက် လှေနှစ်စင်း ခိုင်မြဲစွာ ချည်နှောင်မိစေရန် ပြုလုပ်ရ၏။ ကျွန်ုပ်တို့မှာ ကြိုးချည်ရသော အလုပ်နှင့်ပင် အချိန် အတန်ငယ် ကုန်သွားလေ သည်။

လှေချင်း ဆက်မိပြီးနောက် ကျွန်ုပ်မှာ လှေကလေးထဲမှ ရေများကို ခပ်၍ ထုတ်ရ၏။ လှေထဲတွင် ရေကုန်သလောက် ဖြစ်သွားသောအခါမှသာ လှေကလေးမှာ စိတ်ချရ၏။ ထိုအခါမှ ကျွန်ုပ်လည်း ရှေ့လှေကြီးပေါ်မှ လူများကို စူးစိုက်၍ ကြည့်မိပြန်လေသည်။

ဆံပင်ဖြူဖြူနှင့် လူကြီးမှာ ကျွန်ုပ်အား အကဲခပ်သည့် အနေမျိုးဖြင့်ပင် ကြည့်၍ စိတ်ထဲတွင် ဝေခွဲ၍ မရသကဲ့သို့ ဖြစ်နေသော သဘောရှိနေသည်ဟု ကျွန်ုပ် အကဲခတ်မိ၏။ သူနှင့် အကြည့်ချင်းဆုံသွားသည့် အခိုက်တွင် ထိုလူကြီး သည် သူ၏ ဒူးများအကြားတွင် ရှိနေသော အမဲလိုက်ခွေးကြီးဆီသို့ မျက်နှာကို ငုံ့ထားလိုက်လေသည်။ ကျွန်ုပ် ပြောခဲ့သည့်အတိုင်း ထိုလူကြီးမှာ လူထွားကြီး တစ်ယောက်ဖြစ်ပြီးလျှင် နဖူးကျယ်ပုံ အနေအထားမှာ လှပ၍ မျက်နှာမှာလည်း ထင်ရှားသော သွင်ပြင်လက္ခဏာများ ပေါ်လွင်လျက်ရှိလေသည်။ သို့သော် အသက်ကြီးရင့်လာသူတို့၏ ဓမ္မတာအတိုင်း မျက်လုံးများ တစ်ဝိုက်တွင် အရေခွံ များ မို့မောက်လျက်ရှိ၏။ ကြီးမားသော နှုတ်ခမ်း၏ ထောင့်တစ်ဘက်တစ်ချက် တွင် အတန်ငယ်ကွေး၍ ကျနေခြင်းက တိုက်ရဲ ခိုက်ရဲ၊ လုပ်ရဲ ကိုင်ရဲ သတ္တိရှိတတ် သည့် လူမျိုးဖြစ်ကြောင်း ဖော်ပြလျက်ရှိ၏။ သူသည် မောင်ဂိုမာရီအား တစ်စုံတစ် ရာ ပြောဆိုလျက်ရှိ၏။ အသံမှာ ခပ်တိုးတိုးဖြစ်သဖြင့် မည်သည့်အကြောင်း ပြောဆိုလျက်ရှိသည်ကို ကျွန်ုပ်ထံမှ မကြားနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ မျက်လုံးများသည် ထိုလူကြီးကို ကြည့်ပြီးနောက် လှေပေါ်တွင် ပါလာသော အခြားသူ သုံးယောက်တို့ထံသို့ ရောက်သွား၏။ သူတို့ကား ထူးဆန်းသော လူများဖြစ်ပေသည်။ သူတို့၏ မျက်နှာများကိုသာ ပထမ ထင်ရှားစွာ မြင်နိုင်သော်လည်း ထိုမျက်ခွက်များမှာ ထူးဆန်းသော ပုံပန်းမျိုးဖြစ်၍ သာမန်လူတို့ထက် ထူးခြားနေသကဲ့သို့ ထင်ရ၏။ သူတို့အား ကြည့်ရသည်မှာ ကျွန်ုပ်စိတ်သည် တစ်မျိုးတစ်မည် မသတီသော စိတ်မျိုး ဖြစ်၍လာ၏။ သို့သော် ထိုထူးဆန်းသော မျက်နှာများကိုပင် ဆက်လက်ကြည့်ရှုနေရာ ရွံရှာစက်ဆုပ်၍လည်း လာမိတော့၏။

သူတို့အား လူညိုများဖြစ်သည်ဟု ကျွန်ုပ် ထင်မိ၏။ သူတို့အားလုံး၏ ခြေလက်အစိတ်အပိုင်းများ၌ လက်ဖျား ခြေဖျားများအထိ ညစ်ပတ်ပေကျံသော အဝတ်ဖြူများဖြင့် စည်းနှောင်ထားသည်ကို ထူးထူးခြားခြား တွေ့မိ၏။ ထုံးစံအားဖြင့် ယောကျ်ားများမှာ ဤကဲ့သို့ စည်းနှောင်ရစ်ပတ်ထားခြင်းမျိုး မရှိဘဲ၊ ကမ္ဘာ့အရှေ့ပိုင်း နိုင်ငံများ၌သာ အမျိုးသမီးများအား ဤသို့ စည်းနှောင်ပေးထားသည်ကို တွေ့ရှိဖူးလေသည်။ သူတို့၏ ဦးခေါင်းတွင် ဦးရစ်ခေါင်းပေါင်းများလည်း ပေါင်းထားသေး၏။ ထိုပေါင်းထုပ်များအောက်မှ မလုံမလဲ ထွက်ပေါ်နေသည့် မျက်နှာကလေးများမှာ နတ်မိစ္ဆာကဲ့သို့ ကြောက်စဖွယ် ကောင်းလှတော့၏။ မျက်လုံးများသည် အရောင်တောက်၍ နေကြ၏။ အောက်မေးရိုးများမှာ ငေါထွက်လျက်ရှိရာ သူတို့ တစ်ကိုယ်လုံး၌လည်း မြင်းမွေးများကဲ့သို့ ပျော့ပြောင်းသော အမွေးနက်များ ရှိနေ၏။ ထိုင်၍နေကြသော သူတို့၏ အရပ်အမောင်းမှာ လူသားများထဲတွင် မြင့်မားကြလေသည်။ ဦးခေါင်းဖြူ၍နေသော လူကြီးမှာ အရပ်ခြောက်ပေထက်မနည်း ရှိမည်ဖြစ်သော်လည်း ထိုသူသုံးယောက်နှင့် ယှဉ်လိုက်သောအခါ ဦးခေါင်း တစ်လုံးစာ နိမ့်၍နေသေး၏။

နောင်အခါ ကျွန်ုပ်တွေ့ရှိရသည်မှာ ထိုသူသုံးယောက်တို့သည် ကျွန်ုပ်ထက် အရပ်အမောင်း မြင့်သူများ မဟုတ်ကြပေ။ သို့သော် သူတို့၏ ကိုယ်အထက်ပိုင်းသည် အောက်ပိုင်း(ခြေပိုင်း) နှင့် နှိုင်းလျှင် အချိုးအစား မမျှအောင် ရှည်လျားသောကြောင့်သာ သူတို့၏ အရပ်မှာ ထိုင်နေစဉ် ခြောက်ပေရှည်သော လူတစ်ယောက်ထက် ခေါင်းတစ်လုံးမျှပို၍ မြင့်နေခြင်း ဖြစ်လေသည်။ ကိုယ်၏ အောက်ပိုင်းသည် တိုတောင်းနေရုံမျှမက လိမ်ဖယ်၍ ခပ်ကွေးကွေး၊ ခပ်ကိုင်းကိုင်း ဖြစ်၍လည်း နေသေး၏။ မည်သို့ပင် ဖြစ်စေ ထိုလူများမှာ အလွန်အရုပ်ဆိုးပြီးလျှင် ကြည့်၍ မကောင်းသောသူများ ဖြစ်ကြပေသည်။ ထိုသူတို့၏ ဦးခေါင်းပေါ်တွင် မိုးလျက် ခပ်ကိုင်းကိုင်း လှုပ်နေသူမှာ သဘောင်္ပေါ်တွင် မောင်ဂိုမာရီနှင့်အတူ





ပါလာသော မျက်နှာမည်းနှင့် လူဖြစ်၏။ သူ့မျက်လုံးမှာလည်း မှောင်ရိပ်၌ သူတို့၏ နေရာ အရောင်တောက်လျက် ရှိနေလေသည်။ မိ၏။

ကျွန်ုပ်သည် ထူးဆန်းသော မျက်နှာကို စိုက်၍ကြည့်နေမိရာ ၎င်းတို့ အကြည့်နှင့် မျက်လုံးချင်း ဆုံမိကြပြီးနောက် ၎င်းတို့သည် တစ်ယောက်ပြီး တစ်ယောက် မျက်နှာလွှဲ သွားကြတော့၏။ တစ်ခါတစ်ရံ ကျွန်ုပ်အား ပြန်၍ ကြည့်လိုက်သော အကြည့်မှာ ခိုးကြောင်ခိုးဝှက် အကြည့်မျိုးပင်ဖြစ်ကြောင်း ကောင်းစွာ သတိပြုမိ၏။ ဤကဲ့သို့ ကျွန်ုပ်က ကြည့်ရှုနေမိသည်မှာ သူတို့အား ငြိုငြင်အောင် ပြုလုပ်ရာကျလိမ့်မည်ဟု တွေးမိသဖြင့် ကျွန်ုပ်လည်း စက်ဆုပ်ဖွယ်ကောင်းသော ၎င်းတို့၏ မျက်နှာများကို မကြည့်တော့ဘဲ တဖြည်းဖြည်း နီးကပ်လာသည့် ကျွန်းကလေးဆီသို့သာ လှမ်းမျှော်ကြည့်ရင်း အာရုံစိုက်၍ နေမိတော့၏။

ကျွန်းကလေးမှာ ရေပေါ်တွင် ပေါ်သည်ဆိုရုံမျှသာ ပေါ်နေလျက် မို့မို့မောက်မောက်၊ မြင့်မြင့်မားမား မရှိလှပေ။ ချုံနွယ် ပိတ်ပေါင်းများလည်း ထူထပ်စွာ ပေါက်ရောက်လျက်ရှိ၏။ အထူးသဖြင့် အုန်းပင်ကဲ့သို့သော အပင်မျိုးများကို များစွာ တွေ့မြင်ရ၏။ သို့သော် ထိုအုန်းပင်မျိုးများမှာ ကျွန်ုပ် တွေ့ဖူးသော အုန်းပင်မျိုး မဟုတ်ပေ။ တစ်နေရာတွင် ရေငွေ့ရေမှုန်များသည် အထက်သို့ အတော်မြင့်အောင် ပန်းထွက်လျက်ရှိပြီးလျှင် ကောင်းကင်သို့ ခပ်စောင်းစောင်း တက်သွားပြီးနောက် တစ်ဖန် မြေပေါ်သို့ ဖြာ၍ကျနေသည်ကို လှမ်း၍ မြင်ရလေသည်။

"ယခုအခါတွင် ကျွန်ုပ်တို့၏ လှေမှာ ပင်လယ်အော်ကလေးကဲ့သို့ ဟိုက်ဝင်နေသည့် နေရာအတွင်းသို့ ရောက်ရှိနေပြီးလျှင် လက်ဝဲလက်ယာ တစ်ဘက်တစ်ချက်တွင်လည်း သံလျက်စွန်းပမာ အငူများထိုးထွက်လျက်ရှိနေသည်ကို တွေ့ရလေသည်။ ကမ်းစပ်တစ်လျှောက်တွင် ညိုမှိုင်းသော အရောင်ရှိသည့် သဲပွင့်များရှိ၍ ထိုသဲပြင်မှ တက်သော် ပင်လယ်ရေပြင်ထက် ပေခြောက်ဆယ်၊ ခုနစ်ဆယ်ခန့် မြင့်သည့် ကမ်းပါးစွန်းရှိ၏။ ကမ်းပါးစွန်းတစ်လျှောက်တွင် ပင်စောက်ပင်နိမ့်များသည် မညီမညာ ပေါက်လျက်ရှိရာ ကမ်းပါးစွန်းသို့မရောက်မီ လမ်းတစ်ဝက်ခန့်၌ကား ကျောက်တုံးဖြင့် ထပ်စီဆောက်လုပ်ထားသော ခြံစည်းရိုးတန်းတစ်ခု ရှိလေသည်။ ထိုစည်းရိုးတန်းမှာ သစ္စာတစ်ဝက်၊ ကျောက်ရုပ်ခဲပွများတစ်ဝက် ရော၍ ဆောက်လုပ်ထားကြောင်း နောင်အခါ ကျွန်ုပ် သိရှိရလေသည်။ ကျောက်စည်းရိုးအကာ၏ အတွင်း၌ သက်ငယ်များ မိုးထားသော အိမ်ခေါင်မိုးနှစ်ခု အစွန်းထွက်ပေါ်လျက်ရှိသည်ကိုလည်း တွေ့ရပေသည်။

ကမ်းစပ်တွင် လူတစ်ယောက်သည် လှေကြီးဆိုက်ကပ်လာမည်ကို ချော်၍ စောင့်ကြိုလျက်ရှိနေ၏။ လှေသည် ကမ်းခြေနှင့် အတော်ဝေးကွာသော



www.burmeseclassic.com

www.burmeseclassic.com



ညဉ့် ကမ်းပါးတစ်လျှောက် ချုံတန်းတစ်ဝိုက်တွင် အလွန်အချိုးအစား တွင် ပေါ်ကျသော သတ္တဝါများသည် ထိုမှဤမှ ပြေးလွှားကာ ချုံအတွင်းသို့ ပုန်းထုံးရန် ဝင်သွားကြသည်ကို မြင်လိုက်သည်ဟု ထင်မိ၏။ သို့သော် ကမ်းသို့ လှေကြီးဆိုက်ခါနီးသောအခါ ထိုသတ္တဝါများကို အစအနမျှပင် မတွေ့မြင်ရတော့ပေ။ ကမ်းစပ်တွင် စောင့်ကြိုနေသူမှာ လူလုံးလူဖန် ခပ်လတ်လတ်ပင်ဖြစ်၍ ကပ္ပလီလူမည်းများ မျက်နှာပေါက်မျိုး ရှိသူဖြစ်၏။ ၎င်းတွင် လူတိုင်းမှာကဲ့သို့ နှုတ်ခမ်းဟု ဆိုနိုင်လောက်သော နေရာဟူ၍ မပါသော ပါးစပ်ကြီးရှိ၏။ လက်တံများမှာ အထူးရှည်လျားပြီးလျှင် ခြေဖဝါးမှာ ခပ်သွယ်သွယ် ရှည်ရှည်ဖြစ်၍ ခြေတံမှာမူ လေးကိုင်းကဲ့သို့ ခပ်ကွေးကွေး ရှိနေလေသည်။ မတ်တတ်ရပ်လျက်ရှိသော သူ၏ ကိုယ်ဟန်တွင် ကြီးမားသော မျက်နှာတစ်ခုလုံးမှာ မျောက်များကဲ့သို့ ငေါထွက်လျက်ရှိ၏။ ထိုသူသည် ဆံပင်ဖြူသော လူကြီးနှင့် မောင်ဂိုမာရီတို့ကဲ့သို့ပင် အပြာရင့်ရောင် သက္ကလပ်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

လှေကြီးသည် ကမ်းသို့ ကပ်တော့မည့်ဆဲဆဲ အချိန်၌ ထိုသူသည် ကမ်းစပ်တစ်လျှောက် လူးလားပြန်ခေါက် ပြေးလွှားကာ အလုပ်များလျက်ရှိ၏။ သူ၏ ပြေးလွှားလှုပ်ရှားပုံမှာ လူတစ်ယောက် ပြေးလွှားပုံနှင့်မတူဘဲ အတော်ပင် ထူးဆန်းသည်ဟု ထင်မိ၏။ မောင်ဂိုမာရီက အမိန့်ပေးလိုက်သောအခါ လှေပေါ်တွင် ပါလာသော လူလေးယောက်တို့သည် ကုန်းကုန်းကွကွ နေရာမှ ထကြပြီးလျှင် ထိုးဝါးများကို စထိုးစိုက်လိုက်ကြ၏။ ကမ်းစပ်၌ လှေတစ်စင်း ဝင်သာရုံ သာသာမျှ တူး၍ထားသည့် သဘော်ကျင်းကဲ့သို့ နေရာတစ်ခုရှိရာ မောင်ဂိုမာရီသည် လှေကို ထိုနေရာသို့ ဝင်မိအောင် ပဲ့ကိုင်၍ ပေးလိုက်၏။ ထိုအခါမှ ကျွန်းပေါ်မှ လူသည်လည်း အိမ်ဆီသို့ အပြေးအလွှား ချဉ်းကပ်၍လာတော့၏။ လှေဝင်ရန် အပေါက်မှာ လှေတစ်စင်း ဦးတိုက်ဝင်နိုင်ရုံမျှသာ တူး၍ထားသော သာမန်မြောင်းငယ်ကလေးတစ်ခုမျှသာ ဖြစ်လေသည်။

လှေဦးသည် ကမ်းစပ်သဲပြင်တွင် ဆေးတင်မိသွားသောအခါ ရှိခနဲ မြည်သွားသော အသံကို ကျွန်ုပ် ကြားလိုက်ရ၏။ နောက်နားမှ ကပ်၍လိုက်လာရသော ကျွန်ုပ်၏ လှေကလေးကိုလည်း ပဲ့ဘက်မှ ကြိုးကိုဖြုတ်၍ လှေဦးကြိုးကို ဆွဲပြီးလျှင် ကမ်းသို့ ဦးတိုက်မိအောင် လှည့်၍ဆွဲပေးလိုက်ရ၏။ ထိုအခါ လှေပေါ်တွင် ပါလာသော ဦးခေါင်းခြေလက်တို့ကို ပတ်တီးကြီးများဖြင့် စည်းထားသည့် လူများသည်လည်း လှေပေါ်မှနေ၍ သဲပြင်ပေါ်သို့ ကိုးယိုးကားယား ခုန်ဆင်းလိုက်ကြပြီးနောက် ကမ်းပေါ်တွင် စောင့်နေသော သူနှင့်အတူ ဝန်စည်စလယ်များကို ချယူလျက်ရှိကြလေသည်။ ကျွန်ုပ်မှာ ခြေလက် ဦးခေါင်းစသည်တို့ကို ပတ်တီးစည်းထားသော လူသုံးယောက်တို့၏ သွားပုံလာပုံ၊ လှုပ်ရှားပုံများကို





ကြည့်ရသည်မှာ ကျွန်ုပ်၏ စိတ်တွင် အတော်ထူးဆန်း၍ နေမိ၏။ သူတို့၏ ခြေထောက်များသည် တောင့်တောင့်တင်းတင်း မရှိဘဲ ဒူးဆစ်ခြေဆစ်တို့ နေရာလွဲမှား၍ နေသကဲ့သို့ အရိုးအဆစ် မပြေမပြစ် ဖြစ်နေသည်ဟု ကျွန်ုပ် ထင်မိ၏။ ဆံပင်ဖြူကြီးသည် အမဲလိုက်ခွေးများအား ချည်နှောင်ထားသည့် သံကြိုးများကို ဆွဲ၍ ဆင်းလာသောအခါ ခွေးများသည် ပတ်တီးများ စည်းထားသည့် လူသုံးယောက်ကို ကြည့်ကာ ဟိန်းဟောင်လျက် ရှိကြလေသည်။

လူသုံးယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် စကားပြောသောအခါ လည်ချောင်းထဲမှ ထွက်လာသော အသံတစ်မျိုးဖြင့် အချင်းချင်း ပြောဆိုကြ၏။ ကျွန်းပေါ်မှ စောင့်၍နေသူသည် လှေပဲ့ပိုင်းတွင် ထားသော အထုပ်ကြီးများကို ကိုင်၍ ထိုလူသုံးယောက်အား စီစီညံညံ အသံဖြင့် တစ်စုံတစ်ရာကို အံ့ဩနေသကဲ့သို့ ပြောဆိုလျက်ရှိရာ သူပြောသော ဘာသာစကားကိုမူ ကျွန်ုပ် နားမလည်ပေ။ မည်သည့်ဘာသာ စကားဟူ၍လည်း တွေးခေါ်စဉ်းစား၍ မရပါပေ။ ထိုအသံမျိုးကို တစ်ကြိမ်က ကျွန်ုပ် ကြားဖူး၏။ သို့သော် မည်သည့်နေရာတွင် ကြားဖူးခဲ့သည်ဟူ၍ကား စဉ်းစား၍ မရတော့ချေ။ ဆံပင်ဖြူ နှင့် လူကြီးသည် ခွေးကြီးခြောက်ကောင်ကို ဆွဲကိုင်ထားလျက်ရှိရာမှ ခွေးဟောင်သံ၊ ဟိန်းသံများကို ကျော်လွန်ကာ တစ်စုံတစ်ရာကို ဟစ်အော် အမိန့်ပေးလိုက်သည်တွင် မောင်ဂိုမာရီမှာလည်း လှေပဲ့ပိုင်းမှ ရွက်ကို ဖြုတ်ယူပြီးနောက် လှေပေါ်မှ ဆင်းလာ၏။ သူသည်လည်း ဝန်စည်စလယ်များ၊ အထုပ်အပိုးများနှင့် လှောင်အိမ်များကို ကမ်းသို့ချရန် ဝင်ရောက်ကူညီစီမံလျက် ရှိလေသည်။ ကျွန်ုပ်မှာ နံနက်စာ မစားခဲ့ရသည့်ပြင် နေပူကျဲကျဲတွင် အပေါ်မှ အမိုးမပါဘဲ စီးနင်းလိုက်ပါခဲ့ရသဖြင့် အတော်ပင် နွမ်းနယ်ပင်ပန်းလျက် ရှိနေလေပြီ။ သို့ဖြင့် ကျွန်ုပ်မှာ ကုန်စည်များ ချရာတွင် ဝင်ရောက်ကူညီခြင်း မပြုနိုင်တော့ပေ။

ထိုအခါမှ ခေါင်းဖြူကြီးသည် ကျွန်ုပ် ရောက်ရှိလာသည်ကို သတိပြုမိသည့် လက္ခဏာဖြင့် ကျွန်ုပ်ထံသို့ လျှောက်လာလေ၏။

“ခင်ဗျားကို ကြည့်ရတာ မနက်စာ မစားခဲ့ရဘူး ထင်တယ်”

သူ၏ မျက်လုံးနက်ကလေးများသည် ထူထဲသော မျက်ခုံးများအောက်တွင် တောက်ပြောင်လျက်ရှိ၏။

“ကျုပ်ကလည်း တောင်းပန်ချင်တယ်ဗျာ။ အခု ခင်ဗျားဟာ ကျုပ်တို့ရဲ့ ဧည့်သည်ဖြစ်လာပြီဗျ။ ဒီတော့ တမင် ဖိတ်ကြားပြီး ခေါ်လာတဲ့ ဧည့်သည် မဟုတ်ပေမယ့် ကျုပ်တို့က ပြုစုရလိမ့်မယ်”

သူသည် ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကြည့်ရှုရင်း ပြောလိုက်လေသည်။ ထို့နောက် ဆက်လက်၍ –



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဂိုမာရိက ခင်ဗျားဟာ ပညာတတ်ပုဂ္ဂိုလ်တစ်ယောက်လို့ ပြောတယ်။ ပြီးတော့ ခင်ဗျားဟာ သိပ္ပံပညာကိုလည်း အတော်အတန် တီးခေါက်မိတယ်လို့ သိရတယ်။ မစ္စတာ ပရင်းဒစ် ဘယ်ပုံဘယ်နည်း သင်ကြားခဲ့တယ်ဆိုတာကို တစ်ဆိတ် သိပါရစေဗျာ"

ထိုအခါ ကျွန်ုပ်က အင်္ဂလန်ပြည် 'ဘုရင့်တော်ဝင်သိပ္ပံတက္ကသိုလ်' ၌ နှစ်အနည်းငယ်မျှ တက်ရောက်ခဲ့ဖူးကြောင်း။ 'ဘိုင်အိုလိုဂျီ' ခေါ် ဇီဝဗေဒပညာရပ်များကို ပါမောက္ခ 'ဟပ်ခ(စ)လေ' ထံတွင် သင်ယူခဲ့ဖူး၍ သုတေသန လုပ်ငန်းများကိုလည်း အနည်းအကျဉ်း လုပ်ကိုင်ခဲ့ဖူးကြောင်း စသည်ကို ပြောပြရလေသည်။ လူကြီးသည် မျက်ခုံးကို မသိမသာ ပင့်လျက် ကျွန်ုပ် ပြောသော စကားများကို နားထောင်လျက် ရှိလေသည်။

"ဒီလိုဆိုရင် ခင်ဗျားနဲ့ ကျုပ်တို့နဲ့ နည်းနည်းတော့ ပိုပြီး နီးစပ်သွားပြီဗျို့"

လူကြီး၏ အမူအရာမှာ ပထမကထက် ပို၍ ကျွန်ုပ်အား အတန်ငယ် လေးစားလာသည့် လက္ခဏာကို ဖော်ပြလာလေသည်။ နောက် ဆက်လက်၍–

"ကျုပ်တို့လည်း ဒီမှာ ဇီဝဗေဒသမားတွေပဲလို့ ဆိုရမှာပေါ့ဗျာ။ ဒီနေရာဟာလည်း ဇီဝဗေဒဌာနတစ်ခု သဘောမျိုးပဲဗျ"

တစ်ကိုယ်လုံး ပတ်တီးများ စည်းထားသည့် လူများသည် ကျားသစ်လှောင်အိမ်ကြီးအောက်မှ ဒလိမ့်တုံးများခံ၍ ကုန်းပေါ်သို့ တွန်းတင်လျက်ရှိကြရာ၊ ဦးခေါင်းဖြူကြီး၏ မျက်လုံးများမှာ ၎င်းတို့ရှိရာသို့ ရောက်ရှိသွား၏။ ထို့နောက် ဝင်းခတ်ထားသော အိမ်ကလေးရှိရာသို့ ကျားသစ်လှောင်အိမ်ကို ယူဆောင်သွားကြလေသည်။

ထို့နောက် အတန်ကြာသောအခါ သူကပင် ဆက်လက်၍ –

"ခင်ဗျား ဘယ်တော့ ဒီကျွန်းကနေ ခရီးဆက်ရမယ်ဆိုတာ ကျုပ်တို့လည်း မသိဘူး။ ဒီနေရာက လမ်းလည်း မကြုံဘူးဗျ။ တစ်နှစ်မှာ တစ်ခါလောက်သာ ဒီနေရာကနေပြီး သင်္ဘောကလေး၊ ဘာကလေး မြင်ရတတ်တယ်"

သို့ပြောဆိုပြီးလျှင် သူသည် ကျွန်ုပ် အနီးမှ ချာခနဲ လှည့်၍ ကုန်းဘက်ဆီသို့ ထွက်သွားပြီးနောက် မကြာမီ ခြံဝင်းအတွင်းသို့ ဝင်သွားသည်ဟု ကျွန်ုပ်ထင်မိ၏။ မောင်ဂိုမာရီနှင့် အခြားသူနှစ်ယောက်တို့မှာ လှေကြီးပေါ်တွင် ပါလာသော အထုပ်ငယ်များကို ဘီးသေးကလေးများ တပ်ထားသော လှည်းတစ်စီးပေါ်၌ စီ၍တင်နေကြရာ၊ လာမာကုလားအုပ်ကြီးမှာ ယုန်ကလေးများ ထည့်ထားသော လှောင်အိမ်များနှင့်အတူ လှေပေါ်၌ပင် ရှိနေသေး၏။





ခွေးများမှာ မိမိတို့ မျက်စိထဲတွင် အဆန်းဖြစ်နေသော ပုံပန်းမကျတိုးယို့ကားယားနိုင်လှသည့် လူများအား မာန်မဲဟိန်းဟောင်လျက်ပင် ရှိနေသည်။ လှည်းပေါ်သို့ အထုပ်ငယ်များကို အစီအရီတင်၍ ပြီးစီးသွားလေပြီ။ လူသုံးယောက်တို့သည် လှည်းကို ထိန်း၍ကိုင်သူကကိုင်လျက် နောက်ဆပ်အလေးချိန် တစ်တန်မျှလောက်ရှိသော ပစ္စည်းများကို တင်ကြပြန်လေသည်။ မောင်ဂိုမာရီသည် အလုပ်များ၍နေသော ထိုသူများထံမှ ခွဲထွက်ကာ ကျွန်ုပ်ထံသို့ နှုတ်ဆက်ရန် ရောက်လာပြီးလျှင် ကျွန်ုပ်အား လက်ကာမ်းလျက် –

"ကျွန်တော့်ဘက်က ကြည့်ရင်တော့ ကျွန်တော် ဝမ်းသာတယ်ဗျာ။ ဒီကပ္ပတိန်က အင့်မတန်မိုက်တဲ့ လူတစ်ယောက်ပဲဗျာ။ ခင်ဗျားကိုလည်း တော်တော်ကလေး ကသိကအောက် ဖြစ်အောင် လုပ်လိုက်သေးတယ် မဟုတ်လား"

"ဒီတစ်ခါလည်း ခင်ဗျားပဲ ကျွန်တော့်အသက်ကို ကယ်လိုက်တာပါပဲ မစ္စတာ မောင်ဂိုမာရီ" ကျွန်ုပ်က မောင်ဂိုမာရီအား ပြန်ပြောလိုက်၏။

"ဒါကတော့ အကြောင်းတိုက်ဆိုင်လို့ ကူညီရတာပါ မိတ်ဆွေ။ ဒါထက် ဒီကျွန်းပေါ်မှာ ထူးထူးဆန်းဆန်း လျှို့ဝှက်ဆန်းကြယ်တဲ့ ကိစ္စတွေ ခင်ဗျား တွေ့ရဦးမှာတော့ သေချာတယ်ဗျို့။ အင်း ... ပြောလိုက်ပါရဲ့၊ ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင်တော့ အသွားအလာ ဆင်ခြင်မှာပဲဗျို့။ သူက ..."

မောင်ဂိုမာရီသည် စကားကို ရုတ်တရက် ဖြတ်လိုက်ပြီးနောက် နှုတ်မှ ထွက်အံ့ဆဲဆဲ စကားများကို မပြောတော့ဘဲ စိတ်ကူးတစ်မျိုး ပြောင်းသွားသည့်ဟန်ဖြင့် –

"ဒီယုန်တွေကို ကျွန်တော်နဲ့ ကူသယ်ပေးပါလားဗျာ" ဟူ၍ မူလစကားကို မဆက်ဘဲ လီးလွဲပြောဆိုလိုက်လေသည်။

ယုန်ကလေးများနှင့် ပတ်သက်၍ ကူညီလုပ်ကိုင်ရန် အများအပြားရှိလှပေ။ သူနှင့်တွဲ၍ ယုန်အိမ်ကလေးများကို လှေပေါ်မှ ချပေးရုံမျှသာ ဖြစ်ပေသည်။ သဲပြင်ပေါ်တွင် ချမိသောအခါ ထိုအိမ်ကလေးများကို ဖွင့်ပြီးနောက် ကျွန်ုပ်က သွန်ထုတ်ပေးလိုက်ရ၏။ ထိုအခါ ယုန်ကလေးများသည် လှောင်အိမ်အတွင်းမှ သဲပြင်ပေါ်သို့ တစ်ကောင်ပြီးတစ်ကောင် တဖုတ်ဖုတ် ကျလာလေရာ စုစုပေါင်း ၁၅ ကောင်၊ အကောင် ၂၀ ခန့်မျှ ရှိပေလိမ့်မည်။ မောင်ဂိုမာရီမှာ လက်ခုပ်တီး၍ ခြောက်လှန့်ပေးလိုက်သောအခါ ၎င်းတို့သည် ကမ်းထိပ်ကုန်းမြင့်ဆီသို့ မြူးတူးကာ ထွက်ပြေးကြလေသည်။

ထိုအခါ မောင်ဂိုမာရီက "သူငယ်ချင်းတို့ရေ၊ ကျွန်းပေါ်မှာ ယုန်တွေများလာအောင် မွေးထုတ်ကြစမ်းပါ။ တို့မှာ စားစရာ အမဲသား ငါးခိုင့်ပို့ ရှားပါးလှတယ်ကွာ" ဟု ယုန်ကလေးများကိုကြည့်ရင်း ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်စပ်သို့ ယုန်ကလေးများ ပြေးဝင်ပျောက်ကွယ်သွားသည်အထိ ကျွန်ုပ် ကြည့်နေစဉ် ဆံပင်ဖြူသော လူကြီးသည် ဘရန်ဒီအရက် ထည့်ထားသော ခွက်ဘူးနှင့် ဘီစကွက်မုန့်အချို့ကို ယူ၍ ပြန်ထွက်လာသည်ကို တွေ့ရ၏။

"ကဲ … ပရင်းဒစ်ရေ။ ဒါကလေးနဲ့ပဲ အဆာပြေ နေဦးပေါ့ဗျာ" ဟု ယခင်ကထက် ရင်းနှီးသော လေသံဖြင့် ကျွန်ုပ်အား ကမ်း၍ ပေးလေသည်။

ကျွန်ုပ်မှာ တစ်စုံတစ်ရာပြန်ဆောင် မနေတော့ဘဲ ပေးလာသော အရက်ဘူးနှင့် ဘီစကွက်မုန့်များကို ယူပြီးလျှင် ဟာ၍နေသော ဝမ်းဗိုက်ကို အမြန်ဆုံး ဖြည့်တင်းလိုက်ရလေတော့၏။ ဦးခေါင်းဖြူနှင့် လူမှာ မောင်ဂိုမာရီနှင့်အတူ လှေ ဆီသို့သွား၍ နောက်ထပ် ယုန်အိမ်ကလေးများကို သယ်ယူချလာလျက် ယခင် က ကျွန်ုပ်တို့ ပြုလုပ်သကဲ့သို့ပင် ယုန်များကို လွှတ်၍ ပေးနေလေသည်။ ကျား သစ်လှောင်အိမ်ကြီးနှင့်အတူ အခြား သေတ္တာကြီး ၃ လုံးကိုမူ ဤအတိုင်း အိမ် ကလေးဆီသို့ ယူသွားလေ၏။ ကျွန်တော်မှာ ဘီစကွတ်များကိုသာ တကျွတ် ကျွတ် ဝါးလျက် ရှိလေရာ ဘရန်ဒီအရက်ကိုမူ မွေးကတည်းက မသောက်ဘဲ ရှောင်ကြဉ်ထားခဲ့သောကြောင့် လက်ဖျားနှင့်ပင် မတို့မိပါချေ။

*

## ၇
## ပိတ်၍ထားသော တံခါး

ကျွန်ုပ် တွေ့ရကြုံရသမျှမှာ ပထမတွင် အထူးအဆန်းချည်းသာ ဖြစ်၍ နေတော့၏။ ရောက်ရှိနေသော အခြေအနေမှာလည်း မမျှော်လင့်ဘဲ တွေ့ကြုံရ သော စွန့်စားမှုများဖြစ်ရာ၊ မည်သည့်အရာက ပို၍ထူးသည်ဟူ၍ ခွဲခြားဝေဖန် နိုင်သော စိတ်ပင်မရှိတော့ပေ။ ဤအဖြစ်မျိုးကို စာဖတ်သူများ နားလည်နိုင် သောက်ပေမည်ဟု ကျွန်ုပ် ထင်မိ၏။

ကျွန်ုပ်သည် လားမားကုလားအုပ်ကြီး၏ နောက်မှ ကျောက်တုံးများ ထထားသည့် ဝင်းခြံဆီသို့ တရွေ့ရွေ့ လျှောက်ကာ လိုက်ပါသွားလေ၏။ ထို အခိုက် မောင်ဂိုမာရီသည် ကျွန်ုပ်၏ နောက်မှ လိုက်လာလျက် ကျွန်ုပ်အား ကျော်တက်ပြီးလျှင် အုတ်ဝင်းခြံအတွင်းသို့ ဝင်လိုက်မသွားရန် ပြောကြားလေ သည်။ ထိုအချိန်၌ ကျားသစ်ကြီး၏ လှောင်အိမ်နှင့် အခြားအထုပ်အပိုးများမှာ ဝင်းခြံအတွင်းသို့ ရောက်ရှိနေကြလေပြီ။

ကျွန်ုပ်လည်း နောက်သို့ ပြန်ကြည့်လိုက်ရာ၊ လှေပေါ်တွင် ပစ္စည်းများ အထုပ်အစင်ချပြီးပြီ ဖြစ်၍ လှေကို သဲသောင်စပ်သို့ ဆွဲတင်ပြီး ဖြစ်နေသည်ကို တွေ့ရလေသည်။ ဦးခေါင်းဖြူနှင့် လူသည် လှေဆီမှ ကျွန်ုပ်တို့ဘက်သို့ ပြန်၍ လျှောက်လာပြီးနောက် မောင်ဂိုမာရီအား လှမ်း၍ –



www.burmeseclassic.com

www.burmeseclassic.com



တော်စပ်ချုပ်တို့ မဖိတ်ကြားဘဲနဲ့ ရောက်လာတဲ့ မိတ်ဆွေအတွက် ကျွန်ုပ် ကြည့်ဖြစ်လာပြီ။ သူ့ကို ဘယ်မှာ နေရာချပေးရင် ကောင်းမလဲ။ ဘယ်လို ခေတ်ဘူးမလဲ"

ရီ ။ ။ "သူလည်း သိပ္ပံပညာကိုတော့ အတော်အတန် တီးမိခေါက်မိပါတယ်"

ဖြူ ။ ။ "ကျုပ်တော့ အခုပါလာတဲ့ ပစ္စည်းတွေနဲ့ အလုပ်ပြန်စဖို့ လက်ယားနေပြီဗျို့"

ဦးခေါင်းဖြူနှင့် လူကြီးသည် ခြံဝင်းဘက်ဆီသို့ လှမ်းကြည့်ကာ အားတက်သရော ပြောလိုက်၏။ သို့ပြောရင်း သူ၏ မျက်လုံးများမှာ ဝင်းလက်လာသည်ကို တွေ့ရ၏။

ရီ ။ ။ "ဟုတ်တာပေါ့၊ ခင်ဗျားလည်း အလုပ်စချင်နေပြီလို့ အထင်သားပဲ"

ဖြူ ။ ။ "ဒါထက် သူ့ကို ဟိုမှာထားလို့ မဖြစ်သေးဘူး ထင်တယ်။ ပြီးတော့ သူ့အတွက် သီးသန့်တဲဆောက်ပေးဖို့လည်း အချိန် မပေးနိုင်သေးဘူး။ ဒါတင်မကသေးဘူးဗျ။ ကျုပ်တို့ အလုပ်ထဲ ချက်ချင်း စိတ်ချလက်ချ သွင်းပေးဖို့ဆိုတာလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး"

ထိုအခါ ကျွန်ုပ်က "ကျွန်တော်ကတော့ ခင်ဗျားတို့စီမံတဲ့အတိုင်း လုပ်ပါ့မယ်ဗျာ" ဟု ပြန်ပြောလိုက်၏။ အဘိုးကြီး ပြောလိုက်သော စကားများတွင် "ဟိုမှာ" ဟူသော စကားလုံးမှာ မည်သည့်နေရာကို ရည်ညွှန်းသည်ဟူ၍ကား ကျွန်ုပ် မသိရပေ။ မောင်ဂိုမာရီက –

"ကျွန်တော်လည်း ဒါကိုပဲ စဉ်းစားနေတာပဲ။ ကျွန်တော့်အခန်းမှာ အပြင် တံခါးတော့ ရှိတယ်"

ဖြူ ။ ။ "အင်း ... အဲဒါနဲ့ပဲ ကိုက်လိမ့်မယ်"

ကျွန်ုပ်တို့သုံးဦးသားသည် ခြံဝင်းအတွင်းသို့ သွားကြလေသည်။ ဦးခေါင်းဖြူကြီးက ဆက်၍ –

"ကျုပ်အခုလို ကြီးကြီးကျယ်ကျယ် လျှို့ဝှက်ပြီး လုပ်နေရတာ စိတ်မကောင်းပါဘူး မစ္စတာပရင်းဒစ်။ ဒါပေမယ့် ခင်ဗျားကို ကျုပ်တို့က တမင်ခေါ်လို့ ရောက်လာတာ မဟုတ်တော့ နည်းနည်း ခက်တာပေါ့ဗျာ။ အခု ကျုပ်တို့ လုပ်ကိုင်နေတဲ့ နေရာက လျှို့ဝှက်ပြီး လုပ်ရတဲ့နေရာ ဆိုပါတော့။ တကယ်တော့လည်း ဒါလောက် ကြောက်စရာ ရွံစရာတွေ လုပ်နေတာ မဟုတ်ပါဘူး။ နို့ပြီးတော့ ခင်ဗျားကိုလည်း အခုမှ ဖြုန်းခနဲ နဖူးတွေ့၊ ဒူးတွေ့ တွေ့ရတယ်ဆိုတော့"





ကျွန်ုပ် ။ ။ "အလွန် မှန်ပါတယ် ခင်ဗျာ။ သိပ်သိပ် သည်းသည်း လုပ်ရမယ့် ကိစ္စကို အသိမပေးတဲ့အတွက် ကျွန်တော်က မကျေနပ်ဘူးဆိုရင် ကျွန်တော် မှားမှာပေါ့ခင်ဗျ" ဟု ကျွန်ုပ်က ဝင်၍ ပြောလိုက်၏။

လူကြီးသည် နှုတ်ခမ်းလှုပ်ရုံမျှ မပွင့်တပွင့် ပြုံးလိုက်၏။ ဤသို့ ပြုံးလိုက်သည့်အခါ နှုတ်ခမ်းထောင့်များသည် အောက်သို့ ကွေးဆင်းသွားသဖြင့် စိတ်ခေတ်ကြွံခိုင်ခွဲမြဲသည့် လူစားမျိုးဖြစ်ကြောင်း ထင်ရှားလေသည်။ ကျွန်ုပ်က ၎င်းတို့ထားရာမှ နေမည့်အကြောင်း၊ ဖြစ်သလိုနှင့် နေရမည်ကိုပင် ကျေနပ်ကြောင်း ထုတ်ဖော်ပြောလိုက်သောအခါ လူကြီးသည် ထိုအချက်ကို သဘောကျ၊ လေးစားသည့် အမူအရာဖြင့် ၎င်း၏ ကိုယ်ကို ရှေ့သို့ ညွှတ်ကာ အသိအမှတ်ပြုလိုက်လေသည်။

ကျွန်ုပ်တို့သည် ခြံဝင်းပေါက်ကြီးကို လွန်၍ အတွင်းသို့ ဝင်ခဲ့၏။ ဝင်းတံခါးမှာ ထုထဲခိုင်ခံ့လှသော သစ်သားတံခါးကြီးဖြစ်၍ သံဘောင်များ တပ်ဆင်ကာ သော့ခတ်ထားသည်ကို တွေ့ရ၏။ လှေပေါ်မှ တင်လာခဲ့သော ဝန်စည်စလယ် အထုပ်အပိုးများမှာလည်း တံခါးကြီး၏ အပြင်၌ စုပုံလျက်ပင် ရှိနေသေး၏။ ခြံဝင်း၏ထောင့်တစ်နေရာတွင် လူဝင်နိုင်သာရုံမျှ တံခါးပေါက်ကလေး ရှိသေးသော်လည်း ၎င်းကို ပထမ ကျွန်ုပ် သတိမထားချေ။ တံခါးရှေ့သို့ ရောက်သောအခါ ခေါင်းဖြူဖြူနှင့် လူကြီးသည် သူ၏ ပေကျံလျက်ရှိသော သက္ကလပ်ဘောင်းဘီအိတ်ထဲမှ သော့တွဲကြီးတစ်တွဲကို ထုတ်ပြီးနောက် တံခါးကို သော့တစ်ချောင်းဖြင့် ဖွင့်လိုက်ရာ၊ ကျွန်ုပ်တို့လည်း ၎င်းနှင့်အတူ အတွင်းမှ ဝင်၍လိုက်သွားကြလေ၏။ ဤကဲ့သို့ သူ၏ မျက်စိအောက်၌ပင် တံခါးများကို အလုံအလဲ သော့ခတ်ထားခြင်း၊ သော့ပေါင်းများစွာ ထားရှိခြင်းကို တွေ့ရသဖြင့် ကျွန်ုပ် စိတ်တွင် များစွာ ထူးဆန်း၍နေမိတော့၏။

သူ့နောက်မှ ဝင်၍လိုက်သွားသောအခါ အခန်းငယ်ကလေးတစ်ခု အတွင်းသို့ ရောက်ရှိသွား၏။ အခန်းကလေးမှာ ရိုးရိုးရှင်းရှင်းသာ ပြင်ဆင်ထားသော်လည်း သက်တောင့်သက်သာ နေထိုင်နိုင်ရန် စီမံထားသည်ကို တွေ့ရလေသည်။ အခန်းတစ်ဘက်မှ တံခါးတစ်ခုမှာ ခပ်ဟဟကလေး ပွင့်လျက်ရှိသည့်ပြင် ထိုတံခါးပေါက်မှ ထွက်လိုက်လျှင် ညီညာစွာ ခင်းကျင်းထားသော ခြံဝင်းအတွင်းသို့ ရောက်ရှိသွားနိုင်သည်ကို တွေ့ရ၏။ သို့သော် ထိုတံခါးကလေးကို ကျွန်ုပ်တို့နှင့် ပါလာသော မောင်ဂိုမာရီသည် ချက်ချင်းပင် သွားရောက်၍ ပိတ်ကာ မင်းတုန်းချလိုက်လေသည်။ အတန်ငယ် မှောင်ရိပ်ကျသော အခန်းထောင့်တွင် လူတစ်ယောက် အိပ်နိုင်ရန် အိပ်စင်ပုခက်တစ်လုံးကို အသင့်တပ်ဆင်ထား၏။ ပြူတင်းပေါက်မှာ အတန်ငယ် သေးငယ်ကျဉ်းမြောင်း၍ အပြင်မှ သံတန်းသံ



www.burmeseclassic.com

www.burmeseclassic.com



ဘောင်များဖြင့် ကာဆီးထားရာ အတွင်းမှ ကြည့်လိုက်လျှင် ပြတင်းပေါက်မှန်များကို ဖြတ်၍ ပင်လယ်ပြင်ကို မြင်နိုင်ရလေသည်။

ဤအခန်းမှာ ခေါင်းဖြူကြီး၏ ပြောပြချက်အရ ကျွန်ုပ် နေထိုင်ရမည့်အခန်းပင်ဖြစ်ကြောင်း သိရ၍ မတော်တဆ ဘေးအန္တရာယ်များကို စိုးရိမ်သဖြင့် တံခါးကလေးကို အပြင်မှ သော့ခတ်ပိတ်ထားရကြောင်း ပြောပြလေသည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ ခြံဝင်းအတွင်းသို့ ထွက်၍ ခြေဆန့်လက်ဆန့်နေနိုင်သည် မဟုတ်ဘဲ၊ ယခု အခန်းကလေးအတွင်း၌သာ ကိုယ်ပိုင်နယ်နိမိတ်သတ်မှတ်ကာ နေထိုင်ရပေတော့သည်။

ပြတင်းပေါက်အနီးတွင် ချထားသော ဖက်လက်ကုလားထိုင်ကိုလည်းကောင်း၊ အိပ်စင်ဗုခက်အနီးရှိ စာအုပ်စင်တွင် တင်ထားသော စာအုပ်ဟောင်းအတော်များများကိုလည်းကောင်း ထိုပုဂ္ဂိုလ်ကြီးကပင် ကျွန်ုပ်အား ညွှန်ပြပေးနေလေသည်။ သို့သော် စာအုပ်များမှာ ခွဲစိတ်ကုသမှုနှင့် စပ်ဆိုင်သော စာအုပ်များဖြစ်သည့်ပြင် ဂရိဘာသာ၊ လက်တင်ဘာသာတို့ဖြင့် ရေးသားထားသော ကျမ်းများ ဖြစ်နေလေသည်။ ကျွန်ုပ်မှာ ထိုဘာသာစာပေများကို ဖတ်နိုင်ငြားသော်လည်း အလွန်ခဲခဲယဉ်းယဉ်း ကပ်ကပ်သပ်သပ် ကြိုးစား၍ ဖတ်မှသာ နားလည်နိုင်သဖြင့် ကျွန်ုပ်အတွက် အပျင်းပြေဖတ်စရာ စာများ မဟုတ်ပေ။ ထို့နောက် ဦးခေါင်းဖြူနှင့် လူကြီးသည် မင်းတုန်းချ၍ထားသော အတွင်းတံခါးကို မဖွင့်ချင်သည့်ဟန်ဖြင့် အပြင်တံခါးပေါက်မှပင် ပြန်၍ထွက်သွားလေသည်။

"ဒီမှာဗျ။ ကျွန်တော်တို့တော့ ဒီအထဲမှာပဲ ထမင်းစားကြတာပဲ" ဟု မောင်ဂိုမာရီက ကျွန်ုပ်အား ပြောပြလေရာ ထိုခဏ၌ပင် တစ်စုံတစ်ရာကို သတိရသည့်ဟန်ဖြင့် အပြင်သို့ သွားလေ၏။ အပြင်သို့ အရောက်တွင် 'မောရိုး' ဟု မောင်ဂိုမာရီက လှမ်း၍ခေါ်လိုက်သော အသံကို ကြားရ၏။ ထိုအသံကို ကြားရစဉ်က မည်သူ၏ အမည်ဟူ၍ ကျွန်ုပ် စိတ်တွင် သတိမထားမိချေ။ သို့သော် အခန်းထောင့်ရှိ ဆေးစာအုပ်များကို တစ်အုပ်ချင်း လှမ်းယူ၍ လှန်လှော ကြည့်ရှုမိသောအခါတွင်မှ 'မောရိုး' ဟူသော နာမည်မှာ ကျွန်ုပ်၏ စိတ်တွင် ထပ်၍ပေါ်လာလေသည်။ ကျွန်ုပ်သည် ဤအမည်ကို အဘယ်မှာ ကြားခဲ့ဖူးလေသနည်း။

ကျွန်ုပ်သည် ပြတင်းပေါက် ဘေး၌ထိုင်ကာ လက်ထဲတွင် ကျန်၍နေသေးသော ဘီစကွတ်မုန့်များကို အားပါးတရ တစ်ချပ်ချင်း ယူ၍ ဝါးနေမိ၏။

"နေပါဦး၊ မောရိုးဆိုတာ ငါ ကြားဖူးပါတယ်" ဟု ကျွန်ုပ်စိတ်တွင် အဖန်တလဲလဲ ထပ်၍ စဉ်းစားနေမိ၏။





ပြတင်းပေါက်ဘောင်ကို ကျော်၍ ကြည့်လိုက်သောအခါ ပုံသဏ္ဌာန်ချိုးအစားမကျသော အဝတ်ဖြူများကို ပတ်တီးထားသည့် လူတစ်ယောက်သည် အထုပ်တစ်ခုကို ယူ၍ ကမ်းစပ်မှ လာနေသည်ကို တွေ့ရ၏။ တစ်ခဏမျှကြာလတ်သော် ထိုသူမှာ ကျွန်ုပ်၏အခန်း ပြတင်းပေါက်ဘောင်နှင့် ကွယ်သွားသဖြင့် မမြင်ရတော့ချေ။ ထို့နောက် ကျွန်ုပ်၏ နောက်ဘက်မှ တံခါးပေါက်တွင် သော့ချောင်းထိုး၍ ခတ်သံကို ကြားလိုက်ရ၏။ တစ်ခဏမျှ ကြာသောအခါ သော့ခတ်ထားသော တံခါး၏ အပြင်ဘက်ဆီမှ အမဲလိုက် ခွေးကြီးများ၏ အသံကို ကြားရလေရာ၊ ထိုအခါမှ ခွေးကြီးများအား ခေါ်သွင်းလာကြောင်း သိရတော့၏။ ခွေးကြီးများသည် ဟောင်၍မနေဘဲ နှာချီသကဲ့သို့ ထူးဆန်းသော အသံတစ်ခုဖြင့် တခွီးခွီး မြည်လျက် ရှိကြကုန်ရာ၊ ဟိန်းသံလိုလို အသံတစ်မျိုးကိုလည်း ကြားနေရ၏။ တိရစ္ဆာန်များ၏ လှုပ်လှုပ်ရှားရှား ခြေသံများကိုလည်း ကြားရသည့်ပြင် မောင်ဂိုမာရီက ၎င်းတို့အား ချော့မော့နေသံကိုပါ ကျွန်ုပ် သတိပြုမိလေသည်။

ခေါင်းဖြူကြီးနှင့် မောင်ဂိုမာရီတို့သည် ထိုလူသူ မရောက်ပေါက်သော ကျွန်းကလေးပေါ်တွင် နေထိုင်ကာ အထူးလျှို့ဝှက်စွာ အလုပ်လုပ်ကိုင်နေသည့် အကြောင်းများကိုလည်းကောင်း၊ 'မောရိုး' ဟူသော အမည်မှာလည်း တစ်ကြိမ်က ကျွန်ုပ် ကြားမိဘူးသည် ထင်မိပါလျက် မည်သည့်နေရာ၊ မည်သည့်အခါက ကြားခဲ့ဘူးသည်ဟု သတိမရသည်ကိုလည်းကောင်း ကျွန်ုပ် စိတ်ဝင်စား၍ နေမိ၏။

လူတို့၏ မှတ်ဉာဏ်ဆိုသည်မှာ ဤသို့သိလိုသည့်အချိန် ရောက်မှပင် အတိတ်၍ မရအောင် အစပျောက်နေတတ်ကြောင်း ယခု ကျွန်ုပ် ကိုယ်တွေ့ဖြစ်၏။ ထိုအမည်ကို သူနှင့် ပတ်သက်ရာ ပတ်သက်ကြောင်း ဆက်စပ်၍ မရနိုင်အောင် ဖြစ်နေ၏။ ထို့မှတစ်ပါး ကမ်းစပ်တွင် ယနေ့မြင်တွေ့ခဲ့ရသော ပုံမျက်နှာ ချိုးအစားနှင့် အဝတ်ဖြူများ ရစ်ပတ်စီးနှောင်ထားသည့် လူဟူ၍သာ ခေါ်နိုင်သော လူများ၏ အကြောင်းကိုလည်း ကျွန်ုပ်မှာ တောင်စဉ်ရေမရ ရောက်တတ်ရာရာ ဆက်စပ်တွေးတောနေမိပြန်လေသည်။

ကျွန်ုပ်အဖို့ကား ထိုထူးဆန်းသော လူများက သေတ္တာတစ်လုံးကို သယ်ယူနေပုံ ဟန်ပန်အမူအရာနှင့် လှုပ်ရှားမှုမျိုးများကို ယခင်က မမြင်ခဲ့ပေ။ ထိုလူများထဲမှ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်အား လာရောက်အားပြောဆိုခြင်း မရှိသည်ကိုလည်း ပြန်လည်စဉ်းစားကြည့်မိ၏။ သို့သော် ၎င်းတို့သည် တစ်ကြိမ်မဟုတ် တစ်ကြိမ်ဆိုသကဲ့သို့ ကျွန်ုပ်အား စူးစိုက်ကြည့်ရှုကြဖူး၏။ သူတို့၏အကြည့်မှာ အဓိပ္ပာယ် မရှိသော အကြည့်မျိုးဖြစ်သည့်ပြင်



www.burmeseclassic.com

www.burmeseclassic.com



သာမန်အရိုင်းအစိုင်းဟု ခေါ်ကြသော လူရိုင်းမျိုးတို့၏ အကြည့်မျိုးနှင့်လည်း မတူဘဲ၊ ပြူးကြောင်ကြောင်နိုင်ပေသည်။ ထိုလူများသည် မည်သို့သော ဘာသာစကားမျိုးကို ပြောဆိုကြလေသနည်းဟု ကျွန်ုပ် သိလိုသော ဆန္ဒ ဖြစ်လာမိ၏။ သူတို့အားလုံးသည်လည်း စကားမပြောဘဲ တုံဏှိဘောနေတတ်သည့် အမူအရာများ ရှိနေ၏။ တစ်ခါတစ်ရံ ပြောဆိုလိုက်သော စကားသံများမှာလည်း အသံကွဲ အသံဆိုးကြီးများဖြင့် ပြောဆိုကြသည်ကို ကြားရလေ၏။ သူတို့တွင် မည်သို့သော ချွတ်ယွင်းချက် ရှိသောကြောင့် ဤသို့ဖြစ်နေရလေသနည်း။ တစ်ဖန် ကျွန်ုပ်သည် မောင်ဂိုမာရီ၏ တပည့်ဖြစ်သူ မျက်နှာမည်း၏ မျက်လုံးများ အကြောင်းကိုလည်း ပြန်လည်စဉ်းစားမိပြန်လေသည်။

သူ၏ အကြောင်းကို ဤသို့ စဉ်းစားလျက် ရှိစဉ်၌ပင် သူသည် အခန်းတွင်းသို့ ဝင်၍လာလေသည်။ ယခုအကြိမ်၌ သူ၏ကိုယ်ပေါ်တွင် အဖြူထည် ဝတ်ဆင်ထားလျက် ဗန်းတစ်ချပ် ကိုင်၍လာရာ ဗန်းထဲ၌ကား ကော်ဖီအနည်းငယ်နှင့် နူးအောင် ပြုတ်ထားသော ဟင်းသီးဟင်းရွက်များ ပါရှိလေသည်။ သူဝင်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ စိတ်မှာ အတော်ပင် တုန်လှုပ်ချောက်ချားသွားသဖြင့် မနည်းဟန်ဆောင်၍ နေလိုက်ရ၏။ သူသည် လွန်စွာ အရိုအသေပြုသည့် လက္ခဏာဖြင့် ကိုယ်ကို ရှေ့တွင် ရှိသော စားပွဲပေါ်သို့ ကော်ဖီ ဗန်းကလေးကို လှမ်းတင်လိုက်လေသည်။

ထိုအခါ ကျွန်ုပ်မှာ မင်သက်မိကာ ကြက်သေ သေ၍ နေမိတော့၏။ အကြောင်းမှာ ထိုလူ၏ မည်းနက် ခွေလိပ်နေသည့် ဆံပင်အကြား၌ သူ၏ နားရွက်ကို တွေ့လိုက်ရပေသောကြောင့်ပင်တည်း။ ကျွန်ုပ် မြင်ရသည့် နားရွက်များမှာ လူတို့၏ သာမန် နားရွက်များကဲ့သို့ မဟုတ်ဘဲ ကျွဲများ၊ နွားများ၌ရှိသော နားရွက်ကဲ့သို့ ချွန်ထွက်နေသော နားရွက်များ ဖြစ်ပြီးလျှင် အပေါ်၌လည်း အနီရောင် အမွေးနုကလေးများ ပေါက်လျက်ရှိနေလသည်။

ထိုသူ ။ ။ "သခင့်ဖို့ နံနက်စာပါ ခင်ဗျာ"

ကျွန်ုပ်သည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ သူ၏ မျက်နှာကိုသာ လှမ်း၍ ကြည့်နေမိ၏။ ထိုအချိန်၌ သူသည် တစ်ဘက်သို့ လှည့်ပြီးလျှင် တံခါးပေါက်ဆီသို့ ပြန်၍ ထွက်သွားလေပြီ။ သို့သော် ဤသို့ ထွက်သွားရာကပင် ကျွန်ုပ်အား တစ်မျိုးတစ်မည် ထူးဆန်းဟန်ဖြင့် ဦးခေါင်းကို ငုံ့လျက် ပခုံးပေါ်မှ ကျော်ကာ ခပ်စောင်းစောင်း ကြည့်၍ သွားလေ၏။

ကျွန်ုပ်ကား ထိုသူ ထွက်သွားသည်အထိ မျက်စိတစ်ဆုံး လိုက်၍ ကြည့်နေလျက် ရှိရာမှ ဦးခေါင်းထဲတွင် အဆက်အစပ် မရှိသော အမှတ်သညာတစ်ခု ဖျတ်ခနဲ ပေါ်ပေါက်လာတော့၏။ 'မောရိုး ... မောရိုး၊ ဘာတဲ့။ မောရိုး၏ ကြောက်မက်ဖွယ်ရာများ ဟုတ်ပြီ၊ ဟုတ်ပြီ' ဟု စိတ်ထဲမှ ရေရွတ်လိုက်မိ၏။





လွန်ခဲ့သော ၁၀ နှစ်ခန့်က အဖြစ်အပျက်များကို ကျွန်ုပ်သည် ပြန်၍ သတိရကာ လာမိ၏။ 'မောရိုး၏ ကြောက်မက်ဖွယ်ရာများ' ဟူသော အမည်မှာ စိတ်ထဲတွင် တစ်ခဏမျှ ဇဝေဇဝါ ဖြစ်နေပြီးနောက် အဝါရောင် စာအုပ်ဖုံးကလေး ပေါ်၌ အနီရောင် မင်များဖြင့် ရိုက်နှိပ်ထားသည့် စာတမ်းကို စိတ်ထဲတွင် ထင်းခနဲ သွား၍ မြင်ယောင်မိလေသည်။ ထိုစာတမ်းကိုဖတ်မိလျှင် ကြက်သီးမွေးညှင်း ထလောက်ပေ၏။ အဖြစ်အပျက် အကြောင်းအရာ အားလုံးပင် ကျွန်ုပ် စိတ်၌ ထင်ထင်ရှားရှား ပြန်၍ ပေါ်လာလေပြီ။ နှစ်ပေါင်း အတော်ကြာက ကျွန်ုပ် မေ့လျော့ပျောက်ပျက်နေသော စာအုပ်ကလေးတစ်အုပ် အကြောင်းသည် အမှတ်ထင်ထင် ပြန်၍ပေါ်လာတော့၏။ ထိုအချိန်က ကျွန်ုပ်မှာ သူငယ်တစ်ယောက် အရွယ်မျှသာ ရှိသေး၍ မောရိုးမှာ ထိုအချိန်ကပင် အသက် ငါးဆယ်ခန့် ရှိနေလေပြီ။ ဒေါက်တာ မောရိုးသည် ထင်ရှား၍ ကျွမ်းကျင်ထက်မြက်သော ဇီဝဗေဒ သမားတစ်ဦး ဖြစ်၍ သိပ္ပံပညာကို လေ့လာလိုက်စားကြသူများ အသိုင်းအဝိုင်းတွင် သူ၏ ဆွေးနွေးပုံပြတ်သားမှု၊ ကြမ်းကြမ်းတမ်းတမ်းနှင့် တဲ့တိုး ပြောဆိုတတ်မှုများအဖြစ် အတွေးအခေါ် ဆန်းကြယ်ပုံတို့ကြောင့် အတော်ပင် လူသိများ၍ ထင်ရှားသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။

ကျွန်ုပ်နှင့် ယခုလောလောဆယ် တွေ့ကြုံနေသော မောရိုးသည် ထိုအခါက ဒေါက်တာ မောရိုးပင် ဖြစ်နေသလော။ ဒေါက်တာ မောရိုးဆိုသူမှာ ခန္ဓာကိုယ်အတွင်းသို့ သွေးသွင်းပေးခြင်း အတတ်နှင့် ပတ်သက်၍ ထူးဆန်းသော အချက်အလက် အချို့ကို ရေးသားတင်ပြခဲ့သူ ဖြစ်သည့်မြင် ခန္ဓာကိုယ် နာမကျန်းမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အင်္ဂါအစိတ်အပိုင်း ကြီးထွားမှုကိုလည်း တီထွင် စမ်းသပ်နေသူဟု ထင်ရှားခဲ့ပေသည်။ ကျွန်ုပ် သိရှိခဲ့သော ထိုအချိန်၏ နောက်ပိုင်းတွင် သူ၏သတင်းမှာ စုန်းစုန်းမြုပ်သွားခဲ့၏။ ဒေါက်တာ မောရိုးသည် အင်္ဂလန်ပြည်မှ ထွက်ခွာသွားရ၏။ သတင်းစာဆရာတစ်ဦးသည် ဒေါက်တာ မောရိုး၏ လျှို့ဝှက်ဆန်းကြယ်စွာ လုပ်ဆောင်မှုများကို ရေးသားဖော်ထုတ်နိုင်ရန် သူ့ထံတွင် လက်ထောက်တစ်ယောက်အဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်ရာမှ အမှတ်မထင် မောရိုး၏ စာအုပ်ကလေးတစ်အုပ်ကို တွေ့ရပြီးလျှင် ယင်းစာအုပ်ငယ်လေးကို ထုတ်ဝေလိုက်သောအခါ မကောင်းသတင်းဖြင့် ဟိုးလေးတကျော် ဖြစ်သွားလေသည်။ စာအုပ်ကို ရေးသားထုတ်ဝေသော နေ့တွင် ဒေါက်တာ မောရိုး၏ အိမ်မှ ခွေးတစ်ကောင်သည် အရေခွံခွာထားခြင်း ခံရသဖြင့် သွေးသံရဲရဲ ဖြစ်၍ ခြေလက်အင်္ဂါအချို့ကိုလည်း ဖြတ်တောက်ထားသည်ကို တွေ့ရ၏။ ခွေးသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုဒဏ်ရာကြောင့် သွေးရှူးသွေးတမ်း ဟစ်အော်ပြေးသွားသည်ကို တွေ့သူများ တွေ့လိုက်ရလေသည်။

ထိုခေတ်မှာ တစ်မျိုးတစ်ဖုံ အယူအဆ လွဲခဲ့သော ခေတ်ဖြစ်၏။ ဓာတ်ခွဲခန်းတွင် လက်ထောက်လုပ်နေသူနှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သူ သတင်းစာ အယ်ဒီတာ တစ်ဦးက ဒေါက်တာ မောရိုး၏ လုပ်ကိုင်စမ်းသပ်မှုများသည် လုပ်သင့်လုပ်ထိုက်သော အလုပ် ဟုတ်မဟုတ်ကို လှုံ့ဆော်ရေးသားလေရာ၊ တိုင်းပြည်လူထုကလည်း ထိုပုဂ္ဂိုလ်ကြီးအား ပြစ်တင်ရှုတ်ချလိုစိတ်များ ဖြစ်ပေါ်လာခဲ့လေသည်။ သိပ္ပံပညာ သုတေသနလုပ်ငန်းနှင့် ပတ်သက်၍ တိုင်းသူပြည်သားများက မလုပ်ထိုက်ကြောင်း ဝေဖန်ကြသည်မှာ ဤအကြိမ်သည် ပထမအကြိမ် မဟုတ်ပေ။ ထို့ကြောင့် ဆရာဝန်ကြီးအား တိုင်းပြည်မှ ထွက်ခွာသွားရလောက်အောင် ဝိုင်းဝန်းပြစ်တင်ရှုတ်ချကြတော့၏။ ၎င်းအား တိုင်းပြည်မှ နှင်လိုက်ခြင်းမျိုး ကဲ့သို့ ပြုမူလိုက်ကြခြင်းသည် သူ၏ ထိုက်သင့်သော ကြမ္မာကိုသာ သူ ခံယူသွားခြင်းဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် သူနှင့် လုပ်ဖော်ကိုင်ဖက် သုတေသီများက သူ့ဘက်မှာ ဝတ်ကျေတန်းကျေမျှ ဝင်ရောက်ထောက်ခံကြခြင်းသည်လည်းကောင်း၊ သိပ္ပံလောကသားအများစုက သူ့အား ဝိုင်းပယ်ဓွန့်ပစ်ကြခြင်းသည်လည်းကောင်း ဤကဲ့သို့ ပြုလုပ်ကြခြင်းမှာ များစွာပင် ရက်စွယ်ကောင်းသည်ဟု ကျွန်ုပ် ထင်မိ၏။

တစ်ဘက်က ကြည့်မည်ဆိုလျှင်လည်း ဒေါက်တာ မောရိုး၏ စမ်းသပ်မှုများသည် ထိုအကြောင်းကို ထုတ်ဖော်ရေးသားသော သတင်းစာ အယ်ဒီတာ၏ အဆိုအရ အကြောင်းမဲ့ ရက်စက်ရာကျသည့် အပြုအမူများ ဖြစ်လေသည်။

ထိုအချိန်က ဒေါက်တာ မောရိုးသည် လုပ်သားပြည်သူတို့နှင့် သင့်သင့်မြတ်မြတ် ကျေကျေအေးအေး ဖြစ်လိုပါမူ သူ၏ လေ့လာစမ်းသပ်မှုကို လက်လွှတ်လိုက်က ဖြစ်နိုင်ပေမည်။ သို့သော် သူ့မှာ လူအများ၏ ဝိုင်းပယ်ခြင်း ခံရလျှင် ခံရစေ။ မိမိ၏ လက်တွေ့ လေ့လာစမ်းသပ်မှုများကိုကား လက်မလွှတ်နိုင်ဟူသော သုတေသီပုဂ္ဂိုလ်များ၏ ဉာဉ်အတိုင်း ပြင်းထန်သော ဖွဲ့ဆန္ဒမျိုးရှိသည့်အတွက် တိုင်းပြည်မှ ထွက်သွားရန်မှာ သူ့အတွက် ဝန်မလေးခဲ့ပေ။ ထို့ပြင် သူ့၌ အိမ်ထောင်ရက်သား သားမယားမရှိ။ တစ်ကိုယ်တည်း ဖြစ်ရကား၊ လူလွတ်တစ်ယောက်အနေဖြင့် မိမိဝါသနာပါရာကို ကိုယ်လွတ်လက်လွတ် လုပ်ကိုင်နိုင်ရန် ငဲ့ကွက်စရာ အကြောင်းဟူ၍ အလျဉ်းမရှိပေ။

ထိုစဉ်က အင်္ဂလန်ပြည်မှ ထွက်ခွာသွားရသော ဒေါက်တာမောရိုးသည် ဤပုဂ္ဂိုလ်ပင် ဖြစ်ရမည်ဟု ကျွန်ုပ် တစ်ထစ်ချ ယူဆမိ၏။ ဤသို့ဖြစ်နိုင်ရန်လည်း





အဖက်ဖက်မှ စဉ်းစားကြည့်လျှင် မှန်ကန်ဖွယ်ရှိနေ၏။ ဤပုဂ္ဂိုလ်ကြီးသည် ဒေါက်တာ မောရိုးဖြစ်လျှင် ယနေ့ သင်္ဘောဖြင့် တင်ဆောင်လာခဲ့သော ကျားသစ်ကြီးနှင့် တကွ အခြားတိရစ္ဆာန်ကြီးငယ်တို့၏ ကံကြမ္မာမှာ မည်သို့ အဆုံးသတ်ကြမည်ကို ကျွန်ုပ် စိတ်တွင် ရေးရေးပေါ်လာပေတော့၏။ ဤသို့ စဉ်းစားလျက် ရှိနေသည့် အခိုက်၌ပင် ထူးဆန်းသော အနံ့တစ်မျိုးသည် ကျွန်ုပ်၏ နှာခေါင်းအတွင်းသို့ တိုးဝင်လာရာ ထိုအနံ့မှာ ဆေးရုံများရှိ ခွဲစိတ်ကုသသော အခန်းများတွင် အသုံးပြုသည့် အနာများမယင်းစေရန်ထည့်သော ဆေးနံ့ပင် ဖြစ်လေသည်။ တစ်ဘက်ခန်းမှလည်း ကျားသစ်ကြီး ဟိန်းဟောက်နေသံကို ကြားရ၏။ အမဲလိုက် ခွေးတစ်ကောင်မှာ တစ်စုံတစ်ရာ ထိခိုက်မိသဖြင့် နာကျင်သည့် အသံမျိုးဖြင့် အော်မြည်နေသံကိုလည်း ကြားရလေ၏။

ကျွန်ုပ်ကဲ့သို့ သိပ္ပံပညာကို တီးခေါက်မိပြီးဖြစ်သူတစ်ယောက်ကိုပင် ရှုတ်ချည်း အသိမပေးနိုင်လောက်အောင် လျှို့ဝှက်ထားသော သူတို့၏ စမ်းသပ်မှုကား သတ္တဝါများကို အရှင်လတ်လတ် ခွဲစိတ်ဖြတ်တောက်ပြီးလျှင် စမ်းသပ်သော နည်းမဟုတ်က အခြားလုပ်ငန်း မဖြစ်နိုင်ကြောင်း ကျွန်ုပ် တွေ့ရပေပြီ။ မကြာမီက ခန်းတွင်းမှ ထွက်သော မော်င်ဂိုမာရီ၏ တပည့်တွင်ရှိသော ချွန်၍ထောင်နေသည့် နားရွက်များနှင့် အရောင်လက်နေသော မျက်လုံးများကို ကျွန်ုပ် စိတ်ထဲတွင် ယနေ့တစ်ကြိမ် သဲသဲကွဲကွဲ မြင်ယောင်လာမိပြန်လေသည်။ ပြတင်းပေါက်မှ အပြင်သို့ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ စိမ်းလဲ့သော ဝင်လယ်ပြင်တွင် လေညှင်းများ တိုက်ခတ်နေသဖြင့် လှိုင်းခေါင်းဖြူများ ဖွေးလျက်ရှိနေသည်ကို တွေ့မြင်ရ၏။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်းမှစ၍ ကျွန်ုပ် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များမှာ ကျွန်ုပ်၏ စိတ်တွင် ရုပ်ရှင်ဇာတ်စမ်းကဲ့သို့ တစ်ခုနှင့်တစ်ခု ဆက်စပ်ကာ ဖောက်လျောက်ပေါ်ပေါက်လာလေတော့၏။

ဤအခြေအနေနှင့် အဖြစ်အပျက်များသည် မည်သို့ အဓိပ္ပာယ်ရှိလေသနည်း။ လူသူလေးပါးမှ အလွန်ဝေးကွာလျက် တစ်ကျွန်းတည်း တည်ရှိနေသော ဤကျွန်းကလေးပေါ်၌ပင် အိမ်ကလေးကို ဝင်းခြံခတ်၍ အရံအတားများ ပြုလုပ်ကာ သော့ခတ်ပိတ်ထား၏။ ထိုကျွန်းပေါ်၌ကား အရှင်လတ်လတ် ခွဲစိတ်ဖြတ်တောက် စမ်းသပ်လေ့ရှိသော သိပ္ပံပညာရှင်ကြီးတစ်ဦး ရောက်နေ၏။ ထို့နောက် သူ၏ ပုံပျက်ပန်းပျက်နှင့် ခြေဆာ လက်ဆာရှိနေသူများကိုလည်း မျက်ဝါးထင်ထင် ကျွန်ုပ် တွေ့မြင်နေရပြီး မဟုတ်ပါလား။

*

www.burmeseclassic.com

www.burmeseclassic.com

# ၈

# ကျားသစ်အော်သံ

ကျွန်ုပ်သည် ဤအကြောင်းနှင့်တကွ ဒေါက်တာ မောရိုး၏ အကြောင်း များကို များစွာ သံသယမကင်းလှသဖြင့် တစ်ယောက်တည်း တွေးတောလျက် ရှိစဉ် မောင်ဂိုမာရီသည် အခန်းတွင်းသို့ ဝင်လာသဖြင့် ကျွန်ုပ်၏ အတွေးများ ပျက်သွားတော့၏။ သူ့နောက်မှ ပုံပန်းမကျ ဂွတက ဘုပည့်ကြီးလည်း ပါ လာ၏။ ၎င်း၏ လက်ထဲတွင် လင်ပန်းတစ်ချပ်ကို ကိုင်ထားလျက် လင်ပန်း ထဲတွင် ပေါင်မုန့်၊ သစ်သီးသစ်ဥများနှင့် အခြားစားဖွယ်သောက်ဖွယ်များအပြင် ဝီစကီ ထည့်ထားသော ချိုင့်တစ်ခု၊ ရေချိုဘူးတစ်လုံး၊ သားလှီးဓားနှင့် ဖန်ခွက် သုံးလုံး ပါရှိလေသည်။ ငေး၍ကြည့်နေမိရာ သူကလည်း အငြိမ်မနေသော မျက် လုံးများဖြင့် ကျွန်ုပ်အား ပြန်၍ကြည့်နေသည်ကို တွေ့ရ၏။ မောင်ဂိုမာရီက သူ ကိုယ်တိုင်လည်း ကျွန်ုပ်နှင့်အတူ စားသောက်မည်ဖြစ်ကြောင်း၊ ဒေါက်တာ မောရိုး မှာ လုပ်လက်စအလုပ်တွင် စိတ်ဝင်စားနေသဖြင့် မလာနိုင်ကြောင်း ပြောပြ သည်။

"မောရိုးဆိုတဲ့ နာမည်ကို ကျုပ်ကြားဖူးပါတယ်ဗျာ" ဟု ကျွန်ုပ်က မောင်ဂိုမာရီအား စကားစလိုက်ရာ မောင်ဂိုမာရီက –

"အင်း ... ခင်ဗျားသိတာ ပိုဆိုးနေတာပဲဗျို့။ ကျုပ်ကလည်း ခင်ဗျား ရှေ့မှာ လွတ်ခနဲ ထွက်သွားမိတယ်။ ကျုပ်ဖာသာ ကျုပ် မပြောခင် ဆင်ခြင် ကောင်းတယ်။ ကျုပ် ကိုယ်က မိုက်ပါတယ်ဗျာ။ ဒါပေမယ့် ကျုပ်တို့ အ





လုပ်နေတဲ့ လျှို့ဝှက်ချက်တွေကို ခင်ဗျားအဖို့ ရိပ်မိသွားနိုင်တာပေါ့။ ကိုင်း ... ဝီစကီ ယူမလား"

"မယူပါဘူးဗျာ။ ကျွန်တော် အရက်မသောက်တတ်ပါဘူး"

"ကျုပ်လည်း ခင်ဗျားလို အသောက်အစား ရှောင်ခဲ့မိရင် အကောင်း သားဗျာ။ ဒါပေမယ့် အခုတော့ မထူးပါဘူးလေ။ ကျုပ် ဒီကို ရောက်လာရတဲ့ အကြောင်းကလည်း ဒီအရေတွေ နှိပ်စက်လို့ပဲဗျ။ ပြောလက်စနဲ့ ပြောရဦးမယ်။ မြူတွေဆိုင်းနေတဲ့ ညတစ်ညပေါ့။ ကျုပ်ကလည်း အရက်ကလေး တမြမြနဲ့ ခပ်ရီရီ ဖြစ်နေတုန်း မောရိုးနဲ့သွားတွေ့ပြီး ဒီအလုပ်ကိုလုပ်ဖို့ ကျုပ်က သဘောတူ လိုက်မိတယ်ဗျာ။ အလုပ်ကတော့ အဆန်းသားဗျ"

အပြင်တံခါးပိတ်သံ ကြားလိုက်ရပြီးနောက် ကျွန်တော်က ကြားဖြတ် လျက် –

"ဒါနဲ့ မောင်ဂိုမာရီ၊ ခင်ဗျား လူက ဘာဖြစ်လို့ နားရွက်တွေ ချွန်းနေ တာလဲဗျ"

မောင်ဂိုမာရီက အစားတစ်လုပ်ကို စားလိုက်ရင်း "ဘာပြောတယ်ဗျ၊ ခင်ဗျား ပြောတာ ဘာ၊ နားရွက်အချွန်း ဟုတ်လား"

ကျွန်ုပ်က အသံကို မနည်းထိန်းလျက် "ဟုတ်တယ်၊ နည်းနည်း ချွန်း နေတယ်။ ပြီးတော့ နားရွက်အချွန်းတွေမှာ အမွေးနက်ကလေးတွေ ဖုံးလို့"

မောင်ဂိုမာရီက ကျွန်ုပ် ပြန်ပြောနေသည်ကို မဖြေသေးဘဲ ဝီစကီကို ရေနှင့် ရောစပ်ကာ ခပ်များများ သောက်၍နေလေသည်။

"ဒီလိုဗျ၊ ခင်ဗျား ပို့လိုက်တဲ့ ကော်ဖီပန်းကန်ကို သူ ယူလာတော့ ကျုပ် ရှေ့က စားပွဲမှာ ကုန်းပြီး လင်ပန်းကို ချလိုက်တုန်း သူ့နားရွက်တွေကို အမှတ်တမဲ့ ကျုပ် မြင်လိုက်တာပဲ။ ပြီးတော့ သူ့မျက်လုံးတွေကလည်း အမှောင် ထဲမှာတောင် အရောင် ထွက်နေတယ်"

ကျွန်ုပ်က ဤသို့ဆက်၍ ပြောလိုက်သောအခါ မောင်ဂိုမာရီဟာ ကျွန်ုပ် နောက်ထပ်ပြောသည့် စကားများကို ပထမဆုံးမေးခွန်း မေးလိုက်စဉ်ကကဲ့သို့ မအံ့ဩတော့ဘဲ နားသာထောင်လျက် ရှိနေသည်ကို တွေ့ရ၏။

"ကျုပ်လည်း ထင်တော့ ထင်နေတာပဲ။ သူ့နားရွက်တွေဟာ တစ်မျိုးပဲ လို့။ သူ့နားရွက်ကို ဖုံးထားမိုက တစ်မျိုးပဲဗျနော်။ နေပါဦး ... ဘာနဲ့ တူပါလိမ့်"

သူသည် ကျနွှေ့ဆယ်ကာ ထိုသူ၏ အကြောင်းကို ကျွန်ုပ်အား ပြောပြ လျက်ရှိ၏။ သို့သော် သူ၏ အမူအရာမှာ အကြောင်းစုံ သိပါလျက် မသိဟန် ဆောင်၍ ပြောဆိုနေကြောင်း ကျွန်ုပ် ရိပ်မိလေပြီ။ သို့သော် သူသည် အသားလွတ် သဘောဖြင့်ပြောဆိုနေသည်ဟု တွတ်အပ်မဆိုသာသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"ချွန်လည်း ချွန်တယ်။ နှာခေါင်းက သေးပြီး အမွှေးတွေကလည်း ဖွာထွက်နေသေးတယ်။ ပြီးတော့ ဒီလူဟာ တစ်ကိုယ်လုံး အစစ အရာရာမှာ ကျုပ် မြင်ဖူးသမျှ သတ္တဝါတွေထဲမှာ အထူးဆန်းဆုံး ဖြစ်နေတယ်ဗျ"

ထိုအချိန် အတွင်းဘက် အခန်းများဆီမှ တိရစ္ဆာန်တစ်ကောင်၏ စူးစူးဝါးဝါး ပြင်းပြင်းထန်ထန် အော်လိုက်သော အသံကို ကြားလိုက်ရ၏။ အသံကြီးမားပုံ၊ ကျယ်လောင်ပုံကို ထောက်ရှုခြင်းအားဖြင့် ကျားသစ်ကြီးပင်ဖြစ်ကြောင်း သက်သေခံလုံလောက်လျက်ပင် ရှိနေလေပြီ။ ကျားသစ်ကြီး အော်သံကို ကြားရသည်နှင့် တစ်ပြိုင်နက် မောင်ဂိုမာရီ၏ မျက်လုံးများမှ ပုတီခတ် ပုတီခတ် ရှိနေပြီးလျှင် "အင်း" ဟု လေးလေးတွဲ့တွဲ့ ညည်းညူလိုက်လေသည်။

"ဒီလူကို ခင်ဗျား ဘယ်က တွေ့လာတာလဲဗျ"

"ဟို ... ဟို၊ ဆန်ဖရန်စစ္စကိုမြို့ကပေါ့ဗျာ။ အင်မတန် အရုပ်ဆိုး၊ အကြီးတန်တဲ့ လူတစ်ယောက်ပေါ့။ ညာဖက်ကလည်း တစ်ဝက်တစ်မျက်ပဲ ရှိတယ်ဗျ။ ခင်ဗျား အကဲခတ်မိမှာပေါ့။ သူ့ကိုယ်သူလည်း ဘယ်အရပ်က လာတယ်ဆိုတာ သိတာ မဟုတ်ဘူး။ ကျုပ်ကတော့ သူနဲ့ နေတာ ရိုးနေပြီဗျို့။ သူကလည်း ကျုပ်ကို ရိုးနေပြီ။ နေပါဦး ... ခင်ဗျားက သူ့ကို ဘယ်လိုများ မြင်လို့လဲ"

"ဒီလူရဲ့ ပုံပန်းက သဘောဝမကျဘူးဗျာ။ ကျုပ်ကို စိတ်ကူးယဉ်တယ်လို့ပဲ ပြောပြော၊ ဒီလူ ကြည့်ရတာက တစ်မျိုးကြီးပဲဗျ။ သူ့ကို ကျုပ် အနားရောက်လာရင် ကျုပ်ဟာ ကျောထဲက စိမ့်သလို ဖြစ်သွားတော့တာပဲ။ တကယ့် မကောင်းဆိုးဝါးတစ်မျိုးကြီးပါပဲ"

မောင်ဂိုမာရီသည် စားလက်စကို မစားသေးဘဲ ကျွန်ုပ် ပြောသော စကားများကို နားစိုက်၍ ထောင်နေလေသည်။

"အင်း ... ဆန်းတယ်။ ကျုပ်တော့ သတိမထားမိပါဘူး"

သူသည် ပြောပြောဆိုဆိုနှင့်ပင် ပါးစပ်ထဲသို့ စားသောက်ဖွယ်များကို ထပ်၍ ထည့်လိုက်ပြန်လေသည်။ ထို့နောက် ပါးစပ်ထဲမှ အစားအစာများကို ဆက်လက်၍ ဝါးရင်း –

"ကျုပ်တော့ သတိမထားမိဘူး။ သင်္ဘောပေါ်က သင်္ဘောသားတွေကလည်း သူတို့စိတ်ထဲမှာ ခင်ဗျား ဖြစ်သလို ဒီအကောင်ကို ကြည့်ပြီး စက်ဆုပ်နေကြတယ် ထင်ပါ့ဗျာ။ ဒါကြောင့်လည်း သူ့ကို အမျိုးမျိုးကို စနေကြတာပေါ့။ ကပ္ပတိန်ကိုလည်း ခင်ဗျား တွေ့တယ် မဟုတ်လား"

ထိုအချိန်၌ ကျားသစ်ကြီးအော်သံ ပေါ်ထွက်လာပြန်၏။ ဤတစ်ကြိမ်တွင် စူးစူးဝါးဝါး အော်မြည်လိုက်သည်ကို သတိထားမိ၏။ မောင်ဂိုမာရီသည် တစ်ဖုံတစ်ရာကို ခပ်တိုးတိုး ရေရွတ်လိုက်သဖြင့် ကျွန်ုပ်လည်း ကမ်းစပ်တွင်





တွေ့ခဲ့သော လူများအကြောင်းကို ဆက်လက်မေးရန် စိတ်မပါလှတော့ချေ။ သို့သော် အတွင်းခန်းဆီမှ ကျားသစ်ကြီးကမူ တစ်ချက်တစ်ချက် စူးခနဲ့ ဝါးခနဲ့ ပြင်းထန်စွာ အော်နေသည်ကို ကြား၍နေရပြန်လေသည်။

ကျွန်ုပ် ။ ။"ဒါနဲ့ ကမ်းစပ်မှာ တွေ့ခဲ့တဲ့ လူတွေကောဗျာ။ ဘာလူမျိုးတွေပါလိမ့်"

ရီ ။ ။"ဘယ့်နှယ့်လဲဗျို့။ ဒီလူတွေ လုပ်တာကိုင်တာ မကျွမ်းမကျင်လားဗျာ"

မောင်ဂိုမာရီသည် ကျွန်ုပ်၏ မေးခွန်းကို တိုက်ရိုက်မဖြေဘဲ ကျွန်ုပ်ပြောနေစဉ် ကြားဖြတ်၍ စိတ်မပါတပါနှင့် ပြောလိုက်လေသည်။ သူ ပြောနေစဉ် ကျားသစ်ကြီး၏ အော်သံတစ်ချက် ပေါ်လာပြန်ရာ မောင်ဂိုမာရီသည် အထက်သို့ အရေပြား ကျုံ့၍ တက်သွားအောင် ရုတ်တရက် မျက်မှောင်များ ကုပ်၍သွားသည်ကို မြင်လိုက်ရ၏။

ကျွန်ုပ်သည် စကားဆက်၍ မပြောရတော့ဘဲ ခေတ္တရပ်ထားလိုက်၏။ နောက်တစ်ကြိမ် ထွက်ပေါ်လာသော ကျားသစ်ကြီး၏ အော်သံမှာ ပထမအကြိမ်ထက်ပင် ဆိုးဝါးစူးရှလာလေသည်။ မောင်ဂိုမာရီသည် ညိုမှောင်၍ အဆင်းအရောင် ကင်းမဲ့သော မျက်လုံးများဖြင့် ကျွန်ုပ်အား တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီးနောက် ဝီစကီကို ထပ်၍ ငှဲ့သောက်နေပြန်လေသည်။ သူသည် အရက်အကြောင်းကို စကားဆက်ရန် ကြိုးစားနေပုံရ၏။ အရက်ကြောင့် ကျွန်ုပ်၏ အသက်ကို ကယ်ဆယ်လိုက်နိုင်ကြောင်းကိုလည်း ပြောဆိုလျက်ရှိရာ သူသည် ကျွန်ုပ်၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ကြောင်းကိုလည်း သိသာထင်ရှားစေရန် ပြောဆိုလိုသော စိတ်ထက်သန်လျက်ရှိသည်ကို ကျွန်ုပ် ရိပ်စားသဘောပေါက်မိ၏။ ကျွန်ုပ်မှာ စိတ်မပါတပါနှင့်ပင် သူ့စကားများကို ပြန်၍ဖြေဆိုနေရလေသည်။

ကျွန်ုပ်တို့ စားသောက်ပြီးစီးသွားသောအခါ နားရွက်ချွန်းနှင့် သတ္တဝါသည် သိမ်းဆည်းသွား၏။ မောင်ဂိုမာရီမှာ စားသောက်ပြီးနောက် အပြင်သို့ ထွက်သွားသဖြင့် ကျွန်ုပ် တစ်ယောက်တည်းသာ အခန်းထဲတွင် ကျန်ရစ်ခဲ့လေ၏။ သူသည် အခန်းထဲတွင် ကျွန်ုပ်နှင့်အတူ စားသောက်လျက် ရှိစဉ်က ကျားသစ်အော်သံကို ကြားလိုက်သည့်အခါတိုင်း သူ၏ စိတ်လှုပ်ရှားမှုကို ကျွန်ုပ် မသိအောင် ကြိုးစားဖုံးကွယ်ထားကြောင်း တွေ့ရ၏။ စိတ်ဓာတ်ခိုင်မာရန် အရေးကြီးကြောင်းဖြင့်လည်း သူကပင် ကျွန်ုပ်အား ပြောဆိုခဲ့သေး၏။

ကျွန်ုပ်မှာ ကျားသစ်အော်သံများကို တစ်ကြိမ်ပြီးတစ်ကြိမ် ကြားနေရပြီးလျှင် ဤသို့ဖြင့် မှန်းတည့်ချိန်လွန်သည်အထိ ၎င်း၏အော်သံသည် ပို၍စူးရှကျယ်လောင်လာသည်ကို နားမချမ်းသာအောင် ကြား၍နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် ထိုအသံကို ကြားရသည်မှာ စိတ်မချမ်းသာဖွယ်မျှသာ ဖြစ်၏။ သို့သော် တစ်ခါနှစ်ခါ မဟုတ်ဘဲ ဆက်တိုက် ကြားလာရသောအခါ စိတ်ထဲမှာ ဂဏှာမငြိမ်နိုင်အောင် ဖြစ်၍လာတော့၏။ ထို့ကြောင့် ဖတ်လက်စစာအုပ် နံဘေးသို့ ပစ်ချလိုက်ပြီးလျှင် လက်သီးကို ဆုပ်မိ၏။ ကျွန်ုပ်သည် နှုတ်ခမ်းသားများကို လည်း သွားဖြင့် ကိုက်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလား၍ နေမိလေသည်။

ကျွန်ုပ်မှာ နားမချမ်းသာလွန်းလှသော အသံများကို မကြားချင်တော့ သဖြင့် နားရွက်နှစ်ဖက်ကို လက်ဝါးဖြင့် ဆို့ပိတ်၍ထားမိလေသည်။

တီရစ္ဆာန်အော်သံမှာ ကယ်ပါယူပါ တစာစာ အော်သံမျိုးကဲ့သို့ ကျွန်ုပ် ၏ စိတ်၌ ခံစားမိရကား ထိုအသံများကို ဆက်လက်၍ အကြောင်းမဲ့သက်သက် နားထောင်နေခြင်းငှာ မဖြစ်နိုင်တော့ပေ။ နောက်ဆုံးတွင် အခန်းကလေးထဲ၌ နေ၍မဖြစ်နိုင်လောက်အောင် စိတ်ဆင်းရဲ၍ လာမိတော့၏။ ကျွန်ုပ်သည် အခန်း၏ ရှေ့တံခါးကို ဖွင့်လျက် ငိုက်မြည်းညည်းငွေ့ဖွယ်ကောင်းလှသော နေပူကျဲကျဲထဲသို့ ထွက်လာခဲ့မိ၏။ ဝင်းခြံတံခါးကြီးဆီသို့ ရောက်သောအခါ တံခါးကို ဖွင့်၍ ထွ ပြီးနောက် ပြန်၍ ပိတ်ထားခဲ့ပြီးလျှင် အုတ်နံရံထောင့်ကျိုးကို ကွေ့ပတ်လျ ခြေဦးတည့်ရာ လျှောက်၍ ထွက်လာခဲ့လေသည်။

ခြံဝင်းအတွင်း အဆောက်အဦထဲမှ ကြားရသော ကျားသစ်ကြီး၏ အော်သံသည် အပြင်မှနားထောင်ရသောအခါ ပို၍ပင် စူးရှနေတော့၏။ တစ်က လုံးမှ ခံစားနေရသော ဒုက္ခဝေဒနာများကို ဤသတ္တဝါကြီးတစ်ကောင်ထဲက စု တားနေရဘိသကဲ့သို့ ဟစ်အော်ညည်းညူသော အသံမျိုးဟုပင် ထင်မှတ်ဖွယ် ပေတော့၏။ တစ်ဘက်ခန်းတွင် မည်သို့ဖြစ်နေသည်ဟု စိတ်ကသာ သိရလျ အသံဗလံတစ်စုံတစ်ရာကို မကြားရလျှင်ကား တော်ပါသေး၏။ ယခုသော် ကျင်လေသမျှ ခန္ဓာကိုယ်ထဲမှ ထွက်ပေါက်ရှာလျက် လောကကြီးကို အံ့သိမ်း သော အသံဖြစ်ပေါ်မှုဟူ၍ရှိပေရာ၊ ထိုအသံကို ကြားရသဖြင့် ကရုဏာစိတ်မ ဖြစ်ပေါ်၍လာပြီးလျှင် စိတ်ထဲ၌လည်း လွန်စွာပင်ပန်းနွမ်းနယ်၍ လာမိ၏။ သည် ခတ်ကျဲကျဲပင် ပူပြင်းတောက်ပလျက်ရှိ၏။ ပင်လယ်လေညင်းမှာ ကျွန် ရှိ သစ်ကိုင်းသစ်ခက်၊ သစ်ရွက်စိမ်းများကြားမှ တညိမ့်ညိမ့် တအေးအေး တို ခတ်လျက် ရှိနေသော်လည်း ကျွန်ုပ်၏စိတ်၌မူ ကမ္ဘာလောကကြီးသည် ရှုပ် လှသော အရေးကြီးပါတကားဟုထင်ယောင်ကာ မျက်စိထဲတွင် အနီရောင် အ ရောင်များ ဝိုးတဝါးထင်လျက်ရှိလေသည်။ တစ်ခဏမျှကြာလတ်သော် အ စည်းရိုးကာထားသည့် ကျွန်ုပ်တို့၏အဆောက်အဦနှင့် တစ်ခေါ်သာသာခန့် သောနေရာသို့ရောက်လာရာ ထိုအခါမှ ကျွန်ုပ်မှာ နားချမ်းသာရာရပေတော့



## ၉

## တောထဲမှ ထူးဆန်းသော အရာ

ကျွန်ုပ်သည် အိမ်၏ အနောက်ဘက်ကျသော အတွင်းတောင်နှာမောင်း ကလေး တောစပ်ရှိ ချုံပုတ်များထဲသို့ တိုးဝင်ကာ လျှောက်၍သွားလေ၏။ ညီသည့်နေရာသို့ သွားမည်ဟူ၍ကား စိတ်ထဲတွင် မယ်မယ်ရရ မဟုတ်ဘဲ ခြေဦးတည့်ရာ ဆက်လျှောက်မိသည်တွင် ပင်စည်ဖြောင့်ဖြောင့်နှင့်ခပ်စိတ်စိတ် ပေါက်လျက်ရှိသော သစ်ပင်အုပ်စုများဆီသို့ ရောက်ရှိသွားလေသည်။ ထိုအခါ ခင်တန်းကလေးကိုကျော်ကာ တောင်နှာမောင်း၏ အခြားဘက်သို့ ရောက်ရှိနေ ကြောင်း သိရ၏။ ထိုနေရာတွင် လျှိုကလေးတစ်ခုရှိ၏။ မြို့ကလေး၏ အောက် ခြေတွင် တသွင်သွင် စီးဆင်းလျက်ရှိသော ချောင်းငယ်တစ်ခုကို မြင်ရသဖြင့် ထိုချောင်းဆီသို့ လျှောက်ဆင်းသွားလေသည်။ ကျွန်ုပ်သည် ခေတ္တမျှ ရပ်ကာ စိုက်၍ ထောင်မိ၏။ ကျွန်ုပ်လာခဲ့သည်မှာ ခရီးအတော်ပေါက်ခဲ့ပြီဖြစ်၍ တောင် နှာမောင်းကို ကျော်၍လာခဲ့ပြီးဖြစ်ရာ အိမ်ဆီမှာ အသံဗလံများကိုကား မကြားနိုင် တော့ချေ။ လေမှာ ငြိမ်သက်လျက်ရှိနေ၏။ ထိုအချိန်တွင် ချုံပုတ်ထဲမှ ယုန်တစ် ကောင်သည် ရှူးခနဲ ထွက်လာပြီးနောက် လျှို၏ တစ်ဘက်ဖြစ်သော ကုန်းစော တွင် အလန့်တကြား ဖြတ်၍ပြေးသွားသည်ကို မြင်လိုက်ရ၏။ ဤကဲ့သို့ မြင် လိုက်ရသဖြင့် ကျွန်ုပ်သည် ရုတ်တရက် အံ့အားသင့်၍ သွားကာ အရိပ်ရှိသော နေရာကလေးတွင် ခြေပစ်လက်ပစ်ထိုင်၍ နေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာကလေးမှာ အလွန်သာယာ၍ ချောင်းကလေးစီးဆင်းသွားပုံကို အကုန်မမြင်ရချေ။ စိမ်းလန်းသော ချုံပုတ်များက ကမ်းစပ်တွင် ဖုံးနေသဖြင့် ရေကြည်သော နေရာအကွက်တစ်ကွက်ကို ခပ်လှမ်းလှမ်းသို့ ရောက်မှသာ ဘွားခနဲ တွေ့မြင်ရလေသည်။ အဝေးသို့ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ အပြာရောင်မြူခိုးအထက်မှ သစ်ပင်သစ်အုပ်များကို မြင်ရပြန်လေသည်။ ၎င်းအထက်မှ ပြာလဲ့လဲ့အရောင်ဖြင့် ကြည်လင်လျက်ရှိသော ကောင်းကင်မှာ ထင်းခနဲ ဖြစ်၍နေ၏။ ကျွန်ုပ်သည် ဟိုဟို ဒီဒီ လှမ်း၍ကြည့်သည်တွင် ခပ်လှမ်းလှမ်းဆီမှာ အဖြူရောင်သွေးရောင်စသော အစုအကွက်များကို မြင်ရသဖြင့် ၎င်းတို့မှာ ကျီးပေါင်းပင်၊ သစ်ကပ်ပင်များ ဖြစ်ကြောင်း သိရှိရ၏။ ကြည့်၍ကောင်းကောင်းရှိသည်နှင့် ကျွန်ုပ်လည်း ပတ်ဝန်းကျင်ကို ငေးမောကြည့်ရှု၍နေစဉ် မောင်ဂိုမာရီတပည့် လူထူးလူဆန်း၏ ပုံသဏ္ဌာန်ကို ကျွန်ုပ်၏ စိတ်ထဲတွင် မြင်ယောင်လာမိတော့၏။ သို့သော် ထိုအကြောင်းကို စုံစုံစေ့စေ့ အေးအေးဆေးဆေး တွေး၍နေရန် အချိန်မဟုတ်ပေ။ ကျွန်ုပ်၏ စိတ်သည် တစ်ဝက်တစ်ပျက် အိပ်ပျော်နေသကဲ့သို့ မှိန်းမောတွေဝေ၍ နေမိ၏။

မည်မျှလောက် အချိန်ကြာ၍သွားသည်မသိ၊ ချောင်းကလေးတစ်ဘက်ရှိ သစ်စိမ်းပင်များအကြားမှ ချိုးချိုးချွတ်ချွတ် အသံများကို ကြားလိုက်ရသဖြင့် ဖျတ်ခနဲ သတိပြန်၍ ရလာတော့၏။ ရုတ်တရက်သော် ထိုအသံနှင့်တကွ ကျူပင်နှင့် မြက်ဝင်ရည်ကြီးများ ထိပ်ဖျားတွင် လှုပ်ရှားနေသည်မှတစ်ပါး မည်သည့်အရာကိုမျှ မမြင်ရချေ။ မကြာမီ တစ်စုံတစ်ခုသော အရာသည် ချုံစပ်ကမ်းပါး၌ ဘွားခနဲ ပေါ်၍လာတော့၏။ ပထမ မြင်စဉ်၌ ထိုသဏ္ဌာန်မှာ မည်သည့် သတ္တဝါဟူ၍ မျက်စိထဲတွင် သဲသဲကွဲကွဲ မရှိလှပေ။ ထိုသဏ္ဌာန်သည် ဦးခေါင်းကို စိုက်ကာ ချောင်းထဲမှ ရေကို ငုံ့၍ သောက်လျက်ရှိ၏။ ကျွန်ုပ် မြင်နေရသည့် ရေသောက်နေသော သတ္တဝါမှာ လူပင် ဖြစ်၏။ သို့သော် တိရစ္ဆာန်ကဲ့သို့ လေးဘက်တွားကာ ရေကိုလည်း တိရစ္ဆာန်ကဲ့သို့ ငုံ့၍သောက်နေလေသည်။

ထိုသူမှာ အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားလျက် အသားမှာ ကြေးနီရောင်ဖြစ်၏။ ဆံပင်မှာ အနက်ရောင်ဖြစ်၏။ ဤကျွန်းနေ လူများမှာ ကြည့်၍ရှု၍ မတင့်တယ်လောက်အောင် ကြမ်းတမ်းအရုပ်ဆိုးလှသည်ဟု ကျွန်ုပ်စိတ်တွင် ထင်မှတ်မိတော့၏။ ထိုသူသည် ရေကို လျှာဖြင့် လျက်ကာ တပျပ်ပျပ် အသံမြည်ကာ သောက်၍နေလေသည်။

ရေသောက်နေသော သူကို ကောင်းစွာ မြင်နိုင်ရန် ကျွန်ုပ်သည် ရှေ့သို့ လက်ထောက်ကာ ကိုယ်ကို အတန်ငယ် ညွတ်၍ ကြည့်နေစဉ် ကျွန်ုပ်၏ လက်ဖဝါးအောက်မှ ချော်ခဲလေးတစ်ခဲသည် ပွံ့၍ကျပြီးနောက် ချောင်းစပ်ဆီသို့





တဖျောက်ဖျောက် လိမ့်ဆင်းသွားလေ၏။ ထိုသူသည် မိမိအား တစ်စုံတစ်ယောက် တွေ့ရှိသွားလေပြီလောဟု စိတ်မလုံသည့် အမူအရာဖြင့် ရုတ်တရက် မော်၍ကြည့်လိုက်ရာ ကမ္ဘူစွန်းမှ ထိုင်၍နေသော ကျွန်ုပ်နှင့် မျက်လုံးချင်း ဆုံ၍သွားလေ၏။ ထိုအခါ သူသည် ခြေနှစ်ဖက်ကို စုံပြန်၍ ရပ်လိုက်ပြီးလျှင် လက်ဖဝါးကြီးဖြင့် သူ၏ ပါးစပ်ကို သုတ်ကာ ကျွန်ုပ်အား စိမ်းစိမ်းကြည့်လျက် ရှိနေလေသည်။

ထိုသူ၏ ခြေထောက်များမှာ အလွန်တိုသဖြင့် သူ၏ ခန္ဓာကိုယ်ထက်ဝက်မျှပင် မရှည်ချေ။ သူနှင့် ကျွန်ုပ်တို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆုံလျက်ရှိရာမှ တစ်မိနစ်မျှ မကြာမီ သူသည် နောက်သို့ တစ်ကြိမ်နှစ်ကြိမ်မျှ ပြန်၍ လှည့်လိုက်ပြီးလျှင် လက်ယာဘက်ရှိ တောထဲသို့ လျင်မြန်စွာ တိုးဝင်သွားလေရာ ထိုနေရာမှ ချုံများကို တိုးခတ်မိသဖြင့် တရှဲရှဲ မြည်သော အသံများကို ကြားလိုက်ရပြီးနောက် ပျောက်ကွယ်သွားလေတော့၏။ ကျွန်ုပ်မှာလည်း သူပျောက်ကွယ်သွားသောနေရာကို တစ်ခဏမျှ ငေးမောကြည့်ရှု၍ နေမိတော့၏။ အိပ်ချင်၊ ငိုက်မြည်းချင်သော စိတ်များလည်း တစ်ခါတည်း ပျောက်၍သွားတော့၏။

ထိုအခိုက် နောက်နားဆီမှ အသံတစ်သံ ကြားလိုက်ရသဖြင့် ရုတ်တရက် လှည့်ကြည့်လိုက်ရာ လျှိုကလေး၏ ထိပ်သို့ ကမန်းကတန်း တက်ပြေးသွားသော ယုန်တစ်ကောင်၏ အမြီးဖြူဖြူကလေးကို မြင်လိုက်ရသဖြင့် ကျွန်ုပ်လည်း ထိုင်နေရာမှ ချက်ချင်း မတ်တတ်ရပ်လိုက်လေသည်။

ထိုမကောင်းဆိုးဝါးကဲ့သို့သော သတ္တဝါကို မြင်လိုက်ရပြီးနောက် ကျွန်ုပ်မှာ ထိုနေ့တစ်ညနေလုံး စိတ်ထဲတွင် အထိတ်တလန့် ဖြစ်၍နေမိတော့၏။ ထိုအခါ ကျွန်ုပ်လည်း လက်ထဲတွင် ခုခံနိုင်သည့် ကြီးကြီးကျယ်ကျယ် လက်နက်ဟူ၍ မည်သည့်လက်နက်မျှ ပါ၍မလာမိသည်ကို စိတ်မကောင်း ဖြစ်မိ၏။ ထို့ပြင် ကျွန်ုပ် အမှတ်မထင် တွေ့ခဲ့သောသူမှာ အရိုင်းအစိုင်းများကဲ့သို့ အဝတ်မပါ၊ ဗလာကိုယ်တည်းမဟုတ်ဘဲ သူ့ကိစ္စနှင့်သူ သွားလာနေခြင်း ဖြစ်မည်ကို တွေးမိသောအခါမှ အတန်ငယ် စိတ်သက်သာရာ ရမိတော့၏။ ၎င်း၏ အရုပ်ဆိုးသော ပုံပန်းသဏ္ဌာန် အဆက်အပေါက်များကြောင့်သာ ကြောက်မက်ဖွယ်ကောင်းသည်ဟု သံသယဖြစ်မိဟန် တူပေသည်။

သို့သော် မည်သို့ပင် တွေးခေါ်ကြည့်စေကာမူ ကျွန်ုပ် စိတ်၌ ကြောက်ရွံ့စိတ် မကုန်သေးဘဲရှိနေ၏။ ကျွန်ုပ်သည် ချောင်းကလေး၏ လက်ဝဲဘက်ကမ်းပါးအတိုင်း ဆင်း၍ လျှောက်သွားပြီးလျှင် ကမ်းနှစ်ဖက်စလုံး၌ ဖြောင့်တန်းသော ထင်းစည်များအကြားသို့လည်း တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား ကြီးကြည့်၊ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်' ကြည့်ကာ လျှောက်သွားလျက်ရှိလေသည်။ စိတ်ထဲ၌မူ ထိုသူသည် လူတစ်ယောက်ဖြစ်ပါလျက် အဘယ်ကြောင့် လေးဘက်ထောက်၍ သွားကာ ရေကိုလည်း တိရစ္ဆာန်ကဲ့သို့ တပျပ်ပျပ် ငုံ့သောက်ရလေသနည်းဟု စဉ်းစား၍ မရနိုင်အောင် ရှိနေတော့၏။ ထိုအခိုက် တိရစ္ဆာန်တစ်ကောင်၏ အော်သံကို ရုတ်တရက် ကြားလိုက်လေရာ 'အင်း ကျားသစ်ကြီး' ပဲဟု တွေးမိသဖြင့် ကျွန်ုပ်လည်း နောက်သို့ပြန်၍ လှည့်ကာ အသံလာရာဘက်နှင့် ဆန့်ကျင်ဘက် ဖြစ်အောင် လမ်းပြောင်းလိုက်ရ၏။ သို့ဖြင့် စမ်းချောင်းကလေးရှိရာသို့ ဆင်းခဲ့ပြီးလျှင် ချောင်းကို ကျော်ဖြတ်ကာ တစ်ဘက်တောထဲသို့ ဝင်ခဲ့လေ၏။

ဤသို့ လျှောက်သွားလျက် ရှိစဉ် မြေပေါ်၌ အနီရောင် အကွက်ကြီးများကို တွေ့ရသဖြင့် ထိတ်လန့်အံ့ဩသွားမိ၏။ သို့သော် ဆက်၍ လျှောက်သွားမိသောအခါ တွန့်ခေါက်နေသော သစ်ကပ်မှော်တစ်မျိုးကို တွေ့ရပြီးလျှင် ၎င်းတို့ကို လက်ဖြင့် တို့ကြည့်သောအခါမှ ယခင်အနီကွက်ကြီးများမှာ ထိုမှော်ပင်များမှ အရည်ပျော်၍ကျသော အကျိအချွဲများ ဖြစ်ကြောင်း သိရလေသည်။

ထို့နောက် ကျွန်ုပ်လည်း ဆက်လက် လျှောက်သွားရာ လှပသော သစ်ပင်ချုံပုတ်ကလေးများအနီးတွင် စိတ်မချမ်းမြေ့ဖွယ်ကောင်းသော အရာဝတ္ထုတစ်ခုကို တွေ့ရပြန်၏။ ယင်းသည်ကား ယခုမှ လော်လောလတ်လတ် သတ်ဖြတ်ထားသည့် ယုန်သေကောင်ကလေးတစ်ကောင် ဖြစ်လေသည်။ ယုန်ကလေးမှာ လည်ကုပ်မှနေ၍ ပြတ်လျက်ရှိ၏။ ကိုင်၍ ကြည့်သောအခါ အသေကောင်မှာ ပူပူနွေးနွေးကလေးပင် ရှိသေးသော်လည်း ယင်မမည်းယောင်းများ အုံလျက်ရှိ၏။ အနီးအနားတွင်ကား သွေးစ သွေးနများကို အနှံ့အပြားတွေ့ရပြီးလျှင် ဤကျွန်းကို မကြာမီကမှ ရောက်ရှိသော ယုန်ကလေးများထဲမှ တစ်ကောင်ကား ကံဆိုးချေလေပြီဟု တွေးလိုက်မိ၏။

အနီးအနားတွင် သတ်ဖြတ်သုတ်သင်သည့် အခြားလက္ခဏာ အမှတ်အသားများ တစ်စုံတစ်ရာ မတွေ့ရချေ။ ယုန်ကလေးကို ကြည့်ရသည်မှာ ရုတ်တရက် ဖမ်းဆီး၍ သတ်ဖြတ်ခြင်း ခံရဟန်တူပေသည်။ ကျွန်ုပ်သည် အမွေးဖွားဖွားနှင့် ယုန်သေကောင်ကလေးကို ကိုင်တွယ်ကြည့်ရှုရင်း ဘယ်နည်းဘယ်ပုံ အသတ်ခံရသည်ကို စဉ်းစား၍မရနိုင်အောင်ရှိတော့၏။ ကျွန်ုပ်သည် ယုန်သေကောင်ကလေးကို ကိုင်တွယ်ကြည့်ရင်း မကြာမီကလေးကပင် ချောင်းရေကို ကုန်း၍ သောက်နေသော လူနှင့် မတူသည့် သတ္တဝါကို တရေးရေး တွေး၍ မြင်လာမိ၏။ ဤတောအတွင်း၌ တစ်ကိုယ်တည်း သွားလာနေရသည်မှာ အန္တရာယ်မကင်းလှသည့်အဖြစ်ကိုလည်း တွေးတောစဉ်းစားမိလာပြန်၏။ သို့ဖြင့် ကျွန်ုပ်လည်း ဘေးကပတ်လည်ရှိ အရာဝတ္ထုများကို စိတ်ထဲတွင် တစ်မျိုးတစ်မည်





သဘောထား၍ ကြည့်လာမိ၏။ ကျွန်ုပ်၏ ဘေးဘီတစ်ဝိုက်တွင် ကျွန်ုပ် မသိသော အရာများသည် ကျွန်ုပ်အား လိုက်လံချောင်းမြောင်း ကြည့်ရှုနေသည်ဟု စိတ်ထဲတွင် ထင်မိ၏။ ချုံခနဲ ချွတ်ခနဲ အသံကြားသည်နှင့် တစ်ပြိုင်နက် မိမိအား ရန်ပြုမည့်သူ လာပြီဟု ထင်မိ၏။ နံဘေးမှ ချုံပုတ်များကိုပင် ချုံပုတ်ဟု မထင်တော့ဘဲ ကျွန်ုပ် မမြင်ရသော ရန်သူများဟု စိတ်ထဲတွင် တုန်လှုပ်ချောက်ချား၍ နေလာမိတော့၏။

ထို့ကြောင့် ကျွန်ုပ်လည်း မောင်ဂိုမာရီတို့ရှိရာ အိမ်ဝင်းခြံသို့ ပြန်၍သွားတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်ပြီးလျှင် ချုံပုတ်ကလေးများကို တိုးဝှေ့ကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေ၏။

မကြာမီ ကျွန်ုပ်၏ရှေ့တွင် ချုံနွယ်များ ရှင်းလင်းသော မြေကွက်လပ်ကို မြင်ရလေပြီ။ ထိုခဏ၌ ကျွန်ုပ်သည် ကွင်းပြင်သို့ မထွက်သေးဘဲ ထိုနေရာ၌ ခေတ္တရပ်၍ ကြည့်နေမိ၏။ ရှေ့တွင် မြင်ရသော ကွက်လပ်မှာ တောလမ်းကလေး တစ်ခုဖြစ်အောင် ရှင်းလင်းထားသကဲ့သို့ ထင်ရပြီးလျှင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနေသည်မှာလည်း သစ်ပင်ကြီးတစ်ပင် လဲကျထားသောကြောင့်ဖြစ်ကြောင်း တွေ့ရ၏။ ထိုသစ်ပင်ကြီး လဲကျထားသော နေရာအနီးတွင် ချုံနွယ်ပေါင်းပင်တို့မှာ အကိုင်းအခက်ချင်း ကူးယှက်လျက်ရှိနေ၏။ မြေပြင်ပေါ်သို့ လဲကျနေသော သစ်ပင်ကြီး၏ ပင်စည်အခြောက်ကြီးပေါ်၌ကား လူကဲ့သို့ထင်ရသော သတ္တဝါသုံးခုသည် ဆောင့်ကြောင့်ထိုင်လျက် ရှိနေလေသည်။ သူတို့သည် ကျွန်ုပ်ရောက်ရှိလာသည်ကို သတိထားမိဟန် မတူချေ။ ထိုလူလိုလို သတ္တဝါသုံးခုအနက် တစ်ဦးမှာ'မ' သတ္တဝါဖြစ်၍ ကျန်နှစ်ဦးမှာ 'ဖို' သတ္တဝါများ ဖြစ်ကြလေသည်။ သူတို့၏ ခါးတွင် ရစ်ပတ်ထားသော ကြက်သွေးရောင် အဝတ်စမှတစ်ပါး အဝတ်အစားကင်းမဲ့လျက်ရှိ၏။ အသားမှာ အနီနှင့်အညိုရောင် ရောစပ်လျက်ရှိသော ညိုညစ်ညစ် အရောင်ဖြစ်လျက် မည်သည့်လူရိုင်းမျိုးထဲတွင်မှ ဤကဲ့သို့သော အသားရောင်မျိုးရှိသည်ကို ကျွန်ုပ် မတွေ့ဖူးပေ။ မျက်နှာများမှာ မေးရိုးရှိသကဲ့သို့ ဝိုင်းစက်စက် ဖြစ်နေပြီးလျှင် နဖူးမှာ ရှေ့သို့ မထွက်ဘဲ နောက်သို့ အတန်ငယ် ဝင်နေ၏။ ဦးခေါင်းပေါ်တွင် များစွာ မများလှသော အမွေးအမှင်များ အုပ်လျက်ရှိရာ ဤကဲ့သို့ ပုံပန်းမကျ အရုပ်ဆိုးလှသည့် လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်း သတ္တဝါမျိုးကို တစ်ကြိမ်တစ်ခါမျှ ကျွန်ုပ် မတွေ့မမြင်ဖူးခဲ့ပေ။

သုံးဦးသားတို့သည် စကားဝိုင်းဖွဲ့ ပြောဆိုနေကြပုံ ရလျက် အကယ်၍ သုံးဦးစလုံးပြော၍ မနေစေကာမူ တစ်ဦးပြောသည်ကို ကျန်နှစ်ဦးက စိတ်ပါဝင်စားစွာ နားထောင်လျက် ရှိနေပုံရ၏။ သို့နှင့် သူတို့၏ အနီးသို့ ကျွန်ုပ် ရောက်ရှိနေသည်ကိုပင် သတိထားမိကြဟန် မတူပေ။ သုံးဦးစလုံး၏ ဦးခေါင်းနှင့် ပခုံး



www.burmeseclassic.com

www.burmeseclassic.com



တို့မှာလည်း ဘယ်ဘက်တစ်ခါ ညာဘက်တစ်လှည့် ယိမ်းယိုင်လှုပ်ရှားလျက် ရှိသည်ကို တွေ့မြင်ရ၏။ စကားပြောနေသူ၏ အသံမှာ ခတ်အောအောနှင့် ဗလုံးဗထွေးရှိနေသဖြင့် အသံကို ကွဲပြားစွာ ကြားရနေသည်ကို ကျွန်ုပ် နားမလည်နိုင်ချေ။ ထွက်လာသော အသံမှာ စူးစူးဝါးဝါး ဗလုံးဗထွေးနိုင်လှပေသည်။ စကားပြောနေသူ၏ အသံသည် တဖြည်းဖြည်းနှင့် ဒိတ်စူးစူး ဖြစ်လာပြီးနောက် လက်များကို နံဘေးသို့ ဆန့်တန်းရင်း နေရာမှ ထလိုက်လေသည်။

ထိုသူထလိုက်သောအခါ ဤနှစ်ဦးသည်လည်း လက်များကို နံဘေးသို့ ဆန့်တန်း၍ မတ်တတ်ရပ်လိုက်ကြပြီးနောက် သုံးဦးစလုံးပင် ပါးစပ်မှ အဓိပ္ပာယ်မကွဲသော စကားလုံးများကို ရေရွတ်ကာ သုံးယောက်စလုံး ယိမ်းယိုင်လှုပ်ရှားလျက် ရှိနေကြ၏။ ကျွန်ုပ်သည် ၎င်းတို့၏ ကိုယ်ခန္ဓာများကို ကြည့်ရှုအကဲခတ်ရသည်တွင် ၎င်းတို့၏ ခြေသံများသည် သာမန်လူများကဲ့သို့ မဟုတ်ဘဲ ထူးထူးခြားခြားတိုလျက် ခြေဖဝါးများမှာလည်း လူတို့၌ ရှိရိုးရှိစဉ်ထက် ကြီးမားကျယ်ပြန့်နေသည်ကို သတိပြုမိ၏။ သူတို့သည် မတ်တတ်ရပ်ကာ ယိမ်းယိုင်လျက်ရှိရာမှ တစ်ဖန် ကခုန်သကဲ့သို့ ခြေကို မြှောက်ချီ ချချီပြုလုပ်နေပြန်၏။ ၎င်းတို့၏ နှုတ်မှ ထွက်သောအသံမှာ ကျွန်ုပ်၏ နားတွင် 'အလူးလား' ဟူသကဲ့သို့လည်းကောင်း၊ 'ဘာလူးလား' ဟူသကဲ့သို့လည်းကောင်း အသံမျိုး ထွက်လာသည်ကို ကြားရသည် ထင်မိ၏။ ဤကဲ့သို့ လှုပ်ရှားလျက်ရှိချိန်၌ ၎င်းတို့၏ အကြည့်ရဆိုးသော မျက်နှာများတွင် မျက်လုံးများသည် အရောင်တောက်လျက်ရှိနေသဖြင့် ပျော်ရွှင်ကြည်နူးနေကြဟန်တူသည်ဟု ကျွန်ုပ်ထင်မိ၏။ မျက်နှာတွင် နှုတ်ခမ်းဟူ၍ ထင်ထင်ရှားရှား မရှိသော ပါးစပ်များမှ သွားရည်များသည်လည်း စက်ဆုပ်ဖွယ်ရာ တများများ ကျလျက်ရှိလေသည်။

၎င်းတို့၏ အဓိပ္ပာယ်မရှိသော ကိုယ်လက်လှုပ်ရှားပုံများကို ကြည့်၍ နေရင်း ကျွန်ုပ်၏ စိတ်တွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ထူးဆန်းသည့် သတ္တဝါတစ်မျိုးကဲ့သို့လည်းကောင်း၊ သို့မဟုတ် မြင်ဖူး တွေ့ဖူးနေကျကဲ့သို့လည်းကောင်း ဒွိဟဖြစ်နေသည် သတိပြုမိ၏။ သူတို့တွင် လူကဲ့သို့ ပုံသဏ္ဌာန်မျိုးကွာ ရှိပါပေ၏။ သို့သော် တိရစ္ဆာန်နှင့်တူသော လူများဟု ဆိုရပေမည်။ ၎င်းတို့တစ်ဦးစီအား ကြည့်လိုက်သောအခါ လူပုံလူဟန်နှင့်တကွ ကိုယ်တွင် အဝတ်အစား အနည်းငယ်ရှိနေပါလျက် လှုပ်ရှားပုံ၊ ဦးခေါင်းနေပုံစသည်တို့မှာ ဝက်ကြီးများနှင့် များစွာ တူသည်ဟု ကျွန်ုပ်စိတ်တွင် မထင်ဘဲ မနေနိုင်အောင် ရှိနေတော့၏။

သို့နှင့် ကျွန်ုပ်သည် ရွံရှာအံ့သြသော စိတ်ဖြင့် စောင့်ကြည့်အကဲခတ်နေမိရာ၊ ၎င်းတို့သည် ပလေထဲသို့ ခုန်ရင်းပေါက်ရင်း တဝူးဝူး တအစ်အစ် အော်





မြည်လျက် ရှိကြကုန်၏။ သို့ရှိစဉ် တစ်ဦးသည် ခြေချော်သွားသဖြင့် မြေပေါ်သို့ လဲကျသွားသည်တွင် မြေပေါ်၌ လေးဘက်ထောက် ဖြစ်၍နေတော့၏။ ထိုအချိန်၌ ထိုသတ္တဝါမှာ တိရစ္ဆာန်တစ်ကောင်နှင့် မည်သို့မျှ မခြားနားတော့ပေ။

ကျွန်ုပ်သည် သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက် တစ်ခုခုကို နင်းမိလျှင် အသံမြည်သွားမည် စိုးသဖြင့် အထူးသတိပြုကာ ချုံဆီသို့ ပြန်၍ လှည့်လာခဲ့ရ၏။ ထို့နောက် ကိုယ်ကို ကုန်းနိုင်သမျှ ကုန်းကာ အထူးသတိထား၍ သွားနေရလေသည်။ သစ်ပင်များအကြားတွင် ခြေသွားလမ်းကလေးသဖွယ် ဖြစ်၍နေသော လမ်းကြောင်းကလေးတစ်ခုပေါ်သို့ ရောက်မှန်းမသိ ရောက်၍လာခဲ့၏။ ဤကဲ့သို့ အခြားလမ်းကြောင်းတစ်ခုနှင့် ဆုံမိသည့် နေရာသို့ ရောက်လာ၏။ ထိုနေရာသို့ ရောက်သောအခါ စိတ်ရှုပ်ဖွယ်ကောင်းသော အခြားအရာတစ်ခုကို တွေ့လိုက်ရပြန်၏။ ထိုအရာသည်ကား ကျွန်ုပ်နှင့် ရင်ဘောင်တန်း 'ကိုက် ၃၀ ခန့်ဝေးသော နေရာတွင် ကြီးမားသော ခြေအောက်ပိုင်းနှစ်ဖက်သည် အသံမမြည်စေရန် ကိုယ်ကို စောင့်လျက် ခပ်ဖြည်းဖြည်း လျှောက်သွားနေသည်ကို သစ်ပင်များအကြားမှ တွေ့မြင်လိုက်ရခြင်းပင် ဖြစ်လေသည်။

၎င်း၏ ခေါင်းပိုင်းနှင့် ကိုယ်ကိုမူ သစ်ပင်နှင့် ချုံပုတ်များ ကွယ်နေသဖြင့် မမြင်ရဘဲ အောက်ပိုင်းကိုသာ မြင်ရခြင်း ဖြစ်၏။ ထိုခြေထောက်ကြီး နှစ်ချောင်းကို မြင်ရသောအခါ ကျွန်ုပ်သည် ထိုသူ မမြင်စေရန် ကိုယ်ရှိန်သတ်၍ ရပ်နေလိုက်၏။ သို့သော် ထိုခြေနှစ်ဖက်ကလည်း ကျွန်ုပ် ရပ်သကဲ့သို့ပင် ရပ်လိုက်လေသည်။ ထိုအခါ၌ ကျွန်ုပ်မှာ အတော်ပင် တုန်လှုပ်ချောက်ချားနေပြီဖြစ်၍ တောထဲသို့ ခြေဦးတည့်ရာ ထွက်၍ မပြေးမိစေရန် မိမိကိုယ်ကို မနည်းပင် ထိန်းချုပ်ထားလိုက်ရလေသည်။

ကျွန်ုပ်နှင့်အတူ ယှဉ်၍ လျှောက်သွားနေသူအား ၎င်း၏ကိုယ်အထက်ပိုင်းကို မြင်နိုင်ရန် သစ်ခက်သစ်ရွက်များအကြားမှ ကြည့်လိုက်ရာ ခပ်စောစောက လမ်းစပ်တွင် လေးဘက်ထောက် ရေသောက်နေသူ ဖြစ်ကြောင်း သိရ၏။ သူက လည်း သစ်ကိုင်းကြို သစ်ကိုင်းကြားမှာ ကျွန်ုပ်ဆီသို့ လှည့်ကြည့်လျက်ရှိရာ ၎င်း၏ မျက်လုံးများမှာ အရောင်တဖျပ်ဖျပ် တောက်၍နေသည်ကို တွေ့ရမြင်ရ၏။ သူသည် တစ်ခဏမျှ မလှုပ်မယှက်ရှိနေပြီးနောက် စိမ်းလန်းသော တောအုပ်အတွင်းသို့ ထွက်ပြေးကာ ပျောက်ကွယ်သွားလေတော့၏။ ကျွန်ုပ်ကပင် မမြင်ရသော်လည်း ၎င်းကမူ ကျွန်ုပ်အား တစ်နေရာမှ ချောင်းမြောင်းကြည့်ရှု၍နေမည်ဟု ထင်မိ၏။

ထိုသူသည် လူလော၊ တိရစ္ဆာန်လော။ ကျွန်ုပ်ထံမှ မည်သည့်အရာကို အလိုရှိ၍ လိုက်လာလေသနည်း။ ကျွန်ုပ်တွင်ကား လက်နက်ဟူ၍ တုတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပင် မပါခဲ့ချေ။ သူ့အား ကြည့်ရသည်မှာလည်း ကျွန်ုပ်ကို ရဲရဲတင်းတင်း ဝင်ရောက်တိုက်ခိုက်ဝံ့သည့် သတ္တိရှိပုံမပေါ်ချေ။ ကျွန်ုပ် ထွက်ပြေးက ကျွန်ုပ်သာ မှားပေတော့မည်။ သို့နှင့် ကျွန်ုပ်သည် မေးစေ့ကို ခပ်တင်းတင်း ဆွဲကာ အံကြိတ်လျက် သူသွားရာဘက်သို့ တည့်တည့်ကြီး လျှောက်သွားလေ၏။ စိတ်ထဲကမူ ကျွန်ုပ် ကြောက်ရွံ့နေသည်ကို သူမသိစေရန်သာ အရေးကြီးသည်ဟု ထင်မိ၏။ ကျွန်ုပ်သည် ရှေ့သို့ တိုးသွားရင်း ပန်းပွင့်ဖြူဖြူများ ပွင့်နေသည့် ပန်းရုံတစ်ရုံနှစ်ရုံကို နံဘေးသို့ ဆွဲ၍ ကြည့်လိုက်ရာ ထိုသတ္တဝါသည် ကိုက်နှစ်ဆယ်ခန့်ဝေးသော နေရာမှ နေ၍ ကျွန်ုပ်အား ဘေးစောင်းကြည့်၍ နေသည်ကို တွေ့လိုက်ရ၏။ ဤကဲ့သို့ သူက ကြည့်နေစဉ် ကျွန်ုပ်လည်း သူ၏မျက်နှာကို စေ့စေ့ကြည့်ရင်း ရှေ့သို့နှစ်လှမ်း သုံးလှမ်းမျှ တိုးသွားလေသည်။

"မင်း ဘယ်သူလဲ" ဟု ကျွန်ုပ် မေးလိုက်ရာ သူသည် ကျွန်ုပ်အား ပြန်၍ စေ့စေ့ကြည့်ရန် ကြိုးစားလျက် "ဟင့်အင်း" ဟု ရုတ်တရက် ပါးစပ်မှ ပြောပြီးနောက် ကျွန်ုပ်၏ အနီးမှ ချုံပင်များဆီသို့ ခုန်၍ ထွက်သွားလေ၏။ ထိုနေရာမှတစ်ဖန် ၎င်းသည် ကျွန်ုပ်အား ပြန်၍ ကြည့်နေပြန်ရာ သစ်ပင်ရိပ်ဆီမှ ၎င်း၏ မျက်လုံးများသည် တဝင်းဝင်း တပြောင်ပြောင် အရောင်ထွက်လျက် နေလေသည်။

ကျွန်ုပ်၏ စိတ်ထဲတွင်ကား တထိတ်ထိတ် ရှိနေ၏။ သို့သော် ၎င်းအား ကြောက်ရွံ့စေရန် လှည့်ပတ်ခြိမ်းခြောက်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိပြီဟု ယူဆကာ ကျွန်ုပ်လည်း စိတ်ကို တည်ငြိမ်အေးဆေးစွာထားလျက် ရပ်နေလိုက်၏။ ထိုအခါ ၎င်းသည် နောက်သို့ ဆုတ်ကာ တောထဲသို့ ပြေးဝင်သွားလေ၏။ ကျွန်ုပ်၏ စူးရှသော မျက်လုံးများကို ကြောက်ရွံ့သဖြင့် ထွက်ပြေးခြင်း ဖြစ်ဟန်တူလေသည်။

ထိုအခါမှ ကျွန်ုပ်မှာ နေဝင်သွားပြီဖြစ်ကြောင်း သတိပြုမိပြီးလျှင် နေ့လယ် နေ့ခင်းများကဲ့သို့ အလင်းရောင် မရှိက ပို၍ ဘေးအန္တရာယ်များနိုင်ကြောင်း သဘောပေါက်လာလေသည်။ နေဝင်သွားသည်မှာ မိနစ်အတော်ပင် ကြာခဲ့ပြီဖြစ်ရာ အရှေ့ဘက်ကောင်းကင်သည်ပင် မှောင်စပြုး၍ လာခဲ့လေပြီ။ အပူပိုင်းဒေသတွင် ရှိသော ကျွန်းကလေးဖြစ်သည့်အတိုင်း နေဝင်မိုးချုပ်စအချိန်ဖြစ်သဖြင့် ပိုးဖလံကလေးများပင် ဦးဦးဖျားဖျား တစ်ကောင်တလေ ထွက်လာတော့၏။ အကယ်၍ ထိုညဉ့်အဖို့ ကျွန်ုပ်သည် တောထဲတွင် မအိပ်နိုင်က အိမ်ခြံဝင်းရှိရာသို့ မည်သည့်နည်းနှင့်မဆို အမြန်ဆုံး ပြန်ရန်သာ ရှိတော့၏။

တိရစ္ဆာန်တို့၏ ညည်းညူအော်ဟစ်သံတို့ဖြင့် ဆူညံလျက်ရှိနေမည်ဖြစ်သော အိမ်ဝင်းခြံဆီသို့ များစွာ မပြန်လိုလှသော်လည်း ပိုးကောင် မွှားကောင်





များဖြင့် ပြည့်လျက် မှောင်နှင့် မည်းမည်းရှိနေသည့် တောအလယ်တွင် တစ်ယောက်တည်းတည်း နေရမည်နှင့်စာလျှင် တော်ပေသေး၏ဟု မှတ်ရ၏။ ထိုထူးဆန်းသော သတ္တဝါပျောက်ကွယ်သွားသည့် ချုံပုတ်များဆီသို့ ကျွန်ုပ်သည် တစ်ချက်လှည့်၍ အကဲခတ်လိုက်ရင်း ချောင်းငယ်ကလေးရှိရာ လာလမ်းဆီသို့ မှန်း၍ ပြန်ခဲ့ပြီးလျှင် ဆင်ခြေလျှောကို ဆင်းသက်ခဲ့လေသည်။

ကျွန်ုပ်သည် ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလျက် အတွေ့အကြုံရသော အထူးအဆန်းများကို စိတ်ကူးရင်း ၎င်းတို့အား နားမလည်နိုင်အောင်ပင် ရှိတော့၏။ သို့နှင့် တဖြည်းဖြည်း လျှောက်လာခဲ့ရာ သစ်ပင်များ ကျိုးတိုးကျဲကျဲရှိသော မြေပြန့်တစ်နေရာသို့ ရောက်လာခဲ့လေသည်။ ကောင်းကင်မှာ မှိုင်းသည်ထက် မှိုင်းလာလျက် တစ်လုံးတလေမျှသော ကြယ်ကလေးများသည် သည်း တောက်ပလျက်ရှိနေသည်ကို တွေ့ရ၏။ သစ်ပင်များအကြားနှင့် ချုံပုတ်တောများ၌ မှောင်လာပြီးလျှင် နေ့အခါ မြူမှုန်တို့ဖြင့် ဝိုးဝါးမြင်ရသော အရာတို့သည်လည်း ယခုအချိန်တွင် နက်နဲသိပ်သည်းသည့် အနက်ရောင်ဖြင့် ဖုံးလွှမ်းလျက်ရှိလေတော့၏။

ကျွန်ုပ်သည် ရှေ့သို့သာ တိုးသွားလျက်ရှိ၏။ ပတ်ဝန်းကျင်ရှိ သစ်ပင်တို့ကို တစ်ပင်နှင့်တစ်ပင် ခွဲခြား၍ မမြင်ရတော့ဘဲ ညိုမှိုင်းမည်းနက်သော အရိပ်ကြီးများမှာ အစုအအုပ်၊ အစိုင်အခဲကြီးများသဖွယ် ဖြစ်နေတော့၏။ ထို့နောက် သစ်ပင်အုပ်ကြီးများ တဖြည်းဖြည်း ပါး၍လာလျက် ချုံထူသော နေရာသို့ ရောက်လာခဲ့၏။ ထိုမှတစ်ဖန် မည်သည့်အပင်မျှ မရှိသော သဲများသာ ရှိသည့် နေရာတစ်နေရာသို့ ရောက်လာပြီးနောက် ချုံတောများကို တစ်ကြိမ်ထပ်၍ တွေ့ရပြန်၏။

ထိုကဲ့သို့ လျှောက်၍လာရင်း လက်ယာဘက်ဆီမှ တရှဲရှဲနှင့် လိုက်လာသည့် အသံတစ်သံကို မသဲမကွဲ ကြားရသဖြင့် ကျွန်ုပ်မှာ စိတ်မသိုးမသန့် ဖြစ်သည်နှင့် ရုတ်တရက် ရပ်လိုက်ကာ ထိုအသံကို နားစွင့်၍ထောင်မိ၏။ သို့သော် ခေါင်းပေါ်မှ သစ်ခက်သစ်ရွက်များကို လေတိုးသဖြင့် သစ်ရွက်ချင်း ရိုက်သံမှတစ်ပါး အခြားမည်သည့်အသံကိုမျှ မကြားရတော့ချေ။ သို့နှင့် ဆက်လက်လျှောက်သွားပြန်ရာ၊ ထိုအခါမှ ခြေသံလိုလို နောက်မှ လိုက်လာသည့်အသံကို ဆက်လက် ကြားရပြန်လေသည်။

ကျွန်ုပ်သည် ချုံများနှင့် မှောင်ရိပ်များရှိသော နေရာများကို တမင်ကွေ့ရှောင်ကာ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းသည့် နေရာများကိုသာ ရွေးချယ်လျှောက်သွား၏။ မကြာမကြာပင် တစ်ခါတစ်ရံ လက်ဝဲဘက်သို့ ချိုးလျှင် တစ်ခါတစ်ရံ လက်ယာဘက်သို့ချိုးကာ တစ်ခါတစ်ရံလည်း တစ်ဆစ်ချိုးပြန်၍ လှည့်ပြီးလျှင် အကယ်၍ ကျွန်ုပ်နောက်မှ တစ်စုံတစ်ယောက် ချောင်းမြောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



လာပါက တအံ့တသြဖြစ်စေရန် တမင်သက်သက် ပြုလုပ်ပေး၏။ သို့သော် နောက်သို့ ပြန်၍ ကြည့်လိုက်တိုင်း မည်သည့်အရာကိုမျှ မတွေ့ရချေ။ ကျွန်ုပ်၏ စိတ်ထဲကမူ ကျွန်ုပ်၏ နောက်မှ တစ်စုံတစ်ယောက် လိုက်လာလျက်ရှိသည်ဟု အလိုအလျောက် သိနေသကဲ့သို့ ရှိတော့၏။ သို့နှင့် ကျွန်ုပ်လည်း ခြေလှမ်းကို ယခင်ကထက်ပို၍ ခပ်ကျဲကျဲလှမ်းခဲ့ရာ တစ်နေရာတွင် ဖြတ်ကျော်ရမည့် တောင်ကုန်းစွန်းကလေးတစ်ခုကို တွေ့ရလေ၏။ တောင်ကုန်းကလေးကို ကျော်ဆင်းပြီးနောက် ကျွန်ုပ်လည်း သတိကြီးစွာ နောက်ခပ်လှမ်းလှမ်းဆီသို့ လှည့်လိုက်ရာ ထိုအခါတွင်မှ ခပ်မည်းမည်း သတ္တဝါတစ်ကောင်သည် တောင်ကုန်းအစွန်းကို ကျော်ကာတက်၍ လိုက်လာသည်ကို နောက်ခံ ကောင်းကင်တွင် အထင်းသား တွေ့လိုက်ရတော့၏။

ထို့နောက် ပုံပန်းဟူ၍ ဖမ်း၍မရသော ထိုမည်းမည်းသဏ္ဌာန်သည် တောင်ကုန်းစွန်းကို ကျော်ပြီးနောက် တစ်ဖန်ပျောက်၍ သွားပြန်၏။ ချောင်းစပ်တွင် လေးဘက်တွား၍ ရေဆင်းသောက်ခဲ့သော မျက်နှာဆိုးဆိုးနှင့် သတ္တဝါသည် ကျွန်ုပ်၏ နောက်မှ ထပ်ချပ်လိုက်ပါလာသည်ကို သိရလေပြီ။ ထိုထက် ဆိုးဝါးသည်မှာကား ကျွန်ုပ်သည် လာလမ်းအတိုင်းပြန်၍ မလာမိဘဲ၊ လမ်းမှား၍ နေပြီဖြစ်ကြောင်း သိရခြင်းပင် ဖြစ်လေတော့၏။

ကျွန်ုပ်သည် ၎င်းရှေ့မှ ခပ်သုတ်သုတ် လျှောက်မြဲလျှောက်လျက် စိတ်ကလည်း မကြံ့တတ်အောင် ရှိနေ၏။ သို့သော် တစ်စုံတစ်ရာ ထူးခြားခြင်းကား မရှိသေးပေ။ ရန်သူသည် ကျွန်ုပ်အား ဝင်ရောက်တိုက်ခိုက်ရန် သတ္တိမရှိသောကြောင့်သော်လည်းကောင်း၊ ကျွန်ုပ်၏ ခြေလှမ်းအမှားကို စောင့်ကြည့်နေ၍လည်းကောင်း ဖြစ်တန်ရာ၏။ ကျွန်ုပ်ကား တမင်သက်သက်ပင် ခေတာရှင်းသော မြေပြင်ကို ရွေး၍ လျှောက်ခဲ့လေသည်။ ကျွန်ုပ်သည် နောက်သို့လှည့်၍ နားစွင့်လိုက်သော်လည်း မည်သည့်အသံမျှ မကြားရသဖြင့် နောက်မှ လိုက်လာသော သတ္တဝါသည် ပြန်လှည့်သွားပြီဟူ၍လည်းကောင်း၊ ကျွန်ုပ် တွေ့လိုက်ရသော မည်းမည်း သတ္တဝါသည် အကယ်စင်စစ် အကောင်အထည် မဟုတ်ဘဲ ကျွန်ုပ်၏ စိတ်ချောက်ချားခြင်းမျှသာ ဖြစ်သည်ဟူ၍လည်းကောင်း မိမိကိုယ်ကို မိမိအားပေးရင်း စိတ်ကို လှည့်စားနေရလေသည်။ တစ်ခဏမျှကြာလျှင် လှိုင်းပုတ်သံများကို ကြားရသဖြင့် ပင်လယ်ကမ်းစပ်နှင့်နီးလာကြောင်းသိရ၏။ ကျွန်ုပ်သည် ပြေးသလောက်နီးပါး ခြေလှမ်းကြဲကြဲ လျှောက်ခဲ့၏။ ထိုအခိုက် ကျွန်ုပ်၏နောက်ဆီမှ ဝုန်းခနဲ တစ်စုံတစ်ရာ တိုက်ခိုက်လိုက်သံကြားရသဖြင့် ပြန်၍ လှည့်ကြည့်လိုက်ရာ မည်းမည်းအရိပ်တစ်ခုသည် အခြားအရိပ်တစ်ခုပေါ်သို့ ခုန်၍ အုပ်လိုက်ဘိသကဲ့သို့ မြင်လိုက်ရ၏။ သို့သော် နောက်ထပ် မည်သည့်အသံမျှ မကြားရသဖြင့် မိမိစိတ်





လှည့်ဖျားခြင်းပင် ဖြစ်သည်ဟု တွေးမိပြန်လျက် ပင်လယ်ကမ်းစပ်ဆီသို့သာ အပြေးကလေး သွားနေမိတော့၏။

အတန်ကြာလျှင် ရေစပ်နှင့် တစ်ဆက်တည်းဖြစ်သော သစ်ပင်ချုံနွယ်များ ရှင်းလင်းရာ သဲသောင်စပ်သို့ ရောက်ရှိလာခဲ့၏။ ညဥ့်သည်ကား တိတ်ဆိတ်ငြိမ်သက်လှလေ၏။ ကြယ်ရောင်များသည် ရေပြင်နှင့် ဟပ်ကာ တဖိတ်ဖိတ် တောက်လျက်ရှိရာ ကမ်းစပ်နှင့် ခပ်လှမ်းလှမ်း ပင်လယ်ပြင်တွင် ရှိနေသည့် သန္တာကျောက်တန်းအချို့မှာ ခပ်ဖျော့ဖျော့အရောင်ထွက်လျက်ရှိ၏။ အနောက်ဘက်ရှိ ကောင်းကင်တွင် နေ့ရောင်အကြွင်းအကျန်နှင့် ကြယ်ရောင်တို့ ရောစပ်ကာ ဝင်းသိန်း၍နေ၏။ ကျွန်ုပ် ရောက်ရှိနေသော ကမ်းစပ်မှာ အရှေ့ဘက်သို့ ထိုးထွက်သွားလျက် အနောက်သို့ကား အငူစွန်းကလေးတစ်ခုသို့ အရောက်တွင် ကမ်းရိုးတန်း ပျောက်၍သွားလေသည်။ ထိုအခါမှ ဒေါက်တာ မောရိုးတို့နေထိုင်သည့် နေရာမှာ အနောက်ဘက်တွင်ရှိကြောင်း ကျွန်ုပ် မှတ်မိ၍လာတော့၏။

ထိုအချိန်တွင် နောက်ဘက်ဆီမှ သစ်ရွက်များ နင်းသွားသကဲ့သို့ တရှဲရှဲ မြည်သော အသံတစ်သံကို ကြားရပြန်၏။ တောစပ်ဆီသို့ ကြည့်လိုက်ရာ မြင်သမျှ အရာများမှာ ခပ်မည်းမည်း ခပ်မှောင်မှောင်သာ ဖြစ်၍နေသဖြင့် မည်သည့်အရာကို သက်မကင်းဖြစ်ရမည်ဟု ခွဲခြား၍ မသိနိုင်ဘဲ အားလုံးလိုလိုပင် သံသယ မကင်းစရာ ဖြစ်နေတော့၏။ သို့ဖြင့် ကျွန်ုပ်သည် တစ်မိနစ်ခန့်မျှ ခပ်တွေတွေ ကြည့်ရှုလျက် ရှိနေပြီးနောက် အနောက်ဘက်သို့ သွားရန် ဆက်လက်လျှောက်ခဲ့လေတော့၏။ ဤကဲ့သို့ လျှောက်လာခဲ့သည့် ခဏ၌ မည်းမှောင်သော နေရာများမှ မည်းမည်းသဏ္ဌာန်တစ်ခုသည် ကျွန်ုပ်ရွေ့လျားရာသို့ ထွက်၍လိုက်လာသည်ကို တွေ့လိုက်ရလေသည်။

ကျွန်ုပ်လည်း ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်၍သွားမိ၏။ ထိုအချိန်၌ ကျွန်ုပ်သည် ပင်လယ်အော် ကမ်းရိုးတန်းကို မြင်နိုင်သော နေရာသို့ ရောက်လျက်ရှိရာ ထိုကဲ့သို့ ရပ်နေစဥ် ကျွန်ုပ်၏ နောက်မှ အသံမကြားအောင်လိုက်ပါလာသော သဏ္ဌာန်သည်လည်း ဆယ့်လေးငါးကိုက်အကွာတွင် ရပ်နေသည်ကို တွေ့ရ၏။ ထိုတွင် ကျွန်ုပ်သွားရောက်ရမည့် ကမ်းရိုးတစ်လျှောက်နှင့် သဲပြင်မှာ မှန်ဝါးဝါးထင်လျက် ၂ မိုင်ခန့်ဝေးသောနေရာတွင် မီးရောင်ကလေးတစ်ခုကို တွေ့မြင်ရ၏။ ထိုနေရာသို့ရောက်အောင် သွားရန်မှာကား တောတန်းကို တစ်ဖန် ဖြတ်၍ မှောင်ထဲသို့ဝင်ပြီးလျှင် ချုံပုတ်များ ထူထပ်သော တောင်စောင်းအတိုင်း ဆင်း၍သွားရပေမည်။

ကျွန်ုပ်သည် နောက်မှ လိုက်၍ လာသော သဏ္ဌာန်ကို အတော်ပင် ထင်ထင်ရှားရှား မြင်နိုင်ပေပြီ။ ၎င်းသည် ခြေနှစ်ချောင်းနှင့် ရပ်လျက်ရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တစ်ကောင် မဟုတ်ကြောင်း ခန့်မှန်းနိုင်၏။ သို့နှင့် ကျွန်ုပ်သည် ထိုသတ္တဝါကို လှမ်း၍ စကားပြောမည် ပြုပြီးမှ လည်ချောင်းထဲတွင် သလိပ်ကပ်သကဲ့သို့ ဖြစ်သွားသဖြင့် ရုတ်တရက် အသံမထွက်ဘဲ ရှိနေပြန်၏။ ထို့နောက် လည်ချောင်းမှ ချွဲရှင်းလိုက်ပြီးလျှင် "ဟေ့ ဟိုဟာ ဘယ်သူလဲကွ" ဟု လှမ်း၍ အော်ပြောလိုက်လေသည်။

အဖြေကား မရပေ။

ကျွန်ုပ်သည် ၎င်းက တစ်စုံတစ်ရာ ပြန်မပြောသဖြင့် ရှေ့သို့ တစ်လှမ်းတိုး၍သွားလေရာ၊ ထိုသတ္တဝါကမူ တစ်စုံတစ်ရာ လှုပ်ရှားခြင်း မရှိဘဲ ကိုယ်ကို အသာကျုံ့၍ နေလိုက်သကဲ့သို့ ရှိနေ၏။ သို့ရှိစဉ် ကျွန်ုပ်မှာလည်း ခဲတစ်လုံးကို ခြေဖြင့်ဝင်၍ ခလုတ်တိုက်မိလိုက်လေသည်။

သို့ဖြင့် ကျွန်ုပ်မှာ ရုတ်တရက် အကြံတစ်ခု ရလာ၏။ ထိုမည်းမည်း သတ္တဝါကို မျက်ခြေမပြတ်စေဘဲ ကြည့်နေပြီးနောက် ကျွန်ုပ်လည်း မြေပြင်မှ ခဲလုံးကို အသာဒူးညွှတ်၍ ကောက်ယူလိုက်လေသည်။ ထိုအခါ မည်းမည်း သတ္တဝါသည် အမှောင်ထုဘက်သို့ အတန်ငယ် ပြန်၍ ဆုတ်သွား၏။ ကျွန်ုပ်သည် ငယ်စဉ်ကျောင်းသားဘဝက ခွေးကြီးများနှင့် တွေ့၍ ၎င်းတို့က ရန်ပြုသော် ခုခံရန်အလေ့အထတစ်ခုကို ရုတ်တရက် သွား၍ သတိရလိုက်မိ၏။ ကောက်ယူ၍ရသော ခဲလုံးကို လက်ကိုင်ပဝါစွန်းတွင် တုတ်၍ ချည်နှောင်ပြီးနောက် အခြားတစ်ဘက်စကို လက်ကောက်ဝတ်တွင် ချည်လိုက်၏။ ထိုအချိန်၌ မည်းမည်း သတ္တဝါမှာ ယခင်ကထက် နောက်သို့ ဆုတ်၍သွားသည်ကို မြင်လိုက်ရလေသည်။

ထိုအချိန်၌ ကျွန်ုပ်မှာ အတော်ပင် ကြောက်ရွံ့နေပြီဖြစ်၍ နဖူးမှ ချွေးသီးချွေးပေါက်များပင် ကျလျက်ရှိနေလေပြီ။ ကျွန်ုပ် ရှေ့ရှိ ချုံတောကို ကျော်လျက် သဲပြင်ကမ်းစပ် အရောက်ပြေးသွားနိုင်ရန် အတော်ပင် အရှိန်ယူ၍ နေရ၏။ နောက်ဆုံး၌ ရောက်အောင် ပြေးပါတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ကာ တစ်ဟုန်ထိုး ပြေး၍ထွက်ခဲ့ရာ ချုံတောမှ အထွက် သဲသောင်စပ်သို့ အရောက်တွင် ကျွန်ုပ်နောက်မှ တစ်စုံတစ်ယောက် ပြေး၍လိုက်လာသော အသံကို ကြားလိုက်ရလေ၏။

ထိုအခါ ကျွန်ုပ်၏ စိတ်တွင် ထူပူနေပြီဖြစ်၍ သဲပြင်တစ်လျှောက် လျင်မြန်စွာ ပြေးသွားလျက်ရှိလေရာ နောက်ကလည်း သဲပြင်ကို နင်းလျက် တဖုတ်ဖုတ် ပြေး၍ လိုက်လာနေသံကို ကြားရ၏။ ကျွန်ုပ်သည် ကြောက်အားလန့်အားနှင့် ပါးစပ်မှလည်း အော်ဟစ်လျက် ယခင်ကထက် နှစ်ဆမြန်အောင် ပြေးလျက်ရှိလေ၏။ ဤသို့ပြေးလျက်ရှိစဉ် ကျွန်ုပ်၏ ဘေးတစ်ဘက်တစ်ချက်မှ ယုန်၏ကိုယ်လုံးထက် သုံးလေးဆမျှကြီးသော ခပ်မည်းမည်း သတ္တဝါများသည်





ကမ်းနားစပ်မှ ချုံတောဆီသို့ ပြေးဝင်သွားသည်ကို ဝိုးဝါးမျှ တွေ့မြင်လိုက်ရ၏။ ယခုကဲ့သို့ မောကြီးပန်းကြီးဖြင့် အလန့်တကြား ပြေးသွားရသည့်အဖြစ်ကို ကျွန်ုပ်၏ တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ်ပေ။ ကျွန်ုပ်သည် ရေစပ်နှင့် မနီးမဝေးမှ ကပ်၍ ပြေးလျက်ရှိရာ၊ နောက်မှ လိုက်လာသော ခြေသံမှာလည်း တစ်ချိန်နှင့်တစ်ချိန် မတူတော့ဘဲ ကျွန်ုပ်၏ နောက်ကျောနားဆီသို့ နီးကပ်သည်ထက် နီးကပ်၍သာ လာတော့၏။ ဒေါက်တာ မောရိုး၏ အိမ်ခြံဝင်းဆီမှ မီးရောင်ဝါဝါကလေးမှာ အတော်ပင် လှမ်းသေး၍ မျှော်၍ ကြည့်လိုက်တိုင်း အားလျော့မိတော့၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်နှင့်မည်းမည်း ရှိနေပြီးလျှင် နောက်မှကပ်၍ တဖုတ်ဖုတ် လိုက်လာသော ခြေသံမှာလည်း နီးသည်ထက် နီးကပ်လာပြီဖြစ်ရာ အပြေးအလွှားနှင့် အကျင့်မရှိခဲ့သော ကျွန်ုပ်မှာ အသက်ရှူလိုက်တိုင်း နံကြားမှ စူးခနဲ စူးခနဲ အောင့်၍လာတော့၏။

ဤအတိုင်းသာ ဆိုက ကျွန်ုပ်သည် အိမ်ခြံဝင်းနားသို့ မရောက်မီပင် နောက်မှ လိုက်လာသော သတ္တဝါသည် ကျွန်ုပ်အား မုချမီ၍လာပေတော့မည်။ ကျွန်ုပ်သည် တစ်ချက်မျှ အသက်ကို ဝအောင် ရှူလိုက်ပြီးလျှင် ဗြုန်းခနဲ နောက်သို့ ပြန်ကြည့်လျက် လက်ကိုင်ပဝါဖြင့် ထုပ်ထားသော ကျောက်ခဲကို တအားကုန်လွှဲ၍ ထိုသတ္တဝါရှိရာသို့ ပစ်လိုက်ရာ ကျောက်ခဲသည် ဝှီးခနဲ မြည်၍ ထွက်သွားလေ၏။

နောက်သို့ ပြန်၍ လှည့်ကြည့်လိုက်သောအခါ လေးဘက်တွား၍ ပြေးလိုက်လာသော သတ္တဝါသည် ကျွန်ုပ်က ခဲနှင့် ပစ်ရန် အလှည့်လိုက်တွင် ခြေစုံထ၍ရပ်လိုက်သဖြင့် ကျောက်ခဲသည် ၎င်း၏ လက်ဝဲဘက်နားထင်ကို တည့်တည့်ကြီး ထိမှန်သွားလေတော့၏။ ကျောက်ခဲထိမှန်သော အသံကို ဒုတ်ခနဲ ကြားလိုက်ရပြီးနောက် အရှိန်နှင့် ပြေးလာသော သတ္တဝါသည် အရှိန်မသတ်နိုင်ဘဲ ကျွန်ုပ်ဆီသို့ ရောက်လာကာ ကျွန်ုပ်အား လက်နှစ်ဖက်ဖြင့် လာ၍ ပုတ်မိလေသည်။ ထို့နောက် ၎င်းသည် အရှိန်လွန်ကာ ရေစပ်တွင် ခေါင်းစိုက်လျက် ဘုံးခနဲ လဲကျသွားပြီးနောက် ငြိမ်သက်သွားလေတော့၏။

ကျွန်ုပ်ကား ထိုသတ္တဝါ လဲကျသွားသောနေရာသို့ သွား၍ မကြည့်အားတော့ပေ။ ၎င်းအား ခပ်မှိန်မှိန် တောက်ပလျက်ရှိသော မီးရောင်များအောက်တွင် ဤအတိုင်း ထားခဲ့ပြီးနောက် မီးရောင်လက်လက်ရှိရာသို့သာ အရောက်လာခဲ့တော့၏။ ထိုအချိန်၌ ကျွန်ုပ်၏ စိတ်မှာ အတော်ပင်ပေါ့ပါးသွားပြီဖြစ်ရာ ကျွား သစ်ကြီးအော်သံကို ကြားယောင်၍ လာမိပြန်တော့၏။ ထိုအသံသည် ကျွန်ုပ်အား တောထဲသို့ရောက်အောင် လှည့်ပတ်ပို့ဆောင်ခဲ့သည် မဟုတ်ပါလော။ ကျွန်ုပ်သည် ကိုယ်ပန်းစိတ်ပန်းဖြစ်ကာ ချက်ချင်းပင် အိပ်ရာပေါ်သို့ လှဲ၍ အိပ်ချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



များ ပေါ်၍လာတော့၏။ သို့ပင်ဖြစ်လင့်ကစား ကျွန်ုပ်သည် ကိုယ်ထဲတွင် ကျန်ရှိသမျှ အင်အားကလေးများကို ခြစ်ချုပ်စုဆောင်းလိုက်ပြီးလျှင် မီးရောင်ကလေးရှိရာသို့ တရကြမ်း ပြေးသွားမိတော့၏။ ထိုအချိန်၌ ကျွန်ုပ် အမည်ကိုလည်း တစ်စုံတစ်ယောက်က ခေါ်နေသည်ကို ကြားလိုက်ရလေသည်။

✱

## ၁၀

## လူ၏ အော်သံ

အိမ်အနီးသို့ ကျွန်ုပ် ရောက်ရှိလာသောအခါတွင် မီးရောင်မှာ ကျွန်ုပ်နေထိုင်သည့် အခန်းတံခါး ပွင့်နေသော နေရာမှ ထွက်ပေါ်လျက်ရှိနေသည်ကို တွေ့ရ၏။ ထို့နောက် အိမ်၏နံဘေး မှောင်မိုက်သောနေရာဆီမှ 'ပရင်းဒစ်ပရင်းဒစ်' ဟူ၍ မောင်ဂိုမာရီက ကျွန်ုပ်အား အော်၍ခေါ်နေသံကို ကြားရလေသည်။

ကျွန်ုပ်ကား အဖြေးမရစ်သေးပေ။ ထို့နောက် တစ်ဖန် ၎င်း၏ခေါ်သံကို ထပ်မံကြားရပြန်၏။

သို့ဖြင့် ကျွန်ုပ်က 'ဒီမှာဗျို့ ဒီမှာ' ဟု သဲ့သဲ့မျှသာ ပြန်၍ အသံပြုနိုင်ပြီးလျှင် သူ့ရှေ့သို့ တစ်ခါတည်း ပြေးဝင်သွားမိတော့၏။

"ခင်ဗျား ဘယ်သွားနေတုန်း" ဟု သူသည် ကျွန်ုပ်အား လက်ကို ရှေ့သို့ ဆန့်ကာ ဆီး၍ ကိုင်လိုက်ပြီးနောက် မေးလိုက်လေသည်။ သူ ကိုင်ထားသောကြောင့် ကျွန်ုပ်မှာ ရှေ့သို့ မတိုးသာဘဲ မျက်နှာပေါ်သို့ မီးရောင်ကျနေသော နေရာ၌ ရပ်နေရ၏။

'ကျုပ်တို့ နှစ်ယောက်စလုံး အလုပ်များနေတယ်ဗျာ။ လွန်ခဲ့တဲ့ နာရီဝက်လောက်ကမှ ခင်ဗျား ဘယ်ရောက်နေပါလိမ့်မလဲလို့ သတိပြုမိတော့တယ်' ဟု မောင်ဂိုမာရီက ဆက်လက်ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်ုပ်အား အခန်းတွင်းသို့ ဆွဲခေါ်သွားပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်စေ၏။ ကျွန်ုပ် မျက်လုံးများမှာ အခန်းတွင်းမှ မီးရောင်ကြောင့် မည်သည့်အရာကိုမျှ ရုတ်တရက် သဲကွဲစွာ မမြင်ရဘဲ ပြာ၍နေလေသည်။

ရှီ ။ ။ "ကျုပ်တို့ကို မပြောဘဲနဲ့ ခင်ဗျားဟာ ဒီကျွန်းကလေးပေါ်ကို ဘယ်နည်းနဲ့မှ လယ်ပြီးမကြည့်သေးဘူးလို့ ထင်နေတာ ကျုပ် စိုးရိမ်နေတာက အင်း ... ဒါပေမယ့် ဟော့လူ"

ကျွန်ုပ်မှာ ရှိသမျှ အင်အားများ ကုန်ခမ်းသွားသကဲ့သို့ ဦးခေါင်းငိုက်ဆိုက် ဖြစ်ကာ ကိုယ်ကိုမဟန်နိုင်တော့ဘဲ လျှော့ခွေကျသွားတော့၏။ ထိုအခါ မောင်ဂိုမာရီလည်း ကျွန်ုပ် အရက်မသောက်တတ်သည်ကို သိသော်လည်း ဘရန်ဒီ အနည်းငယ်ယူ၍ ကျွန်ုပ်အား တိုက်လေသည်။

"အောင်မယ်လေး၊ ဟိုတံခါးကြီး ပိတ်ထားလိုက်စမ်းပါဗျာ" ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်ဂိုမာရီက

"အင်း ... ကိုယ့်လူတော့ ကျုပ်တို့ရဲ့ အထူးအဆန်းတွေနဲ့ တွေ့လာပြီ ထင်တယ်၊ ဟုတ်စ" ဟု မေးလိုက်လေသည်။

သူသည် တံခါးပေါက်ကြီးကို ထ၍ ပိတ်လိုက်ပြီးနောက် ကျွန်ုပ်ထံသို့ ပြန်၍ လျှောက်လာလေသည်။ ထို့နောက် မေးခွန်းဆက်၍ မတိုက်ဘဲ ဘရန်ဒီနှင့် ရေအနည်းငယ်ကိုသာ ထပ်၍တိုက်ပြီးနောက် ထမင်းစားရန် တိုက်တွန်းလျက်ရှိနေ၏။ ကျွန်ုပ်ကား ခြေကုန်လက်ပမ်းကျလျက် ရှိနေသေး၏။ သူသည် ကျွန်ုပ်အား သတိပေးရန် မေ့နေကြောင်းကို သမန်ကာ ရှံ့ကာမျှ ပြောဆိုပြီးလျှင် မည်သည့်အချိန်က ကျွန်ုပ် ထွက်သွားသည်။ မည်သည့်အရာများကို တွေ့ခဲ့သည် စသည်ဖြင့် ခပ်တိုတိုမျှသာ မေးမြန်းပေသည်။ ကျွန်ုပ်မှာ စကားကို ပြေပြေပြစ်ပြစ် ပြန်၍ မပြောနိုင်ဘဲ အတတ်နိုင်ဆုံး ရှင်းလင်းအောင်သော စကားတစ်ခွန်းစ၊ နှစ်ခွန်းစ ပြန်၍ ပြောပြလိုက်ရတော့၏။

"အဲဒါတွေ ဘယ်လိုလဲဆိုတာ ကျုပ်ကို ပြောပြစမ်းပါဗျာ" ဟု ကျွန်ုပ်မှာ ကယောင်ချောက်ချား ဖြစ်လျက် မေးမြန်းလိုက်မိ၏။

"ဒါတွေဟာ ဘာမှ ကြောက်စရာ သိပ်ကောင်းလှတာ မဟုတ်ပါဘူးဗျာ။ ဒါပေမယ့် ခင်ဗျားအဖို့တော့ တစ်နေ့တည်းနဲ့ မူလုံသွားပြီ ထင်တယ်" ဟု မောင်ဂိုမာရီက ပြောပြလျက်ရှိစဉ် ကျားသစ်ကြီးမှာ နာကျင်လှသဖြင့် စူးစူးဝါးဝါး အော်လိုက်သံမျိုး ထွက်ပေါ်လာပြန်လေသည်။ ထိုအခါ မောင်ဂိုမာရီသည် တောက်တစ်ချက်ခေါက်ရင်း တစ်စုံတစ်ရာ ရေရွတ်လျက် "အသုံးမကျပါဘူးဗျာ။ ကျားတွေ၊ ကျားသစ်တွေနဲ့ တိရစ္ဆာန်ရုံ ကျနေတာပါပဲ" ဟု မကျေနပ်သံဖြင့် ညည်းညူပြော်ဆိုလျက် ရှိလေသည်။





"ဒါနဲ့ မောင်ဂိုမာရီ။ ကျွန်တော့် နောက်ကို လိုက်လာတာဟာ လူလား၊ တိရစ္ဆာန်လားဗျ ဟင်"

ရှီ ။ ။ "ဟော့လူ ... ခင်ဗျား ဒီညအိပ်လိုက်ဦးဗျာ။ မအိပ်ရင် မနက်ဖြန် ရူးသွားလိမ့်မယ်" ဟု သူက ကျွန်ုပ်အား ပြန်ပြောနေ၏။

ကျွန်ုပ်လည်း သူ့ရှေ့တွင် မတ်တတ်ရပ်လိုက်လေသည်။

ကျွန်ုပ် ။ ။ "ပြောစမ်းပါဦးဗျ။ ကျွန်တော် မေးတာ၊ နောက်က လိုက်လာတဲ့ သတ္တဝါဟာ လူလား၊ တိရစ္ဆာန်လားလို့"

သူသည် ကျွန်ုပ် မျက်နှာကို စေ့စေ့ကြည့်လျက် နှုတ်ခမ်းကို စောင်းရွဲ့လိုက်ပြီးလျှင် ယခုအချိန်ကလေး၌ပင် လှုပ်ရှားလျက်ရှိသော သူ၏ မျက်လုံးအစုံမှာလည်း ချက်ချင်း ငြိမ်သက်မှေးမှိန်၍ သွားပေတော့၏။ ပြီးမှ –

ရှီ ။ ။ "အင်း ... ခင်ဗျားပြောတဲ့ အလိုထောက်ရင် တစ္ဆေပဲလို့ ထင်တယ်ဗျာ"

ကျွန်ုပ်သည် စိတ်ထဲ ရုတ်တရက် မကျေမချမ်း ဖြစ်သွားသော်လည်း ချက်ချင်းလိုပင် ထိုစိတ်များ ပြေ၍သွားလျှင် ကုလားထိုင်ပေါ်သို့ ပြန်၍ ထိုင်လိုက်ကာ ဦးခေါင်းကို ငုံ့၍ လက်ပေါ်သို့ နဖူးကို တင်လိုက်မိ၏။ ကျားသစ်အော်သံလည်း တစ်ကြိမ်ထပ်၍ ထွက်ပေါ်လာပြန်ချေပြီ။

မောင်ဂိုမာရီသည် ကျွန်ုပ်၏ ကုလားထိုင်နောက်နားသို့ လာ၍ ရပ်ကာ ကျွန်ုပ်၏ ပခုံးပေါ်သို့ လက်တင်လိုက်၏။ ထို့နောက် ကျွန်ုပ်၏ နာမည်ကို ခေါ်လျက် –

"ဒီမှာ ပရင်းဒစ်၊ ကျုပ်လည်း ခင်ဗျားကို ဒီကျွန်းကလေးပေါ်မှာ ဟိုဟို ဒီဒီသွားလာနေဖို့ ခွင့်ပြုထားရမယ့် အကြောင်း မရှိဘူး။ ဒါပေမယ့် ကိုယ့်လူရယ်၊ ခင်ဗျား မြင်ခဲ့တာတွေဟာ ခင်ဗျား စိတ်ထဲမှာ ကြောက်လန့်ပြီး တုန်လှုပ်ချောက်ချားနေသလောက် မဆိုးဝါးပါဘူးဗျာ။ ခင်ဗျားလည်း အတော် စိတ်ပန်း ကိုယ်ပန်း ဖြစ်နေပြီဗျ။ ဒီတော့ အိပ်လိုက်ဦးဗျာ။ အိပ်နိုင်အောင် ကျုပ် ပေးတာလည်း သောက်လိုက်စမ်းဗျာ။ ဟိုကိစ္စတွေကတော့ အခု ချက်ချင်းပြီးသွားမှာ မဟုတ်ဘူးဗျ။ နာရီပေါင်း အတော်ကြာဦးမှာပဲ။ အဲဒီတော့ ခင်ဗျား အခုချက်ချင်း အိပ်လိုက်ရင် ကောင်းမယ်။ မအိပ်ရင်တော့ ခင်ဗျား မေးတာတွေလည်း ကျုပ် ဖြေမနေနိုင်ဘူး" ဟု ပြောလိုက်လေသည်။

မောင်ဂိုမာရီပြောသော အထက်ပါ စကားများကို ကျွန်ုပ်သည် မည်သို့မျှ တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ ကိုယ်ကို ရှေ့သို့ ညွတ်ကာ မျက်နှာကို လက်ဝါး နှစ်ဖက်ဖြင့် အုပ်၍ ထားလိုက်မိလေ၏။ မကြာမီ သူသည် ခပ်ညိုညိုမှိုင်းမှိုင်း အရောင်ရှိသော အရည်အနည်းငယ်ကို ဖန်ခွက်ကလေးတစ်ခွက်ဖြင့် ယူလာပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကျွန်ုပ်အား ပေးလေရာ ကျွန်ုပ်လည်း တစ်စုံတစ်ရာ ငြင်းဆန်ခြင်း မပြုဘဲ သောက်ချလိုက်လေ၏။ ထို့နောက် သူသည် ကျွန်ုပ်အား အိပ်စင်ပုခက်ပေါ်သို့ ဖေးမတွဲခေါ်၍ တင်ပေးလေသည်။

အိပ်ရာမှ နိုးလာသောအခါ နေပင် အတော်မြင့်၍ နေပေပြီ။ နိုးလျှင် နိုးခြင်း ကျွန်ုပ်သည် ရုတ်တရက် အိပ်ရာမှ မထသေးဘဲ အိပ်ရာတွင် ခေတ္တမျှ လဲလျောင်းကာ အထက်မျက်နှာကျက်ဆီသို့ တစ်ခဏမျှ မော်၍ ကြည့်နေမိ၏။ မျက်နှာကျက်မှ ဒိုင်းများမှာ သဘော်ဝမ်းပျဉ်များဖြင့် ပြုလုပ်ထားသည်ကို သတိပြုမိ၏။ ကျွန်ုပ်သည် ပက်လက်အိပ်နေရာမှ တစ်ဘက်သို့ စောင်းလိုက်သောအခါ အခန်းတွင်းရှိ စားပွဲပေါ်တွင် ကျွန်ုပ်အတွက် အစားအသောက်များ ပြင်ဆင်ထားသည်ကို တွေ့ရလသည်။ ဝမ်းဗိုက်မှာ အတော်ပင် ဆာနေပြီဖြစ်၍ ကျွန်ုပ်လည်း ပုခက်ပေါ်မှ ကပျာကယာ ဆင်းလိုက်ရာ ပုခက်သည် ကျွန်ုပ် ပြုလုပ်မည်ကို ကြိုတင်၍ သိထားဘိသကဲ့သို့ ကြိုးများလိမ်၍သွားသဖြင့် ကျွန်ုပ်လည်း ကြမ်းပြင်ပေါ်သို့ အလိုက်သင့် လေးဘက်ထောက်ကျသွားလေသည်။

ကျွန်ုပ်သည် မတ်တတ်ရပ်လိုက်ပြီးလျှင် အစားအစာများ ပြင်ထားသော စားပွဲသို့ သွား၍ထိုင်လိုက်၏။ ကျွန်ုပ်၏ ဦးခေါင်းမှာ အတော်ပင် ထိုင်းမှိုင်းလေးလံ၍ နေသေးသဖြင့် ယမန်နေ့ညဉ့်က အဖြစ်အပျက်များကို ရုတ်တရက် စဉ်းစား မရဘဲ ခပ်ရေးရေးမျှသာ ပေါ်၍နေ၏။ နံနက်ခင်း လေပြေကလေးကား ပြတင်းပေါက်ကို ဖြတ်သန်းကာ သာယာညင်းပြောင်းစွာ တိုက်ခတ်လျက်ရှိ၏။ ထိုအချိန်၌ ယခုတည်ခင်းထားသော အစားအသောက်နှင့်တကွ ပတ်ဝန်းကျင်တွင် ကျွန်ုပ်သည် တိရစ္ဆာန်တစ်ကောင်၏ ငြိမ်သက်အေးချမ်းစွာ နေရခြင်းမျိုးကဲ့သို့ ရှိနေကြောင်း စိတ်ထဲတွင် ရုတ်တရက် အာရုံပေါ်ပေါက်လာမိလေ၏။ ထိုအခါ ကျွန်ုပ်၏ နောက်ဘက်တွင် ခြေဝင်းနှင့် ဒတက်၍နေသည့် တံခါးပေါက်မှ တံခါးဖွင့်သံကို ကြားလိုက်ရသဖြင့် လှမ်း၍ ကြည့်လိုက်မိရာ အတွင်းသို့ ဝင်၍လာသော မောင်ဂိုမာရီ၏ မျက်နှာကို တွေ့မြင်လိုက်ရလေသည်။ သူသည် ကျွန်ုပ်အား စ၍ နှုတ်ဆက်ရင်း "ဘယ့်နှယ်၊ နေလို့ကောင်းရဲ့နော်။ ကျုပ်လည်း သိပ်အလုပ်များနေလို့ဗျာ" ဟု ပြောပြောဆိုဆိုနှင့်ပင် သူသည် တံခါးကို ဂျိုင်းခနဲ မြည်အောင် ပြန်၍ ပိတ်လိုက်ပြီးနောက် အတွင်းဆောင်များ ရှိရာသို့ ဝင်သွားလေ၏။ သို့ ပြန်လည်ထွက်ခွာသွားစဉ် သူသည် တံခါးကို သော့မခတ်ခဲ့ကြောင်း ကျွန်ုပ် တွေ့ရလေသည်။

ကျွန်ုပ်သည် ယမန်ညဉ့်က မောင်ဂိုမာရီ၏ မျက်နှာကို မြင်လိုက်ရသော အခါ၌ ခပ်ဖော့ဖော့က စဉ်းစားတွေးတော၍ မရခဲ့သော ယမန်နေ့က အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာမိတော့၏။ ကျွန်ုပ်၏ စိတ်ထဲ၌ ကြောက်စိတ်များ





ပင် ပြန်၍ဝင်လာလျက် ကျားသစ်ကြီး၏ စူးစူးဝါးဝါး အော်လိုက်သော အသံကြီးကိုလည်း ပြန်လည် ကြားယောင်မိသကဲ့သို့ ရှိနေတော့၏။ သို့သော် ယခုကြားရသောအသံနှင့် ကွဲပြားခြားနားသော အသံတစ်မျိုးဖြစ်သည်ဟု သတိပြုမိ၏။ ကျွန်ုပ်သည် ပါးစပ်တွင်းသို့ သွင်းအံ့ဆဲဆဲဖြစ်သော အစားလုပ်ကို မစားတော့ဘဲ ပန်းကန်ထဲသို့ ပြန်၍ချလိုက်ပြီးနောက် နားစိုက်၍ထောင်လိုက်မိ၏။ လေပြေလေညင်းတိုက်ခိုက်သံမှတစ်ပါး မည်သည့်အသံကိုမျှ မကြားဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေပြန်၏။ သို့ဖြစ်ရခြင်းမှာ ကျွန်ုပ်၏ နားများကပင် ကျွန်ုပ်အား ပြန်၍လှည့်စားသဖြင့် အသံတစ်စုံတစ်ရာ ကြားရသည်ဟု ထင်ခြင်းပင် ဖြစ်လေသလောဟု တွေးတောကာ ဇဝေဇဝါဖြစ်၍ နေမိလေသည်။

ထို့နောက် ကျွန်ုပ်သည် နားကိုစွင့်ကာ စားလက်စ အစားအစာများကို ဆက်လက်၍ စားမြိန်လျက် ရှိနေပြန်၏။ ထိုအချိန်၌ မကွဲပြားသော အသံတစ်သံကို ခတ်သဲ့သဲ့ ခတ်တိုးတိုး ကြားရပြန်ရာ၊ ကျွန်ုပ်မှာ ကျောက်ရုပ်တစ်ခုကဲ့သို့ လှုပ်မယှက် ဆက်လက်၍ နားထောင်နေမိလေ၏။ ယခု ကြားနေရသော အသံမှာ ခပ်တိုးတိုးပင် ဖြစ်သော်လည်း နောက်ဖေးဆောင်မှ ကြားရသည့် အသံများထဲတွင် စိတ်နှလုံး တုန်လှုပ်ထိခိုက်ဖွယ်အကောင်းဆုံးသည့် အသံဖြစ်လေသည်။ ထိုအသံမှာ မည်သည့်နေရာမှလာသည်ကို စုံစမ်းရန် မလိုတော့ပေ။ နာကျင်လှသော ဝေဒနာကြောင့် ရှိုက်လိုက်၊ ငိုလိုက်၊ ညည်းညူလိုက်ဖြင့် မချိမဆန့်ဖြစ်အောင်း ပြတ်တောင်း ပေါ်ထွက်လာသည့် အသံဖြစ်လေသည်။ ထိုအသံကား တိရစ္ဆာန်တစ်ကောင်၏ အော်မြည်သော အသံမဟုတ်ပေ။ ဝေဒနာ ခံစားနေရသော လူတစ်ယောက်၏ အော်ဟစ်ညည်းညူသံဖြစ်ကြောင်း ကျွန်ုပ် တတ်အပ်သွားလိုက်မိလေသည်။

ကျွန်ုပ်သည် ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်ပြီးနောက် ၃-၄ လှမ်း ခြေလှမ်းခတ်ကြဲကြဲ လှမ်းကာ အခန်းတစ်ဘက်ရှိ တံခါးပေါက်သို့ ရောက်သွားပြီးလျှင် သော့ခတ်၍ မထားသော တံခါးကို တစ်ခါတည်း ဆွဲဖွင့်လိုက်၏။

"ဟေ့ ... ဟေ့ ပရင်းဒစ်။ ဟေ့လူ ... မလာနဲ့၊ မလာနဲ့" ဟု မောင်ဂိုမာရီက ဆီး၍ အော်ဟစ်လိုက်လေသည်။

သမင်တစ်ကောင်သည် အလွန်နာကျင်လှသဖြင့် ရန်းကန်အော်ဟစ်လျက် ရှိလေရာ၊ အနီးရှိ ရေဇလုံတစ်လုံး၌လည်း သွေးများနှင့် အညိုရောင်၊ ကြက်သွေးရောင် အရည်များကို တွေ့ရ၏။ ကျွန်ုပ်၏ နှာခေါင်းထဲတွင်လည်း ဘာဆော်လစ်ဆီအနံ့များဖြင့် မွှန်၍နေတော့၏။

၎င်းကို ကျော်လွန်၍ ကြည့်လိုက်သောအခါ အခန်း၏ အတွင်းပိုင်း၌ ထားသော တံခါး၏ အလင်းရောင်ကြောင့် မှောင်ရိပ်ကျသော နေရာတစ်ခုတွင်



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတစ်ကောင်ကို စင်ပေါ်၌ တင်ကာ ကြိုးများဖြင့် ရစ်ပတ်တုပ်နှောင်ထားသည်ကို ခပ်ရေးရေးမျှ တွေ့မြင်လိုက်ရ၏။ ယင်းသတ္တဝါမှာ သွေးစသွေးနများကဲ့သို့ အနီရောင်အကွက်များ ရှိနေသည့် အဝတ်တစ်ခုဖြင့် ပတ်တီးစည်းထားသည်ကို မြင်ရလေသည်။ အနီး၌ကား ကြောက်ရွံ့တုန်လှုပ်နေသည့်ဟန်ဖြင့် မျက်နှာတွင် ဖြူဖတ်ဖြူရော် ဖြစ်နေသော ဒေါက်တာ မောရိုး၏ မျက်နှာကြီးကို တွေ့မြင်ရလေသည်။

ထိုခဏ၌ သူသည် အနီရောင်များ စွန်းပေလျက်ရှိသော လက်တစ်ဘက်ဖြင့် ကျွန်ုပ်၏ ပခုံးစွန်းကို ကြမ်းတမ်းစွာ ဆွဲဆောင့်ဖျစ်ညှစ်လိုက်ပြီးလျှင် ကျွန်ုပ်အား တွန်းပစ်လိုက်ရာ ကျွန်ုပ်လည်း မူလအခန်းထဲသို့ မှောက်လျက်သား လဲကျသွားလေတော့၏။ ထို့နောက် အခန်းတံခါးကို ပိတ်လိုက်ပြီးလျှင် တံခါးသော့ခလောက်ကို ပြန်၍ သော့ခတ်လိုက်သံကိုလည်း ကြားလိုက်ရလေသည်။ ထိုခဏ၌ပင် မောင်ဂိုမာရီက ခပ်တိုးတိုး ခပ်ဟန့်ဟန့် ပြောနေသည်ကိုလည်း ကြားရလေသည်။

မောရိုး၏အသံ။ ။ "တစ်သက်လုံး ကြိုးပမ်းလုပ်လာတဲ့ အလုပ်ဟာ ပျက်တာပဲ"

မောင်ဂိုမာရီ၏အသံ။ ။ "သူက နားမလည်လို့ပါဗျာ"

သူသည် ခပ်တိုးတိုး ဆက်၍ ပြောနေသေး၏။ သို့သော် စကားလုံးများမှာ တိုးတိုးသာသာမျှ ဖြစ်၍ သဲသဲကွဲကွဲ မကြားရချေ။ ထို့နောက် ဆက်လက်၍ "ငါတော့ အချိန်မပေးနိုင်သေးဘူးကွာ" ဟု ဒေါက်တာ မောရိုး၏ အသံကို ကြားရပြီးနောက် ဆက်၍ ပြောသောအသံများကို မကြားရတော့ချေ။ ကျွန်ုပ်သည် အလျားမှောက်လဲနေရာမှ ကုန်း၍ထလိုက်ရာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ နေ၏။ စိတ်ထဲတွင်လည်း ညစ်ညူးရှုပ်ထွေးလျက်ရှိ၏။ လူသတ္တဝါများကို အလိုရှိသလို ခွဲစိတ်နိုင်သည့် အရာမျိုးရှိနိုင်လေသလော။ ထိုအသိဉာဏ်သည် ငြိမ်သက်အေးချမ်းသော ကောင်းကင်တွင် မိုးကြိုးထစ်လိုက်ဘိသကဲ့သို့ ကျွန်ုပ်၏ စိတ်တွင် ထင်းခနဲ ပေါ်၍လာတော့၏။ ဤကဲ့သို့ အသိဉာဏ်ပေါ်၍ လာသည်နှင့် အမျှ ရီမှိုင်းမှုန်ဝေလျက်ရှိသော စိတ်များ ပျောက်ကွယ်လွင့်စင်သွားပြီးလျှင် ကျွန်ုပ်အပေါ်သို့ ကျရောက်လာမည့် ဘေးအန္တရာယ်ကို ထင်ထင်ရှားရှား မြင်၍လာမိတော့၏။

*

## ၁၁

## လူဖမ်းထွက်ခြင်း

ကျွန်ုပ်နေထိုင်သော ခန်းမဆောင်၏ အတွင်းခန်းများသို့ ဝင်ရောက်ရန် တံခါးမှာ သော့ခတ်ပိတ်ထားသော်လည်း အိမ်အပြင်သို့ ထွက်ရန် တံခါးမှာမူ ဖွင့်၍ထားသေးသဖြင့် လွတ်မြောက်ရန် လမ်းရှိနေသေးသည်ဟု အကျိုးအကြောင်းကို တစ်စုံတစ်ရာ မစဉ်းစားဘဲ မျှော်လင့်မိ၏။ ထိုအချိန်၌ ကျွန်ုပ်၏ စိတ်တွင် ဒေါက်တာ မောရိုးဆိုသူမှာ လူတစ်ယောက်ကို အရှင်လတ်လတ် သူလိုသလို ပိုင်းဖြတ်ခွဲစိတ်ကာ စမ်းသပ်ကြည့်ရှုနေသည်ဟု ကောင်းစွာ ယုံကြည်လျက် ရှိနေလေပြီ။ ကျွန်ုပ်သည် သူ့အမည်ကို ပထမ ကြားခဲ့ရပြီးနောက် ဤကျွန်းပေါ်၌ ရှိသော လူလိုလို၊ တိရစ္ဆာန်လိုလို သတ္တဝါများနှင့် အကြောင်းချင်း ဆက်စပ်တွေးတောလျက်ရှိရာ ယခုသော် အဆက်အစပ်၏ အဖြေမှန်ကို ရရှိလေပြီ။ တစ်ကြိမ်က သူစမ်းသပ်ခဲ့သော သွေးထုတ်သွေးသွင်း အလုပ်များအကြောင်းသည်ပင် ကျွန်ုပ်၏ စိတ်၌ပေါ်၍ လာခဲ့၏။ ကျွန်းပေါ်တွင် ကျွန်ုပ်တွေ့မြင်ရသော ထူးထူးဆန်းဆန်း သတ္တဝါများမှာ ဒေါက်တာမောရိုး၏ စိတ်ကူးဉာဏ်ဖြင့် စမ်းသပ်ချင်တိုင်း စမ်းသပ်ထားသော 'ခုတုံး' အလုပ်ခံခဲ့ရသည့် သတ္တဝါများပါပေတကား။

ထိုဒုက္ခိတသတ္တဝါများကို ကြည့်ရခြင်းအားဖြင့် ကျွန်ုပ်သည်လည်း ၎င်းတို့ကဲ့သို့ပင် ဒေါက်တာမောရိုး၏ လက်တွင်း၌ အညှဉ်းပန်း အနှိပ်စက်၊



www.burmeseclassic.com

www.burmeseclassic.com



အဖြတ်အတောက်၊ အခွဲအစိတ် အမျိုးမျိုး ခံပြီးနောက် ၎င်းတို့ဖြစ်သကဲ့သို့ လူလိုလို၊ တိရစ္ဆာန်လိုလို ဘဝမျိုး၌ အဆုံးသတ်ရပေတော့မည်။ ကျွန်ုပ်သည် နံဘေးဆီသို့ လှည့်၍ ရနိုင်မည့် လက်နက်တစ်ခုတစ်ရာကို ရှာဖွေမိ၏။ မည်သည့် အရာမျှ မတွေ့ရပေ။ ထို့နောက် ပက်လက်ကုလားထိုင်ကို တွေ့မိ၍ အားတက် သွားပြီးလျှင် ခြေတစ်ဘက်ဖြင့် တန်းကိုကန်ပြီးနောက် ဆောင့်၍ဆွဲလိုက်ရာ ကျွန်ုပ်၏ လက်ထဲ၌ လက်တန်းတစ်ဘက် ပြုတ်၍ ပါလာလေသည်။ ပြုတ်၍ ပါလာသော လက်တန်း၏တစ်ဘက် အစွန်းတွင် သံကြီးတန်းလန်းနှင့် ချွန်၍ ထားလေရာ သာမန်အသေးအမွှား လက်နက်များကိုမူ ယှဉ်ပြိုင်နိုင်သေး၏ဟု အောက်မေ့ရလေသည်။ ထိုခဏ၌ အပြင်မှ ခြေသံကဲ့သို့ အသံတစ်သံကို ကြား လိုက်ရပြီးလျှင် တံခါးရွက်သည် ရုတ်တရက် ပွင့်လာပြီးနောက် မောင်ဂိုမာရီသည် တံခါးနှင့် တစ်ကိုက်မျှ ဝေးသောနေရာသို့ ရောက်ရှိနေသည်ကို တွေ့ရ၏။ သူ သည် အမြင်တံခါးကို သွား၍ သော့ခတ်ရန် ပြင်ဆင်လျက် ရှိလေသည်။

ကျွန်ုပ်သည် သံချွန်ပါသော ကုလားထိုင် လက်ရမ်းကို တအား မြှောက်လိုက်ပြီးနောက် သူ့မျက်နှာတည့်တည့်ဆီသို့ လွှဲ၍ရိုက်လိုက်လေ၏။ သို့သော် မောင်ဂိုမာရီသည် နောက်သို့ လျင်မြန်စွာ ခုန်၍ ဆုတ်လိုက်သဖြင့် လွတ်သွားလေသည်။ ကျွန်ုပ်ကား တစ်ခဏမျှ ကြက်သေသေ၍ နေပြီးနောက် အိမ်ပြင်သို့ ထွက်ကာကို ပတ်၍ ပြေးသွားလေ၏။

"ဟေ့လူ ပရင်းဒစ် ပရင်းဒစ်။ ဘာအရူးထနေတာလဲ" ဟု မောင်ဂိုမာရီ က တအံ့တဩ လှမ်း၍ ပြောလိုက်သောအသံကို ကြားလိုက်ရ၏။ အခန်းထဲ၌ နောက်ထပ် တစ်မိနစ်နေမိလျှင် မောင်ဂိုမာရီသည် ကျွန်ုပ်အား သော့ခတ်၍ ပိတ်ထားမည်မလွဲတည်း။ သို့ဖြင့် ကျွန်ုပ်လည်း ဘေးဘေးနှင့် ရင်ဆိုင်ရမည့် ယုန်သူငယ်ကဲ့သို့ လွတ်ရာလွတ်ကြောင်း ထွက်ပြေးခဲ့ခြင်း ဖြစ်လေသည်။

"ဟေ့ ပရင်းဒစ်၊ ပရင်းဒစ်" ဟု နောက်ထပ်ခေါ်ခံ ကြားလိုက်ရပြန် သဖြင့် မောင်ဂိုမာရီသည် အိမ်ထောင့်သို့ ရောက်လာပြီဖြစ်ကြောင်း သိရ၏။ ထို့နောက် ဤကဲ့သို့ခေါ်ရင်း မောင်ဂိုမာရီသည် ကျွန်ုပ် နောက်သို့ စွပ်၍ အပြေး လိုက်ကာ နှုတ်ကလည်း ဘာကိုပြောသည်မသိ၊ ပြောဆိုအော်ဟစ်၍ လာလေ သည်။

ဤတွင် ကျွန်ုပ်လည်း ခြေဦးတည့်ရာသို့ ပြေးထွက်လာခဲ့ပြီးလျှင် ယခု တစ်ကြိမ် ထွက်လာသော လမ်းမှာ ယမန်နေ့က သွားခဲ့သော လမ်းနှင့်တစ်ဘက် တည်း မဟုတ်ဘဲ 'ထောင့်မှန်' သွားသော လမ်း ဖြစ်သည်။ ထို့နောက် ကမ်းဆီမှ တောစပ်သို့ ပြေး၍တက်သွားရင်း နောက်သို့ လှည့်၍ ကြည့်မိရာ၊ မောင်ဂိုမာရီ နှင့်အတူ သူ၏ဘပည့်လည်း လိုက်ပါလာသည်ကို တွေ့ရ၏။ ကျွန်ုပ်သည်





ကုန်းဘက်ကို ပြေးတက်သွားပြီးနောက် အရှေ့သို့ ချိုးပြီးလျှင် တစ်ဘက်တစ်ချက် ဆောအုပ်များရှိသော ကျောက်ပေါ်များသည့် လျှိုအကြားသို့ ဝင်ပြေးခဲ့လေသည်။ ဤကဲ့သို့ ပြေးရင်း ခရီးတစ်မိုင်ခန့်ပင် ပေါက်၍လာခဲ့ပြီဟု ထင်မိ၏။ ထိုအခါ ရင်ထဲ၌ တင်းကြပ်၍လာကာ နှလုံးခုန်သံမှာလည်း နားထဲတွင် တဒိန်းဒိန်း ကြား နေရ၏။ မောင်ဂိုမာရီတို့ ဆရာတပည့်၏ အသံများကိုပင် မကြားနိုင်တော့ဘဲ အားပြတ်လုမတတ် မောပန်း၍နေတော့၏။ သို့သော် ကျွန်ုပ်သည် ရပ်နား၍ မနေနိုင်သေးဘဲ ကမ်းစပ်ဆီသို့ ပြေးဆင်းလာပြီးလျှင် ကြိမ်တောတစ်ခုကြားသို့ ဝင်ကာ ပျောင်းနေလိုက်လေသည်။

ကျွန်ုပ်သည် ထိုနေရာ၌ အတန်ကြာ မလှုပ်မရှက် ငြိမ်သက်၍ နေမိ၏။ ထွပ်လည်း မလှုပ်ဝံ့၊ ရှေ့တွင် မည်ကဲ့သို့ လုပ်ရမည်ကိုလည်း မတွေးဝံ့အောင် ကြောက်ရွံ့ထိတ်လန့်လျက် ရှိတော့၏။ ကျွန်ုပ် ရောက်ရှိနေသော နေရာမှာ နေပြင်း ပြင်းအောက်တွင် ငိုက်မျဉ်းအိပ်စက်၍ နေရဘိသကဲ့သို့ ထင်ရ၏။ ကျွန်ုပ် အနီးရှိ ခြင်ပုန်းအချို့သာ အတန်ငယ်ပျံသန်း လှုပ်ရှားလျက်ရှိရာ ကျွန်း၏ ကမ်းစပ်သို့ ဝင်လယ်ရေလှိုင်းများ တစ်ချက်ချင်း ပျင်းပျင်းရိရိ လာရောက်ပုတ်ခတ်သံကိုသာ အချပ်ချပ် ကြားနေရလေသည်။

တစ်နာရီခန့်မျှ ကြာသောအခါ မြောက်ဘက် အတော်ဝေးဆီမှ မောင်ဂိုမာရီသည် ကျွန်ုပ်၏အမည်ကို တကြော်ကြော် ခေါ်၍နေသံကို ကြားရ၏။ ထိုအခါမှ ကျွန်ုပ်မှာ အတန်ငယ် စိတ်သက်သာရာရပြီးလျှင် မည်သို့ဆက်လက် လုပ်ကိုင်ရမည်ကို စိတ်ကူးများ ပေါ်၍လာတော့၏။ ကျွန်ုပ် တွေးတောကြံဆ၍ သိရှိသမျှမှာ ကျွန်းတစ်ကျွန်းလုံးတွင် မိမိတို့ စိတ်ဆန္ဒအတိုင်း ထင်သလို ခွဲစိတ် ဖြတ်တောက်လျက်ရှိသော ဤလူသားနှစ်ယောက်နှင့် ၎င်းတို့ပြုချင်တိုင်းပြု၍ ထားသော တိရစ္ဆာန်စိတ် ပေါက်နေသည့်လူများသာ ရှိနေသည်ဟု ထင်မိ ၏။ ကျွန်ုပ်ကို ဖမ်းဆီးရာ၌လည်း ၎င်းတို့၏ အာဏာနှင့် ထိုလူတိရစ္ဆာန်များကို ခိုင်းစေမည်ဆိုကလည်း ဖြစ်နိုင်၏။ ဒေါက်တာ မောရိုးနှင့် မောင်ဂိုမာရီတို့ နှစ် ယောက်စလုံး၌ပင် ခြောက်လုံးပြူးသေနတ်များ ကိုင်ဆောင်လျက်ရှိရာ ကျွန်ုပ်မှာမူ ကုလားထိုင်လက်ရန်းကို ဖြုတ်၍ထားသော ထိပ်တွင် သံချွန်တပ်ထားသည့် တုတ်တစ်ချောင်းသာ ရှိနေ၏။ လက်နက်ချင်း နှိုင်းစာသော် ကျွန်ုပ်ကိုင်ဆောင် သည့် တုတ်မှာ ကလေးကစားစရာလောက်သာ ရှိနေ၏။

ဤသို့စဉ်းစားရင်း ကျွန်ုပ်သည် လဲလျောင်း၍နေရာမှ ဆာလောင်မွတ် သိပ်သော စိတ်များ ပေါ်၍လာပြီးလျှင် ထိုအခါမှ အတွေးလက်စပြတ်သွားတော့ ၏။ အစားရေစာ ရရန်မှာ ကျွန်ုပ်သည် ဤကျွန်းတွင် အားကိုးအားထားဟူ၍ မှီခိုကိုးရာမဲ့ဘဝတွင် ရှိနေသဖြင့် မကြံတတ်နိုင်အောင် ရှိတော့၏။ အနီးပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်ရှိ သစ်ဥသစ်ဖုများကို ရှာဖွေ၍ စားသုံးရန် ကောင်းနိုးရာရာ ရွေးချယ်ရာမှာလည်း ကျွန်ုပ်မှာ ရက္ခဗေဒပညာ အနည်းငယ်မျှပင် တီးခေါက်ထားမိခြင်း မရှိခဲ့ပေ။ ကျွန်းပေါ်ရှိ ယုန်တစ်ကောင်ကို ထောင်၍ ဖမ်းဆီးစားသောက်ရန်မှာလည်း ကျွန်ုပ် မပြုလုပ်တတ်ပေ။ ထို့ကြောင့် အစာရေစာ ရရန်အရေးမှာ တွေးလိုက်တိုင်း ကျွန်ုပ်နှင့် ဝေး၍နေတော့၏။

နောက်ဆုံးတွင် အကယ်၍ အားကိုးအားထားမရလျှင် ရရာကို မှီတွယ် အားကိုးတော့မည်ဟု ကျွန်ုပ် တွေ့ခဲ့ဖူးသော 'လူ့တိရစ္ဆာန်'များအကြောင်းကို ပြန်၍ စဉ်းစားကြည့်မိ၏။ ယင်းတို့အနက် ကျွန်ုပ်အား အကူအညီရနိုင်မည့်သူ တစ်ဦးဦးအကြောင်းကို ပြန်လည်သုံးသပ်ကြည့်မိ၏။

သို့ရှိစဉ် အမဲလိုက်ခွေးများ ဟောင်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း ကျရောက်လာမည့် ဘေးအန္တရာယ်ကို တွေးတောသိရှိပြီး ဖြစ်သည့်အတိုင်း နေရာမှ ရုတ်ချည်းထကာ ကုလားထိုင်လက်ရမ်းတုတ်ကို ကိုင်လျက် ရေသံကြားနေရသည့် ပင်လယ်ကမ်းစပ်သို့ ဦးတည်၍ ပြေးရပြန်လေ၏။ ကျွန်ုပ် ဖြတ်၍ ပြေးသော ချုံတောမှာ မောင်းချထားများသဖွယ် ချွန်ထွက်၍နေသော ဆူးများရှိသည့် ချုံနွယ်များဖြစ်ရာ ၎င်းတို့နှင့် တိုးမိခိုက်မိလျက်နှင့်ပင် လွတ်အောင်ပြေးရလေ၏။ ချုံတောမှ ထွက်လာသောအခါ ကျွန်ုပ်၏ ကိုယ်မှာ သွေးများ ခြင်းခြင်းနီလျက် ကိုယ်ပေါ်မှ အဝတ်များမှာလည်း အစုတ်စုတ် အပြတ်ပြတ် ရှိနေတော့၏။ ကျွန်ုပ်ထွက်လာခဲ့သော နေရာမှာ မြောက်ဘက်သို့ စီးဝင်သည့် ချောင်းငယ်ကလေး၏ ထွက်ပေါက်ကမ်းစပ်ဖြစ်ကြောင်း တွေ့ရှိရသေးသည်။

ကျွန်ုပ်သည် ထိုချောင်းကလေးထဲသို့ ဒူးဆစ်အထိ မြုပ်အောင် ဆင်း၍ လျှောက်သွားပြီးနောက် အနောက်ဘက်ကမ်းသို့ ရောက်ရှိသွားရာ အလွန်မောပန်းသဖြင့် ရင်များပင် တဒိတ်ဒိတ် ခုန်လျက်ရှိ၏။ သို့နှင့် ကျွန်ုပ်လည်း မတတ်သာတော့ဘဲ အနီးရှိ ချုံပုတ်တစ်ခုထဲတွင် ကိုယ်ကို ပစ်လှဲလိုက်မိလေသည်။ ခွေးဟောင်သံမှာ တဖြည်းဖြည်း နီးလာ၏။ ဆူးချုံများအနီးသို့ ရောက်သောအခါ ပို၍ ဟောင်နေသည်ကို ကြားရပြန်၏။ ထို့နောက် ဆက်လက်မဟောင်တော့ဘဲ တိတ်ဆိတ်သွားသဖြင့် ကျွန်ုပ်မှာ ဘေးကင်းတန်သလောက် ကင်းပေပြီဟု စိတ်ထဲမှ အောက်မေ့ရတော့၏။

ထိုနေရာ၌ တစ်နာရီနီးပါးမျှခင် ထိုင်၍ နားနေသဖြင့် ကျွန်ုပ်မှာ အတော်ပင် အမောပြေ၍ သွားရုံမျှမက ရဲစိတ်ကလေးများပင် အတော်အတန် ဝင်၍ လာတော့၏။





ကြောက်ရွံ့စိတ်များ ပျောက်ကွယ်၍ သွားခဲ့လေပြီ။ ကျွန်ုပ်မှာ အကြောက်လွန်ခဲ့သဖြင့် သေလုမတတ် ကြောက်ရွံ့တုန်လှုပ်ခဲ့ရာ ယခုမူ အကြောင်းမထူးတော့ဘဲ ဖြစ်လိုရာဖြစ်စေဟူသော စိတ်ဓာတ်များပင် ပေါ်၍လာမိတော့၏။ ဒေါက်တာမောရိုးနှင့်ပင် တစ်ယောက်ချင်း မျက်နှာချင်းဆိုင် တွေ့လိုက်ချင်သေး၏။ ကံရာမရသည့်အဆုံးတွင် မိမိကိုယ်ကို ရန်သူ့လက်သို့ အကျမခံဘဲ လွတ်မြောက်နိုင်သည့် နည်းလမ်းတစ်ခုကို တွေးမိ၏။ ထိုအတွေးမှာ အခြားမဟုတ်၊ အကယ်၍ ရန်သူ့လက်မှ မလွတ်နိုင်သည့် အဆုံးတွင် မိမိကိုယ်ကို မိမိ ရေထဲသို့ ခုန်ဆင်းကာ အဆုံးစီရင်ရန်ဖြစ်၏။ ဤနည်းမှာ မည်သူကမျှလည်း တားဆီး၍ မရသောနည်းဖြစ်၏။ သို့သော် ယခုတွေ့ကြုံလျက်ရှိသော စွန့်စားမှုတို့သည် မည်သို့မည်ပုံ အဆုံးသပ်မည်ကို သိလိုလှသဖြင့်လည်း ကျွန်ုပ်မှာ မသေလိုသေးဘဲ စောင့်၍ ကြည့်နေချင်စိတ်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ခြေလက်များကို အညောင်းဆန့်တန်းလိုက်ရာ ခပ်စောစောက ဆူးချုံများအတွင်းသို့ တိုးမိသဖြင့် ရရှိခဲ့သော ဒဏ်ရာများမှလည်းကောင်း၊ အဆစ်အမြစ်များထဲမှလည်းကောင်း နာကျင်ကိုက်ခဲလျက်ရှိနေတော့၏။ သို့ရှိစဉ် ကျွန်ုပ်အနား ပတ်ဝန်းကျင်သို့ ကြည့်ရှုလိုက်မိရာ ကျွန်ုပ်၏ မျက်လုံးများမှာ တောထဲရှိ တစ်နေရာသို့ အပြူးသားကြည့်၍ နေမိတော့၏။ အဘယ်ကြောင့်ဆိုသော် တောအုပ်အတွင်းမှ ညိုမည်းသော ဗျာန် မျက်နှာတစ်ခုသည် ကျွန်ုပ်အား စောင့်ကြည့်အကဲခတ်နေသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရပေသောကြောင့်ပေတည်း။

ထိုမျက်နှာမှာ မျောက်မျက်နှာမျိုးဖြစ်၍ ၎င်းအား သင်္ဘောဆိုက်ကပ်သော အချိန်က ကျွန်ုပ် မြင်ခဲ့ဖူး၏။ သူသည် လန်၍ကျနေသော အုန်းလက်ကိုင်းတစ်ကိုင်းကို ဆွဲခိုကာ ရပ်လျက်ရှိ၏။ ကျွန်ုပ်မှာ လက်ထဲရှိတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီးနောက် ထိုသူ့အား ရင်ဆိုင်ရန် နေရာမှ ထ၍ မတ်တတ်ရပ်လိုက်၏။ ထိုသူသည် စကားကို ဗလုံးဗထွေး စ၍ပြောသည်ကို ကျွန်ုပ် ကြား၏။ "ခင် ခင် ခင်ဗျာ ခင်ဗျာ" ဟူသော စကားလုံးများကို ကျွန်ုပ် ရိပ်ဖမ်းသံဖမ်း ထမနားလည်လိုက်လေသည်။ ထို့နောက် မျောက်မျက်နှာနှင့် တူသော လူသည် သစ်ကိုင်းပေါ်မှ ရုတ်တရက် ဆင်းလာပြီးနောက် ကျွန်ုပ် ရှေ့နားရှိ ချုံများကို ခွာကာ ကျွန်ုပ်အား စိမ်းစိမ်းကြည့်၍ နေသည်ကို တွေ့ရလေသည်။

ကျွန်ုပ်၏ စိတ်တွင် ထိုသူနှင့်တွေ့ရသည်မှာ အခြား သတ္တဝါများနှင့် တွေ့ရသကဲ့သို့ စိတ်ထဲတွင် စက်ဆုပ်ရွံ့ရှာခြင်း မဖြစ်မိပေ။ သူက ကျွန်ုပ်အား "ခင်ဗျား လှေထဲမှာပါတယ်" ဟု စကားစ၍ ပြောလေသည်။ သူ၏ ရုပ်ရည်ပုံသဏ္ဍာန်မှာလည်း လူနှင့် အတော်ပင် တူလေသည်။ သို့သော် အရှင်မောင်း၏ မောင်ဂိုမာရီ၏ တပည့်နည်းပါးမျှသာ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ ။ ။ "စားဖို့ ဟုတ်လား။ လူစားတဲ့အစာကို အခု စားဖို့လား"

ထို့နောက် သူသည် နောက်ပိုင်း၌ တွဲရရွဲကျလျက်ရှိသော နွယ်ကြိုးကို လှည့်ကြည့်လိုက်ပြီးလျှင် "တဲကွေထဲမှာ ရှိတယ်" ဟူ၍ ပြန်ပြောလေသည်။

"ဒါဖြင့် တဲတွေ ဘယ်မှာလဲ"

"အိုး"

"ကျုပ်က လူသစ်ပဲ၊ ဒါကြောင့် မသိဘူး"

သူသည် ချာခနဲ လှည့်၍ တစ်ဘက်သို့ လျှောက်သွားပြန်၏။ ၎င်း၏ လှုပ်ရှားပုံတို့မှာ ထူးထူးခြားခြားပင် မြန်ဆန်သွက်လက်လှလေသည်။

"လိုက်ခဲ့" ဟု သူက ခေါ်သဖြင့် ကျွန်ုပ်ကလည်း မည်ကဲ့သို့သော ရွှန်းစားခန်းများနှင့် တွေ့ရလေဦးမည်နည်းဟု စိတ်တထင့်ထင့်နှင့်ပင် ၎င်းနှင့်အတူ လိုက်ပါသွားမိလေတော့၏။ ၎င်း၏ အပြောအဆိုကို နားထောင်ရခြင်းအားဖြင့် 'တဲတွေ' ဆိုသည်မှာ သူနှင့်အခြား 'တိရစ္ဆာန်လူ' များ နေထိုင်သည့် အိမ်များ ဖြစ်ဟန်တူ၏။ ကျွန်ုပ် တွေ့ရသည့် ထိုသတ္တဝါများမှာ ချေချောင်ငံမှပင် ရှိမှ ရှိပါ လေမည်လောဟု တွေးမိ၏။ သူတို့တွင် လူစိတ်မည်မျှ ချွတ်ယွင်းနေကြသည်ကို မသိရသေးပေ။

လူဝံလိုလို၊ မျောက်လိုလို ကျွန်ုပ်၏ မိတ်ဆွေသည် ကျွန်ုပ် နံဘေးမှ ကပ်လျက် တံမျပ်မျပ်လျှောက်ကာ လိုက်ပါလာ၏။ သူ၏ လက်နှစ်ဖက်သည် နံဘေးသို့ တွဲလွဲကျလျက် ဦးခေါင်းနှင့် မေးမှာ ရှေ့ငေါ့ထွက်နေ၏။ သူသည် သူ့ကိုယ်သူ 'လူ' ဟူသော အဖြစ်ကို မည်မျှပြန်၍ သတိရနေပါသနည်းဟု ကျွန်ုပ် စိတ်တွင် သိချင်စိတ်များ ပေါ်၍လာမိ၏။

"ဒီကျွန်းကို ရောက်တာ ဘယ်လောက်ကြာပြီလဲ" ဟု ကျွန်ုပ်က မေး လိုက်ရာ သူသည် ကျွန်ုပ်၏ မေးခွန်းကို အတန်ကြာ စဉ်းစားနေသည့်ဟန်ဖြင့် "ဘယ်လောက်ကြာပြီလဲ၊ ဘယ်လောက် ဘယ်လောက်" ဟု ကျွန်ုပ်၏ မေးခွန်း ကို ပြန်၍ ရေရွတ်လျက် ရှိနေလေသည်။ နောက်ဆုံးတွင်မှ သူသည် လက်သုံး ချောင်းကို ထောင်၍ ပြလေသည်။ ထိုသတ္တဝါသည်ကား အလွန်ပင် ထိုင်းမှိုင်း ဉာဏ်နည်းသူ တစ်ယောက်ဖြစ်ကြောင်း ထိုအခါတွင်မှ ကျွန်ုပ် ကောင်း အကဲခတ်မိတော့၏။ လက်သုံးချောင်းကို ထောင်ပြခြင်းမှာ မည်သို့ အဓိပ္ပာယ် လေသနည်း။ ကျွန်ုပ်၏ အမူအရာကိုလည်း သူ နားမလည်သဖြင့် ဆက် မမေးတော့ချေ။ ဤသို့ တစ်ခွန်းစ နှစ်ခွန်း မေးပြီးနောက် သူသည် ကျွန်ုပ်အနီး ထွက်သွားပြီးလျှင် သစ်ပင်ပေါ်မှ သစ်သီးအချို့ကို ခုန်၍ ဆွတ်ကာ အခွံကိုခွာ နောက် အတွင်းသားများကို မြိန်ရေယှက်ရေစားလျက် နေလေသည်။ သူ စား သောက်နေသည်ကို မြင်ရသဖြင့် ဤတောထဲတွင် ကျွန်ုပ်စားရန် အစာ





အသောက် မရှားပြီဟု တွေး၍ ဝမ်းမြောက်မိ၏။ ကျွန်ုပ်သည် သူ့အား တစ်ကြိမ် နှစ်ကြိမ်ထပ်၍ မေးခွန်းများ ထုတ်သေး၏။ သို့သော် ၎င်း၏စကားသံမှာ လေး လုံး မကွဲသဖြင့် နောက်ဆုံးတွင် လက်လျှော့လိုက်ရလေသည်။ အချို့မေးခွန်း များကို သူသည် နားလည်ဟန်ဖြင့် ပြန်၍ ဖြေသော်လည်း အများအားဖြင့် ကြက်တူရွေးများ စကားသင်သကဲ့သို့ အလွတ်ရထားသော ဆွတ်ဆက်စကား များကို ရွတ်ဆိုနေသည့် သဘောသာ ရွတ်ဆိုလျက်ရှိလေသည်။

ကျွန်ုပ်သည် လမ်းလျှောက်ရင်း ဤသတ္တဝါ၏ ထူးခြားဆန်းကြယ်မှု များကို အတော်ပင် စိတ်ဝင်စား၍ နေမိသဖြင့် မည်သည့်လမ်း၊ မည်သည့်နေရာသို့ ရောက်လာခဲ့သည်ကိုပင် သတိမပြုမိချေ။ ယခု ကျွန်ုပ်တို့ ရောက်ရှိနေသော နေရာ မှာ သစ်ပင်များရှိနေပြီးလျှင် သစ်ပင်အားလုံးတို့မှာလည်း မီးလောင်သွားခြင်း ခံရသည့် လက္ခဏာဖြင့် ညိုမည်းနေပြီးလျှင် မီးသွေးတစ်ပိုင်းဖြစ်၍နေကြ၏။ ထိုနေရာမှတစ်ဖန် သစ်ပင်များ မရှိတော့ဘဲ ဖြူဝါဝါပြာပုံများ ဖုံးလွှမ်းနေသည့် နေရာသို့ ရောက်ရှိလာပြန်၏။ ထိုနေရာ၌ကား မီးခိုးများ တငွေ့ငွေ့ ထွက်လျက်ရှိ ပြီးလျှင် လေကိုက်သဖြင့် ယိမ်းယိုင်လှုပ်ရှားလျက် ရှိသော မီးခိုးများ၏ ဒဏ်ကို မျက်စိနှင့် နှာခေါင်းများပင် မခံမရပ်နိုင်အောင် ဖြစ်ရတော့၏။ ကျွန်ုပ်တို့၏ လက်ယာဘက်တွင် သစ်ပင်မျှမရှိသော ကျောက်တုံးများရှိရာ ၎င်းတို့ကို ကျော်၍ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ ပင်လယ်ပြင်ကြီးကို မြင်၍နေရလေသည်။ ကျွန်ုပ်တို့ လျှောက်သွားနေသော လမ်းမှာ ရုတ်တရက်အားဖြင့်ပင် လျှိုကလေး တစ်ခုဆီသို့ ရောက်အောင် ကွေ့ပတ်ဆင်းသွားပြီးလျှင် လျှို၏ တစ်ဘက်တစ် ချက်၌ကား အနက်ရောင်သစ်ကိုင်း သစ်စများသည် အစုအပုံများဖြစ်၍ နေလေ သည်။ ထို့နောက် ကျွန်ုပ်တို့လည်း လျှိုထဲသို့ ဝင်၍သွားကြလေ၏။

လျှိုထဲတွင် ကန့်ရောင်ထ၍နေသော မြေပြင်မှ ရောင်ပြန်ဟပ်ကာ ကျ ရောက်လျက်ရှိသော နေ၏ အလင်းရောင် မဆိုစလောက်မှတစ်ပါး အတော်ပင် မှောင်လျက်ရှိရာ ဤကဲ့သို့ လျှောက်၍သွားရင်း ချောက်မှာလည်း တဖြည်းဖြည်း နက်ရှိုင်းသည်ထက် နက်ရှိုင်း၍ လာလေသည်။ ကျွန်ုပ် မျက်စိထဲတွင် အစိမ်းနှင့် ကြက်သွေးရောင်များ ရှေ့က ဖြတ်သန်းသွားသည်ကို တွေ့လိုက်ရ၏။ ထို့နောက် ကျွန်ုပ်၏ မိတ်ဆွေက ရုတ်တရက် ရပ်တန့်သွားပြီးလျှင် "အိမ်၊ အိမ်" ဟု မပီ ထလာ ပီကလာ ဟစ်အော်လိုက်လေသည်။ ကျွန်ုပ်တို့သည် မှောင်နှင့်မည်းမည်း ရှိနေသဖြင့် မည်သည့်အရာကိုမျှ ပထမ မမြင်ရချေ။ နားထဲ၌မူ ထူးဆန်းသော အသံဗလံများကို ကြား၍နေရသဖြင့် မျက်လုံးများကို လက်ဝါးနှင့် ပွတ်၍ ဟိုဟို ဒီဒီ ကြည့်ရှုမိ၏။ ကျွန်ုပ်တို့ ရောက်ရှိနေသော နေရာမှာ မျောက်များ မွေးမြူ ထားသည့် အခန်းကဲ့သို့ ညှီဟောက်သော အနံ့များ ထွက်လျက်ရှိ၏။ ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



မျှော်၍ ကြည့်လိုက်သောအခါ မြေညီသို့ပြန်ထွက်နိုင်သော ဥမင်ခေါင်းတစ်ခုကို တွေ့ရ၏။ ယခင်က ကျွန်ုပ် တွေ့ရသော အလင်းရောင်မှာ ကျွန်ုပ်တို့ ဝင်ခဲ့သည့် ဥမင်ပေါက်နှင့် ယခု မြင်ရသော အပေါက်တို့မှ အလယ်ရှိ အမှောင်ခန်းကြီးအတွင်းသို့ အံ့နည်းအကျဉ်း တိုးဝင်လာသည့် အလင်းရောင် ဖြစ်လေသည်။

*

၁၂

## စမ္ပသတ်ကို ရွတ်ဆိုသူများ

အေးစက်နေသော အရာဝတ္ထုတစ်ခုသည် ကျွန်ုပ်၏ လက်ကိုလာ၍ ထိတို့လိုက်သည်ကို ခံစားလိုက်ရ၏။ သို့နှင့် ကျွန်ုပ်လည်း လက်ကို ရုတ်တရက် ခါလိုက်ပြီးနောက် လှည့်၍ကြည့်လိုက်ရာ ကျွန်ုပ်အနီးတွင် ပုံပန်းပျက်နေသော ကာလေးငယ်တစ်ယောက်နှင့် တူသည့် အရာတစ်ခုသည် ခပ်မှိန်မှိန် ပန်းနုရောင် တောက်လျက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ထိုသတ္တဝါမှာ ရန်မူလိုဟန် မရှိသော မျောက်ပျင်းမျိုး ဖြစ်ဟန်တူ၍ နဖူးမှာအောက်သို့ နိမ့်ဝင်နေပြီးလျှင် လှုပ်ရှားပုံမှာလည်း နှေးကွေးလှပေသည်။ ဤဂူပေါက်တွင်းသို့ ဝင်လာစအချိန်က ကျွန်ုပ် မျက်စိများမှာ ပြာ၍နေသဖြင့် ရုတ်တရက် မည်သည့်အရာကိုမျှ မမြင်ရသော်လည်း အတန်ငယ် ကြာသောအခါ ကျွန်ုပ်၏ မျက်လုံးများသည် ကျင့်သားရလာပြီဖြစ်သဖြင့် ဘေးဘီကို သဲသဲကွဲကွဲ မြင်လာလေသည်။ မျောက်ပျင်းကဲ့သို့ သေးကွေးသော ထိုသတ္တဝါကလေးသည် ကျွန်ုပ်အား ရပ်၍ စူးစိုက်ကြည့်ရှုလျက် ရှိနေလေရာ၊ ကျွန်ုပ်အား လမ်းပြခေါ်ဆောင်လာသူကိုမူ အစအနမျှ မတွေ့မမြင်ရတော့ချေ။

ကျွန်ုပ် ရောက်ရှိနေသောဂူမှာ ဘေးတစ်ဘက်တစ်ချက်တွင် ချော်သားများကို တံတိုင်းကာ၍ ထားသကဲ့သို့ ရှိနေပြီးလျှင် ကျဉ်းမြောင်းသည့် နေရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ အလယ်လောက်တွင် ချော်သားများ ဟာ၍နေသဖြင့် အတွင်းသို့ ချိုင့်ဝင်လျက် အခန်းသဖွယ် ဖြစ်၍နေလေသည်။ ထိုအခန်း၏ တစ်ဘက်တစ်ချက်၌ အုန်းလက် အုန်းရွက်များ ခင်းထားပြီးလျှင် သစ်သားချောင်းကလေးများကို ချော်နံရံနှင့်မှီ၍ စိုက်ထောင်လျက် မှောင်မည်းသော အခန်းများ ဖွဲ့ထားသည်ကို တွေ့ရလေသည်။ လူလျှောက်သွားနိုင်သော လှိုဏ်မြောင်ကြားမှာ ၆ တောင်နီးပါးရှိသော ကျယ်သည့်ပြင် နေရာအနှံ့အပြားခွဲ၍လည်း ပုပ်သိုးနေသော အသီးအရွက်နှင့် အခွံများကို စွန့်ပစ်ထားသဖြင့် ပုပ်ဟောင်သော အနံ့များ ထွက်၍နေလေသည်။

မကြာမီ ကျွန်ုပ်အား လမ်းပြခေါ်ဆောင်လာသော မျောက်လိုလိုသတ္တဝါသည် အနီးရှိ အခန်းကလေးတစ်ခုမှ ရုတ်တရက် ပြန်၍ ထွက်ပေါ်လာ၏။ ထိုအချိန်အသိ မျောက်ပွေးကဲ့သို့ ပုပုသေးသေး သတ္တဝါကလေးမှာ ကျွန်ုပ်အား စောင့်ကြည့်အကဲခတ်နေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်နှင့် အသိဖြစ်သူ မျောက်လိုလို သတ္တဝါကမူ ကျွန်ုပ်အား အတွင်းသို့ ဝင်၍ထိုင်ရန် ကိုယ်ဟန်အမူအရာဖြင့် ဖိတ်ခေါ်လျက်ရှိနေ၏။ ထိုအချိန်၌ပင် ရှေ့ပိုင်းရှိ အခန်းကျဉ်းတစ်ခုမှ ခပ်ကုန်းကုန်းကိုင်းကိုင်း သတ္တဝါတစ်ကောင်သည် ဟွန့်လိမ်လျက် ထွက်လာပြီးလျှင် ခပ်လှမ်းလှမ်းမှ အလင်းရောင် ခပ်စိမ်းစိမ်းရှိသောနေရာတွင် ပုပုပျပ်ပျပ် သဏ္ဌာန်ဖြင့် ထိုင်ချလိုက်ပြီးနောက် ကျွန်ုပ်အား စူးစိုက်၍ ကြည့်နေပြန်လေ၏။ ကျွန်ုပ်လည်း ရုတ်တရက်နောက်သို့ ပြန်၍လှည့်ထွက်ရန် စိတ်ကူးလိုက်မိသေး၏။ သို့သော် ရှေ့တွင် တွေ့ကြုံရမည့် ထူးခြားမှုများကို ရင်ဆိုင်တော့မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်ပြီးနောက် ကုလားထိုင်လက်ရန်းသစ်သားတုတ်အကျိုးကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားလိုက်၏။ ယင်းနောက် အနံ့အသက်ဆိုးဝါး၍ ပိတ်လှောင်နေသော ဂူတွင်းရှိ တစ်ဘက်တွင် အခန်းကလေးအတွင်းသို့ လမ်းပြသူ၏ နောက်မှ ကုန်း၍ဝင်ကာ ထိုင်ချလိုက်လေသည်။

အခန်းကလေးမှာ ပစောက်ပုံသဏ္ဌာန်ဖြစ်ပြီးလျှင် နံရံဘက်ဆီ၌ အုန်းသီးများနှင့် အခြားသစ်သီးမျိုးစုံ စုပုံထားသည်ကို တွေ့ရှိရ၏။ ကြမ်းပြင်ပေါ်တွင်လည်းကောင်း၊ ခွေးခြေသဏ္ဌာန်ပြုလုပ်ထားသော ခုံကလေးပေါ်တွင်လည်းကောင်း၊ မြေဖြင့်လည်းကောင်း၊ သစ်သားဖြင့်လည်းကောင်း ချောချောမွတ်မွတ်မရှိဘဲ အကြမ်းပြုလုပ်ထားသည့် အိုးခွက်များကို တွေ့ရလေသည်။ အခန်း၏ အတွင်းကျကျ၌ကား အတော်ပင် မှောင်လျက်ရှိရာ ထိုနေရာမှ ပုံပန်းသဏ္ဌာန် မသဲကွဲသော သတ္တဝါတစ်ကောင်သည် အခန်းတွင်းသို့ ကျွန်ုပ် ငုံ့၍ ဝင်လာစဉ်က 'ဟေး' ဟု အသံပေးလိုက်သည်ကို ကြားရ၏။ ကျွန်ုပ်အား လမ်းပြ၍ လာခဲ့သော မိတ်ဆွေသည် အပေါက်ဝရှိ အလင်းရောင် ခပ်မှိန်မှိန်တွင် ရပ်ကာ အုန်းသီးတစ်ခြမ်းကို ကျွန်ုပ်အား လှမ်းပေးလိုက်သဖြင့် ကျွန်ုပ်လည်း အုန်းသီးကို လှမ်း၍ယူပြီး





လျှင် ထောင့်တစ်ထောင့်သို့ သွား၍ထိုင်ကာ အားရပါးရ ဝါးလျက် ရှိနေလေသည်။

အခန်းလှိုဏ်ခေါင်းကလေးမှာ အလွန်ကျဉ်းမြောင်းလှသဖြင့် အတော်ပင် အနေရခက်ပြီးလျှင် စိတ်ထဲ၌လည်း ကြောက်ရွံ့တုန်လှုပ်သော စိတ်များ ပေါ်၍လာတော့၏။ မည်သို့ပင် ဖြစ်စေ ကျွန်ုပ်မှာ ဟန်ပန်မပျက်စေဘဲ အုန်းသီးကိုသာ အားပါးတရ ကိုက်ဖွဲ့စားသောက်လျက် ရှိလေသည်။ မျောက်ပျင်းသဏ္ဌာန်ရှိ ခပ်သေးသေး သတ္တဝါကလေးမှာ အခန်းပေါက်ဝတွင် ရပ်လျက် ရှိရာ ညိုရောင်မျက်နှာနှင့် မျက်လုံးများ တောက်ပလျက်ရှိသော သတ္တဝါတစ်ကောင်က ၎င်း၏ ခုံမှ ကျော်၍ ကျွန်ုပ်အား ကြည့်ရှုလျက်ရှိလေသည်။ သို့ရှိစဉ် အခန်းထောင့်ရှိ ညီးမည်းသဏ္ဌာန်ဆီမှ 'ဟေး' ဟု ခေါ်လိုက်သံကို ကြားရပြန်၏။

ထိုအခါ ကျွန်ုပ်အား ခေါ်ဆောင်လာသူ မျောက်နှင့်တူသူက "ဒါဟာ လူပဲ၊ လူပဲ လူပဲကွ။ ငါ့လိုလူပဲ" ဟု ပါးစပ်က တတွတ်တွတ် ပြောလျက်ရှိ၏။ ထိုအခါ မှောင်ထဲမှ အသံက "တိတ်စမ်း" ဟု ခပ်ကျယ်ကျယ် အော်လိုက်ပြန်၏။ ကျွန်ုပ်သည် အုန်းသီးကို တွင်တွင်ကြီး စားလျက်ရှိရာမှ အမှောင်တွင်းသို့ မျက်စိများကို စူးစိုက်ကြည့်ရှုမိ၏။ သို့သော် မည်သည့်အရာကိုမျှ သဲသဲကွဲကွဲ မမြင်ရချေ။

"ဒါဟာ လူပဲ၊ တို့နဲ့ လာနေဖို့တဲ့လား" ဟု အခြားအသံတစ်သံကို ကြားလိုက်ရပြန်၏။ ထိုအသံမှာ အသံဝါကြီးဖြစ်၍ စကားလုံးများ ထွက်၍လာပြီး ရှူးခနဲ လေချွန်သံကဲ့သို့ အသံများထွက်၍ လာလေသည်။ သို့သော် လေယူလေသိမ်းမှာ အတော်ပင် ပီသလှ၏။

အထက်ပါ အသံကို ကြားရပြီးနောက် ကျွန်ုပ် ခေါ်လာသူ ကျွန်ုပ်အား တစ်စုံတစ်ရာ ပြောဆိုစေလိုသည့်ဟန်ဖြင့် ကြည့်ရှုလျက်ရှိရာ ကျွန်ုပ်ကလည်း "ခင်ဗျားတို့နဲ့ နေဖို့လာတာ" ဟု အလိုက်သင့်ပင် ပြန်၍ ပြောလိုက်ရလေသည်။

"ဒါဟာ လူပဲ၊ သူ ဥပဒေသင်ထားရမယ်" ဟု တစ်သံတစ်သံကို ကြားရပြန်၏။ ထိုအချိန်တွင် အခန်းထောင့်၌ မည်းမည်းအိအိကြီး ဝပ်လျက်ရှိသော သဏ္ဌာန်ကို ကျွန်ုပ် မြင်ရလေပြီ။ သို့ရှိစဉ် လိုဏ်ခေါင်းအပေါက်ဝဆီမှ ဦးခေါင်းနှစ်ခု ပြူ၍ဝင်လာသဖြင့် ဂူအတွင်းမှ အတန်ငယ် မှောင်၍သွားလေရာ ကျွန်ုပ်သည် လက်ကိုသာ ခပ်တင်းတင်း ဆုပ်၍ထားလိုက်မိ၏။

ဤကဲ့သို့ရှိနေစဉ် မှောင်တွင်းထောင့်ဆီမှာ အောက်ပါအတိုင်း အသံသံကို ကြားရလေ၏။

"ကဲ လိုက်ဆိုစမ်း၊ ခြေလေးချောင်း ထောက်မသွားရဘူး။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ အဓိပ္ပာယ်ကို နားမလည်နိုင်သဖြင့် တွေဝေစဉ်းစား၍နေမိ၏။ အပေါက်ဝဆီမှ အသံများကလည်း အထက်ပါ ဥပဒေသကို ကျွန်ုပ် ရွတ်ဆိုစေရန် ကျွန်ုပ်အား တိုက်တွန်းသည့် သဘောဖြင့် သံပြိုင်ဆိုနေကြ၏။ သို့နှင့် ကျွန်ုပ်လည်း လိုက်၍ မဆိုလျှင် မဖြစ်တော့ကြောင်း သဘောပေါက်မိသည့်အတိုင်း ထိုရှုးနှမ်းသော အလုပ်ကိုပင် မလွဲမရှောင်သာတော့ဘဲ စ၍ လုပ်ရလေတော့၏။

ဤတွင် မှောင်ထဲရှိ ထောင့်တစ်နေရာမှ အသံပြုသူက ခေါင်းဆောင်၍ ရွတ်ဖတ်လျက်ရှိရာ ကျွန်ုပ်နှင့်တကွ အများကပင် သံပြိုင်လိုက်၍ ဆိုကြရ၏။ ဤသို့ ဆိုကြသူများသည် ဘယ်ယိမ်းညာယိုင်ပြုလုပ်ကာ ထောင်၍ထားသော ဒူးနှစ်ဖက်ကို လက်ဝါးဖြင့် စည်းချက်ညီညီ ရိုက်ခတ်လျက်ရှိကြလေသည်။ ကျွန်ုပ်ကလည်း သူတို့၏ အတုကိုယူကာ အလားတူ လိုက်၍လုပ်ရ၏။ ကျွန်ုပ် တွေ့ကြုံလျက်ရှိသော အဖြစ်မှာ အလွန်ထူးဆန်း၍ မကြုံစဖူး ရှိလှသောကြောင့် ကျွန်ုပ်မှာ သေလွန်ပြီးနောက် အခြားဘဝတစ်ခုခုသို့ပင် ရောက်ရှိနေလေပြီလောဟု ထင်မိ၏။ မှောင်နှင့်မည်းမည်း အခန်းကလေးထဲတွင် ပုံပန်းသဏ္ဌာန်အမျိုးမျိုး ရှိနေသည့်သူများသည် အောက်ပါအတိုင်း ရွတ်ဆိုလျက်ရှိနေကြလေသည်။

"လေးဘက်ထောက်ပြီး မသွားရ။ ဒါဟာ ဥပဒေပဲ။ တို့ဟာ လူတွေ မဟုတ်လား"

"သောက်စရာကို စုပ်၍မသောက်ရ။ ဒါဟာ ဥပဒေပဲ။ တို့ဟာ လူတွေ မဟုတ်လား"

"သစ်ပင်များကို မကုတ်ခြစ်ရ။ ဒါဟာ ဥပဒေပဲ။ တို့ဟာ လူတွေ မဟုတ်လား"

"အခြားလူများကို ပြေးမလိုက်ရ။ ဒါဟာ ဥပဒေပဲ။ တို့ဟာ လူတွေ မဟုတ်လား"

ဤသို့လျှင် ကျွန်ုပ်တို့ သာမန်လူသားများအတွက် ထူးထူးဆန်းဆန်း ပညတ်ချက်များကို သူတို့သည် သံပြိုင်ရွတ်ဆိုလျက် ရှိနေကြကုန်၏။ ကျွန်ုပ်လည်း အရှိန်ရလာပြီးလျှင် သူတို့ထပ်တူ ပြုလုပ်နေရလေသည်။ စိတ်ထဲတွင် ရယ်ချင်စိတ်ပေါက်၍ နေသည့်ပြင် စက်ဆုပ်ရွံရှာစိတ်ကိုလည်း ချိုးနှိမ်၍ မရနိုင်အောင် ရှိတော့၏။

အထက်ပါ ဥပဒေပညတ်ချက် အမျိုးမျိုးကို ရွတ်ဆိုကြပြီးနောက် တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ မြည်တမ်းကြပြန်၏။

"အရှင်၏ အိမ်သည် နာကျင်ခြင်းကို ပေးသော အိမ်ဖြစ်၏"

"အရှင်၏ လက်သည် ဖန်တီးပေးနိုင်၏"

"အရှင်၏လက်သည် ဒဏ်ရာကို ဖြစ်စေနိုင်၏"





"အရှင်၏လက်သည် ပျောက်ကင်းအောင် ပြုနိုင်၏"

အလားတူ အဓိပ္ပာယ်ကင်းမဲ့သော ရွတ်ဆိုသူများကို တစ်သီတစ်တန်းကြီး လိုက်၍ ဆိုကြရ၏။

'အရှင်' ဆိုသည်မှာ မည်သူ့ကို ဆိုလိုကြောင်း ကျွန်ုပ် မတွေးမိပေ။ ကျွန်ုပ်မှာ အိပ်မက်ပင် မက်နေသလောဟု တွေးမိတော့၏။

"အရှင်သည် မိုးကြိုးလက်နက်ဖြစ်၏"

"အရှင်သည် နက်ရှိုင်းသော ပင်လယ်ဖြစ်၏"

ဟူ၍ ကျွန်ုပ်တို့သည် ဂုဏ်ပုဒ်ကိုဖွင့်ကာ ဆက်လက်ရွတ်ဆိုကြရပြန်၏။

ထိုအချိန်တွင် ကျွန်ုပ် တစ်ခုစဉ်းစားမိသည်မှာ ဒေါက်တာမောရိုးသည် ဤလူများကို တိရစ္ဆာန်ဖြစ်အောင် ခွဲစိတ်စမ်းသပ်ပြုပြင်ပေးပြီးနောက် သူ့အား ဘုရားတစ်ဆူ ဂုတစ်လုံးကဲ့သို့ ကိုးကွယ်ကိုင်းရှိုင်းလိုစိတ်များ ပေါ်ပေါက်လာစေရန် ၎င်းတို့၏ ဦးနှောက်တွင် ဆေးထိုးပေးထားခြင်း ဖြစ်ဟန်တူလေသည်။ ကျွန်ုပ်၏ ပတ်လည်၌ရှိသော သတ္တဝါများမှာ ဖြူဖွေးသော သွားနှင့် ချွန်ထက်သော လက်သည်း၊ ခြေသည်းများ ရှိနေသည်ကို သတိပြုမိသည်နှင့် "အရှင့်ပစ္စည်းများမှာ ကောင်းကင်မှ ကြယ်များဖြစ်သည်" ဟူသော အပိုဒ်ကိုပင် ရော၍ မဆိုမိဘဲ ဖြစ်သွား၏။

နောက်ဆုံးတွင် အရှင့်ဂုဏ်ပုဒ်များကို ချီးကျူးရွတ်ဆိုနေခြင်းများ ပြီးဆုံးသွားလေသည်။ ကျွန်ုပ်ကို ခေါ်လာသော မျောက်ကဲ့သို့သော သတ္တဝါ၏ မျက်နှာတွင် ချွေးများဖြင့် ရွှဲရွှဲစို၍ ပြောင်လက်လျက်ရှိ၏။ ထိုအချိန့်တွင် ထောင့်ထဲမှ အသံတိုင်၍ ပေးသော မည်းမည်းသဏ္ဌာန်ကို ဗို၍ သဲသဲကွဲကွဲ မြင်လာရလေရာ၊ ၎င်းသည် လူသာမန်၏ ကိုယ်လုံးခန့်ရှိသော်လည်း တစ်ကိုယ်လုံးတွင် 'စကိုင်းတယ်ရီယာ' ခွေးကဲ့သို့ အညိုရောင် အမွေးအမှင်များ ဖုံးအုပ်လျက် ရှိလေသည်။ ဤသတ္တဝါများသည် အဘယ်သို့သော အကြောင်းများ ခန့်တီးသဖြင့် တိရစ္ဆာန်မကျသော ဤပုံသဏ္ဌာန်မျိုးများဖြစ်၍ နေကြရသနည်းဟု ကျွန်ုပ်များစွာ အံ့သြ၍ နေမိတော့၏။ တစ်နည်းအားဖြင့် ၎င်းတို့သည် ထူးခြားတသတ္တဝါတစ်မျိုးပင် ဖြစ်တော့၏။

"သူဟာ လက်ငါးချောင်းနဲ့လူ၊ ငါ့လိုပဲ" ဟု မျောက်မျက်နှာနှင့်တူသော သူက အော်ဟစ်လိုက်ပြန်၏။

ကျွန်ုပ်က လက်ဖဝါးကို ရှေ့သို့ ဖြန့်ပေးလိုက်၏။ မှောင်ရိပ်စွန်းတွင် ထိုင်နေသော သတ္တဝါသည် ကိုယ်ကိုရှေ့သို့ ကိုင်းညွတ်ကာ "လေးဘက်ထောက်၍ မသွားရ။ ဒါဟာ ဥပဒေပဲ။ ငါတို့လူတွေ မဟုတ်လား" ဟု ရွတ်ဆိုလိုက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူသည် ပုံပန်းပျက်နေသော လက်သည်းများရှိသည့် လက်တစ်ဘက်ကို ရှေ့သို့ထုတ်လျက် ကျွန်ုပ်၏လက်ကို ဖျစ်ညှစ်စမ်းသပ်ကြည့်ရှုလေရာ၊ ကျွန်ုပ်မှာ နာကျင်လှသဖြင့် အော်ဟစ်ရမတတ် ရှိနေ၏။ သူ၏ လက်ချောင်းများမှာ ငြင်းခွာ၊ သမင်ခွာများကဲ့သို့ ဖြစ်အောင် လက်ချောင်းများကို ခွဲခြမ်း၍ဆိုးဖြတ်ထားဟန် တူ၏။ ထို့နောက် သူ၏ကိုယ်ကို ရှေ့သို့ ပို၍တိုးကာ ကိုင်းညွတ်လာပြီးနောက် အခန်းပေါက်ဝရှိ အလင်းရောင် အတော်အသင့်ရသော နေရာသို့ ကျွန်ုပ်၏ လက်များကို ဆွဲယူ၍ ကြည့်လိုက်၏။ ထိုအခါ သူ၏မျက်နှာကို ပထမအကြိမ် ကောင်းစွာ မြင်လိုက်ရလေသည်။ သူ၏မျက်နှာကို ကြည့်ရသည်မှာ ကြက်သီးမွေးညင်း ထစရာပင် ဖြစ်တော့၏။ လူမျက်နှာလည်း မဟုတ်၊ သားရဲတိရစ္ဆာန် မျက်နှာလည်း မဟုတ်ဘဲ မျက်လုံးနှစ်လုံးနှင့် ပါးစပ်ပေါက်နေရာတို့တွင် ချိုင့်ကြီးများဖြစ်လျက် အမွေးအမှင်များ ဖုံးအုပ်နေသည်ကို တွေ့ရလေသည်။ ထိုကြောက်မက်ဖွယ်ကောင်းသော သတ္တဝါသည် ကျွန်ုပ်၏ လက်ကို ကြည့်လျက် "သူ့မှာ လည်သည်းလေးတွေ ရှိတယ်။ အဲဒါ ကောင်းတယ်" ဟု ပြောလိုက်၏။ ထို့နောက် သူသည် ကျွန်ုပ်၏ လက်များကို လွှတ်ချလိုက်လေသည်။ ကျွန်ုပ်လည်း ကုလားထိုင် လက်ရန်းတုတ်ကိုသာ ခပ်ကျစ်ကျစ် ပြန်၍ ဆုပ်ကိုင်ထားလိုက်မိ၏။

"သံစ်ဥ သစ်မြစ်တွေကို စားရမယ်။ ဒါဟာ အရှင့် အလိုအတိုင်းပဲ" ဟု မျောက်နှင့်တူသော သတ္တဝါက ပြောလိုက်ရာ အမွေးထူသော သတ္တဝါက "ငါဟာ ဥပဒေကို ရွတ်ဆိုတဲ့လူပဲ" ဟု ပြောပြီးလျှင် ဆက်၍ "လူသစ်မှန်သမျှ ငါ့ဆီကို ဥပဒေသစ်ရအောင် လာခဲ့ကြ။ အမှောင်ထဲမှာ ထိုင်ပြီး ဥပဒေကို ငါဆိုမယ်" ဟု ကျယ်လောင်စွာ အော်၍ ပြောလိုက်လေသည်။

ထိုအခါ တံခါးပေါက်တွင် ရပ်လျက်ရှိသော သတ္တဝါများထဲမှ တစ်ယောက်က "ဒါပေမယ့် ဥပဒေကို ဖျက်တဲ့လူဟာ မကောင်းဖြစ်ပြီး အပြစ်ပေးခံရတယ်။ ဘယ်သူမှ မလွတ်ဘူး" ဟု ဆက်၍ ပြောရာ "ဘယ်သူမှ မလွတ်ဘူး" ဟု အခြားသတ္တဝါများကလည်း သံယောင်ရော၍ လိုက်ကြလေသည်။ သို့ရှိစဉ် မျောက်ကဲ့သို့ သတ္တဝါက –

"ဘယ်သူမှ မလွတ်နိုင်ဘူး၊ ဘယ်သူမှ မလွတ်နိုင်ဘူး။ ကြည့်ပါလား ငါဟာ တစ်ခါက မှားဖူးတယ်။ တစ်ခါတည်း စကားမပြောနိုင်တော့ဘူး။ ငါ့ကို ဘယ်သူမှလည်း နားမလည်တော့ဘူး။ ငါဟာ မီးရှို့ခံရတယ်။ လက်ကို သံပူကပ်ပြီး အမှတ်ခံရတယ်။ သူဟာ ကြီးမြတ်ပေတယ်။ သူဟာ ကောင်းပါပေတယ်" ဟု ပြောဆိုရေရွတ်လျက် ရှိလေသည်။





"ဘယ်သူမှ မလွတ်နိုင်ဘူး" မှောင်ထဲမှ ညိုမည်းမည်း အရောင်အမွေးနှင့် သတ္တဝါကပြောရာ "ဘယ်သူမှ မလွတ်ဘူး" ဟု အားလုံး တစ်ယောက်မျက်နှာကို တစ်ယောက် အငေးသား ကြည့်လျက် သံပြိုင်လိုက်၍ ဆိုကြတော့၏။

"မကောင်းတာကို လိုချင်တာဟာ မှားတယ်။ မင်းတို့ ဘာလိုချင်သလဲ မင်းတို့ သိရမယ်။ တချို့က သွားတဲ့ အရာတွေ နောက်ကို လိုက်ချင်တယ်။ တချို့က ချောင်းပြီး ခုန်အုပ်ချင်တယ်။ သတ်ချင်တယ်၊ ဖြတ်ချင်တယ်၊ ကိုက်ချင်တယ်၊ အားရပါးရ ဖဲ့ချင်လိုက်တယ်၊ တချို့က သွေးစုပ်ယူချင်တယ်။ ဒါဟာ မကောင်းဘူး။ တခြားလူတွေကို မလိုက်ရဘူး။ ဒါဟာ ဥပဒေပဲ။ တို့ဟာလူတွေ မဟုတ်လား၊ အသားနဲ့ငါးကို မစားရဘူး။ ဒါဟာ ဥပဒေပဲ။ တို့ဟာ လူတွေပဲ မဟုတ်လား" ဟု ခေါင်းဆောင်လုပ်၍ ဥပဒေကို ရွတ်သူက တစ်ဆက်တည်း ပြော၍နေလေသည်။

"ဘယ်သူမှ မလွတ်နိုင်ဘူး" ဟု တံခါးပေါက်တွင် ရပ်နေသော သတ္တဝါတစ်ကောင်က ထောက်ခံပြောဆိုလေရာ မျောက်နှင့်တူသော လူမျောက်တလည်း "ဘယ်သူမှ မလွတ်ဘူး" ဟု ထပ်မံပြောလိုက်ပြန်၏။

ထိုအခါ ဥပဒေကို ရွတ်ဆိုသူက "ဘယ်သူဖြစ်ဖြစ် လိုချင်တယ်ဆိုတဲ့ အရာဟာ မကောင်းဘူး။ တချို့က သစ်မြစ်တွေကို သွားနဲ့ကိုက်ဖဲ့ချင်တယ်။ မြေကြီးကို ယက်ပြီး အနံ့ခံချင်တယ်။ ဒါဟာ မကောင်းဘူး" ဟု ပြောဆိုပြန်၏။

ထိုအခါ တံခါးဝတွင် ရပ်နေသူများက "ဘယ်သူမှ မလွတ်ဘူး" ဟု အော်ကြပြန်လေသည်။

"တချို့ သစ်ပင်တွေကို လက်သည်းနဲ့ ကုတ်ချင်ဖဲ့ချင်တယ်။ တချို့က အသေကောင် မြှုပ်ထားတဲ့ သင်္ချိုင်းရာတွေကို လက်သည်းနဲ့ ကုတ်ခြစ်ဖော်ချင်တယ်။ တချို့က သတ်တဲ့ပုတ်တဲ့ နေရာမှာ ခေါင်းနဲ့ဖြစ်ဖြစ်၊ ခြေထောက်နဲ့ဖြစ်ဖြစ်၊ လက်သည်းနဲ့ ဖြစ်ဖြစ် သတ်ချင်ပုတ်ချင်တယ်။ တချို့က ရုတ်တရက် ကိုက်ချင်ကိုက်လိုက်တတ်တယ်။ နေရာမရွေးဘူး။ တချို့ကလည်း ညစ်ညစ်ပတ်ပတ်နေရတာမှ ကြိုက်တယ်"

"ဘယ်သူမှ မလွတ်ဘူး" ဟု လူမျောက်က ပေါင်ကို ကုတ်ရင်း ဟစ်အော်လိုက်ပြန်၏။

"အပြစ်ဒဏ်ဟာ ပြင်းလည်းပြင်းထန်တယ်။ လွတ်လည်း မလွတ်နိုင်ဘူး။ ဒါကြောင့် ဥပဒေကို သင်ကြရမယ်။ ကဲ ... ဥပဒေကို ဆိုကြစို့" ဟု ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါက ခေါင်းဆောင်ကာ ယခင်ကထက်က ရွတ်ဆိုခဲ့ကြ ဥပဒေသများကို ကိုယ်ကိုယ် ယိမ်းလိုက်၊ ဒူးကို ပုတ်လိုက်ဖြင့် ရွတ်ဆိုလျက် ရှိနေကြရ၏။ ကျွန်ုပ်မှာ ဆူဆူညံညံ အသံများ အကြားမှ ဆိုးဝါးသော အနံ့



www.burmeseclassic.com

www.burmeseclassic.com



အသက်များကိုလည်း ရှူရှိုက်နေရပြန်သဖြင့် ခေါင်းထဲတွင် မူးဝေရီနောက်လျက်ရှိသော်လည်း နောက်ထပ် မည်သည့်အထူးအဆန်းမျိုးနှင့် တွေ့ကြုံရပါဦးမည်နည်းဟု စိတ်စောလျက် ၎င်းတို့နှင့် ရောစွာ အလိုက်သင့် ပြုလုပ်နေရတော့၏။

လိုဏ်ခေါင်းအတွင်းတွင် အလွန် ဆူညံလျက်ရှိသည်ဖြစ်ရာ ကျွန်ုပ်တို့သည် အပြင်၌ ရန်းရင်းဆန်ခတ် ဖြစ်နေကြသည့်ကိစ္စကို မသိလိုက်ဘဲ ရှိလေသည်။ ကျွန်ုပ်တို့ရှိရာ အတွင်းဘက်သို့ ဝက်မျက်နှာနှင့်တူသော ကျွန်ုပ်နှင့် တောတွင်း၌ တွေ့ခဲ့သည့် သတ္တဝါနှစ်ဦးအနက် တစ်ဦးက မျောက်ပျင်းကလေး ရပ်နေသော နေရာမှ ဦးခေါင်းပြူ၍ တုစ်ခုတစ်ရာကို လာရောက်အော်ဟစ်လိုက်မှသာ သိရတော့၏။ သူ၏ အော်ဟစ်ခြင်းမှာ မည်သို့သော အကြောင်းဖြစ်သည်ကို မသိရသော်လည်း အခန်းပေါက်ဝတွင် ရပ်လျက်ရှိသော သတ္တဝါများ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားကြသည့်ပြင် ကျွန်ုပ်၏ မျောက်လိုလို အနဖော် သတ္တဝါမှာလည်း အပြင်သို့ တစ်ခါတည်း ထွက်၍ ပြေးသွားသည်ကို တွေ့လိုက်ရ၏။ မှောင်ထဲတွင် ထိုင်နေသည့် ကြောက်မက်ဖွယ် ရုပ်အဆင်းရှိသော ခေါင်းဆောင်ဖြစ်သူသည်လည်း ၎င်း၏ နောက်မှ ကပ်၍ လိုက်သွားသည်ကို မြင်လိုက်ရ၏။ သူ၏ကိုယ်မှာ အမွေးအမှင် ထူထပ်ပြီးလျှင် ကြီးမားလေးလံ၍ ကိုးယိုးကားယား နိုင်လှ၏။ ဤကဲ့သို့ အားလုံး အရေးတကြီး ထွက်သွားကြသောအခါ ကျွန်ုပ်မှာ ဂူထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေတော့၏။ ကျွန်ုပ်လည်း အပေါက်မှ ထွက်မည်အပြုတွင် အမဲလိုက်ခွေးကြီးများ ဟောင်သံကို ကြားလိုက်ရလေသည်။

ထိုခဏ၌ ကျွန်ုပ်မှာ မြေတွင်းလိုဏ်ခေါင်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သဖြင့် တုတ်ကိုသာ မြဲမြဲစွဲစွဲ ဆုပ်ကိုင်ရင်း တွေဝေ၍နေမိ၏။ ကျွန်ုပ်၏ ရှေ့၌ 'တိရစ္ဆာန်လူ' များမှာ နှစ်ဆယ်ကျော်မျှရှိမည်ဖြစ်၍ ၎င်းတို့၏ ပုံပန်းမကျသော ဦးခေါင်းများမှာ ပခုံးရှေ့သို့ ထက်ဝက်မျှ လျှောကာ အောက်သို့ နိမ့်ဝင်နေသဖြင့် အလွန်အကြည့်ရဆိုးပြီးလျှင် လူလိုလို၊ မျောက်လိုလို သတ္တဝါများ ဖြစ်လေသည်။ ၎င်းတို့အားလုံးပင် အလွန်ကြောက်ရွံ့တုန်လှုပ်သော အမူအရာဖြင့် ရပ်၍နေကြ၏။ လိုဏ်ဂူပေါက်ဝဆီမှလည်း လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်း သတ္တဝါတို့၏ မျက်နှာများသည် အပြင်သို့ ချောင်းမြောင်းမျှော်ကြည့်နေသည်ကိုလည်း တွေ့ရ၏။ ကျွန်ုပ်လည်း ၎င်းတို့ မျှော်ကြည့်နေသော နေရာသို့ ကြည့်လိုက်ရာ မြူများ ဆိုင်းလျက်ရှိသော လမ်းမြောင်ကလေးတစ်ခုပေါ်တွင် ကျွန်ုပ်တို့ ရှိရာသို့ လာနေသည့် ဒေါက်တာမောရိုးနှင့် ၎င်း၏တပည့် မောင်ဂိုမာရီတို့ကို တွေ့မြင်လိုက်ရ၏။ ဒေါက်တာမောရိုး၏ မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းသော အသွင်ကို ဆောင်လျက် အမဲလိုက်ခွေးကြီးကို တုံ့၍ တုံ့၍ဆွဲကာ ခပ်သွက်သွက်





လှမ်းလျက် ရှိလေရာ ၎င်း၏နောက်တွင် မောင်ဂိုမာရီက ခြောက်လုံးပြူးကို ကိုင်ကာ ကပ်၍ ကိုက်ပါလာလေသည်။ ရုတ်တရက်သော် ကျွန်ုပ်သည် ကြက်သေသေ၍ ရပ်နေမိ၏။

ထို့နောက် ကျွန်ုပ်လည်း သတိရသဖြင့် နောက်သို့ ထွက်ရန် လမ်းကို ပြန်ကြည့်လိုက်သောအခါ ခွန်အားဗလ ကြီးမား၍ ညိုမောင်းသော မျက်နှာရှိသည့် သတ္တဝါတစ်ကောင်သည် စူးရှတောက်ပသော မျက်လုံးများဖြင့် ကျွန်ုပ်အား စိမ်းစိမ်းကြည့်ကာ ရှေ့သို့ တိုးလာနေသည်ကို တွေ့လိုက်ရ၏။ သို့ဖြင့် တစ်ဘက်သို့ ကြည့်လိုက်ပြန်ရာ၊ ကျွန်ုပ်၏ လက်ယာဘက် ခပ်စောင်းစောင်း တစ်နေရာ ၆ ကိုက်ခန့် အကွာတွင် အပြင်မှ အလင်းရောင် ဝင်နေသည်ကို မြင်ရသဖြင့် ထိုနေရာတွင် ထွက်ပေါက်တစ်ခု ရှိကြောင်း သိရလေသည်။

ကျွန်ုပ်သည် ထိုအပေါက်ဆီသို့ ခပ်သုတ်သုတ် သွားလေရာ "တော့ မသွားနဲ့" ဟု ဒေါက်တာမောရိုး၏ အသံကို ရုတ်တရက် ကြားလိုက်ရပြီးနောက် "သူ့ကို ဖမ်းထားလိုက်ကြ" ဟု လူတိရစ္ဆာန်များအား တစ်ဆက်တည်း လှမ်း၍ အမိန့်ပေးလိုက်သည်ကို ကြားလိုက်ရပြန်၏။ ထိုသတ္တဝါများမှာ အာရုံခံစားမှုနှင့် စိတ်၏ စေစားမှုများ နှေးကွေးကြသဖြင့် တစ်ယောက်ပြီးမှ တစ်ယောက် ကျွန်ုပ်ဆီ လှည့်၍ ကြည့်ကြလေသည်။

ဒေါက်တာ မောရိုး၏ အမိန့်ကို မသဲမကွဲ ကြားရသည့် လက္ခဏာဖြင့် ပြန်၍ လှည့်ကြည့်လျက်ရှိသော ခပ်ကြီးကြီး သတ္တဝါကြီးတစ်ကောင်အား ကျွန်ုပ်သည် ပခုံးဖြင့် တအားဝင်၍ ဆောင့်လိုက်ရာ ၎င်းမှာ အရှိန်ဖြင့် ယိုင်၍သွားပြီးလျှင် နောက်တစ်ယောက်အား သွား၍ တိုက်မိလေ၏။ သို့ဖြင့် ကျွန်ုပ်အား ဖမ်းရန် ချိန်ရွယ်ထားသော သူ၏ လက်များသည်လည်း ကျွန်ုပ်ကို မမိဘဲ လွဲချော်၍ ကျစ်ရစ်ခဲ့လေသည်။ ထိုအခိုက်တွင် မျောက်ပျင်းကလေးသည် ကျွန်ုပ်ထံသို့ တရှိန်ထိုး ဝင်၍လာရာ၊ ကျွန်ုပ်လည်း လက်ထဲမှ ကုလားထိုင်လက်ရန်းဖြင့် ၎င်း၏ မျက်နှာဆီသို့ ဖြတ်ကာ တအားလွှဲ၍ ရိုက်ချလိုက်လေ၏။

တစ်ခဏချင်းမှာပင် ကျွန်ုပ်သည် အလင်းရောင်ဝင်လာသော အပေါက်ကလေးအတိုင်း မီးခိုးခေါင်းတိုင်ကဲ့သို့ ဖြစ်နေသည့် အပေါက်ကို တွယ်ကပ်ကုပ်ချိတ်ကာ တက်လျက်ရှိနေလေပြီ၊ ကျွန်ုပ်၏ နောက်မှလည်း "ဖမ်းထားလိုက်"၊ "ဆွဲထားလိုက်" ဟု အော်ဟစ်နေသော အသံများကိုလည်း ကြား၍နေရ၏။ အညိုရောင်မျက်နှာနှင့် ခေါင်းဆောင်သတ္တဝါကြီးသည် ထိုအပေါက်အတိုင်း ကျွန်ုပ် နောက်မှ တက်၍လိုက်လာ၏။ သို့သော် ၎င်း၏ ကိုယ်ကြီးမှာ အပေါက်နှင့် မဆန့်သဖြင့် တစ်၍နေလေသည်။ သို့ရှိစဉ် "တက်စမ်း၊ တက်စမ်း" ဟူသော ၎င်းကို အားပေးသည့် အသံများလည်း ကြားရလေသည်။ ကျွန်ုပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



အပေါက်အတွင်း ကုတ်ခြစ်တွယ်တက်ခဲ့ရာ ကျောက်ဆောင် အအက်အကွဲများကို အားပြုလျက် အပြင်သို့ ရောက်အောင် မနည်းကြိုးစားအားထုတ်ရတော့၏။ အပြင်သို့ ရောက်သောအခါ 'တိရစ္ဆာန်လူများ နေထိုင်သော ရွာကလေး၏ အနောက်ဘက်နံဘေးရှိ ကန့်ကျောက်မြေများ ရှိရာ နေရာသို့ ရောက်ရှိနေကြောင်း တွေ့ရလေသည်။

ထိုထွက်ပေါက်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် အပေါက်သည် အပေါ်ထိုပ်ဝနားတွင် ကျဉ်းမြောင်းမတ်စောက်လျက်ရှိသဖြင့် နောက်မှ ထက်ချပ်လိုက်လာသူများမှာ အတော်ပင် အခက်အခဲနှင့် တွေ့ကြုံနေရသောကြောင့်ပေတည်း။ ကျွန်ုပ်သည် ထွက်ပေါက်ရှိရာ တောင်ကမူ ကလေးပေါ်မှ တောတန်းကို ဖြတ်၍ ပြေးဆင်းကာ မြေနိမ့်ထဲရှိ ချုံခပ်မြင့်မြင့်များအတွင်းသို့ ဝင်၍နေလိုက်၏။ ချုံတောအတွင်းသို့ တဖြည်းဖြည်း တိုးဝင်သွားရာ ကျွန်ုပ် နင်းထားသော မြေကြီးမှာ ပျော့ပြောင်း၍ ရေများ စွတ်စိုထိုင်းမှိုင်းလျက်ရှိနေကြောင်း တွေ့ရ၏။ ချုံတောအတွင်းသို့ ကျွန်ုပ် ဝင်မိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်နောက်မှ လိုက်လာသောသူများသည် တောင်ထိပ်သို့ ရောက်ရှိ၍ နေကြလေပြီ။ သို့နှင့် ကျွန်ုပ်လည်း ချုံထဲတွင် ကိုယ်ရှိန်သတ်လျက် ငြိမ်သက်စွာ နေရလေ၏။ ဝတ်ဝန်းကျင်၌ကား ဟစ်အော်ဆူညံစွာ ညာသံပေး၍နေသော အသံများကို ကြားရလေသည်။

သူတို့သည် ချုံတောအတွင်းသို့ဝင်၍ လိုက်လာကြပြီးနောက် သစ်ပင်အချို့ကို တဖြုန်းဖြုန်း ချိုးဖဲ့လျက် ရှိကြကုန်၏။ အချို့ သတ္တဝါများမှာ အသားစား သတ္တဝါကြီးများကဲ့သို့ မာန်ဖီလျက်ရှိကြ၏။ အမဲလိုက်ခွေးကြီးများသည် လက်ဝဲဘက်ဆီသို့ ဆူညံစွာ ထိုးဟောင်လျက်ရှိကြ၏။ ဒေါက်တာ မောရိုးနှင့် မောင်ဂိုမာမရီတို့သည်လည်း ထိုအရပ်သို့ပင် မျက်နှာမူကာ အော်ဟစ်လျက် ရှိကြလေသည်။ ကျွန်ုပ်သည် လက်ယာဘက်သို့ ချိုးကာ ချုံတောများအတွင်းသို့ တဖြည်းဖြည်း တိုးဝင်ခဲ့ပြန်၏။ ထိုအချိန်၌ ကျွန်ုပ်၏ နားထဲတွင် မောင်ဂိုမာရီက ကျွန်ုပ်အား အသက်ဘေးမှ လွတ်အောင် ပြေးရန် သတိပေးနေဘိသကဲ့သို့ ကြား၍နေမိတော့၏။ ထိုနေရာ၌ ကျွန်ုပ် နင်းထားသောမြေပြင်မှာ စိုစွတ်ထိုင်းမှိုင်းရုံမျှမက အလွန်ပျော့ပြီးလျှင် အောက်သို့ ကျွံလျက်ရှိရာ တစ်နေရာတွင် ဒူးဆစ်အထိ ကျွံ၍ဝင်သွားသဖြင့် ကျွန်ုပ်မှာ အတော်ပင်ရုန်းကန် ရုန်းကန် နှုတ်ယူရ၏။ ထိုတောမှာ ကြိမ်တောဖြစ်၍ လမ်းအကွေ့ကလေးတစ်ခုကို အသင့်သွား၍ တွေ့ရသဖြင့် ကျွန်ုပ်လည်း ၎င်းလမ်းအတိုင်း တိုးဝင်သွားရာ ကျွန်ုပ်၏နောက်မှ လိုက်လာကြသူများ၏ အသံကို ကြားရသဖြင့် ၎င်းတို့မှာ လက်ဝဲဘက်သို့ လွဲချော်သွားကြပြီဖြစ်ကြောင်း သိရ၏။ တစ်နေရာတွင် ကြောင်ကလေးများ အရွယ်ရှိ ပန်းနုရောင်





အသွေးရှိသော ထူးဆန်းသည့် အကောင်ကလေးများသည် ကျွန်ုပ်၏ ခြေထောက်များအကြားတွင် ခုန်ပေါက်ပြေးဝင်လာသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း ထိုလမ်းကလေးအတိုင်း လိုက်၍သွားရာ ကုန်းမြင့်ကလေးတစ်ခုသို့ အရောက် ပြေး၍တက်ခဲ့ရပြီးနောက် သစ်ပင်ကြီးများမရှိဘဲ ချုံပုတ်များသာ ရှိသည့်နေရာသို့ ဖြတ်ကျော်သွားရပြီးလျှင် ထိုမှတစ်ဖန် ကြိမ်တောတစ်ခုသို့ ရောက်ရှိလာပြန်၏။

ကျွန်ုပ် ပြေး၍လာသော လမ်းကလေးမှာ ရှေ့မှ မတ်စောက်သော နံရံများရှိသည့် လျှိုတစ်ခုခံ၍နေသောကြောင့် ကျွန်ုပ်လည်း လျှို၏ နှုတ်ခမ်းအတိုင်း တွေ့ကောက်သွားရပြန်၏။ ကျွန်ုပ်မှာ အရှိန်ပြင်းစွာဖြင့် မောကြီးပန်းကြီး ပြေးလာရသည့်အတိုင်း ကန့်လန့်ခံ၍နေသော လျှိုကမ်းပါးကို သတိမပြုမိဘဲ ဝင်၍တိုက်မိရာ မြေကို မနင်းမိဘဲ လေဟာပြင်သို့ ခြေထောက်များ ရောက်ရှိသွားမှသာ ထိုအကြောင်းကို သိလိုက်ရ၏။ သို့နှင့် ကျွန်ုပ်လည်း ဆူးချုံများအကြားသို့ တံတောင်ဖြင့် ထောက်ကာ အလျားမှောက်ကျသွားလေတော့၏။ ချက်ချင်းပင် နေရာမှ ထလိုက်ရာ မျက်နှာမှ သွေးများကျဆင်းလျက် နားရွက်တစ်ဘက်မှာလည်း အနည်းငယ် စုတ်ပြဲထွက်သွားသည်ကို တွေ့ရလေသည်။ ကျွန်ုပ် ကျသွားသော လျှိုကလေးအတွင်း၌ကား ကျောက်တုံးများ၊ ဆူးချုံများရှိသည့်ပြင် ရေငွေ့များလည်း အဆုပ်လိုက်၊ အစုလိုက် လွင့်ပါးနေသည်ကို မြင်ရ၍ ယင်းတို့မှာ လျှို၏ အလယ်၌ရှိသော စမ်းချောင်းကလေးတစ်ခုမှ ထွက်လာသည်ကို တွေ့ရ၏။ သို့သော် ထိုရေခိုး ရေငွေ့များအကြောင်းကို ကြည့်ရှုစူးစမ်း၍ မနေအားတော့ပေ။ စမ်းချောင်းကလေးအတိုင်း လိုက်၍ဆင်းသွားလျှင် ပင်လယ်ကမ်းစပ်သို့ ရောက်မည်ဖြစ်၍ ကျွန်ုပ်လည်း ထိုအခါမှ ရေထဲသို့ ဆင်း၍ မိမိကိုယ်ကိုမိမိ အဆုံးစီရင်နိုင်မည်ဖြစ်သည့်အတိုင်း စမ်းချောင်း၏ လက်ယာဘက် ကမ်းတစ်လျှောက် အောက်ဘက်သို့ စုန်ဆင်းပြေးသွားမိလေ၏။ ကျွန်ုပ်၏ ကုလားထိုင် လက်ရန်းတုတ်မှာ ကျွန်ုပ် လိမ့်ကျသော နေရာ၌ ကျ၍ကျန်ရစ်ခဲ့ကြောင်း ထိုအခါမှ သတိရမိတော့၏။

စမ်းချောင်းကလေး၏ နံဘေးတစ်လျှောက် မြေမှာ တစ်ခါတစ်ရံ အလွန်ကျဉ်းမြောင်းလှသဖြင့် တစ်နေရာတွင် ကျွန်ုပ်လည်း ချောင်းကလေးထဲသို့ ခြေတစ်ဘက်ချော်၍ ကျသွားမိ၏။ သို့သော် ရေနှင့်ထိလျှင် ထိချင်း ခြေထောက်ကို ကမန်းကတန်း ပြန်၍ရုပ်သိမ်းလိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော် ချောင်းကလေးအတွင်း စီးဆင်းလျက်ရှိသော ရေမှာ ကျိုက်ကျိုက် ဆူမတတ် ပူလျက်ရှိသောကြောင့် ပေတည်း။ ထိုအခါမှပင် ရေအိုင်၍ နေသောနေရာ အချို့ပေါ်၌ ရေညှိကဲ့သို့ ကန့်နှစ်များတက်၍နေသည်ကို သတိပြုမိတော့၏။ ကျွန်ုပ်သည် ယခင်ကအတိုင်း ချောင်းနံဘေးမှ ခပ်သုတ်သုတ်ဆက်၍ လာခဲ့ပြန်ရာ



www.burmeseclassic.com

www.burmeseclassic.com



တောင့်ချိုးတစ်ခုကို တွေ့လိုက်သောအခါ ပြာလဲ့သော မိုးကုတ်စက်ဝိုင်းကြီးကို ဘွားခနဲ တွေ့လိုက်ရပြီးလျှင် နေရောင်များ ထိုးသဖြင့် ပင်လယ်ပြင်မှ အရောင် အမျိုးမျိုး ဖြာထွက်လျက် ရှိသည်ကိုပင် တွေ့ရတော့၏။

'ကျွန်ုပ်ကား သေတွင်းကို တွေ့ရပေပြီ။ အလွန်ပင်ပန်းနွမ်းနယ်လျက် ရှိသည့်ပြင် ဦးခေါင်းပေါ်ရှိ ဒဏ်ရာများမှလည်း သွေးများစီးကျလျက် ရှိနေ၏။ နောက်မှ လိုက်ပါလာသူများနှင့်လည်း အတော်ပင် ဝေးခဲ့ပြီဖြစ်သဖြင့် ကျွန်ုပ်မှာ ၎င်းတို့၏ လက်တွင်းသို့ ကျရောက်၍ မသေရတော့ဘဲ မိမိအလိုအလျောက် လွတ်လပ်စွာ ကိုယ့်နည်းနှင့်ကိုယ် ဘဝတုံး စီရင်ရတော့မည်ဟု တွေး၍ ဝမ်းမြောက်မိတော့၏။ သို့နှင့် ကျွန်ုပ်လည်း ယခုချက်ချင်း မိမိကိုယ်ကိုမိမိ ဘဝတုံးစီရင်ရန် ရှေ့လောမကြီးသေးဘဲ ကျွန်ုပ် ပြေးလွှားလာခဲ့ရသည့် လမ်းတစ်လျှောက်ကို မျှော်ကာ ပြန်၍ ကြည့်နေမိ၏။

နားစွင့်၍ ထောင်မိသောအခါများ၌ ဆူးချုံနှင့် ချုံပုတ်များအကြားတွင် ကူးခတ်ပျံသန်းလျက်ရှိသော တောခြင်ရိုင်းများနှင့် ပိုးဖလံကောင်များ၏ အသံမှ လွဲ၍ ပတ်ဝန်းကျင်သည် ဝကာတိ ဆိတ်ငြိမ်လျက်ရှိနေ၏။ သို့ရှိစဉ် ချွေးဟောင်းသံ တစ်သံကို ခပ်သဲ့သဲ့ကလေး တစ်ချက်ကြားရပြီးနောက် မသဲမကွဲ စကားပြောသံနှင့် ရေရွတ်သံများကို ကြားရပြီးလျှင် တစ်ခါတစ်ခါတွင် ကြာပွတ်သံများကိုလည်း ကြားရပြန်၏။ ထိုအသံများသည် နီးချည်တစ်ခါ၊ ဝေးချည်တစ်လှည့် ရှိရာမှ ချောင်းအထက်နားတွင် ပျောက်ကွယ်သွားပြန်၏။ အခိုက်အတန့်အားဖြင့်ကား ကျွန်ုပ်မှာ လိုက်လံဖမ်းဆီးသူများ၏ ဘေးရန်မှ ကင်းဝေးလွတ်မြောက်ခဲ့လေပြီ။

သို့သော် 'တိရစ္ဆာန်' များ၏ ရန်မှ လုံးဝလွတ်မြောက်ရေးအတွက် ကျွန်ုပ်တွင် မည်မျှလောက် မျှော်လင့်ချက်ရှိလေသနည်း။

*

## ၁၃
## စေ့စပ်ဆွေးနွေးခြင်း

ကျွန်ုပ်သည် တစ်ဘက်သို့ လှည့်လျက် ပင်လယ်ကမ်းဆီသို့ ဆင်းသွားလေ၏။ ရေပူစီးကြောင်းသည် ပင်လယ်တွင်းသို့ စီးဝင်သော နေရာ၌ ရေတိမ်၍နေပြီးလျှင် ရေညှိရေမှော်ပင်များလည်း ပေါက်ရောက်လျက်ရှိ၏။ ထိုနေရာ၌ ဂဏန်းကောင်များ၊ ကိုယ်ထည်ရှည်မျောမျောနှင့် ခြေလက်များ ပြားလှသော ပင်လယ်သတ္တဝါကလေးများကို အများအပြား တွေ့ရလေသည်။ ကျွန်ုပ် ဆင်းသွားသောအခါ၌ ထိုသတ္တဝါကလေးများသည် လျင်မြန်စွာ ထွက်ပြေးကြလေ၏။ ကျွန်ုပ်လည်း ပင်လယ်ရေစပ်တွင် ခြေချရင်း မိမိကိုယ်ကို မိမိလုံခြုံ စိတ်ချရပြီဟု ထိုအခါမှ စိတ်သက်သာရာ ရမိတော့၏။ သို့နှင့် ကျွန်ုပ်သည် ခါးထောက်လျက် ပင်လယ်ရေစပ်မှ တောအုပ်ရှိရာ ကျွန်ုပ် လာခဲ့သော လမ်းကို ပြန်၍ ကြည့်နေမိ၏။ ရေပူစမ်းချောင်းမှ ထွက်နေသော အငွေ့များသည် တောစပ်တွင် မီးခိုးများသဖွယ် တလူလူ တလွင့်လွင့်ရှိနေရာ ထိုအချိန်တွင် ကျွန်ုပ်မှာ သေရမည့်ဘေးကို စိတ်စောကာ မြန်မြန်သေသွားလျှင် ကောင်းလေစွဟု သေချာစိတ်ပင် ပေါ်၍နေမိတော့၏။

ထို့နောက် ဦးခေါင်းတွင်းသို့ အတွေးသစ်တစ်ခု လက်ခနဲ ဝင်လာလေသည်။ ထိုအတွေးသည်ကား အခြားမဟုတ်၊ ဒေါက်တာမောရိုး၊ မောင်ဂိုမာရီနှင့် သူတို့၏ လူတိရစ္ဆာန်များသည် ကျွန်ုပ်အား ကျွန်းပေါ်တွင် အနှံ့အပြား လိုက်လံရှာဖွေလျက် ရှိစဉ် ကျွန်ုပ်သည် ကမ်းစပ်တစ်လျှောက်မှ ကွေ့ပတ်ကာ အိမ်ခြံဝင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ ပြေးသွားပြီးနောက် ခနော်ခနဲ့ ဆောက်လုပ်ထားသည့် ကျောက်တုံးနံရံကို ဖြိုရှုသော်လည်းကောင်း တံခါးပေါက်ကလေးတစ်ခုခုကို ရိုက်ချိုး၍သော်လည်း ဝင်ရောက်ပြီးလျှင် ဓားမြှောင် ခြောက်လုံးပြူးသေနတ်တစ်လက် ဖြစ်စေ၊ ၎င်းတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်ရန် လက်နက်တစ်ခုခုကို ရှာဖွေယူရသော် ကောင်းလိမ့်မည်ဟု တွေးမိခြင်း ဖြစ်၏။ သို့မှလည်း ကျွန်ုပ်၏ အသက်ကို သူတို့အသက်နှင့် တန်ဖိုးကောင်းကောင်း ထား၍ လဲနိုင်ပေလိမ့်မည်။ ကျဆင်းလျက် ရှိသော နေမင်းသည် ကျွန်ုပ်၏ မျက်စိများကို ကျိန်းစပ်စေလျက်ရှိ၏။ ပစိဖိတ်သမုဒ္ဒရာ၏ ဒီရေလှိုင်းလုံးကလေးများသည် ကမ်းစပ်သို့ ရိုက်ခတ်ရင်း မသိမသာ တိုးတက်လျက်ရှိ၏။

ကျွန်ုပ်သည် တောင်ဘက်သို့ ကွေ့သွားသော ကျွန်ုပ်၏ ကမ်းခြေတစ်လျှောက်အတိုင်း လျှောက်သွားရမည်ဖြစ်ရကား၊ နေမင်းမှာ ကျွန်ုပ်၏ လက်ယာဘက်တွင် ရှိနေ၏။ ထိုအချိန်၌ ကျွန်ုပ် မျက်နှာမူရာနှင့် အတော်ဝေးဝေးရှိ တောစပ်မှ လူအုပ်တစ်အုပ် ထွက်လာသည်ကို မြင်လိုက်ရ၏။ ထိုလူအုပ်ထိပ်ဆုံးတွင် အမဲလိုက်ခွေးကြီးကို ကြိုးဖြင့် ဆွဲ၍လာသော ဒေါက်တာ မောရိုးကိုလည်းကောင်း၊ သူ့နောက်မှ မောင်ဂိုမာရီနှင့် အခြားသူနှစ်ယောက်တို့က ကပ်လျက်သား လိုက်ပါလာသည်ကိုလည်းကောင်း တွေ့မြင်ရ၏။ ထိုအခါ ကျွန်ုပ်၏ ခြေလှမ်းများမှာ တုံ့ခနဲ ဖြစ်၍ သွားလေသည်။

သူတို့သည် ကျွန်ုပ်ကို မြင်သဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြီးလျှင် ရှေ့သို့ ခပ်သွက်သွက် တိုး၍ လာကြရာ၊ ကျွန်ုပ်ကမူ ခပ်တွေတွေ ရပ်လျက်ပင် ရှိနေ၏။ လူတိရစ္ဆာန်နှစ်ယောက်က ကျွန်ုပ်အား ကျွန်း၏ အတွင်းပိုင်းကို ပြေးဝင်မည်စိုးသောကြောင့် တားဆီးလိုသည့် သဘောဖြင့် ခပ်လှမ်းလှမ်းမှ ပန်း၍ တက်လာကြ၏။ မောင်ဂိုမာရီမှာ ကျွန်ုပ်ဆီသို့ တည့်တည့်ကြီး ပြေးလာရာ ဒေါက်တာ မောရိုးသည်သာ ခွေးတစ်ကောင်နှင့် ကျန်ရစ်ခဲ့လေတော့၏။

ထိုအခါ ကျွန်ုပ်လည်း ငြိမ်သက်တွေဝေနေရာမှ လှုပ်ရှားလာပြီးလျှင် ရေစပ်သို့ လှည့်၍ ဆင်းလာခဲ့တော့၏။ ရေသည် ပထမတွင် တိမ်၍နေ၏။ ခါးလယ်သို့ ရေမြုပ်ရန် နောက်ထပ် ကိုက်သုံးဆယ်မျှ လျှောက်၍သွားရသေး၏။ ကျွန်ုပ် ဆင်းသွားသော ရေစပ်တစ်လျှောက်တွင် ကျွန်ုပ် ဆင်းလာသောကြောင့် ရေထဲမှ ပင်လယ်သတ္တဝါ အကောင်များများမှာ အလန့်တကြား ကျွန်ုပ်၏ ခြေထောက်နားဆီမှ ထွက်ပြေးကြသည်ကိုလည်း တွေ့လိုက်ရလေသည်။

"ဟေ့လူ ဘာလုပ်တာလဲ" ဟု ကျွန်ုပ်အား မောင်ဂိုမာရီက လှမ်း၍ အော်လိုက်၏။ ထိုအချိန်၌ ကျွန်ုပ်မှာ ခါးလယ်ခန့် ရေမြုပ်သော နေရာသို့ ရောက်သွားပြီဖြစ်သဖြင့် သူတို့အား ပြန်၍ စူးစိုက်ကြည့်ရှုမိ၏။





မောင်ဂိုမာရီသည် အားမလိုအားမရ ဖြစ်သည့်ဟန်ဖြင့် ရေစပ်တွင် ရပ်လျက်ရှိနေရာ သူ၏မျက်နှာမှာ ခရီးပန်းသဖြင့် နီရဲ၍နေလျက် ဆံပင်တို့မှာလည်း နဖူးပေါ်သို့ အခွေလိုက်ကျလျက်ရှိနေ၏။ ထိုအချိန်၌ ဒေါက်တာ မောရိုးမှာ မောင်ဂိုမာရီအား မှီ၍လာပြီဖြစ်သဖြင့် သူ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော် ဖြစ်၍နေသော်လည်း တင်းမာခက်ထန်လှပေ၏။ သူ၏လက်ထဲမှ ခွေးကြီးမှာ ကျွန်ုပ်ကို လှမ်း၍ ဟောင်လျက်ရှိလေရာ၊ သူတို့နှစ်ယောက်စလုံးပင် လက်ထဲ၌ ကြာပွတ်များကို ကိုင်လျက် ရှိကြလေသည်။ သူတို့နောက်ဘက်ရှိ ကမ်းစပ်ပေါ်၌ကား လူတိရစ္ဆာန်များသည် ကျွန်ုပ်အားအကြောင်သား ကြည့်ရှုလျက်ရှိနေကြလေသည်။

ကျွန်ုပ်က မောင်ဂိုမာရီ၏ အမေးကို ပြန်၍ ဖြေသည့်အနေဖြင့် –

"ဘာလုပ်တာလဲ၊ ဟုတ်လား။ ကျုပ် ရေထဲဆင်းသေတော့မယ်လို့လေ"

ကျွန်ုပ်၏ စကားကိုကြားရသောအခါ မောင်ဂိုမာရီနှင့် မောရိုးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြ၏။

ရိုး ။ ။ "ဘာကြောင့် သေမှာလဲ"

ကျွန်ုပ် ။ ။ "အို ... ခင်ဗျားတို့ လက်ထဲမှာ ညှဉ်းပမ်းခံရတာထက် သေတာက ကောင်းလို့ပေါ့"

ထိုအခါ မောင်ဂိုမာရီက မောရိုးဘက်သို့ လှည့်၍ "ကဲ ... ကျွန်တော် မပြောဘူးလား" ဟု ပြောလိုက်ရာ မောရိုးလည်း အသံကို နှိမ့်၍ တစ်စုံတစ်ရာကို ပြောဆိုလျက်ရှိလေသည်။

ရိုး ။ ။ "ကျုပ်က နှိပ်စက်ညှဉ်းပမ်းမယ်လို့ ခင်ဗျား ဘာကြောင့် ထင်ရတာလဲ"

ကျွန်ုပ် ။ ။ "ကျုပ်ကိုယ်တိုင် တွေ့ရတာပဲ။ ဟိုနောက်က လူတွေကို ကြည့်ပါလား"

"ဟော့ ... ဟော့" ဟု ဒေါက်တာ မောရိုးသည် သူ့လက်ကို မြှောက်၍ ကျွန်ုပ်ဆက်ပြောမည့် စကားများကို မပြောရန် ငေါ့ရမ်းပြလိုက်လေသည်။

"မတိုတ်နိုင်ဘူးဗျ၊ ပြောရမယ်။ အဲဒီလူ့တိရစ္ဆာန်တွေဟာ တစ်ချိန်တုန်းက လူတွေ မဟုတ်လား။ အခု ဘယ်ဘဝမျိုး ရောက်နေကြပြီလဲ။ ကျုပ်ကတော့ သူတို့လို အဖြစ်မခံနိုင်ဘူး"

ကျွန်ုပ်သည် သူတို့ကို ကျော်၍ ကြည့်လိုက်၏။ ကမ်းစပ်အထက်နားဆီတွင် မောင်ဂိုမာရီ၏ တပည့်ဖြစ်သူ မီလင်းနှင့် တစ်ကိုယ်လုံး အဖြူရောင် ဖုံးလျက်ရှိသော လူတိရစ္ဆာန်သတ္တဝါ တစ်ကောင်ရပ်လျက်ရှိ၏။ ထို့နောက် အထက်



www.burmeseclassic.com

www.burmeseclassic.com



နားကျသော သစ်ပင်ရိပ်အောက်တွင် ကျွန်ုပ်ကို လမ်းပြခေါ်ဆောင်သွားခဲ့သော မျောက်လိုလို ပုံသဏ္ဌာန်ရှိသူနှင့် အခြားသတ္တဝါများသည် အရိပ်များအောက်၌ ရပ်နေကြသည်ကို မသဲမကွဲ တွေ့မြင်ရလေသည်။

ကျွန်ုပ်သည် ထိုသတ္တဝါများရှိရာသို့ လက်ညှိုးထိုး၍ ပြရင်း –

"အဲဒီသတ္တဝါတွေဟာ ဘာတွေလဲ။ သူတို့လည်း ခင်ဗျားတို့လို လူတွေပဲ မဟုတ်လား။ ခင်ဗျားတို့က လုပ်လို့ တိရစ္ဆာန်သွေးသွင်းပေးလို့ ဘဝပြောင်းသွားကြရတာ။ ခင်ဗျားတို့က ချုပ်ချယ်ထားတာ။ ပြီးတော့ သူတို့ကိုပဲ ခင်ဗျားတို့က ကြောက်နေကြရသေးတယ်"

ထို့နောက် ကျွန်ုပ်လည်း ထိုသတ္တဝါများဘက်သို့ လှည့်၍ "ဒီမှာ နားထောင်ကြစမ်း" ဟု ၎င်းတို့ ကြားလောက်အောင် အသံကိုမြှင့်၍ အော်လိုက်ပြီးလျှင် ဆက်လက်၍ "ဒီမှာ ကြားကြရဲ့လား။ ဒီလူတွေဟာ ခင်ဗျားတို့ကို ကြောက်နေကြတယ်။ ခင်ဗျားတို့က ဘာဖြစ်လို့ ပြန်ပြီး ကြောက်နေရတာလဲ။ ခင်ဗျားတို့က သူတို့နှစ်ယောက်ထက် ပိုပြီး အင်အားကြီးတယ်" ဟု ပြောလိုက်လေသည်။

သို့ပြောဆိုလျက်ရှိစဉ် မောင်ဂိုမာရီသည် ကျွန်ုပ်အား စကားဆက်၍ မပြောရန် အရေးတကြီး လှမ်း၍တားဆီးလိုက်၏။ ထိုအချိန်၌ ဒေါက်တာမောရီးမှာ လူတိရစ္ဆာန်များ အနီးတွင် လမ်းသလားလျက် ရှိနေရာမှ "ဟေ့ ပရင်းဒစ်" ဟု ကျွန်ုပ်အား တစ်ချက်မျှ လှမ်း၍ခေါ်လိုက်၏။ ကျွန်ုပ် ပြောလိုက်သော စကားများကို အနီးရှိ လူတိရစ္ဆာန်မှာ ကြားသွားမည်စိုးသဖြင့် အသံနှင့်ဖုံးသွားစေရန် သံပြိုင်အော်လိုက်ခြင်း ဖြစ်လေသည်။

သူတို့၏ နောက်တွင်ကား လူတိရစ္ဆာန်များမှာ လက်နှစ်ဖက်ကို ဘေးသို့ ခပ်ကိုင်းကိုင်းချလျက်၊ ပခုံးနှစ်ဖက်ကြားတွင် နိမ့်ဝင်နေသော ဦးခေါင်းများဖြင့် ခါးများကို ကုန်းကွကွ ပြုလုပ်ကာ တအံ့တသြ ကြည့်၍နေကြလေသည်။ သူတို့သည် လူ့ဘဝအဖြစ်အပျက်များကို ပြန်လည်သတိရဟန်ဖြင့် ကျွန်ုပ် ပြောသော စကားများကို နားလည်အောင် ကြိုးစား၍နားထောင်ကြပုံ ရလေသည်။

ကျွန်ုပ်သည် အားမလိုအားမရ ဖြစ်ကာ ဆက်လက်ဟစ်အော်လျက်ရှိလေရာ မောရီးနှင့် မောင်ဂိုမာရီတို့အား သတ်ပစ်လျှင် ဖြစ်နိုင်ကြောင်း၊ တစ်စုံတစ်ရာ ကြောက်ရွံ့နေရန် မလိုကြောင်း စသည့် စကားလုံးများ ပါသွားသည်ဟု သတိရမိတော့၏။ ဤသို့ ပြောဆိုနေစဉ် အချို့ သတ္တဝါများသည် ကျွန်ုပ် ပြောသော စကားများကို ပို၍ကြားကြဟန်ဖြင့် ရှေ့သို့ အတန်ငယ် တိုးလာကြလေသည်။

ကျွန်ုပ်မှာ အော်ရလွန်းသဖြင့် မောပန်းလာသည်။ သို့ကြောင့် ခေတ္တ ရပ်နားလိုက်ရ၏။





ထိုအခါ ဒေါက်တာမောရီးက အသံခပ်မှန်မှန်နှင့်ပင် –

"ဟေ့လူ၊ ကျုပ်ပြောတာ ခဏလောက် နားထောင်စမ်း။ ပြီးတော့မှ ခင်ဗျား ပြောချင်တာ ဆက်ပြော"

"အင်း ... ဒါဖြင့် ကောင်းပြီ"

ထိုအခါ ဒေါက်တာမောရီးက ကျောင်းသားကလေးများပင် နားလည်လောက်သော လက်တင်ဘာသာဖြင့် "သူတို့ကို ခွဲစိတ်ထားကာ လူနဲ့တူအောင် စမ်းသပ်ကြည့်ထားတာဗျ။ ခင်ဗျားကို ကျုပ်ရှင်းပြမယ်။ ကဲ ... ကမ်းပေါ်တက်ခဲ့"

"ဟား ... ဟား ... ဟား"

သူ ပြောလိုက်သော စကားများမှာ ယုံမှာမ်းစကားများ ဖြစ်သည်ဟု ယူဆသည့်အတိုင်း ကျွန်ုပ်လည်း ဟားတိုက်၍ ရယ်မောလိုက်၏။ ထို့နောက် ကျွန်ုပ်က ဆက်လက်၍ –

"ဟုတ်တယ် ဟုတ်တယ်၊ တယ် ... ယုတ္တိရှိတယ်။ သူတို့ဟာ စကားပြောတယ်။ အိမ်ဆောက်တယ်။ ချက်တတ် ပြုတ်တတ်တယ်။ အဲဒါတွေဟာ လူမှ လုပ်တတ်တာဗျ။ အင်း ... ကျုပ် ကမ်းပေါ်တက်လာမယ်။ စောင့်သာနေ"

"ဒီမှာ ခင်ဗျား ရပ်နေတဲ့နေရာဟာ ဟိုဘက်မှာ အနက်ကြီးပဲ။ ငါးမန်းတွေပေါတဲ့ နေရာနော်"

"ဒါက ကျုပ်ထိုက်နဲ့ကျုပ်ကံပါ။ ပြီးတော့ အချိန်ကြာကြာလည်း မနေရတော့ပါဘူး။ သေမယ်လို့ပါပဲ"

"ဒီမှာ နေစမ်းပါဦးလေ"

သို့ ပြောပြောဆိုဆိုနှင့်ပင် သူသည် အိမ်ထဲမှ ပြောင်လက်သော အရာဝတ္ထုတစ်ခုကို ဆွဲထုတ်လိုက်ပြီးလျှင် သူ၏ ခြေရင်းသို့ ပစ်ချလိုက်လေသည်။

"ကိုင်း ... ဒီတော့ ဟောဒါဟာ ကျည်ဆံထိုးထားတဲ့ ခြောက်လုံးပြူး သေနတ်ပဲ။ မောင်ဂိုမာရီကလည်း ကျုပ်လိုပဲ သေနတ်ကို ချထားလိုက်မယ်။ ပြီးတော့ ကျုပ်တို့ နှစ်ယောက်စလုံး ခင်ဗျား ကြိုက်သလောက် ခပ်ဝေးဝေး ရောက်အောင် ကမ်းပေါ်သို့ တက်နေမယ်။ ခင်ဗျားလာပြီး ဒီသေနတ်တွေသာ သိမ်းပေတော့။ ကဲ ... ကြိုက်ပြီလား"

ကျွန်ုပ်။ "ဟာ ... မလာနိုင်ဘူး။ ခင်ဗျားတို့မှာ နောက်တစ်လက် ရှိချင် ရှိနေဦးမှာပဲ"

"သြော် ... ခက်နေပါပြီဗျာ။ ဒီမှာ ပရင်းဒစ်၊ ခင်ဗျားဟာ ခင်ဗျား ဉာဏ်ဦးစားနော်။ ဒီကျွန်းပေါ်ကို လာနေဖို့ ကျုပ်က ခေါ်တာ မဟုတ်ဘူးဗျ။ ပြီးတော့ ခင်ဗျားကို မနေ့က အိပ်ဆေးတိုက်ထားတယ်။ ကျုပ်တို့သာ လုပ်မယ်ဆိုရင် ခင်ဗျား စကားပြောနိုင်တော့မှာ မဟုတ်တော့ဘူး။ မောင်ဂိုမာရီကိုကော ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မယုံဘူးလား။ ခင်ဗျား နောက်ကို ကျုပ်တို့ လိုက်တာဟာ ခင်ဗျားကို စိတ်မချလို့ လိုက်လာတယ်ဆိုတာ ခင်ဗျား သိစေချင်တယ်။ ဒီကျွန်းပေါ်မှာ ခင်ဗျားကို ရန်ရှာနိုင်တဲ့ သတ္တဝါတွေ အများကြီး ရှိတယ်။ ပြီးတော့ ခင်ဗျားကို ကျုပ်တို့က သတ်ချင်တယ်ဆိုရင် ဘာမှ သေနတ်နဲ့ ပစ်ဖို့ မလိုတော့ဘူး။ ခင်ဗျားဖာသာ ရေနစ်သေတော့မှာပဲ"

ထိုအခါ ကျွန်ုပ်က 'တိရစ္ဆာန်လူ'များ၏ အကူအညီဖြင့် အဘယ့်ကြောင့် ကျွန်ုပ်အား ဝိုင်း၍ ဖမ်းဆီးလေရသနည်းဟု မေးရာ ကျွန်ုပ်မှာ ဘေးအန္တရာယ်များ ဝိုင်းဝိုင်းလည်လျက် ရှိသောကြောင့် ဖမ်းဆီးရခြင်း ဖြစ်ကြောင်း၊ ထို့ပြင် မကောင်းသော အနံ့အသက်များမှလည်း လွတ်ကင်းသော နေရာသို့ ရောက်စေလိုကြောင်းဖြင့် ပြန်ပြောလေသည်။

ဒေါက်တာ မောရိုး၏ အဖြေသည် ယုတ္တိတန်ရာသည် ကျွန်ုပ် သဘောပေါက်မိ၏။ ထို့နောက် မေးစရာ အချက်တစ်ချက်ကို သတိရပြန်သဖြင့် –

"ဒါပေမယ့် အိမ်ဝင်းထဲမှာ ကျုပ် တွေ့ခဲ့တဲ့ သတ္တဝါ"

"အို ... ဒါက ကျားသစ်တစ်ကောင်ပဲဗျ"

မောင်ဂိုမာရီက ကြားဖြတ်လျက် "ဒီမှာ ပရင်းဒစ်၊ စကား သိပ်ရှည်မနေစမ်းပါနဲ့ဗျာ။ ကမ်းပေါ်တက်ပြီး သေနတ်သာ လာယူထားစမ်းပါ။ ကျုပ်တို့လည်း ခင်ဗျားကို ဒီထက်ပိုပြီး မလိုက်လျောနိုင်တော့ဘူး"

ကျွန်ုပ်သည် ဒေါက်တာ မောရိုးကိုသာ မယုံမကြည် ရှိခဲ့၏။ မောင်ဂိုမာရီ အပေါ်၌မူ မည်သည့်အခါကမျှ သံသယ မဖြစ်ခဲ့မိချေ။ သို့ဖြင့်လည်း ကျွန်ုပ်တွင် သကာမကင်းစိတ်၊ ကြောက်ရွံ့စိုးရိမ်စိတ်များ ရှိနေခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်။ ။"ကဲ ... ဒါဖြင့် ခင်ဗျားတို့ ကုန်းပေါ်ကို တက်သွားကြ။ ပြီးတော့ လက်တွေလည်း အပေါ်မြှောက်ပြီးသွားကြပါ"

"လက်ကတော့ မမြှောက်နိုင်ဘူးဗျာ။ ဟိုအကောင်တွေ အထင်သေးစရာ ဖြစ်လိမ့်မယ်ဗျ" ဟု မောင်ဂိုမာရီက နောက်ဘက်ရှိ သတ္တဝါများဆီသို့ ခေါင်းငဲ့ရင်း ပြောလိုက်လေသည်။

"ဒါဖြင့် တောစပ်ဘက်ကို တက်သွားကြပါ"

ရီ ။ ။"သောက်ကျိုးနည်း၊ အဓိပ္ပာယ် မရှိတဲ့ အလုပ်ပဲ"

သို့နှင့် သူတို့နှစ်ယောက်သည် ကျွန်ုပ်ရှိရာ ပင်လယ်ကမ်းစပ်ကို ကျောခိုင်းကာ ကုန်းပေါ်သို့ တက်သွားကြလေ၏။ သူတို့ရှေ့ နေပူထဲ၌မူ ပုံသဏ္ဌာန်ဟူ၍ အဝိအကျ မရှိသကဲ့သို့သော သတ္တဝါ ၆ ကောင် ၇ ကောင်တို့သည် တလှုပ်လှုပ် တရွရွ လှုပ်ရှားရင်း ရပ်နေကြ၏။ မောင်ဂိုမာရီက လက်ထဲ၌ရှိသော





ကြာပွတ်ကို ရွှမ်းခနဲ မြည်အောင် ဝှေ့ရမ်းရိုက်ခတ်လိုက်သောအခါမှ ထိုသတ္တဝါများသည် တောထဲသို့ ခွပ်၍ ဝင်ပြေးကြလေသည်။

စိတ်ချရလောက်သောနေရာသို့ ဒေါက်တာမောရိုးနှင့် မောင်ဂိုမာရီတို့ ရောက်ရှိသွားကြသောအခါ ကျွန်ုပ်သည် ရေထဲမှ ကမ်းစပ်သို့ တက်ခဲ့ပြီးလျှင် ၎င်းတို့ချထားခဲ့သော ခြောက်လုံးပြူးသေနတ်များကို ကောက်၍ယူလိုက်၏။ ထို့နောက် ပို၍ စိတ်ချရစေရန် တစ်လက်ချင်းကို တစ်ချက်စီစမ်း၍ပင် ပစ်ကြည့်လိုက်သေး၏။

ကျွန်ုပ်သည် ထိုနေရာတွင် တစ်ခဏမျှ ရပ်နေပြီးနောက် သူတို့နောက်သို့ တက်၍လိုက်သွားလေသည်။

သူတို့အနီးသို့ ချဉ်းကပ်မိသောအခါ ဒေါက်တာမောရိုးက "အင်း ... ကောင်းတာပေါ့ဗျာ။ ကျုပ်ရဲ့ အင်မတန် အဖိုးထိုက်တဲ့ တစ်နေ့တာ အချိန်ကို ခင်ဗျားဟာ အကြောင့်ကြ အစိုးရိမ်လွန်ပြီး အကြောင်းမဲ့သက်သက် ဖြုန်းပစ်လိုက်တာပဲ" ဟု ပြောပြီးနောက် ကျွန်ုပ်အား ဆက်လက် စကား မပြောလိုသည့်ဟန်ဖြင့် မျက်နှာကို ခပ်တင်းတင်းထားပြီးလျှင် ရှေ့မှ လျှောက်သွားနှင့်ကြလေသည်။

'တိရစ္ဆာန်လူ'များသည် ကျွန်ုပ်တို့အား တောစပ်မှနေ၍ လှမ်းကြည့်ကြ၏။ ကျွန်ုပ်သည် မျက်နှာ ရှင်နိုင်သမျှ ရှင်ရှင်ထားကာ ၎င်းတို့ရှေ့မှ လျှောက်သွားရာ တစ်ကောင်သည် ကျွန်ုပ် နောက်မှ မယောင်မလည် လိုက်ပါလာသေး၏။ မောင်ဂိုမာရီက ရွှမ်းခနဲ ကြာပွတ်သံပေးလိုက်သောအခါမှ နောက်နားတွင် ကပ်၍ ကျန်ရစ်ခဲ့လေသည်။ ကျန်ရှိသော အကောင်များကမူ တုတ်တုတ်မျှ မလှုပ်၊ ကြည့်နေရင်း ကျန်ရစ်ခဲ့ကြလေသည်။ တစ်ကြိမ်က သူတို့သည် တိရစ္ဆာန်များသာ ဖြစ်သည်ဟူသော ဖြစ်သည်ဟူသောအချက်မှာ ဟုတ်ချင်လည်း ဟုတ်ပေမည်။ သို့သော် လူကဲ့သို့ တွေးတောကြံဆလိုသော ထိုတိရစ္ဆာန်မျိုးကိုမူ ဤတစ်ကြိမ်သာ ကျွန်ုပ် တွေ့ရပေသေးသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

## ဒေါက်တာမောရိုး၏ ဇာတ်ကြောင်းပြန်

"ကဲ ... ပရင်းဒစ်၊ ခင်ဗျားကို ကျုပ် ရှင်းပြမယ်" ဟု ကျွန်ုပ်တို့ စား
သောက်ပြီးကြသည့် အချိန်တွင် ဒေါက်တာမောရိုးက စကားစလိုက်လေသည်။
ထို့နောက် တစ်ချက်တည်း ဆက်လက်၍ –

"ခင်ဗျားကတော့ အတော်ဗိုလ်ကျတဲ့ ဧည့်သည်လို့ ဆိုရမှာပဲ။ ဒါပေ
မယ့် ဒီအကြိမ်ပဲ ခင်ဗျားကို ကျုပ်တို့ အလိုလိုက်နိုင်မယ်လို့ ပြောထားချင်တယ်။
နောက်တစ်ခါဆိုရင်တော့ ကိုယ့်ကိုယ်ကို သတ်သေမယ်ဆိုရင်လည်း ကျုပ်တို့
ကတော့ ကရိကထ ခံပြီး ဘာမှ လုပ်မနေတော့ဘူး"

သူသည် ကျွန်ုပ်၏ အခန်းတွင်းရှိ ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်
လိုက်လေသည်။ သေးသွယ်၍ ကျွမ်းကျင်ပုံရသော သူ၏ လက်ချောင်းများထဲ၌
ကား တစ်ဝက်ခန့်သောက်၍ ကုန်ပြီဖြစ်သော ဆေးပြင်းလိပ်တစ်လိပ်ကို ကိုင်ထား
၏။ အခန်းတွင်း၌ ဆွဲချိပ်ထားသော မီးအိမ်မှ အလင်းရောင်သည် ငွေရောင်
တောက်ကာ ဖြူဖွေးလျက်ရှိသော သူ၏ ဆံပင်များပေါ်သို့ ကျရောက်လျက် ရှိ
နေ၏။ သူသည် ပြတင်းပေါက်ကို ကျော်၍ ကြယ်ရောင်ဖြန်းထားသော
ညဥ့်လောကကို ငေးမောကြည့်ရှုလျက်ရှိ၏။ ကျွန်ုပ်လည်း သူနှင့် ဝေးနိုင်သမျှ
ဝေးအောင် စားပွဲတစ်ခုခြား ခြောက်လုံးပြူး သေနတ်များနှင့် လက်လှမ်းမီမည့်





နေရာကို ရွေး၍ ထိုင်လိုက်လေသည်။ မောင်ဂိုမာရီမှာ ထိုအချိန်၌ အခန်းထဲတွင်
မရှိချေ။

ထို့နောက် မောရိုးက စကားဆက်၍ –

"ဒါနဲ့ လူကို ကျုပ်တို့ ခွဲစိတ်ဖြတ်တောက်နေတယ်လို့ ခင်ဗျား စွပ်စွဲ
တဲ့ ဥစ္စာဟာ လူမဟုတ်ဘဲ ကျားသစ်ကြီး ဖြစ်တယ်ဆိုတာကိုတော့ ယုံပြီ မဟုတ်
လား"

ထိုအချိန်၌ သူသည် ကျွန်ုပ်အား ကျားသစ်ကြီးရှိရာ အခန်းတွင်းသို့
ခေါ်၍ မျက်မြင်ဒိဋ္ဌ ပြပြီး ဖြစ်လေသည်။

ကျွန်ုပ် ။ ။ "ဟုတ်ပါတယ်၊ ကျားသစ်ကြီးပါပဲ။ ဒါပေမယ့် မသေသေး
ဘဲနဲ့ အခုလို သွေးသံရဲရဲ တွေ့ရတဲ့ အဖြစ်မျိုးကိုတော့ နောက်ထပ် မတွေ့မကြုံ
ပါရစေနဲ့လို့ ကျွန်တော် ဆုတောင်းမိပါတယ"

ရိုး ။ ။ "ကိစ္စမရှိပါဘူးလေ၊ လူငယ်တွေဆိုတော့ ကြောက်တတ်ကြ
တယ်၊ မောင်ဂိုမာရီလည်း အစကတော့ ခင်ဗျားလိုပါပဲ။ အဲဒီသတ္တဝါက ကျား
သစ်ကြီး ဖြစ်တယ်ဆိုတာကို ယုံပြီဆိုရင်တော့ အခု ကျုပ် ပြောပြမယ့် ဇီဝဗေဒကိစ္စ
အကြောင်းတွေကိုသာ အေးအေး နားထောင်ပေတော့"

ထို့နောက် ဒေါက်တာမောရိုးသည် ရှင်းလင်းပြောပြနေရသည်ကို
ညည်းငွေ့လာဟန်ဖြင့် စကားစလေသည်။ သို့သော် ဖော်ရွေသော အမူအရာပါရှိ
၍ ရိုးရိုးနှင့်ရှင်းရှင်း ဝေါဟာရများကိုသာ သုံးလျက် ကျွန်ုပ်သဘောပေါက်အောင်
ပြောပြနိုင်စွမ်းရှိသည်ကို တွေ့ရလေသည်။ တစ်ချက်တစ်ချက်ကို ဆောင်း၍ချိတ်၍
ပြောလိုက်သော အချက်များလည်း မထိတထိ ပါလာသေး၏။ သို့နှင့် ကျွန်ုပ်မှာ
တစ်ခါတစ်ခါတွင် ရက်စိတ်မွန်လျက် ရှိနေမိတော့၏။

တောထဲ၌ ကျွန်ုပ် တွေ့ခဲ့သော သတ္တဝါသည် မည်သည့်အခါကမှ
လူစင်စစ်ဖြစ်ခဲ့သူများ မဟုတ်ချေ။ ၎င်းတို့သည် အဟိတ်တိရစ္ဆာန်များသာ ဖြစ်
ပြီးလျှင် ခွဲစိတ်ပြုပြင်ခြင်း အတတ်ဖြင့် လူနှင့်တူအောင် ပြုလုပ်ထားသဖြင့်သာ
လူအတု တိရစ္ဆာန်များ ဖြစ်၍နေကြလေသည်။

ဒေါက်တာမောရိုးက ဆက်လက်၍ "ကျွမ်းကျင်လိမ္မာတဲ့ ခွဲစိတ်သမား
တစ်ယောက်ဟာ အသက်ရှိနေတဲ့ သတ္တဝါတစ်ကောင်ကိုလည်း ခွဲစိတ်ကြည့်နိုင်
တယ်ဆိုတာ ခင်ဗျား သတိမေ့နေဟန်တူတယ်။ ကျုပ် အခုလို ခွဲစိတ်ဖြတ်တောက်
ပြုပြင်ပေးနေတဲ့ အလုပ်မျိုးကို အရင်တုန်းက ဘာပြုလို့ မလုပ်ခဲ့ကြသလဲ။ မစမ်း
သပ်ခဲ့ကြသလဲဆိုတာ ကျုပ် စဉ်းစားမိတယ်။ အနည်းအကျဉ်းဆိုသလိုတော့
လုပ်ခဲ့ဖူးကြတဲ့ အမှန်ပဲ။ ဥပမာ ခြေလက်ကို ဖြတ်ကုတာတွေ၊ ရောဂါဖြစ်နေတဲ့
အစိတ်အပိုင်းကို ဖြတ်ကုတာတွေ လျှာကို ဖြတ်ကုတာတွေ ကောက်ပြီး မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



စောင်းနေတဲ့ လူကို တည့်အောင် ခွဲစိတ်ကုသပေးခဲ့ကြဖူးတာတွေကို ကြားဖူးမှာပေါ့။ ခွဲစိတ်ပြီး ဖြတ်တောက်ကုသပေးတဲ့ ကိစ္စမှာ အဓိက ပြောင်းလဲမှုမျိုး မဟုတ်တဲ့ သာမညပြောင်းလဲမှုမျိုးတွေတော့ ရှိခဲ့တယ်။ ဥပမာဆိုရင် အသားရောင် ပြောင်းလဲမှု၊ စိတ်လှုပ်ရှားခြင်း၊ တပ်မက်ခြင်း၏ ပြောင်းလဲမှု၊ အဆီတွေ ထွက်နေတဲ့ 'တစ်ရှူး' (အသားမျှင်) ကို ပြောင်းလဲပေးမှုမျိုးတွေပေါ့။ ဒါတွေကို ခင်ဗျား ကြားဖူးမှာပါပဲ"

ကျွန်ုပ်။ ။"ဟုတ်ကဲ့ ကြားဖူးပါတယ်။ ဒါပေမယ့် ခင်ဗျားရဲ့ ပုံမကျပန်းမကျ သတ္တဝါမျိုးတွေကိုတော့"

စကားမဆုံးမီ ဒေါက်တာ မောရိုးက ကြားဖြတ်၍ "နေပါဦးလေ၊ ဒီအကြောင်းတွေလည်း ကြားရပါလိမ့်မယ်။ ကျုပ်က ခုမှ နိဒါန်းပျိုးခါစ ရှိပါသေးတယ်။ အခုပြောခဲ့တဲ့ ပြောင်းလဲမှုမျိုးတွေဟာ အသေးအဖွဲလောက်ပဲ ရှိသေးတယ်။ ခွဲစိတ်ကုသမှု အတတ်ပညာကို ဒီထက်ကောင်းမွန်ပြီး အသုံးဝင်လာအောင် လုပ်နိုင်သေးတယ်။ ဖြတ်တောက်ပစ်လိုက်တဲ့ အလုပ်မျိုးတင် မဟုတ်သေးဘဲနဲ့ ဖွံ့ဖြိုးလာအောင် အသစ်မွမ်းမံ ပြုပြင်ပေးနိုင်တာတွေလည်း ရှိတယ်။ တကယ်လို့ လူတစ်ယောက်ဟာ နှာခေါင်းကျိုးသွားတယ်ဆိုရင် ခွဲစိတ်ကုသတဲ့နည်းနဲ့ မဖြစ် ဖြစ်အောင် ပြုပြင်ပေးနိုင်တယ်။ အဲဒါမျိုးမှာ နဖူးပေါ်က အသားဖတ်တစ်ဖတ်ကို ခွာပြီး နှာခေါင်းပေါ် အုပ်ချလိုက်တဲ့အခါ နေရာသစ်ဖြစ်တဲ့ နှာခေါင်းပေါ်မှာ အဲဒီအသားဖတ်ကို မူလနှာခေါင်း ပုံသဏ္ဍာန်နဲ့တူအောင် လှီးဖြတ်ပြုပြင်ပြီး အနာကျက်သည်အထိ နေသားကျအောင် ထားလိုက်ရတယ်။ ဒါဟာ ရိုးရိုးကိစ္စ ကလေးတစ်ခုပဲ။ အဆန်းမဟုတ်ပါဘူး။ ဒီနည်းကို GRAFTING 'ကူးဆက် နည်း' လို့ ခေါ်တယ်။ အဲဒီနည်းအတိုင်းပဲ တိရစ္ဆာန်တစ်ကောင်က ထုတ်ပစ်ဖြတ် ယူလို့ရတဲ့ ပစ္စည်းတစ်ခုကို တခြားတိရစ္ဆာန်တစ်ကောင်မှာ ကူးပြောင်းပြီး တပ်ဆင်ပေးနိုင်တယ်။ ဥပမာအားဖြင့် သွားဆိုပါတော့၊ အသားအရေကို တစ်နေရာက တစ်နေရာကို လွှဲပြောင်းပေးခြင်းဟာ အနာကျက်ဖို့ပဲ လိုတဲ့အတွက် မြန်ပါတယ်။ အသားသာ မဟုတ်သေးဘူး။ အရိုးကိုလည်း ပြောင်းလဲတပ်ဆင်ပေးနိုင်တယ်။ အဲဒီနည်းကို သုံးတဲ့အခါမှာ ကြွက်တစ်ကောင်ရဲ့ အမြီးကို တစ်ပိုင်းဖြတ်ပြီး သူ့နှာတံမှာ တပ်ပေးလိုက်ရင် ကြွက်ဟာ အမြင် တစ်မျိုးနဲ့ ထူးဆန်းတဲ့ သတ္တဝါ တစ်မျိုး ဖြစ်လာနိုင်တယ်"

ကျွန်ုပ်။ ။"သြော် ... သတ္တဝါတွေကို ဖန်တီးယူလို့ ရတယ် ဟုတ်လား။ ဒါဖြင့် ခင်ဗျား ဆိုလိုတာက"

ထိုအခါ ဒေါက်တာ မောရိုးမှာ သူလိုက်စားလျက် ရှိသော ပညာရပ်ဖြစ်သဖြင့် ဆက်လက် ရှင်းပြလျက် ရှိပြန်လေသည်။





"ဟုတ်တယ်၊ ခင်ဗျား မြင်ခဲ့ရတဲ့ သတ္တဝါကောင်တွေဟာ မူလက ဒီပုံပန်းအတိုင်း မွေးဖွားလာတဲ့ သတ္တဝါတွေ မဟုတ်ဘူး။ ပုံသဏ္ဍာန်အသစ်ဖြစ်အောင် အမျိုးမျိုး ပုံဖော်ပြီး ကျုပ်ပြုပြင်ထားတာ။ အဲဒီလို သက်ရှိသတ္တဝါတွေရဲ့ ပုံသဏ္ဍာန်ကို ပြောင်းလဲနိုင်အောင် လေ့လာလာတာဟာ ကျုပ်တစ်သက်လုံး လိုက်စားလာခဲ့တဲ့ အတတ်ပညာပဲ။ အခုဆိုရင် ကျုပ် လေ့လာခဲ့တာ နှစ်ပေါင်း အတော်ကြာသွားပြီ။ နှစ်ပရိစ္ဆေဒ ကြာလာတာနဲ့အမျှ အတွေ့အကြုံတွေလည်း တစ်နေ့တခြား များပြားကြွယ်ဝလာခဲ့တယ်။ ဒီလိုပြောလိုက်တော့ ခင်ဗျား မျက်နှာမှာ ကြောက်ရွံ့အံ့သြတဲ့ အမူအရာတွေ ပေါ်နေတယ်။ ဒါပေမယ့် ကျုပ်ပြောတဲ့ ကိစ္စဟာ ဘာမှ အထူးအဆန်း မပါပါဘူး။ 'အနာတမီ' လို့ ခေါ်တဲ့ ကာယဗေဒ ပညာရှိနေခဲ့တာ ကြာပါပြီ။ ဘယ်သူမှလည်း ရဲရဲတင်းတင်း မစမ်းသပ်ရဲကြလို့သာ မထင်မရှား ဖြစ်နေတာပဲ။ အခု တိရစ္ဆာန်တွေကို ပုံသဏ္ဍာန် ပြောင်းလဲအောင် ကျုပ် ပြုပြင်ပေးနေတယ်ဆိုတာ အပြင်ဗဟိဒ္ဓသဏ္ဍာန်ကိုသာ ပြုပြင်ပေးနိုင်သော မဟုတ်ဘူးဗျ။ အတွင်း အဇ္ဈတ္တသဏ္ဍာန်ကိုပါ ပြောင်းလဲအောင် ပြုလုပ်ပေးနိုင်တယ်။ အဲဒီအခါမှာ ပြုပြင်ပေးခြင်း ခံရတဲ့ သတ္တဝါရဲ့ ဇီဝကိစ္စတစ်ခုလုံး ကိုယ်တွင်းမှာ ဖြစ်ပျက်ပြောင်းလဲနေတဲ့ ဓာတ်သဘောတစ်ခုလုံးကို ကြာရှည် ပြောင်းလဲသွားအောင် ပြုပြင်ပေးနိုင်တယ်။ ဒါကိုတော့ သက်ရှိသက်မဲ့ ပစ္စည်းတွေကို အသုံးပြုပြီး ကာကွယ်ဆေး ထိုးပေးရတယ်။ 'ဗက္ကဆင်း' ဆေးထိုးပေးရတယ် ဆိုတဲ့အလားတူ သဘောမျိုးတွေ ခင်ဗျား သိပြီးသားပဲ။

"နောက်တစ်နည်းက ပထမဦးဆုံး ကျုပ်စတင်လေ့လာခဲ့တာဟာ သွေးသွင်းပေးတဲ့ အလုပ်မျိုးပဲ။ ဒါတွေဟာ အဆန်းမဟုတ်ပါဘူး။ ဒါ့ထက်ဆန်းတယ်လို့ ဆိုရမှာက ကမ္ဘာ့သမိုင်းအလယ်ခေတ်လောက်မှာ ဆေးသမားတွေက လူတွေကို ခွဲစိတ်ပေးပြီး လူပုလေးတွေဖြစ်အောင် လုပ်ပေးနိုင်ကြတယ်ဗျ။ ဒီအခါ အထူးအဆန်း သတ္တဝါကလေးတစ်မျိုး ဖြစ်လာပြီး ရုံသွင်းပြီးပြနိုင်လောက်အောင် လုပ်တတ်ကြသတဲ့။ လုလိမ်လူကောက်တွေဟာ အခုထက်ထိ ဒီနည်းအကြွင်းအကျန်ကလေးတွေနဲ့ အင်မတန်ပုတဲ့ လူကလေးတွေ ဖြစ်အောင်လုပ်ပြီး ငွေရှာနေကြတုန်းပဲ။ ကျုပ် အခုလုပ်နေတဲ့ အလုပ်ကတော့ ဒါ့ထက်ရှင်းပါတယ်။ သတ္တဝါတစ်ကောင်ရဲ့ ခန္ဓာကိုယ်တစ်နေရာက အစိတ်အပိုင်းကို သူ့ကိုယ်ပေါ်မှာပဲ အခြားတစ်နေရာကို ပြောင်းလဲပေးနိုင်တယ်။ သတ္တဝါတစ်ကောင်ရဲ့ အင်္ဂါအစိတ်အပိုင်းကို အခြားသတ္တဝါတစ်ကောင်မှာ ပြောင်းပြီး တပ်ဆင်ပေးနိုင်တယ်။ ဒါတွင်မကသေးဘူး။ ကိုယ်တွင်းက သဘော သဘာဝပြောင်းလဲမှုနဲ့အတူ ခန္ဓာဖွံ့ဖြိုးမှု၊ အရိုးအဆက် အဆစ်အမြစ်များ ပြေပြစ်မှုစတဲ့ အချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



သာမက တစ်ကိုယ်လုံးရဲ့ အသိမ်မွေ့ဆုံး အတွင်းပိုင်းကိုပါ ပြောင်းလဲပေးနိုင်တယ်ဆိုတာကို ခင်ဗျား ယုံပြီလား။

"ကျုပ် ဒီပညာကို စနစ်တကျ လေ့လာလိုက်စားခြင်း မပြုမီ ဘယ်ခေတ်သစ် ဆေးပညာရှင်တွေကမှ လိုက်စားလုပ်ကိုင်ခဲ့ခြင်း မရှိဘူးဗျ။ အင်း … အချို့ လူလိမ်လူကောက်တွေရယ်၊ မြင်းတို့၊ ခွေးတို့မွေးတဲ့ လူတွေရယ်သာ ဒီပညာနဲ့ ဆင်တူရိုးမှားသဘောရှိတဲ့ အလုပ်မျိုးကို သူတို့ အသုံးကျသလို အသုံးချဖို့ လုပ်ကိုင်ကြဖူးတာ တွေ့ရတယ်။ ကျုပ်ကတော့ ခေတ်မီဆေးဝါးကုသနည်း စနစ်အတိုင်း အနာမယင်းအောင် ခွဲစိပ်မှုပညာနဲ့ ဒီအလုပ်ကို တွဲဖက်လုပ်ကိုင်ခဲ့တဲ့ အထဲမှာ ပထမဆုံးပဲ။ ပြီးတော့ ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သိပ္ပံအကြောင်းအချက်တွေကို အခြေခံထားတဲ့ နေရာမှာလည်း ကျုပ် ပထမဆုံးပဲ"

ကျွန်ုပ်က စကားဖြတ်ပြောလျက် –

"ဒါကတော့ ဟုတ်ပါပြီဗျာ။ နို့ပေမယ့် တိရစ္ဆာန်တွေဟာ ဘယ်နည်းနဲ့ စကားပြောတတ်နေကြတာလဲဗျ"

ဤကဲ့သို့ မေးလိုက်သောအခါ ဒေါက်တာ မောရိုက ၎င်းတို့တခွဲစိတ်ကုသ ဖြတ်တောက်ပြုပြင်ပေးခြင်း အတတ်၌ ရုပ်အသွင် ပြောင်းလဲရုံမျှနှင့် အဆုံးမသတ်သေးကြောင်း။ ဝက်တစ်ကောင်ကို ယဉ်ကျေးလောက်အောင် သင်ပေး၍ တတ်နိုင်ကြောင်း။ စိတ်နေသဘောထားဟူသည်မှာ ကိုယ်နေကိုယ်ဟန်ထက်ပင် ပြုပြင်ရာ၌ သက်သာကြောင်း။ ခေတ်သစ် သိပ္ပံပညာနှင့်အတူ စိတ်ညှို့ပညာအတတ်သည်လည်း ထွန်းကားတိုးတက်လာခဲ့လေရာ၊ ပင်ကိုဇာတိစိတ်များကို ယုံကြည်စွဲမြဲနေရာမှ ယင်းတို့အား ပယ်ဖျက်ရန်ဖြစ်စေ၊ သို့မဟုတ် တိုးပွားလာရန် ဖြစ်စေ ပြုလုပ်အစားထိုးပေးနိုင်ကြောင်း၊ ကျုပ်တို့ ယခုခေတ် အခေါ်ဖြစ်သော စိတ်ဓာတ်ပြုပြင်မှုဆိုသည်မှာ ပင်ကိုဓာတ်ခံကို အလိုက်သင့်ဖြစ်စေရန် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ အရှက်အကြောက်တရားကိုလည်း ၎င်းတို့၏ ဇာတိစိတ်ကို ပြုပြင်လမ်းပြောင်းပေးခြင်းဖြင့် ရနိုင်ကြောင်း၊ ရန်လိုတတ်သော စိတ်ဓာတ်ကို ကိုယ်ကျိုးစွန့်၍ စွန့်စားဆောင်ရွက်တတ်သော စိတ်ထားမျိုးဖြစ်လာအောင် လေ့ကျင့်ပေး၍ ရနိုင်ကြောင်း၊ တဏှာပေမ စိတ်တက်ကြွခြင်းကိုလည်း ဘာသာရေးကိုင်းရှိုင်းသော စိတ်သို့ ပြောင်းလဲပေးနိုင်ကြောင်း စသည်တို့ကို ရှင်းလင်းပြလေသည်။ ဒေါက်တာမောရိုး၏ အဆိုအရ လူနှင့်မျောက်တို့တွင် အဓိက ခြားနားမှုမှာ လည်ချောင်းတွင်းရှိ စကားပြောသော 'အသံအိုး' ပင်ဖြစ်ကြောင်း၊ လူက အသံအမျိုးမျိုးကို ဖန်တီးလျက် စိတ်ကူးစိတ်သန်း အဓိပ္ပာယ်များကို ပြုလုပ်ပြောဆိုနိုင်သော်လည်း မျောက်တို့၌ ထိုအရည်အသွေး မရှိကြောင်း တွေ့ရသည်ဆို၏။ ဤကိစ္စတွင်ကား ကျွန်ုပ်သည် ဒေါက်တာမောရိုးနှင့် သဘော





ချင်း မတူလိုပေ။ ဤအချက်ကို သူသည် ကျွန်ုပ် သဘောမတူကြောင်း သိလျက်နှင့်ပင် မသိဟန်ဆောင်ကာ ဆက်လက်ရှင်းပြလျက် ရှိလေသည်။

ကျွန်ုပ် ။ ။ "နေပါဦး၊ ဘာဖြစ်လို့ လူသတ္တဝါရဲ့ ကိုယ်ကိုမှ 'စံ'ထားပြီး ဒေါက်တာတို့က လုပ်နေရတာလဲ'

ကျွန်ုပ်၏ စိတ်၌မူ ဤကဲ့သို့ သူတို့ပြုလုပ်နေခြင်းမှာ တစ်စုံတစ်ရာ ဆိုးဖြောင့်သော သဘောရှိကောင်း ရှိပေလိမ့်မည်ဟု ထိုအချိန်က ထင်မိခဲ့ရာ ယခုလည်း ထိုအတိုင်းပင် ထင်မြင်လျက် ရှိနေမိ၏။

ဒေါက်တာမောရိုးကမူ ဤကဲ့သို့ ပြုလုပ်နေရခြင်းမှာ တမင်သက်သက် မဟုတ်ဘဲ အကြောင်းတိုက်ဆိုင်၍သာ ဖြစ်ရခြင်း ဖြစ်ကြောင်းဖြင့် အဖြေပေးလေသည်။ ထို့နောက် ဒေါက်တာမောရိုးက ဆက်လက်၍ –

"ကျုပ်အဖို့တော့ သိုးတွေကိုလည်း 'လားမား' ကောင်ဖြစ်အောင် လုပ်ချင် လုပ်မှာပဲ။ လားမားကောင်ကိုလည်း သိုးဖြစ်အောင် ပြောင်းလဲပေးချင် ပေးမိမှာပဲ။ ဒါပေမယ့် လူသတ္တဝါရဲ့ ကိုယ်ဟန် အနေအထား လူရဲ့ ပုံပန်းသဏ္ဌာန်ဟာ အနုပညာ မျက်စိနဲ့ ကြည့်တဲ့အခါမှာ ပိုပြီး သဘောကျစရာ စိတ်ဝင်စားစရာ ဖြစ်နေတယ်ဗျ။ ဒါပေမယ့်လည်း လူတွေဖြစ်အောင်သာ ကျုပ်က အမြဲပြုပြင်ခမ်းသပ်နေတာ မဟုတ်ပါဘူးဗျာ။ တစ်ခါတလေလည်း"

ထိုနေရာသို့ရောက်လျှင် သူသည် တစ်မိနစ်မျှ စကားမဆက်သေးဘဲ ခေတ္တရပ်၍ နေလိုက်၏။ ထို့နောက် တစ်ဖန် ဆက်လက်၍ –

"အချိန်တွေကလည်း နှစ်နဲ့ချီပြီး အင်မတန် ကုန်လွယ်တာကလားဗျာ။ နို့ပြီး အချိန်ကုန်လွယ်ရတဲ့အထဲ ဒီကနေ့အဖို့ဆိုရင် ကျုပ်ရဲ့ တစ်နေ့အချိန်ဟာ ခင်ဗျားအသက် လိုက်ကယ်နေရတာနဲ့ ကုန်သွားရပြီ။ အခုလည်း ကျုပ်အကြောင်းကို ရှင်းပြနေရတာနဲ့ တစ်နာရီလောက် ကုန်သွားပြန်ပြီ"

ကျွန်ုပ် ။ ။ "ဒါနဲ့ နေပါဦး ဒေါက်တာမောရိုးရဲ့။ ကျုပ် နားမလည်တာ ရှိပါသေးတယ်။ ဘာကြောင့် အခုလို သတ္တဝါတွေမှာ ဒုက္ခဝေဒနာခံစားရတဲ့ ခွဲစိပ်မှုတွေ ခင်ဗျားလုပ်နေရတာလဲ။ ခင်ဗျား အဲဒီလိုလုပ်ဖို့အကြောင်း လုံလုံလောက်လောက် ရှိတယ်၊ မရှိဘူးဆိုတာ သိချင်ပါတယ်။ ကျုပ် ထင်တာ တစ်ချက်ကတော့ ဒီအလုပ်ဟာ ကိစ္စတစ်ခုခုမှာ အသုံးချဖို့"

"ဟုတ်တာပေါ့ဗျာ … ဟုတ်တာပေါ့။ ဒါပေမယ့် ခင်ဗျားနဲ့ ကျုပ်တို့ဟာ လူရဲ့ အဆင့်ချင်း မတူကြဘူးဗျ။ အဆင့်ခြင်း ကွာခြားနေကြသေးတယ်။ ခင်ဗျား ရုပ်ဝါဒသမား တစ်ယောက်ဆိုတော့"

"အို … ကြံကြီးစည်ရာဗျာ။ ဘယ်ကလာ ကျုပ်က ရုပ်ဝါဒသမားတစ်ယောက် ဟုတ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်ဖြစ်လာသဖြင့် ကျွန်ုပ်ကလည်း ချက်ချင်းပင် ခွန်းတုံ့ပြန်လိုက်လေသည်။

"ဒါက ကျုပ်အမြင်ကိုးဗျ။ ကျုပ်ဘက်က အမြင်ကို ပြောတာပါ။ နာကျင်ခြင်းဆိုတဲ့ သဘောကို ကောက်ယူတဲ့ နေရာမှာ ခင်ဗျားနဲ့ ကျုပ်တို့ ခြားနားနေကြတာပဲ။ ခင်ဗျားတို့အဖို့ နာကျင်စရာကိစ္စကို ကြားရမြင်ရတဲ့အခါမှာ ဝေဒနာခံစားနေရသေးသမျှ နာကျင်တယ်ဆိုတာကို မခံနိုင်သေးသမျှ နာကျင်အောင် ပြုလုပ်ခြင်းကို ဒုစရိုက်မှုနဲ့ ယပ်တူထပ်မျှပဲလို့ သဘောထားနေသေးသမျှ အပေါ်တိရစ္ဆာန်တစ်မျိုးပဲ။ တိရစ္ဆာန်တွေ တွေးခေါ်ပုံထက် နည်းနည်းပိုပြီး သဲသဲကွဲကွဲကလေး ရှိတာတစ်ခုကလွဲရင် ဘာမှ မခြားနားဘူး။ ဒီနာကျင်ခြင်း ဆိုတာဟာ

ကျွန်ုပ်မှာ ဤကဲ့သို့ ဒေါက်တာမောရိုးက မိမိလိုရာဖက်သို့ ဆွဲပြီးလျှင် တစ်ဘက်သားအား စော်ကားသကဲ့သို့ ပြောလိုက်သဖြင့် သည်းမခံနိုင်သကဲ့သို့ ဖြစ်၍သွားကာ ပခုံးနှစ်ဖက်ကို ဆတ်ခနဲ တွန့်လိုက်မိ၏။

ရိုး ။ ။ "ကျုပ်ပြောမယ်။ နာတယ်၊ ကျင်တယ်ဆိုတာဟာ သိပ္ပံပညာက ထုတ်ဖော်သင်ပြထားတဲ့ ရှုထောင့်အတိုင်း သဘောထားမယ်ဆိုရင် ဘာမှမဟုတ်တဲ့ အသေးအဖွဲ့ကိစ္စကလေးတစ်ခုပဲဗျ။ ကျုပ်တို့ကမ္ဘာဟာ စကြဝဠာအနန္တထဲက မြူမှုန်ကလေးတစ်မှုန်လောက်ပဲ ရှိတယ်။ ဒီနေရာကနေပြီး အနီးကပ်ဆုံး ကြယ်တာရာတစ်ခုဆီကို သွားမယ်ဆိုရင် အဲဟိုကြယ်ဆီကို မရောက်သေးခင် သူ့ကို ပြန်လှည့်ကြည့်လို့တောင် မမြင်ရတော့ဘူး။ ဒီတော့ မဖြစ်စလောက် သေးငယ်တဲ့ ဒီကမ္ဘာကလေးအတွင်းမှာပဲ နာကျင်ခြင်းဆိုတဲ့ ဝေဒနာဟာ ရှိနေတာ ဖြစ်ချင်ဖြစ်နိုင်တယ်။ ကျုပ်တို့ကတော့ သတ္တဝါတိုင်း နာကျင်တဲ့ ဝေဒနာကို ခံစားရမယ်လို့ ထင်ကြတာပဲ။ ဒါပေမယ့် ဒီကမ္ဘာသားတွေမှာတောင် သက်ရှိသတ္တဝါချင်း မတူကြဘူး။ ဒီနာကျင်တယ်ဆိုတာ ကြည့်လေ"

ပြောပြောဆိုဆိုနှင့်ပင် သူသည် အသွားအမျိုးမျိုးပါသော မောင်းချွန်းတစ်ချောင်းကို အိတ်ထဲမှ ထုတ်ယူလိုက်ပြီးလျှင် ဓားသွားသေးသေးတစ်ခုကို ရွေး၍ မောင်းတင်လိုက်၏။ ထို့နောက် ကျွန်ုပ်အား သဲသဲကွဲကွဲ မြင်နိုင်စေရန် သူထိုင်သော ကုလားထိုင်ကို ကျွန်ုပ်အနီးသို့ ရွှေ့လာ၏။ ကျွန်ုပ်အနီးသို့ ရောက်သောအခါ သူသည် ဘောင်းဘီကို လှန်ပြီးနောက် သူ၏ပေါင်သားတစ်နေရာကို ရွေး၍ ဓားသွားကို ထိုးစိုက်လိုက်၏။ ထို့နောက် ရုတ်ချင်းပင် ပြန်၍ နုတ်ယူလိုက်လေသည်။

"အင်း ... ဒါမျိုးကို ခင်ဗျားလည်း အရင်က တွေ့ဖူးမှာပဲ။ အပ်နဲ့ ထိုးသလောက်တောင် မနာဘူးဗျ။ ဒါဟာ ဘာကို ပြသလဲဆိုတော့ နာတယ်





ကျင်တယ်ဆိုတာဟာ ကြွက်သားတွေနဲ့ မဆိုင်ဘူး။ အပေါ်ရဲ့ အရေပြားတစ်နေရာတစ်နေရာနဲ့သာ ဆိုင်တယ်ဆိုတာ ပြတာပဲ။ နာကျင်တယ်ဆိုတာ ကျုပ်တို့အတွက် သဘာဝက ပေးထားတဲ့ ကျန်းမာရေးနဲ့ အခြားဘေးရန် အကာအကွယ် အရည်အချင်းတစ်ခုမျှသာ ဖြစ်တယ်။ နာတယ်ဆိုတာဟာ အသားစိုင်တွေက နာတာမဟုတ်ဘူး။ အာရုံကြောအားလုံးကလည်း နာတာ မဟုတ်ဘူး။ အမြင်အာရုံနှာဗ် အကြောတွေမှာဆိုရင် နာတယ်ဆိုတဲ့ ခံစားမှုကို လုံးလုံးမရှိဘူး။ အမြင်နှာဗ်ကြောမှာ ထိလိုက်မိရင် မျက်လုံးထဲမှာ အလင်းရောင်တွေ လင်းခနဲ ဖြစ်သွားတာသာ ဖြစ်တယ်။ အကြားအာရုံ 'နှာဗ်'ကြောမှာ ထိခိုက်မိရင် နားထဲမှာ တစီစီမြည်သွားတာသာ ရှိတယ်။ သစ်ပင်တွေမှာ နာကျင်ခြင်း ဝေဒနာမရှိဘူး။ ရေသက်ဝါးကောင်တို့၊ ပုစွန်တုပ်တို့လည်း ဒီဝေဒနာမျိုးမရှိဘူးဆိုတာ ဖြစ်နိုင်တယ်။ လူတွေမှာတော့ အသိဉာဏ်ပိုလာလေလေ ဒီဝေဒနာကို ပိုပြီး ခံစားရတဲ့ စိတ်တွေများလာလေလေပဲ။ ဒီတော့ နည်းနည်းကလေး ခံစားရတာနဲ့ တစ်ပြိုင်နက် အန္တရာယ်ဖြစ်တာသိပြီး တိရစ္ဆာန်တွေလို မမောင်းရ၊ မနှင်ရ၊ ကြိမ်မတို့ရတဲ့ ဆားကင်းရာကို ရှောင်သွားတတ်ကြတယ်။ အမှန်ကတော့ နာကျင်တဲ့ ဝေဒနာဟာ မလိုဘဲနဲ့ရတဲ့ ဝေဒနာပဲ"

ထို့နောက် ဆက်လက်၍ "ဒီမှာ ပရင်းဒစ်၊ ကျုပ်လည်း ဘာသာတရားကိုင်းရှိုင်းတဲ့ လူတစ်ယောက်ပါပဲ။ ဒါပေမယ့် ဒီကမ္ဘာလောကကြီးကို ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်ရဲ့ သဘောတရားကို ခင်ဗျားထက် ကျုပ် ပိုသိတယ်။ သိအောင်လည်း ခင်ဗျားတို့တတွေက လိပ်ပြာတွေကို ဖမ်းပြီး စုဆောင်းနေတဲ့ အချိန်မှာ ကျုပ်က ကျုပ်နည်းနဲ့ ကျုပ် ကြံစည်စူးစမ်းလေ့လာနေခဲ့တယ်။ ဒုက္ခဝေဒနာတို့၊ သုခဝေဒနာတို့ဟာ မကောင်းမှု၊ ကောင်းမှု၊ ငရဲ၊ ကောင်းကင်ဘုံစတဲ့ဟာတွေနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ကျုပ်ပြောဝံ့တယ်။ ဒါကြောင့် သာယာတယ်။ နာကျင်တယ်ဆိုတဲ့ အတွေ့အသိတွေ နောက်ကို လိုက်နေတဲ့ ဖို့မ သတ္တဝါတွေဟာ တိရစ္ဆာန်ဗီဇစိတ်ကြောင့်သာ ဒီလို လုပ်နေကြတာဗျ။ ဒီမှာ ပရင်းဒစ်၊ ဖုန်ထဲမှာ ရှန်းကန်သွားလိမ့်နေသမျှတော့ သာယာတယ်ဆိုတဲ့ သုခဝေဒနာ၊ နာကျင်တယ်ဆိုတဲ့ ဒုက္ခဝေဒနာတွေထဲမှာ ကျုပ်တို့ဟာ ကျင်လည်နေကြတာပဲ"

ဒေါက်တာမောရိုးမှာ မမောနိုင် မပမ်းနိုင်ဘဲ သူ၏ အယူအဆများကို စိတ်အားထက်သန်စွာ ဆက်လက်ပြောလျက် ရှိနေပြန်လေသည်။

"ဒီမှာဗျ၊ ဒီကိစ္စတွေကို ကျုပ် သုတေသန ပြုလုပ်ပြီး စူးစမ်းနေတာဟာ ပြဿနာရဲ့ အဆင့်ဆင့် ဦးတည်ချက် လမ်းကြောင်းအတိုင်း အလိုက်သင့်လိုက်နေတာပဲ။ ဒီနည်းမျိုးနဲ့ ပြဿနာပေါ်ရာကို အဲသုံးချမှပဲ မှန်ကန်တဲ့ စူးစမ်းမှုဖြစ်နိုင်တယ်လို့ ကျုပ် ထင်တယ်။ ပြဿနာတစ်ခု ပေါ်လာရင် အဖြေရအောင်



www.burmeseclassic.com

www.burmeseclassic.com



နည်းရှာရတယ်။ အဖြေတွေ့ပြီးတဲ့နောက် ဒီကိစ္စနဲ့ နီးနွယ်ပြီး ပြဿနာ ပေါ်လာ ပြန်ရင် ဒီဟာ ဖြစ်နိုင်သလား၊ ဟိုဟာက ဖြစ်နိုင်သလား စစ်ဆေးဖို့ လိုလာပြန် တယ်။ ဒီတော့ ဆက်ကြည့်ရပြန်တယ်။ အဲဒီလို အသိပညာနောက်ကို ဆက် တိုက်လိုက်ချင်တဲ့ ဆန္ဒနဲ့ အဖြေတစ်ခုကို တစ်ဆင့်ပြီးတစ်ဆင့် တွေ့လာလို့ ကြည်နူးရတဲ့ သဘောတရားကို ခင်ဗျား ကိုယ်ချင်းစာတက်ချင်မှ စာတတ်လိမ့် မယ်။ ပြဿနာတစ်ခုကို ဖြည်းဖြည်း လေ့လာရင်း လေ့လာရင်းနဲ့ ခင်ဗျား မျက်စိ အောက်မှာရှိတဲ့ ရုပ်ဒြပ်ဟာ တိရစ္ဆာန် မဟုတ်တော့ဘူး။ ဖြေရှင်းပေးရမယ့် ပြဿနာတစ်ရပ်သာ ရပ်တည်နေတော့တယ်။ နာမှာပဲ ကျင်မှာပဲလို့ ကိုယ်ချင်းစာ ပြီး သနားတတ်တဲ့ စိတ်တွေဟာ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းကတော့ ရှိခဲ့ပါရဲ့။ ခုတော့ ကျုပ်တို့ သိချင်နေတဲ့ အကြောင်းက သက်ရှိသတ္တဝါတွေရဲ့ ပုံပန်းကို ဘယ်လောက်အထိ မပျက်မစီးဘဲ ပြောင်းလဲလို့ ရမလဲဆိုတဲ့ အချက်ပဲရှိ ပါပဲ"

ကျွန်ုပ်။ ။ "ဒါပေမယ့် ခုလို လုပ်ရတာ အင်မတန် စက်ဆုပ်စရာကောင်း တဲ့ အလုပ် မဟုတ်လားဗျာ"

ဒေါက်တာက ဆက်လက်၍–

"ဒီကနေ့အထိတော့ ဒီလိုပ်ငန်းဟာ စက်ဆုပ်စရာ ကောင်းမကောင်း တစ်ခါမှ ကျုပ်ဖြင့် စိတ်အနှောင့်အယှက် မဖြစ်ခဲ့ဖူးဘူး။ သဘာဝတရားကြီးကို လေ့လာတဲ့ လူတစ်ယောက်ဟာ သဘာဝတရားမှာ တွေ့ရမယ့် ကိစ္စအားလုံးဟာ တော့ နောက်ဆုံးရင်ဆိုင်ပြီး လေ့လာရတာချည်းပဲ။ ကျုပ်ကတော့ လေ့လာရင်း ပေါ်လာသမျှ ပြဿနာ နောက်ကို ဆက်တိုက်လိုက်နေတာပဲ။ ပြဿနာတွေ ပေါ်ထွက်လာတဲ့ အဖြေတွေဟာ ဟောဟိုရွာထဲက ဝါတွေမှာရှိနေလေရဲ့။ ကျွန်းပေါ် ကို ကျုပ်တို့လာခါစတုန်းက ကျုပ်ရယ်၊ မောင်ဂိုမာရီရယ် 'ကာနက' လူမျိုး ယောက်ရယ် ဒါပဲပါတယ်။ အခု ၁၁ နှစ်ကြာခဲ့ပြီ။ စိတ်ထဲမှာတော့ မနေ့တစ်နေ့က လိုပဲ အောက်မေ့မိတယ်။ ဒီကျွန်းမှာပဲ လုပ်ရင်း ကိုင်ရင်းနဲ့ အောင်မြင်မှု ရရလိမ့် မယ်လို့ ကျုပ် ယုံကြည်တယ်"

ထို့နောက် ဒေါက်တာ မောရိုးသည် သူတို့ ဤကျွန်းပေါ်သို့ ရောက် လာခဲ့သည့်အချိန်မှစ၍ ယနေ့ထိ ဖြစ်ပျက်ခဲ့သော အကြောင်းကို ကျွန်ုပ်အား ပြန်၍ ပြောပြလေသည်။

သူတို့သည် အလုပ်လုပ်ရန် ဝန်စည်စလယ်များနှင့် ကျွန်းပေါ်သို့ ရောက်ခဲ့ကြပြီးလျှင် နေထိုင်ရန် အိမ်ကို ရှေးဦးစွာ ဆောက်ခဲ့ကြ၏။ တဲငယ်အချို့ ကိုလည်း ကာနကများ တည်ဆောက် အခြေစိုက်ကြလေသည်။ သို့နှင့် ဒေါက် တာ မောရိုးသည် သူနှင့် ပါလာသမျှ ပစ္စည်းကရိယာများ၊ တိရစ္ဆာန်များဖြင့်





အလုပ်ကို စလေရာ၊ ပထမ၌ သိုးတစ်ကောင်ကို စမ်းသပ်ကြည့်ရှုခဲ့၏။ ခွဲစိတ်နေ သည့် တစ်ရက်ခွဲမျှ ကြာသောအချိန်၌ ခွဲစိတ်ထားသော ဓားမှာ မတော်တဆ လက်လွန်သွားသဖြင့် သိုးကလေး သေဆုံးသွားခဲ့၏။ ထိုအခါ နောက်ထပ် သိုးတစ်ကောင်ကို ခွဲစိတ်ဖြတ်တောက်ပြီးလျှင် လိုသလို ပုံသဏ္ဌာန်ပြောင်းကာ အနာကျက်စေရန်လည်း ပတ်တီးများ စီးပေးထားခဲ့၏။ ပထမ ထိုသိုးသည် လူနှင့်တူသည့် ပုံသဏ္ဌာန် အသွင်အပြင်သို့ ပြောင်းလဲလာသော်လည်း အလွန် တုန်လှုပ်ချောက်ချားနေသည့် အမူအရာမျိုး ရှိနေသဖြင့် သူသည် ဤမျှနှင့် စိတ်မကျေနပ်နိုင်ဘဲ စိတ်အပျက်ကြီး ပျက်သွားခဲ့ရ၏။ ၎င်း ပုံပန်းမကျသော အသွင်အပြင်ကို ကြည့်ရလေလေ၊ စိတ်ပျက်၍ လာလေလေ ဖြစ်ရကား၊ ထိုသိုးကို အစတုံး စီရင်ပစ်လိုက်လေသည်။

နောက်တစ်ကြိမ် နဂိုသဘာဝအားဖြင့် ကြောက်ရွံ့တတ်သော သိုးများ ကို စမ်းသပ်ခြင်း မပြုတော့ဘဲ 'ဂေါ်ရီလာ' ခေါ် မျောက်ဝံတစ်ကောင်ကို ခွဲစိတ် စမ်းသပ်လေသည်။ ဤသို့ ပြုလုပ်ရာတွင် အခက်အခဲများစွာ တွေ့ရသော်လည်း ထိုအခက်အခဲများကို သတိကြီးစွာဖြင့် တစ်ခုပြီးတစ်ခု ကျော်လွှားပြီးနောက် ပထမဆုံး လူနှင့်တူသော သတ္တဝါတစ်ဦးကို လုပ်ကိုင်ယူနိုင်ခဲ့လေသည်။ ထို သတ္တဝါကိုလည်း ရက်သတ္တတစ်ပတ်လုံးလုံး နေ့ရော ညဉ့်ပါ စိတ်ရှည် လက်ရှည် ပြုပြင်ပေးခဲ့ရ၏။ ထိုသတ္တဝါတွင် ဦးနှောက်ကို ပြုပြင်ပေးရန်မှာ အရေးအကြီးဆုံး အဓိက အချက်ပင် ဖြစ်၏။ ထိုမျှသာမက သူ၏ကိုယ်တွင်းသို့ နောက်ထပ် ထည့်သွင်းပေးရန် သို့မဟုတ် ပြုပြင်ပေးရန် များစွာ ကျန်ရှိသေး၏။ သူ၏ စိတ် ထင်မှာ ထိုသတ္တဝါအား ပြုပြင်ပေးပြီးနောက် လူနှင့် အတော်အတန် တူသွားလျှင် နီဂရိုး' ခေါ် ကပ္ပလီအဆက်အနွယ်များနှင့် နီးစပ်သော လူတစ်မျိုးဖြစ်လာတန်ရာ သည်ဟု ယူဆထားလေသည်။ သို့နှင့် သူသည် ခွဲစိတ်ပြုပြင်ပေးပြီး၍ စိတ်ချရပြီ ဟု ယူဆလောက်သောအခါ၌ တစ်ကောင်လုံး ပတ်တီးများ စည်းထားသဖြင့် တောင့်တောင့်ကြီးဖြစ်သော မလှုပ်မယှက် ရှိသော မျောက်ဝံကြီးကို အခန်းတွင်း၌ မောင်ဂိုမာရီအား တွေ့ရလေသည်။ မောင်ဂိုမာရီ၏ ဖြစ်ပုံမှာ ယခု ပရင်းဒစ် ကဲ့သို့ ပင် ခွဲစိတ်ခံရသော သတ္တဝါတို့၏ အော်ဟစ်သံများကိုလည်းကောင်း၊ သွေးစိမ်း ရှင်ရှင် ပတ်တီးရဲရဲဖြင့် မြင်မကောင်း ရှုမကောင်းသော အနိဋ္ဌာရုံများတို့ကိုလည်း ကောင်း မြင်ရသဖြင့် စိတ်နှလုံးတုန်လှုပ် ချောက်ချားနေခြင်း ဖြစ်လေသည်။ သို့နှင့် ဒေါက်တာ မောရိုမှာ ပထမတွင် မောင်ဂိုမာရီအား လက်ထောက်တစ် ယောက်အဖြစ် ခန့်ထားရန်ကိုပင် စိတ်မချနိုင် ဖြစ်ခဲ့ရလေသည်။

အထက်ပါ အကြောင်းများကို ပြောပြပြီးနောက် ဒေါက်တာမောရိုးက ဆက်လက်၍ "ဒီလူကတော့ အင်မတန် ကြောက်နေတော့ ရှေ့ကို အလုပ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ခက်နေတာပေါ့ဗျ။ 'ကာနက' လူမျိုးတွေကလည်း ကျုပ်လုပ်ငန်းကို မြင်တာနဲ့ တထိတ်ထိတ် တလန့်လန့် ဖြစ်နေကြတာပဲ။ ဒါနဲ့ ကျုပ်လည်း မောင်ဂိုမာရီကို စကားလိပ်ပတ်လည်အောင် ပြောဆိုပြီး မကြောက်ဖို့အကြောင်း သဘောပေါက်အောင် အတော်ပြောယူရတယ်။ နို့ပေမယ့် ဒီကာနက ကောင်တွေက ထွက်ပြေးမယ် တကဲကဲပါပဲဗျာ။ မပြောပါနဲ့တော့။ ဒီနောက် ပြေးလည်းပြေးတာပဲဗျို့။ ကျုပ်ရဲ့ ရှက်လေ့တစ်စင်းတောင် သူတို့နောက်ကို ပါသွားတယ်။ ဒီနောက် ကျုပ်လည်း ဒီသတ္တဝါကို လူ့ဘဝနဲ့ နီးစပ်အောင် အမျိုးမျိုး ကြံဖန်လုပ်ကိုင်ပြီး သင်ကြားပေးတဲ့အခါ ၃–၄ လလောက်ကြတော့ အင်္ဂလိပ်စကားကလေး မတောက်မခေါက် ပြောတတ်လာတယ်။ ဒီနောက် တစ်ခု နှစ်ခု ကစပြီး အရေအတွက်ကို တတ်အောင် သင်ကြားပေးတဲ့အခါ အသင့်အတင့် တတ်လာတယ်။ အေ ဘီ စီ အက္ခရာတွေကိုလည်း နည်းနည်း ဖတ်တတ်လာတယ်။ ရုတ်တရက် သဘောမပေါက်နိုင်ဘော့ သဘောပေါက်အောင် သင်ရတာ အချိန် အတော်ကြာတယ်ဗျာ။ ဒါပေမယ့် တစ်ခုရှိတာက လူနဲ့ လူအများနဲ့ နှိုင်းစာရင် တိရစ္ဆာန်ကောင်တွေကို သင်ရတာ သဘောပေါက်လွယ်တာကို တွေ့ရတယ်ဗျ။ သူဟာ မိမိရဲ့ ဘဝရှေ့ပိုင်းဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ လုံးဝ မမှတ်မိတော့ဘူး။ သူ့ဦးနှောက်ဟာ အဖြူထည် သက်သက်လို သန့်ရှင်းကြည်လင်နေတယ်။ သူ့ကိုယ်မှာရှိတဲ့ အနာတွေ ကောင်းကောင်း ကျက်ပြီး ပျောက်သွားတဲ့အခါ အရင်ကလို နာကျင်ကုတ်ဖဲ့ မနေတော့ဘဲ စကား နည်းနည်း နည်းနည်း စပြောလာတယ်။ ဒီတော့ ကျုပ်လည်း ဒီအကောင်ကို ကာနကတွေဆီ ခေါ်သွားပြီး သူဟာ သင်္ဘောပေါ်မှာ တိတ်တိတ်ခိုးပြီး လိုက်လာတဲ့ အကောင်အနေနဲ့ မိတ်ဆက်ပေးလိုက်တယ်။

"ပထမတော့ 'ကာနက' တွေဟာ ဒီမျောက်ဘဝက ပြောင်းလာတဲ့ လူအတုကို အတော်ပဲစက်ဆုပ်ပြီး ကြောက်ရွံ့နေကြတယ်ဗျ။ ဒါပေမယ့် ဒီအကောင်က ကြမ်းကြမ်းတမ်းတမ်း မဟုတ်ဘဲ ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေး နေတာ တွေ့ရတော့ တဖြည်းဖြည်း ဒီအကောင်ကို ခင်မင်လာပြီး သူ နားလည်နိုင်လောက်တဲ့ အချက်အလက်တွေကို တစ်ခုစ၊ နှစ်ခုစ ဝိုင်းပြီး သင်ပေးကြတယ်။ ဒီအကောင်က အတုခိုးတတ်တယ်ဗျ။ သဘောလည်း ပေါက်လွယ်တယ်။ သူနေဖို့ တင်းကုပ်ကလေးတောင် သူ့ဖာသာသူ ဆောက်တတ်တယ်။ ကာနကတွေထဲက လူမှုဝန်ထမ်း လုပ်ငန်းမှာ စိတ်ဝင်စားတဲ့ လူတစ်ယောက်က ဒီသတ္တဝါကို စာဖတ်တတ်အောင် သင်ပေးပြန်တယ်။ အနေအထိုင် အကျင့်အကြံတွေကိုလည်း ညွှန်ပြပြုပြင်ပေးတယ်။ အဲဒီလိုလူနဲ့တူပြီး လူဟန်ပေါက်လာပေမယ့် လူနဲ့မတူဘဲ ကွဲလွဲပြီးနေတဲ့ အပြုအမူ အကျင့်အကြံတွေ အများကြီး ရှိနေသေးတယ်။

"ဒါနဲ့ ကျုပ်လည်း ၄–၅–၁၀ ရက်လောက် အနားယူပြီး အဲဒီလို အနား





ယူရင်းနဲ့ ကျုပ်ရဲ့ စမ်းသပ်မှု အောင်မြင်ချက်တွေကို ဗြိတိသျှ ဇီဝဗေဒဌာနက လူတွေကို တပ်လှန့်ပြီး နှိုးလိုက်တဲ့ အနေနဲ့ တင်ပြဖို့ သုတေသန စာတမ်းတစ်စောင် ရေးမယ်လို့ ကြံစည်နေတုန်း တစ်နေ့တော့ ဂေါ်ရီလာက လူဖြစ်လာတဲ့ အကောင်ဟာ သစ်ပင်ပေါ်တက်၊ သစ်ကိုင်းတစ်ကိုင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြီး သူ့ကို နောက်ပြောင်နေတဲ့ ကာနက ကောင်တွေ မဖွယ်မရာ လုပ်ပြနေတာ တွေ့ရတာကိုးဗျ။ ဒါနဲ့ ကျုပ်လည်း ဒီ 'မျောက်လူ' ကောင်ကို ခေါ်ပြီး အတော်ပဲ ငြိမ်းချောက်ပြီး ဆုံးမရတယ်။ ဒါတင်မကသေးဘူး ကျုပ် ရေးမယ်ကြံထားတဲ့ သုတေသနစာတမ်းကိုလည်း ဒီသတ္တဝါထက် ပိုပြီး လူနဲ့ နီးစပ်တဲ့ အကောင်မျိုးကို လုပ်ကိုင်ဖန်တီးပေးလို့ အောင်မြင်မှ ရေးပါတော့မယ်ဆိုပြီး မရေးဖြစ်ဘဲ ရပ်ဆိုင်းထားခဲ့ရတယ်။ အခု တစ်ခေါက်တော့ အသေအချာ အောင်မြင်မှုရမှပဲ အင်္ဂလန်ကို ပြန်တော့မယ်ဗျ။ ခက်တာ လူနဲ့ပိုပြီး နီးစပ်တဲ့ အကောင်တွေကိုတော့ တွေ့ပါရဲ့။ နို့ပေမယ့် ဒီအကောင်တွေကို ပြုပြင်ပြောင်းလဲပြီးတဲ့နောက် အချိန်ကလေး အတော်ကြာလာပြီလားဆိုရင် သူတို့ရဲ့ မူလက သဘာဝ အသားအရေကစပြီး တိုးလာတဲ့အခါ နဂိုဇီဇအတိုင်း ပြန်ဖြစ်ချင်တာ တွေ့ရတော့ စိတ်ပျက်စရာ ဖြစ်လာတာပဲဗျာ။ ဒါနဲ့ ကျုပ်လည်း ခုတစ်ကြိမ်တော့ မဖြစ်ဖြစ်အောင် လုပ်မယ်။ ဘယ်နည်းနဲ့မဆို အောင်မြင်ရမယ်ဆိုပြီး ဒီကျားသစ်ကြီးကို စပြီး စမ်းတော့တာပဲဗျို့။

"အဲဒါဟာ ကျုပ်ရဲ့ ဇာတ်လမ်းပဲဗျ။ ကျုပ်တို့နဲ့ ပါလာတဲ့ ကာနကလူငယ် ၆ ယောက်ဟာ အခုကျွန်းပေါ်မှာ တစ်ယောက်မှ မရှိတော့ဘူး။ ၃ ယောက်က ရှက်လှေကို ခိုးပြီး ထွက်ပြေးကြတာ ပင်လယ်ထဲမှာ သေကုန်ကြပါရောဗျာ။ ကျန်တဲ့လူထဲက တစ်ယောက်က သင်္ဘောပေါ်ကကျပြီး သေသွားတယ်။ တစ်ယောက်ကတော့ ခြေဖနောင့်မှာ ပြောင့်ဖူးရာက အဆိပ်ရှိတဲ့ သစ်ပင်က အဆိပ်ရေဝင်ပြီး သေသွားပြန်တယ်။ ကျန်တဲ့ တစ်ယောက်ကတော့ အသတ်ခံရလို့ သေသွားပြန်တယ်"

နောက်ဆုံး ကာနက လူငယ်သေဆုံးသွားသည်မှာ မည်သည့်အတွက် သေဆုံးသွားရကြောင်းကိုမူ ကျွန်ုပ်အား မပြောပြချေ။ သို့သော် ကျွန်ုပ်က –

"နောက်ဆုံးကာနက တစ်ယောက်က ဘယ်လို သေသွားတာလဲခင်ဗျာ"

"ဖြစ်ပုံက ဒီလိုဗျ။ ကျုပ်လည်း လူအမျိုးမျိုးတွေ ဖြစ်အောင် လုပ်နေရာက တစ်နေ့တော့ တစ်မျိုးတုစ်ဖုံ"

ဒေါက်တာမောရိုးသည် ရှေ့သို့ စကားမဆက်ဘဲ ခပ်ဆိုင်းဆိုင်းပျံ့နေ၏။ သို့နှင့် ကျွန်ုပ်က "ဟုတ်ကဲ့" ဟု သူပြောမည့် စကားကို လမ်းခင်းပေးသည့် အနေဖြင့် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ခမျာ အဲဒီသတ္တဝါကြောင့် သေသွားရရှာတယ်ဗျာ"

သူ ပြောဆိုပုံမှာ ဒေါသလေးတွဲ့တွဲ့ ရှိလေ၏။

ကျွန်ုပ် ။ ။ "ဘယ်လိုပါလဲ ခင်ဗျာ။ ကျွန်တော် နားမရှင်းသေးပါဘူး"

ရှိုး ။ ။ "ဖြစ်ပုံက ဒီလိုဗျ။ ကျုပ် အဲဒီတစ်ကြိမ် တီထွင်လုပ်ကိုင်တဲ့ သတ္တဝါဟာ ကာနကကိုသာ မဟုတ်ဘူး။ တွေ့ကရာ မြင်ကရာ ရန်မူတော့တာပဲဗျို့။ သူ့ကို ပြန်ပြင်လုပ်ကိုင်လို့ မပြီးသေးခင်ဘဲ လွတ်သွားတယ်ဗျို့။ အဲဒီအကောင်ကတော့ လူလို ခြေလက် မရှိဘူး။ မြွေလို မြေပြင်ပေါ်မှာ လူးလွန့်တွန့်လိမ်သွားတယ်။ သူ့မျက်နှာဟာလည်း ပြုပြင်နေဆဲ အပြီးမသတ်သေးလို့ အင်မတန် အကြည့်ရဆိုးတယ်။ ဒီအကောင်ဟာ ခွန်အားကြီးမားတဲ့အပြင် ဒဏ်ရာတွေကြောင့် နာကျင်နေတဲ့အတွက် ဒေါသလည်း အင်မတန် ကြီးနေတယ်။ လမ်းသွားရင် ပေါင်းပိုင် ရေကူးသလို သွားတတ်တယ်။ အဲဒီသတ္တဝါ လွတ်သွားတော့ ကျုပ်ကိုလည်း သူ့နောက်ကို လိုက်ကြရတာဟာ ရက်တွေအတော်ကြာသွားတာပေါ့ဗျာ။ သူကလည်း တွေ့သမျှ မြင်သမျှကို ဒုက္ခပေးတော့တာပဲဗျို့။ နောက်ဆုံး ကျွန်းရဲ့ မြောက်ပိုင်းမှာ သူ့ကို သွားတွေ့တော့ ကျုပ်တို့လည်း လူခွဲခွဲပြီး ဝိုင်းထားကြတယ်။ အဲဒီတုန်းက မောင်ဂိုမာရီလည်း ကျုပ်နဲ့အတူပါလာတယ်။ ကာနက လူငယ်မှာတော့ ရိုင်ဖယ်သေနတ် တစ်လက်ရှိတဲ့အတွက် သူက တစ်ဘက်က သွားတယ်။ ဒါနဲ့ ဒီသူငယ်ဟာ ဟိုသတ္တဝါရဲ့ လက်ချက်မိသွားပြီး တစ်ကိုယ်လုံး နေရာအနှံ့အပြား ကိုက်ခဲထားတာ ရစရာ မရှိပါဘူးဗျာ။ သူကိုင်သွားတဲ့ သေနတ်ဟာလည်း သူ့ အလောင်းနဲ့အတူ တွေ့ရတဲ့အခါ မြွေလိမ်မြွေကောက်ဖြစ်အောင် ကောက်ကွေးနေတာကို သေနတ်နဲ့ အသေပစ်သတ်ထည့်လိုက်တော့မှ ကိစ္စတုံးတော့တာပဲဗျို့။ အဲဒီအချိန်ကစပြီး လူနဲ့ အနီးစပ်ဆုံး သတ္တဝါမျိုးကို ရမှပဲ လုပ်တော့မယ်ဆိုပြီး ကျုပ်လည်း စိတ်ကို တစ်ခါတည်း ဆုံးဖြတ်လိုက်တော့တာပဲ"

သို့ပြောပြီးနောက် ဒေါက်တာ မောရိုးသည် စကားမဆက်ဘေးဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ ကျွန်ုပ်သည် သူ၏မျက်နှာကို စိတ်၍ ကြည့်နေမိလေသည်။

ထို့နောက် သူ၏ ဇာတ်လမ်းကို ဆက်လက်၍ –

"ဒါနဲ့ အင်္ဂလန်မှာ ကျုပ်နေခဲ့တဲ့ ၉ နှစ် အပါအဝင် နှစ်ပေါင်း ၂၀ လုံးလုံး ဆက်လက်ပြီး စမ်းသပ်ခဲ့တာ၊ အဲဒီလို စမ်းသပ်တဲ့အခါတိုင်း စိတ်မကျေနပ်စရာ အချက်ကလေးတွေ မပြည့်စုံတဲ့ အချက်ကလေးတွေ နောက်ထပ် ဆက်လုပ်ဖို့ လိုနေတဲ့အချက်ကလေးတွေ အမြဲတမ်းတွေ့နေရတော့ ကောင်းသည်ထက်ကောင်းအောင် ပြည့်စုံသည်ထက် ပြည့်စုံအောင် ဆက်လက်စမ်းသပ်ချင်တဲ့ စိတ်





သာ ရှိနေတာပဲဗျ။ အခုအချိန် လူရဲ့ ပုံပန်းသဏ္ဌာန်ကို လုပ်ကိုင်ဖန်တီးပေးရမှာ ဗကတီလူလို သန်မာကျစ်လစ်ပြီး ပျောင်းနွဲ့ပေါ့ပါးတဲ့ပုံကို အလွယ်တကူ လုပ်ကိုင်လို့ရပါပြီ။ ဒါပေမယ့် လူရဲ့ လက်ချောင်း လက်သည်းများနဲ့ တူအောင်လုပ်ကိုင် ဖန်တီးနေတဲ့ နေရာမှာ အများဆုံး အခက်ခဲတွေ့ပြီး လက်ရှိ့နေမိတယ်။ ဒီနောက် အနုအစိပ်ဆုံးနဲ့ အသိမ်မွေ့ဆုံး လုပ်ကိုင်နေရတဲ့ ဦးနှောက်ပဲဗျ။ ဒါဟာ အဓိကအချက်ပဲ။ ကူးပြောင်းရတဲ့ နေရာနဲ့ပြန်ပြီး ပုံသွင်းရတဲ့ နေရာမှာ အခက်ဆုံးပဲ။ တိရစ္ဆာန်များမှာ အသိဉာဏ်ပိုင်းမှာ အင်မတန် နိမ့်ပြီးနေတော့ အသိဉာဏ်ထည့်သွင်းဖို့ဟာ အင်မတန် ခက်ခက်ခဲခဲ ပြုပြင်ယူရတယ်။ အဲဒီခဲယဉ်းပြီး ကျုပ်ကိုယ်ကျုပ် မကျေနပ်ဆုံး အပိုင်းကတော့ စိတ်လှုပ်ရှားမှုများ ဇန်တီးပေးတဲ့နေရာကို အတိအကျ ရှာဖွေမတွေ့တဲ့ အချက်ပဲ။ ဟုတ်မလိုလိုနဲ့ ပျက်သွားလိုက်၊ မမျှော်လင့်ဘဲနဲ့ ပြတ်သွားလိုက်ခြင်းပဲ ဖြစ်နေတယ်။ အဲ ... ကျုပ် နည်းနည်းကလေးမှ စိတ်မချနိုင်တဲ့ အချက်ကတော့ လူတွေကို ဒုက္ခပေးနေတဲ့ လောဘစိတ်၊ ထောင်းခနဲထွက်လာတတ်တဲ့ ဒေါသစိတ်၊ ပြောတာကို မသိ နားမထောင်ဘဲ တွေဝေမိန်းမောနေတတ်တဲ့ မောဟစိတ်များ တည်နေရာ ဗဟိုအချက်အချာကို ရှာဖွေလို့ မတွေ့ခြင်းဘဲ။ နေရာတစ်ခုခုတော့ ရှိတာ အမှန်ပဲ။ ဒီနေရာဟာ အင်မတန် ခွန်းကြယ်ပြီး လျှို့ဝှက်နက်နဲတဲ့ 'အိမ်' ကလေး တစ်ခုသော်လည်းကောင်း၊ စိတ်ဓာတ်အားလုံးကို ခံယူနိုင်တဲ့ ခွက်ကလေးတစ်ခုသော်လည်းကောင်း ဖြစ်ရမယ်။ နို့ပေမယ့် ဒီနေရာကို မတွေ့ရဘူး။

"ကျုပ် အခုလို ပြုပြင်ပေးလိုက်တဲ့ သတ္တဝါတွေဟာ ခင်ဗျား မျက်စိမှာတော့ တော်တော် ထူးခြားပြီး ဘန်းကြယ်နေချင်နေမယ်။ နို့ပေမယ့် ကျုပ်အဖို့တော့ ပြုပြင်ရသေးတာ ကိုင်ပြီးတာနဲ့ တစ်ပြိုင်နက် သူတို့ဟာ လူပကတိအတိုင်းပဲလို့ ထင်နေတယ်။ ဒီနောက်တော့ လူရဲ့ စိတ်ဓာတ်နဲ့တကွ အပြုအမူတွေဟာ မှေးမှိန်ကွယ်ပျောက်ပြီး တိရစ္ဆာန်တို့ရဲ့ သဘာဝ အလေ့အကျင့်တွေပေါ်လာတော့တာပဲ။ လူကို မျက်လုံးကြ[illegible] ပြူးကြည့်တာတို့ ဝွားသွားတာတို့ပေါ့ဗျာ။ အသက်ရှင်နေတဲ့ တိရစ္ဆာန်တစ်ကောင်ကို အနာကျင်ဆုံး ဒုက္ခဝေဒနာ ခံစားရအောင်လုပ်၊ ဒီတစ်ခါတော့ တိရစ္ဆာန်ရဲ့ သဘာဝကို တစ်ခါတည်း လုံးလုံးပျောက်သွားအောင်လုပ်ပြီး အဆိုးအကောင်း အကျိုးအကြောင်းကို ဆင်ခြင်စဉ်းစားနိုင်တဲ့ လူတစ်ယောက် ဖြစ်လာစေရမယ်ဗျာ။ ဘယ်နည်းနဲ့မဆို အောင်မြင်ရမယ်။ အခု ၁၀ နှစ်ဆိုတဲ့အချိန်ဟာ ဘာဟုတ်သေးသလဲ။ လူဆိုတဲ့ သတ္တဝါကို ဖြစ်လာအောင် လုပ်ရတဲ့ အချိန်ဟာ နှစ်ပေါင်း ထောင်နဲ့သောင်းနဲ့ချီပြီး ကြာတယ် မဟုတ်လား ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမောရီးသည် တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားနေသည့်ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ ငြိမ်သက်လျက် ရှိနေလေသည်။ ထို့နောက် ဆက်လက်၍ –

"ဒါပေမယ့် ကျုပ်အဖို့ အရှိန်အဟော်ကလေး ရလာပြီဗျ။ ဒီကျွာသစ်ကြီးဆိုရင်"

သူသည် အချိန်အတော်ကြာမျှ စကားမပြောဘဲ ငြိမ်သက်လျက် ရှိနေပြီးနောက် "ဒီအကောင်တွေဟာ ကျုပ်လက်က လွတ်တာနဲ့ တစ်ပြိုင်နက် ပြောင်းပြန်ဖြစ်သွားပြီး တိရစ္ဆာန်စိတ် ဝင်လာတော့တာပါပဲဗျာ ... အင်း"

ကျွန်ုပ် ။ ။ "ဒီနောက် ခင်ဗျား လုပ်ပြီးတဲ့ အကောင်တွေကို သူတို့နေဖို့တွင်းတွေဆီကို ခေါ်သွားရောလား"

ရီး ။ ။ "သူတို့ သွားကြတာပါပဲဗျာ။ တိရစ္ဆာန်စိတ်ဓာတ် ဝင်လာတယ်ဆိုရင်ပဲ ကျုပ်က မောင်းထုတ်လိုက်တော့တယ်။ ဒီအခါ သူတို့လည်း တောထဲမှာ လှည့်ပတ် ကျက်စားကြတော့တာပဲ။ ကျုပ်ကိုရော၊ ဒီအိမ်ကိုရော သူတို့ အင်မတန် ကြောက်ကြတယ်ဗျ။ သူတို့နေတဲ့ အုပ်စုဟာ လူတို့ရဲ့ မျက်စိအမြင်မှာတော့ အင်မတန် ရယ်စရာ ကောင်းတာယ်။ ဒီအကြောင်းကို မောင်ဂိုမာရီလည်း သိတယ်။ အဲဒီ သူတို့အထဲက တစ်ယောက် နှစ်ယောက်ကို ကျုပ်တို့ ခိုင်းလို့ဖြစ်အောင် မောင်ဂိုမာရီက သင်ပေးခဲ့ဖူးတယ်။ ဒီလိုလုပ်ရတော့ သူ့စိတ်ကိုတော့ သူ မလုံဘူးပေါ့ဗျာ။ နို့ပေမယ့် တချို့အကောင်တွေကိုတော့ သဘောကျသင့်သလောက် ကျုပ်ရပါတယ်။ ဒီဟာက သူ့အလုပ်ပဲလေ။ ကျုပ်ကတော့ ဒါတွေကို စိတ်မဝင်စားပါဘူး။ လုံးလုံးလျားလျား မအောင်မြင်သေးတာကိုပဲ ကျုပ်စိတ်ထဲမှာ မခံချည့်မခံသာ ဖြစ်နေတယ်။ ပြီးတော့ သူတို့မှာ ကာနက သာသနာပြုဆရာတွေက သင်ပေးတယ် ထင်ရတဲ့ ဥပဒေသလို့ ခေါ်တဲ့ ပညတ်ချက်တွေ ရှိတယ်။ 'အားလုံး သူ့ပစ္စည်း' ဆိုတဲ့ စကားလုံးကို သံပြိုင်အော်ဝ[illegible]ကြတယ်။ သူတို့နေဖို့အိမ် မြေတွင်းကလေးတွေကို သူတို့ကိုယ်တိုင် ဆောက်ကြတယ်။ သစ်ခေါက်ခွာတယ်။ အချင်းချင်း ပေါင်းသင်းဆက်ဆံကြတာတောင် ရှိတယ်။ ဒါပေမယ့် ကျုပ်အနေနဲ့ ကြည့်ရင် သူတို့ အတွင်းစိတ်သဘောအရ တိရစ္ဆာန်တွေ သက်သက်ပါပဲဗျာ။ ဒေါသရှိတယ်။ မောဟရှိတယ်။ အာရုံခံစားလိုစိတ် ရှိတယ်။ အင်း ... ပြောစရာတစ်ခု ရှိတာက သူတို့ဟာ သက်ရှိ သတ္တဝါနဲ့မှ မတူဘဲ ပုံထစ်မျိုးဖြစ်နေတယ်။ ပြီးတော့ စိတ်လှုံ့ဆော်မှုတစ်မျိုးလည်း သူတို့မှာ ရှိတယ်။ အဲဒီစိတ်ရဲ့ တစ်ပိုင်းကတော့ ဝင့်ဝါလိုတဲ့ စိတ်ပဲ။ ကျန်တစ်ပိုင်းကတော့ လိင်စိတ် လှုပ်ရှားမှုပဲ။ ဒီအထဲမှာ သိချင်တတ်ချင်တဲ့ ထူးဆန်းတဲ့ စိတ်ကလေးတစ်ခုလည်း ရှိသေးတယ်။ ကျုပ်ကတော့ အခု ကျွာသစ်ကြီးကို အောင်မြင်အောင် လုပ်မယ်လို့ သူ့





ခေါင်းနဲ့ ဦးနှောက်ကို အင်မတန် ကြိုးကြိုးစားစားနဲ့ အနုစိတ်ပြုပြင်ပေးနေတယ်"

ဒေါက်တာမောရီးသည် ပြောပြောဆိုဆိုနှင့် နေရာမှ ထလိုက်ပြီးနောက် "ကိုင်း ... ဒါဖြင့် အခုကော ခင်ဗျား ကျုပ်ကို ကြောက်နေတုန်းပဲလား" ဟု မေးလိုက်လေသည်။

ကျွန်ုပ်သည် သူ့အား စေ့စေ့ကြည့်၍နေမိ၏။ ဖြူဖွေးသော မျက်နှာ၊ ဆွတ်ဆွတ်ဖြူသော ဆံပင်တို့နှင့် တည်ငြိမ်သော အကြည့်မျိုးရှိသည့် မျက်လုံးများကို တွေ့ရ၏။ ကိုယ်လုံးကိုယ်ဖန် တောင့်တင်း၍ အရပ်မြင့်သော လူတစ်ယောက်ဖြစ်ရာ သက်ကြီးပိုင်းအရွယ်၌ပင် လူခန့်လူချောကြီးတစ်ယောက်ဟုပြောရလောက်အောင် ဣန္ဒြေရ၍ ကြည်ညိုဖွယ် ကောင်းလှပေ၏။ ကျွန်ုပ်သည် နေရာမှထလျက် ခြောက်လုံးပြူး သေနတ်ကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ သူ့အား လှမ်း၍ ပေးလိုက်လေသည်။

"ယူသာထားပါဗျာ" ဟုပြောလျက် သူသည် တစ်ချက် သမ်းဝေလိုက်ပြီးနောက် မတ်တတ်ရပ်လျက် ရှိရာမှ ကျွန်ုပ်အား စိုက်၍ ကြည့်ကာ အတန်ငယ်ပြုံးလျက် –

"ကိုင်း ... ခင်ဗျားလည်း နှစ်ရက်လုံးလုံး ပြဿနာအမျိုးမျိုးနဲ့ တွေ့ခဲ့ရတယ်။ ကဲလေ ... အခုတော့ ရှင်းပါပြီ။ အေးအေးဆေးဆေး အိပ်ပေဦးတော့ဗျာ"

သူသည် ကျွန်ုပ်အား နှုတ်ဆက်ရင်း ခေတ္တမျှ စိုက်ကြည့်ပြီးနောက် အတွင်းတံခါးကလေးကို ဖွင့်၍ ဝင်သွားလေရာ ကျွန်ုပ်လည်း အပြင်မှ သော့ခတ်လိုက်၏။

ထိုနေရာတွင် တစ်ခဏမျှ ထိုင်နေပြီးနောက် ကျွန်ုပ်မှာ စိတ်ဝန်ကိုယ်ဝန်းဖြစ်ကာ ကိုယ်ကိုမျှ မလှုပ်ချင်၊ မသယ်ချင် ဖြစ်၍နေမိ၏။ သူ ပြောသမျှကိုလည်း တစ်စုံတစ်ရာ ဆက်လက် တွေးတောခြင်း မပြုနိုင်တော့ဘဲ မီးအိမ်ကိုအားယူ၍ မှုတ်လိုက်၏။ ထို့နောက် အိပ်စင်ပုခက်ပေါ်သို့ တက်ခဲ့ပြီးလျှင် မကြာမီခေါ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍ သွားလေတော့သတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## ၁၅
## မနုဿ တိရစ္ဆာန်များ

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်သည် အိပ်ရာမှ ခပ်စောစောပင် နိုးခဲ့ရာ ယမန်နေ့ညဦးက ဒေါက်တာ မောရိုး ရှင်းပြခဲ့သော အချက်အလက်များကို စိတ် ထဲတွင် ရှင်းလင်းပြတ်သားစွာ သတိရလျက် ရှိနေ၏။ ထို့နောက် ပုခက်ထဲ ဆင်းခဲ့ပြီးလျှင် အခန်းတံခါး၌ သော့ပိတ်လျက် ရှိမရှိကိုလည်းကောင်း၊ ပြတင်း ပေါက်မှ မင်းတိုးများ ချထားခဲ့သည်မှာ နေသားတကျ ရှိမရှိကိုလည်းကောင်း အလျှင်စလို စစ်ဆေးကြည့်ရှုမိသောအခါ အားလုံးပင် ခြေရာလက်ရာ မပျက် နေသည်ကို တွေ့ရလေသည်။ လူနှင့်တူသော ဤတိရစ္ဆာန်များမှာ ပုံပန်းသဏ္ဌာန် အလွန်ဆိုးဝါးပြီးလျှင် တိရစ္ဆာန်စိတ် မကုန်သေးသဖြင့် လူတို့အား အချိန်မရွေး ဒုက္ခပေးနိုင်သည့် အကြောင်းကို စိတ်ထဲတွင် တစိမ့်စိမ့် တွေး၍ ကြောက်ရွံ့ထိတ်လန့်ရ မိ၏။ ထိုအခိုက် အခန်းတံခါး ခေါက်သံကို ကြားရပြီးလျှင် တံခါးခေါက်သံနှင့် အတူ မောင်ဂိုမာရီ၏ တပည့် မီလန်၏ မပီမသ အသံကိုပါ ကြားလိုက်ရသဖြင့် ကျွန်ုပ်မှာ အိတ်ထဲတွင် ထည့်ထားသော ခြောက်လုံးပြူးသေနတ်ဆီသို့ပင် လက် ရောက်၍ သွားမိသေး၏။ ထို့နောက် ကျွန်ုပ်လည်း တံခါးကို ထ၍ ဖွင့်ပေးလိုက် လေသည်။

"မင်္ဂလာနံနက်ခင်းပါ သခင်" ဟု မီလန်သည် ကျွန်ုပ်အား နှုတ်ဆက် လျက် လက်ထဲတွင် စားသောက်ဖွယ်များ ထည့်ထားသော ဗန်းကို ကိုင်၍ ယူလာ





လေသည်။ ဗန်းထဲ၌ကား ယခင်က ပါနေကျ သစ်သီးသစ်ဥများအပြင် ယုန်တစ် ကောင်ကို မတတ်တတတ်ဖြင့် ချက်ထားသော ဟင်းပွဲတစ်ခုလည်း ပါလာလေ သည်။ ၎င်း၏နောက်မှ မောင်ဂိုမာရီလည်း ကပ်၍ လိုက်ပါလာရာ ကျွန်ုပ်၏ လက်အနေအထားကို မြင်လိုက်သောအခါ ရိပ်မိသည့်ဟန်ဖြင့် အတန်ငယ် ပြုံး လိုက်၏။

ထို့နေ့တွင် ဒေါက်တာမောရိုး၏ ကျားသစ်ကြီးမှာ အနာကျက်အောင် အနားယူရမည့်နေ့ ဖြစ်သော်လည်း ဒေါက်တာမောရိုးကား တစ်ကိုယ်တည်းသာ အနေများသောကြောင့် ကျွန်ုပ်တို့နှင့်အတူ နံနက်စာ လာ၍မစားချေ။ ကျွန်ုပ်မှာ စိတ်ထဲတွင် မရှင်းလင်းသေးသော အချက်များကို သိလိုသဖြင့် မောင်ဂိုမာရီအား စကားပြောရန် လူတိရစ္ဆာန်တို့ နေပုံထိုင်ပုံ အကြောင်းကို စူးစမ်းကြည့်မိလေသည်။ ဤသတ္တဝါများသည် အဘယ်ကြောင့် ဒေါက်တာမောရိုးနှင့် မောင်ဂိုမာရီတို့အား ပြန်၍ ဒုက္ခမပေးဘဲ အချင်းချင်းလည်း ရန်မပြုဘဲ နေသည့်အကြောင်းကို မေး မြန်းကြည့်မိ၏။

မောင်ဂိုမာရီကံ ထိုလူတိရစ္ဆာန်များတွင် အသိဉာဏ်ဟူ၍ ဖွံ့ဖွံ့ဖြိုးဖြိုး မရှိသောကြောင့်သာ သူတို့အား ရန်မပြုနိုင်ခြင်းဖြစ်ကြောင်း၊ အသိဉာဏ် ရှိတန် သရွေ့ရှိအောင် တမင်ပြုပြင်ထားသော်လည်း ပင်ကိုတိရစ္ဆာန် သဘာဝက နိုးကြား လာမည့် သဘောလက္ခဏာများ အစဉ်ရှိနေသည့်ပြင် ၎င်းတို့ ရိုးတွင်းချဉ်ဆီများ အထိ မြုပ်၍နေအောင် ဒေါက်တာမောရိုးက သွတ်သွင်းထားသော အတွေး အခေါ်များမှာ စွဲမြဲနေသောကြောင့် ထို့ထက် ကျော်လွန်၍ မဆင်ခြင်နိုင်ဘဲ ရှိနေ ကြောင်း၊ အမှန်သော် ထိုသတ္တဝါများမှာ တစ်နည်းအားဖြင့် အိပ်မွေ့ချ၍ ညှို့ထား ခြင်းခံရလျက် ဤအရာကို လုပ်ထိုက်သည်။ ထိုအရာကို မလုပ်ထိုက်ဟူ၍ ဦး ခေါင်းထဲသို့ စွဲမြဲစွာ သွတ်သွင်းထားခြင်း ခံရပြီးနောက် သူတို့တွင် မနာခံခြင်း ရန်တုံ့မလိုခြင်း၊ သံသယဝင်ခြင်းများ အများအပြား မရှိနိုင်ကြောင်းဖြင့် ရှင်းလင်း ပြောပြလေသည်။

ဤတွင် ဒေါက်တာမောရိုး ချမှတ်ပေးထားသော ဥပဒေသဟူသည့် အချက်များကို ရွတ်ဆိုရင်း တိရစ္ဆာန်သဘာဝကလည်း ဇွဲဆော်ပေးနေပြန်သဖြင့် ၎င်းတို့၏ စိတ်မှာ တည်ငြိမ်မှု မရှိဘဲ လှုပ်ရှားလျက်သာ ရှိနေ၏။ ဤဥပဒေသ များကို ထပ်တလဲလဲ ရွတ်ဆိုနေသည့်နှင့်အမျှ ယင်းတို့အား ချိုးဖောက်သည့် အကျင့်ဆိုးများကလည်း အမြဲကပ်ပါလျက် ရှိနေ၏။ ထိုသတ္တဝါများအား သွေး ကို အရသာမခံမိစေရန် ကြပ်ကြပ်မတ်မတ် ပညတ်ချက်များ ထုတ်ထားခဲ့၏။ အကယ်၍ သွေးကို အရသာ ခံမိခဲ့လျှင် အရည်သဖြင့် ၎င်းတို့အား မည်ကဲ့သို့ တွဲပေးနိုင်ကြောင်း ဒေါက်တာမောရိုးတို့က ကောင်းစွာ သိရှိပြီး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီ၏ ပြောပြချက်အရ ကြောင်ကြီးမျိုးများ အနွယ်ဖြစ်သော လူတိရစ္ဆာန်များ၌ ညဥ့်အမှောင်ဖုံးစ အချိန်ရောက်သည်နှင့်တစ်ပြိုင်နက် ဥပဒေသကို ချိုးဖျက်ရန် စိတ်ခေတ်များ ပိုမိုများပြားလာတတ်ကြောင်း၊ ထိုအချိန်မျိုး၌ သူတို့၏ ကိုယ်ကာယအင်အားများမှာလည်း ပို၍သန်မာတောင့်တင်းလာကြပြီးလျှင် လှုပ်လှုပ်ရှားရှားနှင့် စွန့်စားလိုသော စိတ်များလည်း ပေါ်ပေါက်လာတတ်ကြောင်း၊ ထိုအချိန်မျိုးတွင် နေ့အခါက ၎င်းတို့မော်၍မှပင် မကြည့်ဝံ့ခဲ့သော သတ္တဝါများကိုပင် မော်ကြည့်ရဲလျက် ရန်တစောင်စောင်၊ မာန်တခင့်ခင့် ဖြစ်လာတတ်ကြကြောင်း သိရှိရလေသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် ကျွန်းပေါ်သို့ ရောက်ရှိသည့် ညဥ့်က ကျားသစ်ကို ပြုပြင်ထားသည့် 'တိရစ္ဆာန်လူ'၏ ဘေးမှ သီသီကလေးမျှ လွတ်မြောက်လာခဲ့ရသည် မဟုတ်ပါလော။ လက်ကိုင်ပဝါဖြင့် ထုပ်ထားသော ကျောက်ခဲလုံးဖြင့် ကျွန်ုပ်က လက်ဦးလိုက်သောကြောင့်သာ သူ၏ အစာမဖြစ်ခဲ့ရခြင်းဖြစ်၏။ မည်သို့ပင် ဖြစ်စေ ကျွန်းပေါ်သို့ ကျွန်ုပ် ရောက်ရှိစအချိန်က 'တိရစ္ဆာန်လူ'များသည် ညဥ့်အခါ၌သာ ဥပဒေကို ဖောက်ဖျက်ကြသူများ ရှိခဲ့၏။ နေ့အခါတွင် စည်းကမ်းကလနား သတ်မှတ်ပေးထားသည့်အတိုင်း ကောင်းမွန်သေဝပ်စွာ နေထိုင်ကြသည်ကို တွေ့ရလေသည်။

ဤနေရာတွင် ကျွန်ုပ်သည် ကျွန်းကလေး၏ အကြောင်းကိုလည်းကောင်း၊ 'တိရစ္ဆာန်'တို့နှင့် စပ်လျဉ်းသည် အကြောင်းများကိုလည်းကောင်း ယေဘုယျအချက်များကို ဖြည့်စွက်ပြောဆိုရန် ကျန်သေး၏။ ကျွန်းကလေးမှာ ညီညီညာညာ မဟုတ်ဘဲ ပင်လယ်ထဲတွင် ဧရိယာအားဖြင့် စတုရန်း ၇ မိုင်၊ ၈ မိုင်ခန့်သာ ကျယ်ဝန်းသည်ဟု ခန့်မှန်းရပေ၏။ မီးတောင်ပေါက်ကွဲရာမှ ကုန်းမြေပေါ်လာသော ကျွန်းကလေးမျိုးဖြစ်လေရာ ကျွန်း၏ ပတ်လည်သုံးဘက်သုံးတန်၌ သန္တာကျောက်တန်းများ ဝိုင်းရံလျက်ရှိနေလေသည်။ ကျွန်းကလေးတွင် တစ်ခါတစ်ရံ တသိမ့်သိမ့် မသိမသာလှုပ်သော ငလျင်အရှိန်ကို ခံစားရတတ်၏။ တစ်ခါတစ်ရံ ကျွန်းပေါ်မှ မီးခိုးတန်းများအူ၍ ထွက်လာပြီးလျှင် ရေပူများပန်း၍ ထွက်လာတတ်၏။ ဤမျှသာလျှင် ကျွန်းကလေးဖြစ်ပေါ်လာသော သဘာဝ၏ အငွေ့အသက်များကို ယခုအခါ တွေ့ရတော့၏။ ကျွန်းပေါ်ရှိ လူဦးရေမှာ ဒေါက်တာမောရိုး၏ အတတ်ပညာဖြင့် လူကဲ့သို့ဖြစ်အောင် ပြုပြင်လုပ်ကိုင်ထားသည့် 'တိရစ္ဆာန်လူ' ပေါင်း ၆၀ ခန့်ရှိသည်ဟု သိရ၏။ ဤအထဲတွင် လူ၏ ပုံပန်းသဏ္ဌာန်နှင့် မတူဘဲ စကောစက ပုံအမျိုးမျိုးဖြစ်နေသော တောအုပ်ထဲတွင် နေသည့် တိရစ္ဆာန်ငယ်ကလေးများ မပါသေးချေ။

ဒေါက်တာ မောရိုးသည် တိရစ္ဆာန်ကောင်ရေ စုစုပေါင်း ၁၂၀ နီးပါးခန့် ခွဲစိတ်ပြုပြင်လုပ်ကိုင်ပေးခဲ့ပြီးဖြစ်၏။ အချို့လည်း ခွဲစိတ်ရာတွင် သေဆုံးသွားကြ





၏။ မြွေကို ပြုပြင်ထားသည့် ခြေထောက်မပါသော လူသတ္တဝါကြီးမျိုးမှာ ထိန်းသိမ်း၍ မရဘဲ ကြောက်မက်ဖွယ်ကောင်းသော ကြမ်းဆိုးနှင့် သေဆုံးသွားကြရ၏။ ကျွန်ုပ်က မေးသောကြောင့် မောင်ဂိုမာရီက ပြောပြရာတွင် 'တိရစ္ဆာန်လူ' များသည် အိမ်ထောင်ခြင်း၊ သားမွေးခြင်း အလုပ်များကိုပင် ပြုကြ၏။ သို့သော် ၎င်းတို့က ပေါက်ဖွားသော ကလေးများမှာ ထွန်းကားကြီးပြင်းလာသည်ဟူ၍ မရှိဟုဆိုလေသည်။ ထိုမျှသာမက ကလေးများတွင် လူ့အကျင့်၊ လူ့စာဂမျိုး ပါလာသည်ကို မတွေ့ရဟု ဆိုလေသည်။ အကယ်၍ မသေမပျောက် အသက်ရှင်လျက်ရှိခဲ့သော် ထိုကလေးများကို ဒေါက်တာမောရိုးက စမ်းသပ်ခွဲစိတ် ပြုပြင်ပေးပြန်၏။ ထိုအထဲတွင် အမဦးရေမှာ အထီးဦးရေလောက် မများပေ။ ထို့ပြင် ဥပဒေသအရ တစ်လင်မယားစနစ်မျိုးကို လိုက်နာရမည်ဟု ဆိုထားသော်လည်း အမများသည် ဥပဒေသကို ဖောက်ဖျက်ကာ ထိုစည်းကမ်းကို ထိန်းသိမ်းနိုင်ခြင်း မရှိကြောင်း တွေ့ရလေသည်။

ကျွန်ုပ်မှာ ထိုသတ္တဝါမျိုးများကို အသေးစိတ်အားဖြင့် မြင်နိုင်ရန် မစွမ်းသောကြောင့် ၎င်းတို့အကြောင်းကို စေ့စုံစွာ ပြော၍မပြတတ်ပေ။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ပုံဆွဲခြင်းအတတ်ကို မတတ်သဖြင့် ၎င်းတို့၏ပုံကို ဆွဲယူကာ မှတ်တမ်းတင်ထားခဲ့ခြင်း မရှိပေ။ ၎င်းတို့၌ အထင်ရှားဆုံးနှင့် သိသာလွယ်ဆုံးအချက်မှာ ကိုယ်လုံးနှင့် ခြေတံများ မမျှမတ အချိုးအစားမကျဘဲ ခြေတံက တို၍နေခြင်း ဖြစ်လေသည်။ ၎င်းတို့အား မြင်ရဖန်များသောအခါ ကျွန်ုပ်မှာ မိမိကိုယ်တိုင် ပေါင်တံရှည်လွန်းလှသည်ဟု ထင်မိလာတော့၏။ နောက်ထပ် ထင်ရှားသော အချက်တစ်ချက်လည်း ရှိသေး၏။ ၎င်းမှာ ကိုယ်ကာယထက် ဦးခေါင်းက ရှေ့သို့ရောက်နေခြင်းဖြစ်၏။ ကျောရိုးမှာလည်း မတ်တတ်ရပ်နေသည့်တိုင် လူတို့ကဲ့သို့ စန့်စန့်ရန့်ရန့် မနေဘဲ လူနှင့်မတူအောင် ခပ်ကွေးကွေး ခပ်ကိုင်းကိုင်း ဖြစ်၍နေ၏။ ၎င်းတို့၌ လူတို့တွင်ရှိသည့် ကိုယ်ဟန်သွယ်လှ၍ ကြည့်ရှုတင့်တယ်စေသော ကိုယ်လုံး ဝန်းဝိုင်းမှုမျိုးလည်း မရှိသည့်ပြင်၊ ပခုံးမှာ လျော၍ ရှေ့သို့ ခွက်နေသေး၏။ လက်မောင်းမှာ တိုတုတ်၍ အားရှိပုံမရဘဲ လက်လွှဲတိုင်းနံဘေးတွင် ချိနဲ့စွာ လှုပ်လှုပ်ကာ ရမ်းလျက်ရှိနေလေသည်။ ထို့ပြင်လည်း ၎င်းတို့တွင် အနည်းငယ်မျှသာ သိသာထင်ရှားစေသည့် အမွေးအမှင်များ ရှိနေသည်ကို တွေ့ရလေသည်။

ထို 'တိရစ္ဆာန်လူ' အားလုံးလိုလိုပင် အထင်ရှားဆုံး ချွတ်ယွင်းနေသည့် အစိတ်အပိုင်းမှာ မျက်နှာပိုင်းဖြစ်၏။ မေးမှာ ရှေ့သို့ ငေါထွက်လျက်ရှိသော်ကြသည့်ပြင် နားရွက်များမှာလည်း ပုံပန်းမကျဘဲရှိနေ၏။ နှာခေါင်းမှာ ကြီးမား၍ ယောင်းယောင်း ရှိနေပြီးလျှင် ချွန်ထွက်လျက်ရှိနေ၏။ မျက်နှာပေါ်တွင် အလွန်



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သော အမွေးအမှင်များပေါက်လျက် အချို့မှာ ထိုးထိုးထောင်ထောင် ရှိနေ၏။ မျက်လုံးများမှာလည်း သူတို့မြင်နေကျ မဟုတ်သောနေရာမျိုး၌ တွေ့ ရတတ်၏။ အရောင်အဆင်းသော်လည်း တစ်မျိုးတစ်မည် ရှိနေတတ်၏။ အထက်ဖော်ပြပါ အချက်အလက်များမှာ သတ္တဝါတိုင်းလိုလို၌ပင် တူညီကြသော်လည်း ဦးခေါင်း ပုံစံ၌မူ တစ်မျိုးနှင့်တစ်မျိုး မတူကြချေ။ လူကဲ့သို့ ပုံသဏ္ဌာန်ဖြစ်အောင် ပြုပြင် ထားသော်လည်း ၎င်းတို့ဆိုင်ရာ တိရစ္ဆာန်ဘာဝ မျိုးရိုးကိုလိုက်၍ ကျားသစ် ဖြစ်လျှင် ကျားသစ်နှင့်လည်းကောင်း၊ နွားဖြစ်လျှင် နွားနှင့်လည်းကောင်း၊ ဝက်ဖြစ် လျှင် ဝက်နှင့်လည်းကောင်း မူလပုံသဏ္ဌာန်များ လုံးဝပျောက်ကွယ်သွားသည် မဟုတ်ဘဲ ထင်ရှားသိသာအောင် ပေါ်လွင်၍ နေတတ်ချေသည်။ မျောက်ကို ပြုလုပ်ထားသည့် 'မျောက်လူ'မှာ မပီကလာ ပီကလာ ပြောကာ တခွီးခွီးချုပ်တီး ရယ်မောတတ်၏။ အသံများမှာလည်း တစ်မျိုးနှင့်တစ်မျိုး ကွဲပြားခြားနားလေ သည်။ လက်များမှာ အစဉ်သဖြင့် ပုံပျက်၍ နေရာမှ အချို့လည်း အံ့သြဖွယ် ကောင်းလောက်အောင် လူ၏ လက်ချောင်းလက်ဝါးများနှင့် နီးစပ်လှသည်ကို တွေ့ရ၏။ သို့သော် လက်ချောင်း ၁၀ ချောင်း ပြည့်အောင် ချိုး၍ ရေတွက်စရာ မရှိကြပေ။ လက်သည်းများမှာလည်း အလွန် အကြည့်ရဆိုး၍ လက်ဝါးလက် ချောင်းများတွင် လူများကဲ့သို့ ထိတွေ့ခြင်း အာရုံခံစားမှု မရှိချေ။

၎င်းတို့အနက် ကြောက်စရာအကောင်းဆုံးသတ္တဝါ နှစ်ကောင်မှာ ကျား သစ်ကို ပြုပြင်ထားသော လူနှင့် ခွေးမနှင့် ဝက်မတို့ကို ပေါင်းစပ်ပြုပြင်ထားသည့် လူဖြစ်လေသည်။ အကောင်အထည် ကြီးမားသူများမှာကား နွားကို ပြုပြင်ထား သော လူများဖြစ်၍ ကျွန်းသို့ ကျွန်ုပ်ရောက်ရှိလာသောနေ့က သင်္ဘောပေါ်မှ ပစ္စည်းများကိုအောက်သို့ သယ်ချပေးနေသူများ ဖြစ်လေသည်။ သူတို့ကလွဲလျှင် ဥပဒေသကို ရွတ်ဆိုသော ငွေရောင်ဆံပင်ရှိသူ၊ ထို့ပြင် လူဝံနှင့် ဆိတ်ကို ပြုပြင် ထားသည့် အခြားသူတစ်ဦးနှင့် မောင်ဂိုမာရီ၏ တပည့်ကျော် 'မီလန်'တို့ ဖြစ်လေ သည်။ ဝက်ကို ပြုပြင်ထားသော ဖိုသတ္တဝါသုံးဦးနှင့် မသတ္တဝါတစ်ဦးတို့လည်း ရှိသေး၏။ မသတ္တဝါများထဲတွင် မြင်းနှင့် ကြံ့တို့ကို ပေါင်းစပ်ပေးထားသူတစ်ဦး နှင့် အခြားအမျိုးအမည် ခွဲခြား၍ မရနိုင်သော မယဉ်္ဇာဝါများလည်း အတော်များ များ ရှိလေသည်။

ဝံပုလွေကို ပြုပြင်ထားသည့် လူများကိုကား အတော်များများ တွေ့ ၏။ ဝက်ဝံနှင့် နွားရိုင်းကို ပေါင်းစပ်ထားသည့် လူတစ်ဦးနှင့် စိန့်ဘားနပ် ခွေးမျိုး ပြုပြင်ပေးထားသည့် လူတစ်ဦးတို့လည်း ရှိနေသေး၏။ မျောက်ဂံကို ပြုပြင် ထားသည့် လူအကြောင်းကိုကား ကျွန်ုပ် ဖော်ပြခဲ့လေပြီ။ ကျွန်ုပ်မှာ ၎င်းအား တွေ့စကတည်းကပင် မုန်းတီးရွံရှာမိ၏။ ကိုယ်အနံ့အသက်လည်း ဆိုးဝါးသော





မြေခွေးမနှင့် ဝက်ဝံမတို့ကို ပေါင်းစပ်ပေးထားသော မိန်းမတစ်ဦးလည်း ရှိသေး၏။ ထိုမိန်းမမှာ ဥပဒေကို ရှိသေရမည့် သူများထဲတွင် အလိုရမ္မက်အကြီးဆုံးတစ် ယောက်ဖြစ်ကြောင်း သိရှိရလေသည်။ သူတို့အပြင် သေးငယ်သော သတ္တဝါများ လည်း အများအပြား ရှိသေး၏။ သို့သော် ၎င်းတို့မှာ အရွယ်မရောက်သေးသော သူများနှင့် ကျွန်ုပ်၏ မျောက်ပျင်းကဲ့သို့သော သူများဖြစ်ကြလေသည်။ ဤသို့ဖြင့် ရှုပ်ထွေးမသွားစေရန် ၎င်းတို့၏ စာရင်းကို တင်ပြခြင်းဖြစ်သည်။

ဤသတ္တဝါ အမျိုးမျိုးတို့ကို ကျွန်ုပ် တွေ့မြင်စက အတော်ပင် ကြောက် ရွံ့တုန်လှုပ်မိ၏။ ၎င်းတို့မှာ တိရစ္ဆာန်ရိုင်းသက်သက်သာ ဖြစ်ကြသည်ဟု သဘောပိုက်မိ၏။ သို့သော် အချိန်ကာလ အတန်ကြာသောအခါ မောင်ဂိုမာရီ သဘောထားသည့်အတိုင်း ၎င်းတို့ကို သာမန်လူများနှင့် မခြား သဘောထား တတ်လေသည်။ မောင်ဂိုမာရီမှာ တိရစ္ဆာန်လူများနှင့် အနေကြာခဲ့ပြီဖြစ်သဖြင့် လန်ဒန်မြို့တွင် သူနေထိုင်ခဲ့သည့် အချိန်များကိုကား နောက်တစ်ကြိမ် ပြန် သည်ရောက်ရှိနိုင်တော့မည် မဟုတ်ဟု ယူဆထားဟန်တူ၏။ သူသည် တစ်နှစ် လျှင် တစ်ကြိမ်ကျ အာဖရိကတိုက်သို့ သွားရောက်ပြီးလျှင် ဒေါက်တာ မောရိုး၏ ကိုယ်စားလှယ်ဖြစ်သော တိရစ္ဆာန်စားပွဲတစ်ဦးထံတွင် လိုသမျှ အကောင် အလှောင်များကို ဝယ်ယူရလေသည်။ အာဖရိကတိုက်ရှိ ထိုဒေသမှာလည်း ပြင်ပ လောကနှင့် အဆက်အသွယ်ရှိသည်ဆိုစေကာမူ ထိုသူများမှာ စပိန်ကပြားများ ဖြစ်ကြ၍ ပင်လယ်ကမ်းခြေရှိ ပင်လယ်ခရီးသွား လူမျိုးများဖြစ်ကြလေရာ၊ လူယဉ် ကျေး၊ လူရည်မွန်တို့နှင့် ဆက်ဆံရသည်ဟု မဆိုနိုင်ပေ။ သင်္ဘောစီး၍ ခရီးသွား သောအခါများ၌ သင်္ဘောသားများသည် သူ၏ မျက်စိတွင် တစ်မျိုးတစ်မည် ထူးဆန်းနေသကဲ့သို့ ထင်မိ၏။ 'တိရစ္ဆာန်လူ'များကို ကျွန်ုပ်တွေ့စက ထူးဆန်း သည် ထင်မိသကဲ့သို့ပင် သူ၏စိတ်၌ သင်္ဘောသားများသည် ထူးဆန်း၍နေ၏။ ထိုသင်္ဘောသားများမှာ ခြေတံရှည်လွန်းသည်ဟူ၍လည်းကောင်း၊ မျက်နှာပြား လွန်းသည်ဟူ၍လည်းကောင်း သက်ာမကောင်းဖွယ် ဖြစ်သည်ဟူ၍လည်းကောင်း၊ အစက်စက် နိုင်လွန်းလှသည်ဟူ၍လည်းကောင်း ထင်မိကြောင်းဖြင့် ကျွန်ုပ်အား ပြောပြ၏။ အမှန်အားဖြင့်သော် မောင်ဂိုမာရီသည် လူသားစင်စစ်များကို နှစ်သက် ခင်ခြင်း မရှိလှတော့ပေ။ ကျွန်ုပ်ကိုပင် သူကိုယ်တိုင် အသက်ကို ကယ်ဆယ် ခဲ့ဖူးသော သူတစ်ယောက်ဖြစ်၍သာ စေတနာထားခြင်း ဖြစ်လေသည်။

ကျွန်းပေါ်တွင် ပထမဦးစွာ နီးနီးစပ်စပ် ကျွန်ုပ် တွေ့ကြုံဆက်ဆံရသည့် မီလန်'ဆိုသူ မျက်နှာမည်းမည်းနှင့် တိရစ္ဆာန်လူမှာ ကျွန်းပေါ်ရှိ ရွာကလေး နေဘဲ ဒေါက်တာ မောရိုးအိမ်ဝင်းအတွင်းတွင် သီးခြားအိမ်ငယ်ကလေးတစ်လုံး ၌ နေထိုင်လေသည်။ မီလန်သည် မျောက်ဝံမှ ပြုပြင်ထားသော မျောက်လူများ



www.burmeseclassic.com

www.burmeseclassic.com



ထက်ပို၍ အသိဉာဏ် ထက်မြက်သည်ဟု မဆိုနိုင်သော်လည်း လူနှင့်နီးကပ်ယှဉ် ပါးစွာ ရှိနေသဖြင့် လူ့ဝတ္တရားများကို အသေးအဖွဲမှစ၍ ဆောင်ရွက်ပေးနိုင်ရန် မောင်ဂိုမာရီက သင်ကြားပြသထားလေသည်။ အစားအသောက်များကိုလည်း မီလန်ကပင် ပြင်ဆင်ရပေ၏။

မီလန်မှာ ဒေါက်တာမောရိုး၏ လက်ရာပြောင်မြောက်စွာဖြင့် ပြုပြင် ထားသော သတ္တဝါတစ်ကောင်ဖြစ်၍ သူ၏ကိုယ်မှာ ဝက်ဝံတစ်ကောင် ကိုယ် ခွေးတစ်ကောင့်ကိုယ်၊ နွားတစ်ကောင်တို့၏ အင်္ဂါအစိတ်အပိုင်းများ စသည်ဖြင့် ရောစပ်ကာ ပြုပြင်ပေးထားသော ကိုယ်ဖြစ်၏။ မီလန်သည် မောင်ဂိုမာရီအား သိမ်မွေ့ပြေပြစ်သော အမူအရာများဖြင့် အလုပ်ဝတ္တရားများကို ဆောင်ရွက်ပေး တတ်၏။ မောင်ဂိုမာရီကလည်း ၎င်းအား နောက်ပြောင်ကျီဆယ်သည့်ဟန်ဖြင့် တစ်ခါတစ်ရံ အမျိုးမျိုး မထိတထိ စတတ်၏။ ဤသို့လျှင် မောင်ဂိုမာရီသည် ၎င်းအား ခဲလုံးငယ်ကလေးဖြင့် ပစ်ခတ်တတ်၏။ နာမည်ပေါင်း အမျိုးမျိုးဖြင့် လည်း ခေါ်ဝေါ်တတ်၏။ အရက်မူးလာသည့်အခါများ၌မူ သူသည် မီလန်အား ကန်ကျောက်ထိုးကြိတ်ခြင်းကိုပင် ပြုတတ်၏။ သို့သော် မီလန်မှာ မောင်ဂိုမာရီ အနီး၌ နေရခြင်းကိုပင် အထူးကျေနပ် နှစ်သိမ့်၍ သခင်အနီးမှ မခွာတတ်သော ခွေးလိမ္မာတစ်ကောင်ကဲ့သို့ ကျိုးနွံရှိသေလေသည်။

ကျွန်ုပ်သည် ယခင်က မမြင်ဖူးခဲ့သော ပုံသဏ္ဌာန်အမျိုးမျိုး ရှိသည့် သတ္တဝါများကို ကျွန်းပေါ်၌ ပထမမြင်ရစဉ်က မျက်စိထဲတွင် ထူးဆန်း၍နေသဖြင့် ရွံရှာမုန်းတီးခဲ့သော်လည်း မကြာမီပင် အဆန်း မဟုတ်တော့သကဲ့သို့ ရိုး၍သွား တော့၏။ ကျွန်ုပ် စိတ်ထင်အရဆိုသော် သက်ရှိသတ္တဝါ အားလုံးတို့သည် မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင်၊ အခြေအနေ၊ အရောင်အသွေးတို့ဖြင့် ပေါင်းစပ်ကာ အသက်ရှင်၍ သန်မာဖွံ့ဖြိုးနေကြရပေရာ မောင်ဂိုမာရီနှင့် ဒေါက်တာမောရိုးတို့ကို ပင် ကျွန်ုပ်၏ မျက်စိထဲ၌ ပုံပန်းကျနသော လူသတ္တဝါများအဖြစ် ကြည့်၍ နေ သကဲ့သို့ ဖြစ်လာမိ၏။ နွားကို ပြုပြင်ထားသည့် လူတစ်ဦးအား ကျွန်းစပ်တွင် လှေကို ကြိုးဖြင့် ရုန်းကာ တအိအိ ဆွဲနေသည်ကို မြင်ရခြင်းအားဖြင့် ၎င်းမှာ အလုပ်ရုံမှ အလုပ်ပြီး၍ ပင်ပင်ပမ်းပမ်း တစ်လှမ်းချင်း လှမ်းကာ ပြန်၍လာသော အလုပ်သမားတစ်ဦး၏ ဟန်ပန်နှင့် များစွာကွဲပြား ခြားနားသည်ဟု စိတ်ထဲတွင် မတွေးမိတော့ပေ။ တစ်ခါတစ်ရံတွင် မြေခွေးမနှင့် ဝက်ဝံမကို ပေါင်းစပ်ပြုပြင်ထား သည့် တိရစ္ဆာန်မိန်းမတစ်ဦး၏ အပြောင်းအလဲ များတဲ့တတ်သော မျက်နှာနှင့် လူ ကဲ့သို့ မျက်စိစွေစောင်း ကြည့်တတ်သော ပုံသဏ္ဌာန်ကို တွေ့မြင်ရသောအခါ မြို့ကြီးပြကြီးများ၏ လမ်းကြိုလမ်းကြား အချို့နေရာများတွင် ညှိသည်များ အား စောင့်မျှော်၍နေသော မိန်းမများကို တွေ့ခဲ့ဖူးသဖြင့် ၎င်းတို့အား ကျွန်ုပ်





၏စိတ်တွင် နှိုင်းယှဉ်၍ ကြည့်မိ၏။

သို့သော် သတ္တဝါကောင်များအား လူသားစင်စစ်များဖြစ်သည်ဟု စိတ် ထဲတွင် ထင်၍လာရန်ကား မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် တိရစ္ဆာန်သဘာဝများကို မကြာခဏ ကွင်းခံ့နဲ့ ကွက်ခနဲ မြင်ရတတ်သောကြောင့် ဖြစ်လေသည်။ တစ်ခါတစ်ရံတွင် ပုံသဏ္ဌာန် ဆိုးဝါးလှသော ခါးကုန်းကုန်းနှင့် သတ္တဝါတစ်ကောင်သည် မြေတွင်းထဲ၌ ဆောင့်ကြောင့်ထိုင်ပြီးလျှင် သန်းဖေလိုက် သောအခါ ဓားသွားသကဲ့သို့ ထက်၍နေသော ၎င်း၏အစွယ်များသည် ဖွေးခနဲ၊ လက်ခနဲ ဖြစ်၍သွားတတ်၏။ သို့မဟုတ် တစ်ခါတစ်ရံ ကြပ်တည်းကျဉ်းမြောင်း သော လမ်းမြောင်လမ်းကြားကလေးတစ်ခုထဲတွင် တစ်ကိုယ်လုံး ခပ်ဖွေးဖွေး ခပ်ဖြူဖြူရှိနေသော နွဲ့နှောင်းပျော့ပျောင်းဟန်ရှိသည့် သတ္တဝါတစ်ကောင်ကို တွေ့ ရသောအခါ ၎င်းမှာ ရှေ့သို့ ကြည့်ရှုခြင်းမရှိဘဲ မျက်လွှာချထားသည်ကို တွေ့ရ တတ်၏။ ၎င်းသည် ကိုယ်၌ ဝိုက်၍ထားသော အဝတ်ကို ကောက်ကွေး ချွန် ထက်သော လက်သည်းများဖြင့် သိမ်းဆည်းထားလိုက်ပုံမှာ အချိုးအစားပင် မကျသော်လည်း လူသားမိန်းမတို့၏ အပြင်ဘမ်းအလှနှင့် ဝတ်စားဆင်ယင်မှုကို ဝရုတစိုက် ထားတတ်သည့် သဘာဝကို ပေါ်လွင်စေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## ၁၆

## သွေး၏အရသာကို သိသွားခြင်း

ကျွန်ုပ်သည် ဝတ္ထုရေးဆရာ မဟုတ်သဖြင့် မိမိပြောပြလိုသည့် အချက်များမှာ ဇာတ်လမ်း၏ အပြင်သို့ အတန်ငယ် ချော်ထွက်သွားသည်ဟု ထင်မိ၏။ ထိုဇာတ်လမ်းကို ကျွန်ုပ် ယခုပြန်၍ ကောက်ပါမည်။ တစ်နေ့တွင် ကျွန်ုပ်နှင့် မောင်ဂိုမာရီတို့သည် နံနက်စာ စားပြီးကြသောအခါ မောင်ဂိုမာရီက ကျွန်ုပ်အား ကျွန်း၏ အလယ်ကိုဖြတ်လျက် အခြားတစ်ဘက်ရှိ ရေပူစမ်းတစ်ခုရှိရာသို့ ခေါ်သွားလေ၏။ ထိုရေပူစမ်းကလေးမှာ ယမန်နေ့က မောင်ဂိုမာရီတို့လူစုက ကျွန်ုပ်အား လိုက်၍ခေါ်စဉ် ပြေးမိပြေးရာ ပြေးရင်းက ကျွန်ုပ်လဲကျသွားခဲ့သော ရေပူစမ်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ နှစ်ယောက်စလုံး၌ပင် ယမ်းတောင့်အပြည့် ထိုးထားသည့် ခြောက်လုံးပြူးများ ကိုယ်စီပါရှိ၍ ကြာပွတ်များလည်း ပါလာလေသည်။ သစ်ပင်များ ထူထပ်သော လမ်းကြောင်းကလေးတစ်ခုကိုပတ်၍ သွားကြစဉ် ယုန်ကလေးတစ်ကောင်၏ စူးရှစွာ ဖျစ်ညှစ်အော်လိုက်သော အသံတစ်သံကို ကြားလိုက်ရ၏။ ပထမ၌ အသံမှာ မကျယ်လှသဖြင့် ကျွန်ုပ်တို့သည် ခေတ္တရပ်၍ နားထောင်လျက်ရှိရာ နောက်ထပ် မည်သည့်အသံမျှ ဆက်လက်မကြားရတော့သဖြင့် ကျွန်ုပ်တို့သည် လာလမ်းအတိုင်း ထိုအကြောင်းကို ဂရုမစိုက်တော့ဘဲ ဆက်လက် သွား





ကြလေသည်။ မောင်ဂိုမာရီက ကျွန်ုပ်အား နောက်ပိုင်း ခြေတံရှည်လှသော ဖန်နုရောင်အဆင်းရှိသည့် အကောင်ကလေးများအား ချုံတောများထဲတွင် ခုန်ပေါက်ပြေးလွှားနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်းနှင့် ကြိုတင်ပြောပြတော့၏။ ထိုသတ္တဝါကလေးများမှာ အခြားမဟုတ် 'တိရစ္ဆာန်လူ' များမှ ပေါက်ပွားသော သတ္တဝါကလေးများဖြစ်၍ ဒေါက်တာ မောရိုး၏ လက်ချက်ဖြင့် ပြုပြင်ဖန်တီးပေးထားခြင်း ဖြစ်ကြောင်း ပြောပြ၏။ ထိုအကောင်ငယ်ကလေးများ ဟင်းမျိုးအလိုရှိသောအခါတွင် ထွက်ပြေးရင်း တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်မျှသာ တွေ့မြင်ခဲ့ဖူးလေသည်။

ထိုအကောင် ကလေးတစ်ကောင်ကို ကျွန်ုပ်တို့ လမ်းလျှောက်သွားစဉ် တစ်နေရာမှ တစ်နေရာသို့ ခုန်၍အကူး၌ သစ်ပင်ကြီးတစ်ပင် ခြေရင်းသစ်မြစ်တွင်းကြီး တစ်ခုတည်းသို့ကျသွားရာ ရုတ်တရက် အပေါ်သို့ ပြန်မတက်နိုင်ဘဲရှိနေသည်ကို အခန့်သင့်ပင် တွေ့ရသဖြင့် ဖမ်းယူကြည့်ရှုနိုင်ခဲ့လေသည်။ ထိုသတ္တဝါကလေးသည် ကြောင်ကလေးတစ်ကောင်ကဲ့သို့ နောက်ခြေဖြင့် လက်ထဲတွင် ရုန်းကန်ကုတ်ခြစ်ရင်း ကျွန်ုပ်တို့ လက်ကိုကိုက်ခဲရန် ကြိုးစားလျက်ရှိနေ၏။ သို့သော် ၎င်းတို့၏ သွားကလေးများမှာ နုနယ်လှသောကြောင့် မနာကျင်လှဘဲ အသားပေါ်တွင် အရာထင်ရုံမျှသာရှိ၏။ ထိုသတ္တဝါကလေးများသည် ယုန်များကဲ့သို့ မြေကိုတူး၍ တွင်းအောင်းဖျက်ဆီးတတ်သော အလေ့အကျင့်မရှိသည့်ပြင် အလွန်သန့်ပြန့်စွာလည်း နေထိုင်တတ်ကြောင်း မောင်ဂိုမာရီက ပြောပြသဖြင့် သိရှိရ၏။ သို့နှင့် ကျွန်ုပ်လည်း ပန်းဥယျာဉ်နှင့် အိမ်ဝန်းခြံရှိသော လူကုံထံများ၏ နေအိမ်တွင် ယုန်ကလေးများကို မွေးမည့်အစား ဤအကောင်ကလေးမျိုးကို အလှမွေးရလျှင် ကောင်းလေစွဟု စိတ်ထဲတွင် တွေးမိလေသည်။

ကျွန်ုပ်တို့ လမ်းလျှောက်သွားစဉ် နောက်ထပ် ထူးခြားသော အခြင်းအရာတစ်ခုကိုလည်း တွေ့ရသေး၏။ ၎င်းမှာ သစ်ပင်မှအကိုင်းတစ်ကိုင်းကို တိရစ္ဆာန်တို့၏ လက်သည်းခြေသည်းတို့ဖြင့် ကုတ်ခြစ်ထားသောကြောင့် အစင်းကြောင်းကြီးများဖြစ်ကာ ပွဲရွဲထွက်နေခြင်းပင် ဖြစ်၏။ မောင်ဂိုမာရီက ကျွန်ုပ်အား ထိုသစ်ကိုင်းကြီးကို ညွှန်ပြလျက် –

"ဒီမှာ ကြည့်စမ်းဗျို့၊ ပရင်းဒစ်၊ သစ်ပင်တွေ၊ သစ်ကိုင်းတွေကို မကုတ်ခြစ်ရဘူးလို့ ပညတ်ထားပေမယ့် ဒီပညတ်ချက်ကို နားမထောင်ဘဲ ရိုင်းဖောက်တဲ့ အကောင်တွေ ရှိတယ်ဗျာ" ဟု ပြောလိုက်၏။

ထိုသစ်ကိုင်းကြီးကို တွေ့မြင်ရပြီးနောက် ကျွန်ုပ်တို့သည် ဆီးဘ်ကို ပြုပြင်ထားသည့် လူကိုလည်းကောင်း၊ မျောက်ဝံကို ပြုပြင်ထားသည့် လူကိုလည်းကောင်း တွေ့ရသည် ထင်မိ၏။ 'ဆိတ်လူ'မှာ ဆိတ်မျက်နှာပေါက်မျိုး၊ သိုးလူမှာ



www.burmeseclassic.com

www.burmeseclassic.com



သိုးမျက်နှာပေးမျိုး ရှိ၍ ကိုယ်အောက်ပိုင်းများမှာ ကြမ်းတမ်း တုတ်ခိုင်လှ၏။ သူတို့၏ အနီးသို့ ကျွန်ုပ်တို့ ရောက်သွားသောအခါ နှစ်ဦးစလုံးကပင် မောင်ဂိုမာရီကို အရိုအသေ ပြုကြလေ၏။

"ကြာပွတ်သခင်ကို နှုတ်ဆက်ပါတယ်"

ရီ ။ ။ "သတိထားကြနော်၊ ကြာပွတ်သခင် တစ်ယောက်တိုးလာပြီ"

"သူတို့ ဖန်ဆင်းထားတာ မဟုတ်ဘူး၊ သူ ပြောတော့ သူတို့ ဖန်ဆင်းထားတာတဲ့"

ဆိတ်လူသည် ကျွန်ုပ်အား အထူးအဆန်းတစ်ခုကဲ့သို့ ခပ်ကြောင်ကြောင် ကြည့်၍နေ၏။

"တတိယ ကြာပွတ်သခင်ဟာ ရေထဲကို ငိုပြီးဆင်းသွားတဲ့ လူပဲ၊ သူက မျက်နှာဖြူဖြူ အရပ်ရှည်ရှည်နဲ့လေ"

၎င်းတို့သည် မောင်ဂိုမာရီကိုပင် စောဒကတက်၍ နေကြပြန်လေသည်။

ရီ ။ ။ "ဟော့ ... သူ့မှာ ကြာပွတ်ရှည်ရှည်တစ်ချောင်း ရှိတယ်နော် မှတ်ထား"

ဆိတ်လူ။ ။ "မနေ့က သူ့ကိုယ်က သွေးလည်းထွက်တယ်၊ ငိုလည်း ငိုတယ် မဟုတ်လား။ အရှင်ကတော့ ငိုလည်း မငိုဘူး၊ သွေးလည်း မထွက်ဘူး၊ ကြာပွတ်သခင်တွေဟာ မငိုတတ်ဘူး။ သွေးလည်း မထွက်တတ်ဘူး မဟုတ်လား"

ထိုအခါ မောင်ဂိုမာရီက စိတ်ဆိုးလာသည့်ဟန်ဖြင့် –

"သွား ... သွား ... သွားကြ။ သူတောင်းစားတွေ၊ မင်းတို့သတိထားကြ။ မထားရင် ငိုလည်းငိုရမယ်၊ သွေးလည်း ထွက်ရမယ်"

မျောက်လူ။ ။ "သူ့မှာ လက်ငါးချောင်းရှိတယ်၊ ကျွန်ုပ်တို့မှာ လက်ငါးချောင်း ရှိသလိုပါပဲ"

ထိုအခါ မောင်ဂိုမာရီသည် ကျွန်ုပ်အား လက်မောင်းကို ဆွဲလျက် "လာ ... လာ ... ပရင်းဒစ်။ တော်ပြီ ... သွားကြစို့" ဟု ပြောလျက် ကျွန်ုပ်အား ဆွဲခေါ်သွားတော့၏။ ကျွန်ုပ်တို့ ထွက်လာသောအခါ ၎င်းတို့နှစ်ဦးသား တစ်ယောက်တစ်ခွန်း မှတ်ချက်များချလျက် ကျန်ရစ်ခဲ့လေသည်။

ဆိတ်လူ။ ။ "သူက ဘာမှစကားမပြောဘူး။ လူဆိုတာ အသံနဲ့ စကားပြောရတယ် မဟုတ်လားကွ"

မျောက်လူ။ ။ "မနေ့တုန်းကတော့ ငါ့ကို စားစရာ ဘယ်မလဲလို့ မေးတယ်။ သူ ဒါတွေ မသိဘူးကွ"





ထို့နောက်၌ကား ၎င်းတို့ပြောသော စကားများကို ကျွန်ုပ် မကြားရတော့ပေ။ ဆိတ်လူ၏ ရယ်သံကိုသာ ကြားရတော့၏။

အပြန်ခရီး၌ ကျွန်ုပ်တို့သည် ယုန်ကလေးတစ်ကောင်ကို လမ်း၌ တွေ့ကြရ၏။ ယုန်ကလေးမှာ တစ်ကိုယ်လုံး နီရဲလျက် ရှိပြီးလျှင် အပိုင်းပိုင်း ပြတ်လျက်ရှိ၏။ အချို့နံရိုးများမှာ ကိုက်ဖဲ့ခြင်း ခံရသဖြင့် အသားပေါ်၍နေပြီးလျှင် မသေမီ ကျောရိုးမှ သွေးကို စုတ်ယူထားကြောင်း ထင်ရှားသော လက္ခဏာများကို တွေ့ရလေသည်။

ယုန်သွေးများကို မြင်သောအခါ မောင်ဂိုမာရီသည် ခြေလှမ်းများကို တုံ့ခနဲ ရပ်လိုက်၏။

သူသည် ပြော်ပြောဆိုဆိုနှင့် ယုန်၏ကိုယ်မှာ အပိုင်းအစကလေးတစ်ခုကို ကုန်း၍ကောက်လိုက်ပြီးလျှင် အသေအချာ ကြည့်ရှုလျက် ရှိလေ၏။

"အင်း ... ဘုရား ... ဘုရား၊ ဘယ်လိုများ ဖြစ်ကုန်ကြပါလိမ့်မလဲ" ဟု ထပ်မံရေရွတ်လိုက်ပြန်သည်။

"ဘယ်လိုဖြစ်ရမှာလဲဗျ၊ ခင်ဗျားတို့လုပ်ထားတဲ့ အကောင်တွေထဲက အသားစား သတ္တဝါတစ်ကောင်ဟာ သူ့အကျင့်ဟောင်းတွေ ပြန်ပေါ်လာပြီး ကိုက်သတ်တာ ဖြစ်မှာပေါ့။ ကျောရိုးအပိုင်းပိုင်းပြတ်နေတာ ကြည့်ပါလား"

မောင်ဂိုမာရီသည် ယုန်သေအပိုင်းကလေးကို ကိုင်ကာ စိမ်းစိမ်း ကြည့်နေပြီးနောက် သူ၏ နှုတ်ခမ်းများကို တင်းတင်းစေ့၍ ထားလိုက်၏။ သူ၏မျက်နှာသည်း သွေးရောင်မရှိသကဲ့သို့ ဖြူဖတ်ဖြူလျော် ဖြစ်၍သွားတော့၏။

မောင်ဂိုမာရီက ညည်းညူသည့် လေသံဖြင့် –

"အင်း ... ဒါဟာ အင်မတန် ဆိုးဝါးတဲ့ ကိစ္စပဲဗျာ"

ကျွန်ုပ် ။ ။ "ကျုပ် ဒီလိုအဖြစ်မျိုး၊ တစ်ခါ တွေ့ရဖူးပြီဗျ။ လွန်ခဲ့တဲ့ စနေနေ့တုန်းကပေါ့"

"ဟင် ဟုတ်လား။ ဘယ်လိုတွေ့ပုံလဲ ပြောစမ်းပါဦး"

"ကုတ်ချိုးခံထားရတဲ့ ယုန်ကလေးကို တွေ့ခဲ့တာပေါ့"

"အရင် စနေနေ့တုန်းက ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်။ အရင်စနေနေ့ညက ကျုပ်လည်း ခြံဝင်းရဲ့ နောက်ခာက် တောအုပ်ဆီကို ထွက်လာခဲ့ရင်းနဲ့ ချုံစပ်မှာ တွေ့ခဲ့တယ်။ အဲဒီတုန်းကလည်း ယုန်ကလေး တစ်ကောင်ဟာ လည်ပင်းပြတ်နေတာ တွေ့ရတယ်"

ကျွန်ုပ်၏ စကားများကို ကြားရသောအခါ မောင်ဂိုမာရီလည်း သက်ပြင်းရှည်ကြီး ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။"အစီပွာယ်ကတော့ ခင်ဗျားတို့ ပြုပြင်ဖန်တီးထားတဲ့ အကောင်တွေထဲက တစ်ကောင်ကောင်ရဲ့ လက်ချက်ပဲလို့ ကျုပ်တော့ တွက်တာပဲ။ ကျုပ်စိတ်ထဲမှာ သံသယဖြစ်တာနော်။ အဲဒီနေ့က ယုန်ကလေးကို မတွေ့ခင် တိရစ္ဆာန်လူတစ်ယောက်ဟာ စမ်းချောင်းမှာ ရေကုန်းပြီး သောက်နေတာကိုလဲ တွေ့ခဲ့ရသေးတယ်"

"ရေကို ကုန်းပြီး စုပ်သောက်သလားဗျ"

"ဟုတ်တယ်။ အဲဒီအတိုင်းပဲ"

"အင်း ... ရေကို ဒီလိုမသောက်ရဘူးလို့ ပညတ်ချက် ထုတ်ထားလို့ ရွတ်ဆိုနေကြတာပဲ။ ဒေါက်တာ မောရိုး မျက်ကွယ်ဆိုရင်တော့ သိပ်မရှောင်ကြဘူးပေါ့ဗျာ"

"အဲဒီရေသောက်တဲ့ အကောင်ဟာ ညဘက်မှာ ကျုပ်ကို လိုက်ကိုက်တဲ့ အကောင်ဗျ"

"အင်း ဟုတ်မှာပေါ့။ အသားစားကောင်တွေရဲ့ အကျင့်ဟာ တစ်ကောင်ကောင်ကို စားပြီးလို့ရှိရင် ရေသောက်တယ်။ ဒါဟာ သွေးရဲ့အရသာကို ခံတာဗျ သိလား။ နေပါဦး ... ခင်ဗျား ဒီအကောင်ကို မှတ်မိရဲ့လား"

သို့ပြောဆိုရင်း မောင်ဂိုမာရီသည် ကျွန်ုပ်တို့ ရပ်၍နေသော နေရာ၌ ပတ်ဝန်းကျင်ကို မျက်လုံးများ ဝင့်၍ ကြည့်လိုက်၏။ သူသည် မြက်ခင်းစပ်သို့လည်းကောင်း၊ ချုံကွယ်စပ်သို့လည်းကောင်း၊ သစ်တောအုပ်များ အကြားသို့လည်းကောင်း စူးစမ်းသော မျက်လုံးများဖြင့် ဝေ့ဝိုက်ကြည့်ရှုလျက်ရှိရာမှ "အင်း ... သွေးရဲ့ အရသာပဲဗျ။ ဒီအကောင်တွေ သွေးရဲ့အရသာကို တွေ့သွားပြီ" ဟု စိုးရိမ်သောလေသံဖြင့် တတွတ်တွတ် ရေရွတ်လျက် ရှိနေလေသည်။ သူသည် ခါးမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်လိုက်ပြီးလျှင် ကျည်ဆံများစေ့မစေ့ကို ကြည့်ရှုပြီးနောက် ခါး၌ပင် ပြန်ချိတ်ထားလိုက်၏။ ထို့နောက် အောက်နှုတ်ခမ်းကို လိပ်ကာ နက်နဲစွာ စဉ်းစား၍ နေဟန် ရှိနေလေသည်။

ကျွန်ုပ်။ ။"ကျုပ်တော့ဗျာ ဒီကောင်ကို မြင်ရင် မှတ်မိမယ် ထင်တာပဲ။ သူဟာ ကျုပ်လက်ချက်ကြောင့် နဖူးမှာ အမာရွတ်ထင်ကျန်ရစ်မှာပဲဗျ"

ရီ ။ ။"အင်း ... အဲဒီတော့လည်း ယုန်ကို သူသတ်ပါတယ်ဆိုတာ ထင်ရှားအောင် သက်သေပြနိုင်တာမှ မဟုတ်ဘဲကိုးဗျ။ အဲလေ ကျုပ်ကိုက ဒီယုန်တွေကို ကျွန်းပေါ်ရောက်အောင် မယူလာခဲ့မိရင် ကောင်းမှာဗျာ"

သူသည် ယုန်ကလေး၏ အပိုင်းအစများကို ကြည့်ရှုရင်း ရပ်လျက်ရှိစဉ် ကျွန်ုပ်လည်း ရှေ့သို့လျှောက်၍လာခဲ့၏။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ အခါမှ "လာလေဗျာ" ဟု ကျွန်ုပ်က လှမ်း၍ ခေါ်လိုက်သဖြင့် သူလည်း အိပ်ရာမှ





လန့်၍နိုးသူတစ်ယောက်ကဲ့သို့ ဖျတ်ခနဲ ဖြစ်သွားကာ ကျွန်ုပ်ရှိရာသို့ လျှောက်လာလေသည်။

အနီးသို့ရောက်သောအခါ သူသည် တိုးတိုးလေသံဖြင့် -

"ဒီလိုဗျ။ ဒီကောင်တွေဟာ သက်ရှိသတ္တဝါကို မစားရဘူးဆိုတဲ့ ပညတ်ချက်အတိုင်း နေလာခဲ့ကြတယ်။ ဒါပေမယ့် အခုလို ပညတ်ချက်ကို ဖောက်ဖျက်လိုက်လို့ သွေးရဲ့ အရသာကို သိသွားတဲ့အခါ"

ကျွန်ုပ်တို့ နှစ်ယောက်စလုံးပင် စကားစကို ဖြတ်ပြီးနောက် ခြေလှမ်းမှန်မှန်ဖြင့် ဆက်လက် လျှောက်လာခဲ့ကြ၏။

ဤကဲ့သို့ လျှောက်လာကြစဉ် မောင်ဂိုမာရီကစ၍ -

"အဲဒါ ဘာဖြစ်လာနိုင်တယ် ထင်သလဲ။ ကျုပ်ကိုယ်ကလည်း မိုက်ပါတယ်ဗျ။ တစ်နေ့က ကျုပ်တပည့် ဟိုကောင်ကို ယုန်အရေခွံခွာပြီး ဘယ်လိုချက်ရမယ်ဆိုတာ သွားပြီး သင်ပေးလိုက်မိတယ်ဗျ။ သူလည်း ယုန်ကိုကိုင်ပြီးတဲ့နောက် သူ့လက်တွေကို သူ ပြန်လျက်နေတာ တွေ့ရတယ်။ အရင်က ဒီကောင် ဒါမျိုးလုပ်တာ ကျုပ်တစ်ခါမှ မတွေ့ဖူးဘူး"

သို့ပြောဆိုပြီးနောက် မောင်ဂိုမာရီသည် ခတ်မဆိတ် ရှိနေပြန်၏။ ထို့နောက် အတန်ကြာမှ "ဒီလိုအဖြစ်မျိုးကို ရပ်တန်းက ရပ်အောင် လုပ်မှပဲဗျို့။ ကျုပ်လည်း မောရိုးကို ပြောလိုက်ရဦးမယ်" ဟု ပြောလိုက်ပြီးနောက် တစ်လမ်းလုံး တစ်စုံတစ်ရာ ထပ်၍ မပြောတော့ဘဲ သူ့စိတ်ကူးနှင့်သူသာ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့၏။ အထက်ပါ အဖြစ်အပျက်များကို ဒေါက်တာ မောရိုးအား ပြောပြသောအခါ သူသည် မောင်ဂိုမာရီထက်ပင် တုန်လှုပ်ချောက်ချားလျက် ရှိနေသည်ကို တွေ့ရ၏။ ကျွန်းပေါ်၌ စိုးရိမ်ပူပန်ရမည့်ကိစ္စတစ်ခု ပေါ်ပေါက်လာပြီ ဖြစ်ရာ ကျွန်ုပ်မှာလည်း သူတို့နှင့်အတူ နေထိုင်ရသူ ဖြစ်သည့်အတိုင်း များစွာ စိတ်မကောင်း ဖြစ်ရသည်မှာ အထူးဖော်ပြရန် မလိုတော့ပေ။

ဒေါက်တာမောရိုးက သူ့တပည့်အား အပြစ်တင်သည့်အနေဖြင့် -

"တို့ဟာ သူတို့အတွက် သင်ခန်းစာ ကောင်းကောင်း ပေးရလိမ့်မယ်ကွယ့်။ အဲဒီလို ပညတ်ချက်ကို ဖောက်ဖျက်တာဟာ ကျားသစ်လူပဲဆိုတာ ငါ အတတ်သိတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ပြီး တို့ သက်သေပြနိုင်မလဲ မောင်ဂိုမာရီ။ မင်းက အသားကြိုက်တတ်တာနဲ့ ဒီလို ပြဿနာတွေ ပေါ်လာတာ။ ဒီတော့ အသားမစားဘဲ မင်း အောင့်ပြီး မနေနိုင်ဘူးလားကွ"

ရီ ။ ။"ဟုတ်ပါတယ်။ ကျွန်တော့်ကိုယ်က မှားပါတယ်။ ကျွန်တော့်ကို လူအပဲ ခေါ်ပါတော့။ ဒါပေမယ့် လွန်ပြီးတဲ့အမှု လွန်ပါစေတော့ ခင်ဗျား။ အခု ဘယ်လိုလုပ်ကြမလဲဆိုတာသာ ဆရာက အမိန့်ရှိပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ရိုး ။ "ဒီကိစ္စကို တို့ ချက်ချင်း အရေးယူပြီး လုပ်ကြရလိမ့်မယ် ဟော့။ မင်းအကောင် မီလန်နဲ့ ပတ်သက်လို့ တစ်ခုခု ဖြစ်လာရင်တော့ သူ့ထိုက်နဲ့သူ့ကံ ထားရတော့မှာပဲ"

"ကျွန်တော်တော့ မီလန်နဲ့ ပတ်သက်လို့ သိပ်စိတ်မချဘူး ဆရာ။ နို့ပေမယ့် သူ့အကြောင်းတော့ ကျွန်တော် ကောင်းကောင်း သိဖို့ လိုတယ် ထင်တယ်"

မွန်းလွဲပိုင်းအချိန်တွင် ဒေါက်တာ မောရီး၊ မောင်ဂိုမာရီနှင့် ကျွန်ုပ်တို့ သုံးဦးအပြင် မီလန်ကိုပါ ကျွန်ုပ်တို့နှင့်အတူ ခေါ်၍ ကျွန်းတစ်ဘက်လျှိုထဲ၌ရှိနေသော 'တိရစ္ဆာန်လူ' တို့ နေထိုင်ရာ ရွာကလေးဆီသို့ ထွက်ခဲ့ကြလေ၏။ ကျွန်ုပ်တို့ သုံးဦးလုံး၌ပင် သေနတ်များ ကိုယ်စီပါကြ၏။ မီလန်၌ကား ထင်းခွဲသော ရဲတင်းတစ်ခုနှင့် ကြိုးခွေတစ်ခွေပါ၍ လာ၏။ ဒေါက်တာ မောရီးမှာ ကျွဲချိုဖြင့် ပြုလုပ်ထားသော တံပိုးခရာတစ်ခုကို ပခုံး၌ လွယ်၍ယူလာခဲ့လေသည်။

လမ်းတွင် မောင်ဂိုမာရီက ကျွန်ုပ်အား "ခင်ဗျားတော့ တိရစ္ဆာန်လူတွေ တစ်စုတစ်ဝေးကြီး လာကြတာ မြင်ရဦးမှာပဲ။ ကြည့်လို့တော့ အင်မတန် ကောင်းတယ်ဗျို့" ဟု ပြောရာ ဒေါက်တာမောရီးမှာမူ စကားတစ်ခွန်းမျှ မပြောဘဲ မျက်နှာထားတင်းတင်းနှင့်ပင် ကျွန်တော်တို့အား ခေါ်ဆောင်၍ သွားလေသည်။

ရေပူစမ်းများ စီးဆင်းလျက်ရှိသော ချောင်းကလေးကို ကျော်ဖြတ်ပြီးနောက် ကြိမ်ပင်များ ပေါက်လျက်ရှိသော တောအုပ်တစ်လျှောက် ကွေ့ကောက်သော လမ်းကြားကလေးများအတိုင်း လျှောက်သွားကြရာ၊ မကြာမီပင် အဝါရောင် မြေမှုန့်များ ဖုံးအုပ်လျက် အတော်အတန် ကျယ်ဝန်းသည့် မြေကွက်လပ်တစ်ခုသို့ ရောက်ရှိလာကြ၏။ ကွက်လပ်ရှိ အဝါရောင် အမှုန့်များမှာ ကန့်မှုန့်များဖြစ်ကြောင်း သိရ၏။ ကျွန်ုပ်တို့ ရောက်ရှိနေသော နေရာမှ မျှော်ကြည့်လိုက်သောအခါ တစ်ဘက်တွင် တောအုပ်ကို ကျော်၍ နေရောင်အောက်တွင် တဖျတ်ဖျတ် တောက်ပလျက်ရှိသော စိမ်းလဲ့လဲ့ ပင်လယ်ပြင်ကြီးကို တွေ့မြင်ရ၏။ ကျွန်ုပ်တို့၏ ရှေ့မျက်နှာစာတွင် ရှေးဂရိလူမျိုးများ ခေတ်၌ ပေါ်ထွန်းအသုံးပြုကြသော မြေစိုက်ဇာတ်ရုံကြီးသဖွယ် ခပ်ပြေပြေ ရှိနေသည့် ချိုင့်ဝှမ်းကြီးတစ်ခု ရှိလေရာ၊ ထိုနေရာသို့ အရောက်တွင် ကျွန်ုပ်တို့လေးဦးစလုံးသည် ရှေ့သို့ မတိုးဘဲ ရပ်တန့်လိုက်ကြ၏။

ဤတွင် ဒေါက်တာမောရီးသည် သူ၏ခါး၌ လွယ်၍ထားသော တံပိုးခရာကြီးကို တစ်ကျွန်းလုံး ပဲ့တင်ထပ်၍သွားအောင် မှုတ်လိုက်လေသည်။ ဒေါက်တာ မောရီးမှာ တံပိုးခရာကို အသံမနိမ့်မမြင့် ဖြစ်စေ၍ ဆွဲဆွဲငင်ငင် မှုတ်နိုင်သူဖြစ်ရာ၊ တံပိုးခရာမှာ နားများ ကွဲလုမတတ် ပြင်းထန်လှသဖြင့် သူ့တွင် အလွန်ကျန်းမာသန်စွမ်းသော အဆုတ်များ ရှိရမည်ဟု ကျွန်ုပ် တွက်မိ၏။





ခရာကြီးကို သူသည် ရေရှည်ဆွဲ၍ မှုတ်လိုက်ပြီးမှ အားခနဲ အသံပြုကာ ရုတ်တရက် ရပ်ပစ်လိုက်လေသည်။

ထိုအခိုက် အဝါရောင်ကြိမ်တောများဆီမှ တရှဲရှဲ အသံများကို ကြားရပြီးလျှင် နှစ်နေရာ သုံးနေရာဆီမှ တိရစ္ဆာန်လူများ ထွက်လာကြသည်ကို မသဲမကွဲ လှမ်း၍ မြင်ရလေသည်။ ကျွန်ုပ်မှာ ယမန်နေ့ကပင် ထိုတောထဲ၌ ပုန်းအောင်းပြေးလွှားခဲ့ရဖူး၏။ တိရစ္ဆာန်လူများသည် ကန့်မြေများရှိသည့် လွင်ပြင်ကြီးအတွင်း ကျွန်ုပ်တို့ ရပ်နေသော နေရာဆီသို့ ဦးတည်ကာ လာ၍နေကြ၏။ ၎င်းတို့မှာ ထူးခြားဆန်းကျယ်သော ပုံသဏ္ဌာန်အမျိုးမျိုး ရှိကြ၍ ကျွန်ုပ်မှာ ကြက်သီးမွေးညှင်းများပင် ထမိ၏။ တစ်ဦးပြီးလျှင်တစ်ဦး ချုံတောများကို တိုး၍ ကွက်လပ်သို့ ထွက်လာကြသဖြင့် ဖုန်လုံးများသည် အလိပ်လိပ်ထလျက်ရှိ၏။ ပထမဆုံး ထွက်လာသူမှာ လူတစ်ပိုင်း ဆိတ်တစ်ပိုင်း သတ္တဝါဖြစ်၍ မြေကြီးကို ခွာဖြင့်ရှပ်ကာ ဖုန်လုံးများထစေလျက် ရှေ့သို့ တိုး၍လာ၏။ သို့နှင့် ကျွန်ုပ်လည်း အတန်ငယ် စိုးရိမ်ကြောက်ရွံ့၍လာပြီးလျှင် ဒေါက်တာမောရီးနှင့် မောင်ဂိုမာရီတို့ အနီးသို့ကပ်ကာ ငြိမ်သက်စွာ နေလိုက်မိ၏။ သူတို့နှစ်ယောက်မှာမူ ထွက်လာသမျှ သတ္တဝါများအား မလှုပ်မယှက် စိုက်၍ကြည့်ကာ ခပ်တွေတွေ ရပ်၍နေကြ၏။ ဆိတ်တစ်ပိုင်း လူတစ်ပိုင်း သတ္တဝါ၏ နောက်မှ ထွက်လာသူကား ရေမြင်းလိုလို၊ မြင်းရိုးရိုးလိုလို၊ သတ္တဝါဖြစ်ပြီးလျှင် ပါးစပ်ထဲတွင် ကောက်ရိုးမျှင်တစ်မျှင်ကို ကိုက်၍လာ၏။ ထို့နောက် ဝက်မနှင့် ဝက်ဝံမများကို ပြုပြင်ထားသည့် သတ္တဝါမများ ထွက်လာလေသည်။ ထို့နောက် တစ်ဖန် မြေခွေးနှင့် ဝက်ဝံတို့ကို ရောစပ်ထားသည့် မျက်နှာနီနီ မျက်လုံးနီနီ သတ္တဝါတစ်ကောင် လိုက်ပါလာ၏။ ဤသို့ဖြင့် သတ္တဝါ အတော်များများ စုရုံးမိကြပြီးလျှင် ကွင်းပြင်၌ အအုပ်အစုကြီးမှာ တဖြည်းဖြည်း ကြီးမား၍ လာတော့၏။ ထို့နောက် တဖြည်းဖြည်း ရှေ့သို့ တိုးသွားတိုးဝှေ့လာကြရင်း ၎င်းတို့၏ နှုတ်မှလည်း လိုက်နာရန် ပညတ်ထားသည့် ဥပဒေသအချို့ကို တစ်ယောက်နှင့်တစ်ယောက် မကြည့်ဘဲ ဦးခေါင်းကို ငုံ့၍ ရွတ်ဆိုလာကြ၏။ ယင်းဥပဒေသ၏ အစိတ်အပိုင်းများသည်ကား "အရှင်သခင်၏ လက်သည် နာကျင်အောင်လည်း ပြုနိုင်၏။ အနာကိုလည်း ပျောက်အောင် ပြုနိုင်၏" အစရှိသော ဥပဒေသမျိုးများ ပေတည်း။

ကျွန်ုပ်တို့ ရပ်နေသော နေရာနှင့် အလံ ၃၀ ခန့် ဝေးသောနေရာသို့ ရောက်ကြသောအခါ ၎င်းတို့သည် ရှေ့သို့ မတိုးတော့ဘဲ ထိုနေရာ၌ပင် ဒူးနှင့် တောင်ဆစ်များကို မြေကြီးနှင့် ထိစေလျက် ဝပ်စင်း၍နေကြတော့၏။ အချို့လည်း ဦးခေါင်းများကို ငုံ့ကာ မြေမှုန့်များကို ပွေ့၍နေကြ၏။ ထိုနေရာ၌ သာဖတ်များသည် ထိုထူးဆန်းသော ရှုမြင်ကွင်းကို မြင်ခဲ့လျှင် ဖျော်၍ကြည့်နိုင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် ဇတ်စုံဝတ်ဆင်ထားသော လူသုံးယောက်နှင့် ၎င်းတို့၏ လက်ထောက်ဖြစ်သူ မည်းမည်း သတ္တဝါတစ်ကောင်က တစ်ဘက်တွင် ရပ်နေလျက် အခြားတစ်ဘက်ရှိ သူတို့ရှေ့တွင် မြေပေါ်၌ ဝပ်တွားကာ လှုပ်လှုပ်ရှားရှားရှိနေသည့် သတ္တဝါများကိုလည်းကောင်း၊ အပြာရောင် မိုးကောင်းကင်မှာ ပူပြင်း၍နေသော နေရောင်အောက်တွင် ဖုန်လုံးများ အလိပ်လိပ် ထနေသည်ကိုလည်းကောင်း မြင်ကြရပေသည်။ မြေပြင်တွင် ဝပ်တွားလျက်ရှိနေသော သတ္တဝါများအနက် အချို့မှာ လူနှင့် အလွန်နီးစပ်ပြီးလျှင် အချို့မှာလည်း ကြည့်ရှုရန် အလွန်အရုပ်ဆိုးလျက် မစွမ်းမသန် ဒုက္ခိတများနှင့်ပင် တူလှတော့၏။ အချို့ကား ပုံပန်းသဏ္ဌာန်ဟူ၍ ကျနစွာ မရှိဘဲ၊ မည်သည့်သတ္တဝါဖြစ်သည်ဟုပင် ပြောရန် ခဲယဉ်းလှတော့၏။ ၎င်းတို့၏ နောက်တွင်ကား တစ်ဘက်တွင် ကြိမ်တောကြီးရှိ၍ အခြားတစ်ဘက်တွင် စိမ်းလန်းသော အုန်းပင်၊ ထန်းပင်များရှိလေသည်။ ၎င်းတို့နေထိုင်သော တဲငယ်များရှိသည့် ရွာကလေးနှင့် ယခုကျွန်ုပ်တို့ ရပ်၍နေသောနေရာမှာ လှိုတစ်ခုခြား၍ နေလေသည်။ မြောက်ဘက်ဆီ၌မူ ပစိဖိတ်သမုဒ္ဒရာကြီးသည် မိုးကုပ်စက်ဝိုင်းအထိ တည်ရှိ၍ ပြာလဲ့လဲ့ရှိသော အရောင်ကို ခပ်ရေးရေးမျှသာ မြင်နိုင်၏။

"၆၂–၆၃" ဟူ၍ ဒေါက်တာ မောရိုးကဲ့ တစ်ကောင်ချင်း ရေတွက်လျက် ရှိနေ၏။

"လေးကောင်ကျန်သေးတယ်" ဟု အသံတစ်သံ ထွက်လာ၏။

ကျွန်ုပ်။ ။"ကျားသစ်လူကို ကျွန်ုပ် မမြင်မိဘူး"

ထိုအခါ ဒေါက်တာမောရိုးသည် သူ၏ ပခုံးတွင် လွယ်ထားသော တံပိုးခရာကြီးကို ကောက်၍ မှုတ်လိုက်ပြန်၏။ ထိုအသံကို ကြားရသောအခါ ရှေ့တွင် ဝိုင်းလျက်စုရုံးနေကြသော တိရစ္ဆာန်လူများသည် ဖုန်တောထဲသို့ တိုးသည်ထက် တိုးဂုဘ အချင်းချင်း ပူးကပ်ဖွေ့ရမ်းလျက် ရှိနေကြလေသည်။ ဒေါက်တာ မောရိုး၏ ခရာသံအဆုံး၌ ကျားသစ်လူသည် ဖုန်လုံးများကို အကာအကွယ်ယူပြီးလျှင် ဝိုင်းနေသော လူအုပ်ထဲသို့ အပြေးအလွှား ဝင်ရောက်လာတော့၏။ ၎င်း၏ နဖူးပေါ်တွင် အမာရွတ်တစ်ခုပါကြောင်း ကျွန်ုပ် လှမ်း၍ မြင်လိုက်ရ၏။ ဤအစုထဲသို့ နောက်ဆုံးရောက်သူမှာ မျောက်ဝံကို ပြုပြင်ထားသည့် 'မျောက်လူ'ပင် ဖြစ်တော့၏။ ၎င်းရောက်ရှိလာသောအခါ ပထမရောက်နှင့်သူများသည် ပင်ပမ်းညိုးနွမ်းသော မျက်နှာများဖြင့် ၎င်းအား လှမ်း၍ ကြည့်လိုက်ကြ၏။

"တော်တော့" ဟု ဒေါက်တာမောရိုးက ကျယ်လောင်သော အသံကြီးဖြင့် အော်ဟစ်အမိန့်ပေးလိုက်သောအခါ တိရစ္ဆာန်လူများသည် အရှိအသေပြု





လျက်ရှိသော အနေအထားမှ ပြောင်းလဲကာ ကိုယ်ကို မတ်မတ်ရပ်လျက် ထိုင်လိုက်ကြ၏။

"ဥပဒေသ ရွတ်တဲ့လူ ဘယ်သူလဲ" ဟု ဒေါက်တာမောရိုးက မေးလိုက်၏။ ဤတွင် မီးခိုးရောင် အမွေးအမျှင်များ ထူထပ်စွာ ဖုံးအုပ်လျက်ရှိသော သတ္တဝါကြီးတစ်ကောင်သည် မိမိ၏ ဦးခေါင်းကို မြေသို့ ထိအောင် ညွတ်လိုက်လေသည်။

"ဥပဒေသ ရွတ်စမ်း" ဟု အမိန့်ပေးလိုက်သောအခါ သတ္တဝါအားလုံးတို့သည် ဘယ်တစ်လှည့် ညာတစ်ပြန် ယိမ်းထိုးကာ မြေမှုန့်များကို တစ်ဘက်စီယက်၍ တင်ရင်း၊ ၎င်းတို့ အစဉ်ရွတ်ဆိုမြဲ ဖြစ်သော ဥပဒေသများကို တစ်ပိုဒ်ပြီး တစ်ပိုဒ် ရွတ်ဆိုကြလေသည်။

ဤတွင် "အသားနှင့် ငါးကိုမစားရ၊ ဒါဟာ ဥပဒေသပဲ" ဟူသော အပိုဒ်သို့ ရောက်သောအခါ ဒေါက်တာ မောရိုးသည် သူ၏ ဖြူဖွေးရှည်လျားသော လက်ကြီးကို မြှောက်လိုက်ပြီးနောက် "ရပ်လိုက်" ဟု အမိန့်ပေးလိုက်၏။ သို့နှင့် မညီမညွတ် ရွတ်ဆိုလျက်ရှိသော အသံများသည် ရုတ်တရက်ရပ်၍ သွားပြီးလျှင် အပ်ကျသံကိုပင် ကြားရမလောက် တစ်ခါတည်း တိတ်ဆိတ်ငြိမ်သက်၍ သွားလေသည်။

၎င်းတို့သည် မိမိတို့ ရောက်ရှိနေသည့် အခြေအနေကိုလည်းကောင်း၊ မည်သို့သော ဘေးအန္တရာယ်မျိုး ကျရောက်လာမည်ကိုလည်းကောင်း တောင်းစွာနားလည်သော မျက်နှာများဖြင့် ငေးမောတွေဝေ၍ နေကြသည်ကို ကျွန်ုပ် တွေ့မြင်ရ၏။ အလွန်ကြောက်ရွံ့နေသည့် လက္ခဏာများသည် ၎င်းတို့၏ တောက်ပြောင်သော မျက်လုံးများတွင် အထင်းသားဖြစ်၍ နေကြကုန်၏။ ထိုအခါ၌ ကျွန်ုပ်သည် ၎င်းတို့အား လူသားစင်စစ်များပင် ဖြစ်သကဲ့သို့ စိတ်တွင် ထင်မိ၏။

ထိုအခါ မျက်နှာပုံပန်းသဏ္ဌာန် မခွဲခြားနိုင်သော ငွေရောင်စပ်အဆင်းရှိသည့် သတ္တဝါတစ်ကောင်က "ဘယ်သူမှ ပြေးမလွတ်ဘူး" ဟု အုပ်စုထဲမှနေ၍ အော်လိုက်၏။ ထိုအခါ "ဘယ်သူမှ ပြေးမလွတ်ဘူး" ဟူသော ထိုစကားလုံးကိုပင် ပရိသတ်က သံပြိုင်ထပ်၍ လိုက်ဆိုပြန်လေသည်။

"ဒါဖြင့် ဒီဥပဒေသကို ချိုးဖောက်တဲ့လူဟာ ဘယ်သူလဲ" ဟု ဒေါက်တာ မောရိုးက ဟစ်အော်မေးလိုက်ရင် လက်ထဲမှ ကြာပွတ်ကြီးကို တရွှန်းရွှန်းမြည်အောင် ဝင့်လျက်ရှိနေ၏။ ဤတွင် ခွေးအကို ပြုပြင်လုပ်ကိုင်ထားသော သတ္တဝါမှာ မျက်နှာပျက်၍ သွားသည်ကို ကျွန်ုပ် မြင်လိုက်ရ၏။ သူနှင့်အတူပင် ကျားသစ်လူသည်လည်း မျက်နှာညိုး၍ သွားတော့၏။

ဒေါက်တာမောရိုးက "ဒါဖြင့် ချိုးဖောက်တာ ဘယ်သူလဲ၊ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျားသစ်လူ၏ ရှေ့၌ရပ်ကာ မေးမြန်းလျက် ရှိလေရာ သူ၏ အသံမှာ မိုးချုန်းသကဲ့သို့ ဟိန်း၍သွားလေသည်။

"ဥပဒေသကို ချိုးဖောက်တဲ့လူဟာ ဒါပဲ" ဟု ဥပဒေသကို ခေါင်းဆောင် ရွတ်ဆိုသူ သတ္တဝါက ထပ်၍ ရွတ်ဆိုလိုက်ပြန်၏။

ဒေါက်တာ မောရိုးသည် ကျားသစ်လူ၏ ရှေ့တည့်တည့်တွင် ရပ်ကာ မိမိ၏ စူးရှသော မျက်လုံးများဖြင့် အတွင်းစိတ်ကို နှိုက်ယူနေဘိသကဲ့သို့ ၎င်းအား စူးစူးဝါးဝါး စိုက်ကြည့်လျက်ရှိနေ၏။ ထို့နောက် အခြားသူများဘက်သို့ လှည့်ကာ "ဥပဒေသကို ချိုးဖောက်တာ ဘယ်သူလဲ" ဟု ဝင့်ဝါသော အသံကြီးဖြင့် မေးလိုက်ပြန်လေသည်။

"ဥပဒေသကို ချိုးဖောက်တဲ့ လူဟာ ဝေဒနာခံစားရတဲ့ အိမ်ကြီးကို သွားရမယ်။ ဝေဒနာခံစားရတဲ့ အိမ်ကြီးကို သွားရမယ် အရှင်" ဟု အားလုံးကပင် သံပြိုင်ရွတ်ဆိုကြလေသည်။

ထိုအခါ ဒေါက်တာမောရိုးသည် တရားခံဘက်သို့ လှည့်၍ –

"ဟော့ မင်းကြားရဲ့လား။ အလို .... အလို"

ဒေါက်တာ မောရိုးသည် တစ်ဘက်သို့ မျက်နှာလှည့်လိုက်သည်နှင့် တစ်ပြိုင်နက် 'ကျားသစ်လူ' သည် နေရာမှ ဒူးထောက်၍ ထကာ မီးထွက်မတတ် သော မျက်လုံးများကို ပြူးလျက်လည်းကောင်း၊ နီရဲသော ပါးစောင်တစ်ဘက် တစ်ချက်မှ အစွယ်ကြီးများ ငေါထွက်လျက်လည်းကောင်း သူ့အား နှိပ်စက်မည့် လူ့အပေါ်သို့ တစ်ခါတည်း ခုန်၍ အုပ်လိုက်တော့၏။ ဤကဲ့သို့ ရဲရဲဝံ့ဝံ့ပြန်၍ တော်လှန်တိုက်ခိုက်ခြင်းမှာ အကြောက်လွန်သဖြင့် ရူးသွပ်လုမတတ် ဖြစ်သွား သောကြောင့်သာ ဖြစ်နိုင်သည်ဟု ကျွန်ုပ် ကောင်းစွာ သဘောပေါက်မိ၏။ ဤ ကဲ့သို့ ခုန်အုပ်လိုက်စဉ် ကျွန်ုပ်တို့ ရှေ့ရှိ အကောင် ၆၀ ခန့်မျှသော သတ္တဝါ များသည် ရန်းရင်းဆန်ခပ် ဖြစ်ကာ ထ၍လာကြရာ ကျွန်ုပ်လည်း ခြောက်လုံးပြူး သေနတ်ကို လျင်မြန်စွာ ဆွဲထုတ်လိုက်လေသည်။ ကျားသစ်လူနှင့် ဒေါက်တာ မောရိုးတို့ ထိကပ်သွားသည့် ခဏ၌ ဒေါက်တာမောရိုးသည် နောက်သို့ ပြန် ၍လှန်ကာ လျင်မြန်စွာ ရှောင်တိမ်းလိုက်လေသည်။ ထိုအချိန်၌ကား ကျွန်ုပ်တို့ အနီးတစ်ဝိုက်တွင် တဝူးဝူး တဝါးဝါး တဝုန်းဝုန်း တဒိုင်းဒိုင်း ဟစ်အော်သံများဖြင့် ဆူညံလျက် ရှိနေတော့၏။ တိရစ္ဆာန်လူများသည် ကျွန်ုပ်တို့အား ဝိုင်း၍ တော် လှန်ကြလေပြီ ဟု ထင်မိ၏။

ကျားသစ်လူ၏ ဝင်းလက်တောက်ပသော မျက်နှာကြီးကို ကျွန်ုပ်သည် ရိပ်ခနဲ မြင်လိုက်ရလေရာ ထိုအချိန်၌ မိလန်သည်လည်း ကျားသစ်လူရှိသော ဘက်သို့ တိုးဝင်လိုက်၏။ ခွေးအကို ပြုပြင်၍ထားသော သတ္တဝါမ၏ မျက်လုံး





များသည်လည်း ကျွန်ုပ်အား ဝင်ရောက် တိုက်ခိုက်တော့မည့်ဟန်ဖြင့် ဝင်းဝင်း တောက်လျက်ရှိနေ၏။ ဆိတ်တစ်ပိုင်း လူတစ်ပိုင်း သတ္တဝါသည် ခွေးအ,မ၏ ကျောပေါ်မှကျော် ၍ ကျွန်ုပ်အား စိုက်ကြည့်လျက်ရှိနေ၏။ ထိုအချိန်၌ ဒေါက် တာမောရိုး၏ သေနတ်မှ ဒိုင်းခနဲ သေနတ်သံ တစ်ချက်ကြားလိုက်ရပြီးလျှင် မီးပွင့်ထွက်သွားသည်ကို မြင်လိုက်ရ၏။ ရုန်းရင်းဆန်ခတ်ဖြစ်နေသော 'တိရစ္ဆာန် လူ' အုပ်ကြီးသည် မောရိုးက သေနတ်ဖြင့် ပစ်လိုက်သော ဘက်သို့ ဝိုင်း၍ကြည့်ရှု လျက် ရှိကြ၏။ ထိုခဏ စက္ကန့်ပိုင်းအတွင်း၌ပင် ပါးစပ်မှ အော်ဟစ်ကာ ဆူညံစွာ ပြေးလွှားလျက်ရှိသော သူများနှင့်အတူ ကျွန်ုပ်လည်း ကျားသစ်လူ ထွက်ပြေး သွားသည့်နောက်ကို လိုက်လျက်ရှိနေသည်ကို တွေ့ရလေတော့သတည်း။

ကျွန်ုပ်သည် ဤမျှသာ အတိအကျ ပြောနိုင်တော့၏။ မီလန်မှာ ထွက် ပြေးသူနောက်သို့ ထက်ချပ်မကွာ ကပ်၍လိုက်နေ၏။ ၎င်း၏ နောက်မှကား ဝံပုလွေမများကို ပြုပြင်ထားသည့် မသတ္တဝါနှစ်ကောင်သည် လျှာများ တစ်လစ် ထွက်ကာ ခုန်ပေါက်ပြေးလွှားလျက် ရှိလေ၏။ ထို့နောက် ဝက်များကို ပြုပြင်ထား သည့် သတ္တဝါများသည် တရှုးရှုး တရှားရှားဖြင့် ကြောက်လန့်တကြား ဟစ် အော်လိုက်ပါလျက် ၎င်းတို့နောက်မှ တစ်ကိုယ်လုံး အဝတ်ဖြူများ စည်းထား သည့် 'နွားလူ' နှစ်ကောင်ပါလာ၏။ ၎င်းတို့အားလုံးနောက်မှ ဒေါက်တာ မောရိုး သည် ခြောက်လုံးပြူးသေနတ်ကို လက်တစ်ဘက်တွင်ကိုင်ကာ အပြေးအလွှား လိုက်ပါလာရာ ၎င်း၏ ဖြူဖွေးသော ဆံပင်များသည်လည်းကောင်း၊ အနားကျယ် သော မြက်ဦးထုပ်ကြီးသည်လည်းကောင်း သူနှင့်အတူ ကစဥ့်ကလျား လွင့် ပါ၍လာလေသည်။ ခွေးအကို ပြုပြင်ထားသည့် ခွေးတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါ အစ်ကောင်မှာ ကျွန်ုပ်အား ပြူးကြောင်သော မျက်လုံးများဖြင့် မကြာခဏ ကြည့် ကာ ကျွန်ုပ်နှင့်ယှဉ်ကာ ပြေးလွှားလိုက်ပါလာလေသည်။ နောက်ပိုင်းမှ လိုက်လာ ကြသော သတ္တဝါများ၏ အသံများသည်လည်း ဆူညံ၍ပင် နေတော့၏။

ကျားသစ်လူသည် ရှည်လျားသော ကြိမ်ပင်များ ပေါက်နေသည့် ကြိမ် တောကြီးအတွင်းသို့ ရှေ့မှ စွပ်၍ ပြေးသွားလေရာ ၎င်း၏နောက်တွင် ထက်ချပ် မခွါ လိုက်၍လာသော မီလန်မှာ ကြိမ်ပင်များက မျက်နှာနှင့် ကိုယ်တို့ကို တဖြန်း ဖြန်း ရိုက်ခတ်ခြင်း ခံနေရတော့၏။ ၎င်းနောက်မှ လိုက်ပါလာကြသူ ကျွန်ုပ်တို့မှာ ကား ရှေ့လူများက လမ်းထွင်၍ ပေးသကဲ့သို့ရှိသဖြင့် အလွယ်တကူ လိုက်ပါ သွားနိုင်ကြလေသည်။ ကြိမ်တောထဲသို့ ဝင်ရသည်မှာ မိုင်တစ်စိတ်ခန့် ခရီးရှည်၍ ၎င်းမှတစ်ဖန် ထူထပ်သော တောအုပ်ထဲသို့ ဝင်ခဲ့ကြပြီးလျှင် လမ်းခရီးမှာလည်း နှေးကွေးခဲလျက် ရှိနေတော့၏။ ကျွန်ုပ်တို့ မျက်နှာမှာ ဆူးခက်များဖြင့် မကြာခဏ ခြစ်မိလျက် နွယ်ကြိုးများကလည်း ကိုယ်နှင့်ခြေထောက်များကို ရစ်ပတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆူးခက်နှင့် သစ်ကိုင်းခြောက်များသည်လည်း ခြေမျက်စိများကို မကြာခဏ ငြိတွယ် စူးဝင်တတ်ကြရာ ကျွန်ုပ်တို့ အဝတ်အစားများသာမက အသားအရေများပါ စုတ်ပြဲပြတ်သပ်လျက် ရှိကြကုန်၏။

ထိုအခါ ဒေါက်တာမောရိုးက ကျွန်ုပ် ရှေ့မှနေ၍ "ဒီအကောင် လေးဘက်တွား ဝင်သွားတာပဲ" ဟု ပြောလိုက်လေသည်။ သို့နှင့် ကျွန်ုပ်အနီးရှိ ဝံပုလွေတစ်ပိုင်း တစ်ပိုင်းလူက "ဘယ်သူမှ ပြေးမလွတ်ပါဘူး" ဟု ယခုကဲ့သို့ အပြေးအလွှား လိုက်လံဖမ်းဆီးရသည်ကိုပင် အပျော်ခရီးထွက်ရသကဲ့သို့ ထင်မှတ်သည့်ဟန်ဖြင့် ကျွန်ုပ်၏ မျက်နှာကို ပြုံးဖြီးဖြီးကြည့်ရင်း ပြောလိုက်လေသည်။

ထို့နောက် ကျွန်ုပ်တို့သည် ကျောက်တုံးကျောက်ခဲများ ထူထပ်သောနေရာသို့ ရောက်ရှိလာရာ ကျားသစ်လူသည် ကျွန်ုပ်တို့ မလှမ်းမကမ်း၌ လေးဘက်ထောက် ပြေးသွားရင်း ကျွန်ုပ်အား မာန်ဖီကာ လှည့်ပြန်၍ လှည့်ကြည့်လိုက်သည်ကို အထင်းသား မြင်လိုက်ရ၏။ ထိုအခြင်းအရာကို မြင်ရသောအခါ ဝံပုလွေကို ပြုလုပ်ထားသည့်လူက သဘောကျသဖြင့် ရယ်ပင်ရယ်လိုက်သေး၏။ ထိုအချိန်၌ ကျားသစ်လူမှာ ကိုယ်ပေါ်တွင် အဝတ်အစားများ ရှိနေသေးရုံမျှမက မျက်နှာမှာလည်း လူ၏ ပုံပန်းသဏ္ဌာန် မပျောက်သေးချေ။ သို့သော် လေးဘက်တွား၍ သွားပုံနှင့် ပခုံးကို ပု၍ထားပုံတို့မှာ မုဆိုးအလိုက်ခံရသော သတ္တဝါတစ်ကောင်၏ ဟန်ပန် သွင်ပြင်မျိုးဖြစ်၍နေ၏။ ထို့နောက် ၎င်းသည် ပန်းအဝ ကလေးများ ပွင့်သည့် ဆူးချုံများအတွင်းသို့ ခုန်လွှား၍ ပြေးဝင်သွားလေရာ ကျွန်ုပ်တို့လည်း မျက်ခြေပြတ်သွားလေတော့၏။

ထိုအချိန်၌ နောက်မှ လိုက်ကြသူများမှာ ယခင်ကလောက် လျင်မြန်စွာ မလိုက်နိုင်တော့ဘဲ ဖြည်းဖြည်းနှင့် မှန်မှန်သာ အရှိန်မပျက် ပြေးလွှား၍ နေကြ တော့၏။ ထိုနေရာမှာ ကွင်းပြင်သို့ ရောက်လာပြီဖြစ်၍ ကျားသစ်လူနောက်သို့ လိုက်ကြသော လူအုပ်မှာ ရှေ့နောက် တန်းစီလျက် မဟုတ်တော့ဘဲ နေရာအနှံ့ အပြား ဖြန့်ကာ လိုက်ပါလျက်ရှိကြ၏။ ခွေးအတစ်ပိုင်း၊ ဝက်တစ်ပိုင်း မသတ္တဝါ မှာ ကျွန်ုပ်၏ နံဘေးမှပင် ကပ်၍ လိုက်ပါလျက် ရှိနေသေး၍ ကျွန်ုပ်အား တစ်ခါ တစ်ရံတွင် ရယ်မောကြည့်ရှုကာ ကျွန်ုပ်၏ နံဘေးကို မကြာခဏ အသားချင်းထ ၍ ထိလေသည်။

ကျောက်ဆောင်များ ထူထပ်သော နေရာသို့ ကျော်လွန်မိသောအခါ ကျားသစ်လူသည် သူ၏ လွတ်ရာလွတ်ကြောင်းအတွက် ချုံပုတ်များကို တွေ့ ပြန်သဖြင့် ကျောက်ဆောင်များ အောက်ရှိ ထိုချုံပုတ်များထဲသို့ တိုးဝင်၍ ပြေး ၏။ ထိုချုံပုတ်များရှိသော တောစပ်မှာ ကျွန်းပေါ်သို့ ကျွန်ုပ် ရောက်သည့်ည ၎င်း၏ ဘေးရန်မှ လွတ်မြောက်အောင် ၎င်းအား ကျွန်ုပ်က ပြန်လည် တိုက်ခိုက





သော နေရာပင်ဖြစ်၏။ ချုံထဲသို့ ကျားသစ်လူ ဝင်ပြေးသည်ကို မြင်သောအခါ မောင်ဂိုမာရီသည် ထိုသူ၏ အကြံကို သိသဖြင့် ဓနုစ်ဘက်မှပန်း၍ ပြေးလိုက်သွားလေသည်။

ကျွန်ုပ်သည် ကျောက်တုံး ကျောက်ခဲများကို ကျော်လွှားကာ တစ်ခါတစ်ရံ ဆူးပင် နွယ်ပင်များကို ဖယ်ရှားလျက်လည်းကောင်း၊ တစ်ခါတစ်ရံလည်း ချုံဖုတ်များအတွင်းသို့ တိုးဝင်လျက်လည်းကောင်း၊ မျက်ချေမပြတ် လိုက်၍နေရ၏။ ကျွန်ုပ်၏ ဦးခေါင်းမှာလည်း အတော်ပင် မူးဝေ၍ လာပြီးလျှင် နံကြားအတွင်းမှ နှလုံးခုန်သံကိုပင် တဒိတ်ဒိတ် ကြား၍နေရ၏။ မောလိုက်သည်မှာလည်း သေလုမတတ် ဖြစ်နေတော့၏။ ကျွန်ုပ်၏ နံဘေးမှ ခွေးအသတ္တဝါမှာမူ ကျွန်ုပ်အား မကြာခဏ ရယ်မောကြည့်ရှုကာ ကျွန်ုပ်နှင့်အတူ ယှဉ်လျက်ပင် လိုက်ပါလျက် ရှိနေ၏။ ကျွန်ုပ်မှာ ယခုပြေးလွှားလျက်ရှိသော မိုင်နှုန်းထက် လျော့၍ ဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းလူအုပ်နောက်မှ ကျန်၍ နေရစ်ခဲ့လျှင် ကြောက်မက်ဖွယ်ကောင်းသော ထိုခွေးအ,မနှင့် ကျွန်ုပ်တို့မှာ နှစ်ယောက်တည်းသာ ရှိပေတော့မည်။

အချိန်မှာ ညနေစောင်းပင် ဖြစ်သော်လည်း နေမှာ အတော်ပင် ပူပြင်းလျက် ရှိနေသေး၏။ နောက်ဆုံး၌ 'ကျားသစ်လူ' ကို လိုက်နေကြသော အရှိန်မှာ လျော့၍ သွားတော့၏။ ထိုသတ္တဝါသည် ကျွန်ုပ်၏ ထောင့်တစ်ထောင့် တစ်နေရာတွင် ညှပ်မှုးညှပ်ပိတ်မိလျက်သား ရှိနေလေပြီ။ သို့နှင့် ဒေါက်တာမောရိုးသည် လက်ထဲတွင် ကြာပွတ်ကြီးကို ဝင့်လျက် ကျွန်ုပ်တို့အား လူစုခွဲ၍ ဝိုင်းရန် အချက်ပေးလိုက်၏။ ကျွန်ုပ်တို့ ပြုလုပ်ရမည်မှာ ထိုကျားသစ်လူရှိသော နေရာကို နံဘေးတစ်လည်မှ ဝိုင်း၍ တဖြည်းဖြည်း ချဉ်းကပ်သွားရန် ဖြစ်လေသည်။ ထိုအချိန်၌ ကျားသစ်လူမှာ ချုံဖုတ်ထဲတွင် မည်သည့်နေရာသို့ ရောက်နေသည်ကို မသိရချေ။ ၎င်း၏ အသံကိုမျှပင် မကြားရချေ။

"သတိထားကြနော်၊ သတိထားကြ"

ဒေါက်တာမောရိုးသည် သူ၏ အဖွဲ့သားများအား အော်ဟစ်သတိပေးရင်း ရှေ့သို့ တိုးဝင်လျက်ရှိရာ မောင်ဂိုမာရီကလည်း "ဖြန့်ခနဲ ထွက်လာတတ်တယ်နော်။ သတိထားကြ" ဟု ပြောဆိုလျက် ရှိလေသည်။

ထိုအချိန်၌ ကျွန်ုပ်မှာ ချုံဖုတ်များကို လှမ်း၍ မြင်ရသော ကုန်းစောင်းကလေးတစ်ခု၏ ထိပ်တွင် ရောက်ရှိနေ၏။ မောင်ဂိုမာရီနှင့် ဒေါက်တာမောရိုးတို့မှာ ကမ်းစပ်အနီးရှိ ချုံဖုတ်များကို တစ်ချုံပြီးတစ်ချုံ ရိုက်ခတ်ကာ ကုန်းမြင့်ကလေးဘက်ဆီသို့ အောက်မှ တရွေ့ရွေ့ တက်လာကြ၏။ သို့နှင့် သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်များပေါ်မှ သစ်ကိုင်းများနှင့် ရှုပ်ထွေးစုပြုံ၍နေသော နေရာအနီးသို့ တဖြည်းဖြည်း ရောက်ရှိလာကြသည်။

ကျွန်ုပ်၏ လက်ယာဘက် ကိုက် ၂၀ ခန့်အကွာတွင် မျောက်လူသည် ရောက်ရှိလျက်ရှိရာ၊ "ဝေဒနာ ခံစားရတဲ့ အိမ်ကြီးကို ပြန်ရမယ်။ ဒုက္ခဝေဒနာ ခံစားရတဲ့ အိမ်ကြီးကို ပြန်ရမယ်နော်" ဟု ဟစ်အော် သတိပေးနေသံကို ကြားရ၏။ ထိုအသံကို ကြားရသောအခါ ကျားသစ်လူသည် တစ်ချိန်က ကျွန်ုပ်အား ရန်ပြုခဲ့ဖူးသည်မှန်သော်လည်း ကျွန်ုပ်မှာ ၎င်းအား အတော်ပင် သနားကရုဏာ ဖြစ်၍ သွားမိတော့၏။ ဤတွင် 'ကြွလူ'နှင့် မနီးမဝေး ချုံဖုတ်တစ်ခုဆီမှ သစ်ကိုင်းစတစ်ခု ကျိုးသံကို ချွတ်ခနဲ ကြားလိုက်ရ၏။ သို့နှင့် ကျွန်ုပ်လည်း ထိုအသံလာရာသို့ လှမ်း၍ကြည့်လိုက်ရာ သစ်ရွက်များ အုပ်ဆိုင်းနေသည့် ချုံဖုတ်တစ်ခုအောက်တွင် ဝပ်နေသည့် သဏ္ဌာန်တစ်ခုကို မသဲမကွဲ တွေ့မြင်လိုက်ရ၏။ ယင်းသည်ကား အခြားမဟုတ် ကျွန်ုပ်တို့လိုက်လံ ရှာဖွေနေသည့် တရားခံပင် ဖြစ်တော့၏။ ကျွန်ုပ်သည်လည်း ရုတ်တရက် ရပ်လိုက်၏။ ချုံဖုတ်အောက်တွင် ကိုယ်ကို တတ်နိုင်သမျှ ကျုံ့လျက် မလှုပ်မရှား ဝပ်လျက်ရှိသော ကျားသစ်လူသည် ၎င်း၏ ဆိုးလဲသော မျက်လုံးအစုံဖြင့် ကျွန်ုပ်အား ပြူး၍ကြည့်နေသည်ကို မြင်လိုက်ရလေ၏။

ထိုသတ္တဝါ၏ ကြောက်ရွံ့နေဟန် မျက်နှာထားကလေးသည်ပင် လူနှင့် တူလှသည်ဟူ၍ ကျွန်ုပ်လည်း သနားစိတ်များ ဝင်၍လာမိ၏။ အကယ်၍ ဒေါက်တာမောရိုးတို့ လူစုတွေ့ရှိသွားပါက ၎င်းအား ဝေဒနာ ခံစားရမည့် အိမ်ကြီးဆီသို့ ပြန်၍ ခေါ်ဆောင်ကာ နှိပ်စက်ကလူ ပြုကြပေတော့မည်။ သို့နှင့် ကျွန်ုပ်အား ထိုးစိုက်ကြည့်နေသော မျက်လုံးအစုံကြားသို့ ခြောက်လုံးပြူးကို တည့်တည့်ချိန်လျက် တစ်ခါတည်း ပစ်ထည့်လိုက်တော့၏။

ကျွန်ုပ် ပစ်လိုက်သည့် ခဏ၌ ခွေးအသတ္တဝါမသည် ကျားသစ်လူကို ရုတ်တရက် မြင်လိုက်သည်နှင့် ၎င်းအပေါ်သို့ ခုန်၍ အုပ်ကာ လည်ကုပ်ကို ခဲလျက်ရှိလေသည်။ ကျွန်ုပ်၏ သေနတ်သံကို ကြားလိုက်သဖြင့် အနီးရှိ ချုံဖုတ်များဆီသို့ တိရစ္ဆာန်လူများသည် သစ်ကိုင်းများကို တရှဲရှဲတိုး၍ လာကြပြီးလျှင် ရှေ့သို့ ခေါင်းပြူ၍ကြည့်ကြ၏။

မောရိုး။ ။"ဟော့ ... ပရင်းဒစ်၊ ပရင်းဒစ်၊ မသတ်နဲ့ မသတ်နဲ့"

ဒေါက်တာမောရိုးက လှမ်း၍အော်လိုက်သော အသံကို ကြားလိုက်ရ၏။ သူသည် ဟစ်အော်ပြောဆိုရင်း အနီးရှိ တိရစ္ဆာန်လူများအား နံဘေးသို့ ရှဲသွားစေရန် ကြာပွတ်ဖြင့် ရိုက်ခတ်ရင်း ဝင်ရောက်လာလေသည်။





နောက်တစ်ခဏ၌ သူသည် ခွေးအသတ္တဝါမအား ကြာပွတ်လက်ကိုင်ဖြင့် တစ်ချက် ရိုက်လိုက်ပြီးနောက် သူနှင့် မောင်ဂိုမာရီတို့သည် အသားစား 'တိရစ္ဆာန်လူ' တို့အား ရိုက်ခတ် နှင်ထုတ်လျက် ရှိကြလေသည်။ အထူးသဖြင့် မီလန်အား ကျားသစ်လူ အသေကောင် အနီးတွင် မချဉ်းကပ်စေရန် တားဆီးထားလေသည်။ ထိုအချိန်၌ မီးခိုးရောင် ဆံပင်ရှည်ရှိသော သတ္တဝါသည် ကျွန်ုပ်အနီးမှပင် ကပ်၍ ရှေ့သို့ တိုးသွားကာ အသေကောင်အား အနံ့ခံလျက် ရှိလေရာ၊ အခြားတိရစ္ဆာန်များသည်လည်း သေသွားသော ကျားသစ်လူ အသေကောင်ဆီသို့ တိုးဝင်ကြည့်ရှုလျက် ရှိကြလေသည်။

မောရိုး။ ။"ဟာ ... ဟာ့ ... ခင်ဗျား သိပ်ဂွကျတာပဲ ပရင်းဒစ်၊ ဒီကောင်ကို အရှင် လိုချင်တာဗျ၊ ဘာဖြစ်လို့ ခင်ဗျားက သတ်လိုက်တာလဲ"

ကျွန်ုပ်။ ။"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်လည်း စိတ်လိုက်မာန်ပါ လုပ်လိုက်လို့ လက်လွန်သွားတာပါ"

ကျွန်ုပ်လည်း ဒေါက်တာမောရိုးက အပြစ်တင်သည်ကို ကျေလည်စေရန် မှသားသုံး၍ အဖြေပေးလိုက်ရလေသည်။

ကျွန်ုပ်မှာ ကျားသစ်လူကို အမီလိုက်ခဲ့ရသဖြင့် အတော်ပင်ပမ်းနွမ်းနယ်နေပြီဖြစ်ရာ ဆူဆူညံညံ အသံများကို ထပ်မံ မကြားလိုတော့သဖြင့် လူအုပ်ထဲမှ ထွက်ခဲ့ပြီးလျှင် ကုန်းမြင့်ကလေးကို တဖြည်းဖြည်း တက်လာခဲ့မိ၏။ အောက်ဘက်၌ကား နွားကို ပြုပြင်ထားသည့် လူသုံးယောက်တို့သည် ဒေါက်တာမောရိုး၏ ညွှန်ကြားချက်အရ ကျားသစ်လူ၏ အလောင်းကို ရေစပ်သို့ ဆွဲယူသွားသည်ကို မြင်ရလေသည်။

ကျွန်ုပ်မှာ တစ်ယောက်တည်း ရပ်၍ ကြည့်နေရသဖြင့် စိတ်များ ပေါ့ပေါ့ပါးပါး ဖြစ်လာ၏။ ထိုအချိန်၌ တိရစ္ဆာန်လူများမှာ ၎င်းတို့၏ အဖော်သုံးယောက်က ကျားသစ်လူ၏ အလောင်းကို ဆွဲသွားသဖြင့် နောက်မှ အနံ့ခံရင်း တစ်အုပ်ကြီး လိုက်ပါသွားကြလေသည်။ ထိုအခါ ကျွန်ုပ်လည်း အထက်ပါ အခြင်းအရာများကို ဆင်ခြင်သုံးသပ်ပြီးလျှင် ဤထူးဆန်းသော ကျွန်းကလေးပေါ်တွင် ဖြစ်ချင်သလို ဖြစ်၍နေသော အကြောင်းအရာများကို လေးနက်စွာ စဉ်းစား၍ နေမိတော့၏။

ကျွန်းစပ်သဲပြင်ပေါ်တွင် မောင်ဂိုမာရီနှင့် ဒေါက်တာမောရိုးတို့ အနီးတစ်ဝိုက်၌ ပုံသဏ္ဌာန်အမျိုးမျိုး ရှိနေသည့် တိရစ္ဆာန်လူတို့သည် ဆူညံသော အသံများဖြင့် စုရုံးလျက်ရှိကြ၏။ စိတ်ကိုလည်း ထိခိုက်ကြဟန်တူ၍ မိမိတို့ ကိုယ်တိုင် ဥပဒေသကို ရှိသေကြောင်းဖြင့် တစ်ယောက်တစ်ခွန်း ပြောဆိုလျက် ရှိကြ၏။ သို့သော် ခွေးအကို ပြုပြင်ထားသည့် သတ္တဝါမှာ လှုန်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ရာတွင် ပါဝင်ကြောင်း ကျွန်ုပ် ကောင်းစွာ သိပြီးဖြစ်၏။ မည်သည့် သတ္တဝါမျိုးပင်ဖြစ်စေ၊ ပင်ကိုဗီဇစိတ်များနှင့် ဆင်ခြင်သုံးသပ်တတ်သော ဉာဏ်ရှိခြင်းမျှသာ အဓိကဖြစ်၍ ယင်းသည်ပင်လျှင် လူသားနှင့် တိရစ္ဆာန်တို့၏ ခြားနားချက် ဖြစ်၏။ ကျားသစ်မှ ပြုပြင်လုပ်ကိုင်ထားသော ထို'ကျားသစ်လူ'မှာ တိရစ္ဆာန်တို့၏ ဗီဇဘက်မှလည်းကောင်း၊ လူသားတို့၏ အသိဉာဏ်ဘက်မှလည်းကောင်း နှစ်ဖက်စလုံး ကျင်လည်ခံစားရခဲ့ရဟန်တူ၏။

ယင်းတို့သည်ကား သနားဖွယ်ကောင်းသော တိရစ္ဆာန်များပါပေ။ ၎င်းတို့သည် ဒေါက်တာမောရိုး၏ ပြုပြင်ရာကို ခံကြရပြီးလျှင် လုပ်ငန်း၏ ရက်စက်မှုကိုလည်း ကျွန်ုပ် တွေးမိ၏။ ယခင်ကမူ တိရစ္ဆာန်တို့သည် မောရိုး၏ လက်မှ လွတ်မြောက်လာသောအခါ ၎င်းတို့၌ နာကျင်မှုဟူ၍ မရှိ၊ အနှောင့် အယှက်ဟူ၍ မရှိဟု ကျွန်ုပ် ထင်ခဲ့မိ၏။ အိမ်ဝင်းအတွင်းရှိ မောရိုး၏ ခွဲစိပ်ခန်း၌ ရှိနေစဉ် အတွင်းသာ ၎င်းတို့၌ အော်ဟစ်ရလောက်အောင် ပြင်းထန်သော ဝေဒနာကို ခံရသည်ဟု ယခင်က ထင်ခဲ့မိ၏။ သို့သော် ခွဲစိပ်ခန်း၌ ခံစားကြရသော ဝေဒနာများမှာ အပြင်သို့ ရောက်၍ ခံစားကြရခြင်းများနှင့် နှိုင်းစာသော် မဆိုစလောက်မျှသာ ရှိသေး၏။ ယခင်ကမူ ၎င်းတို့မှာ သာမန် အဟိတ်တိရစ္ဆာန်များသာ ဖြစ်ကြ၍ အံဝင်ခွင်ကျ ဖြစ်ခဲ့၏။ သို့သော် ယခုအခါ၌ ၎င်းတို့မှာ လူ၏ပုံပန်းနှင့် တူညီအောင် ပြုပြင်ပေးထားခြင်း ခံရသဖြင့် လူသားလည်း လုံးလုံးလျားလျား မဟုတ်၊ တိရစ္ဆာန်နှင့်လည်း လုံးဝ မတူဘဲ ဒေါက်တာ မောရိုးအား အကြောက်ကြီး ကြောက်ကြသော ကိုးကွယ်ရာမဲ့ ရှိနေကြရ၏။ ၎င်းတို့ဘဝမှာ အချည်းနှီးသော ဘဝဖြစ်၍ ၎င်းတို့၏ ဘဝတည်နေပုံကို စဉ်းစားသုံးသပ်ရင်း ကျွန်ုပ်မှာ ကိုယ်ချင်းစာတရား ဖြစ်၍လာကာ စိတ်ကို အတော်ပင် ထိခိုက်တော့၏။

အကယ်၍သာ ဒေါက်တာမောရိုးသည် ထိုတိရစ္ဆာန်များကို ပြုပြင်ပေးရာ၌ ခိုင်မာသော ရည်ရွယ်ချက်မျိုး ရှိခဲ့ပါက ကျွန်ုပ်သည် ကိုယ်ချင်းစာနိုင်ပါသေး၏။ တိရစ္ဆာန်တို့၏ နာကျင်စွာ ခံစားရခြင်းကို မပြောဘဲ နေနိုင်ပါသေး၏။ ၎င်းတို့အား မုန်းတီးသောစိတ်ကြောင့် ခွဲစိပ်ပြုပြင်ပေးသည် ဆိုစေကာမူ ကျွန်ုပ် ကျေနပ်ပါသေး၏။ သို့သော် မည်သို့မျှ အဓိပ္ပာယ်မရှိသော ရည်ရွယ်ချက်မျိုး အကြောင်းမဲ့၊ တာဝန်မဲ့ ပြုလုပ်နေခြင်းကိုမူ မည်သို့မျှ အခွင့်မလွှတ်နိုင်ပေ။ သူ၏ပြုပြင်ပေးခြင်းခံရသော သတ္တဝါများသည် တစ်နှစ်သည် နှစ်နှစ်တန်သည် အသက်ရှင်နေထိုင်ပြီးနောက် သဘာဝကြောင့်သော်လည်းကောင်း သေဆုံးပျောက်ကွယ်သွားရသည်သာ ဖြစ်ချေ၏။ ၎င်းတို့၏ဘဝကို လှုပ်ရှားရန်းကန်ရင်း အမျိုးမျိုး ဒုက္ခဝေဒနာများကို ခံစားကြရပြီးနောက်၊ နောက်ဆုံးတွင် ထိုဝေဒနာများကို ခံစားကြရရင်းပင် သေဆုံးကြရရှာတော့၏။ ထို့ပြင်လည်း ၎င်းတို့မှာ တိရစ္ဆာန်





မကုန်ကြသေးသဖြင့် အချင်းချင်း ရန်ပြုလိုသောစိတ်၊ ကိုက်ဖြတ်စားသောက်လိုသောစိတ်ရှိကြ၏။ ဤသည်တို့ကို ကာကွယ်တားဆီးရန် တစ်ဘက်မှ ဥပဒေသဖြင့် ပညတ်ထားသည်ကား မှန်၏။ သို့သော် ထိုပညတ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြင့် လမ်းဆုံးသို့သာ နောက်ဆုံး ရောက်ကြရလေသည်။

ထိုအချိန်ကမူ ကျွန်ုပ်သည် 'တိရစ္ဆာန်လူ' များအား ကြောက်ရွံ့နေသကဲ့သို့ပင် ဒေါက်တာ မောရိုးအားလည်း ကြောက်ရွံ့နေခဲ့မိ၏။ ကျွန်ုပ်၏ စိတ်ထဲတွင် ကြောက်ရွံ့စိတ်နှင့်မတူသော အခြားတုန်လှုပ်ချောက်ချားသည့် စိတ်တစ်မျိုးလည်း ဝင်ရောက်၍နေသေး၏။ ၎င်းတို့သည် ကျွန်ုပ် စိတ်ထဲတွင် အနာရွတ်တစ်ခုကဲ့သို့ ထင်ကျန်ရစ်ခဲ့၏။ ကျွန်းကလေးပေါ်တွင် ၎င်းတို့ ခံစားကြရသော ဒုက္ခဝေဒနာများကို မြင်ရခြင်းအားဖြင့် ကျွန်ုပ်သည် လောကကြီး၏ တရားမျှတမှုကိုလည်းကောင်း၊ မှန်ကန်သော သဘောတရားတို့ကိုလည်းကောင်း စိတ်ထဲတွင် အယုံအကြည် မရှိတော့လောက်အောင်ပင် ဖြစ်၍သွားမိ၏။

ဤသို့ နာကျင်ခြင်းကင်းမဲ့စွာ ပြုလုပ်လျက်ရှိသော စက်ယန္တရားကြီး ချက်သုဉ်းစေရန် ကျွန်ုပ်အပါအဝင် ဒေါက်တာ မောရိုးတည်းဟူသော သုတေသနလုပ်ငန်းရှင် ပါရဂူကြီးတစ်ဦးနှင့် အရက်သောက်ရန်ကိုသာ အာရုံစိုက်နေသော သူ၏လက်ထောက် မောင်ဂိုမာရီနှင့် တိရစ္ဆာန်လူများပင် မသိနိုင်သော လူတို့ မျက်စိဖြင့် မမြင်နိုင်သည့် ကံကြမ္မာကောင်ကြီးသည် တစ်နေ့နေ့တွင် ထိုစက်ယန္တရားကြီးကို ဖျက်ဆီးပစ်လိမ့်မည်ဟု ကျွန်ုပ် စိတ်တွင် ထင်မိ၏။ ထိုကံကြမ္မာဆိုးကြီးကား ရုတ်ချည်း ပေါ်မလာသေးသော်လည်း တစ်စထက်တစ်စ နီးကပ်၍သာ လာလေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com

## ၁၇
## ကပ်ကြီးဆိုက်ရောက်လာခြင်း

ကျွန်ုပ်သည် ဒေါက်တာမောရိုး၏ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော 'ခွဲစိတ်စမ်းသပ် ဖန်တီးမှု' များကို တစ်နေ့တခြား ညည်းငွေ့၍ လာပြီးလျှင် စိတ်ဂုန်ခမ်းခဲ့သည်မှာ ရက်သတ္တပတ် ၆ ပတ်မျှပင် ကြာခဲ့လေပြီ။ သို့နှင့် သတ္တဝါ အမျိုးမျိုးကို စမ်းသပ်ပြုပြင်နေသည့် ထိုထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော ကျွန်းကလေးမှ တစ်ခါတည်း ထွက်ခွာ၍ သာယာပျော်မွေ့ဖွယ်ကောင်းသော လူသားတို့၏ လောကအသိုင်းအဝိုင်းဆီသို့ ပြန်လည်ရောက်ရှိရန် ကြိုးစားရတော့မည်ဟု စိတ်ကူးမိ၏။ ယဉ်ကျေးသော လူသားအချင်းချင်း ပေါင်းသင်း ဆက်ဆံ ကာ ယခင်က နေထိုင်ခဲ့ရသော အဖြစ်များကို တနုံ့နုံ့ ပြန်၍ သတိရကာ မိတ်ဆွေ ဟောင်းများနှင့် ကွေကွင်းခဲ့ရသည့် အဖြစ်များကိုလည်း အတိုင်းမသိ ကြေကွဲဝမ်း နည်းမိပါတော့၏။ ကျွန်ုပ်သည် မောင်ဂိုမာရီနှင့် စတင်သိကျွမ်းခဲ့ပြီးနောက် ထို ထက်ပို၍ရင်းနှီးခြင်းကား မရှိချေ။ ၎င်းမှာ လူ့လောကသားတို့နှင့် လုံးဝ အဆက် ပြတ်၍နေပြီးလျှင် အရက်သေစာကိုသာ လွန်လွန်ကဲကဲသောက်ကာ တိရစ္ဆာန်လူ များနှင့် အရောတဝင် ရှိနေခြင်းကြောင့် ကျွန်ုပ်သည် သူ့အား အပေါင်းအဖော်မှု ခေါ်ငင်ပြောဆိုလျက် ဟက်ဟက်ပက်ပက် ပေါင်းသင်းဆက်ဆံလိုသော စိတ်မရှိ လှပေ။ သူသည် တိရစ္ဆာန်လူများ နေထိုင်ရာ ရွာကလေးသို့ ကြိမ်ဖန်များစွာ





သွားရောက်ခဲ့ရာ၊ ကျွန်ုပ်မှာမူ သူနှင့် အတူမလိုက်ဘဲ ဝင်းခြံထဲ၌ပင် နေရစ်ခဲ့၍ ထိုတိရစ္ဆာန်လူတို့နှင့် မဆက်ဆံမိအောင် တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်း နေထိုင် ခဲ့လေသည်။

အားလပ်သည့် အခါတိုင်း ကျွန်ုပ်သည် ပင်လယ်ကမ်းစပ်သို့ ဆင်းကာ လှေသင်္ဘောတစ်စင်းတလေမျှ ကံစွပ်၍ ကျွန်းကလေးအနီးသို့ ဖြတ်သန်းရွက် လွှင့်လာလေမည်လောဟု မျှော်လင့်တမ်းတကာ အချိန်များကို ကုန်လွန်စေခဲ့၏။ သို့သော် ကျွန်ုပ် မျှော်လင့်တောင့်တသည့်အတိုင်း မည်သည့်လှေ၊ မည်သည့် သင်္ဘောမျှ ရောက်ရှိမလာဘဲ ကျွန်းပေါ်တွင် ထူးခြားသော ပြောင်းလဲမှုများကို ဖန်တီးပေးမည့် ဘေးဒုက္ခကြီးတစ်ခုသာလျှင် ဆိုက်ရောက်လာတော့၏။

ကျွန်းပေါ်သို့ ကျွန်ုပ်ရောက်ရှိ၍ ရက်သတ္တပတ် ၇ ပတ်၊ ၈ပတ်ခန့်မျှ ကြာရှိခဲ့ပြီ ဖြစ်၏။ အချိန်ကိုကား ကောင်းစွာ မှတ်သားထားခြင်း မပြုမိခဲ့ပေ။ တစ်နေ့သော နံနက်စောစော၊ စိတ်ထင် ၆ နာရီခန့် အချိန်၌ ခြံဝင်းထဲသို့ ထင်းများ သယ်ယူလာသော တိရစ္ဆာန်လူ ၃ ယောက်တို့၏ အသံကြောင့် ကျွန်ုပ်သည် အိပ်ရာမှ နိုးလာပြီးလျှင် ထိုနေ့နံနက်စာကို ခပ်စောစောကပင် စားခဲ့၏။ စား သောက်ပြီးနောက် ခြံဝင်းတံခါးဆီသို့ သွားပြီးလျှင် စီးကရက်တစ်လိပ်ကို သောက် ရင်း ကြည်လင်လန်းဆန်းသော နံနက်ခင်း၏ သဘာဝရှုခင်းကို အာရုံစိုက်ကြည့် နေမိ၏။ ထိုအချိန်တွင် ဒေါက်တာမောရိုးသည် ခြံထောင့်တစ်နေရာမှ ထွက်လာ ပြီးလျှင် ကျွန်ုပ်အား နှုတ်ဆက်ထွက်သွားလေသည်။

မကြာမီပင် သူ၏ ခွဲစိတ်ခန်းမှ တံခါးဖွင့်သံနှင့် အခန်းထဲသို့ ဝင်သွား သံ ကြားရပြီးနောက် ထိုအချိန်နှင့် မရှေးမနှောင်းပင် အခန်းထဲမှ 'ပူးမား' ခေါ် ကျားသစ်ကြီး၏ ဟာစ်အော်သံကို ကြားလိုက်ရ၏။ အသံမှာ နာကျင်သော ဝေဒနာကို မချိမဆန့် ခံစားရသဖြင့် အော်ဟစ်လိုက်သော အသံမျိုးဖြစ်၏။ ပထမ၌ ကျွန်ုပ်သည် နံနက်ခင်း၏ ရှုမျှော်ခင်းတွင် အာရုံစူးစိုက်နေသဖြင့် ကြားလိုက်ရ သော အသံကို သာမန်ကာ ရှန်ကာမျှသာ သတိပြုမိသော်လည်း ကျားသစ်၏ အသံမှာ ခွဲစိတ်ကုသသူအား ပြန်၍ရန်ပြုနေသော အသံမျိုးဖြစ်သည်ဟုထင်မိပြန် ၏။

ထိုခဏ၌ ကျွန်ုပ်၏နောက်မှ ကျယ်လောင်သော အသံကြီးတစ်သံကို ကြားလိုက်ရပြီးလျှင် လဲကျသံတစ်ခုကိုလည်း ကြားလိုက်ရ၏။ သို့နှင့် ကျွန်ုပ် သည် နောက်သို့ပြန်၍ လှည့်ကြည့်လိုက်ရာ မျက်နှာတွင် သွေးစီးကြောင်းကြောင်း များ အထင်းသားပေါ်လျက် လူမဟုတ်၊ တိရစ္ဆာန် မဟုတ်သော အရောင်ခပ် ညိုညို သတ္တဝါကြီးတစ်ကောင်သည် ကျွန်ုပ်ဆီသို့ တစ်ဟုန်ထိုး ပြေးလာသည်ကို တွေ့လိုက်ရ၏။ မျက်ခွံမရှိသော ၎င်း၏ မျက်လုံးကြီးများမှာ နီရဲသော အရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဝင်းပြောင်တောက်ပလျက်ရှိ၏။ ကျွန်ုပ်လည်း အလန့်တကြားဖြင့် ကျွန်ုပ်ဆီသို့ ပြေးဝင်လာသော သတ္တဝါကြီးအား လက်တစ်ဘက်ကို မြှောက်၍ ကာလိုက်ရာ၊ ၎င်း၏ တိုးဝင်တိုက်ခိုက်သော အရှိန်ကြောင့် ကျွန်ုပ်၏ လက်တစ်ဘက်မှာ ပျောင်းခနဲ ကျိုး၍သွားတော့၏။ သတ္တဝါကြီးမှာ တစ်ကိုယ်လုံး ပတ်တီးများ စည်းထားလျက် နေရာအနှံ့အပြားတွင် သွေးစသွေးနများ စွန်းထင်းလျက်ရှိ၏။ ၎င်းသည် ကျွန်ုပ်အား တိုးဝင်တိုက်ခိုက်ပြီးနောက် ခြံပေါက်ကို စုန်၍ ထွက်သွားလေသည်။

ကျွန်ုပ်သည် မြေနိမ့်ရာ ကမ်းစပ်ဘက်သို့ လှိမ့်၍ ချလိုက်ပြီးနောက် ခေတ္တမျှ သတိမေ့လျော့ဘိသကဲ့သို့ ဖြစ်သွားပြီးလျှင် သတိရသည်နှင့် တစ်ပြိုင်နက် ထိုင်ရန် ကြိုးစား၏။ သို့သော် ကျိုးနေသော ကျွန်ုပ်လက်တစ်ဘက်ကို ဖိ၍ထားမိသဖြင့် ထိုင်၍မရချေ။ ထိုအချိန်၌ ဒေါက်တာမောရိုးသည် အခန်းထဲမှ ဘွားခနဲ ပေါ်ထွက်လာပြီးလျှင် ကြံ့ခိုင်တောင့်တင်း၍ ဖြူဖွေးသော သူ၏မျက်နှာကြီးမှာလည်း နဖူးဆီမှ စီးကျလာသည့် သွေးကြောင်းများကြောင့် နီရဲလျက်ရှိနေ၏။ သူသည် လက်တစ်ဘက်၌ ခြောက်လုံးပြူးသေနတ်ကို ကိုင်ကာ ကျွန်ုပ်ကိုပင် လှည့်၍ မကြည့်နိုင်ဘဲ ကျားသစ်ကြီး ခုန်ထွက်သွားသော လမ်းအတိုင်း တစ်ခါတည်း နောက်မှ ပြေးလိုက်သွားလေ၏။

ကျွန်ုပ်သည် ကောင်းသော လက်တစ်ဘက်ကို အားပြု၍ ထောက်ကာ လဲနေရာမှ ထိုင်လိုက်၏။ တစ်ကိုယ်လုံးပတ်တီးများ စည်းထားသော သတ္တဝါကြီးမှာ ပတ်တီးစကြီးများ တန်းလန်းဖြင့် ရှေ့က ပြေးသွားလျက် ရှိသည်ကို ဒေါက်တာမောရိုးက နောက်မှ ထက်ချပ် အမီလိုက်လျက်ရှိနေ၏။ ၎င်းသည် တစ်ခါတရံ လှည့်၍အကြည့်တွင် နောက်မှ လိုက်နေသော ဒေါက်တာ့မောရိုးကို မြင်ရသဖြင့် ပို၍လျင်မြန်စွာ ပြေးသွားပြီးနောက် ချုံပုတ်များရှိရာ တောဆီသို့ ချဉ်းကပ်၍ သွားလေ၏။ မောရိုးမှာ ထိုသတ္တဝါကြီးလောက် မပြေးနိုင်သဖြင့် အတန်ငယ် နောက်ကျ၍ ကျန်ရစ်ခဲ့ရာ ချုံတောများအတွင်းသို့ ကျားသစ်ကြီး ဝင်မည်ပြုသည်နှင့် တစ်ပြိုင်နက် သေနတ်ဖြင့် လှမ်း၍ ပစ်လိုက်၏။ သို့သော် မထိမှန်ဘဲ လွဲချော်၍သွားလေသည်။ ထို့နောက် သတ္တဝါကြီးနှင့်တကွ ဒေါက်တာမောရိုးပါ စိမ်းလန်းသော တောအုပ်အတွင်းသို့ ဝင်ရောက်ကာ ကျွန်ုပ်၏ မျက်စိအောက်မှ ပျောက်ကွယ်၍ သွားလေတော့သတည်း။

ကျွန်ုပ်သည် ပြေးသူနှင့် လိုက်သူနှစ်ဦးစလုံးကို အကြောင်းသား ကြည့်လျက်ရှိရာ၊ ကျိုး၍သွားသော လက်တစ်ဘက်ကလည်း အလွန်နာကျင်လာတော့၏။ သို့နှင့်ပင် ကြိုးစား၍ မတ်တတ်ရပ်လိုက်လေသည်။ ထိုအချိန်၌ မောင်ဂိုမာမှာ အဝတ်အစားများလဲကာ ခြံဝင်းပေါက်မှ ထွက်လာသည်ကို တွေ့လိုက်ရ၏။





၎င်းတို့၏ လက်တစ်ဘက်၌ကား ခြောက်လုံးပြူးသေနတ်တစ်လက်ကို ကိုင်၍ လာလေသည်။

ရှိ ။ ။ "ဗျို့ ... ပရင်းဒစ်၊ ဟိုအကောင်ကြီး လွတ်သွားပြီဗျား။ ချည်ထားတဲ့ ကြိုးကို ပြတ်အောင် ရုန်းထွက်သွားတယ်။ သူ့တို့ကို ခင်ဗျား မမြင်လိုက်ဘူးလား"

ထို့နောက် ကျွန်ုပ်က လက်တစ်ဘက်ကို အသာဖိနှိပ်ထားသည်ကို မြင်သဖြင့် –

"နေပါဦး၊ ခင်ဗျားက ဘာဖြစ်လို့လဲ"

"ကျုပ်က ခြံဝင်းပေါက်မှာ ရပ်နေမိလို့ပါပဲဗျာ"

သူသည် ကျွန်ုပ်ထံသို့ လာရောက် ကျိုးသွားသော လက်တစ်ဘက်ကို အသာအယာ ကိုင်တွယ်ကြည့်ရှုလျက် ရှိလေသည်။

"ဟာ ... အင်္ကျီပေါ်မှာလည်း သွေးတွေနဲ့ ပါလားဗျို့" ပြောပြောဆိုဆိုနှင့်ပင် သူသည် ကျွန်ုပ်၏ အင်္ကျီလက်များကို အပေါ်သို့ လိပ်တင်ပေးပြီးလျှင် သူ၏ သေနတ်ကို ဘောင်းဘီအိတ်ထဲသို့ ပြန်၍ ထည့်လိုက်ပြီးနောက် ကျွန်ုပ်၏ လက်ကို ကိုင်ဖွယ်ကြည့်ရှုကာ ကျွန်ုပ်အား တဲအတွင်းသို့ ခေါ်သွားလေသည်။

"ခင်ဗျား လက်တော့ ကျိုးသွားပြီဗျို့။ ဒါနဲ့ ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်ပြီး သွားကြတာလဲ"

သို့နှင့် ကျွန်ုပ်လည်း ကိုယ်တိုင် တွေ့မြင်လိုက်သမျှ အကြောင်းများကို သူ့အား ပြန်ပြောလေသည်။ ကျွန်ုပ်၏ လက်မှာ အလွန်နာကျင်နေသဖြင့် ချောမောပြေပြစ်စွာ ပြောမပြနိုင်ပေ။ သူသည် ကျွန်ုပ်၏ ကျိုးသွားသော လက်ကို ပတ်တီးများဖြင့် ကျင်လည်စွာ စည်းနှောင်ပေးပြီးနောက် အဝတ်စတစ်ခုဖြင့် ပခုံးတွင် သိုင်း၍ပေး၏။

"ပျောက်မှာပါပဲဗျာ။ ကိစ္စမရှိပါဘူး။ ကိုင်း ... ဒါနဲ့"

ပြောပြောဆိုဆိုနှင့် သူသည် ခေတ္တမျှ တွေဝေစဉ်းစားပြီးနောက် တံခါးမကြီးကို ဖွင့်၍ထွက်ပြီးလျှင် သော့ကို ပြန်ချတ်လျက် အပြင်သို့ ထွက်သွားပြီးလျှင် ပျောက်ကွယ်၍ သွားလေတော့၏။

ကျွန်ုပ်မှာမူ နာကျင်သော လက်မောင်းကိုပင် စိုက်၍ ကြည့်နေမိ၏။ ယခု တွေ့ရသော အဖြစ်အပျက်မှာ ဤကျွန်းပေါ်တွင် စိတ်မချမ်းမြေ့ဖွယ် တွေ့ကြုံရသည့် ကိစ္စများအနက် တစ်ခုမျှသာဖြစ်သေး၏။ ကျွန်ုပ်သည် ပက်လက်ကုလားထိုင်ပေါ်တွင် သက်တောင့်သက်သာရှိစေရန် ထိုင်လိုက်ပြီးလျှင် ထိုကျွန်းပေါ်သို့ ဆိုက်ရောက်လာသည့်ကာလ မိမိ တွေ့ကြုံခဲ့ရသည့် စိတ်မချမ်းမြေ့ဖွယ် အဖြစ်အပျက်များကိုသာ စိတ်ဆိုက်ပေါက်နှင့် ရေရွတ်ကျိန်ဆဲ၍ နေမိ၏။ ကျွန်ုပ်လက်မှ အနာသည် အသက်သာ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပို၍ပင် နာ၍လာရာ မောင်ဂိုမာရီလည်း မကြာမီ ပြန်လည်ရောက်ရှိလာတော့၏။ သူ၏ မျက်နှာမှာလည်း သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူလျော် ဖြစ်၍နေလေသည်။

ရီ ။ ။ "ကျုပ်တော့ သူတို့ အစအနတောင် ရှာမတွေ့တော့ဘူးဗျား ကျုပ် အကဲ့အညီတော့ သူလိုလိမ့်မယ် ထင်တာ၊ ကျုပ်သိပါတယ်။ ဒါပေမယ့် မတွေ့တော့ ဘယ်တတ်နိုင်မှာလဲ"

သို့ပြောရင်း သူသည် ကျွန်ုပ်အား အဓိပ္ပာယ် မရှိသော မျက်လုံးများဖြင့် စိုက်၍ကြည့်နေ၏။ ထို့နောက် ဆက်လက်၍ --

"ဒီကောင်ကြီးဟာ သိပ်ပြီးသန်တဲ့ဗျာ။ အုတ်နံရံမှာ တွဲပြီးချည်ထားတဲ့ ဆူးကြိုးတွေကိုတောင် ခုန်ဆင့်ရုန်းပြီး ထွက်ပြေးတာ"

သူသည် ပြတင်းပေါက်နှင့် တံခါးအကြားတွင် စကြိုလျှောက်ရင်း ကျွန်ုပ်အား မကြာခဏ ကြည့်ကာ ဂဏာမငြိမ်နိုင်အောင် ဖြစ်၍နေ၏။

"ကျုပ်တော့ သူ့နောက်ကို ထပ်လိုက်သွားဦးမှပဲ။ ခင်ဗျားအတွက် ခြောက်လုံးပြူးတစ်လက်တော့ ထားခဲ့ပါမယ်လေ။ အမှန်ပြောရရင် သူ့အတွက် က စိတ်ပူစရာ ဖြစ်နေတာပဲ။ ဒီတော့ သွားဦးမှ ဖြစ်မယ်"

သူသည် ခြောက်လုံးပြူးသေနတ်တစ်လက်ကို ယူခဲ့ပြီးနောက် ကျွန်ုပ် လက်လှမ်းမီသောနေရာ စားပွဲပေါ်၌ တင်ထားခဲ့ပြီးလျှင် ထွက်သွားလေသည်။ သူ ထွက်သွားသောအခါ ကျွန်ုပ်လည်း ကောင်းသော လက်တစ်ဘက်ဖြင့် သေနတ်ကို ဆွဲယူခဲ့ပြီးလျှင် ခြံဝင်းတံခါးဆီသို့ လျှောက်ခဲ့၏။

နံနက်ခင်းကား တိတ်ဆိတ်ငြိမ်သက်လျက်ပင် ရှိနေ၏။ လေမှာ လုံးဝ တိုက်ခတ်ခြင်းမရှိဘဲ ပင်လယ်ရေပြင်ကြီးမှာလည်း မှန်ကြီးတစ်ချပ်ကို ခင်းထားဘိသကဲ့သို့ တည်ငြိမ်လှ၏။ ကောင်းကင်တွင် မိုးသားများ ကင်းစင်လျက် ကျွန်း၏ ကမ်းစပ်တစ်ဝိုက်မှာ ခြောက်သွေ့တိတ်ဆိတ်လျက်ရှိနေ၏။ ကျွန်ုပ်မှာမူ စိတ် ညစ်ညူးစရာအကြောင်းများကို တွေ့လျက်လည်းကောင်း၊ လှုပ်ရှားသွားလာလို သော စိတ်များကို ဖိနှိပ်လျက်လည်းကောင်း စိတ်ထဲတွင် လေးလံထိုင်းမှိုင်း၍နေမိ၏။

သို့ဖြင့် ကျွန်ုပ်လည်း အတန်ငယ် စိတ်သက်သာရာ ရစေရန်လေချွန်၍ ကြည့်မိ၏။ သို့သော် လေချွန်သံကား ပီပီသသ ထွက်၍ မလာချေ။ သို့နှင့် အတန်ငယ် ဒေါသထွက်၍ လာပြီးလျှင် ဒုတိယအကြိမ် အသံများ ထွက်အောင် ရှေ့ရွှတ်လိုက်ပြန်၏။ ထို့နောက် ကျွန်ုပ်လည်း ခြံဝင်းထောင့်ဆီသို့ သွားရောက်ကာ ဒေါက်တာမောရီးနှင့် မောင်ဂိုမာရီတို့ ဝင်ရောက်သွားသော တောအုပ်များကို လှမ်းမျှော်ကြည့်ရှု၍ နေမိတော့၏။ သူတို့သည် မည်ကဲ့သို့ ဖြစ်ပျက်ကြ၍ မည်





သည့်အဖြစ်မျိုးနှင့် တွေ့ကြုံပြီးလျှင် မည်သည့်အချိန် ပြန်ရောက်လာမည်ကို စိတ် ထဲတွင် မတွေးတတ်နိုင်အောင် ရှိတော့၏။ ထိုအချိန်၌ 'တိရစ္ဆာန်လူ' တစ်ယောက် သည် ရေစပ်သို့ ဆင်းကာ ရေများကို ဟိုဟိုသည်သည် ပက်၍နေသည်ကို မြင်ရ ၏။ ကျွန်ုပ်လည်း ခြံထောင့်မှ ခြံဝင်းတံခါးဆီသို့ ပြန်၍လျှောက်ခဲ့ပြီးလျှင် အစောင့် ကျသော စနှရီတစ်ယောက်ကဲ့သို့ ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေမိတော့၏။ သို့ရှိစဉ် မောင်ဂိုမာရီက ဒေါက်တာမောရီး၏ အမည်ကို လှမ်းခေါ်လိုက်သံတစ်သံ ကြားလိုက်ရပေ၏။

ဒဏ်ရာရသော ကျွန်ုပ်၏လက်မှာ များစွာနာကျင်ခြင်း မရှိသော်လည်း အလွန်ပူလောင်လျက်ရှိ၏။ ဝမ်းထဲမှ ရေငတ်သကဲ့သို့ ဖြစ်၍ လာပြီးလျှင် အတန် ငယ် နေမကောင်းဖြစ်လာ၍ ဖျားချင်သလိုလိုဖြစ်၍ လာ၏။ နေမှာ တဖြည်း ဖြည်း မြင့်၍ လာပြီးလျှင် ကမ်းစပ်၌ မြင်လိုက်ရသော သတ္တဝါသည်လည်း မကြာမီပင် ကျွန်းအတွင်းပိုင်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားလေတော့၏။

အကယ်၍ ဒေါက်တာမောရီးနှင့် မောင်ဂိုမာရီတို့နှစ်ယောက်စလုံး ပြန် ၍မလာခဲ့လျှင် ကျွန်ုပ် မည်ကဲ့သို့ လုပ်ရပါမည်နည်းဟု စိတ်ထဲတွင် တွေး၍နေ မိ၏။ ထိုအခိုက် ပင်လယ်စင်ရော်ကလေး သုံးကောင်သည် ထိုမှ ဤမှ ပျံဝဲကာ အစာများကို လုယူထိုးထုတ်လျက်ရှိနေ၏။

မကြာမီပင် ကျွန်ုပ်တို့ ခြံဝင်း၏ အနောက်ဘက် အတော်ဝေးလှမ်းလှမ်း နေရာတစ်ခုမှ သေနတ်သံတစ်ချက် ကြားလိုက်ရ၏။ ထို့နောက် အချိန်အတော် ကြာသောအခါ နောက်ထပ် သေနတ်သံတစ်ချက် ကြားလိုက်ရပြန်၏။ ထို့နောက် အော်ဟစ်သံအချို့ကို နီးကပ်စွာ ကြားလိုက်ရပြီးလျှင် မည်ကဲ့သို့ ဖြစ်သည်မသိ ရုတ်တရက် တိတ်ဆိတ်သွားပြန်လေသည်။ ကျွန်ုပ်မှာ ရောက်တတ်ရာရာ တွေး တောရင်း စိုးရိမ်ပူပန်၍ လာမိတော့၏။ ထိုအခိုက် ခြံဝင်းနှင့် မနီးမဝေးတစ်နေရာမှ သေနတ်သံ တစ်ချက်ကို ရုတ်တရက် ကြားလိုက်ရပြန်လေသည်။

သို့နှင့် ကျွန်ုပ်လည်း ခြံထောင့်ဆီသို့ သွားရောက်ပြီးလျှင် အပြင်သို့ လှမ်း၍ ကြည့်လိုက်ရာ ဆံပင်များ ဖိုးယိုဖားလျား ဖြစ်ကာ မျက်နှာတစ်ခုလုံး ရဲရဲနီလျက် ဘောင်းဘီရှည်မှာလည်း ဒူးအောက်ပိုင်းတွင် စုတ်ပြတ်လာသော မောင်ဂိုမာရီအား တွေ့မြင်လိုက်မိ၏။ သူ၏မျက်နှာမှာ အလွန်ထိတ်လန့် စိုးရိမ်နေ ဟန်ရှိပြီးလျှင် သူ၏နောက်မှလည်း တိရစ္ဆာန်လူ 'မီလန်' သည် ခပ်ကိုင်းကိုင်း ခပ်ကုပ်ကုပ် လိုက်ပါလာလေသည်။ မီလန်၏ မေးရိုးတစ်ဝိုက်၌လည်း အညို ရောင်နှင့် အနီရောင် ရောစပ်လျက်ရှိသော ကုတ်ခြစ်ရာ အကြောင်းကြီးများကို တွေ့မြင်လိုက်ရလေသည်။

ကျွန်ုပ်ကို မြင်သောအခါ မောင်ဂိုမာရီက ကျွန်ုပ်အား လှမ်း၍ --



www.burmeseclassic.com

www.burmeseclassic.com



"သူ ပြန်ရောက်ပါလားဗျို့"

ကျွန်ုပ်။ ။"မောရိုးလား၊ ဟင့်အင်း ... မရောက်သေးဘူး"

"ဟာ ... ဒါဖြင့် ဒုက္ခပဲဗျာ"

အနီးသို့ ရောက်လာသောအခါ သူသည် အသက်ကိုပင် ကောင်းစွာ မရှူနိုင်ဘဲ အလွန်မောပန်းလှသည့်ဟန်ဖြင့် ကျွန်ုပ်၏ လက်ကို လှမ်း၍ဆွဲလိုက်လျှင် –

"အထဲဝင်စမ်းဗျာ၊ သူတို့တော့ ဆုံကုန်ပြီဗျ။ ဟိုသတ္တဝါတွေပေါ့။ ဘာများ ဖြစ်ကုန်ပလဲ မသိဘူး။ နေဦး ... နေဦး၊ အမောပြေတော့မှ ကျုပ် ခပ်ဖြည်းဖြည်း ပြောပြမယ်။ ဒါနဲ့ ဘရန်ဒီကလေး နည်းနည်းလောက်ပေးစမ်းပါ ပရင်းဒစ်"

မောင်ဂိုမာရီသည် သူ၏ကိုယ်ကို မသယ်ချင့်သယ်ချင့်နှင့် ကျွန်ုပ်အား ဆွဲခေါ်လာပြီးလျှင် အခန်းတွင်းရှိ ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေ၏။ မီလန်သည်လည်း တံခါးဝအနီးတွင် ခွေးတစ်ကောင်ကဲ့သို့ ပစ်လှဲလိုက်လေသည်။ ကျွန်ုပ်သည် မောင်ဂိုမာရီအား ရေနှင့် ဘရန်ဒီ အနည်းငယ်ကို ယူ၍ ပေးလိုက်ရာ၊ ထိုအခါမှ သူသည် အတန်ငယ် အမောပြေ၍ သွားတော့၏။ ထို့နောက် သူတို့အဖြစ်အပျက်များကို ကျွန်ုပ်အား အောက်ပါအတိုင်း ပြန်၍ပြောပြလေတော့၏။

သူသည် ဒေါက်တာမောရိုးတို့ ဝင်သွားသော လမ်းကြောင်းအတိုင်း ခြေရာခံ၍ လိုက်သွား၏။ ချုံပုတ်နှင့် သစ်ပင်ငယ်များ လဲ၍နေသော လမ်းကြောင်းတစ်လျှောက်တွင် အချို့သစ်ကိုင်းစများ၌ ကျားသစ်ကြီး၏ သွေးဖွန်းသော ပတ်တီးစများ ငြိ၍ ကျန်ရစ်ခဲ့သည်ကို တွေ့ရ၏။ အချို့သစ်ရွက်ခြောက်များပေါ်၌ သွေးစသွေးနများကိုလည်း တွေ့မြင်ရ၏။ ထို့နောက် ကျောက်များ ထုထပ်၍လာပြီးလျှင် အခြားဘက်သို့ ရောက်သောအခါ လမ်းစပျောက်သွားတော့၏။ သို့နှင့် သူသည် အနောက်ဘက်သို့ လှည့်ခဲ့ပြီးလျှင် ဒေါက်တာမောရိုးအား အမည်ကို အော်ဟစ်ခေါ်ဝေါကာ လိုက်လံရှာဖွေလျက်ရှိ၏။ အတန်ငယ် သွားမိသောအခါ ထင်းခွေ၍ နေသော သူ၏တပည့် မီလန်နှင့် သွား၍တွေ့ရလေသည်။ မီလန်၌ကား ထင်းခုတ်သော ရဲတင်းတစ်လက်မှတစ်ပါး အခြားလက်နက်ဟူ၍ မပါရှိချေ။ သို့နှင့် နှစ်ယောက်သား ဆက်၍ ရောက်လာကြပြီးလျှင် ဒေါက်တာမောရိုး၏ အမည်ကို ခေါ်ကာ လိုက်လံရှာဖွေလျက်ရှိကြ၏။ ရှေ့သို့ အတန်ငယ် ဆက်လက် သွားမိသောအခါ တိရစ္ဆာန်နှစ်ယောက်တို့သည် သူတို့အား မထိမ့်မြင် အမူအရာဖြင့် ကုန်းတစ်ခုပေါ်မှ လှမ်း၍ကြည့်နေသည်ကို တွေ့ရ၏။ ဤကဲ့သို့ မထိမ့်မြင်ပြုကြသည်မှာ မောင်ဂိုမာရီအဖို့ အံ့ဩစရာပင် ဖြစ်တော့၏။ မောင်ဂိုမာရီက လှမ်း၍ခေါ်သောအခါ ထိုသူနှစ်ယောက်မှာ အပြစ်ရှိသည့် အမူအရာမျိုးဖြင့်





တစ်ခါတည်း ထွက်ပြေးကြလေသည်။ ထို့နောက် သူတို့လည်း ဒေါက်တာမောရိုး၏ အမည်ကို ဆက်၍ မခေါ်တော့ဘဲ တွေ့နိုးရာရာ နေရာအနှံ့အပြား လိုက်လံရှာဖွေကြ၏။ ထို့နောက် သူတို့လည်း တိရစ္ဆာန်လူများ နေသော ရွာကလေးဆီသို့ သွားရောက်ရန် တိုင်ပင်ကြပြီးလျှင် သွားရောက်ရာ၊ တဲစုများရှိသော ရွာကလေးတွင် တိရစ္ဆာန်လူဟူ၍ တစ်ကောင်တလေမျှ မတွေ့ရတော့ ဆိတ်ငြိမ်လျက် ရှိသည်ကို တွေ့ရတော့၏။

သို့နှင့် မောင်ဂိုမာရီတို့သည် ပို၍စိတ်ချောက်ချားလာပြီးလျှင် နောက်သို့ ပြန်၍ လှည့်ခဲ့ရာ အပြန်လမ်းတွင် ဝက်ကိုပြုပြင်ထားသည့် တိရစ္ဆာန်လူနှစ်ယောက်နှင့် တွေ့ဆုံမိကြ၏။ ထိုသတ္တဝါနှစ်ကောင်မှာ နှုတ်ခမ်းနှင့် ပါးစပ်များ၌ သွေးစသွေးနများ စွန်းထင်းပေကျံလျက်ရှိကြပြီးလျှင် ၎င်းတို့၏ မျက်နှာ၌လည်း ခက်ထန်ကြမ်းကြုတ်သော အမူအရာများကို တွေ့မြင်ရလေသည်။ သူတို့သည် ချုံပုတ်များထဲမှ ထိုးထွက်လာကြပြီးနောက် မျက်နှာထား ခပ်တင်းတင်းနှင့်ပင် သူတို့အား ရပ်ကြည့်လျက် ရှိနေ၏။

ထိုအခါ မောင်ဂိုမာရီလည်း ကြာပွတ်ကြီးကို ရွှမ်းခနဲ မြည်အောင် ဝှေ့လိုက်ရာ ဝက်လူ နှစ်ကောင်မှာ သူ့ထံသို့ တဟုန်ထိုးပြေးဝင်လာတော့၏။ ဤသို့လျှင် ယခင်က အတော်ကြာ မိမိအား မော်၍ပင် မကြည့်ဝံ့သော သတ္တဝါများက ရုတ်တရက် တိုက်ခိုက်သဖြင့် မောင်ဂိုမာရီသည် အံ့အားသင့်ကာ ကြက်သေသေလျက် ရှိရာမှ ရုတ်တရက် ပြန်၍သတိရလာပြီးလျှင် တစ်ကောင်၏ ဦးခေါင်းတည့်တည့်ဆီသို့ သေနတ်ဖြင့် ပစ်ထည့်လိုက်လေသည်။ အခြားတစ်ကောင်ကို မီလန်က ဝင်၍ လုံးလျက်ရှိသောကြောင့် တစ်ယောက်တစ်ပြန် ထွေးလုံးနပ်ပတ် ဖြစ်နေကြ၏။ မီလန်သည် သူနှင့် ပူးမိသော အကောင်၏လည်ပင်းကို ကုတ်၍ထားပြီးလျှင် ခြေဖြင့်လည်း ချုပ်၍ထားလေ၏။ သို့သော် ဝက်လူမှာ အပြင်းအထန် ရုန်းကန်နေသဖြင့် နောက်ဆုံးတွင် မောင်ဂိုမာရီက ပစ်သတ်လိုက်ရတော့၏။ ထို့နောက် မောင်ဂိုမာရီသည် သူ၏တပည့်ကျော် မီလန်ကို ချော့မော့ကာ ပြန်၍ခေါ်လာခဲ့ရလေသည်။

တစ်ဖန် လမ်းတွင် စပ်ညှက်ညှက် တိရစ္ဆာန်လူတစ်ကောင်ကို တွေ့ရပြန်၏။ ထိုအကောင်တွင်လည်း နှုတ်ခမ်းတွင် သွေးများ စိုလျက်ရှိနေ၏။ ပထမ၌ ထိုအကောင်သည် ကြောက်ရွံ့သည့်ဟန်ဖြင့် ထွက်ပြေးမည် ပြုသော်လည်း ရုတ်တရက် တစ်ဖန်ပြန်၍ လှည့်လာပြီးလျှင် ဆရာတပည့်နှစ်ယောက်တို့အား ဝင်ရောက် တိုက်ခိုက်လေရာ မောင်ဂိုမာရီက နောက်ထပ် ယမ်းထောင့်တစ်ချောင့်ဖြင့် အဆုံးစီရင် လိုက်ရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ စာတ်လမ်းကို မောင်ရှိမာရီက ညည်းညည်းညူညူ ပြောပြီးသောအခါ ကျွန်ုပ်က "အဲဒါတွေဟာ ဘယ်လိုဖြစ်ကုန်တာလဲဗျာ" ဟုမေးလိုက်၏။

သို့သော် မောင်ဂိုမာရီသည် ကျွန်ုပ်၏ အမေးကို မဖြေဘဲ ဦးခေါင်းသာ တွင်တွင်ရမ်း၍နေပြီးလျှင် အရက်ခွက်ကို နောက်ထပ် လှမ်း၍ဆွဲယူလိုက်လေသည်။

၁၈

## ဒေါက်တာမောရိုးအား ပြန်လည်တွေ့ရှိခြင်း

မောင်ဂိုမာရီသည် တတိယအကြိမ်မြောက် အရက်ခွက်ကို လှမ်း၍ယူလိုက်သောအခါ ကျွန်ုပ်က ကြားမှဝင်၍ တားဆီးမှပင် ဖြစ်တော့မည်ဟု သဘောပေါက်မိ၏။ သူသည် ယခုအချိန်၌ အတော်ပင် အမူးလွန်လျက် ရှိနေချေပြီ။ ကျွန်ုပ်က သူ့အား အကယ်၍ ဒေါက်တာမောရိုးသည် ဘေးအန္တရာယ်တစ်ခုခုနှင့် မတွေ့ကြုံက ပြန်၍ ရောက်ရှိန်တန်ပြီဖြစ်ကြောင်း၊ ယခုအချိန်အထိ ပြန်မရောက်ခြင်းမှာ တစ်စုံတစ်ခုသော ဘေးအန္တရာယ်နှင့် တွေ့ကြုံနေပြီထင်ကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်တို့ ယခုပင် ၎င်းအား လိုက်လံရှာဖွေသင့်ကြောင်း ပြောပြရာ၊ ပထမတွင် မောင်ဂိုမာရီမှာ စိတ်မပါ့တပါ ဖြစ်နေသော်လည်း နောက်ဆုံးတွင် သဘောတူလေသည်။ သို့နှင့် ကျွန်ုပ်တို့သည် အစားအစာများ စားသောက်ပြီးနောက် မီလန်ကိုပါ ခေါ်၍ သုံးဦးသား ထွက်ခဲ့ကြလေ၏။

ထိုအချိန်၌ နေမှာ အတော်စောင်းနေပြီ ဖြစ်သည့်ပြင် နှစ်ယောက်စလုံး၏ စိတ်လက် မအီမသာ ဖြစ်နေကြသဖြင့် ရွှင်ရွှင်လန်းလန်း မရှိကြပေ။ မီလန်သည် ပခုံးခပ်ကိုင်းကိုင်းနှင့် ကျွန်ုပ်တို့၏ ရှေ့ကသွားး၏။ မည်းနက်သော သူ၏ ဦးခေါင်းမှာလည်း လျှောက်သွားရင်း ဟိုဟိုဒီဒီ ဖျပ်ခနဲ ဖျပ်ခနဲ ကြည့်၍သွားတော့သည်။ သူ၏ လက်၌ကား လက်နက်ဟူ၍ မပါချေ။ သူ့ ယခင် ကိုင်ဆောင်နေကျ ဓားမှာ 'ဝက်လူ' နှင့် ထွေးလုံးသတ်ပုတ်ကြစဉ်က ကျ၍ ကျန်ရစ်ခဲ့ပြီဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ရန်သူနှင့်တွေ့က တိုက်ခိုက်ရန် လက်နက်မှာ သူ၏ သွားများသာဖြစ်တော့၏။ မောင်ဂိုမာရီမှာ ကျွန်ုပ်၏နောက် ခပ်လှမ်းလှမ်းမှ လက်များကို ဘောင်းဘီအိတ်အတွင်းသို့ နှိုက်ကာ ဦးခေါင်းကို ငုံ့လျက် ဒယိမ်းဒယိုင် ရှိနေ၏။ အတော်ပင် မူးနေသဖြင့် ကျွန်ုပ်အားလည်း ယခင်ကကဲ့သို့ ရွှင်ရွှင်ပျပျ ပြောဆိုဆက်ဆံလိုပုံ မပေါ်ချေ။ ကျွန်ုပ်မှာ လက်ဝဲဘက်လက် ကျိုးနေပြီဖြစ်၍ ပတ်တီးစည်းပြီးလျှင် အဝတ်စဖာစ်ခုဖြင့် လည်ပင်း၌ သိုင်းထားရသော်လည်း လက်ယာဘက်ဘက်ဖြင့်မူ သေနတ်ကို ကောင်းစွာ ဆုပ်ကိုင်နိုင်သေးသဖြင့် ကံကောင်းသည်ဟု ဆိုရပေမည်။

ကျွန်ုပ်တို့သည် တောအုပ်သို့ ရောက်သောအခါ အရှေ့မြောက်သို့ ဦးတည်၍သွားသော လမ်းကြားကလေးများအတိုင်း လိုက်ပါသွားကြ၏။ မီလန်သည် ရှေ့ဆုံးမှ လျှောက်သွားလျက်ရှိရာ တစ်နေရာသို့ အရောက်တွင် တုံ့ခနဲ ရပ်လိုက်ကာ တစ်စုံတစ်ရာကို စူးစိုက်ကြည့်ရှုလျက် ရှိနေ၏။ မောင်ဂိုမာရီကလည်း ခေါင်းငိုက်ဆိုက်ချလျက် လိုက်သွားရာမျှ မီလန်ကို ကိုယ်လုံးချင်း ဝင်၍တိုက်လုမတတ် ဖြစ်သွားပြီးမှ အရှိန်သပ်၍ ရပ်လိုက်လေသည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်ကို နားစွင့်လျက်ရှိရာ သစ်ပင်များအတွင်းမှ စကားပြောသံများကို ရုတ်တရက် ကြားလိုက်ရပြီးလျှင် ခြေသံများသည်လည်း ကျွန်ုပ်တို့ဘက်သို့ နီးကပ်လာသည်ကို ကြားရပြန်လေသည်။

အသံကြီးတစ်သံ ။ ။ "သူသေပြီကွ"

အခြားအသံတစ်သံ ။ ။ "ဟာ သူမသေပါဘူး"

အခြားအသံများ ။ ။ "တို့ တွေ့သားပဲ၊ တို့တွေ့တယ်။ တို့ တွေ့တာပဲ"

ဤတွင် မောင်ဂိုမာရီက "ဟေ့ ... လူတွေ" ဟု ရုတ်တရက် ဟစ်အော်လိုက်ရာ ကျွန်ုပ်က "အို ... ဘာဖြစ်လို့ အော်ရတာလဲဗျ" ဟု အပြစ်တင်လျက် လက်ထဲမှ သေနတ်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်လေသည်။

စကားပြော၍လာကြသော အသံများမှာ ချက်ချင်း တိတ်၍သွားပြီးနောက် ချုံကြိုချုံကြားမှ ၎င်းတို့၏ အမျိုးမျိုးသော မျက်နှာများ အလျှိုလျှိုထွက်လာပြီးလျှင် ၎င်းတို့၏ မျက်နှာထားမှာလည်း ကြောက်ရွံ့ခြင်း ကင်းသည့်အသွင်ဖြင့် တင်းမာခက်ထန်စွာ ရှိနေသည်ကို တွေ့မြင်ရ၏။ ၎င်းတို့အထဲ မျောက်ဝံကို ပြုလုပ်ထားသည့် မျောက်လူ၏ အသံကိုမူ ကျွန်ုပ် ကောင်း... ကျက်မိလေသည်။ ထို့ပြင် မောင်ဂိုမာရီ၏ လှေထဲတွင် ကျွန်ုပ် တွေ့ခဲ့ဖူးသော တစ်ကိုယ်လုံး အဝတ်ဖြူများ ဝတ်ဆင်ထားသည့် အသားအညိုရောင်ရှိသော သတ္တဝါနှစ်ဦးကိုလည်း တွေ့ရ၏။ ၎င်းတို့နှင့်အတူ အခြားတိရစ္ဆာန်လူ ...





ယောက်ကိုလည်း တွေ့မြင်ရလေရာ၊ တစ်ယောက်မှာ ဥပဒေသများကို ရွတ်ဆိုလေ့ရှိသော မျက်နှာတွင် အမွေးအမှင်များထူသည့် လူနှင့်မီးခိုးရောင် အသားအရေရှိသော လူဖြစ်လေသည်။ ၎င်း၏မျက်လုံးများမှာ လည်၍နေပြီးလျှင် ၎င်းတို့အားလုံးပင် ကျွန်ုပ်တို့အား စိမ်းစိမ်းကြည့်၍နေကြလေသည်။

ထိုအချိန်တွင် မည်သူကမျှ စကားစ၍ မပြောဘဲ ခေတ္တမျှ ငြိမ်သက်လျက် ရှိနေ၏။ သို့နှင့် မောင်ဂိုမာရီက စတင်၍ "ဘယ်သူလဲကွ၊ သူ သေပြီပြောတာ" ဟု မေးလိုက်လေသည်။

ဤတွင် မျောက်ကို ပြုပြင်ထားသည့် မျောက်လူက အမွေးအမှင်ထူထပ်သော သတ္တဝါဘက်သို့ အပြစ်မကင်းသည့် မျက်နှာမျိုးဖြင့် လှမ်း၍ကြည့်လိုက်၏။

ထိုအခါ ထိုသတ္တဝါက "သူသေပါပြီ၊ သူတို့ တွေ့ခဲ့တယ်" ဟု ပြောလိုက်လေသည်။

ထိုတိရစ္ဆာန်လူ ၆ ယောက်တို့ကို ကြည့်ရသည်မှာ ကျွန်ုပ်တို့အား ရန်မူမည့် လက္ခဏာမရှိဘဲ၊ အံ့ဩတွေဝေသည့် လက္ခဏာများသာ ပေါ်လွင်လျက်ရှိလေသည်။

ရီ ။ ။ "သူ ဘယ်မှာလဲ"

အမွေးထူသော သတ္တဝါက "ဟိုဘက်မှာ"

မျောက်လူ။ ။ "ဥပဒေတွေ အခုရှိသေးသလား။ သူသေပြီးမှပဲ။ ဟိုဟာမလုပ်ရဘူး၊ ဒီဟာမလုပ်ရဘူး ရှိသေးလား"

အဖြူရောင် သတ္တဝါက "ဥပဒေသ ရှိသေးသလား"

အမွေးထူသတ္တဝါကြီးက "ဒီမှာ ကြာပွတ်နဲ့ သခင်၊ သူသေသွားပြီပဲ။ ဥပဒေသရှိသေးလား"

သူတို့သည် ကျွန်ုပ်တို့အား မတ်တတ်ရပ်ကာ စိမ်းစိမ်းကြည့်လျက် ရှိနေကြ၏။

ထိုအချိန်တွင် ကျွန်ုပ်သည် မောင်ဂိုမာရီ၏ နောက်နားဆီမှကပ်လျက် ရှိနေရာ၊ မောင်ဂိုမာရီက ကျွန်ုပ်ဘက်သို့ မသိမသာလှည့်၍ "ဒီမှာ ပရင်းဒစ်၊ သူသေပြီဆိုတာတော့ ထင်ရှားနေပြီ" ဟု ပြောလိုက်၏။ ကျွန်ုပ်တို့ မည်သည့်အခြေအနေသို့ ရောက်ရှိနေသည်ကို ကောင်းစွာ သိရှိသည့်အလျောက် ကျွန်ုပ်လည်း ရှေ့သို့ တိုးထွက်ကာ အသံကို မြှင့်လျက် –

"ဒီမှာ ကြည့်စမ်း၊ သင်တို့ဟာ ဥပဒေသရဲ့ သားသမီးတွေ ဖြစ်တယ်။ ဖြစ်တော့ သူဟာ မသေဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောဆိုလိုက်သောအခါ မီလန်သည် ကျွန်ုပ်အား ဖျတ်ခနဲ လှမ်း ကြည့်လိုက်သေး၏။

ကျွန်ုပ်။ ။ "ဒီမှာ အားလုံး နားထောင်ကြစမ်း၊ သူသေတာ မဟုတ်ဘူး ကွယ့်။ သူ့ကိုယ်ကို သူ ပုံပြောင်းလိုက်တာ ဖြစ်တယ်။ သူ့ကို ချက်ချင်းတော ပြန်ပြီး တွေ့နိုင်ကြမှာ မဟုတ်ဘူး။ သူဟာ ဟိုအပေါ် ရောက်နေပြီကွယ့်"

ကျွန်ုပ်သည် ကောင်းကင်သို့ လက်ညှိုးထိုး၍ ပြပြီးနောက်

"သူဟာ ဟိုအပေါ်ရောက်နေပြီ။ မင်းတို့ မမြင်နိုင်ဘူး။ နို့ပေမယ့် သူကတော့ မင်းတို့ကို အားလုံးမြင်ရတယ်။ ဒါကြောင့် ဥပဒေသကို မင်းတို့အား လုံး ရိုသေကြရမယ်"

ဤသို့ပြောလိုက်ပြီးနောက် ကျွန်ုပ်သည် ၎င်းတို့အား စိမ်းစိမ်းကြည့် နေလိုက်ရာ တိရစ္ဆာန်လူများမှာ ဇဝေဇဝါ ဖြစ်သွားသည့်အနေဖြင့် အတန်ငယ် နောက်တွန့်၍ သွားကြလေသည်။

"သူဟာ တန်ခိုးကြီးတယ်။ ကောင်းလည်း ကောင်းမြတ်တယ်" ဟု မျောက်ဝံလူသည် သစ်ခက်များအကြားမှ ခေါင်းပြူ၍ ထွက်ကာ မရဲတရဲ ပြော လိုက်၏။ ထိုအခါ ကျွန်ုပ်က "ဒါနဲ့ ဟိုအကောင်ကြီးကော ဘယ်မှာလဲ" ဟု ခပ်ထန်ထန် မေးလိုက်ရာ၊ အညိုရောင်မွေးရှည် သတ္တဝါကြီးက "သွေးတွေ ထွက် ပြီး အော်ပြေးတဲ့ အကောင်ကြီးလား။ သူလည်း သေသွားပြီ" ဟု အေးအေး ပြန်၍ အဖြေပေးလိုက်၏။

"အင်း ... ဒါပဲ ကောင်းတယ်" ဟု မောင်ဂိုမာရီက ဝင်၍ ပြောလိုက်၏။

ထိုအခါ "ကြာပွတ်နဲ့သခင်က ပြောတယ်။ သူသေပြီလို့" ဟု ဒ သတ္တဝါကြီးသည် ကျွန်ုပ်အား စောဒကတက်၍ နေပြန်၏။ ထိုအချိန်၌ မောင် မာရီမှာ အတော်ပင် အမူးပြေသွားပြီဖြစ်၍ ဒေါက်တာမောရိုး မသေသေးဟု ကျွ က အခိုင်အမာ ပြော၍နေရသည့်အကြောင်းကို ထိုအခါမှ သူသည် ကောင်းစွာ သဘောပေါက်၍ သွားတော့၏။ သို့နှင့် သူက "သူ မသေပါဘူးကွ၊ သူ မသေ တာ အမှန်ပဲ။ ငါကမှ သေမလိုဖြစ်နေတာ" ဟု လျှာလေးကြီးဖြင့် ဝင်၍ ပြောလိုက် လေသည်။

ထို့နောက် ကျွန်ုပ်က –

"တချို့လူတွေဟာ ဥပဒေသကို ဖောက်ဖျက်ကြတယ်။ သူတို့ မုချသေရမှာ အမှန်ပဲ။ တချို့လည်း သေကုန်ပြီ။ ဒါနဲ့ ငါတို့ကို ပြစမ်းပါ မင်းတို့ အရှင်သခင်က မလိုချင်လို့ စွန့်ပစ်ထားခဲ့တဲ့ ခန္ဓာကိုယ်အဟောင်းကြီး တို့များ ကြည့်ချင်တယ်ကွယ်၊ ပြစမ်းပါ" ဟု ပြောလိုက်၏။





ထိုအခါ အမွေးအမှင်ထူသော သတ္တဝါကြီးက ကျွန်ုပ်အား "ပင်လယ် ထဲကို ဆင်းသွားတဲ့လူ" ဟု ကင်ပွန်းတပ်၍ ခေါ်ပြီးလျှင် "ဒီမှာ သခင်၊ ဟောဒီ ဘက်က သွားရင် ရောက်ပါတယ်" ဟု ကျွန်ုပ်အား လမ်းညွှန်ပြသလေတော့၏။

သို့နှင့် ထိုသတ္တဝါ ၆ ကောင်က လမ်းပြသဖြင့် ကျွန်ုပ်တို့သည် အနောက်မြောက်သို့ ဦးတည်ကာ ချုံနွယ်ပိတ်ပေါင်းများကို ဖြတ်သန်းတိုးဝင် လျက် လိုက်ပါသွားကြ၏။ ထိုအချိန်၌ သစ်ကိုင်းများ ရုတ်တရက် ကျိုးပဲ့ သံများကို ကြားလိုက်ရပြီးလျှင် အဝါရောင် ခပ်ပုပုသတ္တဝါတစ်ကောင်သည် ကျွန်ုပ်တို့ရှိရာသို့ ရုတ်တရက် ဟစ်အော်ပြေးထွက်လာလေသည်။ ၎င်းနောက်မှ သည် ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးတစ်ကောင်သည် ထက်ချပ် ပြေးလွှားလိုက်ပါရာ ၎င်း၏ပါးစပ်မှလည်း သွေးစသွေးနများ ပေကျံစီးကျနေ သည်ကို မြင်ရ၏။

ထိုအခါ ကျွန်ုပ်တို့ ရှေ့ဆုံးမှ သွားသော အမွေးထူသည့် သတ္တဝါကြီး သည် နံဘေးသို့ ခုန်၍ဖယ်လိုက်သည်။ မီလန်သည် ထိုရန်မူလာသော သတ္တဝါကို ခုန်၍ အုပ်လိုက်ရာ၊ ထိုသတ္တဝါက ပုတ်ခတ်လိုက်သဖြင့် နံဘေးသို့ လဲကျသွား လေသည်။ သို့ရှိစဉ် ကျွန်ုပ်နောက်မှ မောင်ဂိုမာရီသည် ၎င်းအား ပစ်လိုက်၏။ သို့သော် မထိဘဲ ချော်၍သွားလေသည်။ ထို့နောက် ထိုသတ္တဝါသည် ဦးခေါင်းကို ငုံ့ပြီးလျှင် လက်တစ်ဘက်ကို မြှောက်ကာ လှည့်၍ပြေးမည်ပြု၏။ ကျွန်ုပ်က တစ်ချက်လှမ်း၍ ပစ်လိုက်လေသည်။ သို့သော် ၎င်းမှာ အရှိန်မသေသေးဘဲ ဆက်လက်တိုးဝင်လာရာ ထိုအချိန်၌ ကျွန်ုပ်သည် ၎င်း၏မျက်နှာဆီသို့ အနီးမှ ကပ်၍ တည့်တည့်ကြီး ပစ်ထည့်လိုက်တော့၏။ ၎င်းမျက်နှာမှာ ရဲခနဲ ဖြစ်၍ သွားပြီးလျှင် မျက်နှာပြင်တစ်ခုလုံး ကြေမွပွင့်ထွက်သွားလေသည်။ သို့သော် အကောင်ကြီးသည် အရှိန်ဖြင့် ကျွန်ုပ်အား ကျော်လွန်ပြီးလျှင် မောင်ဂိုမာရီအား ဖမ်း၍ဆွဲလိုက်ရာ မောင်ဂိုမာရီမှာ တဆန့်ငင်ငင်ဖြစ်၍နေသော ထိုအကောင်ကြီး ပေါ်သို့ တစ်ခါတည်း လဲကျသွားလေတော့၏။

ထိုအချိန်၌ မီလန်နှင့် ကျွန်ုပ်သာ ရပ်တည်၍ ကျန်ရစ်ခဲ့ရာ၊ မောင်ဂိုမာရီ သည် မြေပေါ်မှ ဖုတ်ဖက်ခါ၍ပြီးလျှင် သူ့နံဘေး၌ မျက်နှာတစ်ခုလုံး ကြေမွနေ သည့် တိရစ္ဆာန်လူကြီးကို တအံ့တသြ ကြည့်၍နေလေသည်။ ထို့နောက် အညို ရောင်သတ္တဝါကြီးသည် သစ်ပင်များကြားမှ ဖြတ်၍ ပြန်လာလေသည်။

ထိုအခါ ကျွန်ုပ်က "ကဲ ... ဘယ်နှယ်ရှိစ၊ ဥပဒေသမရှိတော့ဘူးဆို၊ ဥပဒေသကို ဖောက်ဖျက်တဲ့လူဟာ အခုလို သေရမှာပဲ" ဟု တိရစ္ဆာန်လူ အညို ရောင်ကြီးကို ညွှန်ပြရင်း ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အညိုရောင် သတ္တဝါကြီးသည် မြေပေါ်တွင် လဲကျသေဆုံးနေသော တိရစ္ဆာန်လူကြီး၏ အလောင်းကောင်ကို ကြည့်ကာ ခေတ္တမျှတွေဝေလျက်ရှိနေပြီးနောက် "ပစ်ခတ်ရန် လက်နက်ကို အရှင်က ပို့ပေးတယ်" ဟု ဥပဒေသတွင် ပါသည့် စာပိုဒ်တစ်ပိုဒ်ကို နက်ရှိုင်းသော အသံဖြင့် ရွတ်ဆိုလိုက်လေသည်။ ကျွန်ုပ်တို့နှင့် အတူလာသည့် အခြားသတ္တဝါများလည်း ဝိုင်းအုံ၍လာကာ အလောင်းကောင်ကို ကြည့်ရှုကြလေသည်။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ကျွန်း၏ အနောက်ဘက်စွန်းသို့ ချဉ်းကပ်လာမိကြရာ တစ်နေရာတွင် ပွဲမားခေါ် ကျားသစ်ကြီး၏ အလောင်းကောင်ကို သွား၍တွေ့ရတော့၏။ ကျားသစ်ကြီးမှာ သေနတ်ကျည်ဆံဒဏ်ရာဖြင့် ပခုံးရိုးများ ညက်ညက်ကြေလျက် ရှိနေ၏။ ၎င်းနှင့် ကိုက် ၂၀ ခန့် အဝေး၌ကား ကျွန်ုပ်တို့ လိုက်လံရှာဖွေနေသူ ဒေါက်တာမောရိုး၏ အလောင်းကို တွေ့ရလေသည်။ သူသည် ကြိမ်တောထဲတွင် အလျားမှောက်လဲ၍ နေပြီးလျှင် လက်တစ်ဘက်မှ လက်ကောက်ဝတ်မှာ ပြတ်လုမတတ်တဲတဲမျှသာ ကျန်ရှိတော့၏။ ဦးခေါင်းမှာမူ ကျားသစ်ကြီးက အကြိမ်ကြိမ် အထပ်ထပ် ပုတ်ခတ်ထားဟန်ဖြင့် ကြေမွလျက်ရှိနေ၏။ အလောင်းအောက်မှ ကြိမ်ပင်များမှာလည်း ကျိုးပဲ့ကာ သွေးများဖြင့် ပေကျံလျက်ရှိနေ၏။ သူ ကိုင်ဆောင်သော သေနတ်ကိုမူကား မတွေ့ရတော့ချေ။

မောင်ဂိုမာရီသည် မှောက်လျက်သားရှိနေသော အလောင်းကို ပက်လက်လှန်၍ ပေးလိုက်၏။

ထို့နောက် ကျွန်ုပ်တို့သည် ဒေါက်တာမောရိုး၏ အလောင်းကို တိရစ္ဆာန်လူ ၇ ယောက်တို့၏ အကူအညီဖြင့် တဲအိမ်ရှိရာသို့ ယူဆောင်ခဲ့ကြ၏။ ဒေါက်တာ မောရိုးမှာ အလွန်ကြံ့ခိုင်ကြီးမားသော လူတစ်ယောက်ဖြစ်သဖြင့် အတော်လေးလံသည့်အတိုင်း လမ်းတွင် မကြာမခဏ နားကာ အတော်ခဲယဉ်းစွာ သယ်ဆောင်လာကြရလေသည်။

အချိန်မှာ အတော်ပင် မှောင်လာပြီဖြစ်၍ လမ်းခရီးတွင် နှစ်ကြိမ်တိုင်တိုင် အကောင်အထည် မမြင်ရသော သတ္တဝါများ၏ အော်ဟစ်သံကို ကြားလိုက်ရ၏။ တစ်ကြိမ်တွင် ပန်းရောင်အဆင်ရှိသော သတ္တဝါတစ်ကောင် ရုတ်တရက်ထွက်လာပြီးနောက် ချက်ချင်းလိုပင် ပျောက်ကွယ်သွားပြန်၏။ သို့သော် ကျွန်ုပ်ကား တစ်စုံတစ်ရာ တိုက်ခိုက်ခြင်း မခံခဲ့ရပေ။ ခြံပေါက်ဝသို့ ရောက်သောအခါ တိရစ္ဆာန်လူအားလုံးပင် ပြန့်၍သွားကြရာ၊ မီလန်သည်လည်း ၎င်းတို့နှင့် အတူနေရန် လိုက်ပါသွားလေသည်။





ထို့နောက် ကျွန်ုပ်တို့သည် ဝင်းတံခါးကို သော့ခတ်ပိတ်ပြီးလျှင် ဒေါက်တာမောရိုး၏ အလောင်းကို ခြံဝင်းအတွင်းရှိ ချုံစပ် ဖိုက်တောတစ်ခုပေါ်၌ တင် ထားလိုက်ကြ၏။

ဤသို့ တင်ထားပြီးနောက် ကျွန်ုပ်တို့လည်း ဒေါက်တာမောရိုး၏ ခွဲစိတ်ခန်းအတွင်းသို့ ဝင်ရောက်ကာ အသက်ရှင်လျက်ရှိနေသေးသော သတ္တဝါမှန် သမျှ အားလုံးကို အစတုံးစီရင်လိုက်ကြလေတော့သတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## ၁၉
## မောင်ဂိုမာရီနှင့် အဖျင်းများခြင်း

ဤကိစ္စများပြီး၍ ကျွန်ုပ်တို့သည် ရေမိုးချိုးပြီးလျှင် အစားအသောက်များ စားသောက်ကြပြီးနောက် အခန်းကလေးအတွင်းသို့ဝင်၍ လက်ရှိ တွေ့ကြုံနေရသည့် အခြေအနေများကို ပထမဆုံးအကြိမ်ကို ဆွေးနွေးကြ၏။ ထိုအချိန်မှာ ညဥ့်သန်းကောင်ယံသို့ပင် ရောက်လုနီးလျက် ရှိနေလေပြီ။ မောင်ဂိုမာရီမှာ အရက်မူး ပြေသလောက် ရှိနေပြီဖြစ်သော်လည်း အလွန်စိတ်ရှုပ်၍ နေပုံရ၏။ သူသည် ဒေါက်တာမောရိုး၏ လက်အောက်တွင် ထူးဆန်းသော ဘဝအတွေ့အကြုံများကို ကျော်လွှားဖြတ်သန်းကာ အမြဲနေထိုင်လာခဲ့သူ ဖြစ်ပြီးလျှင် သူ၏ဆရာမောရိုးသည်လည်း ဤကဲ့သို့ ရုတ်တရက် သေဆုံးသွားလိမ့်မည်ဟု မည်သည့်အခါကမျှ တွေးမိဟန် မတူချေ။ ဆယ်နှစ်ကျော်ကျော်မျှ ဤကျွန်းပေါ်တွင် ပျင်းရိညည်းငွေ့ဖွယ်ကောင်းသော ဘဝကို သူ၏ဆရာ ဒေါက်တာမောရိုးနှင့်အတူ ကုန်လွန်စေခဲ့ရာမှ ယခုကဲ့သို့ မမျှော်လင့်ဘဲ သူ၏ဆရာ ရုတ်တရက် သေဆုံးသွားသောအခါ မောင်ဂိုမာရီမှာ အရုပ်ကြိုးကို ဖြန်းခနဲ ဖြတ်ချလိုက်ဘိသကဲ့သို့ မနေတတ် မထိုင်တတ် ဖြစ်လာတော့၏။ စကားကိုလည်း တွေ့ကရာပြောကာ ကျွန်ုပ်မေးသော မေးခွန်းများကိုပင် ဝေလည်ချောင်ပတ် ဖြေဆိုလျက် သူ၏စိတ်တွင် တည်ငြိမ်မှု မရှိသကဲ့သို့ ရှိနေတော့၏။





"အို … ဒီလောကကြီးကိုက ဆိုးပါတယ်ဗျာ။ နေမယ်လို့မှ မကြံသေးဘူး စိတ်ညစ်စရာတွေချည်း ကြုံလာရတော့တာပဲ။ ကျုပ်အဖို့တော့ ဘဝရယ်လို့ ဟုတ်တိပတ်တိ မရှိခဲ့ဘူး။ ကျုပ်ဘဝဟာ ဘယ်အချိန်ကျမှ စမယ်လို့လည်း မပြောတတ်ဘူး။ ၁၆ နှစ်လောက် ဆရာမတွေ၊ ကျောင်းဆရာတွေရဲ့ အညှဉ်းပန်း အနှိပ်စက်ခံပြီးနောက် လန်ဒန်မှာ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲနဲ့ ၅ နှစ်လောက် ဆေးပညာကို သင်ခဲ့တယ်ဗျာ။ ဒီနောက် ဒီခွေးတိရစ္ဆာန်ကျွန်း ရောက်လာပြီးတော့လည်း ကျုပ်ဘဝဟာ ဘာမှ ကောင်းလှတယ် မရှိပါဘူး။ ဒီကျွန်းပေါ် ရောက်တာ ၁၀ နှစ်လောက်ရှိပြီ ပရင်းဒစ်။ အင်း .. ကျုပ်တို့ဟာ ကလေးတွေ ကစားကြတဲ့ ဆပ်ပြာမြှုပ်ပူဖောင်းကလေးတွေလိုပါပဲကလား"

သူသည် လေရှည်ကြီးဆွဲကာ ညည်းညူလျက်ရှိလေ၏။ ဤကဲ့သို့ အကြီးအကျယ်စိတ်ကို ထိခိုက်လျက် ရှိနေသူတစ်ယောက်အား စကားပြောဆိုဆက်ဆံရန် ခဲယဉ်းလှတော့၏။

ကျွန်ုပ်။ ။"ကဲ … ဒီတော့ ကျုပ်တို့ ပထမဆုံး လုပ်ရမယ့် အလုပ်က ဘယ်နည်းနဲ့ ကျုပ်တို့ ဒီကျွန်းပေါ်က လွတ်မြောက်နိုင်ကြမလဲဆိုတာ စိတ်ကူးဖို့ပဲ"

ရှိ ။ ။"ဒီက လွတ်အောင် တခြားသွားလို့လည်း ဘာများ အကျိုးထူးဦးမှာလဲဗျာ။ ကျုပ်အတွက်တော့ လောကကြီးမှာ လူပိုတစ်ယောက် ဖြစ်နေပြီဗျ။ ဘယ်ကိုမှလည်း သွားစရာ မရှိဘူး။ အင်း … ခင်ဗျားအတွက်ကတော့ ဟုတ်ပါတယ် ပရင်းဒစ်။ ပြီးတော့ ဒေါက်တာမောရိုးရဲ့ အလောင်းကို ဒီမှာထားခဲ့ပြီး ကျုပ်ပစ်မသွားရက်ဘူး။ နောက်ပြီး စဉ်းစားစရာတစ်ခု ရှိသေးတာကလည်း ဒီတိရစ္ဆာန်လူတွေထဲမှာ လူနဲ့တူတဲ့ ရည်ရည်မွန်မွန် သတ္တဝါတွေကလည်း ရှိသေးတယ်ဗျ။ သူတို့အတွက် ဘယ်လို စဉ်းစားရဦးမယ် ဆိုတာလည်း မသိသေးဘူး"

ကျွန်ုပ်။ ။"ကဲ … ဒီတော့ ကျုပ်တို့ ဒီလိုလုပ်မယ်။ နက်ဖြန် ဒေါက်တာမောရိုးရဲ့ အလောင်းကို ချုံခြောက်တွေပေါ်မှာ တင်ပြီး မီးသင်္ဂြိုဟ်ဖို့ ကျုပ် စိတ်ကူးထားတယ်။ ဒါထက် တိရစ္ဆာန်လူတွေအတွက်ကော ကျုပ်တို့ ဘယ်လို လုပ်ကြမလဲ"

"ကျုပ်တော့ မသိတော့ဘူးဗျို့။ မလုပ်တတ်တော့ဘူး။ အသားစား တိရစ္ဆာန်တွေကို ဖန်တီးထားတဲ့ တိရစ္ဆာန်လူတွေကတော့ အနေးနဲ့အမြန်ဆိုသလို သူတို့ရဲ့ နဂိုဗီဇပေါ်လာတော့မှာပဲ။ ဒီအကောင်တွေကို တစ်ပြုံလုံးလည်း ကျုပ်တို့ သတ်မပစ်နိုင်ဘူး။ ဘယ်နယ့်လဲ၊ သတ်နိုင်ပါ့မလား၊ ခင်ဗျားတို့ ကျုပ်တို့လို လူသားစင်စစ်တွေက ဘယ်လိုစိတ်ကူးကြမလဲ။ သူတို့ကတော့ ဆိုရင်း ဖြစ်ရောက်မှာ မလွဲဘူး ပရင်းဒစ်"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သူသည် စကားကို ယတိပြတ် မပြောဘဲ ရှိနေရာ၊ ကျွန်ုပ်မှာ စိတ်ပေါက်၍ပင် လာမိတော့၏။ သို့နှင့် သူက ဆက်လက်၍ –

"အို ... ဘာပဲဖြစ်ဖြစ်၊ မထူးတော့ဘူးဗျာ။ ကျုပ်မှာ ခင်ဗျားထက် ခက်တယ်ဆိုတာ ခင်ဗျား သိတယ် မဟုတ်လား"

ပြောပြောဆိုဆိုနှင့်ပင် သူသည် ဘရန်ဒီပုလင်းများ ရှိရာသို့ သွား၍ ပုလင်းများကို ယူခဲ့ပြီးလျှင် –

"သောက်ဗျာ သောက်၊ ခင်ဗျား စဉ်းစားဉာဏ်တွေထုတ် ဘာထုတ်နဲ့ အခုမှ သူတော်ကောင်းလုပ်ပြီးတော့ မနေပါနဲ့၊ သောက်လေ ... သောက် — သောက်"

"ဟင့်အင်း ကျုပ် မသောက်ဘူး"

သူသည် အရက်များကို မူးသည်ထက် မူးအောင် တစ်ကျိုက်ပြီး တစ်ကျိုက် သောက်လျက်ရှိရာ ကျွန်ုပ်လည်း ရေနံဆီမီးရောင်အောက်တွင် အရက်မူးလျက်ရှိသော သူ၏ မျက်နှာကို မျက်နှာထားတင်းတင်းဖြင့် အကဲခတ်ရင်း ကြည့်ရှုလျက်ရှိလေသည်။ သူသည် တိရစ္ဆာန်လူများအကြောင်းနှင့်တကွ သူ၏ တပည့်ကျော် မီလန်အကြောင်းတို့ကိုပါ ကျွန်ုပ်အား ကမူးရှူးထိုး ခုခံပြော လျက် ရှိလေသည်။

သူက မီလန်သည် သူ့အား အထူးဂရုစိုက်သူတစ်ယောက် ဖြစ်ကြောင်း ပြောပြပြီးနောက် တစ်စုံတစ်ရာကို ရုပ်တရက် သတိရလာသည့်ဟန်ဖြင့် အရက် ပုလင်းကို ဒယိမ်းဒယိုင် လှမ်း၍ဆွဲလိုက်၏။ ကျွန်ုပ်မှာ သူမည်ကဲ့သို့ ပြုလုပ်တော့ မည်ကို ရိပ်မိသဖြင့် –

"အဲဒီတိရစ္ဆာန်ကိုတော့ ခင်ဗျား သွားပြီး အရက်မတိုက်နဲ့နော်" ဟု ပြောပြောဆိုဆိုနှင့် ကျွန်ုပ်လည်း သူ့ရှေ့မှ မတ်တတ်ရပ်လိုက်ကာ မျက်နှာချင်း ဆိုင်လိုက်လေသည်။

ရှိ ။ ။ "ဟင် ... ဘာပြောတယ်ဗျ။ တိရစ္ဆာန်ဟုတ်လား၊ ခင်ဗျား သာ တိရစ္ဆာန်။ သူက အရက်ကို သူတော်ကောင်းလို သောက်တာ။ ဖယ်ပေးစမ်း ပရင်းဒစ် ဖယ်ပေးစမ်း။ ခင်ဗျား ဝင်မရှုပ်နဲ့"

"အို ... မလုပ်ကောင်းတာတွေ မလုပ်နဲ့ဗျာ။ ဘုရားသခင် မျက်နှာတော် ထောက်ထားပြီး"

"ဖယ် ... ဖယ်... ဖယ်ပေးစမ်း"

သူသည် ကျွန်ုပ်အား ဟစ်အော်ကြိမ်းမောင်းရင်း ခါးထဲမှာ ခြောက်လုံး ပြူးသေနတ်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်၏။

ထိုအခါ ကျွန်ုပ်လည်း တားဆီး၍ မရမှန်းသိသည်နှင့် "ကောင်းပြီ"





ဟု ပြောကာ နံဘေးသို့ တိမ်းရှောင်ပေးလိုက်၏။ ကျွန်ုပ်၏ စိတ်ကူးမှာ အကယ်၍ သူ၏ လက်ညှိုးများသည် သေနတ်မောင်းပေါ်သို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် သူ့အား တစ်ခါတည်း ခုန်၍ အုပ်ရန်ဖြစ်၏။ သို့သော် ကျွန်ုပ်မှာ လက်တစ်ဘက်တည်းကိုသာ အသုံးပြုနိုင်သဖြင့် ထိုအကြံကို လက်လျှော့လိုက်ရ တော့၏။ သို့နှင့် ကျွန်ုပ်က "အင်းလေ ... ခင်ဗျားကိုယ် ခင်ဗျား တိရစ္ဆာန်ဖြစ် အောင် လုပ်နေတော့ တိရစ္ဆာန်တွေဆီ ခင်ဗျား သွားပေါ့" ဟု စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်မိတော့၏။

သူသည် အခန်းတံခါးကို ဖော်ခနဲ ဆွဲ၍ဖွင့်လိုက်ပြီးလျှင် မတ်တတ်ရပ် ကာ ကျွန်ုပ်အား ခပ်စောင်းစောင်း လှည့်၍ကြည့်လိုက်၏။ သူ ရပ်နေသော နေရာမှာ မှန်အိမ်မှ မီးရောင်နှင့် အပြင်မှ ထွန်းလင်းလျက်ရှိသော လရောင်တို့ အကြားတွင် ရှိနေရာ သူ၏ ထူထဲသော မျက်ခုံးများအောက်မှ မျက်ကွင်းများမှာ မည်းနက်သော အဖုအပိန့်ကြီးနှစ်ခုကဲ့သို့ ရှိနေ၏။

ရှိ ။ ။ "ဒီမှာ ပရင်းဒစ်၊ ခင်ဗျားဟာ အင်မတန် ဟန်ဆောင်ကောင်း တဲ့လူ။ ခင်ဗျားဟာ အမြဲလို မိုက်တဲ့လူ။ ခင်ဗျားဟာ အမြဲတမ်း ကြောက်ပြီး စိတ်ကူးယဉ်နေဖို့ပဲတတ်တယ်။ ဒီမှာဗျ၊ ကျုပ်တို့ဟာ အခုမျှော်လင့်ချက် မရှိ သလောက်ဖြစ်နေပြီ။ နက်ဖြန်ကျရင် ကျုပ်လည်ပင်းကို ကျုပ်ဖြတ်တော့မှာပဲ။ ဒီတော့ ဒီကနေ့ည ပျော်ပျော်ပါးပါး အနားယူပြီး နေလိုက်ဦးမယ်"

သို့ပြောဆိုပြီးနောက် သူသည် လသာနေသော အပြင်ဘက်သို့ ချာခနဲ လှည့်ထွက်သွားလေ၏။

ရှိ ။ ။ "မီလန် ဟေ့ ... မီလန်၊ ဒီကိုလာပါဦးကွယ့် မိတ်ဆွေကြီးရဲ့"

ဤသို့ သူခေါ်လိုက်သံကို ကြားရပြီးနောက် ချက်ချင်းလိုပင် ကမ်းစပ် ဆီမှ မှုန်ဝါးဝါးသဏ္ဌာန် သုံးခုသည် သူ့အနီးသို့ ချဉ်းကပ်လာသည်ကို မြင်လိုက် ရ၏။ ရှေ့ဆုံးမှ တစ်ယောက်မှာ တစ်ကိုယ်လုံး ဖြူ၍နေပြီးလျှင် ခပ်မည်းမည်း သဏ္ဌာန်နှစ်ခုက ၎င်းနောက်မှ လိုက်ပါလာလေသည်။

သူတို့သည် ရုတ်တရက် ရပ်လိုက်ကြပြီးနောက် တစ်စုံတစ်ရာကို စူး စိုက်ကြည့်နေသည့်ဟန်ဖြင့် ကြည့်ရှုလျက်ရှိကြ၏။ အိမ်ထောင့်အစွန်းနားသို့ ရောက်သောအခါ ကျွန်ုပ်လည်း မီလန်၏ လက်ပြင်ခပ်ကုန်းကုန်းကြီးကို မြင် လိုက်ရလေသည်။

"သောက်ပါကွ၊ သောက်ကြစမ်းပါ။ လူလိုသောက်လိုက်စမ်းပါ။ ငါက အလိမ္မာဆုံးအကောင်ကွ။ မောရိုးဟာ ဒါကိုမေ့နေတယ်။ ဒါဟာ နောက်ဆုံး သောက်ခြင်းပဲဟေ့။ ကဲ ... ဒီတော့ ငါပြောမယ်။ ဝအောင် သောက်လိုက်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောဆိုရင်း သူသည် လက်ထဲတွင် ကိုင်ထားသော အရက်ပုလင်းကြီးကို ခပ်မြန်မြန် လွှပ်ယမ်းလျက် အနောက်ဘက်ဆီသို့ ထွက်သွားလေ၏။ မီလန်သည် အခြားသတ္တဝါ သုံးကောင်နှင့်အတူ ၎င်းနောက်မှ အလယ်ကနေ၍ လိုက်ပါသွားလေသည်။

ကျွန်ုပ်သည် တံခါးဝသို့ သွားပြီးလျှင် သူတို့အား လှမ်းမျှော်ကြည့်ရှုလျက်ရှိလေရာ မောင်ဂိုမာရီ၏ သဏ္ဍာန်မှာ လရောင်နှင့် ရောစပ်လျက်ရှိသော မြူများကြောင့် မသဲမကွဲ ရှိနေတော့၏။ သို့သော် မီလန်အား အရက်တစ်ခွက် လှမ်း၍ ပေးလိုက်သည်ကို မြင်လိုက်ရ၏။ ထို့နောက် သူတို့၏သဏ္ဍာန်ငါးခုမှာ တစ်ခုတည်း ဖြစ်၍သွားသည်ကို နောက်ဆုံး ခပ်ရေးရေးမျှ မြင်လိုက်ရတော့၏။

"သီချင်းဆိုကြကွာ။ ပြိုင်တူဆိုကြဗမ်း" ဟု မောင်ဂိုမာရီ၏ အော်သံကို ကြားလိုက်ရပြီးလျှင် "ပရင်းဒစ် ဆိုတဲ့အကောင့်ကို တို့များ ရွှတ်ချရမယ်" ဟူ၍လည်း သူ၏အသံကို ဆက်လက်ကြားလိုက်ရလေသည်။

ကျွန်ုပ်လည်း ၎င်းတို့အား ဆက်လက်ကြည့်ရှုလျက်ရှိရာ ကျွန်ုပ်သို့ ကြည့်ရှုနေရင်းပင် တစ်စုတစ်ဝေးတည်းရှိရာမှ တစ်ယောက်စီကွဲ၍ သွားပြီးနောက် လရောင်တောက်ပလျက်ရှိသော ကမ်းခြေသို့ ကွေ့ပတ်ကာ ဆက်လက်လျှောက်သွားကြသည်ကို တွေ့မြင်ရ၏။ တစ်ဦးစီ စိတ်ထင်ရာ အော်ဟစ်လျက် ကျွန်ုပ်၏ အမည်ကိုလည်း ခေါ်ဝေါ်ကာ ရေရွတ်ကြိမ်းမောင်းသွားသံများကိုလည်း ကြားလိုက်ရ၏။

မကြာမီ အတော်ဝေးလံသော နေရာမှ မောင်ဂိုမာရီ၏ 'ညာလှည့်' ဟူသော အသံကို ကြားလိုက်ရပြီးလျှင် ထိုအော်သံအူသံများသည်ပင် ကုန်းဘက်ရှိ သစ်ပင်များအကြားတွင် တဖြည်းဖြည်း ငြိမ်သက်ပျောက်ကွယ်၍ သွားလေတော့၏။

ဤကဲ့သို့ အသံများ ပျောက်ကွယ်သွားပြီးနောက် ညဥ့်သည် သာယာမြဲ သာယာလျက် ရှိတော့၏။ ကောင်းကင်ပြင်၌ရှိသော ပြည့်ဝဝိုင်းစက်သည့် လမင်းကြီးသည် သန်းကောင်ယံကို ကျော်လွန်ခဲ့ပြီဖြစ်၍ အနောက်ဘက်ဆီသို့ တဖြည်းဖြည်း ကျဆင်းလျက်ရှိနေ၏။

အရှေ့ဘက်ဆီမှ ပင်လယ်ရေပြင်သည် ပုံသဏ္ဍာန်ဟူ၍ မရှိဘဲ ညှိုမှိုင်း၍ နက်ရှိုင်းရှုပ်ထွေးသော အသွင်ကို ဆောင်လျက်ရှိရာ ကျွန်ုပ်ရပ်၍နေသော ဝင်းထရံနှင့် ပင်လယ်ပြင်စပ်ကြားတွင် လရောင်ကြောင့် ပြောင်လက်နေသော သဲသောင်ပြင်ကြီးရှိ၏။

၎င်းမှထွက်သည့် မီးတောက်၏ အခိုးအငွေ့များမှာ စိန်တုံးစိန်သားများ တပ်ဆင်ခင်းကျင်းထားသည့် ကမ္ဘလာကြီးကဲ့သို့ တောက်ပလျက်ရှိ၏။ ကျွန်ုပ်၏





နောက်၌ကား ညစ်ထပ်ထပ်ရှိနေသည့် ရေနံဆီမီးအိမ်မှာ ဖျော့တော့သော အရောင်ဖြင့် မှေးမှိန်စွာ တောက်ပလျက်ရှိလေသည်။ ကျွန်ုပ်၏နောက်၌ကား ညစ်ထပ်ထပ်ရှိနေသည့် ရေနံဆီမီးအိမ်မှာ ဖျော့တော့သော အရောင်ဖြင့် မှေးမှိန်စွာ တောက်ပလျက်ရှိလေသည်။

ထို့နောက် ကျွန်ုပ်သည် ဝင်းတံခါးကိုပိတ်၍ သော့ခတ်လိုက်၏ ခြံဝင်းထဲ၌ ဒေါက်တာမောရိုး၏အလောင်းသည် ဆိတ်များ၊ သိုးများ၊ ခွေးသမင်များ၊ သားမားခေါ် သားကောင်များ စသည့် ကျွန်ုပ်တို့ ပစ်သတ်ထားသော သတ္တဝါများ၏ အလောင်းများနှင့်အတူ ငြိမ်သက်စွာ ရှိနေ၏။ ဒေါက်တာ မောရိုးမှာ ကြောက်မက်ဖွယ်ကောင်းသော အသေဆိုးဖြင့် သေရှာခဲ့သော်လည်း ၎င်း၏မျက်နှာကြီးမှာ ခံ့ညားတည်ကြည်သည့် အသွင်ကို ဆောင်လျက်ပင် ရှိနေသေး၏။ မျက်စိများကို မမှိတ်ဘဲ မျက်လုံးအပြူးသားဖြင့် ထိန်လင်းစွာ သာလျက်ရှိသော လမင်းကြီးကို မော်၍ကြည့်နေဘိသကဲ့သို့ ထင်ရ၏။ ထိုအချိန်၌ ကျွန်ုပ်လည်း အခန်းထဲရှိ စင်ကလေးတစ်ခုပေါ်တွင်ထိုင်ကာ မျှော်တွေးစဥ်းစားလျက် ရှိလေသည်။

နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် လိုအပ်သော စားရေရိက္ခာများကို ယူပြီးလျှင် ကမ်းစပ်တွင် ဆိုက်ထားသော လှေပေါ်သို့တင်လျက် ကျွန်းမှ ထွက်ခွာမသွားမီ ဒေါက်တာမောရိုး၏ အလောင်းကို မီးသင်္ဂြိုဟ်ခဲ့ပြီးနောက် သမုဒ္ဒရာပြင်ကျယ်သို့ စွန့်စားထွက်သွားတော့မည်ဟု စိတ်ကူးမိ၏။ မောင်ဂိုမာရီအတွက်ကား ထစ်စုံတစ်ရာ ငဲ့ကွက်နေ၍ မဖြစ်တော့ပေ။ အမှန်သော် သူသည် 'တိရစ္ဆာန်လူ'များနှင့် ရင်းရင်းနှီးနှီး ဆက်ဆံရောနှောနေပြီဖြစ်၍ လူ့လောက အသိုင်းအဝိုင်းတွင် ဝင်ဆံ့တော့မည် မဟုတ်ဟု ကျွန်ုပ် တွက်မိ၏။

ထိုနေရာ၌ အချိန်မည်မျှ ကြာအောင် ထိုင်၍ ကျွန်ုပ်စဥ်းစားနေမိသည်ကို မသိရချေ။ တစ်နာရီ သို့မဟုတ် တစ်နာရီကျော်ကျော်ပင် ကြာကောင်းကြာလိမ့်မည်။ သို့ရှိစဥ် ကျွန်ုပ်၏ စိတ်ကူးများမှာ မောင်ဂိုမာရီ၏အသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် အမြင့်ပြတ်သွားတော့၏။ ကြားရသော အသံများမှာလည်း တစ်ယောက်တည်း မဟုတ်ဘဲ ၄-၅-၆ ယောက် အသံများဖြစ်၍ ညည်ချောင်းကွဲကြီးများဖြင့် အော်ဟစ်လိုက်သံများ၊ ကြိမ်မောင်းသံများ ဖြစ်လေသည်။ ဤကဲ့သို့ ချောင်းဆိုးသံ၊ အူသံ၊ အလန့်တကြား အော်ဟစ်သံများသည် ပင်လယ်ကမ်းခြေဘက်သို့ တဖြည်းဖြည်း ဆင်းသွားပြီးနောက် ရေစပ်သို့ အရောက်တွင် ရုတ်တရက် ရပ်၍သွားတော့၏။ ထို့နောက် ရန်ဖြစ်သကဲ့သို့ ထိုးကြိတ်နက်သံများ၊ သစ်သားချောင်းများ ကွဲ၍သွားသံများ စသည့် ဗလုံးဗထွေး



www.burmeseclassic.com

www.burmeseclassic.com



ကြားရသော အသံများမှာ တစ်ခါတစ်ရံ ဆူညံလျက်၊ တစ်ခါတစ်ရံ ငြိမ်သက်၍ သွားလေတော့၏။

သို့ရှိစဉ် ကျွန်ုပ်လည်း ကျွန်းမှ မည်ကဲ့သို့ ထွက်ခွာရမည်ဟူသော ကျွန်ုပ်၏ လွတ်မြောက်ရေးကိုသာ ကြံစည်တွေးတော၍ နေမိ၏။ သို့ဖြင့် ကျွန်ုပ်သည် ထိုင်နေရာမှ ထလျက် ရေနံဆီမှန်အိမ်ကို ယူခဲ့ပြီးလျှင် အိမ်ကလေးထဲ၌ ကျွန်ုပ်တွေ့ခဲ့ရသော စားရေရိက္ခာဘူးများ၊ စည်များရှိရာသို့ သွားရောက်ကာ ဘီစကွတ် သေတ္တာပုံးတစ်ပုံးကို ဖွင့်လေသည်။ သို့ရှိစဉ် ကျွန်ုပ်၏ နံဘေးဆီ၌ နီရဲသော သတ္တဝါကြီးတစ်ခု ဘွားခနဲ ပေါ်လာသည်ဟု မျက်စိထဲတွင် ထင်လိုက်မိသဖြင့် ဖျတ်ခနဲ လှည့်၍ကြည့်လိုက်မိ၏။ သို့သော် မည်သည့်အရာကိုမျှ မတွေ့ရချေ။ လရောင် ဖြာဆင်းလျက်ရှိသော ဝင်းခြံထဲတွင် ဒေါက်တာမောရိုးနှင့် တိရစ္ဆာန်များ၏ အလောင်းကောင်များသာလျှင် ရှိနေ၍ ကျွန်ုပ်၏ မျက်စိထဲတွင် ရိပ်ခနဲ မြင်လိုက်ခြင်းမှာ ကျွန်ုပ်၏ သွေးလေချောက်ချားခြင်းမျှသာဖြစ်လျက် အခန်းနံရံပေါ်သို့ ရေနံဆီမီးအိမ်မှ အရောင်ဟပ်ခြင်းမျှသာ ဖြစ်တန်ရာ၏ဟု မှတ်ထင်ကာ ဘီစကွတ်မုန့်ပုံးနှင့် အခြားရိက္ခာများကိုသာ ဆက်လက်ရှာဖွေမြဲ ရှာဖွေလျက် ရှိလေသည်။ ကျွန်ုပ်သည် ရနိုင်သမျှ လိုအပ်သော စားနပ်ရိက္ခာတို့ကို ကောင်းသော လက်တစ်ဘက်ဖြင့် ရှာဖွေကာ တစ်နေရာတွင် စုပုံလျက်ရှိရာ လုပ်ကိုင်ရသည်မှာ နှေးကွေးသလောက် အချိန်များသည် လျင်မြန်စွာ ကုန်၍ သွားတော့၏။ ထိုအချိန်၌ကား နံနက် မိုးသောက်၏ အလင်းရောင်များသည် အခန်းတွင်းသို့ တဖြည်းဖြည်း တိုးဝင်လာခဲ့လေပြီ။

ကမ်းစပ်မှ ဆူညံစွာ ဟစ်အော်သံများကား ငြိမ်သက်၍သွားပြီးလျှင် တစ်ဖန် တစ်မျိုးတစ်ဖုံ ဆူညံ၍လာပြန်၏။ ရှန်းရင်းဆဲဆိုသံများကို တစ်ဖန် ကြားလိုက်ရပြီးလျှင် "ထပ်ပေးဦး၊ ထပ်ပေးဦး" ဟူသော အသံများကိုလည်း ဗလုံးဗထွေး ကြားလိုက်ရ၏။ အသံများမှာ လူအများ ရန်ဖြစ်နေသော အသံဗလံမျိုးဖြစ်၍ လည်ပင်းကို ဖျစ်ညှစ်ထားသဖြင့် ငယ်သံပါအောင် အော်လိုက်သော အသံများ၊ ဆူးဆူးဝါးဝါး အော်ဟစ်သံများ လုံးထွေးဆူညံ၍နေတော့၏။ ထိုအသံများမှာ ပထမအသံနှင့် မတူတော့ဘဲ လုံးဝ ပြောင်းလဲသွားသဖြင့် ကျွန်ုပ်လည်း တစ်မျိုးတစ်မည် စိတ်ဝင်စား၍လာပြီးလျှင် ခြံဝင်းထဲသို့ ထွက်၍လာကာ အသံကြားရာဘက်သို့ နားစွင့်၍ထောင်မိ၏။ ထိုအချိန်တွင် ဤကဲ့သို့ ရှန်းရင်းဆဲဆိုတ် ဖြစ်နေသည့် အသံများကြားထဲမှ ဖြန်းခနဲ မြည်၍သွားသော ခြောက်လုံးပြူး သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီးလျှင် ဝင်းခနဲ မီးရောင်လက်သွားသည်ကို တွေ့မြင်လိုက်ရ၏။ ထိုအခါ ကျွန်ုပ်လည်း အခန်းထဲမှ တံခါးပေါက်ဝသို့ ကမန်းကတန်း ပြေးထွက်ခဲ့ရာ နောက်ပိုင်းတွင် ကျွန်ုပ် စုပုံထားခဲ့သော ပစ္စည်းများ





လဲပြိုကျသံနှင့် မှန်ချပ်ကွဲသံများကို ကြားလိုက်ရ၏။ သို့သော် ပြန်၍ လှည့်ကြည့်အားဘဲ တံခါးကိုသာ ဖွင့်၍ အပြင်ဘက်သို့ မျှော်ကြည့်မိလေ၏။

ကမ်းစပ်ရှိ သဲပြင်ပေါ်၌ကား အရုဏ်ဦး၏ အလင်းရောင်ကို ထိုးဖောက်ကာ အရှိန်ပြင်းစွာ လောင်၍နေသော မီးပုံကြီးတစ်ပုံကို တွေ့မြင်ရ၏။ မီးပုံ၏ နံဘေးတွင် မည်းမည်းသတ္တဝါန်များ ရှန်းကန်လှုပ်ရှားနေသည်ကို ပထမ တွေ့မြင်လိုက်ရ၏။ ထိုလူအုပ်ထဲမှ ကျွန်ုပ်၏ နာမည်ကို ဟစ်အော်၍ ခေါ်လိုက်သော မောင်ဂိုမာရီ၏ အသံကိုလည်း ကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း ခြောက်လုံးပြူး သေနတ်ကို ကပျာကယာ ဆွဲယူခဲ့ပြီးလျှင် လက်တစ်ဘက်မှ ကိုင်ကာ မီးပုံရှိရာသို့ ပြေးသွားလေ၏။ ထိုအချိန်၌ မြေပြင်မှ ရုပ်၍ထွက်လာသော မောင်ဂိုမာရီ၏ သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြီးလျှင် လက်ခနဲ မီးပွင့်ထွက်သွားသည်ကို လည်း မြင်လိုက်ရ၏။ မောင်ဂိုမာရီမှာ မြေပေါ်၌ လဲကျလျက်ရှိရာ ကျွန်ုပ်လည်း အသံကုန်ဟစ်အော်ပြေးသွားရင်း သေနတ်ကို လေထဲသို့ ထောင်၍ တစ်ချက် ပစ်ဖောက်လိုက်လေသည်။

ဤတွင် တစ်စုံတစ်ယောက်သော သူက "သခင် သခင်" ဟု အော်ဟစ်ပြောဆိုသံကြားလိုက်ရပြီးလျှင် စုပြုံ၍နေသော လူအုပ်ကြီးမှာ တစ်ဦးစီ ကွဲ၍ သွားလေတော့၏။ တိရစ္ဆာန်လူများသည် ကုန်းဘက်ရှိ ချုံများဆီသို့ တထိတ်၍ သန့်ဖြန့်ထွက်ပြေးကြရာ ကျွန်ုပ်လည်း ၎င်းတို့အား နောက်ကျောဘက်ကိုချိန်၍ နှစ်ချက်သုံးချက်မျှ ပစ်ထည့်လိုက်သေး၏။ ထို့နောက် မီးပုံနံဘေးတွင် လဲကျနေသည့် မည်းမည်းသတ္တဝါန်များကို ကြည့်လိုက်မိလေသည်။

မောင်ဂိုမာရီသည် ပက်လက်လန်လဲကျလျက်ရှိရာ ၎င်း၏ အပေါ်၌ အညိုရောင် အမွေးထူသတ္တဝါကြီးက ကန့်လန့်ဖြတ် လဲကျလျက်ရှိ၏။ သတ္တဝါကြီးမှာ သေ၍နေပြီဖြစ်သော်လည်း မောင်ဂိုမာရီ၏ လည်ပင်းကို ၎င်း၏ လက်သည်းကြီးများဖြင့် ကုပ်ထားလျက်ရှိနေ၏။ ၎င်းတို့အနီး၌ကား မီလန်မှာ အလျား မှောက် ငြိမ်သက်လျက်ရှိနေ၏။ ၎င်း၏လည်ပင်းမှာ အပေါက်ကြီးဖြစ်၍ နေပြီးလျှင် လက်တစ်ဘက်တွင်လည်း ဘရန်ဒီပုလင်းကွဲတစ်လုံး၏ အထက်ပိုင်းကို ဆုပ်ကိုင်ထားလေသည်။ မီးပုံအနီး၌မူ အခြားသတ္တဝါန်နှစ်ခု လဲကျလျက်ရှိလေရာ တစ်ယောက်မှာ လုံးဝ အသက်မရှိတော့ဘဲ အခြားတစ်ယောက်မှာ ဦးခေါင်းကို ကြာခဏ ထောင်၍ကြည့်ကာ အသက်ငင်လျက် ရှိနေတော့၏။

ကျွန်ုပ်သည် အညိုရောင်သတ္တဝါကြီး၏ အလောင်းကို မောင်ဂိုမာရီ၏ ကိုယ်ပေါ်မှ ဆွဲယူဖယ်ရှားလိုက်ရာ မောင်ဂိုမာရီ၏ စုတ်ပြဲလျက်ရှိသော ကုတ်အင်္ကျီမှာ ထိုသတ္တဝါ၏ လက်သည်းများကြားထဲတွင် အနည်းငယ်မျှ စုတ်ပြတ်ပါ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီမှာလည်း မျက်နှာတစ်ခုလုံး ညိုမဲ၍ နေပြီးလျှင် အသက်ငွေ့ငွေ့မျှသာ ရှိတော့၏။ သို့နှင့် ကျွန်ုပ်လည်း ပင်လယ်ရေကို လက်ခုပ်ဖြင့် ထည့်၍ ယူခဲ့ပြီးနောက် ၎င်း၏မျက်နှာကို ဆွတ်ဖြန်းပေးပြီးလျှင် တတ်နိုင်သမျှ သက်တောင့်သက်သာ ရှိစေရန် ကျွန်ုပ်၏ ကုတ်အင်္ကျီကို ချွတ်၍လိပ်ပြီးလျှင် သူ၏ဦးခေါင်းအောက်သို့ ခေါင်းအုံးသဖွယ် ထိုး၍ပေးလိုက်၏။ မီလန်ကား အသက်မရှိတော့ချေ။ မီးဖိုနံဘေးရှိ ဒဏ်ရာအပြင်းအထန်ရလျက်ရှိသော သတ္တဝါကြီးမှာ ဝံပုလွေကို ပုံသွင်းထားသည့် လူဖြစ်၍ အညိုရောင် မျက်နှာနှင့် မုတ်ဆိတ်ကြီးရှိ၏။ ၎င်း၏ ရှေ့ကိုယ်တစ်ပိုင်းမှာ မီးမငြိမ်းသေးသော ထင်းချောင်းပေါ်သို့ပင် ရောက်ရှိနေ၏။ ၎င်းမှာ ကြောက်မက်ဖွယ်ကောင်းသော ဒဏ်ရာများမှ အပြင်းအထန် ဝေဒနာခံစားရလျက် ရှိနေရာ၊ ကျွန်ုပ်လည်း ဤကဲ့သို့ ဝေဒနာ ခံစားနေသည်ကို မကြည့်ရက်နိုင်သည့်အတိုင်း ၎င်း၏ ဦးနှောက်များထဲသို့ ကျည်ဆံတစ်တောင့် ပစ်သွင်းပေးလိုက်ရ၏။ အခြားတိရစ္ဆာန်တစ်ကောင်မှာ နွားသိုးကို ပြုပြင်ထားသည့် 'နွားလူ'ဖြစ်၍ တစ်ကိုယ်လုံး ဖြူဆွတ်သော အရောင် ရှိ၏။ ၎င်းသည်လည်း အသက်မရှိတော့ချေ။

ကျန်တိရစ္ဆာန်များမှာ ကမ်းစပ်မှ ပျောက်ကွယ်သွားကြလေပြီဖြစ်ရာ၊ ကျွန်ုပ်လည်း မောင်ဂိုမာရီထံ သွားပြီးလျှင် ၎င်း၏ နံဘေး၌ ဒူးထောက်ကာ ကျွန်ုပ်ကိုယ်တိုင် ဆေးဝါးကုသရန် နားမလည်သဖြင့် မိမိကိုယ်ကို မိမိအပြစ်တင်၍နေမိသည်။

ကျွန်ုပ်တို့ဘေးတွင် ရှိသော မီးပုံမှာ မီးညွန့်တုံး၍ သွားလျက် အလယ်၌သာ မီးခဲများရဲ၍ ကျန်ရစ်ခဲ့ပြီးလျှင် ပြာများကျ၍ သွားတော့၏။ မောင်ဂိုမာရီသည် ထိုမီးများကို ဖိုရန် မည်သည့်နေရာမှ ထင်းများကို ရလေသနည်းဟု ကျွန်ုပ်လည်း အံ့သြ၍နေမိ၏။ ထိုအချိန်၌ အရုဏ်တက်လာပြီဖြစ်၍ ကောင်းကင်ယံမှာ လင်းရောင်ပြေး၍ လာပြီးလျှင် လရောင်သည်လည်း ထွက်လုဆဲသော နေမင်း၏ အလင်းရောင်အောက်တွင် တဖြည်းဖြည်း မှေးမှိန်၍ သွားတော့၏။ အရှေ့ဘက်ကောင်းကင်ယံသည်လည်း နီထွေးထွေးဖြစ်၍ လာလေသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ နောက်ဆီမှာ ဖျတ်ခနဲ အသံတစ်သံနှင့်အတူ တရှဲရှဲမြည်သော အသံများကို ကြားရသဖြင့် လှည့်၍ကြည့်လိုက်ရာ ကျွန်ုပ်မှာ ကြောက်အားလန့်အားဖြင့် ရပ်နေရာမှ ခုန်၍ပင် ထလိုက်မိ၏။ အဘယ်ကြောင့်ဆိုသော် အရှေ့ဘက်ကောင်းကင်ကို နောက်ခံပြု၍နေသော ခြံဝင်းအတွင်းရှိ ကျွန်ုပ်တို့ တဲဆီမှ ညိုမှိုင်းနက်မှောင်သော မီးခိုးလုံးကြီးများ တလိပ်လိပ် ထွက်လာပြီးလျှင် ၎င်းနှင့်အတူ သွေးရောင်ကဲ့သို့နီရဲသော မီးတောက်မီးလျှံကြီးများ ရော၍ ထွက်လာသည်ကို မြင်လိုက်ရသောကြောင့်ပေတည်း။ ထို့နောက် တဲကုပ်နံဘေး





နံရံများကိုပါ ပြန့်နှံ့၍လာတော့၏။ ကျွန်ုပ်နေသော အခန်းပြတင်းမှပင် နီရဲသော မီးတောက်ကြီးတစ်ခု ထိုးထွက်လာသည်ကို မြင်လိုက်ရလေသည်။

အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကို ချက်ချင်းပင် ကျွန်ုပ် သိရှိရတော့၏။ မောင်ဂိုမာရီအား ကူညီရန် အိမ်ခန်းထဲမှ ကမန်းကတန်း ပြေးထွက်လာစဉ် မှန်များကွဲသွားသကဲ့သို့ အသံတစ်သံကို ကြားခဲ့ရကြောင်း ပြန်လည်သတိရမိ၏။ ဤကဲ့သို့ အသံကြားရခြင်းမှာ ကျွန်ုပ်သည် အိပ်ခန်းထဲမှ ကမူးရှူးထိုး ပြေးထွက်လာစဉ် ရေနံဆီမီးအိမ်ကို အမှတ်မဲ့ တိုက်မိသောကြောင့် မှန်အိမ်ကွဲပြီးလျှင် မီးလောင်ခြင်း ဖြစ်ပေမည်။ ယခုသော် တဲအိမ်နှင့်တကွ ခြံဝင်းတစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်နေပြီဖြစ်သဖြင့် မည်သည့်အရာကိုမျှ ရနိုင်တော့မည် မဟုတ်ပေ။ ထိုအချိန်၌ ကျွန်ုပ် စိတ်ထဲတွင် ပင်လယ်တွင်းသို့ လွတ်မြောက်ထွက်ပြေးရန် အကြံကို သတိရသဖြင့် ယခင်က ကမ်းစပ်တွင် ရှိခဲ့ဖူးသည့် လှေနှစ်စင်းကို လှည့်၍ကြည့်လိုက်မိ၏။ သို့သော် ၎င်းတို့ကား မရှိတော့ချေ။ ကျွန်ုပ်အနီးရှိ သဲပြင်ပေါ်တွင် ရဲတင်းနှစ်လက်နှင့်အတူ ခုတ်ထစ်ပိုင်းဖြတ်ထားသည့် သစ်သားစအလေးများ ပြန့်ကြဲလျက်ရှိနေသည်ကို တွေ့ရ၏။ လှေကိုယ်မှ ကြီးမားသော သစ်သားများမှာ ထင်းအဖြစ် လောင်ကျွမ်းကာ ယခုအချိန်တွင် မီးသွေးဘဝသို့ပင် ရောက်ရှိခဲ့ကြလေပြီ။

ထိုအကြောင်းများကို စဉ်းစားလိုက်သောအခါ ကျွန်ုပ်မှာ ထောင်းခနဲ ဒေါသထွက်၍ သွားမိ၏။ သူ၏မိုက်မဲသော ဦးခေါင်းကြီးကိုပင် ကြေမွသွားအောင် ရိုက်နှက်ချင်စိတ်များ ပေါ်၍လာမိ၏။ သို့သော် ထိုခဏ၌ သူ၏လက်တစ်ဘက်မှာ သနားစဖွယ် ချိနဲ့စွာ လှုပ်ရမ်းလာသည်ကို မြင်လိုက်ရသဖြင့် ကျွန်ုပ်၏ ဒေါသများမှာ တစ်ခါတည်း ပျောက်ကွယ်၍သွားတော့၏။ သူသည် ညည်းညူရင်း မျက်လုံးများကို တစ်ခဏမျှ ဖွင့်လိုက်၏။

ကျွန်ုပ်သည် သူ၏နံဘေး၌ ဒူးထောက်ကာ ဦးခေါင်းကို အသာအယာ မ၍ ထားလိုက်၏။ သူသည် မျက်လုံးများကို တစ်ဖန်ဖွင့်ကာ နံနက်ခင်း မိုးသောက်ယံကို ငြိမ်သက်စွာ ကြည့်ပြီးနောက် ကျွန်ုပ်၏ မျက်လုံးများနှင့် ဆုံမိလေသည်။

ထို့နောက် နှုတ်ခမ်းများ လှုပ်၍လာပြီးလျှင် အားယူလျက် "ဝမ်းနည်းပါတယ်" ဟု ပြောလိုက်၏။ တစ်ဖန် ခေတ္တမျှ စဉ်းစားနေသည့်ဟန်ဖြင့် အတန်ငယ် ရပ်နေပြီးနောက် ဆက်လက်၍ "ဒါ နောက်ဆုံးပဲ။ မိုက်လက်စ တုံးတာပဲ။ ဘယ်လောက်ရှုပ်သလဲ" ဟု လေသံမျှသာ ထွက်ပေါ်လာတော့၏။

ကျွန်ုပ်သည် သူ့အား ကပ်၍နားထောင်ကြည့်စဉ် သူ၏ဦးခေါင်းမှာ တစ်ခါတည်း စောင်းကျသွားတော့၏။ ကျွန်ုပ်လည်း သူ့အား ရေသော်လည်း

www.burmeseclassic.com



ကောင်း၊ အရက်သော်လည်းကောင်း တိုက်နိုင်က ပြန်လည်သတိရကောင်းပါလေမည်လောဟု စဉ်းစားမိ၏။ သို့သော် အနီးအနားတွင် ရေကိုသော်လည်းကောင်း အရက်ကိုသော်လည်းကောင်း ထည့်၍ ယူလာရန် ပုလင်းအိုးခွက်ဟူ၍ တစ်စုံတစ်ရာ မရှိချေ။ သူ၏ကိုယ်မှာလည်း ရုတ်ချည်းပင် လေး၍လာလေရာ ကျွန်ုပ်မှာ အလွန်ပင် စိတ်မကောင်း ဖြစ်မိတော့၏။

ကျွန်ုပ်သည် သူ၏မျက်နှာကို ငုံ့၍ ကြည့်ပြီးလျှင် လက်တစ်ဘက်ကို အောက်ခံအင်္ကျီအတွင်းသို့ နှိုက်ကာ ရင်ကို စမ်းသပ်ကြည့်မိ၏။ သူကား အသက်မရှိတော့ပြီ။ ထိုအချိန်၌ နေသည် ကောင်းကင်မှ မြုပ်ထွက်လာပြီဖြစ်၍ ယခင်က ညိုမှိုင်းလျက်ရှိသော ပင်လယ်ရေပြင်မှာ တောက်ပ၍လာတော့၏။ နေဝန်းမှ ထွက်လာသဖြင့် နေခြည်တန်းကလေးတစ်ခုသည် သူ၏ မျက်နှာပြင်ပေါ်သို့ ဖြတ်ဆင်းကျရောက်လာရာ သူ့အား နောက်ဆုံးဂုဏ်ပြုလိုက်သကဲ့သို့ ရှိတော့၏။

ကျွန်ုပ်လည်း သူ၏ဦးခေါင်းကို ယခင်က ကျွန်ုပ် ပြုလုပ်ပေးထားသည့် ခေါင်းအုံးပေါ်ကို အသာအယာ ချထားလိုက်ပြီးလျှင် မတ်တတ်ရပ်လိုက်၏။ ကျွန်ုပ်၏ရှေ့တွင် အသက်ဝိညာဉ်ကင်းမဲ့သည့် ပင်လယ်ပြင်ကြီးရှိ၍ ကျွန်ုပ်နောက်၌မူ ကျွန်ုပ်နေခဲ့ရသော ကျွန်းနှင့် ထိုကျွန်းပေါ်တွင် နေထိုင်ကြသည့် တိရစ္ဆာန်လူတို့ ရှိကြ၏။ ခြံဝင်းအတွင်းရှိ အဆောက်အဦနှင့်တကွ စားနပ်ရိက္ခာများနှင့် ခဲယမ်းမီးကျောက်တို့ကား တဖြောင်းဖြောင်း လောင်ကျွမ်းဆဲ ရှိနေကြ၏။ တစ်ခါတစ်ရံ ဖောင်းခနဲ ဖျောင်းခနဲ ပေါက်ကွဲလိုက်သည့် အသံများကိုလည်း ကြားလိုက်ရ၏။ ထူထပ်သော မီးခိုးလုံးကြီးများသည် ကျွန်းတစ်ဘက်ကို လွှင့်တက်သွားလေရာ ကျွန်ုပ်အနီးတွင် ပြာပုံနှင့် လူသေအလောင်း ၅ ခုတို့သာ ကျန်ရစ်တော့၏။

ထိုအချိန်၌ ချုံစပ်များဆီမှာ တိရစ္ဆာန်လူ ၃ ဦးပေါ်ထွက်လာရာ ၎င်းတို့မှာ ရှေ့သို့ ဦးခေါင်းများ ခပ်ငေါ်ငေါ်ထွက်လျက် လက်ပြင်များ ကုန်းပြီးလျှင် ပုံပန်းမကျသော လက်များကို ခပ်ကားကား လွှဲ၍လာကြ၏။ ကျွန်ုပ်အား မသင့်သော မျက်လုံးများဖြင့် ကြည့်ကာ မဝံ့မရဲအမူအရာဖြင့် ရှေ့သို့ ခပ်ဖြည်းဖြည်း တိုးလာကြလေသည်။

*

၂၀

## တိရစ္ဆာန်လူများနှင့် တစ်ကိုယ်တည်းနေခြင်း

ကျွန်ုပ်ကား တိရစ္ဆာန်လူတို့အလယ်တွင် ကံကြမ္မာနှင့် ရင်ဆိုင်ရန် တစ်ကိုယ်တည်း ကျန်ရစ်ခဲ့တော့၏။ လက်တစ်ဘက်ကလည်း သွင်သွင်ကျိုးနေသဖြင့် သာ၍ပင် တစ်ကိုယ်တည်း ဆန်လှတော့၏။ ကျွန်ုပ်အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်မှာ ယမ်းတောင့် နှစ်တောင့် လျော့ပါးလျက် ရှိနေလေပြီ။ ကမ်းစပ်သဲပြင်ပေါ်၌ လှေများကို ထင်းဆိုက်ရာ၌ အသုံးပြုခဲ့သော ရဲတင်းနှစ်လက်ကား ရှိနေ၏။ ဒီရေကား တရွေ့ရွေ့ တက်စပြုလာလေပြီ။

ဤနေရာ၌ အခြားမည်သည့်အရာမျှ မလိုဘဲ ရဲစွမ်းသတ္တိသာ လိုလေသည်။ သို့နှင့် ကျွန်ုပ်လည်း ရှေ့သို့ တိုးတက်လာသော သတ္တဝါသုံးကောင်အား ၎င်းတို့၏မျက်နှာများကို စူးစူးစိုက်စိုက် ကြည့်၍နေမိ၏။ ၎င်းတို့သည် ကျွန်ုပ်နှင့် မျက်လုံးများ မဆိုင်ဝံ့ကြဘဲ မျက်နှာများကို ခပ်လွှဲလွှဲထားကာ ကျွန်ုပ်၏နောက်ဘက်တွင် ရှိနေသော အလောင်းကောင်များအား အနံ့ခံစူးစမ်းသည့်သဘောဖြင့် နှာခေါင်းများ တရှုံးရှုံး တရှုံ့ရှုံ့ လုပ်နေကြလေသည်။ သို့နှင့် ကျွန်ုပ်လည်း သွေးများ စွန်းပေလျက်ရှိသော ကြာပွတ်ကို ဝံပုလွေလူ အောင်မှ ဆွဲယူလိုက်ပြီးလျှင် ရှမ်းခနဲ ကြာပွတ်သံတစ်ချက် ပေးလိုက်၏။ သတ္တဝါသုံးကောင်ကား ရုတ်တရက် ရပ်လိုက်ပြီးလျှင် ကျွန်ုပ်အား ခပ်စိမ်းစိမ်း ကြည့်၍နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်။ ။"ဆလံပေး၊ ခေါင်းငုံ့လိုက်"

သူတို့သည် ခပ်ဆိုင်းဆိုင်း ရှိနေကြပြီးနောက် တစ်ယောက်က ဒူးများ ညွှတ်လိုက်၏။ ကျွန်ုပ်လည်း ခက်ထန်သော ရလသံဖြင့် ဆက်လက် အမိန့်ပေးပြီးလျှင် ရှေ့သို့တိုး၍ သွား၏။ ရင်ထဲကမူ တဒိတ်ဒိတ်ဖြစ်၍ နေ၏။ ပထမတစ်ယောက်က ဒူးညွှတ်လိုက်သည်ကို မြင်သောအခါ ကျန်နှစ်ယောက်တို့လည်း တဖြည်းဖြည်း ဒူးညွှတ်သွားလေသည်။

ထို့နောက် ကျွန်ုပ်လည်း ဒူးထောက်နေသူ သုံးယောက်မှ မျက်နှာတ မလွှဲဘဲ လူသေအလောင်းများရှိသော နောက်ဘက်သို့ ပြန်၍ လျှောက်ခဲ့ရာ ကျွန်ုပ်၏ အမူအရာမှာ ပရိသတ်၏ မျက်နှာကိုကြည့်၍ အကဲခတ်နေသော ကချေသည် တစ်ယောက်၏ အမူအရာနှင့်ပင် တူလှတော့၏။

ဥပဒေသများကို ရွတ်ဆိုခဲ့သူ အညိုရောင် သတ္တဝါကြီး၏ အလောင်းကောင်ပေါ်သို့ ကျွန်ုပ် ခြေတစ်ဘက်တင်၍ ထားပြီးနောက် –

"သူတို့ဟာ ဥပဒေကို ချိုးဖောက်တယ်။ ဒါကြောင့် သူတို့ သေကြပြီ။ ဥပဒေကို ရွတ်ဆိုတဲ့ လူလည်း သေပြီ။ ကြာပွတ်ကိုင်တဲ့ လူတောင် သေပြီ။ ဥပဒေသဆိုတာ အင်မတန် ကြီးကျယ်မြင့်မြတ်တယ်။ ဒီမှာ လာကြည့်လှည့်"

ထိုအခါ သူတို့ထဲမှတစ်ယောက်က "ဘယ်သူမှ မလွတ်နိုင်ဘူး" ဟု ရှေ့သို့ တိုး၍ကြည့်ရင်း ရေရွတ်လိုက်၏။

ကျွန်ုပ်။ ။"ဘယ်သူမှ မလွတ်ဘူး၊ ဒါကြောင့် ကျွန်ုပ် အမိန့်ပေးတဲ့ အတိုင်း အသင်တို့လိုက်နာပြီး လုပ်ကြ"

သူတို့သည် မတ်တတ်ရပ်လိုက်ပြီးနောက် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ရှုလျက်ရှိကြ၏။

ကျွန်ုပ်။ ။"ဟိုမှာ ရပ်နေကြ"

ကျွန်ုပ်သည် ရဲတင်းများကို ကောက်ယူလိုက်ပြီးနောက် လက်တစ်ဘက်ဖြင့် လေထဲတွင် ဝှေ့ရမ်းပြလိုက်၏။ ထို့နောက် မောင်ဂိုမာရီ၏ အလောင်းသူ၏ ခြောက်လုံးပြူးကို ထုတ်ယူလေရာ ယမ်းတောင့်အိမ်ထဲတွင် မပစ်ရသေးသော ယမ်းတောင့် နှစ်တောင့် ကျန်ရှိနေသေးသည်ကို တွေ့ရပြီးလျှင် သူ၏ စုတ်ပြတ်နေသော အဝတ်များကို ရှာဖွေသောအခါ အင်္ကျီအိတ်ထဲမှ ယမ်းတောင့် ၆ တောင့်ကိုပါ ရရှိလေသည်။

ကျွန်ုပ်သည် မတ်တတ်ရပ်လိုက်ပြီးနောက် "သူ့အလောင်းကို ယူသွားပြီး ပင်လယ်ထဲကို ပစ်လိုက်" ဟု ကြာပွတ်ကို ကိုင်လျက် အမိန့်ပေးလိုက်ရ၏။

သူတို့သုံးယောက်သည် ရှေ့သို့ တိုးလာပြီးလျှင် မောင်ဂိုမာရီအား ကြောက်ရွံ့နေသည့်ဟန်ဖြင့် ခပ်ဆိုင်းဆိုင်း ရှိနေကြသေး၏။ သို့သော် ကျွန်ုပ်





လက်ထဲမှ တရွှမ်းရွှမ်း ဝှေ့ရမ်းကစားလျက်ရှိသော ကြာပွတ်သံနှင့် ကျွန်ုပ်၏ အော်ဟစ်သံကို ပို၍ ကြောက်သည့် လက္ခဏာဖြင့် မောင်ဂိုမာရီ၏ အလောင်းကို ခွံ့မရဲ ဖင့်နွဲ့လေးကန်စွာ ရေစပ်သို့ ယူဆောင်သွားကြတော့၏။

ကျွန်ုပ်။ ။"သွားဦးဟေ့၊ ရှေ့တိုးသွားကြဦး။ ခပ်ဝေးဝေးရောက်အောင် ယူသွားကြ"

သို့နှင့် ကျွန်ုပ် အမိန့်ပေးသည့်အတိုင်း ခါးလယ်သာသာ၊ ရင်ခေါင်းလောက် ရောက်သည်အထိ ယူဆောင်သွားကြရာ ကျွန်ုပ်က "ကိုင်း ... ပစ်လိုက်ကြ" ဟု အမိန့်ပေးသောအခါမှ တစ်ခါတည်း ပစ်ချလိုက်တော့၏။ ထို့နောက် သူတို့လည်း ကမ်းစပ်သို့ ပြန်၍ပစ်ချလိုက်တော့၏။ ထို့နောက် သူတို့သည်း ကမ်းစပ်သို့ ပြန်၍လာကြသည်တွင် ကျွန်ုပ်က "ကောင်းတယ်ဟေ့" ဟု တစ်အော်လိုက်၏။ သူတို့သည် ရေစပ်နားတွင် တုန်တုန်ရီရီရပ်ကာ မောင်ဂိုမာရီအား ပစ်ချခဲ့သည့်နေရာကို ခေတ္တမျှ ပြန်၍ကြည့်နေကြသေး၏။ သူတို့၏ စိတ်၌မူ မောင်ဂိုမာရီသည် ရေထဲမှ ပြန်၍လာကာ သူတို့အား ကလဲ့စား ချေလိမ့်မည်ဟု အောက်မေ့၍ပင် နေလေသလော မပြောတတ်ပေ။

ကျွန်ုပ်။ ။"ကဲ ... ဒီဟာတွေ ကျန်သေးတယ်။ လုပ်ကြဦး"

ထိုအခါ၌ကား သူတို့သည် မောင်ဂိုမာရီအား ပစ်ချခဲ့သည့် နေရာကို နောက်တစ်ကြိမ် ထပ်မံ၍ မသွားဝံ့တော့ဘဲ တိရစ္ဆာန်လူ ၅ ယောက်တို့၏ အလောင်းများကို ကိုက် ၁၀၀ ခန့်မျှ ဝေးသည့်နေရာသို့ ယူဆောင်သွားကာ အခင်နည်းအတိုင်း ပင်လယ်ထဲသို့ ပစ်ချလိုက်လေသည်။

ကျွန်ုပ်သည် သူတို့ပစ်ချနေသည်ကို စောင့်ကြည့်လျက်ရှိနေ၏။ သို့နှင့် မီလန်၏ အလောင်းကို နောက်ဆုံးပစ်ချလျက်ရှိစဉ် ကျွန်ုပ်၏ နောက်နားဆီမှ ခပ်ဖော့ဖော့နင်းလာသော ခြေသံတစ်သံကို ကြားရသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိရာ ခွေးအနံ့ဝ်ဝက်ကို ပေါင်းစပ်ပြုပြင်ထားသည့် ကြီးမားသော တိရစ္ဆာန်လူတစ်ယောက်ကို ၁၀ ကိုက်၊ ၁၅ ကိုက်ခန့် အကွာတွင် ရုတ်တရက် တွေ့မြင်လိုက်ရ၏။ ဦးခေါင်းကို ခပ်ငုံ့ငုံ့ထားကာ ၎င်း၏ တောက်ပသော မျက်လုံးများသည် ကျွန်ုပ်အား စူးစိုက်ကြည့်ရှုလျက် ကောက်ကွေးသော လက်ကြီးကို နံဘေးသို့ချကာ လက်ချောင်းများကို ကျစ်ကျစ်ပါအောင် ဆုတ်ထား၏။ ကျွန်ုပ်က လှည့်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ၎င်းသည် ထိုနေရာ၌ ရပ်လိုက်လေသည်။

အချိန်အတန်ကြာမျှပင် ကျွန်ုပ်တို့သည် မျက်လုံးချင်းဆိုင်၍ ကြည့်နေကြရာ ကျွန်ုပ်လည်း ကြာပွတ်ကို လက်ထဲမှ လွှတ်ချလိုက်ပြီးလျှင် ခြောက်လုံးပြူး သေနတ်ကို အိတ်ထဲမှ ဆွဲထုတ်လိုက်၏။ ကျွန်းပေါ်တွင် ကျန်ရှိရစ်ခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများအနက် ထိုသတ္တဝါကြီးမှာ ကြောက်မက်ဖွယ် အကောင်းဆုံး အကောင်ကြီးဖြစ်၍ ၎င်းအား သတ်ပစ်ရန် စိတ်ကူးထားပြီး ဖြစ်၏။ ကျွန်ုပ်သည် ၎င်းအား အခြားတိရစ္ဆာန်လူနှစ်ယောက်ထက် ပို၍ ကြောက်ရွံ့ပြီးဖြစ်သဖြင့် ဤကဲ့သို့ စိတ်ကိုပိုင်းဖြတ်ထားခြင်း ဖြစ်လေသည်။ သူ အသက်ရှင်နေက အခြားတိရစ္ဆာန်လူများကိုလည်း မှုချရန်မှုမည်ဖြစ်ကြောင်း ကျွန်ုပ် ကောင်းစွာ သိရှိပြီး ဖြစ်၏။

သို့ဖြင့် ၁၀ စက္ကန့်မျှလောက် အချိန်ယူစဉ်းစားလိုက်ပြီးနောက် "ဆလံ ပေး၊ ခေါင်းငုံ့" ဟု ကျွန်ုပ်က ဟစ်အော် အမိန့်ပေးလိုက်လေသည်။

သတ္တဝါကြီးသည် ကျွန်ုပ်အား သွားများကို ဖြီး၍ပြကာ ဟိန်းလိုက်ပြီးနောက် "ရှိသေရအောင် သင်က ဘယ်သူလဲ" ဟု ဟစ်အော်လိုက်လေသည်။

ကျွန်ုပ်လည်း အတန်ငယ် စိတ်အားငယ်သကဲ့သို့ ဖြစ်သွားကာ ၎င်းအား ချိန်ရွယ်ပြီးလျှင် သေနတ်မောင်းကို လျင်မြန်စွာ ဆွဲလိုက်၏။ သတ္တဝါကြီးသည် တစ်ချက် ဟစ်အော်လိုက်ပြီးနောက် နံဘေးသို့ ချာခနဲ လှည့်၍ပြေးလေရာ ထိုအခါမှ ကျည်ဆံသည် ၎င်းကို မထိဘဲ လွဲချော်၍သွားကြောင်း သိရတော့၏။ သို့နှင့် ကျွန်ုပ်လည်း နောက်တစ်ကြိမ်ထပ်၍ပစ်ရန် မောင်းကို လက်မဖြင့် တွန်း၍ တင်လိုက်ရပြန်၏။ သို့သော် ထိုအချိန်၌ သတ္တဝါကြီးမှာ လျင်မြန်စွာ ခုန်ပေါက်ပြေးလွှားသွားပြီဖြစ်၍ မမီလိုက်တော့ချေ။ ၎င်းသည် ကျွန်ုပ်အား ၂ ကြိမ် ၃ ကြိမ်မျှ လှည့်၍ကြည့်ပြီးနောက် ဆင်ခြေလျှောတစ်လျှောက်မှ တက်ပြေးကာ လောင်ကျွမ်းလျက်ရှိသော တဲအိမ်မှထွက်သည့် မီးခိုးလုံးများ အကြားသို့ ဝင်ကာ ပျောက်ကွယ်၍သွားတော့၏။ ကျွန်ုပ်သည် ၎င်းပြေးရာဘက်သို့ ငေးမောကာ တစ်ခဏမျှ ကြည့်ရှုနေပြီးနောက် ကျွန်ုပ်၏ စကားကို နားထောင်လိုက်နာသော တိရစ္ဆာန်လူ သုံးယောက်ဘက်သို့ လှည့်၍ မျက်ရိပ်ပြ အမိန့်ပေးလိုက်သောအခါမှ ၎င်းတို့လည်း မီလန်၏ အလောင်းကို ရေထဲသို့ ပစ်ချလိုက်ကြတော့၏။ ထို့နောက် ကျွန်ုပ်လည်း အလောင်းများ လဲကျခဲ့သောနေရာ မီးပုံနံဘေးသို့ လာခဲ့ပြီး သဲပြင်ကို ခြေဖြင့် ကန်ကျောက်လျက်၊ စွန်းထင်းနေသည့် သွေးကွက်ကြီးများကို ပျောက်ပျက်သွားအောင် ဖျက်ဆီးပစ်ရတော့၏။

ကျွန်ုပ်သည် ထိုတိရစ္ဆာန်လူ သုံးယောက်တို့အား လက်ကို ဝှေ့ရမ်း၍ ကာ ပြန်လွှတ်လိုက်သောအခါ ၎င်းတို့သည် ချုံပုတ်များထဲသို့ အသီးသီး ပြေးဝင် သွားကြတော့၏။ ထို့နောက် ကျွန်ုပ်လည်း ပစ္စတိုသေနတ်ကို လက်တစ်ဘက်မှ ကိုင်ပြီးလျှင် ရဲတင်းနှင့် ကြာပွတ်ကို လက်တွင်ကိုင်ထားသည့် အဝတ်ထဲ၌ ထည့် ထားလိုက်၏။ ကျွန်ုပ်၏ စိတ်မှာ နောင်ဖြစ်ပေါ်လာမည့် အခြေအနေကို အချိန်ယူ





၍ စဉ်းစားရန် တစ်ယောက်တည်း နေလိုသော ဆန္ဒရှိသဖြင့် ၎င်းတို့အား ဓောင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

ကျွန်ုပ် လက်ရှိအခြေအနေမှာ ကျွန်ုပ်တို့ နေခဲ့သော တဲအိမ်ကြီးမှာလည်း မီးလောင်ပြာကျသွားပြီဖြစ်သဖြင့် ကျွန်းပေါ်တွင် လူသားဟူ၍ ကျွန်ုပ်တစ်ယောက်တည်းသာ ရှိနေရုံမျှမက လုံခြုံစွာ အိပ်စက်နားနေရန် နေရာပင် မရှိတော့ချေ။ ကျွန်ုပ်မှာ ကျွန်းပေါ်သို့ရောက်စက အတော်ပင် အင်အားပြည့်၍ ကျန်းမာသန်စွမ်းလာခဲ့သော် ယခုလက်ရှိ အခြေအနေအရ ကြောက်ရွံ့စိုးရိမ်၍ လာမိတော့၏။ ကျွန်းကို ဖြတ်ကျော်ပြီးနောက် အခြားဘက်တွင် နေထိုင်သည့် တိရစ္ဆာန်လူများနှင့် ရောနှောပေါင်းသင်းကာ ၎င်းတို့၏ ယုံကြည်လေးစားမှုကိုခံယူ၍ နေထိုင်လျှင် ကောင်းလေမည်လောဟုလည်း စိတ်ကူးပေါက်မိ၏။ သို့သော် ဤကဲ့သို့ ဖြစ်နိုင်မည်လည်း မထင်မိပေ။ သို့နှင့် ကျွန်ုပ်သည် မီးလောင်သွားသော တဲအိမ်ဝင်းခြံကိုကျော်ဖြတ်ကာ အရှေ့ဘက်သို့ လှည့်လာခဲ့၍ ကျောက်ဆောင်တစ်ခုရှိရာသို့ ကူးသွားနိုင်သော သန္တာကျောက်တန်းကလေးတစ်ခုပေါ်တွင် ထိုင်ချလိုက်မိ၏။ ထိုနေရာမှာ ပင်လယ်ဖက်သို့ ကျောပေးလျက် ရန်သူများ ရုတ်တရက် လာရောက်တိုက်ခိုက်လျှင်လည်း ချက်ချင်းသိနိုင်ရန် ကျွန်းဘက်သို့ မျက်နှာမူလျက် ရှိနေ၏။ သို့နှင့် ကျွန်ုပ်သည် ဒူးနှစ်ဖက်ပေါ်၌ မေးတင်ကာ နေပူကျဲကျဲတွင် ထိုင်ရင်း အကယ်၍ ကျွန်ုပ်အား ကယ်ဆယ်ရန် တစ်စုံတစ်ရာ အကူအညီ ရောက်ရှိက ရှေ့တွင် ဤကျွန်းပေါ်၌ မည်ကဲ့သို့ ဆက်လက်၍ နေထိုင်သွားရမည့်အကြောင်းများကို စိတ်ထဲမှ တွေး၍ နေမိ၏။ ကျွန်ုပ်အား ကယ်တင်မည့်သူ ရောက်ရှိလာရန်မှာလည်း အတော်ပင်ခဲယဉ်းသဖြင့် မည်ကဲ့သို့ ပြုလုပ်ရမည်ကို အေးဆေးတည်ငြိမ်သော စိတ်ဖြင့် စိတ်ကူးရန် လိုအပ်သည့်အတိုင်း မိမိစိတ်ကို မိမိတည်ငြိမ်အောင် ကြိုးစားလျက်ရှိနေ၏။ သို့သော် ပတ်ဝန်းကျင်နှင့်တကွ ယခုလောလောဆယ် ဖြစ်ပျက်ခဲ့သည့် စိတ်နှလုံး မသက်သာစရာအကြောင်းများကြောင့် ကျွန်ုပ်၏စိတ်မှာ တည်ငြိမ်မှုမရနိုင်သကဲ့သို့ ရှိနေလေသည်။

"ဒီကောင်တွေဟာ ပြောင်းလဲသွားမှာပဲဗျ။ တစ်နေ့နေ့တော့ မုချ ပြောင်းလဲသွားရမယ်ဗျာ" ဟု မောင်ဂိုမာရီ မသေမီကပြောခဲ့သော စကားများကို ကျွန်ုပ် ပြန်၍ သတိရမိ၏။ ထို့ပြင် ဒေါက်တာမောရိုးကလည်း တစ်ကြိမ်က "ဒီအကောင်တွေမှာ တိရစ္ဆာန်အသားအရေနဲ့ မိုက်မဲတဲ့ အဟိတ်တိရစ္ဆာန် ဘဝဟာ တစ်နေ့ထက် တစ်နေ့ တိုးတိုးလာတာ တွေ့ရတယ်ဗျ" ဟု ပြောဖူးသည့် စကားများကို ပြန်၍ တွေးမိ၏။ ခွေးတစ်ပိုင်း ဝက်တစ်ပိုင်း သတ္တဝါကြီးအကြောင်းကို ပြန်၍ စဉ်းစားမိသောအခါ အကယ်၍ ကျွန်ုပ်က မသတ်နိုင်ခဲ့လျှင် ကျွန်ုပ်အား မျှလာ၍ သတ်မည်မှာ မလွဲပေ။ ဥပဒေသများကို ရွတ်ဆိုခဲ့သော မီးခိုးရောင် အဆင်းရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါကြီး သေ၍ သွားပြီဖြစ်သဖြင့် ဥပဒေသကို ခေါင်းဆောင်၍ ရွတ်မည့်သူ မရှိသည်မှာ ဆိုးရွားလှတော့၏။ ၎င်းတို့အား စိုးမိုးအုပ်ချုပ်မည့် ကြာပွတ်ကိုင် သမားများပင် ၎င်းတို့သေရသကဲ့သို့ သေကြေနိုင်သည်ဟူသော အချက်ကို တိရစ္ဆာန်လူများ သိ၍သွားကြလေပြီ။

ယခုအချိန်၌ပင် သူတို့သည် ကျွန်းပေါ်ရှိ တောစပ်ချုံပုတ်များထဲမှနေ၍ ကျွန်ုပ် ထွက်လာသောအချိန်တွင် ကျွန်ုပ်အား ခုန်၍အုပ်ရန် ချောင်းမြောင်းနေကြ လေသလော။ သို့မဟုတ် ကျွန်ုပ်အား လုပ်ကြံသတ်ဖြတ်ရန် စည်းဝေးတိုင်ပင်၍ပင် နေကြလေသလော။ ခွေးအ,တစ်ပိုင်း၊ ဝက်တစ်ပိုင်းသတ္တဝါသည် သူတို့အား မည်ကဲ့သို့ တိုက်တွန်းပြောဆိုနေမည်နည်း။ ဤသို့နှင့် ကျွန်ုပ်သည် အခြေအမြစ် ပင် မရှိသော အတွေးမျိုးကို စိတ်ကူးတွေးတော၍ နေမိတော့၏။

သို့ရှိစဉ် ကျွန်း၏ ကမ်းစပ်သောင်ပြင်ပေါ်သို့ လှိုင်းပုတ်ခတ်သံဖြင့် မည်းခနဲ ပြန့်၍တက်လာသော အရာဝတ္ထုတစ်ခုအား ပင်လယ်ငှက်များ ဝိုင်းအုံ အော်ဟစ် ထိုးသတ်နေကြသည်ကို တွေ့ရသဖြင့် ကျွန်ုပ်၏ အတွေးများ ရုတ်တရက် ပြတ်၍သွားလေသည်။ ရေထဲမှ လှိုင်းပုတ်သံဖြင့် ရောက်ရှိလာသော အရာမှာ မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ် သိ၏။ သို့သော် ငှက်များကိုလည်း သွားအံ့ မောင်းလိုစိတ် မရှိတော့ပြီ။ သို့နှင့် ကျွန်ုပ်လည်း တိရစ္ဆာန်လူများ နေထိုင် သည့် တဲစုတောင်ကြားလမ်းဆီသို့ သွားရန် ရည်ရွယ်လျက် ကျွန်း၏ အရှေ့ ဘက် အစွန်းကို ကွေ့ကာ လျှောက်လာခဲ့၏။ ကျွန်ုပ် သွားမည့်လမ်းမှာ ချုံနွယ် ပိတ်ပေါင်းများလည်း ထူထပ်စွာ မရှိသဖြင့် တိတ်တဆိတ် ချုံခို၍ချောင်းမြောင်း တိုက်ခိုက်နိုင်မည့် ဘေးရန်မှလည်း ကင်းဝေးလေသည်။

ဤကဲ့သို့ လျှောက်လာခဲ့၍ မိုင်ဝက်ခန့် ရောက်သောအခါ ကျွန်ုပ်၏ အမိန့်တို့ နာခံခဲ့သော တိရစ္ဆာန်လူ သုံးဦးထဲမှ တစ်ဦးသည် ကျွန်းပေါ်ရှိ ချုံများထဲ မှ ကျွန်ုပ်ဆီသို့ ရှေ့ရှုလာနေသည်ကို တွေ့ရ၏။ ကျွန်ုပ်မှာ စိတ်ကူးချင်တိုင်း စိတ်ကူးကာ ထိတ်လန့်နေသဖြင့် ထိုသတ္တဝါကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခြောက်လုံးပြူးသေနတ်ကို ချက်ချင်းဆွဲထုတ်လိုက်မိလေသည်။ ၎င်းမှာ ရန်မူမည့် အမူအရာမျိုး တစ်စုံတစ်ရာ မရှိသော်လည်း ကျွန်ုပ်သည် သေနတ်ကို မလွှတ်ဘဲ ကိုင်မြဲ ကိုင်ထား၏။

၎င်းသည် ကျွန်ုပ်ထံသို့ ချဉ်းကပ်လာရင်း အရှိန်သပ်လိုက်ပြီးလျှင် ရုတ်တရက် ရပ်လိုက်ရာ ကျွန်ုပ်က "ဟေ့ ... သွား ... သွား။ ခပ်ဝေးဝေးသွား" ဟု အော်၍ ပြောလိုက်လေသည်။ သို့သော် ၎င်းအား ကြည့်ရသည်မှာ မဖွံ့မရဲ ပေကပ်ကပ်လုပ်သော ခွေးတစ်ကောင်၏ အမူအရာမျိုးနှင့် တူလှတော့၏။ ထို သတ္တဝါသည် နောက်သို့ အတန်ငယ် ဆုတ်သွားပြီးမှ ထိုနေရာတွင် ရပ်လျက်





ကျွန်ုပ်အား မရဲတရဲ ကြည့်၍နေ၏။ ၎င်း၏ အမူအရာမှာ သခင်၏ နောက်သို့ လိုက်ပါလာသော ခွေးတစ်ကောင်သည် အိမ်သို့ ပြန်ရန် သခင်က မြန်၍မောင်း သောအခါ မပြန်ချင်ပြန်ချင် ဖြစ်၍နေသော ပေကပ်ကပ် အမူအရာမျိုး ဖြစ်လေ သည်။ ၎င်းသည် ကျွန်ုပ်အား တောင်းပန်တိုးလျှိုးသည့် ဟန်မျိုးဖြင့် ခွေးတစ် ကောင်ကဲ့သို့ ကြည့်၍နေလေသည်။

ကျွန်ုပ်။ ။"ဟေ့ ... သွားဆို မသွားသေးဘူးလား။ ငါ့အနား မကပ်နဲ့"

ထိုသတ္တဝါက "အနားကို ကျွန်တော် မလာရဘူးလား ခင်ဗျာ"

ကျွန်ုပ်။ ။"ဟင့်အင်း ... မလာရဘူး။ သွား ... သွား"

ကျွန်ုပ်သည် ကြာပွတ်ကို ရှမ်းခနဲ မြည်အောင် ရိုက်လိုက်ပြီးနောက် ပါးစပ်ဖြင့် ကိုက်ထားပြီးလျှင် ခဲတစ်လုံးကို ကောက်ယူကာ ၎င်းအား လှမ်း၍ ပေါက်လိုက်ရာ၊ ထိုသတ္တဝါလည်း ထွက်ပြေးလေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် တစ်ကိုယ်တည်း လျှောက်၍ လာခဲ့ရာ တိရစ္ဆာန် လူများ နေထိုင်သည့် လျှိုကြီးအစပ်ရှိ ရွာကလေးသို့ ရောက်ရှိလာခဲ့၏။ ထို့နောက် လျှိုကြီးနှင့် ပင်လယ်ကမ်းစပ်အကြားရှိ ရေညှိပင်နှင့် ကိုင်းပင်များကြားတွင် ရပ် ကာ ဒေါက်တာမောရိုးနှင့် မောင်ဂိုမာရီတို့နှစ်ယောက်စလုံး သေဆုံးသွားရုံသာမက တိရစ္ဆာန်လူတို့၏ ဒုက္ခဝေဒနာ ခံစားရာ တဲအိမ်ကြီးသည်ပင် မီးလောင်သွားပြီ ဖြစ်သဖြင့် ထိုကိစ္စများသည် ၎င်းတို့၏ စိတ်ဓာတ်ကို မည်ကဲ့သို့ ထိခိုက်စေလေ သနည်းဟု ကြည့်ရှု အကဲခတ်ရန် ချောင်းမြောင်းစောင့်ဆိုင်းလျက် ရှိလေ၏။ ကျွန်ုပ်မှာ သူရဲဘောကြောင်နေ၍ မဖြစ်တော့ကြောင်း ဆင်ခြင်စားမိ၏။ အကယ်၍ ၎င်းတို့အား သတ္တိရှိရှိနှင့် ရင်ဆိုင်ကာ ဣန္ဒြေရစွာ ကျင့်သုံးဆက်ဆံ၍သွားက ဒေါက်တာမောရိုးကဲ့သို့ ၎င်းတို့အပေါ်တွင် စိုးမိုးအုပ်ချုပ်နိုင်မည်ဖြစ်၏။ အကယ်၍ ဤကဲ့သို့ မပြုလုပ်နိုင်ခဲ့သော် ကျွန်ုပ်၏ အခြေအနေမှာ ၎င်းတို့၏ ကြောက်ရွံ့လေး စားခြင်းကို မခံရဘဲ သာမန်ခေါင်းဆောင်တစ်ယောက်မျှသာ ဖြစ်ပေတော့မည်။

မွန်းတည့်ချိန်နီးသောအခါ ၎င်းတို့ထဲမှ အချို့သည် အပြင်သို့ ထွက် လာပြီးလျှင် တဲပြင်ပေါ်၌ ဆောင့်ကြောင့်ထိုင်ကာ နေစာလှုံလျက်ရှိကြ၏။ ထို အချိန်၌ ကျွန်ုပ်မှာ အတော်ပင် မွတ်သိပ်ဆာလောင်၍ နေပြီးလျှင် ရေလည်း ငတ်လှပြီဖြစ်၍ ချုံများထဲမှ ထွက်ခဲ့ပြီးနောက် ကြောက်ရွံ့၍ မနေနိုင်တော့ဘဲ လက်တစ်ဘက်၌ ခြောက်လုံးပြူးသေနတ်ကို အသင့်ကိုင်ကာ ၎င်းတို့ ထိုင်နေ သော နေရာသို့ သွားရောက်လေ၏။ ကျွန်ုပ်အား ပထမဦးစွာ မြင်သောသူမှာ ဝံပုလွေမကို ပြုပြင်ထားသည့် သတ္တဝါတစ်ကောင်ဖြစ်၍ ၎င်းက ကျွန်ုပ်အား လှည့်၍ကြည့်ရာ အခြားသတ္တဝါများကလည်း အသီးသီး ကြည့်ကြ၏။ သို့ သော် မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်အား အလေးပြုခြင်း၊ ဆလံပေး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းများ မပြုလုပ်ချေ။ ၎င်းတို့မှာ အရေးအတွက် များပြားပြီးလျှင် ကျွန်ုပ်ကိုယ်တိုင်မှာလည်း အလွန်ပင်ပမ်း နွမ်းနယ်နေပြီဖြစ်၍ အတင်းအကြပ် နိုင်းစေလိုစိတ်လည်း မရှိတော့ချေ။ သို့နှင့် ကျွန်ုပ်လည်း ၎င်းတို့အနီးသို့ ချဉ်းကပ်ကာ "ကျွန်ုပ် အစားအစာ လိုချင်တယ်" ဟု တောင်းပန်သော လေသံမျိုးဖြင့် ပြောလိုက်မိလေသည်။

ထိုအခါ နွားသိုးနှင့် ဝက်ကို ပေါင်းစပ်ပြုပြင်ထားသည့် တိရစ္ဆာန်လူက–

"အစားအစာ လိုချင်ရင် တဲတွေထဲမှာ ရှိတယ်" ဟူ၍ ပြောလိုက်၏။

ထို့နောက် ကျွန်ုပ်လည်း သူတို့၏ အကြားမှဖြတ်ကာ လူသူကင်းမဲ့၍ အနံ့အသက်များ ဆိုးဝါးသည့် လျှိုကြီးအတွင်းသို့ ဆင်းလာခဲ့လေသည်။ တစ်ခဏမျှ သွားမိလတ်သော် လူသူမရှိသော တဲတစ်ခုကို တွေ့ရ၏။ ထိုတဲတွင် အသင့်တွေ့ရသော သစ်သီးအချို့ကို စားသောက်ရ၏။ ထို့နောက် ကျွန်ုပ်လည်း ထိုတစ်ဘက်ရပ်တဲကလေး၏ မျက်နှာစာကို သစ်ကိုင်းခြောက်များ၊ တုတ်များဖြင့် ကာရံပြီးသော် ခေတ္တမျှ အပမ်းဖြေအိပ်စက်ရန် ပြင်ဆင်လျက်ရှိလေ၏။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော နာရီသုံးဆယ်အတွင်း၌ ကျွန်ုပ်မှာ အပြင်းအထန် သွားလာလှုပ်ရှားခဲ့ရသည့်အပြင် ကြောက်မက်ဖွယ် ကောင်းသော အဖြစ်အပျက်တို့နှင့်လည်း တွေ့ကြုံခဲ့ရသဖြင့် ခြေကုန်လက်ပမ်းကျကာ အိပ်ချင် ငိုက်မြည်း၍ လာသောကြောင့် ဖြစ်၏။

ကျွန်ုပ်မှာ အတန်ငယ် မေးစက်လိုက်ရလျှင် အမောပြေ၍ အားအင်ပြည့်ဖြိုးလာမည် ဖြစ်သောကြောင့် လက်ထဲတွင် ခြောက်လုံးပြူးသေနတ်ကို အသင့်ကိုင်ထားကာ အကယ်၍ ကျွန်ုပ်အား ရန်မူမည့်သူများ လာရောက်က အသံကြား၍ နိုးနိုင်စေရန် အထက်ပါအတိုင်း သစ်ကိုင်းခြောက်နှင့် တုတ်များကို ပြင်ဆင်ထားပြီးနောက် လဲလျောင်းလိုက်ရာ တစ်ခါတည်း အိပ်ပျော်၍ သွားတော့၏။

*

## ၂၂

## အရိုင်းစိတ် ပြန်ဝင်လာကြခြင်း

ဤသို့ဖြင့် ကျွန်ုပ်သည် ဒေါက်တာမောရိုး၏ ခွဲစိပ်စမ်းသပ်ရာဌာနဖြစ်သော ကျွန်းပေါ်၌ တိရစ္ဆာန်လူများ၏ အလယ်တွင် တစ်ကိုယ်တည်း ဖြစ်လာရတော့၏။ အိပ်ရာမှ နိုးသောအခါ ပတ်ဝန်းကျင်သည် မည်းမှောင်၍နေပြီးလျှင် တတ်တီးစည်းထားသော ကျွန်ုပ်၏ လက်မှာလည်း နာကျင်ကိုက်ခဲလျက်ရှိနေ၏။ ကျွန်ုပ်သည် အိပ်ရာမှ ထပြီးသော် မည်သည့်နေရာသို့ ရောက်နေသည်ကို မဝေခွဲခင်သကဲ့သို့ ဖြစ်နေသဖြင့် စူးစမ်းလိုက်မိ၏။ သို့ရှိစဉ် အပြင်မှ ဝူးဝူးဝါးဝါး စကားပြောသံများကို ကြားရ၏။ ထို့ပြင် ကျွန်ုပ် မအိပ်မီတဲပေါက်ဝတွင် ကာရံထားခဲ့သည့် အရံအတားများလည်း မရှိတော့ဘဲ ဟင်းလင်းပွင့်လျက်ရှိနေသည်ကို အံ့သြစွာ တွေ့မြင်ရ၏။ သို့သော် ခြောက်လုံးပြူး သေနတ်မှာမူ ကျွန်ုပ်လက်ထဲ၌ပင် ငြိမ်ငြိမ် ရှိနေလေသည်။

ထိုအခိုက် ကျွန်ုပ်၏ဘေးမှ အသက်ရှူသံတစ်ခုကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ နံဘေး၌ ကုပ်လျက် ဝပ်၍အိပ်ပျော်နေသော သတ္တဝါတစ်ကောင်ကို တွေ့လိုက်ရသဖြင့် အလန့်တကြားဖြစ်ကာ မည်သို့သော သတ္တဝါမျိုးနည်းဟု လှည့်ကြည့်လိုက်မိ၏။ ထိုသတ္တဝါသည် ဖြည်းဖြည်း လှုပ်ရှားလာပြီးနောက် ကျွန်ုပ်၏ လက်ပေါ်သို့ ထွေးနွေးနူးညံ့၍ စိုစွတ်သော အရာတစ်ခုလာ၍ ရှိသည်ကို သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ထိလိုက်သောအခါ ကျွန်ုပ်၏ တစ်ကိုယ်လုံးမှာ ကြွ၍သွားသကဲ့သို့ ဖြစ်သွားပြီးနောက် လက်ကို ကပျာကယာ ရုတ်လိုက်မိပြီးလျှင် အလန့်တကြား အော်ဟစ်လိုက်မည့်ကဲ့သို့ လည်ချောင်းထဲ၌လည်း ခပ်ဆို့ဆို့ ဖြစ်သွားမိ၏။ ထို့နောက်မှ သတိရလျက် သေနတ်ကို ခပ်တင်းတင်းဆုပ်ကာ "ဒါ ဘယ်သူလဲကွ" ဟု မတိုးမကျယ် မေးလိုက်မိလေသည်။

"ကျွန်တော်ပါ သခင်"

"ဟင် ... မင်း ဘယ်သူလဲ"

"သူတို့က ပြောတယ်။ အခု သခင်မရှိတော့ဘူးတဲ့။ ဒါပေမယ့် ကျွန်တော် သိပါတယ်။ ကျွန်တော်ဟာ အသေကောင်တွေကို ရေထဲချပေးခဲ့တဲ့ သူတစ်ယောက်ပါ။ အို ... ပင်လယ်တွင်းသို့ လျှောက်သွားသော အရှင်။ ကျွန်တော်ဟာ အရှင်ရဲ့ တပည့်ဖြစ်ပါတယ်"

ကျွန်ုပ် ။ ။ "မင်းဟာ ကမ်းစပ်မှာ ငါတွေ့ခဲ့တဲ့ အကောင်တွေထဲက တစ်ကောင်လား"

ထိုသူ ။ ။ "မှန်ပါတယ်အရှင်။ မှန်ပါတယ်"

ထိုသတ္တဝါသည် ကျွန်ုပ်အား ကောင်းစွာ သစ္စာစောင့် သိပုံရ၏။ အကယ်၍သာ သစ္စာစောင့်သိခြင်း မရှိခဲ့ပါမူ ကျွန်ုပ် အိပ်ပျော်နေစဉ် သူသည် ကျွန်ုပ်ကို ကောင်းစွာ ရန်ရှာနိုင်ပေသည်။

"အင်း ... ကောင်းပြီလေ" ဟု ပြောလျက် သူ၏လျှာဖြင့် ကျွန်ုပ်၏ လက်အား လာ၍လျက်သည်ကို အသာတကြည် ခွင့်ပြုနေလိုက်မိ၏။ ကျွန်ုပ်အား ကြည်ညိုလေးစားသူတစ်ယောက် ရှိလာသဖြင့် များစွာ အားတက်၍လာမိ၏။

ကျွန်ုပ် ။ ။ "ဒါနဲ့ တခြားကောင်တွေကော ဘယ်မှာလဲကွ"

ထိုသူ ။ ။ "သူတို့တော့ ရူးကုန်ပြီ။ ဆိုးသွမ်းကုန်ကြပြီ။ အခုအပြင်မှာ သူတို့ စကားပြောနေကြတယ်။ အရှင်သခင် မရှိတော့ဘူးတဲ့။ ကြာပွတ်ကိုင်တဲ့ အရှင်တစ်ယောက်လည်း မရှိတော့ဘူးတဲ့။ ပင်လယ်ထဲကို ဆင်းတဲ့ အရှင်ဟာလည်း တို့လိုပဲ။ ဘာမှ မထူးဘူးတဲ့။ ဒီတော့ အရှင်သခင်လည်း မရှိဘူး။ ကြာပွတ်လည်း မရှိတော့ဘူး။ နာကျင်အောင်လုပ်တဲ့ အိမ်ကြီးလည်း မရှိတော့ဘူး။ အားလုံး ကိစ္စတုံးပြီ။ တို့ကတော့ ဥပဒေကို ချစ်လို့ လေးစားပါတယ်။ ဒါပေမယ့် နာကျင်စရာ မရှိတော့ဘူးတဲ့။ အဲဒီလို ပြောနေကြတာပဲ။ သူတို့ဘာပြောပြော သခင်။ ကျွန်တော်ကတော့ အားလုံးသိပါတယ်"

ကျွန်ုပ်သည် အမှောင်ထဲ၌ ၎င်း၏ ဦးခေါင်းကို အသာအယာ ပွတ်သပ်ပေးလျက် ရှိလေသည်။





ကျွန်ုပ် ။ ။ "အေး ... ကောင်းတယ်ကွာ။ တစ်နေ့ကျရင် သခင်ဟာ သူတို့အားလုံးကို သတ်ပစ်မှာပဲ"

ထိုသူ ။ ။ "တစ်နေ့ကျရင် သခင်ဟာ သူတို့ကို အားလုံး သတ်ပစ်မှာပါပဲ"

ကျွန်ုပ် ။ ။ "အေး ... ဟုတ်တယ်၊ သူတို့အားလုံးကို ငါသတ်ပစ်ရမယ်။ ရက်တွေ၊ အချိန်တွေတော့ စောင့်ရမယ်ပေါ့။ မင်း သဘောကျတဲ့ လူကလွဲရင် အားလုံး တစ်ကောင်မကျန် သုတ်သင်ပစ်မှာပဲ"

"ဟုတ်ပါတယ်။ သခင် မကြိုက်တဲ့လူ အားလုံး သေရမှာပဲ"

"ဒီကောင်တွေ မကောင်းတာတွေ လုပ်ပေစေဦးပေါ့။ အပြစ်များလာတဲ့ တစ်နေ့ကျရင် သူတို့သေဖို့ အချိန်စေ့တာပဲ။ ငါဟာ အရှင်သခင် ဖြစ်တယ်ဆိုတာလည်း သူတို့ မသိတာပဲ ကောင်းတယ်"

သူသည် ကျွန်ုပ် ပြောလိုက်သော စကားကို နှစ်ခြိုက်စွာ နားထောင်နေလေသည်။

ကျွန်ုပ် ။ ။ "ဒါပေမယ့် တစ်ကောင်ကတော့ မကောင်းတာတွေ လုပ်ခဲ့ပြီ။ သူတို့တော့ ငါတွေ့တဲ့ နေရာမှာ သတ်ရမယ်။ ဒီအကောင်ကို တွေ့တဲ့အခါ ဒီကောင်ပဲဟေ့လို့ ငါက ပြောလိုက်ရင် မင်း ဝင်အုပ်ပေတော့။ ကဲ ... အခုတော့ အပြင်မှာ စကားပြောနေကြတဲ့ လူတွေဆီကို ငါသွားဦးမယ်"

ခွေးလူသည် ကျွန်ုပ်၏ရှေ့မှ ထွက်သွားလေရာ၊ ကျွန်ုပ်လည်း ၎င်းနောက်တွေမှ ထက်ချပ်လိုက်သွားလေ၏။ အပြင်သို့ ရောက်သောအခါ မီးပုံတစ်ခုကို တွေ့ရ၍ မီးပုံအနီးတွင် ပုံပန်းမကျသော သတ္တဝါများသည် ထိုင်သူက ထိုင်လျက် လျှောက်သူက လျှောက်လျက်ရှိနေကြ၏။ ၎င်းတို့နှင့် အတော်ခပ်လှမ်းလှမ်း နေရာတွင် သစ်ပင်အုပ်များရှိ၍ လသည် ထွက်ခါစသာ ရှိသေး၏။ ကျွန်းပေါ်ရှိ ရေပူစမ်းမှ ထွက်သော ရေနွေးငွေ့များသည် လမင်းကြီး၏ ရှေ့ဘက်ဆီသို့ တလူလူ ထွက်၍နေသည်ကို တွေ့မြင်ရလေသည်။

ခွေးလူနှင့် ကျွန်ုပ်သည် ဘေးချင်းယှဉ်၍ လျှောက်သွားကြရာ၊ ကျွန်ုပ်အား တဲအတွင်းမှ ခေါင်းပြူ၍ ကြည့်နေကြသော လူများကိုပင် ဂရုမထားမိချေ။ မီးပုံဘေးတွင် ရှိနေကြသောသူများမှာလည်း မည်သူကမျှ ကျွန်ုပ်အား မတ်တတ်ရပ်၍ အလေးပြုခြင်းမရှိဘဲ မသိကျိုးကျွန်ပြု၍ပင် နေလိုက်ကြသေး၏။ ကျွန်ုပ်သည် ထိုအုပ်ထဲတွင် ခွေးအ,တစ်ပိုင်း၊ ဝက်တစ်ပိုင်းသတ္တဝါကို ရှာ၏။ သို့သော် မတွေ့ရချေ။ မီးပုံအနီးတွင် တိရစ္ဆာန်လူပေါင်းနှစ်ဆယ်ခန့် ထိုင်၍ စကားပြောနေကြသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးပုံအနီးသို့ ရောက်သွားသောအခါ ကျွန်ုပ်တို့ ပျောက်ဝံလူက "သူသေပြီ၊ သူသေပြီ၊ အရှင်ကြီး သေသွားပြီ။ ဝေဒနာခံစားရတဲ့ အိမ်ကြီးလည်း မရှိတော့ဘူး" ဟူ၍ ပြောနေသံကို ကြားရ၏။

ကျွန်ုပ်။ ။"သူ မသေဘူးဟေ့။ အခုလည်း ငါတို့ကို သူစောင့်ကြည့်နေတယ်"

ကျွန်ုပ်ပြောသော စကားကို ကြားရသောအခါ သူတို့အားလုံးပင် အံ့အားသင့်လျက် ရှိနေသည့်ဟန်ဖြင့် ကျွန်ုပ်အား လှည့်၍ကြည့်လိုက်ကြလေသည်။

ကျွန်ုပ်။ ။"ကြောက်စရာကောင်းတဲ့ အိမ်ကြီးဟာ ပျောက်သွားပြီဆိုတာ ဟုတ်တယ်။ ဒါပေမယ့် ပြန်ရောက်လာလိမ့်ဦးမယ်။ မင်းတို့ အရှင်ကြီးကိုလည်း မင်းတို့ မမြင်ရဘူး။ ဒါပေမယ့် သူဟာ မင်းတို့ ခေါင်းပေါ်ကနေပြီး မင်းတို့ ဘာတွေလုပ်တယ်၊ ဘာတွေ ပြောတယ်ဆိုတာကို နားထောင်နေတယ်"

ထိုအခါ ခွေးလူက "မှန်တယ်၊ မှန်တယ်" ဟု ဝင်၍ ပြောလိုက်၏။

ကျွန်ုပ်က အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လေးလေးနက်နက် ပြောလိုက်သော စကားများကြောင့် တိရစ္ဆာန်လူများသည် တွန့်ခနဲ ဖြစ်၍သွားကြ၏။ တိရစ္ဆာန်တို့ မည်သည်မှာ ဗီဇအားဖြင့် ရက်စက်ကြမ်းကြုတ်ခြင်း၊ ကောက်ကျစ်ဉာဏ်ဆင်းလဲခြင်းများ ရှိသည်မှန်၏။ သို့သော် လူသားစင်စစ်များကမူ မဟုတ်သည်ကို အဟုတ်လုပ်ကာ မုသားပြောဆိုတတ်ကြလေသည်။

သို့ရှိစဉ် တိရစ္ဆာန်လူတစ်ဦးက ထ၍ –

"လက်မှာ ပတ်တီးကြီးနဲ့ လူက အထူးအဆန်းတွေ ပြောနေတယ်"

ကျွန်ုပ်။ ။"ငါ ပြောတာ မှန်တယ်။ မင်းတို့ အရှင်ကြီးနဲ့ မင်းတို့ကိုနာကျင်အောင်လုပ်တဲ့ အိမ်ကြီးဟာ ပြန်ရောက်လာမှာပဲ။ အဲဒီအခါကျရင် ဥပဒေကို ချိုးဖောက်တဲ့ လူတွေကို အပြစ်ပေးလိမ့်မယ်"

သူတို့သည် တစ်ဦးကိုတစ်ဦး ကြည့်ကာ ကျိုးကြည့်ကြောင်ကြည့် ဖြစ်၍နေကြ၏။ ကျွန်ုပ်က တစ်စုံတစ်ရာမျှ မဖြစ်သကဲ့သို့ မြေကြီးကို ရဲတင်းစွာ တွင်းဖြစ်အောင် ပေါက်၍နေလိုက်၏။ ကျွန်ုပ် ပေါက်လိုက်တိုင်း မြေကြီးပေါ်တွင် နက်သော အစင်းအကြောင်းကြီးများ ဖြစ်သွားသည်ကို သူတို့သည် စူးစိုက်ကြည့်ရှုနေကြသည်ကို သတိပြုမိ၏။

ဤတွင် ဆိတ်လူက သံသယရှိကြောင်း ထ၍ပြောရာ တစ်ဦးက ဝင်၍ငြင်း၏။ ဤကဲ့သို့ မီးပုံနံဘေးတွင် တစ်ယောက်တစ်ပေါက် ပြောဆိုကာ ဆူညံငြင်းခုန်လျက် ရှိနေကြလေ၏။ သူတို့ပြောသည်ကို နားထောင်ရင်း ကျွန်ုပ်၏ အခြေအနေမှာ အတော်ပင် စိတ်ချရကြောင်း သတိထားမိလာလေသည်။ ထိုအခါမှာစ၍ တစ်နာရီခန့်အတွင်း ကျွန်ုပ်လည်း တိရစ္ဆာန်လူတို့အား ရဲရဲတင်းတင်း





ရှင်းပြလျက်ရှိလေရာ အများအပြားမှာ ယုံကြည်၍ သွားကြပြီးလျှင် အချို့လည်း များစွာ မယုံကြည်သကဲ့သို့ တွေဝေလျက်ရှိကြလေသည်။

ထိုအချိန်အတွင်း ကျွန်ုပ်သည် ရန်သူဖြစ်သော ခွေးတစ်ပိုင်း ဝက်တစ်ပိုင်း သတ္တဝါကို မျက်စိရှင်ရှင်ဖြင့် သတိထား စောင့်ကြည့်လျက်ရှိရာ ၎င်းမှာ လုံးဝပေါ်၍ မလာတော့သဖြင့် ကျွန်ုပ်လည်း လှုပ်ခနဲ မြင်လိုက်တိုင်း အတန်ငယ် ကြောက်ရွံ့စိုးရိမ်မိ၏။ သို့သော် စိတ်ကို တင်းပြီးလျှင် သတ္တိကို မွေးမြူနိုင်ခဲ့လေသည်။ ထို့နောက် သန်းကောင်ယံကို လွန်လာပြီဖြစ်၍ လမင်းသည် တဖြည်းဖြည်း အနောက်ဘက်ဆီသို့ စောင်း၍သွားလေရာ နားထောင်နေသူများထဲမှ တစ်ယောက်ပြီးတစ်ယောက် အိပ်ချင်သည့် အမူအရာမျိုးဖြင့် သန်းဝေ၍ လာကြတော့၏။ ပါးစောင်းကြီးများကို ဖြဲ၍ သန်းဝေလိုက်ကြသောအခါ ၎င်းတို့၏ သွားများနှင့် အစွယ်ကြီးများမှာ မီးဖိုမှ မီးရောင်တွင် ကြောက်မက်ဖွယ်ကောင်းလှပေ၏။ ထို့နောက် ၎င်းတို့သည် လှိုဏ်ကြီးအတွင်းရှိ တဲငယ်များရှိရာသို့ တစ်ယောက်ချင်း ထ၍ ပြန်ကြလေ၏။ ထိုအခါ ကျွန်ုပ်လည်း တိရစ္ဆာန်လူတစ်ကောင်ချင်းနှင့် အတူနေရခြင်းထက် အများနှင့် အတူနေရခြင်းက ပို၍စိတ်ချရမည်ဟု ယူဆကာ လှိုဏ်ကြီးအတွင်း၌ ၎င်းတို့နှင့်အတူ ရောနှောအိပ်စက်ရန် လိုက်ပါသွားလေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ဒေါက်တာမောရိုး၏ ကျွန်းပေါ်တွင် အချိန်ကြာမြင့်စွာ နေရမည့်အစိတ်အပိုင်းသို့ ရောက်လာခဲ့လေသည်။ ထိုနေ့ညမှစ၍ ကျွန်းပေါ်မှ ထွက်ခွာလာခဲ့သည်အထိ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များအနက် ထူးထူးခြားခြား ဟူ၍ ပြောဆိုဖွယ်တစ်ခုမျှသာ ရှိခဲ့၏။ အဆင်မပြေမှုကလေးများကိုကား အများအပြားပင် တွေ့ရလေသည်။ ထို့ကြောင့် ဒေါက်တာမောရိုးတို့ သေဆုံးပြီးနောက် ၁၀ လမျှ ကျွန်းပေါ်တွင် နေရသည့် အချိန်အတွင်း ထင်ရှားသော အဖြစ်အပျက်တစ်ရပ်ကိုသာ ပြောလိုပါတော့သည်။ ထိုအချိန်များအတွင်း ကျွန်ုပ်သည် တိရစ္ဆာန်လူများဖြင့် ရောနှောနေထိုင်ရင်း သူတို့နည်းတူ နေတတ်ထိုင်တတ်လာအောင် အကျင့်လုပ်ရ၏။ သူတို့နှင့် ခိုက်ရန်ဖြစ်ပွားသောအခါများလည်း ရှိခဲ့၍ ကျွန်ုပ်၏ ကိုယ်ပေါ်တွင် သူတို့၏ သွားရာများပင် ယခုတိုင် ကျန်ရှိနေသေး၏။ ကျွန်ုပ်မှာ ခဲများကို အဝေးသို့ ရောက်အောင် ပစ်ပေါက်နိုင်ခြင်းနှင့် ရဲတင်းကိုကိုင်တွယ်သုံးစွဲတတ်ခြင်းတို့ကြောင့်သာ ၎င်းတို့သည် ဖက်ပြိုင်တုပခြင်းမပြုဝံ့ဘဲ ကျွန်ုပ်အား ကြောက်ရွံ့ရိုသေကြလေသည်။ ထို့ပြင် စိန့်ဘားနဒ် ခွေးမျိုးကို ပြုပြင်ထားသော ကျွန်ုပ်၏ လက်စွဲတပည့်၏ ကျေးဇူးလည်း များစွာ ကြီးမားလှပေသည်။ ၎င်းတို့အထဲမှ သတ္တဝါ နှစ်ဦး သုံးဦးနှင့် ကျွန်ုပ်သည် တစ်ကြိမ်နှစ်ကြိမ် ခိုက်ရန်ဖြစ်ပွားခဲ့ရာ ကျွန်ုပ်က ရဲတင်းနှင့် ခုတ်သဖြင့် ထိုသူများ၌ ဒဏ်ရာအနာတရ



www.burmeseclassic.com

www.burmeseclassic.com



ရရှိသွား၏။ သို့နှင့် ၎င်းတို့သည် ကျွန်ုပ်အပေါ်တွင် ရန်ငြိုးဖွဲ့ခဲ့ကြသော်လည်း ကျွန်ုပ်လည်း လောက်လေးတစ်ကမ်းဝေးသော နေရာသို့ရောက်အောင်ပင် မကပ်ရဲကြတော့ပေ။

ကျွန်ုပ်၏ ရန်သူဖြစ်သော ခွေးအတစ်ပိုင်း၊ ဝက်တစ်ပိုင်းသတ္တဝါမှာ ကျွန်ုပ်အား ရှောင်၍သာနေတော့၏။ ကျွန်ုပ်လည်း ၎င်းအား မည်သည့်အခါမျှ အလစ်မပေးချေ။ တပည့်ဖြစ်သူ 'ခွေးလူ'ကလည်း ထိုသတ္တဝါကို ရွံကြောက်ကြီးကြောက်လျက် မုန်းတီးလေသည်။ ခွေးအတစ်ပိုင်း၊ ဝက်တစ်ပိုင်းသတ္တဝါသည် 'ကျားသစ်' လူကဲ့သို့ပင် သွေးစုပ်မိပြီးနောက် အသားစားတတ်သော ဓလေ့ပြန်ပေါ်လာကာ ဆိုးဝါးနေသော သတ္တဝါဖြစ်လာကြောင်း မကြာမီ သိရှိရလေသည်။ ၎င်းသည် တောထဲ၌ တစ်ကောင်ချင်း အိမ်ဖွဲ့၍နေခဲ့ရာ တစ်ချိန်တွင် ကျွန်ုပ်သည် တိရစ္ဆာန်လူများအား စုပေါင်း၍ ထိုသတ္တဝါကို လိုက်လံဖမ်းဆီးရန် ကြံခဲ့သေး၏။ သို့သော် ကျွန်ုပ်မှာ ၎င်းတို့အပေါ်တွင် ထိုမျှလောက် ဩဇာမညောင်းလှသဖြင့် အောင်မြင်မှုမရခဲ့ချေ။ ကျွန်ုပ်သည် ထိုသတ္တဝါအသိုက်အမြုံပြုလုပ်ထားသော နေရာအနီးသို့ ချောင်းရင်းမြောင်းရင်း မကြာခဏ ရောက်ရှိသွားခဲ့၏။ သို့သော် ၎င်းကလည်း ကျွန်ုပ်အား အမြဲသတိထားနေသူဖြစ်သဖြင့် ကျွန်ုပ်ကို တွေ့သည့်အခါတိုင်း ပျောက်၍သွားလေသည်။ ကျွန်းကလေးပေါ်ရှိ လူသွားလမ်းကလေးများမှာ ထိုသတ္တဝါ၏ ရန်ကြောင့်ဘေးကင်းရန်ကင်း စိတ်ချရခြင်း မရှိလှပေ။ ခွေးလူမှာလည်း ကျွန်ုပ်အနီးအနားမှ ခွာ၍သွားလေ့မရှိချေ။

ပထမ တစ်လခန့်အတွင်း၌ တိရစ္ဆာန်လူတို့တွင် မည်သို့မျှ ထူးခြားသော ပြောင်းလဲမှုဟူ၍ မတွေ့ရသေးပေ။ ကျွန်ုပ်၌ပင် ခွေးအနွယ်ထဲမှ မဟုတ်သော အခြားတိရစ္ဆာန် လူတစ်ဦးနှစ်ဦးနှင့် ရင်းနှီးသလို ဖြစ်လာခဲ့သေး၏။ ပန်းရောင် မျောက်ပျင်းကလေးတစ်ကောင်မှာလည်း ကျွန်ုပ်အား ချစ်ခင်သော အမူအရာဖြင့် ကျွန်ုပ် သွားလေရာ ပါတတ်ပြီးလျှင် မျောက်လူများမှာမူ ကျွန်ုပ်အား မြင်ပြင်းကပ်ကြလေသည်။ သူတို့ကဲ့သို့ပင် ကျွန်ုပ်သည် လက်ငါးချောင်း ပြည့်ပြည့်စုံစုံရှိသော သတ္တဝါဟု နှိုင်းယှဉ်ကာ ကျွန်ုပ်ကိုတွေ့လျှင် ပါးစပ်မှ ရော တတ်တတ်ရာရာ ပြောလျက် ရန်တွေ့တတ်လေသည်။ သို့သော် မျောက်လူက အခြားတိရစ္ဆာန်လူများထက် သာလွန်သော အရည်အချင်းတစ်ခုရှိရာ ထိုအချက်မှာ သူသည် ကျွန်ုပ် ပြောသော စကားများကို မှတ်ထား၍ ထိုစကားများအတိုင်း ထွင်၍ပြောတတ်ခြင်း ဖြစ်လေသည်။ သူသည် မျောက်၏ အမူအကျင့်မျိုးလည်း မပျောက်ဘဲ လူညစ်လူတေတို့ အမူအကျင့်မျိုးရှိပြီးလျှင် အများထက် ထူးခြားသည့် သတ္တဝါ ဖြစ်လေသည်။





ဤသို့လျှင် တစ်ကိုယ်တည်း ကျွန်ုပ်နေခဲ့ရသည့် အချိန်များသည် တရွေ့ရွေ့ ကုန်လွန်လာခဲ့ရာ၊ ပထမ၌ ၎င်းတို့သည် ဒေါက်တာမောရိုး သင်ကြားပေးခဲ့သော ဥပဒေသများကို ကောင်းစွာ လိုက်နာ၍ ကျင့်သုံးကြပါသေး၏။ သို့သော် တစ်ကြိမ်တွင် အပိုင်းပိုင်းပြတ်လျက် သေနေရှာသော ယုန်ကလေးတစ်ကောင်ကို တွေ့ရသဖြင့် ၎င်းမှာ 'ခွေးအတစ်ပိုင်း၊ ဝက်တစ်ပိုင်းလူ'၏ လက်ချက်ဖြစ်ကြောင်း ကျွန်ုပ် ကောင်းစွာ သိရှိရ၏။ မေလလောက်သို့ ရောက်သောအခါ တိရစ္ဆာန်လူများမှာ စကားပြောရာတွင်လည်းကောင်း၊ လမ်းလျှောက်ရာတွင်လည်းကောင်း၊ ကိုယ်ဟန်အမူအရာအနေအထားတွင်လည်းကောင်း သိသိသာသာ စတင် တွေ့ရှိရတော့၏။ ၎င်းတို့မှာ စကားလည်း ကောင်းစွာ မပြောတတ်တော့ဘဲ ပြောသော အသံများမှာလည်း 'မျောက်လူ'သည်ပင် မပီမသ တိရစ္ဆာန်အော်သံကဲ့သို့သာ အသံထွက်လျက် စကား၏ အဓိပ္ပာယ်ကို နားမလည်နိုင်လောက်အောင် ရှိတော့၏။ အချို့သတ္တဝါများမှာ ကျွန်ုပ်ပြောသည်ကို နားလည်သော်လည်း ကျွန်ုပ်အား ပြန်၍ မပြောတတ်ကြတော့ပေ။ ဤသို့လျှင် ၎င်းတို့၏ နှုတ်၌ လူတို့၏ အသံများ တဖြည်းဖြည်း ပျောက်ကွယ်စပြု၍ လာခဲ့လေပြီ။ ထိုမျှသာမက မတ်တတ်လျှောက်ရခြင်းသည်ပင် ၎င်းတို့အတွက် ခဲယဉ်းသကဲ့သို့ ဖြစ်လာသည်ကို တွေ့မြင်ရတော့၏။ အချို့မှာ လေးဘက်ထောက်တော့မည်ကဲ့သို့ ခပ်ကိုင်းကိုင်း ခပ်ကုံးကုံး ဖြစ်၍လာကြ၏။ ဤသို့ သွားလာရခြင်းကို ၎င်းတို့သည် ရှက်ကြောက်သည့် အမူအရာမျိုး ရှိဟန်တူသော်လည်း ၎င်းတို့ ကိုယ်တိုင် ပြုပြင်၍ မရသကဲ့သို့ ရှိနေသည်ကို တွေ့ရ၏။ မစ္စည်းများကို ကိုင်တွယ်ရာ၌လည်း ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ ထူးခြားသည့် ဟန်အမူအရာမျိုး ရှိနေ၏။ ရေသောက်သောအခါ ဦးခေါင်းကို ငုံ့ပြီးလျှင် ပါးစပ်ဖြင့် စုပ်၍ သောက်တော့၏။ စားသောက်သော အခါများ၌ ၎င်းတို့အားလုံးလိုလိုပင် တိရစ္ဆာန်များ စားသကဲ့သို့ ဘူခြွေမရဘဲ ဂျိုးဂျိုးဂွျတ်ဂွျတ် ဝါး၍စားကြရာ၊ ထိုအပြုအမူမျိုးမှာ တစ်နေ့ထက် တစ်နေ့ ပိုမိုလွန်ကဲ၍ လာတော့၏။ ဒေါက်တာမောရိုး မသေမီက ပြောခဲ့သည့်အတိုင်း တိရစ္ဆာန်သွေးသားများ တစ်နေ့နေ့တွင် ပြန်၍ ပေါ်ပေါက်လာလိမ့်မည်ဟူသော အချက်ကို ကျွန်ုပ်လည်း တစ်နေ့တခြား သဘောပေါက်၍ လာခဲ့၏။ ၎င်းတို့ကား အလွန်လျင်မြန်စွာ တစ်နေ့ထက်တစ်နေ့ ပြောင်းလဲလျက် ရှိနေကြလေပြီ။

၎င်းတို့အနက် ပထမဦးစွာ ပြုပြင်ဖန်တီးပေးခဲ့သည့် တိရစ္ဆာန်လူများအနက် အထူးသဖြင့် မသတ္တဝါများမှာ ယဉ်ကျေးသည့် အမူအရာဟူ၍ မရှိတော့ဘဲ အရှက်ကြောက် ကင်းမဲ့စွာ ပြုမူနေထိုင်လာကြတော့၏။ အချို့မှာ တစ်လင်တစ်မယားဟူ၍ မရှိတော့ဘဲ လူသူလေးပါးရှေ့၌ပင် သံဝါသအမှုကို ပြောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြန့်လာကြတော့၏။ ဤသို့ဖြင့် ဥပဒေသများသည် တစ်ခုပြီးတစ်ခု ပျက်ပြယ်၍ လာခဲ့လေသည်။ ကျွန်ုပ်၏တပည့် 'ခွေးလူ'မှာလည်း တဖြည်းဖြည်း ခွေးအစစ်နှင့် ပို၍တူလာသည်အထိ ပြောင်းလဲ၍လာတော့၏။ သူသည် အလွန်ထိုင်းမှိုင်း ထုံအ၍လာပြီးလျှင် လေးဘက်တောက် သွားတတ်လာတော့၏။ ကိုယ်ပေါ်တွင် အမွေးအမှင်များလည်း ထူထပ်၍လာ၏။ သို့သော် ကျွန်ုပ်အတွက်မှာမူ သူနှင့် ပတ်သက်၍ များစွာ မထူးခြားလှပေ။ ဤသို့ဖြင့် ထိုတိရစ္ဆာန်လူများ၌ ပင်ကိုသဘာဝ၊ ပင်ကိုဓလေ့စရိုက်များ တဖြည်းဖြည်း ပြန်၍ ပေါ်လာခဲ့ရာ၊ ကျွန်ုပ်လည်း ၎င်းတို့၏ ရွာကလေးတွင် နေထိုင်၍ မဖြစ်တော့ဘဲ ဒေါက်တာ မောရိုး၏ ခြံဝင်းဟောင်းထဲတွင် သစ်ကိုင်းသစ်ခက်များဖြင့် တဲအိမ်ငယ်တစ်ခု ဆောက်လုပ်ကာ ပြောင်းရွှေ့နေထိုင်ရတော့၏။ တိရစ္ဆာန်လူများမှာ ၎င်းတို့အား ဒုက္ခဝေဒနာကို ပေးခဲ့သည့် ယခင်က အိမ်ကြီးကို အစွဲအလမ်းကြီးကာ ကြောက်ရွံ့သောစိတ် ပျောက်ကြဦးမည် မဟုတ်သောကြောင့် ထိုနေရာမှာ ကျွန်ုပ်အတွက် ပို၍ လုံခြုံလိမ့်မည်ဟု ထင်မိလေသည်။

တိရစ္ဆာန်လူများသည် တိရစ္ဆာန်ဘဝသို့ လုံးလုံးလျားလျား ပြန်လည်ရောက်ရှိလာပုံကို ခရေစေ့တွင်းကျ ပြန်လည်ပြောပြနိုင်ရန်ကား မဖြစ်နိုင်ပေ။ သူတို့၏ ကိုယ်ပေါ်၌ စည်း၍ထားသော ပတ်တီးများ၊ အစည်းအနှောင်းများလည်း မရှိတော့ချေ။ အဝတ်ဟူ၍ ကိုယ်ပေါ်တွင် လုံးဝ မရှိတော့ဘဲ ခြေလက်တို့၌ အမွေးအမှင်များသာ ထူထပ်စွာ ပေါက်၍ လာသည်ကို တွေ့ရ၏။ နဂိုက ပြုပြင်ထားသော နဖူးမျိုးလည်း ပျောက်ကွယ်သွားသည်ပြင် မျက်နှာများသည် ရှေ့သို့ ငေါ၍ ထွက်လာတော့၏။ သို့ဖြစ်ရာ တိရစ္ဆာန်များ၏ အလယ်၌ တစ်ဦးတည်း ရောက်၍နေသော လူသားစင်စစ်ဖြစ်သည့် ကျွန်ုပ်မှာလည်း တစ်နေ့တခြား ပို၍ ပျင်းရိညည်းငွေ့၍ လာမိတော့၏။ ထိုအဖြစ်အပျက်များကို ပြန်၍ တွေးရန်ပင် ကြောက်ဖွယ်လိလိ ရှိတော့၏။

ထိုအချိန်အထိ ကျွန်ုပ်အား ဒုက္ခမပေးကြသေးသော်လည်း တစ်နေ့တွင် အမှန်မုချ ဒုက္ခပေးကြတော့မည်။ ကျွန်ုပ်၏ တပည့်စိန့်ဘားနဒ်ခွေးမှာ ကျွန်ုပ်နှင့်အတူ အိမ်ခြံဝင်းဘေးသို့ လိုက်လာပြီးလျှင် ကျွန်ုပ်အား ကူညီစောင့်ရှောက်လျက်ရှိ၏။ မျောက်ပျင်းသတ္တဝါကလေးမှာ ယခင်ကဲ့သို့ ကျွန်ုပ်ထံ နီးနီးကပ်ကပ်လာရောက်နေထိုင်ရန် ရှက်ကြောက်လာသကဲ့သို့ သူ၏ သဘာဝကျသောနေရာဖြစ်သည့် သစ်ပင်သစ်ကိုင်းများပေါ်၌သာ ပြေးလွှားခုန်ပေါက်လျက်ရှိနေတော့၏။ ဆပ်ကပ်ပွဲတစ်ခုတွင် 'ပျော်ရွှင်သော မိသားစု' ဟူသော ရယ်စရာပြသည့် အခန်းတစ်ခန်း၌ လှောင်ချိုင့်ကြီးတစ်ခုအတွင်းတွင် တိရစ္ဆာန်မျိုးစုံကို ထည့်ကာ





လူတစ်ယောက်ကိုလည်း ၎င်းတို့နှင့်ရော၍ ထည့်ထားသကဲ့သို့ ကျွန်ုပ်၏ လက်ရှိအခြေအနေမှာလည်း ဤအတိုင်းပင် ဖြစ်တော့၏။

ထိုသတ္တဝါများသည်ကား တိရစ္ဆာန်ဥယျာဉ်များတွင် စာဖတ်သူမြင်ဖူးသည့် ဝက်ဝံများ၊ ဝံပုလွေများ၊ ကျားများ၊ နွားများနှင့် မျောက်များကဲ့သို့ သာမန်တိရစ္ဆာန်များ မဟုတ်ပေ။ ကျွန်းပေါ်ရှိ တိရစ္ဆာန်များမှာ ထူးခြားချက်များ ရှိလေသည်။ ဒေါက်တာမောရိုးသည် တိရစ္ဆာန်တစ်ကောင်ကို ခွဲစိတ်ဖြတ်တောက်ပြီးလျှင် ပြုပြင်ရာ၌ အခြားတိရစ္ဆာန်မျိုး တစ်ကောင်နှင့်လည်း ဖက်စပ်၍ ပြုပြင်တတ်လေသည်။ ဥပမာအားဖြင့် ဝက်၊ ဝက်ဝံကဲ့သော အမျိုးအစားများ၊ ကျား၊ ခြသေ့၊ ကျားသစ်၊ ကြောင် စသည့် ကြောင်အမျိုးအနွယ်ဖြစ်သည့် အမျိုးအစားများ၊ ကျွဲ၊ နွား၊ ပြောင် စသည့် နွားအမျိုးအနွယ် အမျိုးအစားများ စသည်တို့ ဖြစ်၏။ တိရစ္ဆာန်တစ်ကောင်မှာ အခြားတိရစ္ဆာန်တစ်ကောင်၏ သွေးသားများ ရောစပ်လျက် ရှိ၏။ တိရစ္ဆာန်အားလုံးကို ရောနှောပေါင်းစပ်ထားသည့် ထူးခြားသော တိရစ္ဆာန်လောကကြီးတစ်ခုဟုပင် ဆိုလောက်ပေ၏။ ထိုအထဲတွင် လူသားတို့၏ အသွားအလာ၊ အမူအရာ၊ အပြောအဆိုမျိုးကိုလည်း ထည့်သွင်းထားသေးသဖြင့် အလွန်ထူးခြားဆန်းကြယ်သော 'တိရစ္ဆာန်လူ' လောကကြီးတစ်ခုပါပေ။

၎င်းတို့ ပြောင်းလဲလာသည့်နည်းတူ ကျွန်ုပ်၌လည်း ပြောင်းလဲ၍လာတော့၏။ ကျွန်ုပ် ကိုယ်၌ ဝတ်ဆင်ထားသည့် အဝတ်အစားများမှာ အရောင်အသွေးမရှိ။ အစိပ်စိပ်အမြွာမြွာ ဖွာရရာကျဲလျက်ရှိ၏။ စုတ်ပြဲပြတ်သပ်နေသည့် အဝတ်များကြားမှ မြင်ရသည့် အသားအရောင်မှာလည်း နေလောင်ထားသဖြင့် နီရဲ၍နေ၏။ ဦးခေါင်းပေါ်မှ ဆံပင်တို့မှာလည်း ရှည်လျား၍ ချုပ်ပြားကြီး ဖြစ်နေ၏။ ယခု စာရေးသည့်အချိန်၌ပင် ကျွန်ုပ်၏ မျက်လုံးများမှာ ထူးခြားစွာ တောက်ပြောင်၍နေပြီးလျှင် တိရစ္ဆာန်များကဲ့သို့ လှုပ်ရှားပုံ မြန်ဆန်လှသည်ဟု ပြောကြ၏။

ပထမသော် ကျွန်ုပ်သည် နေ့အခါများ၌ ကျွန်း၏ တောင်ဘက်ကမ်းစပ်တွင် ပင်လယ်ပြင်ဆီမှ သင်္ဘောများကို မြင်ရလို မြင်ငြား စောင့်ကြည့်၍ နေခဲ့၏။ 'အီဗက်ကိုကွားနား' သင်္ဘောမှာ အပြန်ခရီးတွင် ဤကျွန်းအနီးသို့ ကပ်၍လာဦးမည်လောဟု မျှော်လင့်ခဲ့သော်လည်း အရိပ်အယောင်မျှ မတွေ့ရချေ။ ရွက်လွှင့်သွားသည့် သင်္ဘောများမှာ သင်္ဘောရွက်များကို ၅ ကြိမ်မျှ တွေ့ခဲ့၏။ သင်္ဘောခေါင်းတိုင်မှ ထွက်သော မီးခိုးများကို ၃ ကြိမ်မျှ မြင်ခဲ့၏။ သို့သော် ထိုလှေသင်္ဘောများသည် ကျွန်းအနီးသို့ သီ၍ပင် မလာကြပေ။ ကျွန်ုပ်မှာ ကျွန်းအနီးသို့ ဖြတ်သန်းသွားသည့် လှေသင်္ဘောများအား အချက်ပေးနိုင်ရန် အမှိုက်ပုံများကို မီးရှို့ရန် အမြဲပြင်ဆင်ထား၏။ ဤကဲ့သို့ မီးရှို့အချက်ပြသည့်အခါ၌လည်း မီး



www.burmeseclassic.com

[illegible]သော ဤကျွန်းပေါ်မှ မီးခိုးများကို အချက်ပေးသည့် မီးခိုးဖြစ်သည်ဟု [illegible]ညီသည့် သင်္ကေတမျှ ထင်ကြဟန် မတူပေ။

စက်တင်ဘာနှင့် အောက်တိုဘာလများသို့ ရောက်ရှိလာသောအခါ ကျွန်ုပ်၏ လက်နှစ်ဖက်စလုံး ကောင်းသွားပြီ ဖြစ်သဖြင့် ဖောင်တစ်ခုဖွဲ့ရန် စိတ်ကူး ပေါက်၍ လာမိ၏။ သို့သော် ကျွန်ုပ်မှာ လက်သမား အလုပ်နှင့်တူသော အလုပ် မျိုးကို ယခု အသက်တိုင် တစ်ကြိမ်မျှ မလုပ်ဖူးခဲ့သဖြင့် အခက်အခဲ ကြုံရတော့၏။ ကျွန်ုပ် တတ်ထားသော သိပ္ပံပညာသည်လည်း ဖောင်ဖွဲ့ရာတွင် မည်သို့မျှ အသုံး မဝင်ချေ။ လှေများကို ဖျက်ဆီးမီးရှို့ထားသော ထိုကမ်းစပ်သို့ ဆင်း၍ သံတိုသံစ များ တွေ့လိုတွေ့ငြား ရှာဖွေကြည့်သေး၏။ သို့သော် မတွေ့ရပေ။ တောစပ်ရှိ သစ်ပင်များဆီသို့ သွားရောက်ပြီးလျှင် သစ်ပင်သစ်ကိုင်းကို ဖြတ်တောက် စိတ် ပိုင်းကာ နွယ်ကြိုးများဖြင့် တစ်နေ့ပြီးတစ်နေ့ အချိန်ကုန်လွန်ခဲ့၏။ ကျွန်ုပ်၌ ကြိုး များလည်း မရှိ။ ကြိုးများ ပြုလုပ်ရန်လည်း မည်သည့်အရာဝတ္ထုမျှ မရှိချေ။ နွယ်ကြိုးများ အတော်အသင့် ရရှိသည်ဆိုစေကာမူ သစ်တုံးသစ်ကိုင်းများကို ဖောင်အဖြစ် ချည်နှောင်ဖွဲ့စည်းရာ၌ နိုင်မြဲခြင်း မရှိပေ။ ဤသို့ဖြင့် ရက်သတ္တ နှစ်ပတ်ကျော်ကျော်ခန့် အချိန်ကုန်လွန်၍ သွားတော့၏။ ထို့နောက် မိုးများ သည်း ထန်စွာ ရွာ၍လာပြီးလျှင် မုန်တိုင်းများ တိုက်ခတ်သည့် ရာသီသို့ ရောက်လာ ပြီ ဖြစ်သဖြင့် ဖောင်ဖွဲ့သော အလုပ်ကို ခေတ္တမျှ ရပ်ဆိုင်းထားလိုက်ရ၏။ သို့သော် နောက်ဆုံးတွင်ကား ကြိုးစား ပမ်းစား လုပ်ရသော အလုပ်မှာ ပြီးစီး၍ သွားလေ သည်။

ကျွန်ုပ်လည်း စိတ်အပျက်ကြီး ပျက်လျက် ပင်လယ်ကမ်းစပ်သို့ သွား ရောက်ကာ ရေပြင်ကို ကြည့်ရင်းသေရမည့် အရေးကိုသာ တွေးတော၍ နေမိတော့ ၏။

သို့သော် အမှန်တကယ် သေလိုခြင်းကား မဟုတ်ပေ။ တစ်စုံတစ်ရာ လုပ်ကိုင်ကြိုးစားခြင်း မဟုတ်ဘဲ နေ့ရက်များ အချည်းနှီးကုန်လွန်သွားစေရန်မှာ လည်း မိုက်မဲရာကျလျက် ထိုတိရစ္ဆာန်လူတို့၏ ဘေးအန္တရာယ်မှာလည်း တစ်နေ့ တခြား ကြီးမား၍လာခဲ့လေပြီ။ တစ်နေ့တွင် ကျွန်ုပ်သည် ခြံဝင်းထဲရှိ အရိပ် အောက်၌ လဲလျောင်း၍နေစဉ် ကျွန်ုပ်၏ ဖနောင့်ကို တစ်စုံတစ်ခုက အေးစက်သော အရာဝတ္ထုဖြင့် လာ၍တို့သည်ကို ခံစားလိုက်ရ၏။ ဘေးသို့ ကြည့်လိုက်သော အခါ ၎င်းမှာ မျောက်ပျင်းကလေးဖြစ်ကြောင်း တွေ့ရ၏။ သူသည် ကျွန်ုပ်အား စိုက်၍ကြည့်လျက် စကားလည်း မပြောတတ်တော့ချေ။ လူပ်ရှားသည့် အမူအရာ သည်ပင် နှေးကွေးနေသည်မှာ အတော်ကြာခဲ့လေပြီ။ ၎င်း၏ လက်သည်းများမှာ ချွန်ထက်လျက်ရှိနေ၏။ သူ၏ ပါးစပ်မှ ညည်းညူသံကဲ့သို့ အသံတစ်မျိုး ထွက်





သာပြီးလျှင် ကျွန်ုပ်အား မကြာခဏ ပြန်၍လှည့်ကြည့်ကာ ချုံများဆီသို့ ထွက် သွားလေတော့၏။

ပထမ၌ သူသည် ဘာကို ဆိုလိုကြောင်း ကျွန်ုပ် မစဉ်းစားမိပေ။ နောက်တွင်မှ ကျွန်ုပ်အား သူ့နောက်သို့ လိုက်ပါစေလိုကြောင်း ပြောလိုဟန် ရှိ သည်ကို အကဲခတ်မိသဖြင့် ကျွန်ုပ်လည်း ချက်ချင်းထ၍ လိုက်သွားမိ၏။ ထို အချိန်တွင် နေကလည်း အတော်ပူပြင်းလာပြီဖြစ်သဖြင့် ကျွန်ုပ်လည်း စိတ်မပါ လှဘဲ ၎င်းနောက်သို့ မလှုပ်တလှုပ်ပင် လိုက်သွားလေသည်။ သစ်ပင်များဆီသို့ ရောက်သောအခါ မျောက်ပြင်းကလေးသည် သစ်ပင်အုပ်များအတွင်းသို့ ဝင်သွား သဖြင့် ကျွန်ုပ်လည်း ၎င်းနောက်မှ ထပ်ချပ်လိုက်သွားရာ ချုံပုတ်များ အတော် အတန် ရှင်းလင်းနေသော နေရာတစ်ခုသို့ ရောက်သည်တွင် ကျွန်ုပ်၏ စိန့်ဘားနဒ် ခွေးကြီးမှာ သနားစဖွယ် လဲကျသေဆုံးနေသည်ကို တွေ့ရ၏။ ခွေးသေ၏ အနီး တွင်ကား ချွန်ထက်သော လက်သည်းများဖြင့် ခွေးသေကို ကိုက်ဖြဲစားသောက် နေသည့် ခွေးအစာစိုင်း ဝက်တစ်ပိုင်းသတ္တဝါကို တွေ့ရလေသည်။ ပါးစပ်တွင် သည်း သွေးတလိမ်းလိမ်းကပ်ကာ စိုရွှဲလျက်ရှိပြီးလျှင် ကျွန်ုပ်အားလည်း ကြောက်ရွံ့ပုံမပေါ်ဘဲ ဟိန်း၍နေလေသည်။ သူ၏ကိုယ်တွင်ကား လူ၏အမူအရာ ဟူ၍ မရှိသလောက် ပျောက်ကွယ်၍နေလေပြီ။ ကျွန်ုပ်သည် ရှေ့သို့ တစ်လှမ်းတိုး ၍ ရပ်လိုက်သော ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီးနောက် ၎င်းနှင့် ရင် ဆိုင်လိုက်လေသည်။

၎င်းသည် ထွက်ပြေးမည့် လက္ခဏာမရှိဘဲ နားရွက်များ နံဘေးသို့ ချပ်ကာ အမွေးများ ထောင်လျက် ကျွန်ုပ်အား စိမ်းစိမ်းကြည့်၍နေ၏။ သို့နှင့် ကျွန်ုပ်လည်း သူ၏မျက်နှာတည့်တည့်ကို ချိန်ပြီးလျှင် တစ်ခါတည်း ပစ်ချလိုက် တော့၏။ သို့သော် ဤကဲ့သို့ ပစ်လိုက်သည့် တစ်ချိန်တည်းမှာပင် ကျွန်ုပ်အား ခုန်၍ အုပ်လိုက်ရာ ၎င်း၏ကိုယ်ကြီးမှာ ကျွန်ုပ်၏ ကိုယ်ပေါ်သို့ ဝုန်းခနဲ လာ၍ နေတော့၏။ သို့သော် ကံကောင်းထောက်မသည်မှာ ကျွန်ုပ် ပစ်ထည့်လိုက်သော ကျည်ဆံမှာ ၎င်း၏ မျက်နှာကို ထိမှန်သွားသဖြင့် ဤသို့ခုန်အုပ်လိုက်သည့် အာ၌ပင် ဦးခေါင်းပွင့် ထွက်လျက် အသက်ထွက်သွားတော့၏။ ကျွန်ုပ်မှာလည်း ၎င်း၏ နောက်ခြေထောက်အောက်သို့ ရောက်သွားသဖြင့် အပေါ်မှ ပိ၍နေ သော ၎င်း၏ ကိုယ်ကြီးကို ဖယ်ရှားသော ရုန်းထွက်လိုက်ရ၏။ ဘေးရန်တစ်ခု ကား ငြိမ်းအေး၍ သွားပေပြီ။ သို့သော် နောက်ထပ် ပေါ်ပေါက်လာမည့် ဘေး အန္တရာယ်များကား အများအပြားပင် ရှိနေသေးသည် မဟုတ်ပါလော။

ကျွန်ုပ်သည် ထိုသတ္တဝါ၏ အလောင်းနှင့် ခွေး၏ အလောင်းတို့ကို [illegible]ပေါ်သို့ တင်၍ မီးရှို့ပစ်လိုက်၏။ ယခုအချိန်တွင်မှ ကျွန်းပေါ်မှ [illegible]နိုင်ခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အသက်မှာ အနေးနှင့် အမြန် ကိစ္စတုံ့ဖို့သာ ရှိကြောင်း ကျွန်ုပ် ကောင်းစွာ စဉ်းစားမိ၏။ ယခုအချိန်၌ ကျွန်းပေါ်တွင် တိရစ္ဆာန်လူများသည် ၎င်းတို့နေထိုင်ရာ ရွာကလေး၌ မနေကြတော့ဘဲ တစ်ကောင်တစ်လေမှအပ ကျွန်းပေါ်ရှိ နေရာအနှံ့အပြားတွင် မိမိတို့ ကြိုက်နှစ်သက်သည့် နေရာများ၌ အသိုက်အမြုံ လုပ်၍ နေကြလေပြီ။ ၎င်းတို့သည် အများအားဖြင့် နေ့အခါတွင် အပြင်သို့ မထွက်ကြဘဲ ညဉ့်အခါများ၌သာ အစာရှာထွက်လျက် ၎င်းတို့၏ ဟိန်းဟောက်သံများကိုလည်း ကြားရလေသည်။ ကျွန်ုပ်သည် ကျွန်းပေါ်ရှိ ကြမ်းတမ်းသော တိရစ္ဆာန်အားလုံးကို ထောင်ချောက်ထောင်၍သော်လည်းကောင်း၊ ဓားမြှောင်ဖြင့် ရင်ဆိုင်တိုက်ခိုက်ထိုးသတ်၍သော်လည်းကောင်း သတ်ဖြတ်ပစ်မည်ဟု စိတ်ကူးမိသေး၏။ အကယ်၍ ကျွန်ုပ်၌ ခဲယမ်းမီးကျောက် အလုံအလောက်ရှိခဲ့ပါမူ ၎င်းတို့အား သတ္တဝါများ ဖြတ်ပစ်ရန် လက်နှေးမည် မဟုတ်ပေ။ အသားစား သတ္တဝါများမှာလည်း အကောင် ၂၀ ခန့်မျှသာ ကျန်ရှိတော့သဖြင့် ၎င်းတို့အထဲမှ ခက်ထန်ကြမ်းကြုတ်သော အကောင်ကြီးများမှာ သေဆုံးကြလေကုန်ပြီ။ ကျွန်ုပ်၏ တပည့် ရွှေးလူ သေဆုံးသွားပြီးနောက် ကျွန်ုပ်သည် နေ့လယ်ဘက်၌သာ အတော်အတန် စိတ်ချလက်ချ အိပ်စက်ရ၍ ညဉ့်အခါများတွင် မအိပ်ဘဲ ၎င်းတို့၏ ဘေးအန္တရာယ်ကို စောင့်ကြည့်၍ နေခဲ့ရလေသည်။ ထို့ပြင် ကျွန်ုပ် နေထိုင်သော နေရာကလေးကိုလည်း အပေါက်ကျဉ်းကျဉ်းကလေးတစ်ခုသာ ထားလျက် အကယ်၍ တစ်စုံတစ်ယောက်သူ ချောင်းမြောင်းနိုးဝင်လာခဲ့က အသံမြည်၍ ကြား နိုင်အောင် သစ်လုံးသစ်ကိုင်းများကို ထောင်ကာ ပိတ်ဆို့ထားရလေသည်။ ယခု အခါ တိရစ္ဆာန်လူများသည် မီးမမွေးတတ်ကြတော့ဘဲ မီးကိုလည်း ကြောက်ရွံ့ သည့် ၎င်းတို့၏ ဗီဇစိတ်ဓာတ်များ ပြန်၍ ပေါ်လာပြန်တော့၏။ သို့နှင့် ကျွန်ုပ်လည်း ထိုကျွန်းမှ အမြန်ဆုံး ထွက်ခွာနိုင်ရန် ယခုတစ်ကြိမ်တွင် ဖောင်ထွစ်စီးကို ကြိုးစား ပမ်းစား လုပ်ကိုင်ဖွဲ့စည်းကြည့်ပြန်၏။

သို့သော် ကျွန်ုပ်မှာ အခက်အခဲအမျိုးမျိုးနှင့် တွေ့ရတော့၏။ လက် မြောက်သူ တစ်ယောက် မဟုတ်သဖြင့်လည်း နေရာတကာတွင် ပင်ပမ်းခဲယဉ်း ၏။ ယခင်က ပျက်စီး၍ သွားဖူးသဖြင့်လည်း ယခုတစ်ကြိမ်တွင် ခိုင်ခိုင်ခံ့ခံ့ဖြစ် စေရန် အထူးကြိုးစား အားထုတ်၍ လုပ်ရလေသည်။ နောက်ဆုံးတွင်ကား ကျွန်ုပ် ဖြေရှင်း၍ မရနိုင်သော ပြဿနာတစ်ခု ပေါ်လာတော့၏။ ၎င်းမှာ ပင်လယ်ပြင်တွင် မည်မျှလောက် အချိန်ကြာသည်အထိ မျောပါနေရမည် မသိသဖြင့် သောက်ရေ များနိုင်သမျှ များများ ယူဆောင်သွားရမည်ဖြစ်ရာ ရေထည့်ရန် အိုးခွက်မရှိခြင်း ဖြစ်လေသည်။ ကျွန်ုပ်သည် အိုးဖုတ်ရန် ရွှံ့စေးများ ရှာဖွေသေး၏။ သို့သော်





ကျွန်းမှာ ရွှံ့မြေမဟုတ်သဖြင့် အိုးလုပ်ရန်လည်း မဖြစ်နိုင်ချေ။ သို့နှင့် ရေထည့်ရ ရသည့် အရာဝတ္ထုဟူ၍ မည်သည့်ကိုမျှ မတွေ့ရချေ။

တစ်နေ့တွင် ကျွန်ုပ်သည် ခပ်အေးအေး နေထိုင်လျက်ရှိစဉ် တောင် ဘက်ဆီမှ လှေတစ်စင်းရွက်တိုက်လွင့်လာသည်ကို ခပ်ရေးရေး မြင်ရသဖြင့် နေ့ လယ်ကြောင်တောင်ပင် ဖြစ်သော်လည်း အချက်ပေးသည့်အနေဖြင့် ကျွန်ုပ် အသင့်ပြုလုပ်ထားသည့် အမှိုက်ပုံများကို မီးရှို့ရင်း စောင့်ကြည့်နေမိ၏။ လှေ ကလေးသည် ကျွန်းဆီသို့ နီးကပ်၍ လာလိုပြီးစောင့်စား၍ နေရင်းဖြင့် ကျွန်ုပ်မှာ အစားအစာများကိုပင် မစားမိဘဲ စောင့်မျှော်၍ နေမိ၏။ တိရစ္ဆာန်များသည်လည်း ကျွန်ုပ်နှင့် မလှမ်းမကမ်း နေရာများသို့ လာရောက်ကာ ကျွန်ုပ်အား အထူးအဆန်း တစ်ခုသဖွယ် ကြည့်ရှုလျက် ရှိကြကုန်၏။ ဤသို့ဖြင့် အချိန်ကုန်ကာ နေဝင်၍ သွားသော်လည်း လှေကလေးကား နီးကပ်၍ မလာချေ။ သို့နှင့် ကျွန်ုပ်မှာ မီးပုံကို မီးမပြတ်အောင် စောင့်၍ထည့်ပေးနေရတော့၏။ နံနက် လင်း၍လာသောအခါ လှေကလေးကို တွေ့မြင်ရသေး၏။ ၎င်းမှာ အတော်ပင် သေးငယ်သော ရွက်လှေ ကလေးတစ်စင်းဖြစ်ကြောင်း ခပ်ရေးရေးမျှ မြင်ရ၏။ ကျွန်ုပ်၏ မျက်လုံးများမှာ အရာဝတ္ထုတစ်ခုတည်းကိုသာ စူးစူးစိုက်စိုက် အဆက်မပြတ် ကြည့်ရှုရလွန်း သဖြင့် သိဝေလျက်ရှိတော့၏။ သို့နှင့်ပင် ကြိုးစားကြည့်ရှုသောအခါ လှေပေါ် သဖြင့် လူနှစ်ယောက်ကို မြင်ရ၏။ တစ်ယောက်က ရွက်အနီး၌ ရှိပြီးလျှင် အခြား တစ်ယောက်မှာ ပဲ့တံအနီးတွင် ထိုင်လျက်ရှိလေသည်။ သို့သော် လွှင့်တင်ထား သော ရွက်မှာ လေကြောင်း အလိုက်မဟုတ်ဘဲ အလျားလိုက်အောက်သို့ လျှော ကျလျက်ရှိသဖြင့် ထူးဆန်းလှပေ၏။

နေထွက်ပြီးနောက် အတော်လင်းသောအခါ ကျွန်ုပ်သည် ဝတ်ထား သော အင်္ကျီအစုတ်ကို ချွတ်၍ သူတို့အား ဝှေ့ရမ်းပြ၏။ သို့သော် ထိုလူနှစ် ယောက်သည် ကျွန်ုပ် အချက်ပြသည်ကို သတိမူမိဟန် မတူဘဲ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင် ထိုင်၍သာ လိုက်ပါလာကြသည်ကို တွေ့ရလေ သည်။ ထိုအခါ ကျွန်ုပ်မှာ မချင့်မရဲဖြစ်၍ လာပြီးလျှင် ရေစပ်သို့ ပြေးဆင်းသွားပြီး နောက် ခြေဟန်လက်ဟန်ပြကာ ပါးစပ်မှလည်း အသံကုန်ဟစ်အော်ခေါ်ငင်လျက် ရှိ၏။ သို့သော် ၎င်းတို့ထံမှ မည်သို့မျှ အဖြေမရဘဲ လှေကလေးသည်သာ ပင်လယ်အော်တစ်ဝိုက် တရွေ့ရွေ့ ဖြတ်သန်းသွားလျက်ရှိလေသည်။ ထိုအတွင်း လှေထဲမှ ငှက်ဖြူဖြူတစ်ကောင် ထ၍ပျံသွားရာ လှေပေါ်မှ လူနှစ်ယောက်စလုံးက ပင် မည်သို့မျှ မပြုလုပ်ဘဲရှိသည်ကို မြင်လိုက်ရ၏။ ထို့နောက် တစ်ဖန်လှေ ကလေးသည် ဦးလှည့်၍ သွားပြီးနောက် ရွက်ကို လေမိသဖြင့် ရွက်ဖောင်းကာ ခပ်သွက်သွက် ဆက်လက်သွား၍ နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်မှာ မည်သို့မျှ မတတ်နိုင်တော့ဘဲ အငေးသား ကြည့်၍ နေတော့ရာ လှေကလေးမှာ တဖြည်းဖြည်း အနောက်ဘက်သို့ လွန်၍သွားဖြစ် ၏။ လှေကိုမီအောင် ရေကူး၍ လိုက်လျှင် ကောင်းလေမည်လောဟု စဉ်းစားမိ သေး၏။ သို့သော် အတန်ငယ် ကြောက်ရွံ့သောစိတ်ဖြစ်လာသဖြင့် မလိုက်ဖြစ် ချေ။ ညနေပိုင်းသို့ ရောက်သောအခါ ထိုလှေကလေးသည်ပင် ဒီရေဖြင့် ပြန်၍ မျောပါလာပြီးနောက် မီးလောင်ထားသော အိမ်ခြံဝင်း၏ အနောက်ဘက် ကိုက် တစ်ရာသာသာခန့် ဝေးသော ကမ်းစပ်တွင် လာ၍ ဆိုက်ကပ်လေသည်။

ကျွန်ုပ်လည်း အပြေးအလွှား သွားရောက်ကြည့်ရှုရာ လှေပေါ်တွင် ပါလာသူနှစ်ယောက်မှာ အသက်မရှိသော အလောင်းကောင်များသာ ဖြစ်သည်ကို တအံ့တသြ တွေ့ရှိရတော့၏။ ကျွန်ုပ်သည် လှေပေါ်သို့ တက်ပြီးနောက် လူသေ အလောင်းများကို ဆွဲချလိုက်သောအခါ အပိုင်းပိုင်း ပြုတ်ထွက်သွားသဖြင့် ၎င်း တို့ သေဆုံးခဲ့သည်မှာ အချိန်အတော်ကြာပြီဖြစ်ကြောင်း သိရှိရ၏။ ၎င်းတို့အနက် တစ်ယောက်မှာ 'အီပက်ကွာကွမ်ဟာ' သဘော်မှ မာလိန်မှူး၏ ဆံပင်ကဲ့သို့ အနီရောင် ဆံပင်များရှိပြီးလျှင် ၎င်း၏အနီး လှေဝမ်းထဲ၌ ဦးထုပ်အဖြူတစ်လုံး လည်း ကျ၍နေသည်ကို တွေ့ရ၏။ လှေအနီး၌ ကျွန်ုပ်ရှိနေစဉ် တိရစ္ဆာန်သုံး ကောင်သည် ကျွန်ုပ်နှင့် မနီးမဝေးသို့ မရောင်မလည် ချဉ်းကပ်လာလျက် အလောင်းကောင်များကို စားသောက်လိုသည့်ဟန်ဖြင့် မျက်လုံးတဝင်းဝင်း၊ သွား တဖြဲဖြဲ ရှိနေကြသည်ကို တွေ့ရပြီးလျှင် အချင်းချင်း မာန်ဖီ၍ပင် နေလိုက်ကြ သေး၏။ ထို့ကြောင့် ကျွန်ုပ်လည်း လှေကို ကမ်းနားတွင် မကပ်တော့ဘဲ ကမ်းနှင့် အတန်ငယ်ဝေးသော အငူကွေ့ကလေးထဲသို့ ရောက်အောင် လှော်ခတ်သွားကာ ၎င်းတို့နှင့် ကင်းဝေးသည့် နေရာတစ်ခုတွင် ဝှက်၍ထားလိုက်ရ၏။

ထိုညဉ့်၌ ကျွန်ုပ်သည် လှေပေါ်တွင် အိပ်စက်ခဲ့၏။ နောက်တစ်နေ့ နံနက်လင်းသောအခါ လှေပေါ်တွင် ပါရှိလာသော ရေအိုးဖြင့် စမ်းချောင်းကလေး ရှိရာသို့သွားပြီးလျှင် ရေများကို ထည့်ယူလာခဲ့၏။ ထို့ပြင် ရနိုင်သမျှ သစ်သီးနှင့် သစ်ဥသစ်ဖုများကိုလည်း ရှာဖွေယူဆောင်လာခဲ့၏။ ထို့ပြင်လည်း ကျွန်ုပ်တွင် နောက်ဆုံး ကျန်ရှိနေသေးသည့် ယမ်းတောင့် သုံးတောင့်ဖြင့် ယုန်ကလေးနှစ် ကောင်ကိုပင် ပစ်သတ်၍ ယူခဲ့သေး၏။

*

၂၂

## ကျွန်ုပ်၏ အထီးကျန်ဘဝ

ထိုနေ့ ညနေစောင်းတွင် ကျွန်ုပ်သည် ကျွန်းမှတစ်ခါတည်း ထွက်ခွာ ခဲ့၍ ပင်လယ်ပြင်သို့ ထွက်ခဲ့၏။ ထိုအချိန်၌ အနောက်တောင်လေ တိုက်ခတ် လျက် ရှိသဖြင့် လှေကလေးသည် ကျွန်းနှင့် တဖြည်းဖြည်း ဝေးကွာ၍ လာခဲ့၏။ နေဝင်ချိန်သို့ ရောက်သောအခါ ကျွန်းပေါ်မှ ထွက်လျက်ရှိသည့် ရေမှုန်စမ်း အငွေ့ တန်းကလေးကို ခပ်ရေးရေး ခပ်မှုန်မှုန်မျှသာ မြင်ရတော့၏။ နောက်ဆုံး၌ ကျွန်း ကလေးသည်ပင် မျက်စိအောက်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီးနောက် ပင်လယ်ပြင်ကြီးသာလျှင် ကျွန်ုပ်၏ ပတ်လည်၌ဝိုင်းလျက် ကျန်ရှိရစ်တော့၏။ နေဝင်သည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်၍ လာပြီးလျှင် ကောင်းကင်မှ ကြယ်ရောင်အချို့သာ တောက်ပလျက် ရှိနေ၏။ ရေပြင်သည် ငြိမ်သက်လျက် ကောင်းကင်သည်လည်း တည်ငြိမ်အေးချမ်းလှပေ၏။ ကျွန်ုပ် အဖို့ကား ညဉ့်၏ တိတ်ဆိတ်ခြင်းနှင့်အတူ လှေပေါ်တွင် တစ်ကိုယ်တည်း ရှိနေ ကာ စိတ်ပျက်အားငယ်ဖွယ် ကောင်းလှတော့၏။

ဤသို့လျှင် ကျွန်ုပ်၏ လှေကလေးမှာ သုံးရက်တိုင်တိုင် ပင်လယ်ပြင် တွင် မျောပါလျက် ရှိနေခဲ့၏။ လှေပေါ်တွင် ပါလာသည့် အစာရေစာများကိုလည်း ချွေတာစွာ စားသောက်ပြီးလျှင် ကျွန်ုပ်လည်း မိမိ၏ အဖြစ်အပျက်များကို ရေ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်၍ စဉ်းစားမိရာ လူ့လောကထဲသို့ ဝင်၍ လူများနှင့် တွေ့ဆုံရောနှောလိုသော ဆန္ဒပင် မရှိလှကြောင်း တွေ့ရ၏။ ကျွန်ုပ်ကိုယ်၌ ဝတ်ထားသော အဝတ်တို့မှာ ညစ်ပတ်ပေကျံလျက်ရှိသော အဝတ်စုတ်များသာ ဖြစ်၍ ဆံပင်တို့မှာလည်း ပွယောင်းကာ ဖုတ်သိုက်ကြီးဖြစ်၍နေတော့၏။ ကျွန်ုပ်အားတွေ့ရှိသွားသူများကမူ အရူးတစ်ယောက်ဟူ၍သာ ကျွန်ုပ်ကို ထင်ရန်ရှိ၏။ အမှန်သော် ကျွန်ုပ်သည် လူများနှင့် တွေ့လိုစိတ်မရှိဟု ဆိုစေကာမူ တိရစ္ဆာန်လူတို့၏ ဘေးရန်မှ ကင်းဝေးလွတ်မြောက်လာခဲ့သည်ကိုပင် ဝမ်းမြောက်ဝမ်းသာဖြစ်၍ နေမိလေသည်။

တတိယနေ့သို့ အရောက်တွင် 'အေပီယာ'မှ 'ဆန်ဖရန်စစ္စကို' မြို့သို့ သွားသော သင်္ဘောတစ်စင်းက ကျွန်ုပ်အား ကံအားလျော်စွာ တွေ့ရှိ၍ ဆယ်ယူခဲ့၏။ ကျွန်ုပ်၏ အဖြစ်အပျက်ကို ကပ္ပတိန်နှင့် သင်္ဘောသားများအား ပြောပြလျှင် အား ယုံကြည်မည် မဟုတ်ဘဲ ကျွန်ုပ်မှာ အစာရေစာငတ်ကာ ပင်လယ်ကျောတွင် ရက်ပေါင်းအတော်ကြာ မျောပါနေခဲ့ရသည့်အတွက် ကယောင်ချောက်ချား ပြောဆိုခြင်းမျှသာ ဖြစ်သည်ဟု ထင်ကြပေမည်။ သို့နှင့် အခြားသူများလည်း ထိုသင်္ဘောသားများကဲ့သို့ပင် အထင်ရောက်မည်စိုးသဖြင့် ကျွန်ုပ်သည် 'လေဒီဗိန်း' သင်္ဘောပျက်သည်မှစ၍ ကျွန်းပေါ်တွင် လပေါင်း အတော်ကြာ နေထိုင်ခဲ့ပြီးနောက် ယခုသင်္ဘောဖြင့် ကယ်ဆယ်ခြင်း ခံခဲ့ရသည့် တစ်နှစ်တာမျှသော အချိန်ကာလအတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို မည်သူ့အားမျှ မပြောဘဲ နေခဲ့လေသည်။ အကယ်၍ ပြောခဲ့လျှင်လည်း ကျွန်ုပ်အား စိတ်မနှံ့သူတစ်ယောက်ဟူ၍ ထင်ရုံမှတစ်ပါး အခြားအကြောင်း မရှိပေ။ ကျွန်ုပ်သည် ကျွန်းပေါ်မှ ဥပဒေသများကိုလည်းကောင်း၊ လှေကလေးပေါ်မှ သင်္ဘောသား အလောင်းနှစ်လောင်းကိုလည်းကောင်း၊ ကျွန်းပေါ်၌ရှိစဉ် ညဥ့်မှောင်မိုက်ထဲ၌ တိရစ္ဆာန်များ အလိုက်ခံရခြင်းကိုလည်းကောင်း၊ ကြိမ်တောထဲတွင် လဲ၍နေသော ဒေါက်တာ မောရိုး၏ အလောင်းကိုလည်းကောင်း မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကဲ့သို့ပင် ထင်မှတ်ကာ ကြောက်ရွံ့လျက် ရှိနေခဲ့၏။ ထို့ပြင် ကျွန်ုပ်မှာ လောကကြီး၏ အသိုက်အမြုံ လုံတောသုံတောထဲသို့ ရောက်ရှိလာခဲ့ရသော်လည်း လူသားအချင်းချင်း ထားရှိအပ်သည့် ယုံကြည်စိတ်ချမှုများ၊ ကရုဏာနှင့် မေတ္တာတရားများကို မခံစားရဘဲ တိရစ္ဆာန်လူများ၏ အလယ်တွင် ကျွန်ုပ်မှာ ၎င်းတို့နှင့် မဝင်ဆန့်သကဲ့သို့ ထိုနည်းအတူပင် လူများ၏ အလယ်၌လည်း ကျွန်ုပ်မှာ မဝင်ဆန့်သကဲ့သို့ ရှိနေတော့၏။ ဤသို့မဟုတ်လျှင်လည်း ကျွန်ုပ်သည် ကျွန်းပေါ်ရှိ တိရစ္ဆာန်များ၏ အရိုင်းအရိုင်း စိတ်ဓာတ်မျိုးကို ရရှိ၍ လာခဲ့လေသလော မပြောနိုင်ပေ။





ကြောက်ရွံ့ထိတ်လန့်ခြင်းသည် ရောဂါတစ်မျိုးဖြစ်သည်ဟု အဆိုရှိရာ ကျွန်ုပ်သည်လည်း ထိုစိတ်ဝေဒနာမျိုးကို ခံစား၍ နေရဦးမည်သာ ဖြစ်၏။ လူသူများထဲတွင် နေ့စဉ်နှင့်အမျှ ကျွန်ုပ် တွေ့မြင်ရသော ယောကျ်ား၊ မိန်းမများကိုပင် လူသားစင်စစ် ဖြစ်သည်ဟု ကျွန်ုပ် စိတ်ထဲတွင် ထင်၍မရပေ။ ကျွန်ုပ် မြင်ရသော ယောကျ်ား၊ မိန်းမများသည်လည်း ဒေါက်တာမောရိုးက လူနှင့်တူအောင် ဖန်တီးပေးထားသကဲ့သို့ တစ်နေ့တွင် အရိုင်းစိတ်များ ဝင်လာကြမည့် သတ္တဝါများဟူ၍သာ ထင်၍နေမိ၏။

ကျွန်ုပ်သည် ကျွန်းပေါ်၌ တွေ့ရှိခဲ့ရသည့် အဖြစ်အပျက်၊ အတွေ့အကြုံများကို ဒေါက်တာမောရိုးနှင့် ခင်မင်ရင်းနှီးသော စိတ်ပညာဘက်၌ အထူးနားလည်တတ်ကျွမ်းသည့် စိတ္တဗေဒပါရဂူကြီး တစ်ယောက်အား တစ်ကြိမ်တွင် ရှင်းလင်းပြောပြခဲ့ဖူးရာ ဤသို့ပြောလိုက်ရခြင်းအားဖြင့် ကျွန်ုပ်၏ စိတ်ထဲ၌ အတော်ပင် သက်သာရာ ရသွားပေတော့၏။ ဝမ်းထဲတွင် ချောင်ချို၍ သွားတော့၏။ သို့သော် လုံးလုံးပျောက်ကွယ်၍ကား မသွားဘဲ စိတ်ထဲတွင် မိုးသားတိမ်လိပ်များ တက်ကြွအုံ့မှိုင်းနေသကဲ့သို့ ကျွန်း၏အကြောင်းကို တစ်ခါတစ်ခါတွင် ပြန်၍ သတိရမိ၏။ ဘဝတူ လူသားများ၏ ပတ်ဝန်းကျင်တွင် နေထိုင်သွားလာ၍ မရသကဲ့သို့ ကျွန်ုပ်စိတ်မှာ တုန်လှုပ်ချောက်ချားလျက်ရှိ၏။ လူများ၏ မျက်နှာကို ကြည့်ရသည်မှာ ဖူးရှုတောက်ပြောင်လှသည်ကိုလည်းကောင်း၊ အချို့မှာ ထိုင်းမှိုင်း၍ ကြောက်မက်ဖွယ် ကောင်းသည်ကိုလည်းကောင်း၊ အချို့လည်း မရိုးသားကြသည်ကိုလည်းကောင်း တွေ့၍နေကြပြီးလျှင် အေးဆေးငြိမ်သက်သည့် ဆင်ခြင်တုံတရားရှိသည်ဟူ၍ မတွေ့မမြင်မိပေ။ သူတို့၏ အတွင်းသဏ္ဌာန်တွင် တိရစ္ဆာန်တို့၏ သဘာဝများ တဖြည်းဖြည်း ဝင်ရောက်ကိန်းအောင်း လာလေမည်လောဟုသာ တွေး၍နေမိ၏။ သို့သော် ထိုအတွေးများ ကျွန်ုပ်၏ ထင်ယောင်မြင်ယောင် တွေးတောမှုမျှသာဖြစ်၍ ၎င်းတို့မှာ အမှန်အားဖြင့် လူသားစစ်စစ်၊ ယောကျ်ား မိန်းမစစ်စစ် ဖြစ်ကြလေသည်။ သူတို့တွင် အရည်အချင်း ပြည့်ဝသော ဆင်ခြင်တုံတရားရှိသူများဖြစ်၍ လူသားတို့၏ စိတ်ဆန္ဒများ၊ လူသားတို့၏ သိမ်မွေ့မှုများ၊ လူသားတို့၏ တွေးခေါ်မှုများ ရှိကြပြီးလျှင် တိရစ္ဆာန်တို့၏ ပင်ကိုဗီဇနှင့် လုံးဝကင်းရှင်းသူများ ဖြစ်ကြလေသည်။ သို့တိုင်အောင် ကျွန်ုပ်သည် သူတို့နှင့် ခပ်ခွာခွာနေပြီးလျှင် သူတို့၏ အကြည့်ကို မခံရဲ၊ သူတို့၏ အမေးအမြန်းကို မခံရဲ၊ သူတို့၏ အကူအညီကို မယူရဲဖြစ်ကာ တစ်ကိုယ်တည်းတည်း နေလိုသော စိတ်ဆန္ဒများသာ ပြင်းပြလျက်ရှိလေသည်။

ကျွန်ုပ်မှာ ဦးနှောက်များ နောက်ကျိလျက် စိတ်များ ထွေပြားလှသောကြောင့် လွတ်လွတ်ကျွတ်ကျွတ် နေနိုင်ရန် လွင်ပြင်တစ်ခုသို့ သွားရောက်နေထို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ထိုနေရာမှာ ထာဝစဉ် စိမ်းလန်းစိုပြေလျက် လေတဟူးဟူး တိုက်ခတ်ကာ ကျောင်းကင်ပြာကြီးကိုလည်း လွတ်လပ်အေးချမ်းစွာ မော်၍ ကြည့်နိုင်သောနေရာ ဖြစ်၏။ လန်ဒန်မြို့ကြီးတွင် နေရသည့်အခါ ကျွန်ုပ်၏ ကြောက်ရွံ့စိုးရိမ်သောစိတ်များကို ဖိနှိပ်၍ မရအောင်ပင် ဖြစ်ခဲ့ရ၏။ ထိုအခါက လမ်းမကြီးများပေါ်တွင် လျှောက်သွားသော အခါများ၌လည်း အမျိုးသမီးများသည် ကျွန်ုပ်အား ပြောင်လှောင်သကဲ့သို့ ကြည့်သွားသည်ဟု ထင်မိ၏။ ယောကျ်ားများကလည်း ဝန်တိုမစ္ဆရိယစိတ်များဖြင့် ကျွန်ုပ်အား ကြည့်နေသည်ဟု ထင်မိ၏။ ချောင်းတဟွတ်ဟွတ် ဆိုးကာ အချင်းချင်း စကားပြောလျက် ခပ်ကုန်းကုန်း ခပ်ကိုင်းကိုင်း လမ်းလျှောက်လာကြသော အလုပ်သမားများကိုလည်း သွေးတစက်စက်ဖြင့် ဒဏ်ရာရ၍လာသော သမင်များ ပြေးထွက်လာသကဲ့သို့ ထင်မိ၏။ စိတ်အေးချမ်းသာယာမှုကို ရရှိစေရန် ဘုရားရှိခိုးကျောင်း တစ်ခုခုအတွင်းသို့ ဝင်ရောက်သွားသောအခါ၌ပင် ကျွန်ုပ်၏စိတ်များမှာ တည်ငြိမ်မှု မရဘဲ ဓမ္မဆရာ၏ ဟောပြောသော တရားများသည် မောရိုး၏ ကျွန်းကလေးပေါ်မှ 'မျောက်လူ' အော်သကဲ့သို့ အဓိပ္ပာယ်မရှိသော ဆူညံသံများဟု ထင်မိ၏။ စာကြည့်တိုက်များအတွင်းသို့ ဝင်သွားမိသောအခါ၌လည်း စာအုပ်နှင့် မျက်နှာမခွာဘဲ စူးစိုက်ကြည့်နေကြသော သူများမှာ အဝါးအမျိုခံရမည့် အမဲသတ္တဝါများကဲ့သို့သော ကျွန်ုပ်၏စိတ်၌ ထင်မိ၏။ ထို့ထက် ပို၍ ကျွန်ုပ်၏ စိတ်တွင် ရွံရှာမုန်းတီးမိသော အရာများမှာ မီးရထားပေါ်နှင့် ဘတ်စ်ကားများပေါ်တွင် တွေ့ရသောသူများ၏ မျက်နှာများပင် ဖြစ်လေသည်။ ထိုမျက်နှာများမှာ ကျွန်ုပ်စိတ်တွင် ဘဝတူလူသားများဟု မထင်မိဘဲ အသက်မရှိသော ရုပ်အလောင်းများ၏ မျက်နှာများဟုသာ ထင်မိ၏။ ထို့ကြောင့် ကျွန်ုပ်သည် လူသူကင်းရှင်းသော နေရာမှလွဲ၍ လူများများနှင့် တွေ့ဆုံရမည့် ခရီးလမ်းမျိုးကို သွားလေ့သွားထ မလုပ်ခဲ့ပေ။ အခြားသူများက မည်သို့ပင် ထင်စေ၊ ကျွန်ုပ်အဖို့မှာမူ ထူးဆန်းသော ဦးနှောက်တစ်မျိုး ထည့်သွင်းပြောင်းလဲထားသည့် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ဖြစ်၍နေလေသည်။

ယခုအခါ ထိုအာရုံများသည် အစဉ်တစိုက် မဟုတ်ဘဲ ရံဖန်ရံခါမျှသာ ဖြစ်ပေါ်လာတတ်သဖြင့် တော်ပေသေး၏။ ကျွန်ုပ်ကလည်း လူနေသူနေများပြားရှုပ်ထွေးသည့် မြို့ကြီးပြကြီးများကို ရှောင်ကွင်းပြီးလျှင် စာကောင်းပေကောင်းများ၊ လင်းချင်းသော ပြတင်းပေါက်များ၊ သန့်ရှင်းသောလေများ ရရှိနိုင်သည့် အိမ်၌သာ ပညာဉာဏ်၏ အလင်းရောင်ကို ရှာဖွေလျက် တစ်ကိုယ်တည်း အေးအေးလူလူ နေခဲ့လေသည်။ ထို့ပြင် မျက်နှာစိမ်းများကိုလည်း များစွာ အတွေ့မခံဘဲ မိမိအိမ်၌သာ အိမ်သားအနည်းငယ်နှင့်အတူ အေးချမ်းစွာ နေထိုင်ခဲ့၏။ နေ့ရှိသမျှ ကျွန်ုပ်သည် စာဖတ်ရင်းဖြင့်သော်လည်းကောင်း၊ ဓာတ်ခွဲခန်းတွင် ဓာတုဗေဒပညာရပ်များကို ဆည်းပူးလေ့လာရင်းဖြင့် သော်လည်းကောင်း၊ မိုးသားကင်းစင်သော ညဥ့်များ၌မူ နက္ခတ်တာရာပညာကို အပျော်တမ်း လေ့လာ၍သော်လည်းကောင်း နေထိုင်ခဲ့၏။ ကောင်းကင်ပြင်ကြီးကို မော်၍ ကြည့်ရသည်မှာ မည်သို့သော အကြောင်းကြောင့်ဟူ၍ မသိ။ ကျွန်ုပ်၏စိတ်တွင် ငြိမ်းချမ်းသာယာခြင်းနှင့် လုံခြုံခြင်း စိတ်ဓာတ်များကို ဖြစ်ပေါ်၍ လာစေ၏။ ဤသို့လျှင် သဘာဝ၏ ထာဝစဉ် တည်မြဲနေမည်ဖြစ်သော ကမ္ဘာ့နိယာမ သဘောတရားသည်ကား လူတို့တွင် တိရစ္ဆာန်စိတ်ထက် ကျော်လွန်သော စိတ်ဓာတ်မှာ 'စိတ်၏တည်ငြိမ်မှု၊ စိတ်၏ချမ်းသာမှု' တို့ပင် ဖြစ်ပေမည်ဟု ဆင်ခြင်မိ၏။ ဤသို့ မျှော်လင့်ခြင်း၊ ဆင်ခြင်သုံးသပ်မိခြင်းတို့ဖြင့်သာ ကျွန်ုပ်သည် ဤစာတ်လမ်းကို အဆုံးသတ်လိုပါတော့သည်။





'အက်ဒွပ်ပရင်းဒစ်'

ဒဂုန်ရွှေမျှား

www.burmeseclassic.com